www.burmeseclassic.com



# ထာဝစဉ် ချစ်ခြင်းများစွာဖြင့်

## မြနှောင်းညို

ဒုတိယအကြိမ်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၀၁၁၁၉၀၉၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၁၂၇၁၀၁၁

ထုတ်ဝေသည့်အကြိမ်
ဒုတိယအကြိမ်၊ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ

အုပ်ရေ
၁၀၀၀

ထုတ်ဝေသူ
ဦးမျိုးမြင့် (စာနဒီ)
အမှတ် (၉၃၇)၊ ပျဉ်းမမြိုင်လမ်း၊ ၃၄ ရပ်ကွက်၊
ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်
ဦးဇော်မြင့်ဝင်း (ကာလာဖုံပုံနှိပ်တိုက်)
အမှတ် (၁၈၄/ဘီ)၊ ၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးဒီဇိုင်း
မြင့်မောင်ကျော်

ကွန်ပျူတာစာစီ
ကြယ်စင်သစ်

အတွင်းဖလင်
ပုံရိပ်ရှင်

မျက်နှာဖုံးဖလင်
Eagle

တန်ဖိုး
၃၀၀၀ ကျပ်

မြနှောင်းညို ၈၉၅.၈၃
ထာဝစဉ်ချစ်ခြင်းများစွာဖြင့်/မြနှောင်းညို။ - ရန်ကုန်
စာနဒီစာပေ၊ ၂၀၁၁
စာမျက်နှာ ၂၇၈၊ ၁၃ × ၂၀.၅ စင်တီ
(၁) ထာဝစဉ်ချစ်ခြင်းများစွာဖြင့်

BURMESE CLASSIC .com

၁၃၄၆ ခုနှစ်၊ သီတင်းကျွတ်
လပြည့်ကျော် (၁)ရက်နေ့

## ချစ်ခင်လေးစားအပ်ပါသော စာဖတ်ပရိသတ်များသို့

၁၉၈၃ ခုနှစ် ဩဂုတ်လထုတ် ပေဖူးလွှာမဂ္ဂဇင်းတွင် ဦဝင်းငြိမ်းနှင့် ကျွန်မ တွေ့ဆုံခွင့်ရရှိခဲ့စဉ်အခါက ကျွန်မ၏ 'ထာဝစဉ် ချစ်ခြင်းများစွာဖြင့် 'လုံးချင်း ဝတ္ထုရှည်သည် မကြာမီ ထွက်ပေါ်လာတော့မည်ဟု တထစ်ချသေချာစွာ ပြောကြားခဲ့မိပါသည်။

သို့ပါသော်လည်း တစ်နှစ်ကျော်ခန့် ကြာမြင့်ခဲ့သည့်တိုင် ဤဝတ္ထုကား ထွက်မလာနိုင်ခဲ့ပါ။ စာဖတ်သူအချို့က စာရေး၍တစ်ဖုံ၊ လူကိုယ်တိုင် တစ်နည်း ဆက်သွယ် စုံစမ်းမေးမြန်းခဲ့ပါသည်။ ကိုယ့်ဘာသာ သို့လောသို့လော တွေးတော စိတ်ဝင်စားခဲ့ကြသူများလည်း ရှိမည်ထင်ပါသည်။

ဝါသနာအရင်းခံကာ စာတစ်ပုဒ်ရေးသားခဲ့မိသော ကျွန်မမှာ စာအုပ် ထွက်မလာနိုင်ခဲ့စဉ်ကာလများက များစွာအားငယ် ကြေကွဲခဲ့ရပါသည်။ ယခု ပုံနှိပ် စာလုံးကလေးများနှင့် မြင်တွေ့ခွင့်ရတော့မှသာလျှင် ပြုံးနိုင်ရယ်နိုင် ဝမ်းသာနိုင်ပါ တော့သည်။

မျှဝေခံစားကြလေသော စာဖတ်ပရိသတ်များကြောင့် ဝမ်းနည်းခြင်းသည် ထက်ဝက် သက်သာခဲ့ရသလို ယခုအခါ ဝမ်းသာခြင်းသည်လည်း နှစ်ဆ ပိုကဲရ ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါသည်။

စာအုပ်အတွက် နောက်ကျနေသည့်အတွက်လည်း အနူးအညွတ် တောင်းပန်လိုက်ပါသည်။

စာဖတ်ပရိသတ်အား တစ်စုံတစ်ခုသော အတိုင်းအတာအထိ ကျေနပ်မှု ပေးနိုင်စွမ်းပါရစေဟု မျှော်လင့်ဆုတောင်းရင်း…

ထာဝစဉ်ချစ်ခြင်းများစွာဖြင့်
မြနှောင်းညို

## ထာဝစဉ်ချစ်ခြင်းများစွာဖြင့် (ဒုတိယအကြိမ်)
### အမှာစာ

ဤစာအုပ်ကို စာဖတ်သူတို့ လက်ဝယ်သို့ ပြန်လည်တင်ဆက်ခွင့် ရသောကြောင့် စာရေးသူ မည်မျှဝမ်းမြောက်ခံစားရသည်ကို ပြည့်စုံလုံလောက်သော စာသားများဖြင့် ဖော်ပြနိုင်စွမ်းပင် မရှိတော့ပါ။

၂၉ နှစ် ကြာမြင့်ကာမှ ပြန်လည်ထုတ်ဝေခြင်း ဖြစ်သောကြောင့် ယခင်ဖတ်ရှုခဲ့ဖူးသော စာပေပရိသတ်သည်လည်း မျိုးဆက်သစ်လူငယ်များထံ သမိုင်းမှတ်တမ်းတစ်ခုအဖြစ် လက်ဆင့်ကမ်းနိုင်သည်ဟု ဂုဏ်ယူဝမ်းမြောက်ကြလိမ့်မည်ဟု ယုံကြည်မိပါသည်။

သည်တစ်ကြိမ် စာအုပ်ထွက်လာရန် အခက်အခဲ အတားအဆီး မရှိစေသည့်အတွက် စာရေးသူ၏ ဝမ်းသာကြည်နူးခြင်းသည် ဆတက်ထမ်းပိုး တိုးရပါသည်။

ပထမအကြိမ် ပုံနှိပ်ထုပ်ဝေနိုင်အောင် အကြံပြုကူညီခဲ့သော ဦးလှမြင့် (စာပေစိစစ်ရေး- ငြိမ်း)၊ ရှမ်းပြည်နယ်တစ်ဝိုက် တစ်ပိုင်းတစ်ကဏ္ဍမှ ပါဝင်ဆောင်ရွက် ဖက်ဆစ်တော်လှန်ရေးအကြောင်းနှင့်ပတ်သက်ပြီး ပြောကြားပို့ချပေးသော ဦးဇင်းထွန်းနောင်(ယခင် ကချင်ပြည်နယ်တပ်မမှူး-ငြိမ်း)၊ မေးမြန်းသမျှ စိတ်ရှည်လက်ရှည် ဖြေဆိုပေးသော ဦးတင်ဝင်းညို၊ ဒေါ်ခင်ဌေးမြို့၊ လိုလားနှစ်သက်စွာ ထုတ်ဝေပေးသော



www.burmeseclassic.com

www.burmeseclassic.com

ဦးသိန်းလွင် (လင်းလွန်းခင်စာပေ)၊ အခြားသော ကျေးဇူးတင်ထိုက်သူများနှင့်တကွ အထူးသဖြင့် သည်ဇာတ်လမ်းကို ဖန်တီးဖွဲ့နွဲ့ဖြစ်စေခဲ့သော မိသားစုမိတ်ဆွေကြီး နီနာဂါဝါစံအား အစဉ်ထာဝရချစ်ခြင်းများစွာဖြင့် ကြည်နူးကော်ရော် ကန်တော့ပန်း ဆင်လိုက်ပါကြောင်း···

မြနှောင်းညို

BURMESE CLASSIC .com

## (၁)

၁၉၈၂ ခုနှစ်၊ ဒီဇင်ဘာလ။

"ဩော်··· သက္ကရာဇ်တစ်နှစ် ကုန်ဆုံးလုပြန်ပါပေါ့လား"

အချိန်သည် ကုန်လွယ်လွန်းလှချည့်။ ဤမျှ မကြာသေးဘူးထင်ရသော်လည်း ယနေ့မှ ပြန်လည် တွက်စစ်ကြည့်လိုက်မည်ဆိုပါလျှင် နှစ်ပေါင်းသုံးဆယ့်ခုနစ်နှစ် တင်းတင်းပြည့်ခဲ့ပြီပဲ။

လူ့သက်တမ်းနှင့် နှိုင်းချင့်ချိန်ဆ၍ဆိုရလျှင် ကြာမြင့်ရှည်လျားလှစွာသော ကာလအပိုင်းအခြားပါပဲ။

ဤရွေ့ဤမျှ အချိန်ကာလအတွင်း ဘဝ၏ အစစအရာရာပင် အနည်းနှင့် အများ ပြောင်းလဲကြရမည်သာ။ အဟောင်းအဟောင်းတို့သည် ဤလောကမှ ပျောက်ကွယ် ချုပ်ငြိမ်းကြလျက် အသစ်အသစ်တို့သည် အစားထိုး ပေါ်ထွန်းလာကြပေလိမ့်မည်။ မေ့ပျောက်ခြင်းတို့အလယ်ဝယ် အောက်မေ့သတိရဖွယ်တို့သည်လည်း တစ်ပိုင်းတစ်စ ကြွင်းကျန်နေရစ်ပေလိမ့်ဦးမည်။

ဩော်··· ဤသို့ သိထားနားလည်လျက်နှင့်လည်း မြန်မာနိုင်ငံသို့ တစ်ခါ တစ်ခေါက် ထပ်မံရောက်ရှိခွင့် အကြောင်းဆိုက်၍ ကြုံကြိုက်လာပြီဆိုလျှင်ပဲ ဝမ်းသာခြင်းနှင့် ဝမ်းနည်းခြင်းတို့ကို တစ်ပြိုင်နက်မှာ ဒွန်တွဲခံစားရပါလေ၏။

သုံးဆယ့်ခုနစ်နှစ်တိုင် ရော်ရမ်းလွမ်းမောခဲ့ရသော ကမ္ဘာ့ဇမ္ဗူမောရှမ်းတို့၏ဌာနေ တောင်ကြီးမြို့တော်ဆီသို့ ပြန်လည်ခြေချရချိန်မှာကျတော့ကော ပွင့်လန်းနေလေမည့်



www.burmeseclassic.com

www.burmeseclassic.com



ပန်းချယ်ရီတို့ကို မြင်တွေ့လိုက်ရသည့် အခိုက်အတန့်ဝယ် သူ ဆည်တန့်နိုင်ပါ့မလား။

လွန်လေပြီးသော အတိတ်ဟောင်းဆီသို့ မျှော်ရည်တမ်းတရင်း ဆွတ်ပျံ့ကြည်နူးရခြင်းတို့နှင့်အတူ မပိုင်ဆိုင် မရရှိနိုင်လိုက်လေသော လက်လွှတ်ဆုံးရှုံးမှုတို့အတွက် နမြောတသ ကြေကွဲလွမ်းဆွတ်ရခြင်းတို့ဖြင့် သူ့မျက်ဝန်းဝယ် ဝေမှိုင်းစိုစွတ်ရလေမလား။

ပသို့ဖြစ်စေ . . .

အတိတ်၏ သဲလွန်စကလေးများကိုတော့ တစ်ပိုင်းပဲဖြစ်ဖြစ်၊ တစ်စပဲဖြစ်ဖြစ်၊ အစိတ်စိတ်အမြွာမြွာပဲဖြစ်ဖြစ်၊ အမှုန်အမွှားကလေးပဲဖြစ်ဖြစ် ကျန်ကြွင်းသမျှ သူ ခြေရာကောက် ကြည့်ချင်စမ်းလှသည်။

သည်အတွက် ဆွတ်ပျံ့ကြည်နူးရမည်ဆိုပါလျှင် သူ လိုချင်မက်မောလှပါသည်။

ကြေကွဲတသရမည်ဆိုပြန်ပါလျှင်လည်း သူ အနူးအညွတ်ခံယူပါမည်။

အနီ . . . နှောင်းအတိတ် နှစ်ပေါင်းသုံးဆယ်ကျော်ကာလက သူသည် နီပွန်တပ်မတော်သားကလေး ရှိနိမီရာအဖြစ်နှင့် မြန်မာနိုင်ငံ အရှေ့ဖျားနယ်မြေ ရှမ်းတို့ဌာနေသို့ ရောက်ရှိခဲ့ရတာပါ။

သည်တစ်ကြိမ်၌မူကား ကမ္ဘာလှည့်ခရီးသည် အဘိုးအိုကြီး ရှိနိမီရာအဖြစ် တစ်ကျော့တစ်ဖန် ပြန်လည်လာရောက်ရပြန်ပါပြီ။

ရင်မှာ တစ်နင့်တစ်ပိုး ပွေ့ပိုက်သယ်ဆောင်ကာ အနှစ်နှစ်အလလ ရည်ရွယ်မျှော်မောခဲ့လေသမျှသော သူ့ဆန္ဒများသည် ရပ်လုံးပေါ်လာပါပကော။

◆



(၂)

မင်္ဂလာဒုံလေဆိပ်သို့ မောင်ကြည်သာ ရောက်ရှိနေသည်မှာ နှစ်နာရီနီးပါး ရှိလေပြီ။ ည (၈)နာရီလည်း ထိုးတော့မည်။ ဘီ-အေ-စီ လေယာဉ်သည် ကြိုတင်ရေးဆွဲထားသော အစီအစဉ်ထက် တစ်နာရီခွဲမျှ နောက်ကျနေလျက် ယခုတိုင်ဆိုက်ရောက်လာခြင်း မရှိသေးပေ။

မောင်ကြည်သာသည် ဆာလောင်သော ဝမ်းဗိုက်ကို ကော်ဖီနှစ်ခွက်နှင့် ကိတ်နှစ်ချပ် ဝါးမျိုဖြည့်တင်းထားပြီးပြီ။ သူ့အတွက် ထမင်းကို အချိန်မှန်မစားရခြင်း၊ နှစ်နပ်ကို တစ်နပ်တည်း ပေါင်းစားရခြင်းတို့သည် အဆန်းတကြယ်ဖြစ်ရပ်များ မဟုတ်ခဲ့။ စကားပြန်အလုပ် မရခင်ကလည်း အကြိမ်ကြိမ် ကြုံဖူးခဲ့ပြီ။ စကားပြန်အလုပ် ရပြီးပြန်တော့လည်း အခါခါပင် မရှောင်မလွှဲသာခဲ့။ လေယာဉ်ကွင်းမှ အသိအကျွမ်းများ၊ အမှုထမ်းများနှင့်လည်း ဟိုသည်လှည့်လည် စကားပြောပြီးပြီ။ ထိုင်ခုံတစ်လုံးတွင် သက်သောင့်သက်သာထိုင်ကာ အသင့်သယ်ဆောင်လာခဲ့သော (Time) အပတ်စဉ်ထုတ် သတင်းမဂ္ဂဇင်းကို ဖတ်ရှုနေသည်။ ယခုခေတ် အခြေခံပညာရေးအထက်တန်းမျှသာ အောင်မြင်သော မောင်ကြည်သာအနေနှင့် ဤအင်္ဂလိပ်စာစောင်ကို ဖတ်ရှုရသည်မှာ လွယ်ကူလှသည်တော့မဟုတ်။ သို့တစေ နားမလည်သော စာလုံးများကို အဓိပ္ပာယ် မှန်းဆယူခြင်း၊ ကျော်လွှားဖတ်သွားခြင်း၊ မတတ်သာလျှင် အခေါင်ပြန်ရောက်မှ အဘိဓာန်စာအုပ် လှန်လှောခြင်း စသည်တို့ကို မောင်ကြည်သာ အလေ့အထဖြစ်နေပြီ။ ဤစာစောင်များကို မက်မောစေခဲ့သော သူ့ဝပ်ရှော့ဆရာဟောင်းကို သည်တစ်ချက်တော့ဖြင့် သူ ကျေးဇူးတင်ရပေမည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်ပြည်ရဲ့ ဆယ့်ခြောက်ကြိမ်မြောက် ဝန်ကြီးချုပ်အဖြစ် ယာစုဟီရိုနာကာဆိုနေ အရွေးခံလိုက်ရပြီဆိုပဲ။

ဂျပန်ပြည်ပထုတ်ကုန်တွေနဲ့ပတ်သက်ပြီး ကုန်သွယ်ဆက်ဆံနေတဲ့ နိုင်ငံတွေနဲ့ ဆက်ဆံရေးအခြေအနေတွေ ပိုပြီး ယိုယွင်းလာနိုင်သတဲ့။

အမေရိကန်နဲ့တော့ ချစ်ကြည်ရင်းနှီးဖို့ လိုလားမြဲပါပဲဆိုတာပဲ။

ဒါက ဂျပန် အပင်မျိုးစေ့ ကြော်ငြာပဲ၊ ခုလာမယ့် အဘိုးကြီးက အပင်စိုက်များ ဝါသနာပါနေဦးမလား။

ဒါကတော့ အကြီးစား စက်မှုလုပ်ငန်းကုမ္ပဏီရဲ့ကြော်ငြာ၊ ဒါက တိုယိုတာ ကိုရိုလာ ကားကြော်ငြာ၊ ဂျပန်ပြည်ရဲ့ ကြော်ငြာတွေကလည်း မနည်းလှဘူးဟ။

ဂျပန်ပြည် လူနေမှုစနစ်အကြောင်းကလေးလည်း ပါသေးတယ်၊ ငွေကုန်ကြေးကျခံပြီး မင်္ဂလာဆောင်ကြတဲ့အကြောင်း၊ တို့ပြည်မှာလိုပေါ့။ အင်း… ကွာရှင်းပြတ်စဲဖို့တော့ ဂျပန်တွေဟာ မနှစ်သက် မလိုလားကြဘူးဆိုပဲ။ တော်သေးရဲ့။

အင်္ဂလိပ်စာလည်း တိုးတက်သည်။ ကမ္ဘာ့သတင်းများကိုလည်း မျက်ခြည်မပြတ် ရှိသည်။ ဂျပန် ကမ္ဘာလှည့်ခရီးသည်များ ရောက်လာလျှင်လည်း ဘာဘာညာညာ ပြောဆိုနိုင်သေးသည်။ မောင်ကြည်သာက သူ့တွက်ကိန်းနှင့်သူ ကျေနပ်စွာဖြင့် သူ့စာအုပ်တွင် အာရုံနှစ်မြုပ်နေသည်။

ဟော… သူကြိုရမည့်လေယာဉ် မကြာမီ ဆိုက်ရောက်လာတော့မည် ဆိုပါလား။

မောင်ကြည်သာက သူ့သတင်းစာစောင်ကို အရှည်လိုက် ထက်ဝက် ခေါက်ချိုးလျက် တိုက်ပုံအင်္ကျီအောက်မှလျှိုကာ ခါးကြားသို့ ထိုးသွင်းလိုက်သည်။ သူ၏ အဝတ်အစားများကို သေသပ်အောင် ပြုပြင်လိုက်ပြီးနောက် သူ့ခရီးသည်ကိုကြိုရန် အသင့်စောင့်ဆိုင်းနေလေသည်။

သူကြိုရမည့်သူမှာ တစ်ကိုယ်တော် ကမ္ဘာလှည့်ခရီးသည်ကြီး ဖြစ်သည်။ မြန်မာနိုင်ငံသို့ရောက်ရှိပြီး နောက်တစ်နေ့မှာပင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့သို့ ထွက်ခွာမည်ဟု ခရီးစဉ် ကြိုတင်သိထားရသည်။ ကလောသို့တစ်ရက်၊ အင်းလေးသို့ တစ်ရက်သွားလည်ရုံမှအပ တောင်ကြီးဟိုတယ်မှာပဲ တည်းခိုနေထိုင်ပေလိမ့်မည်။

အနည်းငယ် ထူးဆန်းသလိုတော့ ရှိသည်။ အများအားဖြင့် မောင်ကြည်သာတို့ ကြိုရဆုံရသော ဂျပန်ခရီးသည်များသည် တောင်ငူ၊ ပျဉ်းမနား၊ သံဖြူဇရပ်တို့ဘက် သွားလေ့ရှိသည်။ ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်လူမျိုးတို့သည် အကျအဆုံး





များခဲ့သောနေရာများတွင် သင်္ချိုင်းဟောင်း ရှာကြသည်။ အရိုးစ ကောက်ကြသည်။။ ဤဂျပန်ကြီးတွင်တော့ ဤသို့သော အစီအစဉ်မျိုး ပါမလာဘူးထင်သည်။

လေယာဉ်ပေါ်မှ ဆင်းလာသော ခရီးသည်များထဲမှ သူ့ဧည့်သည်ကို သူ အရှာဖွေသည်။

"အုယိုင်းယိုရိဇိုင်းမတ်၊ မင်္ဂလာပါ မစ္စတာရှီနိုမီရာ၊ ကျွန်တော့်နာမည် ကြည်သာပါ၊ မစ္စတာရဲ့ ရှမ်းပြည်နယ် ခရီးစဉ်တစ်လျှောက် တာဝန်ယူပို့ဆောင်မယ့် စကားပြန် လမ်းပြပါခင်ဗျာ"

ဟု ဂျပန်ဘာသာစကားနှင့် ခပ်သွက်သွက်ပြောဆိုရင်း မောင်ကြည်သာ ခါးကိုင်းညွှတ်၍ နှုတ်ဆက်လျှင် မစ္စတာရှီနိုမီရာကလည်း အပြန်အလှန် ခါးကိုင်းညွှတ်၍ နှုတ်ဆက်လေသည်။

"မင်္ဂလာပါ မောင်ကြည်သာ၊ တွေ့ရတာ ဝမ်းသာပါတယ်"

ဟုလည်း မြန်မာလို မပီတပီ ဂျပန်သံဝဲလှစွာ ပဋိသန္ထာရစကား ဆိုလေ၏။

"မစ္စတာက မြန်မာစကား ပြောနိုင်တာကိုး၊ မြန်မာစကား သင်ထားတယ်ထင်ပါရဲ့ခင်ဗျာ"

ဟု မောင်ကြည်သာက ဂျပန်လို ချီးမွမ်းလိုက်ရလေသည်။

မစ္စတာရှီနိုမီရာ၏ မျက်နှာသည် ဂုဏ်ယူဝမ်းမြောက်စွာ ဝင်းပသွားတော့၏။

ဂျပန်အဘိုးအိုကား အသက်ခုနစ်ဆယ် ရှိတော့မည်ထင်သည်။ သူ့ဆံပင်များသည် ငွေရောင်ဖွေးလျက် ဆွတ်ဆွတ်ဖြူနေပြီ၊ ထူထဲသော မျက်မှန်ကြီး အောက်မှ မှုန်သီသော မျက်လုံးများကတော့ နူးနူးညံ့ညံ့ ရှိလှသည်။ ပိန်လွန်းလှသဖြင့် အရိုးထက်ပို၍ ရှည်လျားမြင့်မားဟန်ရှိနေသော အရပ်ကြီးမှာ ခါးအနည်းငယ် ကိုင်းစပြုပြီ။ လမ်းလျှောက်လျှင် ဘယ်ဘက်ခြေထောက် တစ်ဖက်က သိသိသာသာ ထော့နင်းထော့နင်း ဖြစ်နေရှာ၏။ သို့သော်လည်း တုတ်ကောက်ကို အားပြု၍ လမ်းလျှောက်ဟန်သည် မီးခိုးရောင် အနောက်တိုင်းဝတ်စုံ သေသေသပ်သပ် ဝတ်ဆင်ထားသော သူ့ဟန်သွင်အမူအရာကို ပို၍ ခံ့ညားစေလေသည်။

သူက–

"ကျွန်တော် ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာပြည်ကို ရောက်ဖူးပါတယ် မောင်ကြည်သာ"

ဟု ဂျပန်လို ပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုထက်ထိ မြန်မာစကားကို မှတ်မိသေးတာ အံ့လောက်စရာပါပဲ ခင်ဗျာ" ဟု အလိုက်သင့်ပြောဆိုရင်း စစ်ပြန်ရဲဘော်ဟောင်းကြီးဆိုတော့ အရိုးကောက်ချင် ကောက်ဦးမှာပဲဟု တွေးနေမိ၏။

အလျင်အခေါက် ဂျပန်ခရီးသည်တွေ အလှည့်တုန်းကတော့ ပျဉ်းမနားမှ ပြည်သူ၏ အကူအညီနှင့် အရိုးကောက်ရန်အတွက် တောထဲမှာ နှစ်ရက်လောက်သွားရာရသည်။ ယခုတော့ တောင်ကြီးမှာပဲ နေမည့်သူမို့ တော်လေသေးရဲ့။

"မြန်မာစကားကို မှတ်မိတာကတော့ ဆက်လက်လေ့လာနေတာကိုး မောင်ကြည်သာရယ်"

သူ အဖော်လုပ်ရမည့် တစ်ကိုယ်တော် ခရီးသည်ကြီးသည် မွန်ရည်သိမ်မွေ့သော လူကြီးလူကောင်းတစ်ယောက် အသွင်အပြင် အပြည့်အဝ ပိုင်ဆိုင်ထားလေရကား မောင်ကြည်သာ အထူးပင် စိတ်မှာပေ့ါပါး ချမ်းမြေ့ရသည်။ အမျိုးမျိုးအဖုံဖုံသော ခရီးသည်လူပေါင်းစုံနှင့် ဆက်ဆံကြုံကြိုက်ရသည်တွင် ဤအဘိုးအိုကဲ့သို့သော လူကြီးလူကောင်းမျိုးနှင့်ကြုံရလျှင် ကံကောင်းလှသည်ဟု လမ်းပြစကားပြန်အချင်းချင်း တကူးတက ဖွင့်ဟသြဘာပေးမိကြရမြဲ။

"လမ်းခရီးမှာကော အဆင်ချောမောပါရဲ့လား မစ္စတာရှိုနိုမီရာ"

"အဆင်ပြေပါတယ်၊ ဘန်ကောက်မှာ လေယာဉ်ခါတ်ဆီ ဖြည့်နေတာနဲ့ ရန်ကုန် အရောက်နောက်ကျသွားတာတစ်ခုပဲ ပြောစရာရှိပါတယ်၊ ဒါလည်း ကျွန်တော်တို့ ဘန်ကောက်မှာ လည်ပတ်ဖို့ အချိန်ပိုရတာပေ့ါ၊ ဒီနေ့ ရာသီဥတုလည်း ကောင်းပါတယ်"

မောင်ကြည်သာသည် သူ၏ တာဝန်ဝတ္တရားများအတိုင်း မစ္စတာ ရှိုနိုမီရာ၏ ပစ္စည်းများကို စောင့်ရှောက်၍ ရွေးချယ်ယူငင်ရသည်။ အခွန်အကောက်ကိစ္စများကိုလည်း ရှင်းလင်းရသည်။

သူ့နည်းတူ ဤလေယာဉ်တွင်ပါလာသော နိုင်ငံခြားသား ကမ္ဘာလှည့် ခရီးသည်များကို လာကြိုသူ လမ်းပြစကားပြန် ဒေါ်ခင်သီတာနှင့်လည်း ကမ်းနားလမ်းဟိုတယ်သို့သွားရန် အစီအစဉ်များ အပြန်အလှန် ညှိနှိုင်းကြရသေးသည်။

လ-ပ-ရ (လေကြောင်းသယ်ယူပို့ဆောင်ရေး)မှ ကားပေါ်တက်ကာ ကမ်းနားလမ်းဟိုတယ်သို့သွားရစဉ် လမ်းတွင် မောင်ကြည်သာသည် အဆောင်သို့ မပြန်မီ ညစျေးတန်းဝင်၍ စွပ်ကျယ်နှင့် အတွင်းခံဘောင်းဘီ ဝယ်ရဦးမည်ဟု ခေါင်းထဲတွင်





တေးမှတ်နေမိသည်။ မနက်ဖြန်နံနက်တွင် ရှမ်းပြည်နယ်သို့ တက်ရမည်ဖြစ်ရကား ဈေးဝယ်နေရန် အချိန်မရှိတော့။

ပါးစပ်မှမူ-

"ကျွန်တော်တို့ မနက်ဖြန်လေယာဉ်နဲ့ ရှမ်းပြည်နယ်ကို လိုက်ပါသွားကြပါမယ်၊ မနက် ကိုးနာရီလောက်မှာပါ။ အဲဒီနေရာက တောင်ကြီးကို ကားနဲ့ တက်ကြရမယ်။ တောင်ကြီးဟိုတယ်မှာ တည်းခိုကြရမှာပါ။ ကလောနဲ့ အင်းလေးကို သွားကြဖို့ အစီအစဉ်လည်း ရေးဆွဲထားပါပြီ"

စသည်ဖြင့် ဝတ္တရားမပျက် ရှင်းလင်း ပြောပြနေလေ၏။

တည်းခိုမည့် ကမ်းနားလမ်းဟိုတယ်သို့ ရောက်ရှိကြ၍ ကောင်တာတွင် စစ်ဆေးမှတ်သားဖွယ် ကိစ္စအဝဝပြီးစီးလေမှ အပေါ်ထပ်ရှိ ရှိုနိုမီရာအတွက် အခန်းသို့ ခေါ်ဆောင်ရသည်။ အခန်းနံပါတ် ၂၀၉။

"ဒီညအဖို့ မစ္စတာရှိုနိုမီရာ ဘာများသုံးဆောင်လိုပါသေးလဲခင်ဗျာ၊ မစ္စတာ အနေနဲ့ တယ်လီဖုန်းနဲ့ မှာကြားနိုင်ပါတယ်၊ ဒါမှမဟုတ် ဒီဟိုတယ်မှာ မရနိုင်ရင် ကျွန်တော် မပြန်ခင် စီစဉ်ပေးခဲ့ပါ့မယ်"

မစ္စတာရှိုနိုမီရာသည် သူ၏သေတ္တာကိုဖွင့်ကာ မျက်နှာသုတ်ပဝါ၊ ညဝတ်အင်္ကျီ၊ သွားတိုက်ဆေး၊ သွားပွတ်တံ စသည်တို့ကို ထုတ်ယူ၍ နေသားတကျ ရှိနေသည်။

"ကျွန်တော် ကော်ဖီခါးခါးတစ်ခွက်လောက် သောက်ချင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်ပြောစကားကို သူတို့ နားလည်မယ် မထင်ဘူး၊ မောင်ကြည်သာပဲ မှာပေးပါ။ ရနိုင်မယ်ဆိုရင် ဗေလီယံတစ်ပြားလည်း လိုချင်ပါတယ်။ ကျွန်တော်က တစ်ခါတစ်ရံ ဗေလီယံဖိုက် သုံးရတတ်ပေမယ့် ဒီလာခါနီး စိတ်လှုပ်ရှားပြီး နမော်နမဲ့နဲ့ အိပ်ခန်းထဲမှာ ဆေးပုလင်း ကျန်ရစ်ခဲ့ပါတယ်"

ပီသအောင် ကြိုးစား၍ တစ်လုံးချင်းပြောနေရှာသော မစ္စတာရှိုနိုမီရာ၏ မြန်မာစကားကို မောင်ကြည်သာက လွယ်လင့်တကူ နားလည်ဟန် သက်သောင့်သက်သာနေပြရင်းက နားလည်အောင် ခဲခဲယဉ်းယဉ်း ကြိုးစားပြီး နားစိုက်ထောင်နေရလေသည်။

"ကော်ဖီခါးခါးလည်း ရပါလိမ့်မယ်၊ ကျွန်တော် မှာလိုက်ပါ့မယ်၊ ဆေးလည်း ကျွန်တော် ရှာပေးပါ့မယ်ခင်ဗျား၊ ရမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"တောင်ကြီးရောက်ရင်တော့ ကော်ဖီစေ့လှော်ပြီး အမှုန့်ကြိတ်ထားတဲ့ ကော်ဖီကို သောက်ရမှာပဲ ထင်ပါတယ်"

"မှန်ပါတယ် မစ္စတာရှီနိုမီရာ၊ ဒီမှာလည်း ကော်ဖီစစ်စစ် ရနိုင်ပေမယ့် ညည့်နက်ပြီမို့ မနက်ဖြန်မှပဲ တောင်ကြီးမှာ သောက်ကြရအောင်"

မစ္စတာရှီနိုမီရာသည် ဟိုတယ်ပြတင်းပေါက်ဆီသို့ လျှောက်သွားကာ အပြင်ဘက်သို့ ငေးမောနေသည်။ စိတ်တို့သည် အဝေးတစ်နေရာသို့ ပျံလွင့်လျက် ရုတ်တရက် ပြန်လည် ဖမ်းဆီးမရနိုင်ပေ။

မောင်ကြည်သာက နာရီကို ကြည့်လိုက်သည်။ ဆယ်နာရီတောင် ထိုးပြီးပါပကော။ သူပြန်ချင်ပြီ။

"ဒီအလုပ်မှာ မောင်ကြည်သာ ဘယ်လောက် ကြာပါပြီလဲ"

လုပ်သက်နှင့်ပတ်သက်၍ စုံစမ်းမေးမြန်းခြင်းသည် အဆန်းတကြယ် မဟုတ်လှသော်လည်း ဤအေးဆေးတည်ငြိမ်သော လူကြီးလူကောင်းတစ်ယောက်၏ မေးခွန်းနောက်ဝယ် မည်သို့သောအနက်အဓိပ္ပာယ်တွေ ခိုဝင်နေပါသလဲ။ မောင်ကြည်သာ စိတ်ထဲတွင် စနိုးစနောင့် ဖြစ်သွားရချေ၏။

"နှစ်နှစ်ရှိပါပြီ မစ္စတာရှီနိုမီရာ"

ဟု အဖြေပေးပြီး ဆက်လာမည့် မစ္စတာရှီနိုမီရာ၏ စကားကို ငံ့လင့်နေလိုက်သည်။

မစ္စတာရှီနိုမီရာက မောင်ကြည်သာနှင့် မျက်နှာချင်းဆိုင်ဆိုဖာတွင် ဝင်ထိုင်ကာ စီးကရက် တည်ခင်းဧည့်ခံသည်။ သူကိုယ်တိုင်လည်း စီးကရက်တစ်လိပ် မီးညှိ ဖွာရှိုက်ရင်း တွေဝေငေးမောနေပြန်သည်။

မစ္စတာရှီနိုမီရာ၏ အရိပ်အကဲကိုကြည့်ကာ မောင်ကြည်သာ ဘဝင်မကျ ဖြစ်နေရပါ၏။

မောင်ကြည်သာသည် ခံစားထိခိုက်လွယ်သော သူတစ်ယောက် မဟုတ်ပါ။ သို့ရာတွင် သူ့လုပ်ငန်းနှင့်ပတ်သက်လာလျှင် အစွန်းအထင်းမဲ့ချင်သူ၊ တာဝန် ကျေပွန်ချင်သူတစ်ယောက် ဖြစ်နေလေတော့ ဤအလုပ်ကို ဝါသနာမပါဘဲ စားဝတ်နေရေးအတွက် လုပ်နေရသော ပင်မအကြောင်းရင်းက ရှိနေရင်းစွဲမို့များ သူ သတိမထားမိဘဲ ပေါ့လျော့လစ်ဟင်းသွားခဲ့လျှင် ခရီးသည်တို့ မကျေနပ်ဖွယ်ရာ ချွတ်ယွင်းပျက်ကွက်မှု တွေ့ရှိသွားလေမလားဟု စိတ်မှာ မယုံမရဲ ဖြစ်ရတတ်ချေသည်။





သူ့လုပ်သက်နှင့်ပတ်သက်၍ မစ္စတာရှီနိုမီရာက တစ်စုံတစ်ရာ မှတ်ချက်မချသောအခါ မောင်ကြည်သာ မျိုသိပ်မထားနိုင်တော့ပြီ။

"ကျွန်တော့်ရဲ့ လုပ်သက်ကိုမေးတာ အကြောင်းတစ်စုံတစ်ရာ ရှိနေပါသလား ခင်ဗျာ၊ ဒီလိုပါ ကျွန်တော့်တာဝန်ပိုင်းမှာ လစ်ဟင်းပေါ့လျော့တာများ ရှိနေသလားလို့ သိချင်တာပါ"

ဟု ဖွင့်မေးမိတော့သည်။

မစ္စတာရှီနိုမီရာသည် အတွေးအိပ်မက်မှ လန့်နိုးလာလျက် မောင်ကြည်သာကိုကြည့်ကာ ခေါင်းသွက်သွက်ခါယမ်းရင်း အားတုံ့အားနာ ပြုံးရှာတော့သည်။

"မဟုတ်တာ မောင်ရယ်၊ ကျွန်တော်မေးမိတာက မောင်ကြည်သာအနေနဲ့ အရင်ကလည်း ရှမ်းပြည်နယ်ကို ခရီးထွက်ဖူးသလား။ တောင်ကြီးကို ရောက်ဖူးသလားဆိုတာ သိချင်တာပါ၊ မောင်ကြည်သာ လုပ်ကိုင်ဆောင်ရွက်ပေးနေသမျှတွေဟာ နရိုးနဲ့ထိ ဝတ္တရားအရ လိုအပ်တာထက်တောင် ပိုလျှံနေပါသေးတယ်လို့ ကျွန်တော်ခံစားရပြီး အထူးကျေးဇူးတင်နေပါတယ်"

ယခုမှပင် ရင်ထဲကအလုံးကြီးကျကာ မောင်ကြည်သာ ရွှင်ပျပြုံးရယ်လာနိုင်တော့သည်။

"ကျွန်တော် ဒီနှစ်နှစ်အတွင်းမှာ ရှမ်းပြည်နယ်ကို ဆယ်ခေါက်တိတိ ရောက်ပြီးပါပြီ ခင်ဗျာ"

ဟုလည်း ခပ်ကြွားကြွားကလေး ဖြေဆိုပစ်လိုက်လေတော့သည်။

"တောင်ကြီးမှာ အသိမိတ်ဆွေတွေကော ရှိပါသလား"

"ရှိပါတယ်ခင်ဗျာ၊ အတော်များများ ရှိပါတယ်"

မစ္စတာရှီနိုမီရာက ကျေနပ်ဖွာပြုံးလျက် ခေါင်းညိတ်သည်။ ဤမေးခွန်းနှင့် သက်ဆိုင်သော ရှင်းလင်းချက် တစ်စုံတစ်ရာမျှမပေး။ မောင်ကြည်သာကလည်း မမေးတော့ပြီ။

"ကျွန်တော်ပြောတဲ့ မြန်မာစကားကို မောင်ကြည်သာ ကောင်းကောင်းကြီး နားလည်တယ်၊ ကျွန်တော် သိပ်ဝမ်းသာပါတယ်"

မောင်ကြည်သာသည် 'မစ္စတာ ရှီနိုမီရာဟာ မြန်မာလို အတော်ပီပီသသ ပြောဆိုနိုင်ပါတယ်ခင်ဗျာ'ဟု လိုက်လျောညီထွေ တစ်ဖက်သား စိတ်ချမ်းသာစေရန်



www.burmeseclassic.com

www.burmeseclassic.com



ပြောတတ်သူဖြစ်သည်နှင့်အညီ ဂျပန်အဘိုးအို ကျေနပ်အောင် နှစ်သိမ့်အားပေးလိုက်လေ၏။

"မောင်ကြည်သာဟာ ကျွန်တော့်အတွက် အဖော်ကောင်းတစ်ယောက်ပဲ၊ တာဝန်အရသာမက စေတနာနဲ့ကူညီတတ်တဲ့ မိတ်ဆွေကောင်းတစ်ယောက်ရရှိလို့ ကျွန်တော် သိပ်ကံကောင်းနေပြီ။ တကယ်တော့လည်း မြန်မာတွေဟာ အင်မတန်စေတနာကောင်းတဲ့သူတွေပါပဲ မောင်ကြည်သာ"

မောင်ကြည်သာက ဦးညွတ်လျက်–

"ကျေးဇူးတင်ပါတယ် မစ္စတာရှိုနိုမီရာ"

ဟု ချီးမွမ်းခြင်းကို ခံယူလိုက်ရသည်။

"မောင်ကြည်သာလည်း အနားယူချင်ရောပေါ့။ ပြန်ပေဦး၊ မောင်ကြည်သာအတွက် ရည်ရွယ်ပြီး ဂျပန်ပြည်ကနေ သယ်ယူလာတဲ့ လက်ဆောင်လည်း လက်ခံယူသွားပါ၊ ကဲ··· ကောင်းသောညပါ မောင်ကြည်သာ"

ဤသို့သော လက်ဆောင်ပစ္စည်းများကို ခရီးသည်များထံမှ မောင်ကြည်သာလက်ခံရရှိပေါင်း မနည်းတော့ပြီ။ မောင်ကြည်သာတို့အထဲမှ စုန်းပြူးတစ်ယောက်တလေသည် စေတနာအလျောက် ပေးကမ်းသည်ထက် ပိုမိုရရှိအောင် ညှစ်ထုတ်ယူတတ်လေသည်။ ထိုသူတို့လို မောင်ကြည်သာ လိုအင်ဆန္ဒ မပြင်းပြသော်လည်း ကြည်ကြည်ဖြူဖြူ ပေးလာလျှင်တော့ စဉ်းစားဖို့ပင်မလိုဘဲ လက်ခံတတ်နေပြီ။

"အရီကတော့ ဂိုဇိုင်းရီမတ်စ်– ကျေးဇူးတင်ပါတယ် မစ္စတာရှိုနိုမီရာ၊ အိုယာစုမီနာဇိုင်း– ကောင်းစွာ အိပ်ပျော်ပါစေခင်ဗျား"

အပြန်အလှန် ခါးကိုင်းညွှတ်လျက် နှုတ်ဆက်ပြီးနောက် မောင်ကြည်သာက–

"မစ္စတာအတွက်ဆေးကို ကျွန်တော် စားပွဲထိုးနဲ့ ပို့ခိုင်းလိုက်ပါ့မယ်"

ဟုပြောကာ အခန်းထဲမှ ထွက်ခဲ့လေ၏။

ပိတ်သောတံခါးကို ကျောခိုင်းလိုက်သည်နှင့်ပင် မြူးထူးပျော်ရွှင်နေတတ်သော အကျင့်အတိုင်း လှေကားမှ အပြေးကလေးဆင်းရင်း 'စုကီယာကီ' သီချင်း အလိုက်လေကလေး တအေးအေး ချွန်လိုက်မိတော့သည်။

◆



BURMESE CLASSIC .com

(၃)

မောင်ကြည်သာ နေထိုင်ရာ ဘော်ဒါဆောင်မှာ မြေနီကုန်းတွင် ဖြစ်လေသည်။ မြေနီကုန်းဈေးတွင် အတွင်းခံဆောင်းဘီနှစ်ထည်နှင့် စွပ်ကျယ်နှစ်ထည် ဝင်ဝယ်ပြီး အသားဟင်းနှစ်ထုပ်ဆွဲကာ ပြန်လာချိန်တွင် ည ဆယ့်တစ်နာရီပင် ထိုးတော့မည်။

ယောကျ်ားများ ဘော်ဒါဆောင်မို့ လွတ်လွတ်လပ်လပ် ရှိသည်။ အိမ်ရှင်အဘိုးကြီး၊ အဘွားကြီးသည် သူတို့နေထိုင်ရာ တိုက်ဘက်ခြမ်းကို ခြံဝင်းသတ်သတ်ကာရံစည်းခတ်ထားလေရာ မောင်ကြည်သာတို့ အဝင်အထွက်နှင့်ပတ်သက်၍ တစ်စုံတစ်ရာ ပြောဆိုစရာ မလိုအပ်တော့ပေ။ ဘော်ဒါဆောင်မှာ တိုက်တန်းလျားကလေးဖြစ်ကာ စီးပွားရေးကောင်းစဉ်ကတော့ သူတို့၏ အလုပ်သမားများကို ထားရှိရာနေရာ ဖြစ်ပေလိမ့်မည်။

ယခုမူ မောင်ကြည်သာတို့လို တစ်ကိုယ်ရေ တစ်ကာယသမားများကို တစ်ယောက်တစ်ခန်းကျ ငှားရမ်းထားလျက် အိုမင်းချိန်တွင် စားဝတ်နေရေး အဆင်ပြေအောင် လမ်းရှာဖန်တီးထားကြလေ၏။

မောင်ကြည်သာ အခန်းနှင့် ကပ်လျက်အခန်းတွင် နေထိုင်သူမှာ မြို့ပြအင်ဂျင်နီယာကလေး ကိုခင်မောင်ဝင်း ဖြစ်သည်။ အခန်းမီးပွင့်နေသေးသဖြင့် သူ မအိပ်သေးကြောင်း သိရလေ၏။ မောင်ကြည်သာ သီချင်းတညည်းညည်းနှင့် အခန်းသော့ဖွင့်နေသော အသံကိုကြားလျှင် သူ့အခန်းတံခါးကိုဖွင့်၍ ထွက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား... ကိုခင်မောင်ဝင်း မအိပ်သေးဘဲကိုး။ အတော်ပဲ ကျွန်တော် အသား ကင် ဝယ်လာတယ်။ ဟဲန်နီကင်ဖွင့်ပြီး စားသောက်ကြရအောင် လာဗျို့"

"အိပ်မပျော်လို့ပါ၊ တောင်တွေးမြောက်တွေးနဲ့"

"ရှေ့လျှောက် ပိုတွေးရဦးမှာဗျ။ ဒါ အကင်းပဲ ရှိသေးတာ၊ ဟား... ဟား"

မောင်ကြည်သာသည် လက်ထဲမှအထုပ်များကို စားပွဲပေါ် တစ်နေရာစာရှင်းပြီးမှ တင်လိုက်နိုင်သည်။ သူ့စားပွဲမှာ တိုင်းမ်စာစောင်များ၊ လက်သုတ်ပဝါ အညစ် တစ်ထည်၊ ကြေးအလိပ်လိပ်နှင့် ဘီးတစ်ချောင်း၊ ဆေးပုလင်း သုံးလေးလုံး၊ စာရွက် အစုတ်များ၊ အိမ်သာသုံး စက္ကူလိပ်များ စသည်ဖြင့် ရှုပ်ပွကာနေ၏။

သူ့အခန်း ကြမ်းခင်းကတော့ကော နေကြာစေ့အခွံများ ပလတ်စတစ်ခွံများ၊ စက္ကူစုတ်များသည် ဖုန်မှုန့်သဲမှုန့်များနှင့် ရောနှောပြန့်ကျဲလျက်။

သူ့အိပ်ရာကျပြန်တော့ ခြင်ထောင်သည် မလျှော်မဖွပ်သည်မှာ နှစ်ကာလ ကြာမြင့်လှဟန် ညစ်ထေးလျက် တစ်ပိုင်းလျှော့လျှိုလျှိုတင်ထားကာ တစ်ပိုင်း တန်းလန်းကျနေသည်။ လုံးထွေးထားသော မျက်နှာသုတ်ပဝါက ခြင်ထောင် အမိုးပေါ်မှ ခေါင်းပြူကြည့်နေသည်။ ခေါင်းအုံးသည် အစွပ်ကင်းမဲ့လျက် ခြေရင်း ပိုင်းတွင် တွန့်ခေါက်နေကာ အိပ်ရာခင်းသည် အလိပ်လိုက် ကြေမွလျက် အိပ်ရာ ခြမ်းတွင်သာ နေရာယူထားနိုင်၏။ သစ်လွင်သော ဗန္ဒုလစောင်မှာလည်း မခေါက် သေးဘဲ ခုတင်ပေါ် ကန့်လန့်ဖြတ် လဲလျောင်းနေသည်။ စောင်ကတော့ သစ်ပေမပေါ့။ သည်ဆောင်းဦးမှာမှ မလွဲမရှောင်သာ ထပ်ဝယ်ထားသည့်စောင်။ စောင်ဟောင်းကို သူ့အဝတ်လျှော်ကုလားမကြီး ဒေါ်အမီနာက အလှူခံသွားသည်ကိုး။

မောင်ကြည်သာက စောင်ကို လက်နှင့်တွန်းဖယ်ကာ ခုတင်ပေါ် တင်ပါးလွှဲ ထိုင်ချလိုက်သည်။

"ညနေက ခင်ဗျားကို လူတစ်ယောက် လာရှာသေးတယ်ဗျ၊ ဗောက်ဆာ အစိမ်းကလေးနဲ့၊ လူကတော့ စက်ဆီပေပေရေရေနဲ့ ကားပြင်တဲ့ မတ္တင်းနှစ်ထင်တာပဲ၊ စိန်ဝပ်ရှော့ကတဲ့"

"ဟုတ်လား... ထူးထူးဆန်းဆန်း"

မောင်ကြည်သာက မျက်လုံးတစ်ဖက်ပင့်ကာ ပြုံးမဲ့မဲ့ဖြစ်သွားသည်။ 'စိန်' ဝပ်ရှော့အမည်ကြားတော့ သူ့ရင်ထဲမှာ နင့်ရသည်။ သူက သူ့အိမ်အဖြစ် သတ်မှတ် ပျော်မွေ့လိုသော်လည်း သူ့ကိုလက်မခံသဖြင့် သူစွန့်ခွာခဲ့သော နေရာဟောင်းကလေး။





"ဝပ်ရှော့ပိုင်ရှင်က ခင်ဗျားဘကြီးဆို၊ အဲဒါ ခင်ဗျားကြီးတော်က လာခဲ့ပါဦး မှာသတဲ့"

တော်ပါပြီ။ သည်ဘဝမှာ ဆက်စပ်ပတ်သက်ဖို့ အကြောင်းမရှိဘူး သတ်မှတ် ကာ သံယောဇဉ် အပြီးအပိုင် ဖြတ်ထားခဲ့မှပဲ။ ကြည်သာတို့ ဤမျှ အသည်းမမာလျှင် ဤဘဝ အခြေအနေမှာတောင် ရပ်တည်နိုင်မှာ မဟုတ်ဘူး။

အဘစိန်ကတော့ သူ့အပေါ်မှာ ကြင်နာခဲ့ပါသည်။ နောက်ဆုံး သူ ထွက်ခွာ လာချိန်မှာ မျက်ရည်လည်လျက် မတားမြစ်ဘဲ ဝမ်းနည်းဒေါသနှင့် ကျန်ရစ်ရှာ ပါသည်။

ကြီးတော်ကိုသာ သူ နာကြည်းသည်။ အမှားအမှန် ဝေဖန်ပိုင်းခြားရန် ကြီးတော်သည် လုံးဝ ထည့်မစဉ်းစားဘဲ သူမ၏ သားဖြစ်သူဘက်သို့သာ တစ်ဖက်သတ် ဘက်လိုက် ဆုံးဖြတ်မြဲအတိုင်း သူ့အိမ်မှ ဆင်းခဲ့သောနေ့ကလည်း မျက်နှာတင်းကာ ပြောင်းဖူးဖက်ဆေးလိပ် ရှိုက်ဖွာ၍သာနေခဲ့လေ၏။

အိုလေ... ဒါတွေ ဘေးချိတ်ထားလိုက်လေဦးမှ။

◆

"ကဲ... ကနေ့လည်း ရေမချိုးရပြန်ဘူးဗျ၊ ဒုက္ခပါပဲ... မနက်ဖြန် တောင်ကြီးမှာလည်း အတော်အေးမယ်၊ ရေချိုးနိုင်မှာ မဟုတ်ဘူး။ ဒီနေ့ပါ ရေမချိုးရင် အဝတ်တော့ လဲမှပဲဆိုပြီး အတွင်းခံဘောင်းဘီလေး၊ စွပ်ကျယ်လေး ဝင်ဝယ်လာရ တယ်ဗျာ"

မောင်ကြည်သာက တိုက်ပုံကို ချွတ်လိုက်သည်။ အိတ်ကပ်ထဲမှ ပိုက်ဆံများ၊ မှတ်ပုံတင်၊ စာရွက်စာတမ်းများတို့ကို နှိုက်ယူပြီးနောက် တိုက်ပုံကို ကုလားထိုင် နောက်မှီပေါ် ပစ်တင်လိုက်သည်။ ခါးကြားမှ ဆွဲထုတ်လိုက်သော တိုင်းမ်စာအုပ်ကို လည်း စားပွဲပေါ် ဖုတ်ခနဲ ပစ်တင်လိုက်သည်။

"ထိုင်လေဗျာ ကိုခင်မောင်ဝင်း"

ဟု ပြောပြောဆိုဆို ကုလားထိုင်ကို တွန်းပေးလိုက်သည်။ ကုလားထိုင်ပေါ်မှ ပုဆိုးဟောင်းတစ်ထည်ကို ဘေးတွန်းလျက် ကိုခင်မောင်ဝင်း ဝင်ထိုင်ရသည်။

"ကိုးဆယ့်နှစ်ကျပ်နှင့် လေးဆယ့်ငါးပြားတိတိ၊ တစ်ရာတောင် မပြည့်တော့ ပါလားနော်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ညည်းညူရင်း စားပွဲပေါ်သို့ ပိုက်ဆံရော စာရွက်စာတမ်းများပါ လှမ်းတင်လိုက်လေသည်။

"ခင်ဗျား စွပ်ကျယ်တွေ၊ ဘောင်းဘီတွေ ဝယ်ပေါင်းလည်း မနည်းပါဘူးဗျာ။ ဘယ်ရောက်ကုန်လဲ"

"လျှော်ပြီးသား မရှိလို့ဗျ၊ သိတဲ့အတိုင်း ဒေါ်အမိနာ လာတဲ့အချိန် ကျွန်တော်က မနိုး၊ ကျွန်တော်နိုးတဲ့အချိန် သူက မရောက်နဲ့ တိုင်မင်အောက်နေကြတာ၊ ရှိတာတွေကလည်း အပေါက်အပြဲတွေပါဗျာ၊ လာသမျှ သူငယ်ချင်းတွေက ဝိုင်းနွှာမယ့် ဘိုင်သမားတွေချည်းကိုးဗျ"

ခါးကုန်း၍ ခုတင်အောက်မှ သံသေတ္တာကို ဆွဲထုတ်ကာ ဖွင့်လိုက်ပြန်သည်။ သေတ္တာထဲတွင်လည်း လုံးထွေးရစ်ပတ် ရှုပ်ပွနေပြန်ပါ၏။

မောင်ကြည်သာက တစ်ပတ်နွမ်းပုဆိုးတစ်ထည် ဆွဲထုတ်ကာ ခါးမှ ကချင်ပုဆိုးနှင့် လဲဝတ်သည်။ ရှပ်အင်္ကျီ၊ စွပ်ကျယ် အားလုံးချွတ်ကာ ခုတင်ခြေရင်း သံမံတလင်းပေါ် ပစ်ချလိုက်ပြန်သည်။ ထို့နောက် အဝတ်ကြိုးတန်းဝယ် တန်းလန်းကျနေသော ဆွယ်တာလက်ရှည်တစ်ထည်ကို ခေါင်းမှစွပ်ချလိုက်လေသည်။

ကိုခင်မောင်ဝင်း သက်ပြင်းချသည်။ ညအိပ်ရာဝင် အဝတ်တော့ လဲဖော်ရလေ၍ တော်ချေသေးရဲ့ဟုလည်း တွေးမိလေ၏။

သူကတော့ မောင်ကြည်သာနှယ် ရှုပ်ရှုပ်ပွပွ မနေတတ်။ သူ့အခန်းသို့ ထပြန်ကာ တံမြက်စည်း သွားယူသည်။ ခါတိုင်းလည်း ဒေါ်အမိနာက ဤတံမြက်စည်းကို လာငှားပြီး လှည်းကျင်းနေကျ။ ခုတော့ သူပဲ ဒေါ်အမိနာ အလုပ်ကို လုပ်လိုက်တော့မည်။

"ဟာ··· ဒီအချိန်ကြီးကျမှ လှည်းမနေပါနဲ့တော့ ကိုခင်မောင်ဝင်းရာ စားကြရအောင်ဗျာ"

"စားပွဲကလေး နည်းနည်းရှင်းပြီးမှ စားကြရအောင် ကိုကြည်သာရယ်"

ကိုခင်မောင်ဝင်းက စားပွဲကို အရင်ရှင်းသည်။ စားပွဲပေါ်မှ မောင်ကြည်သာ တင်ထားသော အဝတ်ထုပ်များကို ခုတင်ပေါ် တင်ပေးလိုက်သည်။ အမှိုက်များကို သံမံတလင်းပေါ်ပစ်ချပြီး နောက်မှတံမြက်စည်းလှည်းကာ တံခါးဘေးတွင် အမှိုက်များ စုပုံထားလိုက်သည်။





နံရံကပ် သစ်သားတန်းပေါ်တွင် အစီအရီတင်ထားသော ဆဲဗင်းအပ်ဘူးများ၊ ဘီယာဘူးများ၊ အခွံလွတ်များ။

"ဂက်စ်မီးခြစ်ရယ်၊ စီးကရက်တစ်ကာတွန်ရယ်၊ စပို့ရှပ်က နှစ်ထည်ဗျ၊ ကော်တာပဲ"

မောင်ကြည်သာသည် မစ္စတာရှိုနိုမီးရာ၏ လက်ဆောင်စက္ကူထုပ်ကို ဖြေကြည့်ကာ ဝမ်းပန်းတသာ ရှိရသည်။ တောင်ကြီးယူသွားရန် လျှော်ပြီးသားအဝတ် သိပ်ရွေးဖို့ မလိုတော့၊ အဆင်သင့်ရလေပြီ။

သူက စီးကရက်ထုပ်ကို ချက်ချင်းဖောက်ကာ ကိုခင်မောင်ဝင်းအား နှစ်ဘူး လှမ်းပေးလိုက်သည်။ နောက်တစ်ဘူးကိုတော့ဖောက်ကာ စီးကရက်တစ်လိပ်ကို ထုတ်ယူလျက် ကိုခင်မောင်ဝင်းကိုလည်း တစ်လိပ်ကမ်းပေးလေသည်။

ကိုခင်မောင်ဝင်းသည် စီးကရက်ရှိုက်ရင်း အသားကင်ထုပ်ကို ဖြေသည်။ တစ်ယောက်က ခုတင်ပေါ် ထိုင်မြဲထိုင်လျက် ကျန်တစ်ယောက်ကလည်း ကုလားထိုင်ပေါ်ထိုင်ကာ စားပွဲပေါ်မှ အသားကင်ကို အတူစားကြသည်။

"ဒီဂျပန်စီးကရက်က နည်းနည်းပေါ့တယ်ဗျနော်"

ဟု မောင်ကြည်သာက မှတ်ချက်ချသည်။

ကိုခင်မောင်ဝင်းက ကြည်ပြာရောင် ဓာတ်ငွေ့မီးခြစ် အသစ်စက်စက် ကလေးကို လက်ထဲတွင် လှည့်ပတ်ကြည့်ရှုနေသည်။ ထို့နောက် ကိုကြည်သာ ဖြေမကြည့်သော ၁၉၈၂ ခုနှစ် ပြက္ခဒိန်ကို သူက ဖြေကြည့်ပြီးနောက် နံရံရှိ သံချွန်တစ်နေရာတွင် ချိတ်ဆွဲလိုက်လေ၏။

"ခင်ဗျားက သိပ်ရက်ရောလွန်းတယ် ကိုကြည်သာ။ ဧည့်သည် တစ်ခေါက်လာတိုင်း ခင်ဗျားတို့ရတဲ့ စီးကရက်၊ မီးခြစ်၊ ဖောင်တိန်၊ အဝတ်၊ ပြက္ခဒိန်ဆိုတာ ကျွန်တော်တို့ မြင်ရတာတင် မနည်းလှဘူး၊ ရောင်းစားရင် မနည်းရမှာဗျ။ ခုတော့ ဟိုလူ မ,သွား၊ ဒီလူ မ,သွားနဲ့ အလကား ဖြစ်ကုန်တယ်"

"သူငယ်ချင်းတွေကလည်း ကျွန်တော့်လောက်မှ မဟန်တဲ့လူတွေဆိုတော့ ပေးရတာပဲ ကိုခင်မောင်ဝင်းရ၊ ဘယ့်နှယ်လုပ်မလဲ"

"အမှန်တော့ တချို့လည်း လူလွတ်ပေမယ့် ဈေးနေကုတ်ကုတ်ပါပဲဗျာ၊ ခင်ဗျားဆို လခက အယ်လ်ဒီပေး၊ ဆားဗစ်မန်နီးရော အိုဗာတိုင်ရောဆိုရင် တစ်လ ခြောက်ရာတော့ အောက်တန်းဝင်နေတာပဲ၊ ရတုန်းရခိုက် စုထားပါလားဗျ"



www.burmeseclassic.com

www.burmeseclassic.com



မောင်ကြည်သာက အသားကင်တစ်ဖတ် ကောက်ဝါးကာ ဘီယာကို မော့လိုက်သည်။ သူ အိပ်ငိုက်လာလေပြီ။

"အေးဗျာ၊ ခုကျတော့လည်း မဆိုးလှပါဘူး၊ သိပ်ငြီးငြွေ့ရတယ် မရှိတော့ဘူး၊ အလုပ်ဝင်စကတော့ဗျာ ဒီလို အကြံအဖန်တွေလည်း မရှိဘဲကိုး၊ ပြီးတော့ လုပ်ငန်း မကျွမ်းကျင်တော့ လေယာဉ်ချိန်မှီ ကိုယ့်ခရီးသည်တွေ တင်မပို့နိုင်လိုက်တာနဲ့၊ ခရီးသည်တွေ မကျေနပ်လို့ တိုင်တောတာနဲ့ လခအဖြတ်ခံရတာ မနည်းဘူးဗျ"

"အဲဒီအဆင်မပြေတာက ခဏဖြစ်မှာပါဗျာ၊ ခင်ဗျားက ဆက်ဆံရေးကောင်းတဲ့သူပဲ ဒီလုပ်ငန်းနဲ့ ကိုက်ပါတယ်"

"ကျွန်တော့်အတွက် သင့်တော်တဲ့အလုပ်ပါပဲ၊ ကျွန်တော် မပျော်တာတစ်ခုပဲ။ မပျော်ဘူးဆိုတာ စိတ်တော့ မညစ်ဘူးပေါ့ဗျာ၊ ကျွန်တော်က စိတ်မှမညစ်တတ်တာ၊ မပျော်ဘူးဆိုတာက ကျွန်တော် ဝါသနာပါတဲ့အလုပ်ကို မလုပ်ရဘူးလို့ ပြောချင်တာပါ"

ကိုခင်မောင်ဝင်းက 'မကွင်းနစ်လား' ဟု များစွာ နှစ်မြို့က်လှခြင်း မရှိဟန်နှင့် မေးသည်။

"ဆိုပါတော့၊ ဆီဆေးအလူးလူးနဲ့ ကားပြင်ရတဲ့အလုပ်ကို ကျွန်တော် ဘယ်လို ပျော်မှန်းမသိဘူး၊ ကားပစ္စည်းတွေကို တွင်ခုံနဲ့ ခုတ်ရ၊ တီထွင်ဖန်တီး ရတာကိုလည်း သိပ်စိတ်ဝင်စားတယ်ဗျ"

မောင်ကြည်သာ ဆံပင်သည် နီကြောင်ကြောင် ပျော့ခွေခွေနှင့် နဖူးပေါ် ဝဲကျလျက် လည်ကုပ်တွင်လည်း ဖုံးလွှမ်းနေသည်။ သူ၏ ညိုမောင်းသော မျက်လုံးများက ကြည်လင်တောက်ပသည်။ မျက်နှာမှာ ချိုရွှင်လန်းဆန်းသည်။ အရပ် မနိမ့်မမြင့်တွင် ခပ်ပိန်ပိန် သွယ်သွယ်လျလျနှင့် ကြည့်ကောင်းသော ခေတ်လူငယ် တစ်ဦးပင် ဖြစ်သည်။ သူ့ကိုကြည့်လိုက်လျှင် ချစ်ခင်နှစ်လိုဖွယ်အသွင် ဆောင်နေလေ၏။

"ခင်ဗျား ဝါသနာပါတဲ့အလုပ်က မပင်ပန်းဘူးလား၊ ပြီးတော့ ဝင်ငွေလည်း ခုလောက် ဘယ်ရမလဲ ကိုကြည်သာ"

မောင်ကြည်သာက စီးကရက်တိုကို အောက်ပစ်ချကာ ဖိနပ်နှင့် နင်းခြေမီးငြိမ်းသတ်လိုက်သည်။ ထို့နောက် ခြေရင်းရောက်နေသော ခေါင်းအုံးကို ခေါင်းရင်းဘက်ရွှေ့ကာ အိပ်ရာပေါ် လှဲချလိုက်လေသည်။





ကိုခင်မောင်ဝင်း၏ ယူဆချက်နှင့်ပတ်သက်၍ မောင်ကြည်သာ ရှင်းမပြတော့။ သူ့လက်ရှိ အခြေအနေ၊ သူ့လက်ရှိ အရည်အချင်းအရ ကိုခင်မောင်ဝင်းက သူ့အပေါ် ဤသို့သာ မြင်ပေမည်။ သူသည် ဝပ်ရှော့တစ်ခုမှ အလုပ်သမားတစ်ယောက်ထက် ပို၍ ဖြစ်မြောက်လာနိုင်စရာ မရှိပေဘဲ၊ သူ့စိတ်ကူးယဉ် အိပ်မက်များကို ပြောပြနေ၍လည်း မထူးပါ။ ဖြစ်လာနိုင်သောအရာများမှ မဟုတ်ပေဘဲ။ အင်ဂျင်နီယာကျောင်းသားတစ်ယောက်အဖြစ် ကလေးဘဝက အိပ်မက်တွေ မြင်မက်ရတာတွေ၊ အနည်းဆုံး ဂျီတီအိုင်ကျောင်းလောက်တော့ တက်နိုင်လေမလား အားခဲခဲ့မိတာတွေ၊ နောက်ဆုံး ဝပ်ရှော့တစ်ခုမှာ ထမင်းစား ပညာသင်ဘဝဖြင့် ဒုက္ခခံခဲ့တာတွေ။

ခုတော့လည်း စိတ်ကူးဆန္ဒတွေကို စွန့်လွှတ်လိုက်ပါပြီ။ ထမင်းစားဖို့ အရေးကြီးသည်။ စိတ်အဆာပြေဖို့ထက် ဝမ်းအဆာပြေဖို့ ဦးစားပေးလိုက်ပါပြီ။ စိတ်တော့ တကယ်မညစ်ပါ၊ မောင်ကြည်သာသည် စိတ်မညစ်တတ်ပါ။

"ခင်ဗျား ရက်ရောတာတစ်ခုပဲ ခက်နေတာ ကိုကြည်သာ။ ဒါလည်း အမှန်တော့ ကောင်းတဲ့စရိုက်လေးပါ၊ ခက်တာက လောကကြီးမှာ ကိုယ်ကချည်း တစ်ဖက်သတ်ကောင်းရတာ ကိုယ်နစ်နာတယ်ဗျ၊ ကျွန်တော်က ခင်လို့ပြောတာပါ။ ခြိုးခြိုးခြံခြံနဲ့ စုဆောင်းထားရင် တစ်နေ့ ကျွန်တော့်လို အိမ်ထောင်ပြုချင်လာတဲ့ အချိန်မှာ ကျွန်တော့်လို မပြည့်မစုံ မလုံမလောက်နဲ့ အခက်အခဲ မကြုံရဘူးပေါ့ဗျာ"

"အိမ်ထောင်ရေးကတော့ ဝေးဦးမှာပါ ကိုခင်မောင်ဝင်းရာ။ ကျွန်တော့်ကိုယ်ကျွန်တော် သံယောဇဉ်အနှောင်အဖွဲ့နဲ့ စဉ်းစားကြည့်လို့ မရပါဘူး"

သူပြောတာလည်း ဟုတ်မှာပါဟု ကိုခင်မောင်ဝင်း ပြုံးမိသည်။ ကိုခင်မောင်ဝင်းကား သူသည် မျက်နှာလုံးလုံး၊ ပါးဖောင်းဖောင်းနှင့် ရိုးသားသော အသွင်အပြင်ရှိသည်။ မောင်ကြည်သာကိုလည်း အမှန်ပင် ခင်မင်လှသည်။ မောင်ကြည်သာ၏ အပြစ်ကင်းစွာ လွှတ်လပ်နေသော နေပုံထိုင်ပုံ ပြောဆိုလှုပ်ရှားပုံတွေက သူ့နံဘေး ပတ်ဝန်းကျင်ကိုပင် အသက်ဝင်လန်းဆန်းလာစေသည်ဟု သူ ယုံမှတ်မိသည်။ မောင်ကြည်သာသည် အနှောင်အဖွဲ့ကို လိုလားမည် မဟုတ်ဟု သူ ယုံကြည်လေ၏။

"အိမ်ထောင်ပြုဖို့ဆိုတာ ကြိုတင် မစဉ်းစားထားပေမယ့်လည်း အကြောင်းတိုက်ဆိုင်လာရင် ရုတ်တရက် ဖြစ်ပေါ်လာတတ်တာဗျ ကိုကြည်သာရ။ ကျွန်တော်လည်း ဘွဲ့ရလို့ အလုပ်ရာခါစကတော့ အိမ်ကို ပြန်ကြည့်ဦးမယ် ရည်ရွယ်ခဲ့တာ။ မေ့ကို စတွေ့တာ ခုမှ ခြောက်လပဲ ရှိသေးတယ်၊ တွေ့ကတည်းက ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်သွားမှန်း မသိဘူးဗျ၊ ကြိုက်တာပဲသိတယ်။ ကြိုက်မိခါမှပဲ သူ့အဒေါ်က ရုတ်တရက် ကောက်ကာငင်ကာ ဆုံးသွား။ သွေးမတော်စပ်တဲ့ ယောကျ်ားနဲ့ တစ်အိမ်တည်းဆက်နေဖို့ မသင့်တော်တဲ့ အကြောင်းတရားတွေ ဖြစ်ပေါ်လာတော့ ကျွန်တော့် မူလရည်ရွယ်ချက်လည်း ပျောက်တော့တာပါပဲ၊ မိဘမောင်နှမကို ပြန်လှည့်မကြည့်နိုင်ဘဲ အလုပ်လည်းရရော၊ မိန်းမလည်း ယူချင်ရောဆိုတဲ့အဖြစ် ဖြစ်ရတော့တယ်။ တာဝန်မကျေလို့ ရင်ထဲမှာ လိပ်ပြာမသန့်ဖြစ်ရတာက ထား တော့ဗျာ၊ ခင်ဗျားက ကျွန်တော့်လို ပြန်ကြည့်စရာ မိဘမောင်နှမ မရှိတော့ အဲဒီပြဿနာ မရှိဘူး။ ကျွန်တော့်လို ငွေကြေးမပြေလည် ကသိကအောက်ဖြစ်ပြီး အိပ်မပျော် ဖြစ်မှာစိုးလို့ ပြောနေတာဗျ''

မောင်ကြည်သာက မျက်လုံးများကို မှေးစင်းထားရင်း ပခုံးတွန့်ကာ လက်ခါ လိုက်သည်။

''ကျွန်တော်က ရုတ်တရက် မြင်မြင်ချင်းလည်း ကြိုက်သွားတတ်မှာ မဟုတ် ဘူး။ ဖြည်းဖြည်းချင်း တစိမ့်စိမ့်လည်း ကြိုက်သွားတတ်မှာ မဟုတ်ဘူး၊ မွေး ကတည်းက အတွယ်အတာမရှိလို့ဘဲလား မပြောတတ်ဘူးဗျ၊ ဘာကိုမှလည်း အစွဲအလမ်း မထားချင်ပါဘူးဗျာ''

''ဒါတော့ ခင်ဗျားက မကြိုက်သေးဘဲကိုး၊ ပြောနိုင်တုန်း ပြောသေးတာပေါ့''

ကိုခင်မောင်ဝင်းက ဘီယာဘူးခွံများကို တန်းပေါ်တင်သည်။ အသားကင် ထုပ်လာသောဖက်ကို သေချာပြန်ထုပ်ပိုးကာ အခန်းအပြင်မှ အမှိုက်ခြင်းထဲ ထည့် သည်။

''သိပ်မရက်ရောဖို့ ပြောနေတဲ့ ကျွန်တော်ကိုယ်တိုင်က ခင်ဗျားဆီက ငွေ ငါးရာချေးနေတာ ရယ်စရာတော့အကောင်းသား။ ခင်ဗျားကို အရင်လက ဂျပန် ဆရာဝန်ကြီးပေးသွားတဲ့ တက်ထရက်အဖြူစကိုလည်း ခင်ဗျားပေးတော့ ကျွန်တော်က ယူပြီး မင်္ဂလာဆောင်ရင်ဝတ်ဖို့ တိုက်ပုံအပ်ထားပြီးပြီ။ အေးဗျာ··· ဝိုင်းနွှာနေတဲ့ ဘော်ဒါတွေထဲ ကျွန်တော်လည်း ပါတာပါပဲ၊ ဘာထူးလို့လဲ''

''ဒါတွေ ခေါက်ထားစမ်းပါ ကိုခင်မောင်ဝင်းရယ်၊ ခင်ဗျား တောင်းဆိုတာမှ မဟုတ်ဘဲ။ ကျွန်တော်ကိုယ်တိုင်က ကူညီချင်လို့ ကူညီတဲ့ကိစ္စ၊ ကျွန်တော့်မှာ အပန်းကြီးတာ မဟုတ်မှန်း ခင်ဗျားလည်းအသိ''

မောင်ကြည်သာ မျက်လုံးမဖွင့်တော့ရုံမက အာလေးလျှာလေးဖြစ်နေပြီး စိတ်





ထဲတွင်လည်း ကိုခင်မောင်ဝင်း ပြန်စေချင်နေလေပြီ။

''ခင်ဗျား အိပ်ငိုက်နေပြီ၊ ကျွန်တော် သွားမယ်။ ဒီတစ်ခေါက် ခရီးတော့ စိတ်အေးချမ်းသာ ရှိမယ်ထင်ပါရဲ့''

''ကိုးဆယ်ရာနှုန်း သေချာတယ်ဗျို့၊ မစ္စတာရှီနိုမီရာကတော့ တကယ့် လူကြီးလူကောင်းတစ်ယောက်ပဲ။ ခင်ဗျားထွက်ရင် ကန့်လန့်ချပေးခဲ့ပါဗျာ၊ ကျွန်တော် မထနိုင်တော့ဘူး''

မောင်ကြည်သာက ကပြက်ကရက် လျှော့ကျနေသော ခြင်ထောင်ကို လက်တစ်ဖက်နှင့် ဆွဲချလိုက်သည်။ မနေတတ်သူ ကိုခင်မောင်ဝင်း ခြင်ထောင် ချပေးလေသည်။

မစ္စတာရှီနိုမီရာကား မိန်းမရှာခိုင်းမည့်သူ မဟုတ်။ ကျောက်မျက်ရတနာ မှောင်ခိုထုတ်ရန် ရည်ရွယ်ချက်များလည်း ပါလာဟန် မရှိ။ ပုဂံဘုရားများတွင် ထမင်းမစား ဟင်းမစား နေပူကျဲကျဲ၌ ဓာတ်ပုံလိုက်ရိုက်၊ အိုးခြမ်းကွဲ လိုက်ကောက် ရန်လည်း အစီအစဉ် မရှိ။ အရိုးကောက်မည့်အကြောင်းလည်း လေသံမျှမဟ။ ငွေကြေးပြေလည် ပြည့်စုံဟန်လည်း ရှိရကား လမ်းပြကလေး၏ တစ်ပတ်စာ စားဝတ်နေရေးအတွက် တာဝန်ယူသွားမှာလည်း သေချာလှသည်။ မောင်ကြည်သာ သည် စိတ်ချမ်းမြေ့စရာတွေးရင်း တစ်ခဏချင်း တရှူးရှူး အိပ်မောကျသွားလေ၏။

ကိုခင်မောင်ဝင်းသည်သာ မောင်ကြည်သာပေးလိုက်သော စီးကရက် တစ်လိပ်ပြီးတစ်လိပ် ဖွာရှိုက်ရင်း အိပ်မပျော်။ မင်္ဂလာဆောင်စရိတ်၊ နေထိုင်ရန် အိမ်ပြဿနာ။

မောင်ကြည်သာသည် ကိုခင်မောင်ဝင်းထက်ပင် အသက်ငယ်သေးလျက် ရှိ လှမှ နှစ်ဆယ့်သုံးနှစ် ပတ်ဝန်းကျင်။ ဆွေမရှိ၊ မျိုးမရှိ လောကပင်လယ်ပြင်ကြီး ထဲတွင် ကမ်းမမြင် လမ်းမမြင်ဘဲလျက် အတွယ်အတာ ကင်းမဲ့စွာ၊ အပူအပင် ရှင်းလင်းစွာ တက်ကျန်ရွှက်ရုံမျှဖြင့်၍ လှော်ခတ်နေသော ကိုကြည်သာ ဘဝလှေငယ်ကို ကိုခင်မောင်ဝင်းမှာ ကြင်နာရမလိုလို၊ အားကျရမလိုလို။

မောင်ကြည်သာ ဟောက်သံများက သူ့အခန်းဘက်သို့ပင် နယ်ချဲ့ ကျူးကျော် လာနေလေသည်။

◆



www.burmeseclassic.com

www.burmeseclassic.com

(၄)

ကြည့်စမ်းပါဦး၊ ကမ္ဘောဇဌာနေဝယ် ချယ်ရီပန်းတို့ ပင်လုံးကျွတ်မျှ ဝေဝေဆာဆာ အလှဆင် ဖူးပွင့်နေကြပါပကောလား။

လွန်လေပြီးသော သုံးဆယ့်ခုနစ်နှစ်ခန့် အချိန်အခါကလည်း ဤသို့ပင်လျှင် ချယ်ရီတို့ အဖူးအခက် ပန်းရင့်ရောင်ဖြာယှက်လျက် လေအလာကြွေကာ မြေသက်ရင်း အဖြူရောင် နှင်းမှုန်ပွင့်တို့နှင့် မြူးဝင့်ကျီစယ်ရာ ဆောင်ဦးဒီဇင်ဘာ ဟေမန်ရာသီအစ၌ ကမ္ဘောဇကုန်းမြေမြင့်သို့ သူ မမျှော်လင့်ဘဲ ရောက်ရှိခဲ့ရသည်။

နုပျိုငယ်ရွယ်သော၊ အားမာန်တက်ကြွသော၊ ပေးအပ်သောတာဝန်ကို ဦးလည်မသုန် ထမ်းဆောင်ဖို့ ရည်သန်စိတ်စောခဲ့သော နီပွန်တပ်သားကလေး ရှိုနိုမီရာသည် မိခင်မှုဆိုးမကြီးနှင့် မကျန်းမမာ အိပ်ရာထဲလဲနေရှာသော အစ်ကိုတို့ကို ဂျပန်ပြည်တွင် ကျောခိုင်း ချန်ထားရစ်ခဲ့လျက် မလွဲမရှောင်သာ ဤမြေ ဤဒေသဝယ် ခြေချဖို့ အကြောင်းဖန်တီးခဲ့တာပါ။

နှင်းမှုန်ကြားမှ ချယ်ရီတို့ကို ကြည့်ကာကြည်ကာ ခွဲခွာလာခဲ့ရသည့် အမိဂျပန်ပြည်မှာလည်း ဤသို့ပင် ချယ်ရီတွေပွင့်လန်းကာ နေတတ်လေသည်ဟု ထင်ယောင်မြင်တရေးရေးနှင့် လွမ်းရဆွေးရဖူးပါ၏။ ဂျပန်ပြည်ကိုမှ ပြန်ရောက်ခွင့်ကြုံပါဦးမလားဟုလည်း မရေမရာ အတွေးသံသယများ ရင်မှာ အပြည့်အလျှံခံစားရဖူးပါ၏။

ဂျပန်ပြည်သို့ ပြန်လည်ရောက်ရှိလေပြီးသော အခါကျတော့ကော ချယ်ရီ





မြင်လျှင် လွမ်းရဆွေးရသော ဝေဒနာတွေ ပပျောက်သွားပါရဲ့လား။

ဝေးလိုက်လေစွ…။

နှစ်တွေအလီလီ ပြောင်းရွှေ့ ဟောင်းမြည့်လာခဲ့သော်လည်း ချယ်ရီတွေ အကြိမ်ကြိမ် ပွင့်လေတိုင်း ဖူးလေတိုင်းဝယ် မြန်မာနိုင်ငံတစ်နေရာ မောရှမ်းတို့ ကုန်းမြင့်သာယာဆီသို့ ရော်ရမ်းမှန်းဆ တမြည့်မြည့်တသသ လွမ်းရရင်နင့်ရသည် ကဖြင့် စာမဖွဲ့သာအောင်ပင် လွန်ကဲစွာ တငွေ့ငွေ့ ကျွမ်းခဲ့ရလေသည်တကား။

နံနက်စာ စားချိန်အမီ မစ္စတာရှိုနိုမီရာသည် လမ်းပြကလေး မောင်ကြည်သာကို အဖော်ပြု၍ တောင်ကြီးမြို့တော်သို့ ရောက်ရှိလာခဲ့သည်။ တည်းခိုရာ တောင်ကြီးဟိုတယ်မှာပင် နံနက်စာ စားသောက်ကြသည်။

နေ့ခင်းပိုင်းတွင် အိပ်ခန်းထဲမှာပင် အေးအေးဆေးဆေး စကားထိုင်ပြောဖြစ်ကြပြန်လေ၏။

"မောင်ကြည်သာ သိပြီးတဲ့အတိုင်း ကျွန်တော်ဟာ ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာပြည်ကို ရောက်ရှိခဲ့ဖူးပါတယ်။ ဒီတစ်ခေါက် ထပ်ပြီးရောက်လာရတဲ့ ရည်ရွယ်ချက်ကတော့ အဲဒီအချိန်တုန်းက တောင်ကြီးမြို့မှာ သိကျွမ်းခင်မင်ခဲ့ဖူးတဲ့ မိတ်ဆွေတွေနဲ့ ပြန်လည်တွေ့ဆုံဖို့ပါပဲ။ မိတ်ဆွေတွေကို တွေ့ချင်တာရယ်၊ ကျွန်တော်တွေ့မြင်ခဲ့ဖူးတဲ့ တောင်ကြီး၊ ကလော၊ အင်းလေးတို့ အလှအပတွေကို တစ်ခေါက်ပြန်မြင်ချင်တာရယ်၊ ဒါတွေဟာ ကျွန်တော့်ရင်ထဲမှာ ကြာမြင့်စွာ ကိန်းအောင်းနေခဲ့တဲ့ဆန္ဒတွေပါပဲ။ ကျွန်တော့်တပ်ရင်း ရှိခဲ့ဖူးရာ လွိုင်ကော်ကိုလည်း ပြန်ရောက်ချင်မိပါရဲ့၊ အခြေအနေမပေးလို့ မသွားနိုင်ပါဘူး မောင်ကြည်သာ"

မောင်ကြည်သာသည် တောင်ကြီးမြို့ပေါ်တွင်ချည်း လေးရက်ကြာ နေထိုင်မည့်သူ ခရီးသည်ကြီး၏ ရည်ရွယ်ချက်ကို ယခုမှပင် နားလည်ရှင်းလင်းသွားရလေတော့သည်။

"ကျွန်တော်တို့ မြန်မာပြည်မှာ စစ်ရှုံးနိမ့်လို့ တောင်ကြီးကနေ ဆုတ်ခွာထွက်ပြေးခဲ့ရပါတယ်။ အဲဒီကတည်းက အဆက်အသွယ် ပြတ်တောက်သွားခဲ့ရတဲ့ ကျွန်တော့်မိတ်ဆွေတွေ ခု ဘယ်မှာ ရှိနေကြတယ်ဆိုတာ ကျွန်တော် မသိတော့ဘူး။ တွေ့လိုတဲ့ ဆန္ဒ၊ တွေ့လိမ့်ဦးမယ်ဆိုတဲ့ မျှော်လင့်ချက်တွေနဲ့သာ ကျွန်တော် ရောက်လာရတာပါ"

မစ္စတာရှိုနိုမီရာသည် သူ့အသိအကျွမ်းများကို ရှာဖွေရဦးမည်ဖြစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



သိလျှင် မောင်ကြည်သာ စိတ်ဝင်စားခြင်းမှ ရှိပါမလားဟု ပူပန်ဟန်ရှိလေရာ မောင်ကြည်သာသည် သူ့ဧည့်သည် စိတ်ချမ်းသာအောင် နှစ်သိမ့်ရန် သူ့တွင် တာဝန်ရှိသည်ကို ချက်ချင်းပင် အာရုံရောက်လေသည်။

“မစ္စတာရှိနိုမီရာအနေနဲ့ မိတ်ဟောင်းဆွေဟောင်းတွေကို ပြန်လည်ရှာဖွေတွေ့ဆုံဖို့ လာရောက်သလိုပဲ အရင်ကလည်း မိတ်ဆွေ၊ သားသမီး၊ ဇနီးမယားစသည်ဖြင့် လာရှာကြတဲ့ ဂျပန်လူမျိုးတွေ ရှိခဲ့ပါတယ်။ ကျွန်တော်ကိုယ်တိုင်ဝိုင်းဝန်းရှာဖွေပေးဖူးပါတယ်ခင်ဗျ၊ များသောအားဖြင့် သံဖြူဇရပ်တို့ တောင်ငူတို့ဘက်မှာ သင်္ချိုင်းနေရာဟောင်း ပြန်ရှာကြတာတွေ၊ အရိုးကောက်ကြတာတွေ တွေ့ရကြုံရပါတယ်။ ကျွန်တော်ကတော့ မစ္စတာရှိနိုမီရာကို အစွမ်းကုန် ကူညီဖို့ အသင့်ပါပဲ”

“ကျေးဇူးတင်ပါတယ် မောင်ကြည်သာ။ ကျွန်တော့်မှာ သူတို့ တောင်ကြီးမှာ ရှိမယ်လို့ မျှော်လင့်ပြီးသာ လာရှာရပေမယ့် တကယ်တော့ သူတို့ ဒီမှာရှိမယ်လို့ အတိအကျ ဘာမှ သိထားရတာ မဟုတ်ပါဘူး။ ကျွန်တော့်ရည်ရွယ်ချက်တွေဟာ ဦးနှောက်နဲ့ ချိန်ထိုးစဉ်းစားမယ်ဆိုရင် အတော် မရေမရာဖြစ်နေမှာပါ။ ဒါပေမဲ့လည်း သူတို့ကို ဒီရှမ်းပြည်နယ်၊ တောင်ကြီးမြို့မှာပဲ ပြန်လည်တွေ့ဆုံခွင့်ရလိမ့်မယ်လို့ ကျွန်တော့် အသည်းနှလုံးက ခံစားရပါတယ်”

မောင်ကြည်သာသည် သူ၏ ရွှင်ချိုမြူးထူးနေလေ့ရှိသော မျက်နှာကို မျက်နှာပိုးသတ်ကာ စက္ကူလွှတ်ပမာ ခံစားချက်တစ်စုံတစ်ရာ မဖော်ပြဘဲ ဗလာဖြစ်နေစေ၏။

မစ္စတာရှိနိုမီရာသည် ဇရာအိုတစ်ယောက်က အသည်းနှလုံးစကား ပြောကြားလာလျှင် ဟားတိုက် ပြောင်လှောင်လိုမည့်သူငယ် လူငယ်တို့သဘောကို ကောင်းစွာနားလည်လေရာ ယင်းသို့ ရယ်ချင်လှောင်ချင်ကြောင်း မစ္စတာရှိနိုမီရာ မရိပ်မိလိုစေသောကြောင့် မျက်နှာတွင် ခံစားချက်တစ်စုံတစ်ရာ မမြင်ရအောင် ကြိုးပမ်း ဖန်တီးထားရလေသည့် မောင်ကြည်သာ၏ အဖြစ်ကိုလည်း သူ နားလည်ရပြန်ပါ၏။

သို့တိုင် သည်လမ်းပြ စကားပြန်ကလေးကိုပဲ သူ့မှာ တိုင်ပင်ဖော်တိုင်ပင်ဖက်အဖြစ် ဖြစ်ကြောင်းကုန်စင် ရှေးအတိတ်က ဇာတ်ကြောင်းပုံပြင်တွေကို ပြန်ပြောင်းတသ ပြောပြရပေဦးတော့မည်။





ဂျပန်လူမျိုး မိတ်ဆွေများအား မြန်မာပြည်အပေါ် တွယ်တာခဲ့ရသော သူ့သံယောဇဉ်ပမာဏကို ပြောပြ၍လည်း သူ့လို မြန်မာပြည်ကို သိခွင့်မကြုံခဲ့လေသော အနီဂျပန်လူမျိုး မိတ်ဆွေတို့သည် သူ့လို ခံစားနားလည်နိုင်မည်မဟုတ်။ မြန်မာမိတ်ဆွေများကျပြန်တော့လည်း မြန်မာလို ရေရေလည်လည် ပီပီသသ မပြောပြနိုင်သော သူ့စကားများကို နားမလည်နိုင်ပြန်ပါ။

မောင်ကြည်သာကတော့ ဂျပန်စကားကို ကောင်းစွာတတ်ကျွမ်းသော မြန်မာကလေးမို့ သူ့လို မခံစားရသည့်တိုင် သူ့စကားများကိုတော့ အပြည့်အဝ နားလည်ပေလိမ့်မည်။ သူ၏ ဂျပန်လူမျိုး မိတ်ဆွေများထက် မြန်မာပြည်ကို သိကျွမ်းသော မြန်မာလူမျိုးကလေးကိုပဲ သူက သူ့ရင်ထဲတွင် ရှိသမျှကို ပြောပြချင်မိပါ၏။

တစ်ဖန် ခေတ်လူငယ်လေးပီပီ နေရာများစွာတို့၌ ပေါ့ပေါ့ဆဆ သဘောထားလျက် ပြီးလွယ်ပျောက်လွယ် မေ့လွယ်ဟန် ရှိလင့်ကစား သူ့အလုပ် သူ့တာဝန်ကို ကျေပွန်လိုသူတစ်ယောက်အဖြစ် တွေ့ရှိရသော မောင်ကြည်သာကို သူ့အဖော်အဖြစ် အသိအမှတ်ပြုကာ သူလိုအပ်နေသော အကူအညီများကိုလည်း မောင်ကြည်သာ ပေးနိုင်လိမ့်မည်ဟု သူ ယုံကြည်အားထားနေမိလေ၏။

“သစ်တောရပ်ကွက်ဆိုတာ ဒီတောင်ကြီးမြို့မှာ ရှိသေးသလားမောင်ကြည်သာ”

“ရှိပါသေးတယ်ဗျာ၊ တော်တော်လေး သီးသီးသန့်သန့် ရှိပြီး အိမ်ကောင်းရာကောင်းတွေ များတဲ့ရပ်ကွက်ပါ။ ဒီဟိုတယ် အနီးအနားမှာ ကပ်လျက်ပါပဲ”

“စစ်အတွင်းတုန်းက အဲဒီသစ်တောရပ်ကွက်မှာ ကျွန်တော့်မိတ်ဆွေများ နေထိုင်ခဲ့ကြတာပေါ့ မောင်ကြည်သာရယ်”

“မစ္စတာရှိနိုမီရာရဲ့ မိတ်ဆွေတွေ ဘယ်သူဘယ်ဝါဆိုတာ သိရရင် ဒီညနေကျွန်တော့်အပေါင်းအသင်း မိတ်ဆွေဆီမှာ မေးမြန်းစုံစမ်းကြည့်ပါ့မယ်၊ သစ်တောရပ်ကွက်ကိုလည်း ဒီညနေ စောစောလမ်းလျှောက်ထွက်ရင်း ရှာကြတာပေါ့ မစ္စတာရှိနိုမီရာ၊ အိမ်နေရာကိုကော မှတ်မိပါသေးရဲ့လား”

“မှတ်မိမယ် ယူဆတာပါပဲ၊ အမှတ်အသား တစ်စွန်းတစ်စ ကျန်ရစ်ဦးမယ်ဆိုရင်ပေါ့လေ”

မစ္စတာရှိနိုမီရာသည် မောင်ကြည်သာ၏ နုပျိုသောမျက်နှာကိုကြည့်ကာ သူအရင်တစ်ခေါက် တောင်ကြီးကို ရောက်ခဲ့စဉ်ကဆိုလျှင် မောင်ကြည်သာ အသက်အရွယ်မျှပင် မရှိတတ်သေးသည်ကို တွေးနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



“သစ်တောရပ်ကွက်မှာ သူတို့ နေဖူးခဲ့တဲ့နေရာကို သွားရောက်ရှာဖွေမယ်ဆိုတာ တကယ်တော့ အတိတ်ကို ပြန်လည် တမ်းတရှာဖွေမိတဲ့သဘောပဲ ဖြစ်ရမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ဦးမြအောင်ဟာ တောင်ကြီးမြို့သား မဟုတ်ခဲ့ပါဘူး။ စစ်အတွင်း ရန်ကုန်ကနေ ရှောင်တိမ်းလာကြတဲ့ မြန်မာအစိုးရအရာရှိ များထဲမှာ အပါအဝင်တစ်ယောက်ဖြစ်ပြီး ရှမ်းပြည်နယ် မဟာမင်းကြီးနဲ့ လိုက်ပါလာတဲ့သူပါ။ သူတို့နေခဲ့တဲ့ အိမ်ဟာလည်း အစိုးရအိမ်တစ်အိမ် ဖြစ်ခဲ့လေတော့ အဲဒီအိမ် မပျက်မစီး ကြွင်းကျန်နေရစ်သည့်တိုင် သူတို့ကတော့ အဲဒီအိမ်မှာရှိနေမယ် မဟုတ်တော့ပါဘူး”

မောင်ကြည်သာ မျက်နှာမှာ အပြောင်းအလဲမရှိ တစ်သမတ်တည်းပါပဲ။ စိတ်ထဲမှာတော့ မစ္စတာရှီနိုမီရာ၏ ရှာပုံတော်မှာ လမ်းစ အတွေ့ရခက်ပါကလားဟု မှတ်ချက်ချမိ၏။

“မစ္စတာရှီနိုမီရာရဲ့ မိတ်ဆွေက ဦးမြအောင်တဲ့လား။ မြို့ကြီးပြကြီးမှာ နေထိုင်သွားခဲ့တဲ့ အစိုးရအရာရှိတစ်ယောက်မို့ စုံစမ်းလို့ ရနိုင်ကောင်းပါရဲ့၊ တွေ့မယ် မပြောနိုင်ပေမယ့်လည်း တောတွေတောင်တွေထဲမှာ သွားရှာဖွေရတဲ့ ဒုက္ခတွေ အန္တရာယ်တွေ ရှိမှာမဟုတ်တာဘဲ၊ ကျွန်တော်ကတော့ သံချိုင်းဟောင်းကို တောထဲ သွားရှာရတဲ့ ဒုက္ခမျိုးလည်း ကြုံဖူးပါပြီ။ မကြာသေးခင်ကဆိုရင် စစ်အတွင်းမှာ ကျဆုံးခဲ့တဲ့ အဖေရဲ့သံချိုင်းကို အဖေ့မိတ်ဆွေတွေ ယူလာပေးတဲ့ မြေပုံအညွှန်းအတိုင်း သားကလိုက်ရှာတာ သူ့ဖခင် ဂျပန်ပြည်ကနေ ထွက်ခွာသွားခဲ့စဉ်က သားဖြစ်သူဟာ မိခင်ဝမ်းထဲမှာ သန္ဓေသားဘဝပဲ ရှိသေးတယ်တဲ့ခင်ဗျာ၊ ဒါပေမဲ့ သံချိုင်းတူးဖော်လို့လည်း အရိုးတွေ့ရော အမြတ်တနိုးပွေ့ပိုက်ပြီး မျက်ရည်မဆည်နိုင်ရှာဘူး၊ ဘေးက ကြည့်ရမြင်ရတဲ့ ကျွန်တော်တို့တောင် ရင်နင့်ရပါတယ်ခင်ဗျား”

မစ္စတာရှီနိုမီရာသည် သက်ပြင်းတစ်ချက်ချရင်း ပြုံးလိုက်လေသည်။ ဘာပဲ ဖြစ်ဖြစ် မောင်ကြည်သာသည် သူ မျှော်လင့်သလို နားလည်စွာ ကူညီမည့်သူ တစ်ယောက် ဖြစ်ပါပေ၏။

“ကျွန်တော်ဟာ မြန်မာပြည်မှာ တစ်သက်မေ့မရနိုင်တဲ့ မိတ်ဆွေကောင်းတွေ တွေ့ခဲ့ရတယ်။ မမေ့နိုင်လို့လည်း တစ်ခေါက် ပြန်ရောက်လာမိပြန်တယ်။ ဒီလို ပြန်လာမိတဲ့ ကျွန်တော်ဟာ ကြင်နာတတ်နားလည်တတ်တဲ့ ခင်ဗျားလို မိတ်ဆွေ တစ်ယောက်ကို ထပ်ပြီးရရှိပြန်ပါပြီ။ မြန်မာပြည်ဟာဖြင့် မယုံကြည်နိုင်လောက်အောင်ဘဲ ချစ်စရာကောင်းလှပါပေတယ်”





မောင်ကြည်သာ ပြုံးရသည်။ မြန်မာပြည်ကို ချီးမွမ်းသောစကားကို နှစ်ခြိုက်ဂုဏ်ယူစွာ ပြုံးရပါသည်။

“ဦးမြအောင်ဟာ ဘာအရာရှိလဲဆိုတာကော မစ္စတာရှီနိုမီရာ မှတ်မိမှာပေါ့နော်”

“သူဟာ သစ်တောဝန်ထောက်ပါ။ မြန်မာလူမျိုးပါ။ သူ့ဇနီးကတော့ တောင်ကြီးဇာတိ ရှမ်းအမျိုးသမီးတစ်ဦး ဖြစ်တယ်လို့ သိခဲ့ရပါတယ်၊ ကျွန်တော်နဲ့ တွေ့ချိန်မှာ ဦးမြအောင်ဟာ မုဆိုးဖိုတစ်ယောက်ပါ။ သူ့မှာ စိုင်းမြသူရိန်ဆိုတဲ့ သားတစ်ယောက်နဲ့ နန်းမြစန္ဒီဆိုတဲ့ သမီးတစ်ယောက် ရှိပါတယ်။ စိုင်းမြသူရိန်ဟာ တက္ကသိုလ်ကျောင်းသားတစ်ယောက်ဖြစ်ပြီး စစ်အတွင်းမှာတော့ အာရှလူငယ်ဆိုတဲ့ အဖွဲ့အစည်းမှာပဲ အချိန်ကုန်နေခဲ့ရာက ဗမာ့တပ်မတော်ထဲ ဝင်သွားခဲ့ပါတယ်။ သူဟာလည်း ငယ်ငယ်ရွယ်ရွယ်နဲ့ပဲ အိမ်ထောင်ကျပြီး ဇနီးကွယ်လွန်သွားရတဲ့ ကံဆိုးသူတစ်ယောက်ပါပဲ”

မစ္စတာရှီနိုမီရာက စကားကို ခေတ္တရပ်နားကာ စီးကရက် ဖွာရှိုက်နေသည်။ မီးခိုးငွေ့များနှင့်အတူ သူ့လိပ်ပြာလည်း လွင့်ပါးနေတော့သည်။

“စိုင်းမြသူရိန်မှာ သားတစ်ယောက်ရှိတယ်၊ အတာတဲ့”

မစ္စတာရှီနိုမီရာ၏ မှုန်သီသောမျက်လုံးများသည် ကြည်နူးခြင်းဖြင့် ဖျတ်ခနဲ တောက်ပလာလေသည်။

“အတာနဲ့ပတ်သက်လို့ပဲ ဦးမြအောင်တို့မိသားစုနဲ့ ကျွန်တော်တို့ ခင်မင်ရင်းနှီးခဲ့ရပါတယ်။ အတာ့အမေဟာ အတာကိုမီးဖွားရင်း ကွယ်လွန်သွားခဲ့တာမို့ အမေမရှိရှာတဲ့ မြေးကလေးကို ဦးမြအောင်ဟာ အင်မတန်မှ ချစ်မြတ်နိုးပါတယ်။ ဦးမြအောင်ရဲ့ညီမ ဒေါ်မြနှစ်ကဆို ဦးမြအောင်ထက် ပိုလို့တောင် အတာကို ချစ်ပါသေးတယ်။ အတာကလည်း အသက်သုံးလေးနှစ်အရွယ် တီတီတာတာနဲ့ အင်မတန် ချစ်စရာကောင်းတဲ့ ကလေးပါပဲ”

မစ္စတာရှီနိုမီရာ၏ ပြုံးယောင်သန်းနေသော နှုတ်ခမ်းများကိုကြည့်ရင်း မောင်ကြည်သာသည် ချစ်စဖွယ်ကလေးငယ်တစ်ဦး၏ အသွင်သဏ္ဍာန်ကို မှန်းဆမြင်ယောင်မိသည်။

“ခုဆိုရင်ဖြင့် အတာဟာ အသက်လေးဆယ်ကျော်လောက် ရှိနေတော့မယ်”

သည်တော့မှပင် မောင်ကြည်သာလည်း ပစ္စုပ္ပန်ကို ပြန်လည်မျက်မှောက်ပြုလျက် မစ္စတာရှီနိုမီရာပြောနေသော အကြောင်းအရာသည် အတိတ်ဖြစ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ဖြင့် နှစ်ပေါင်းသုံးဆယ့်ခုနစ်နှစ်ပင် ကြာမြင့်ကုန်ဆုံးခဲ့လေပြီပါပကောဟု သတိရလိုက်ရလေတော့သည်။

"ဒါဖြင့် ဦးစိုင်းမြသူရိန် ကိုယ်တိုင်လည်း အသက်ခြောက်ဆယ်လောက် ရှိရောပေါ့"

"ဒါပေါ့ မောင်ကြည်သာ၊ သူဟာ ကျွန်တော့်ထက် တစ်နှစ် နှစ်နှစ် ကြီးတာက လား၊ ကျွန်တော်တောင် အသက်ခြောက်ဆယ်နီးခဲ့မှပဲ"

မစ္စတာရှီနိုမီရာက တစ်ချက် ရယ်မောလိုက်လေသည်။ ငွေရောင်ဖွေးဖွေး လှုပ်သောဆံပင်များကိုလည်း သူ၏ အကြောပြိုင်းပြိုင်းထသောလက်ဖြင့် စမ်းသပ် လိုက်လေ၏။

"ကျွန်တော်ဟာ အသက် ခုနစ်ဆယ်ကျော်လောက်ရှိမယ်လို့ မောင်ကြည်သာ ခန့်မှန်းမှာပဲ၊ ကျွန်တော်ဟာ သိပ်အိုမင်းရင့်ရော်ပါတယ်"

မောင်ကြည်သာက-

"ခုလို ရယ်ရယ်မောမောဆိုပြန်တော့ မစ္စတာဟာ အများကြီး နုပျိုသွား တာပါ ခင်ဗျာ"

ဟု နှစ်သိမ့်လိုက်လေသည်။

မစ္စတာရှီနိုမီရာအဖို့တော့ အိုစာခြင်း၊ ရင့်ရော်ခြင်းအတွက် မည်သို့မျှ ဝမ်းမနည်းပါ။ အိုခြင်းကို ကြောက်လန့်ခြင်းသည် သေခြင်းကို ကြောက်လန့်ခြင်း ဘက်သို့ နီးနွယ်နေပေလိမ့်မည်။ သူက ဤလောကကို မခင်တွယ်လှပါ။ သည်တော့ သေခြင်းကို သူ မကြောက်ပါ။ တစ်ခုပဲရှိသည်။ သူ့မိတ်ဆွေများကိုတော့ မသေခင် ပြန်တွေ့သွားချင်ပါသေးသည်။

"ဦးမြအောင်ကတော့ အဲဒီအချိန်တုန်းက ဘယ်အရွယ်ရှိပြီလဲ ခင်ဗျ။ လေးငါးဆယ်တော့ ရှိမှာပေါ့"

"ဟုတ်ပါတယ်၊ အသက်ငါးဆယ်လောက်တော့ ရှိပါလိမ့်မယ်။ မောင်ကြည်သာ တွေးမိမှာပါပဲ။ သူတို့ကို ကျွန်တော် အသက်ရှင်လျက်ပြန်တွေ့ဖို့ ခဲယဉ်းပါတယ်။ ခုဆို သူဟာ အသက်ရှစ်ဆယ်ကျော်ရှိမယ့် အချိန်အရွယ် ရောက်နေပါပြီ"

"ဦးစိုင်းမြသူရိန်ဆိုတဲ့ နာမည်ကတော့ ထူးခြားပါတယ်၊ သူသာ တောင်ကြီးမှာ စွဲမြဲနေနိုင်မယ်ဆိုရင် စုံစမ်းလို့ ရနိုင်လောက်ပါရဲ့၊ အတာဆိုတာကတော့ ကလေး ဘဝက ချစ်စနိုးခေါ်တဲ့ နာမည်ပဲ၊ သူ့မှာ အခြားနာမည် ရှိပါလိမ့်ဦးမယ်"





"အတာဆိုတဲ့နာမည်ပဲ ကျွန်တော်သိပါတယ်"

ဟု အားနာဟန်နှင့် ဂျပန်အဘိုးအိုက ဆိုရှာသည်။

မောင်ကြည်သာ မျက်မှောင်ကြုတ်ကာ စဉ်းစားနေသည်။ ရှေးဦးစွာ ဟိုတယ် အမှုထမ်းများကို မေးကြည့်မည်။ ရပ်ကွက်ကောင်စီများမှ မိတ်ဆွေများထံ စုံစမ်းမည်။ နိုင်ငံခြားသားများကိုလိုက်ပို့ရင်း အသိအကျွမ်းဖြစ်ခဲ့သော အငှားကားမောင်းသူတို့ကို လည်း မေးကြည့်ရမည်။

"သူတို့ တောင်ကြီးမှာ ရှိချင်မှရှိတော့မယ်ဆိုတာ ကျွန်တော် စဉ်းစားမိပါ တယ်၊ စစ်အတွင်းမှာ ဆိုးဆိုးရွားရွား ဖြစ်သွားနိုင်တာလည်း ကျွန်တော် နားလည် ပါတယ်။ ဒါပေမဲ့ မနန်းမြစန္ဒီတို့မိသားစုကို တစ်နေ့ ပြန်တွေ့ချင်တဲ့ ဆန္ဒတွေ၊ တစ်နေ့ ပြန်တွေ့ရမယ်ဆိုတဲ့ မျှော်လင့်ချက်တွေနဲ့ ကျွန်တော် နှစ်ပေါင်းများစွာ အသက်ရှင်နေခဲ့ပါတယ်"

သည်တစ်ကြိမ် ဂျပန်ခရီးသည်ကို မောင်ကြည်သာ မရယ်ချင်တော့ပေ။ ဘာ ကြောင့်ရယ် မသိဘဲလျက် ရင်မှာ ကရုဏာလှိုင်းဂယက် ရိုက်ခတ်သွားရလေသည်။

"မနန်းမြစန္ဒီဆိုတာ သိပ်လှတဲ့ နာမည်ကလေးပါပဲ မစ္စတာရှီနိုမီရာ"

သူက ဘယ်ဘက်ရင်အုံရှိ အင်္ကျီအိတ်ကပ်ထဲမှ သားရေအိတ် အညိုကလေးကို ထုတ်ယူကာ ဖွင့်လိုက်လေသည်။

သားရေအိတ် အတွင်းဘက် ညာဘက်ခြမ်းတွင် သူ့မိသားစုဓာတ်ပုံ။ ယခု လောက် အိုမင်းရင့်ရော်ခြင်း မရှိသေးသော သူ။ မနှစ်ကမှ ယာဉ်တိုက်မှုဖြင့် ကွယ်လွန် သွားခဲ့လေသူ သူ့ဇနီး။ ပြီးတော့ သူ့သားနှစ်ယောက်။

လက်ဝဲဘက်ခြမ်းတွင်မူ ဆယ်ကျော်သက်ရွယ် အမျိုးသမီးကလေး တစ်ဦး၏ ဓာတ်ပုံ။ ဘော့ဗ်ဟဲဆံပင်ကလေးနဲ့ ဘလောက်အင်္ကျီအဖြူပေါ်မှ ကွန်ဗင် သင်တိုင်း ရှည်သည် ခြေသလုံးတစ်ဝက်မျှ ဖုံးအုပ်လျက်။ ခြေအိတ်အဖြူနှင့် ကြိုးနက်ကလေး များ ယှက်လိမ်နေသော ဖိနပ်အနက်ကလေးကို စီးထားသည်။ ပခုံးတွင် စာအုပ်များ ထည့်ထားသော အင်းလေးလွယ်အိတ်တစ်လုံး လွယ်ထားသည်။ နှစ်နှစ်ခြိုက်ခြိုက် ပြုံးရယ်နေလိုက်ပုံမှာ ပါးချိုင့်ကလေးနှစ်ဖက် ချိုင့်ခွက်နေချေသည်။ ထိုအရယ်အပြုံး တွင် ရိုးစင်းခြင်း၊ သန့်ရှင်းခြင်း၊ ဖြူစင်ခြင်းတို့သည် အပြည့်အဝ ပေါ်လွင်နေသည်။ ထိုဓာတ်ပုံ၏ ဆွဲဆောင်မှု အားကောင်းလှခြင်း၏ အနှစ်သာရသည် ယင်းအရယ်အပြုံး ကလေးပါပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



မစ္စတာရှိနိုမီရာက သားရေအိတ်ကလေးကို ဖွင့်လျက် မောင်ကြည်သာထံ ကမ်းပေးတော့ မောင်ကြည်သာက အထူးတလည် ဂရုစိုက်၍ ညင်သာယုယစွာ လှမ်းယူရသည်။ မစ္စတာရှိနိုမီရာ မြတ်နိုးလွန်းလှသော ပစ္စည်းဖြစ်ကြောင်း ရိပ်မိသိရှိရသောကြောင့်ပါပဲ။

မောင်ကြည်သာတစ်ယောက် မိနစ်ပေါင်းများစွာကြာအောင် တမေ့တမောကြီး ကြည့်ရှုမပြီးတော့သည်ကိုပင် မစ္စတာရှိနိုမီရာသည် ပီတိဝေဖြာလျက်နေလေ၏။

"မနန်းမြစန္ဒီပေါ့နော်"

"ဟုတ်ကဲ့ မောင်ကြည်သာ၊ မနန်းမြစန္ဒီပါ"

"မနန်းမြစန္ဒီဟာ နာမည်လှရုံမကပါဘူး၊ လူလည်း သိပ်လှပါတယ်"

"မောင်ကြည်သာ ပြောသလိုပါပဲ၊ မနန်းမြစန္ဒီဟာ နာမည်လှသလို လူလည်း သိပ်လှပါတယ်။ ဒုတိယကမ္ဘာစစ်တုန်းက အင်္ဂလိပ်စစ်သားတွေဆိုကြတဲ့ သီချင်းရှိတယ်လေ၊ (Yellow Rose of Burma, The Belle of Mandalay)ဆိုတာ။ ကျွန်တော်က မှီငြမ်းပြီး (Cherry Blossom of Kanbawza, The Belle of Taunggyi) လို့ တင်စားခဲ့မိတယ်။ ကမ္ဘောဇရဲ့ပန်းချယ်ရီ၊ တောင်ကြီးမြို့ရဲ့ ကွမ်းတောင်ကိုင်ပေါ့ မောင်ကြည်သာ"

သည်တစ်ကြိမ်တော့ လိုက်လျောညီထွေ ယဉ်ကျေးပေဟု တမင်တကာ ဟန်လုပ်နေခြင်းမဟုတ်ဘဲ မောင်ကြည်သာသည် စိတ်ပါဝင်စားလှစွာဖြင့်ပင် မနန်းမြစန္ဒီ၏ဓာတ်ပုံကို တစိမ့်စိမ့် ကြည့်နေမိတော့သည်။

"နာမည်လှတာ လူလှတာထက် မစန္ဒီရဲ့ စိတ်နှလုံးကဖြင့် အလှပဆုံးပါပဲ မောင်ကြည်သာရယ်"

"ယုံပါတယ်ခင်ဗျာ၊ ဟုတ်မှာပါပဲ၊ စိတ်နှလုံးလှပတဲ့သူဆိုတာ ဓာတ်ပုံကြည့်ရုံနဲ့တောင် သိသာလွန်းလှနေပါတယ်"

မောင်ကြည်သာက လှိုက်လှိုက်လှဲလှဲ ထောက်ခံလိုက်လေ၏။

"စစ်အတွင်းမှာ ကျွန်တော်ဟာ ကျွန်တော်မြတ်နိုးချစ်ခင်တဲ့ လူတွေ၊ ပစ္စည်းတွေ အားလုံး ဆုံးရှုံးခဲ့ရပါတယ်။ ဒါပေမဲ့ ဒီဓာတ်ပုံကလေးတော့ ကျွန်တော့်ဆီမှာ မပျောက်မပျက် ကျန်နေရစ်တယ်။ ဒီဓာတ်ပုံသာ ပိုင်ဆိုင်နိုင်တော့တာမို့ ပျောက်ဆုံးသွား ပျက်စီးသွားမှာ ကျွန်တော် သိပ်စိုးရိမ်တယ်၊ ဒါ ကျွန်တော် ပြန်ကူးထားတဲ့ပုံ၊ ပြန်ကူးထားတဲ့ ဓာတ်ပုံတွေဟာ အများကြီးပါပဲ။ မူရင်းဓာတ်ပုံကတော့ ဂျပန်ပြည်က





ကျွန်တော့်နေအိမ်မှာပဲ စာကြည့်ခန်းထဲမှာ အစဉ်အမြဲ ထားရှိပါတယ်"

မောင်ကြည်သာ ပြန်ပေးသော သားရေအိတ်ကလေးကို မစ္စတာရှိနိုမီရာက မြတ်နိုးယုယစွာပင် ကုတ်အင်္ကျီအိတ်ကပ်ထဲသို့ ပြန်လည် သိမ်းဆည်းထားလိုက်လေ၏။

◆



www.burmeseclassic.com

www.burmeseclassic.com

## (၅)

ဦးရန်ပိုင်သည် ပက်လက်ကုလားထိုင်ပေါ်တွင် အမြိန့်သားထိုင်ကာ သူ့ နံဘေး ကြမ်းပြင်ပေါ်တွင် တင်ပျဉ်ခွေထိုင်လျက် ဆေးရုံဓာတ်ခွဲခန်းမှ ရရှိလာသော သွေး စစ်သည့် အဖြေစာရွက်များကိုကြည့်ရင်း နှုတ်ခမ်းစူကာ မျက်စောင်းထိုးကာနှင့် မြည်တွန်တောက်တီးနေသော သမီးချော ရွှေစင်အိ၏ ကုပ်ဝဲဆံပင်တိုကလေးကို ဘယ်လက်နှင့်ဖွကစားရင်း တဟားဟား ရယ်မောနေသည်။

"ဖေဖေ့ သွေးနမူနာတွေက သကြားဓာတ်တွေ အကုန်တက်တယ်၊ များတယ်၊ ဆီးချက်ကြည့်ကတည်းက အုတ်ခဲရောင်ထနေလို့ ရွှေစင် ထင်တော့ထင်သား။ အဖေက ရွှေစင် မရှိရင် မရှိသလို အစားသိပ်သောင်းကျန်းတာကိုး"

ဆီးချိုရောဂါရှိသော ဦးရန်ပိုင်၏ သွေးတွင်ပါဝင်သော သကြားဓာတ်ကို စစ်ဆေး ကြည့်ရာတွင် ရှိသင့်သည်ထက် များစွာပိုတက်နေလေသည်။ တစ်နေ့ညက ဦးရန်ပိုင် တစ်ညလုံး အစာမစားရဘဲ မနက်ကျမှ သမီး ရွှေစင်အိက သွေးဖောက်ယူသည်။ တစ်ဖန် ထမင်းစားပြီး နှစ်နာရီအကြာ သွေးဖောက်ယူပြန်၏။ သွေးနမူနာကို သမီး ကိုယ်တိုင် ဆေးရုံဓာတ်ခွဲခန်းသို့ သွားပို့သည်။ ယနေ့ သူမပင် ဈေးမှအပြန် ဆေးရုံဝင်၍ အဖြေလွှာများ ယူပြန်လာလေသည်။

"တော်သေးတယ်၊ ရွှေစင် ကျောင်းပိတ်ရက် ပြန်လာရပေလို့၊ နို့မို့ရင် ဖေဖေ ဘယ်လောက် ဆက်ပြီး အစားသောင်းကျန်းနေမလဲ မသိဘူး။ ကိုကိုကြီးက ပြော တယ်၊ ဖေဖေက သူမှာထားသလိုလည်း Review (ပြန်လည်ဆန်းစစ်ခြင်း)





မလုပ်ဘူးတဲ့၊ ဖေဖေ့ဘာသာပဲ ဆေးစားပြီး အစားကြိုက်သလို စားနေတယ်တဲ့"

ရွှေစင်အိက ဖခင်၏ ခြေရင်းသို့ပြောင်းရွှေ့ထိုင်ကာ ညာဘက်ခြေထောက်ကို စစ်ဆေးကြည့်နေပြန်သည်။ ညာဘက်ခြေမကို သေချာစွာ ပတ်တီးစည်းထားသည်။ သည်မနက် ဈေးမသွားမီ ရွှေစင်အိပင် အနာဆေးထည့် ပတ်တီးစည်းထားခြင်း ဖြစ်လေ၏။

"ဟောဒီ ဖေဖေ့အနာက ပြည်တည်နာလို့ ခေါ်တယ်၊ အနာဝမြင်ရတာက သေးသေးရယ်၊ နံဘေးမှာ ရောင်နေတာ အကြီးကြီး။ တစ်ခါ ဖေဖေက ခြံထဲဆင်းပြီး အပင်စိုက်တာနဲ့ (အင်ဖက်ရှင်) ဝင်သွားတော့ အနာကြီး ရင်းလာတာပေါ့၊ ပေါင်ခြံမှာ စမဥနိုနေတာ ရောဂါပိုးဝင်နေလို့ ဖေဖေရဲ့"

ခြေထောက်အနာသည် ရောဂါပိုးဝင်ပြီး ရင်းနေ၊ ပြည်တည်နေသည်ကို သမီး ချောက စိတ်ပူနေ၏။

"ကိုကိုကြီးက ဆေးရုံတက်စေချင်တာ ဖေဖေရဲ့။ ဒီလို ရောဂါပိုးရှိနေတော့ သတိမထားရင် အချိန်မရွေး ကီတိုအက်စီဒိုးစစ် ဝင်သွားနိုင်တယ်"

ကီတိုအက်စီဒိုးစစ် ရောဂါလက္ခဏာများသည် ဆီးချိုရောဂါရှင်၏ သွေးတွင် သကြားဓာတ် အလွန်အမင်းတက်လျက် ခန္ဓာကိုယ်တွင် ရေ၊ ဓာတ်ဆား မညီမျှမှု များကြောင့် ပေါ်ပေါက်လာတတ်သည်။

ဆီးချိုရောဂါရှင်၌ (အဖျားအနာ ရောဂါခွဲစိတ်ကုသခြင်း၊ ဒဏ်ရာအနာတရ ဖြစ်ခြင်း၊ စိတ်၏ လှုပ်ရှားခြင်း စသည်)ရှိလျှင် ပို၍ ယင်းရောဂါလက္ခဏာများ ပေါ်ပေါက်လာလေသည်။ လူနာသည် သတိလစ် မိန်းမောသွားတတ်ရုံမျှမက အချိန်မီ မကုသလျှင် အသက်ပင် ဆုံးရှုံးသွားနိုင်ကြောင်း မရွှေစင်က ပြောပြလွန်း၍ ဦးရန်ပိုင် နားပင်ငြီးနေပေပြီ။

"ဒီဆရာဝန်မကြီးကလည်း ခြိမ်းခြောက်နေပြန်ပါပြီဗျာ၊ တော်ရုံ အသည်း ငယ်တတ်ရင် ကြောက်တာနဲ့ပဲ အသက်ထွက်ရချည့်ရဲ့"

သားအဖနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ဟက်ဟက် ပက်ပက် ရယ်မောမိကြသည်။

"ကိုကိုကြီးက သိတော့သိပါတယ်၊ ဖေဖေ ဆေးရုံတက်မှာ မဟုတ်ဘူးဆိုတာ၊ အဲဒီတော့ အခု ဖေဖေ့ ဆီးချိုကို အရင်ဆုံးထိန်းချုပ်ရမယ်၊ တစ်ဖက်ကလည်း အနာအတွက် ဆေးကုနှင့်ရမယ်၊ ပြီးမှ ဆေးရုံတင်ပြီး အနာခွဲရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ… ဆရာဝန်မကြီးကလည်း ဆေးရုံတက်ရမယ်ဆိုတဲ့စကားကို ထည့်ထည့်မပြောပါနဲ့၊ ဖေဖေ ရင်တွေတုန်လှုပ်လို့ပါ"

"ဖေဖေက ရွှေစင့်ကို ဆရာဝန်မကြီး၊ ဆရာဝန်မကြီးနဲ့ မနှိမ်ပါနဲ့"

"ဟဲ့… သမီးရဲ့၊ အဲဒါ နှိမ်တာမှမဟုတ်ဘဲနဲ့၊ မြှောက်တာပါဗျာ၊ မြှောက်တာပါ"

"မြှောက်လည်း မမြှောက်ရဘူး၊ နှိမ်လည်း မနှိမ်ရဘူး၊ ပုံမှန်ပဲဆက်ဆံရမယ်၊ သိလား"

ဟု ရွှေစင်အိက မူနွဲ့ကာ တမင်ဆိုးနေ၏။

ဦးရန်ပိုင် တဟဲဟဲ သဘောကျနေ၏။ သူ၏ တစ်ဦးတည်းသောသမီး ရွှေစင်အိမှာ ဆေးတက္ကသိုလ် (၂)မှ နောက်ဆုံးနှစ် အပိုင်း (ခ) ဆေးကျောင်းသူ ဖြစ်သည်။ ဒီဇင်ဘာဆယ်ရက် ကျောင်းအပိတ်ဝယ် အိမ်သို့ ခေတ္တပြန်ရောက်နေခြင်း ဖြစ်သည်။ သမီး အိမ်မှာရှိချိန်များတွင် သားအဖနှစ်ယောက် ဤသို့ပင် နောက်ရင်းပြောင်ရင်း အပျင်းပြေရမြဲ။

ဦးရန်ပိုင်တွင် ဆီးချိုရောဂါ စွဲကပ်နေသည်မှာ နှစ်ပေါင်းမနည်းတော့ပါ။ ဖ-ဆ-ပ-လ ခေတ် ဝန်ကြီးဟောင်းတစ်ဦးဖြစ်သော သူသည် ဆိုရှယ်လစ် ခေတ်ဦးပိုင်းတွင် အေးအေးဆေးဆေး သူ ဝါသနာပါရာ စိတ်ဝင်စားစရာ မြန်မာ့သစ်ပင် ပန်းပင်များ အကြောင်း လေ့လာရင်း စာအုပ်စာတမ်း ပြုစုရေးသားနေခဲ့သည်။ ထိုကာလ အပိုင်းအခြားမှာပင် ဆီးချိုရောဂါ ဆက်တိုက်ဖြစ်လာသည်မှာ ဆီးချို၏ အကြောင်း အကျိုး ကွင်းဆက်များဖြစ်ကြောင်းဖြင့် သမားတော်ကြီးများက ရှင်းပြကြသည်။ သူကား ရောဂါကို လေးလေးနက်နက် သတ်သတ်မှတ်မှတ် မကုသခဲ့ပေ။ သူ့ဘာသာ ဆီးချိုထိန်းဆေး စားလိုက်၊ ရောဂါတက်ခိုက် အချိုရှောင်၊ အစားလျှော့လိုက်၊ နေကောင်းနေလျှင် စားချင်ရာစားလိုက်နှင့် ယခု ဆယ်နှစ်ပင်မကတော့။

မရွှေစင် ဆေးကျောင်းရောက်၍ ဆေးရုံများတွင် လက်တွေ့သင်ကြားလာရသော ပြီးခဲ့သည့် နှစ်နှစ်ကျော်လောက်ကျမှပင် သူ့မှာ မျက်မှန်ဒီဂရီ တိုးပြန်လျှင်လည်း ရောဂါကို ဂရုမစိုက်သောကြောင့် မျက်လုံး ပိုမှုန်လာခြင်းဖြစ်ကြောင်း ပညာပေးခြင်း ခံရသည်။ တစ်လောက ဘယ်ဘက်ရင်အုံမှအောင့်၍ ဆေးရုံတက်ရကာ အီး-ကျီ-စီ (နှလုံးစမ်းသပ်စက်) ရိုက်ရပြန်တော့လည်း နှလုံးသွေးကြောများ ကျဉ်းကုန်ပြီဟု မရွှေစင် ပွက်လောရိုက်ပြန်လေ၏။





ယခုမှ အချိုကို သူ အတတ်နိုင်ဆုံး ရှောင်နေရပြီ။ မရွှေစင်က လုံးဝရှောင်နိုင်းသော်လည်း မရွှေစင် အိမ်မှာမရှိလျှင်တော့ တစ်ခါတစ်ရံ ခိုးစားဖြစ်လေသည်။

မစန္ဒီ၏တူတော်မောင် သမားတော်ကြီး ဦးစိုင်းမြဝင်း မရွှေစင်အိ၏ ကိုကိုကြီးကတော့-

"အင်း… မရွှေစင် ဆရာဝန်ဖြစ်မှပဲ အစ်ကိုရန်ပိုင်တစ်ယောက် ဆေးကုခံတော့မှာပဲ"

ဟု မကြာခဏ မှတ်ချက်ချခဲ့လေ၏။

"ဖေဖေ့ အနှာက ရက်ကြာနေတာပေါ့ ဖေဖေရဲ့၊ သကြားဓာတ်တွေ တက်နေတာကိုး၊ ကိုကိုကြီးက အင်စူလင် ထိုးရမယ်တဲ့၊ မနက်ဖြန် တနင်္ဂနွေနေ့ဆိုတော့ သူ လာမယ်၊ သူ စပြီးအင်စူလင်တင်မှာပေါ့၊ ဆီးကလည်း ဖေဖေလည်း ချက်တတ်နေတာပဲ၊ သူ့မှာ (ဆီးချိုစမ်း စက္ကူပိုင်း) ရှိသေးရင် ယူခဲ့ပေးမယ်တဲ့၊ ဒါဆို ချက်စရာမလိုတော့ဘူး၊ စက္ကူစကလေး ဆီးထဲနှစ်ကြည့်လို့ အရောင်ပြောင်းသွားသလား ကြည့်ရုံပဲ"

ဦးရန်ပိုင် အမှန်ပင် နားငြီးလှပေပြီ။ အသက်ကြီးမှ မွေးဖွားလာခဲ့သော တစ်ဦးတည်းသော သမီးကလေးမို့သာ 'ရှားပါးကုန်ပစ္စည်း' ကလေးအဖြစ် မြတ်နိုးရလွန်း၍ သူ ဤမျှ သည်းခံနားထောင်နေရခြင်း ဖြစ်သည်။ တူတော်မောင် သမားတော်ကြီး၏ ပညာပေးပို့ချချက်များကိုပင်လျှင် သူက အကြောင်းပြချက် အမျိုးမျိုးဖြင့် ရှောင်ရှားနေကျ။

"ဆီးကိုချက်လို့ အရောင်စိမ်းစိမ်းဖန့်ဖန့်လေးလောက်မှာရှိရင် ကျေနပ်ပြီ၊ ပြာမည်းတဲ့အထိဆို သကြားဓာတ် သိပ်နည်းသွားပြီး မူးမေ့တတ်တယ်၊ ဟိုင်ပိုဂလိုင်ဆီးမီးယား ဝင်သွားနိုင်တယ်၊ ဘာတယ်၊ ညာတယ်၊ ဒါတွေ အပ်ကြောင်း ထပ်နေပြီ ဆရာဝန်မကြီး… အဲလေ… သမီးရဲ့"

မရွှေစင် ဖခင်ရဲ့ ပေါင်ဝဝတုတ်တုတ်ကြီးကို လက်သီးကလေးနှင့် ခပ်ဖွဖွ ထုလိုက်သည်။ နှုတ်ခမ်းကိုလည်း မဲ့ရွဲ့ပြသည်။

"ဖေဖေ့ဘာသာ အစားလျှော့လို့ မရဘူး၊ ကိုကိုကြီး ညွှန်ကြားတဲ့အတိုင်း သမီး ပုံစံချပြီး ကျွေးရတော့မယ်၊ ဖေဖေ့ အသက်အရွယ်နဲ့ ဖေဖေ့ အရပ်အမောင်းနဲ့ ဆိုရင် ပေါင်ချိန် တစ်ရာ့သုံးဆယ်ဆိုအတော်ပဲ၊ ခုတော့ ဖေဖေက တစ်ရာ့ကိုးဆယ်၊ သိပ်များတယ်။ ဖေဖေ့ကို တစ်နေ့ ကယ်လိုရီအင်အားဓာတ် ၁၈၀၀ နှုန်းပဲကျွေးမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ သိတဲ့အတိုင်းပဲ (ကစီဓာတ်ကို) အဓိက လျှော့စားရမှာမို့ လေးဆယ့်ငါး ရာခိုင်နှုန်းပဲ ကျွေးမယ်၊ အချိုးတွေ ခွဲရမယ်၊ မနက်နှစ်ချိုး၊ ထမင်းချိန်နှစ်ချိုး၊ နေ့ခင်းနှစ်ချိုး၊ ညစာနှစ်ချိုး၊ မအိပ်ခင်နှစ်ချိုး ဟုတ်ပြီလား၊ ဟောဒီ အဆီတွေကို လျှော့ပစ်ရမယ်''

ရွှေစင်အိက လက်ဖဝါးစောင်းလေးနှင့် ဖခင်၏ ဗိုက်ရွှဲကြီးကို ခုတ်ထစ်ဟန် ပြသည်။ ဦးရန်ပိုင်က လက်ဝါးနှစ်ဖက်ဖြင့် ကာကွယ်တားဆီးလေသည်။

''သမီး ကျွေးသလို စားရမှာ မဟုတ်လား၊ ဖေဖေ့ကို သင်မနေပါနဲ့တော့''

''ရွှေစင် ကျောင်းပြန်သွားရင် ဖေဖေ့ဘာသာ ချိန်ဆစားရမှာ၊ ရွှေစင် ရေးထားခဲ့မယ်၊ မေမေ့ကိုတော့ အသေအချာ မှာရမှာပေါ့၊ အချိုးဆိုတာ ဘယ်လောက် ရှိလဲဆိုတော့ တစ်ချိုးမှာ ထမင်းဆိုရင် လက်ဖက်ရည်ပန်းကန်လုံးနဲ့ တစ်ဝက်ပေါ့၊ နို့ဆိုရင် တစ်ခွက်၊ ရခိုင်ငှက်ပျောသီးဆို တစ်လုံး''

''ဟင်… ဒါဆို ဖေဖေစားလို့ ဘယ်ဝမလဲ သမီးရဲ့''

''ပေါင်မုန့်ဆို လက်သန်းလောက် အထူတစ်ချပ်၊ သဘော်သီးဆို တစ်စိတ်၊ အသားနှစ်ဆယ်ရာနှုန်းကျွေးမယ်၊ ဟင်းသီးဟင်းရွက် များများစားရမယ်၊ ဟင်းရွက်ဆို စားနိုင်တယ်''

''တော်ပါတော့ သမီးရယ်၊ ဖေဖေ စိတ်ညစ်လာပါပြီ''

''ဆီးချိုရောဂါဆိုတာ အစားအသောက်နဲ့ အဓိက ထိန်းထားရတယ် ဖေဖေရဲ့၊ မရမှသာ ဆေးကုရတာ၊ ကိုင်တွယ်တတ်ရင် ဘာမှ ကြောက်စရာမရှိတဲ့ရောဂါ၊ အဲ… လွှတ်ပေးထားတော့ ခုတော့ ဖေဖေ့လိုပေါ့ မျက်စိမှုန်၊ သွေးတိုးတက်၊ နှလုံးရောဂါဖြစ် ခုလို အင်ဖက်ရှင်းတွေ ဝင်၊ တော်ကြာ ကိုမာတွေ ဘာတွေ…''

''ကဲကဲ… နောက်ဆုံးနှစ် အပိုင်း (ခ) ဆေးကျောင်းသူကြီးရယ်၊ စစ်ပြန်ကြီး ရန်ပိုင် ဖျားလာပါပြီ၊ ကျွေးသမျှပဲ စားပါ့မယ်၊ အင်း ဆီးချိုရောဂါဟာ တော်လှန် ရေးတုန်းက ဂျပန်ကို တိုက်ရတာထက်ရော လက်တစ်ဖက် ဖြတ်ရတာထက်ရော ပိုဆိုးပါလား။ စစ်ပြီးခေတ် နိုင်ငံရေးလုပ်ရတာထက်လည်း ပိုနက်နဲပါလား၊ အင်း… ကဲကဲ… ရင်တုန်ပျောက်အောင် ဖေဖေ့ကို နေ့လယ်စာကလေးသာ ကျွေးမွေး ပါတော့''

ဦးရန်ပိုင်၏ ပြောင်ချော်ချော် အငေါ်တူးတူးစကားကြောင့် မရွှေစင်က ပါးချိုင့် ကလေးများ ခွက်သွားအောင် ပြုံးလျက် ဖခင်၏ တံတောင်ဆစ်အပေါ်အထိသာ





ကျန်ရစ်သော ညာလက်မောင်း ငုတ်တိုလေးကိုကြည့်ကာ ပခုံးကို ကြင်နာစွာ နမ်းရှိုက်လိုက်လေသည်။

''ဖေဖေက လက်တစ်ဖက်ပြတ် သေနတ်သမားပေါ့လေ၊ မေမေက တစ်ခေတ် စောမွေးပေမယ့် ခေတ်ရှေ့ပြေးတယ်၊ နောင်တစ်ခေတ်မှာ လက်တစ်ဖက်ပြတ် ဓားသမား ခေတ်စားမယ်ဆိုတာသိလို့ ဖေဖေ့ကို ဟီးရိုးဆိုပြီး ကြိုက်တာဖြစ်မယ်''

''လောလောဆယ်တော့ လက်တစ်ဖက်ပြတ် သေနတ်သမားကို ပြောမနိုင် ဆိုမနိုင်လွန်းလို့ ဆရာဝန်… အဲအဲ နောက်ဆုံးနှစ် ဆေးကျောင်းသူကြီးလက်မှာ ရက်ရက်စက်စက် ဝကွက်အပ်ပြီး အိမ်လည်ထွက်နေတာ ပြန်မလာတော့ပါလား''

''သွားတာမှ မကြာသေးဘူး၊ ဖေဖေက မျှော်နေပြန်ပါပြီ၊ မေမေနဲ့ ဘွားဘွား လေးက ဘုန်းကြီးကျောင်းလည်းသွားမယ်၊ အပြန်ကျလည်း မေမေ့သူငယ်ချင်း ဒေါ်ဒေါ်ထွေးတို့အိမ် ဝင်ဦးမယ်ဆိုတော့ ကြာမှာပေါ့လို့၊ ရွှေစင် ဒီလောက် မျှော်မြဲနေ တာများ ဖေဖေက ပျင်းသေးသလား''

ရွှေစင်အိက ဦးရန်ပိုင်၏ စာကြည့်ခန်းထောင့်ဆီမှ စားပွဲသို့ လျှောက်သွားကာ စားပွဲပေါ်ရှိ ပုလင်းများကို ကြည့်ရှုစစ်ဆေးနေလေသည်။

ဆီးချိုထိန်းဆေး၊ မြင်းမိုရ် အစာကြေဆေး၊ အခြားခေါင်းကိုက်ပျောက်ဆေး၊ ဗိုက်နာပျောက်ဆေး၊ အတိုအထွာများ ပြီးတော့ နေကြာစေ့ပုလင်း၊ ပဲလှော်ပုလင်း၊ စက္ကူရင်ပုလင်း။

''ကဲ… သမီး ကော်ဖီသွားဖျော်လိုက်ဦးမယ်၊ ဒီနေ့ခင်းက စပြီး ပုံစံနဲ့နော်၊ ကော်ဖီတစ်ခွက်၊ ပေါင်မုန့်တစ်ချပ် ထောပတ်ပါတယ်''

ရွှေစင်အိသည် ဦးရန်ပိုင် စိတ်ညစ်သွားဟန် လုပ်ပြသည်ကို ရယ်မောလျက် မျက်စိတစ်ဖက်မှိတ်ပြကာ အခန်းထဲမှ ထွက်သွားသည်။

ရွှေစင်အိ ကွယ်သည်နှင့်တစ်ပြိုင်နက် ဦးရန်ပိုင်သည် ကုတ်အင်္ကျီအိတ်ထဲမှ ချောကလက်တစ်ပြား ဆွဲထုတ်လိုက်သည်။ ခြေထောက်မနှာမီ နံနက်ခင်း လမ်း လျှောက်ထွက်ရင်း ဈေးမှ လျှို့ဝှက်ဝယ်ထားသော ရိက္ခာလက်ကျန် ဖြစ်သည်။ ချောကလက်ကို နှစ်လုတ်စာနှင့်အပြီး ဝါးမျိုပစ်လိုက်သည်။ စက္ကူခွံကို အင်္ကျီ အိတ်ထဲ ပြန်ဝှက်ထားသည်။ ကြမ်းပေါ်ရှိ ကြွေကရားအိုးထဲမှ အခါးရည် (ရေနွေး ကြမ်း) တစ်ခွက် ငှဲ့သောက်ကာ အနံ့အသက် ခြေရာဖျောက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ပြုံးပြုံးကြီးနှင့် လီယိုတော်စတွိုင်း၏ 'စစ်နှင့် ငြိမ်းချမ်းရေး' ဝတ္ထုကို အရသာခံ၍ ဖတ်နေလိုက်လေသည်။

◆

ညနေဆည်းဆာ။

ဂျပန်အဘိုးအို ရှီနိုမီရာသည် သစ်တောရပ်ကွက်ဘက်ဆီသို့ ဦးတည်ကာ လမ်းလျှောက်တုတ်ကို အားပြု၍ လျှောက်လှမ်းနေသည်။ သူ့နံဘေးတွင် လမ်းပြကလေး မောင်ကြည်သာလည်း ယှဉ်တွဲလိုက်ပါလာလေသည်။

"ဒီနေရာတွေဟာ ဟိုတုန်းကတော့ သစ်တော်ခြံတွေချည်းရှိခဲ့တာ၊ ခုတော့ အများကြီး ပြောင်းလဲသွားပါပြီ၊ လူနေအိမ်ခြေတွေ ပြည့်ကျပ်ပြီး ကျွန်တော်ဖြင့် မောင်ကြည်သာကသာ ဒါဟာ သစ်တောရပ်ကွက်ပဲလို့ မပြောရင် တော်တော်နဲ့ မှတ်မိမှာ မဟုတ်ဘူး၊ အချိန်တွေ ကြာမှုပဲလေ"

မစ္စတာရှီနိုမီရာသည် ဟိုသည်ဝဲယာ လှည့်ပတ်ငေးမောကာ အတိတ်ဆီမှ အရိပ်အငွေ့ အကြွင်းအကျန် ရှိသေးပါလျှင် ဖမ်းယူဆုပ်ကိုင်မိနိုင်ရန် ကြိုးစားနေလေ၏။

"ခုတော့ ကျွန်တော် နည်းနည်းမှတ်မိလာပြီ။ ကျွန်တော်တို့ တည်းခိုတဲ့ တောင်ကြီးဟိုတယ်အနီးက ခေ့ညိုရိပ်သာဟာ ဟိုတုန်းကတော့ မဟာမင်းကြီးရဲ့ အိမ်တော်ပေါ့၊ ဟိုဘက်နားက အိမ်တွေဟာလည်း အစိုးရအိမ်နေရာတွေပေါ့၊ အစိုးရအိမ်တွေဟာ တချို့လည်း ကျွန်တော်တို့ ဆုတ်ခွာမသွားခင်ကဘဲ မုံးထိ ပျက်စီးခဲ့ရတယ်၊ ခုတော့ အိမ်သစ်တွေ နေရာယူထားကြပြီ"

ထော့နင်း ထော့နင်း လျှောက်နေသော မစ္စတာရှီနိုမီရာ၏ ခြေလှမ်းများသည် နှေးကွေးသွားသည်။

"မစန္ဒီတို့ အိမ်ဟာ ဒီနေရာလောက်မှာ ရှိခဲ့ပါတယ်၊ ဒါပေမဲ့ တိုက်အသစ်တွေ ဆောက်ထားကြပြီ။ သူတို့ခြံထဲ အဝင်ဝနားမှာ ချယ်ရီတစ်ပင် ရှိခဲ့တယ်။ အဲဒီ အပင်အောက်မှာ သစ်သားခုံတန်းလေး ရှိခဲ့ပါတယ်၊ ခြံပတ်လည်ကတော့ ခြံစည်းရိုးပင်တွေပေါ့။ ကျွန်တော်တို့ တစ်ခါတလေ အဲဒီခုံလေးမှာ စကားထိုင်ပြောကြတယ်၊ တစ်ခါတလေလည်း လသာသာမှာ ဂစ်တာတီးပြီး သီချင်းဆိုကြပါတယ်။ မနီးမဝေးမှာ သံဘောင်နဲ့လုပ်ထားတဲ့ ဒန်းကလေးလည်း ရှိတယ်။ ကျွန်တော်တို့ဟာ အတော့ကို





ဒန်းလွှဲပေးကြရတယ်၊ တစ်ခါတလေ လက်မောင်းတွေတောင် ကိုက်ခဲလာရပါတယ်၊ ဗိုလ်ယာမာမိုတိုဟာဖြင့် အတော့အပေါ် သိပ်စိတ်ရှည်ပါတယ်၊ ဆရာဝန်လုပ်မယ်လို့ အတာက ပြောလေ့ရှိတာကိုပဲ အကျေနပ်ကြီး ကျေနပ်ပြီး မမောတမ်း ဒန်းလွှဲ ရှာတော့တာပဲ မောင်ကြည်သာ"

မောင်ကြည်သာသည် မစ္စတာရှီနိုမီရာ၏မျက်နှာကို မသိမသာ စောင်းငဲ့ကြည့်မိသည်။ ဤမျှ အိုမင်းရင့်ရော်နေချိန်မှာပင်လျှင် မစ္စတာရှီနိုမီရာသည် ချောမွေ့နေဆဲပါပဲလား။ လှပနိုင်လွန်းသော ရှမ်းမြန်မာ ကပြားမလေး နန်းမြစန္ဒီနှင့် ဂျပန်စစ်သည်တော် လူချောကလေး ရှီနိုမီရာကို မောင်ကြည်သာ့စိတ်မှာ လရောင်ရိပ်တွင် ချယ်ရီပင်အောက်၌ ဂစ်တာတီးရင်း တေးညည်းဆိုနေပုံ ဖန်ဆင်း စိတ်ကူးကြည့်မိသည်။ အင်း... ကြည်နူးလွမ်းဆွတ်ဖွယ်ရာပါပဲလေ။

"အခုတော့ ချယ်ရီတစ်ပင်မှ မမြင်ရတော့ဘူး၊ အိမ်အို အိမ်ဟောင်းကလေးလည်း မရှိတော့ပါဘူး"

မောင်ကြည်သာသည် ရောယောင်၍ သက်ပြင်းချလိုက်မိလေသည်။

"မစ္စတာရှီနိုမီရာ ပြောတဲ့အတိုင်းဆိုရင် မ... အဲ... ဒေါ်နန်းမြစန္ဒီတို့ဟာ ဒီအိမ်မှာ ဆက်နေထိုင်ဖို့အကြောင်းလည်း ရှိတာမဟုတ်တော့ ဒီအိမ် မရှိတော့တာဟာ မစ္စတာရှီနိုမီရာအနေနဲ့ စိတ်မကောင်းဖြစ်စရာပေမယ့်လည်း သူတို့နဲ့ ပြန်လည်ဆုံစည်းဖို့ မျှော်လင့်ချက်ကိုတော့ ထိခိုက်စရာမရှိပါဘူး ခင်ဗျာ"

"ခုလိုအားပေးတာ ကျေးဇူးပါပဲ မောင်ရယ်၊ မောင်ပြောသလိုပါပဲ၊ သူတို့နဲ့ ပြန်ဆုံဖို့ မျှော်လင့်နိုင်သေးတာပဲ၊ မနက်ဖြန် မောင် စုံစမ်းလို့ သိချင်သိလာမှာပဲ"

"ဒီညလည်း ကျွန်တော် စုံစမ်းကြည့်ပါဦးမယ်၊ ဟိုတယ်က အသိအကျွမ်းတွေကတော့ ဦးမြအောင်ဆိုတာရော၊ ဦးစိုင်းမြသူရိန်ဆိုတာရော မသိကြပါဘူး၊ ဒေါ်နန်းမြစန္ဒီဆိုတာလည်း မကြားဖူးကြပါဘူး။ ဒါပေမဲ့ ဒီလောက်ချောမောလှပတဲ့ အမျိုးသမီးတစ်ယောက်ကို အဲဒီခေတ်က လူငယ်တွေ သိမှာမလွဲဘူး မဟုတ်လား၊ မနက်ဖြန်ကျရင်တော့ အပေါင်းအသင်းတွေရဲ့ မိဘတွေ၊ ဦးလေးဦးကြီးတွေဆီမှာ စုံစမ်းကြည့်ပါဦးမယ်"

"ကိုသူရိန်ကိုသိဖို့ ပိုပြီးလမ်းများတယ်၊ ဘာလို့လဲဆိုတော့ သူတို့ မိသားစုဟာ ခေတ်ပျက်မှသာ တောင်ကြီးကို ရောက်လာကြလေတော့ အိမ်ထဲမှာပဲ အနေများတဲ့ မစန္ဒီကို လူသိနည်းမှာပဲ။ ကိုသူရိန်ကတော့ ခေတ်မီတက်ကြွတဲ့ အာရှလူငယ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဖြစ်တယ်လို့ ကျွန်တော် သိခဲ့ပါတယ်၊ သူဟာ ဗမာ့တပ်မတော်သား တစ်ယောက်လည်း ဖြစ်ခဲ့ပါတယ်။ အခုနတော့ သူ့ကို ကျွန်တော် လုံးဝ မတွေ့လိုက်ရပါဘူး။ ကျွန်တော် ဦးမြအောင်တို့နဲ့ သိကျွမ်းချိန်မှာ ကိုသူရိန်ဟာ တပ်မတော်ထဲ ဝင်သွားပါပြီ''

တောင်ခြေဘက်သို့ ဦးတည်လျှောက်လှမ်းလာကြစဉ်တွင် ဖန်းရောင်ချယ်ရီတို့ ဟိုတစ်စုသည်တစ်စု တောင်ပေါ်ဝယ် ပွင့်လန်းနေကြသည်ကို လှမ်း၍ မြင်တွေ့ကြရလေသည်။

''၁၉၄၄ ခုနှစ် အကုန်လောက်မှာ ငှက်ဖျားဒဏ်ကြောင့် ကျွန်တော် ဗုန်းဗုန်းလဲပြီး လှိုင်ကော်တပ်ကနေ တောင်ကြီးမြို့ စစ်ဆေးရုံကို ရောက်ရှိလာခဲ့ပါတယ်။ တော်တော်နဲ့ နာလန်မထူဘဲ ဆေးရုံမှာ အနေကြာသွားရာက ကျွန်တော့်လိုပဲ တေးဂီတဝါသနာထုံလှတဲ့ ဆရာဝန်လေး ဗိုလ်ယာမာမိုတိုနဲ့ ခင်မင်ရင်းနှီးခဲ့ပါတယ်။ သူအားလပ်ပြီး ကျွန်တော်လည်း ငှက်ဖျားမတက်တဲ့ ညနေတွေမှာ ကျွန်တော်တို့ ဒီလမ်းကလေးဘက်ကို အတူလျှောက်လာလေ့ရှိပါတယ်''

သူတို့သည် ချစ်သူလမ်းကလေး (Lover's Lane) သို့ ရောက်ရှိလာလေသည်။

''မစန္ဒီကို ကျွန်တော် ဟောဒီ ချစ်သူတို့လမ်းကလေးမှာ စတွေ့ခဲ့ရတယ်''

မစ္စတာရှိုနိုမီရာ၏ နှုတ်ခမ်းများသည် ပြုံးယောင်သန်းနေသည်။ မျက်လုံးများမှာ မှိုင်းဝေနေသည်။ မျက်နှာကား ကြေကွဲရိပ် ဖုံးလွှမ်းနေချေ၏။

မောင်ကြည်သာသည် မစ္စတာရှိုနိုမီရာ ရောက်လာစက သိမ်မွေ့ယဉ်ကျေးပြီး ဒုက္ခမပေးတတ်သော လူကြီးလူကောင်းတစ်ဦး ဖြစ်လိမ့်မည်ဟု လေးစားမိသည်မှအပ စိတ်ဝင်စားမှု ရှိခဲ့သည်မဟုတ်။ သူ့မိတ်ဆွေဟောင်းများကို ပြန်လည်ရှာဖွေကာ ခရီးသည်ကျေနပ်အောင် အလိုဖြည့်ဖို့ထက် ပိုကဲသောစေတနာ ဝေဖြာခဲ့သည်မဟုတ်။

မနန်းမြစန္ဒီ၏ ဓာတ်ပုံကို မြင်တွေ့ရပြီးချိန်မှစ၍ ဂျပန်စစ်သားအိုကြီးသည် ဤမျှ ဖြူစင်သန့်ရှင်းလှပသော ဂုဏ်သရေရှိ ခေတ်ပညာတတ် အမျိုးသမီးတစ်ဦးနှင့် ဘယ်သို့ဘယ်ပုံ ပတ်သက်ခွင့်ရခဲ့ပါလိမ့်ဟု စိတ်ဝင်တစား ရှိလာရသည်။

ယခုမူ သိလိုစိတ်ကို မောင်ကြည်သာ အောင့်အည်းမထားနိုင်တော့ပြီ။ ရှုခင်းများကို ဓာတ်ပုံတဖျပ်ဖျပ် ရိုက်ယူနေသော အဘိုးအိုအား-

''ဒေါ်နန်းမြစန္ဒီဟာ မစ္စတာရှိုနိုမီရာရဲ့ ဟိုသင်း ချစ်သူလားခင်ဗျာ''

ဟု မေးမိလေတော့၏။





သူ့မေးခွန်းနှင့်ပတ်သက်၍ မစ္စတာရှိုနိုမီရာထံမှ မည်သို့သော တုံ့ပြန်ချက်မှ မတွေ့ရ။ လမ်းလျှောက်မပျက် ခရီးဆက်၍သာ နေလေသည်။

မောင်ကြည်သာ အားနာသွားမိသည်။

''ကျွန်တော် ရိုင်းသွားပြီ ထင်တယ် မစ္စတာရှိုနိုမီရာ၊ ကျွန်တော် မေးမိတာ ခွင့်လွှတ်ပါ''

''မေးနိုင်ပါတယ် မောင်ကြည်သာ၊ ကိစ္စမရှိပါဘူး''

မစ္စတာရှိုနိုမီရာသည် နောက်ကြောင်း ပြန်လှည့်ပြီမို့ မောင်ကြည်သာလည်း သူနှင့်အတူ လာလမ်းအတိုင်း ပြန်လျှောက်ခဲ့သည်။ တောင်ခြေရောက်ချိန်တွင် အတော်ပင်လည်း နောက်ကျနေပြီ။ မကြာမီ မှောင်ပေတော့မည်။

''ငှက်ဖျားဒဏ်နဲ့ ဆေးရုံတက်နေရတဲ့ အချိန်တုန်းက ကျွန်တော်ဟာ အသက်နှစ်ဆယ့်တစ်နှစ်အရွယ်ပဲ ရှိပါသေးတယ်။ ကျွန်တော် အသက်တစ်ဆယ့်ခုနစ်နှစ်မှာ စစ်ထဲပါလာပြီး မိခင်တိုင်းပြည်နဲ့ ခွဲခွာလာခဲ့ရပါတယ်။ မလေးရှားကနေ မြန်မာပြည်ကို ရောက်ခဲ့ရပြီး အင်ဖာစစ်ကြောင်းအတွက် လက်နက်များ သယ်ဆောင်နေခိုက် ငှက်ဖျား၊ ဝမ်းရောဂါစွဲကပ်ပြီး တောင်ကြီးဆေးရုံ ရောက်လာတော့တာပဲ။ မလေးရှားကနေ ပြောင်းရွှေ့ရပြီး နယူးဇီလန်နဲ့ ဩစတြေးလျကြားက ကချိုမောကျွန်းကူပန်မှာ ခေတ္တ တာဝန်ထမ်းဆောင်ရတုန်းကလည်း ဗုံးဒဏ်ကြောင့် မျက်လုံးတစ်ဖက် ဒဏ်ရာရပြီး တိမ်စွဲခဲ့ရပါသေးတယ်''

မစ္စတာရှိုနိုမီရာက သူ၏ ဘယ်ခြေထောက်ကို လမ်းလျှောက်တုတ်နှင့် ညွှန်ပြကာ-

''အဲဒီအချိန်တုန်းက ဒီခြေထောက်ကတော့ ကောင်းပါသေးတယ်''

ဟု ရှင်းပြသည်။

''ကျွန်တော်ဟာ မဝင့်မနေရ ဆင့်ခေါ်လို့သာ စစ်ထဲ လိုက်ပါလာရပါတယ်။ တိုင်းပြည်တာဝန်ကို အသက်စွန့်ဆံဖျား ထမ်းဆောင်ပါမယ်လို့ သန္နိဋ္ဌာန်ချပြီး စစ်ထဲလိုက်လာပေမယ့်လည်း စစ်ထဲ မဝင်ခင်ကဆိုရင် ကျွန်တော်ဟာ ဖန်းချီဆွဲဖို့၊ သီချင်းရေးဖို့၊ သီချင်းဆိုဖို့သာ ဝါသနာပါခဲ့ပါတယ်။ ကျွန်တော့်မိဘများဟာလည်း မချမ်းသာပေမယ့် ချောင်ချောင်လည်လည်နေနိုင်တာမို့ ကျွန်တော်ဟာ ဘာတာဝန်မှ မထမ်းဖူးသေးပါဘူး။ သားအငယ်မို့ အမေက ကလေးလိုထားပြီး အဖေကလည်း သူ့လို ဖန်းချီဆရာ ထွန်းကားလာမယ်လို့မျှော်လင့်ပြီး အရေးပေး



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါတယ်။ ဒီတော့ ဒဏ်ရာတွေ အနာအဖျားတွေနဲ့ စစ်ရုံးနိမ့်ချိန်မှာ အနေအထား ဆင်းရဲငတ်ပြတ်လွန်းတာမို့ ဒုက္ခဆင်းရဲ မကြုံရတဲ့ဘဝက လာတဲ့သူအနေနဲ့ ကျွန်တော် သိပ်ပြီး စိတ်အားငယ်မိခဲ့ပါတယ်''

အဘိုးအို၏ စကားစပြတ်ကာ နှုတ်ဆိတ်စွာ လမ်းဆက်လျှောက်နေ၏။

''ကိုယ်ခန္ဓာ ပင်ပန်းဆင်းရဲခြင်း၊ မကျန်းမာခြင်းထက်ရော စစ်ရှုံးနိမ့်ခြင်းထက်ရော ပိုပြီး ကြေကွဲဝမ်းနည်းရတာကတော့ မြန်မာတိုင်းရင်းသားတို့ရဲ့ ရှုံမုန်းခြင်းပါပဲ၊ မြန်မာတွေဘက်ကလည်း မုန်ခဲ့ပါတယ်၊ သူတို့ ယုံကြည်အားကိုးပါလျက်နဲ့ တချို့ဂျပန်တွေဟာ ရက်စက်အနိုင်ယူခဲ့ကြတာကိုး''

ယခုအချိန်အထိ သူ့မေးခွန်းကို မစ္စတာရှိနိုမီရာ ဖြေဆိုခြင်းမရှိသေးကြောင်း မောင်ကြည်သာ သတိထားမိပါသည်။

''နာကြည်းစရာ၊ မုန်းတီးစရာတွေကို မြန်မာနိုင်ငံသားတွေ တွေ့ကြုံခံစားကြရတယ်။ အဲဒီကြားကပဲ အဆိုးနဲ့အကောင်းဟာ ဒွန်တွဲနေတယ်ဆိုတဲ့ နားလည်မှုတွေထားပြီး ကျွန်တော်တို့အပေါ် ကြင်နာမှုပြခဲ့တဲ့၊ ခွင့်လွှတ်ခဲ့တဲ့ မြန်မာနိုင်ငံသားတွေ အများကြီးရှိခဲ့ပါတယ်''

မစ္စတာရှိနိုမီရာသည် ဝေးကျွန်ရစ်လေသော တောင်ခြေဆီသို့ သမင်လည်ပြန် လှည့်ကြည့်လေသည်။

''ကြင်နာခွင့်လွှတ်တတ်တဲ့ မြန်မာနိုင်ငံသားတွေထဲမှာ စန္ဒီတို့မိသားစုလည်း အပါအဝင်ပါပဲ''

မစ္စတာရှိနိုမီရာသည် ခြေစုံရပ်တန့်လျက် မောင်ကြည်သာဘက်သို့ မျက်နှာမူလိုက်သည်။ မျက်မှန်ထူကြီးအောက်မှ မှုန်သီသော သူ့မျက်လုံးများသည် နူးညံ့လှချေသည်။

''ကြင်နာခွင့်လွှတ်တတ်တဲ့ စန္ဒီတို့မိသားစုဟာ ကျွန်တော့်မိတ်ဆွေပါ''

ဂုဏ်ယူသောအပြုံးကို မစ္စတာရှိနိုမီရာ နှုတ်ခမ်းများတွင် မောင်ကြည်သာ မြင်တွေ့ရသည်။

''စန္ဒီဟာ ကျွန်တော့် မိတ်ဆွေပါ''

ခေတ္တ တုံ့ဆိုင်းလျက်-

''ရာသက်ပန် မိတ်ဆွေတွေပါ မောင်ကြည်သာ''

ဟု နိုင်မာပြတ်သားစွာ စကားအဆုံးသတ်လိုက်လေသည်။





''ကျွန်တော် နားလည်ပါပြီ မစ္စတာရှိနိုမီရာ''

မောင်ကြည်သာ တစ်သက်တာဝယ် ပထမဆုံးအကြိမ်အဖြစ် ဖြူစင်နိုင်မြဲသလောက် သိမ်မွေ့နက်နဲလှသော မေတ္တာသဘောကို တအံ့တသြ လေးစားမိရလေပြီတကား။

◆



www.burmeseclassic.com

www.burmeseclassic.com

## (၇)

ယနေ့နံနက် ဝက်သားဟင်း ချက်မည်။ ပဲတွန့်နှင့် ဆေးခါးဟင်းချိုတစ်ခွက် ချက်မည်။ ကြွေမုန့် ကြော်မည်။ ညနေတော့ ကြက်သား ကြော်ပေးလိုက်မည်။

ရွှေစင်အိက ဝက်သားကို အဆီနည်းနည်းနှင့် အသားများများရအောင် ဝယ်ရသည်။ သွေးတိုးရှိသော ဘွားလေးနှင့်အဖေတို့ကို ဝက်ဆီမကျွေး၊ မြင်လျှင် စားချင်ကြ၍ ရွှေစင်က ထမင်းပွဲတွင် အသားချည်း ရွေးခပ်ကျွေးမွေးရသည်။ အသားဓာတ်ကို ဖေဖေ နေ့စဉ် နှစ်ဆယ်ရာခိုင်နှုန်းလောက် စားနိုင်ခွင့်ရှိသည်။ ဖေဖေသည် ဟင်းရွက်နှင့် ဟင်းရွက်ဆီကိုတော့ ပုံစံနှင့်စားရန် မလိုပေ။ ထို့ကြောင့် သူ ဝမ်းအာဟာရပြေစေရန် ညနေစာအတွက် ကန်စွန်းရွက် သုပ်ပေးလိုက်မည်။ ကြက်သားကြော်နှင့် ဟင်းစပ်တည့်မှာပါ။ ကြက်သွန်ဖြူနှင့် မိုးမျှော်သီးလေးထောင်းကာ အစပ်ပါအောင် ဖန်တီးပေးဦးမှ။

နောက်တစ်နေ့အတွက် အသားငါး၊ ဟင်းသီးဟင်းရွက် တိုတိုတီတီလည်း ဝယ်ရဦးမည်။ ခေါပုတ်ကြော်ဆိုလျှင် ဖေဖေ သိပ်ကြိုက်သည်။ ဘွားလေးနှင့် ရွှေစင်လည်း ကြိုက်သည်။

ဘွားလေးက ကြိုက်သလောက် စားနိုင်သည်။ ဖေဖေကတော့ ပုံစံနှင့် စားရလိမ့်မည်။ ကစီဓာတ်ကိုး။ ရွှေစင်အိ ခပ်များများကလေး ဝယ်လိုက်သည်။

ဘွားလေးက သွေးတိုးရောဂါတစ်ခုသာ ရောဂါရှိလေ၍ ရွှေစင်က ဘွားလေးအငန်လျှော့ဖို့တစ်ခုပဲ အာရုံစိုက်ရသည်။ ဘွားလေးလည်း ဖေဖေ့နှယ်ပင် ရောဂါကို





ဂရုမစိုက်၊ အလေးအနက်မထား။ ငါးပိရည်ကျိုလျှင် စားဖြစ်အောင်စား၍ ရွှေစင်နှင့် မေမေ ငါးပိရည် မကျိုဝံ့ဘဲ ဝေ်ရသည်။ ဘွားလေးသည် ဝက်သားကို အဆီမှ ကြိုက်၍ ထောပတ်ဆို ပေါင်မုန့်ပေါ် လက်တစ်လုံးလောက်ထူအောင် သုတ်စားချင်သည်။ အိမ်မှာ ရွှေစင် မကျွေးသောအစာများကို သူမဘာသာ အိမ်လည်ရင်း အသိအိမ်တွေတွင် ကြုံတတ်သမျှ စားသောက်လာတတ်လေ၏။

ရွှေစင်အိ ဈေးဝယ်ရသည်မှာ ဘွားလေးနှင့် ဖေဖေ့အတွက် သင့်တော်စေရန် ဦးစားပေးရသဖြင့် သာမန်ထက် ပိုစဉ်းစားရလေသည်။ လူမမာစာလို ချက်ကျွေးပြန်တော့လည်း စားချင်ကြမည်မဟုတ်။

ဟော… လိမ္မော်သီးဝယ်ဦးမှပဲ၊ ဖေဖေ့ကို ထမင်းစားပြီးလျှင် တစ်လုံး ကျွေးရမည်။ တစ်လုံးဆိုလျှင် တစ်ယူနစ်ပေါ့။ ဖေဖေက မဝဘူးဟု၍ ထပ်တောင်းဦးမှာပဲ။ ရွှေစင်အိ တစ်ယောက်တည်း ပြုံးမိတော့မလို ဖြစ်သွားသည်။

"ဒီလိမ္မော်သီးတွေ ဘယ်လောက်လဲ မဲ့"

ရွှေစင်အိက အမေဟုခေါ်လိုက်သော လိမ္မော်သီးသည် ပအိုဝ့်မကြီးသည် ဆေးငုံထားရာမှ သွားမည်းမည်းများပေါ်အောင် ပြုံးရယ်ပြသည်။

"တစ်ပိဿာ ခြောက်ကျပ် ယူသွားနော်"

"ငါးကျပ်ထားလေ မဲ့"

"မရဘူး… ခြောက်ကျပ်ပဲ… ဝယ်နော် ရှားတော့မယ်"

ရွှေစင်အိသည် သိုးမွေးဦးထုပ်ကလေး ဆောင်းထားသည်။ ဆွယ်တာခေါင်းစွပ် လက်ရှည်အနီရောင် ဝတ်ထားသည်။ ထဘီက အဖြူခံတွင် အနီရောင် ချိတ်ထားသော ရခိုင်ချိတ်ထဘီ။ ဈေးရောင်းဈေးဝယ်တစ်သိုက်ကြားဝယ် ခြင်းတောင်းအနီကလေးကို ဆွဲကိုင်ထားသော ရွှေစင်အိသည် ထင်းခနဲ ပေါ်လွင် ထင်ရှားနေလေ၏။

ရွှေစင်အိသည် နောက်ထပ် လိမ္မော်သီးသည် ပြောင်းကာ ဈေးမေးဦးမည်ဟု စိတ်ကူးနှင့် ရုတ်တရက်လှည့်အထွက် နောက်နားမှ လူတစ်ယောက်ကို ဝင်တိုက်မိသည်။

"အို… ကန်တော့နော် ကန်တော့"

ဟု တောင်းပန်ရင်း နောက်အဆုတ် တစ်ဖက်လူကလည်း-

"ဆောရီးဗျာ၊ မတော်လို့ပါ"

ဟု အပြန်အလှန် တောင်းပန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးထူထူ၊ မျက်လုံးညိုညို၊ ဆံပင်ရှည်ရှည်၊ မျက်နှာ ချိုချိုသန့်သန့်နှင့် ဂျင်းအင်္ကျီ ဘောင်းဘီဝတ်ထားသော လူရွယ်တစ်ဦး။

တောင်ကြီးမှာတော့ ဒီလို သားသားနားနား ပုံစံမိမိ လူငယ်လူရွယ်တွေ များပြားလှ၍ အထူးတလည် အဆန်းတကြယ် မဟုတ်တော့။

ရွှေစင်အိ အမြင်ဆန်းလျက် အာရုံကို ဖမ်းစားလိုက်သည်က လူရွယ်၏ နောက်ပါးမှ အရှေ့တိုင်းသား ကမ္ဘာလှည့် ခရီးသည်ကြီး။ ဂျပန်လူမျိုးဖြစ်ရမည်ဟု ရွှေစင်အိ မှန်းဆမိသည်။ ခေါပုတ်သည် ပအိုဝ့်မကြီးကို ဓာတ်ပုံရိုက်နေကာ ပအိုဝ့်မကြီးကလည်း သဘောကျစွာ တခစ်ခစ်ရယ်မောနေသည်။ တစ်ဖန် ခြေဟန် လက်ဟန်နှင့် မောက်ချည်လှန်ချည်လုပ်ပြကာ ပါးစပ်မှလည်း 'ရှဲရှဲ' မြည်ပြပြန်ရာ ဘေးမှဈေးသည်များပါ တပြုံးပြုံး ဖြစ်နေတော့၏။

ဆံပင်ဖြူဖြူ၊ ခါးကိုင်းကိုင်း၊ ငွေကိုင်းမျက်မှန်ထူကြီးနှင့် အရှေ့တိုင်းသား လူချောကြီးသည် အမှတ်မထင် ရွှေစင်အိရှိရာသို့ လှမ်းကြည့်လိုက်လေသည်။ အလွန်တရာ အံ့သြသွားဟန် မျက်လုံးပြူး ပါးစပ်ဟာကာ ရွှေစင်အိထံသို့ မျက်လုံး မခွာနိုင်တမ်း ကြောင်အမ်းအမ်း ငေးမောနေတော့၏။

ရွှေစင်အိ ထိုနေရာမှ အမြန်ဆုံးခွာရသည်။ တစ်လောကပင် ရပ်တော်မူဘုရားဝယ် နိုင်ငံခြားသားတစ်သိုက်က ဓာတ်ပုံရိုက်ခွင့်တောင်းသည်ကို အားနာပါးနာ ခွင့်ပြုလိုက်မိလေရာ ရုပ်ရှင်ပါ ရိုက်ရုံမက သူတို့တိုင်းပြည် ပြန်ရောက်လျှင် ပြက္ခဒိန်တွင် ထည့်သုံးရန် အလှဓာတ်ပုံများပင် ရိုက်ချင်လာလေ၍ ဖွတ်အတင်းထိုနေရာမှ ခွာပြေးရသည်။ ယခုလည်း လည်ပင်းမှာ ကင်မရာ ချိတ်ထားသော ဂျပန်အဘိုးအိုသည် သူမအား ဓာတ်ပုံရိုက်ချင်လာမှာ ရွှေစင်အိ ကြိုတင်ပူပန်မိရချေ၏။

နောက်ထပ် လိမ္မော်သီးသည် တစ်ယောက်ထံ ရောက်ပြန်တော့လည်း တစ်ပိဿာ ခြောက်ကျပ် မလျှော့။ ဈေးနေ့မှာမှမဝယ်လျှင် နောက်နေ့တွင် ဈေးရောက်ဖြစ်ချင်မှ ရောက်ဖြစ်မှာမို့ ဆက်လက် ဇီဇာမကြောင်တော့ပြီဟု လိမ္မော်သီး ရွေးရတော့သည်။ ဈေးခြင်းအနီကလေးကိုလည်း ဘေးနားမှာ ချထားလိုက်သည်။ လက်ညောင်းလာပြီ။

လိမ္မော်သီးသည် ချိန်တွယ်ခိုက် ရွှေစင်အိက ပိုက်ဆံအိတ် ပေါက်စကလေးကို ဖွင့်ကာ ပိုက်ဆံရေတွက်ရသည်။

ရွှေစင်အိ 'ဟောတော့'ဟု လွှတ်ခနဲ အာမေဋိတ်ပြုမိချေ၏။





နိုင်ငံခြားသား အဘိုးအို လူချောကြီးသည် ရွှေစင်အိဘေးဝယ် ရောက်ရှိနေပါပေါ့လား။

"မနန်းမြစန္ဒီကို သိပါသလား"

အဘိုးအို ဘာပြောလိုက်မှန်း ရွှေစင်အိ နားမလည်။ သို့သော် 'မနန်းမြစန္ဒီ' ဆိုသော အမည်ကိုတော့ ဖမ်းမိသည်။ ရွှေစင်အိက အဘိုးအိုကို မျက်လုံးအဝိုင်းသားနှင့် ကြည့်မိသည်။ အဘိုးအိုနံဘေးမှ လူငယ်ကိုလည်း အကူအညီတောင်းဟန်နှင့် လှည့်ကြည့်မိသည်။

"မနန်းမြစန္ဒီကို သိပါသလား ခင်ဗျာ"

အဘိုးအိုသည် မျှော်လင့်ခြင်းကြီးမားလှစွာနှင့် ရွှေစင်အိ နားလည်စေရန် တစ်လုံးချင်း ပီသအောင် ကြိုးကြိုးစားစား ပြောနေရှာသည်။

"မနန်းမြစန္ဒီ"

ဟု အင်္ဂလိပ်လိုညှပ်၍ မေးမြန်းရှာ၏။

လူရွယ်က အားနာလှဟန်နှင့် အဘိုးအို၏ လက်မောင်းကို ဖမ်းကိုင်ဟန့်တားလေ၏။

အဘိုးအိုမှာ လူရွယ်ကို သတိပြုနိုင်ဟန် မတူ။ အားမလိုအားမရနှင့် ရှေ့သို့ ခြေတစ်လှမ်းတိုးလာသည်။ ရွှေစင်အိက နောက်သို့ တစ်လှမ်းဆုတ်လိုက်မိ၏။

"မနန်းမြစန္ဒီ ကျွန်တော့်မိတ်ဆွေ..."

အဘိုးအိုသည် ရွှေစင်အိကို တောင်းပန်ခယသောအကြည့်ဖြင့် ကြည့်နေရှာသည်။ ယဉ်ကျေးသော ဟန်ပန်၊ သိမ်မွေ့သောအကြည့်၊ နူးညံ့သောအသံ၊ ဝေဖန်ဆန်းစစ်ရင်း ရွှေစင်အိ အဓိပ္ပာယ်ပေါက်သွားတော့သည်။

အံ့သြခြင်းနှင့်အတူ ဝမ်းပန်းတသာ ပါးချိုင့်ကလေးများ အစွမ်းကုန် ချိုင့်ခွက်အောင် ပြုံးရယ်လိုက်ပြီး -

"ဒေါ်နန်းမြစန္ဒီကို ကျွန်မသိတာပေါ့ ရှိနိုမီရာစံ"

ဟု ရွှေစင်အိက သွက်သွက်လက်လက်ကြီး ပြောချလိုက်လေတော့၏။

လူရွယ် မျက်လုံးပြူးရသည့်အလှည့်။ အဘိုးအိုကိုတစ်လှည့်၊ ရွှေစင်အိကို တစ်လှည့် ပါးစပ်အဟောင်းသားနှင့် ကြည့်နေလေသည်။

"စန္ဒီ ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



စိတ်လှုပ်ရှားလှစွာ အသံများပင် တုန်ယင်လာသော အဘိုးအိုကို ကြည့်ရင်း ရွှေစင်အိ ကရုဏာသက်မိရလေ၏။

“ဝန်ကြီးလမ်းမှာ နေကြပါတယ် ရှီနိုမီရာစံ၊ ကျန်းကျန်းမာမာလည်း ရှိပါတယ်”

ယခုမှပင် ဂျပန်အဘိုးအိုသည် မိန်းကလေး ကျွန်တော့်ကို သိသလားဟု သူ့အမည်ကို သူ မပြောဘဲ ရွှေစင်အိက ခေါ်နေသည့်အတွက် အံ့သြသတိရ လာလေသည်။

“အဘွားလေး ပြောပြတတ်လို့ ရွှေစင်လေ ရှီနိုမီရာတို့အကြောင်းကို ပုံပြင်လို နားထောင်ရပြီး စိတ်ထဲမှာ သိကျွမ်းခင်မင်နေခဲ့တာပါ။ ဒေါ်နန်းမြစန္ဒီသာ ရှီနိုမီရာကို တွေ့ရင် ဘယ်လောက်ဝမ်းသာလိုက်မလဲ၊ ပြီးတော့ ရွှေစင့်ကိုကိုကြီး၊ ရှီနိုမီရာတို့ရဲ့ အတာလေ၊ သူလည်း သိပ်ကိုဝမ်းသာမှာ”

ရွှေစင်အိက အင်္ဂလိပ်လို သွက်လက်ချက်ချာစွာပြော၍ အဆုံးဝယ် သတိဝင် လှုပ်ရှားလာသော လူရွယ်က ဂျပန်အဘိုးအိုအား ဂျပန်ဘာသာဖြင့် တတွတ်တွတ် ရှင်းပြတော့သည်။

“မစ္စတာရှီနိုမီရာက အင်္ဂလိပ်လိုရော မြန်မာလိုပါပြောနိုင်ပေမယ့် သိပ် သွက်သွက်ပြောရင် နားမလည်လှဘူးခင်ဗျ။ ကျွန်တော်က သူ့ရဲ့စကားပြန် ကြည်သာပါ”

ဟုလည်း ရွှေစင်အိဘက်သို့ လှည့်၍ပြောလေသည်။

“မိန်းကလေးဟာ စန္ဒီနဲ့ သိပ်တူပါတယ်”

“တူမှာပေါ့ ရှီနိုမီရာ၊ ရွှေစင်က ဒေါ်နန်းမြစန္ဒီရဲ့ သမီးကိုး၊ ရွှေစင်အိလို့ ခေါ်ပါတယ်”

ရွှေစင်အိက ညာဘက်လက်ကလေး ကမ်းပေးလိုက်တော့ ရှီနိုမီရာစံသည် ဝမ်းသာဝမ်းနည်း မျက်ရည်ဝဲလျက် အားပါးတရ လက်ဆွဲနှုတ်ဆက်ရှာလေ၏။

ရှီနိုမီရာသည် မောင်ကြည်သာကိုကြည့်ကာ–

“ခုနက အကြောင်းကို ပုံပြင်လိုကြားသိပြီး ကျွန်တော့်ကို ခင်မင်နေတယ်လို့ သမီးကလေး ပြောပြတာတွေကို မောင်ကြည်သာ ရှင်းပြမှ အတိအကျ နားလည်ရ ပေမယ့် ရင်ထဲမှာတော့ ခံစားသိရှိပါတယ်လို့ပြောပေးပါ မောင်ကြည်သာ”





မောင်ကြည်သာက မြန်မာလို ဘာသာပြန်ပြသောအခါ ရွှေစင်အိသည် လှပလွမ်းဆွေးဖွယ် ပန်းချီကားတစ်ချပ်ကို ကြည့်ရှုနေရသူပမာ ကြည်နူး ဆွတ်ပျံ့စွာ ခံစားရလေ၏။

ရွှေစင်အိ၏ မေမေသည် ရှီနိုမီရာစံအကြောင်း ရွှေစင်အိ အရှေ့မှာ တစ်ခါမှ မပြောဖူးပါ။ ရွှေစင်အိသည် ဘွားလေးခေါ်မြနုစံထံမှသာ ရှီနိုမီရာစံနှင့် ပတ်သက်၍ ဘွားလေးသိသမျှ ထင်မြင်ခံစားရသမျှ တစ်လုံးမကျန် ကြားသိခဲ့ရလေသည်။ ယခု ဘွားလေး၏ပုံပြင်ထဲမှ မေမေ့ နီပွန်စစ်သည်တော်ကလေးကို ဇရာအိုတစ်ဦးအဖြစ် ရွှေစင်အိ မျက်ဝါးထင်ထင် မြင်တွေ့ရပြီ။

ဘယ်လိုပင် လတွေနှစ်တွေ ကြာညောင်းခဲ့၍ ဇရာအိုထောင်းခဲ့လေသော် ငြားလည်း နီပွန်စစ်သည်တော်ကလေး၏ အပြောင်းအလဲမရှိ တည်တံ့ခိုင်မြဲသော အပြုံးရောင် မေတ္တာများကိုတော့ ရွှေစင်အိ သတိကြီးလှစွာ သိရှိခံစားရလေပြီ။ ရွှေစင်အိသည် ရှီနိုမီရာကို နားလည်စွာ၊ ပြီးတော့ တန်ဖိုးထားစွာ ပြုံး၍ကြည့်နေ မိတော့သည်။

“မစ္စတာ ရှီနိုမီရာစံက မရွှေစင်အိကို မြင်မြင်ချင်း သိတယ်၊ ကျွန်တော်က မရွှေစင်အိ ပြုံးလိုက်တော့မှ ပါးချိုင့်ကိုမြင်ပြီး ဒေါ်နန်းမြစန္ဒီနဲ့ သိပ်တူမှန်း ပုံဖမ်း မိတော့တယ်”

‘ဒါပေါ့ရှင်၊ ရှီနိုမီရာစံအတွက် မေမေနဲ့ ချွတ်စွပ်နီးပါးတူတဲ့ ရွှေစင် တစ်ယောက်လုံး မဆိုထားနဲ့ မေမေ့အရိပ်၊ မေမေ့အသံ၊ အို… မေမေနဲ့ ပတ်သက်သမျှ အစစအရာရာဟာ အမှတ်တရရှိနေမှာပေါ့’

ရွှေစင်အိစိတ်ထဲမှ ပြောလိုက်ခြင်းသာပါ။ တကယ်တော့ နှုတ်ခမ်းကလေး ပြုံးရုံသာ ပြုံးနေလိုက်ပါ၏။

ရွှေစင်အိက ဈေးခြင်းတောင်းကို ကောက်ယူကာ လက်တစ်ဖက်တွင် ချိတ်ဆွဲလိုက်သည်။

“ရွှေစင်နဲ့ လိုက်မယ် မဟုတ်လား၊ ရွှေစင် ကားပါလာတယ်”

ရှီနိုမီရာက မောင်ကြည်သာ့မျက်နှာကို လှမ်းကြည့်သည်။ သူတို့မှာလည်း အငှားကား ပါလာလေသည်။

“မစ္စတာရှီနိုမီရာက မရွှေစင်အိရဲ့ကားနဲ့ လိုက်သွားပါ၊ ကျွန်တော်ကတော့ အငှားကားနဲ့ လိုက်လာပါ့မယ်”



www.burmeseclassic.com

www.burmeseclassic.com



"နာရီနဲ့ ငှားလာတာလား"

"ဟုတ်ပါတယ် မရွှေစင်အိ"

"ဒါဆိုရင် ပြန်လွှတ်လိုက်ပါ ကိုကြည်သာ၊ ရှိနိုမီရာစ်နဲ့ ကိုကြည်သာ ရွှေစင်တို့အိမ်မှာ ထမင်းစားကြတာပေါ့။ အနှစ်လေးဆယ်စာလောက် စုထားတဲ့ စကားတွေ ပြောကြမှာမို့ ညနေလောက်မှပဲ ရွှေစင် ပြန်ပို့ပေးပါ့မယ်၊ ကဲ… သွားကြရအောင်…"

မောင်ကြည်သာက မရွှေစင်အိ စီစဉ်သည့်အတိုင်း လက်ခံကာ ခေါင်းညိတ်ရသည်။

ရွှေစင်အိက ညာလက်တွင် ဈေးခြင်းကလေး ချိတ်ဆွဲလျက် ဘယ်လက်က ဂျပန်အဘိုးအို၏ လက်မောင်းကို ဆွဲချိတ်လိုက်လေသည်။

"ရွှေစင်အိတို့ မေမေ့ဆီ သွားကြပါစို့ ရှိနိုမီရာစ်"

◆



(၈)

"စန္ဒီရေ… ကိုကို ဒီနေ့ မနက်စာ ဘာစားရမလဲ"

မှန်တင်ခုံရှေ့တွင် မုတ်ဆိတ်ရိတ်နေရာမှ ဦးရန်ပိုင်က လှမ်းမေးသည်။

ဒေါ်စန္ဒီသည် ကြက်မွေးကလေးကိုင်ကာ အိပ်ခန်းထဲဝင်လာ၏။

"ကိုကို့အတွက် မရွှေစင် ထမင်းကြော်တစ်ပန်းကန် ချူးခပ်သွားပေးတယ်၊ နှစ်ယူနစ်တဲ့၊ နွားနို့က တစ်ခွက်၊ အားလုံးပေါင်း သုံးယူနစ်ဆိုတာပဲ၊ ကိုကိုက ဆီးချက်ပြီးပလား၊ ဆေးကော ထိုးပြီးပြီလား"

"ပြီးပါပြီ၊ ဆီးလည်းပြီးပြီ၊ ဆေးလည်း ထိုးပြီးပြီ၊ ဆီးကတော့ အုတ်နီခဲရောင်ပဲ ဟဲဟဲ…"

ဒေါ်စန္ဒီက ကြက်မွေးတံမြက်စည်းကို အခန်းထောင့်တွင် ထောင်ထားလိုက်သည်။

"စန္ဒီ အခန်းထဲ ယူခဲ့မယ်၊ ကိုကို လမ်းသိပ်မလျှောက်နဲ့လို့ သမီးက မှာထားတယ်၊ ခြေထောက် သွေးကျတော့ ပိုရောင်လို့တဲ့"

"အင်း… ကိုကိုလည်း သမီးချောနဲ့ကျမှ ကောင်းကောင်းကြီး ဒုက္ခတွေ့တော့တာပဲ စန္ဒီရေ"

"ကိုကိုကလည်း ဆိုးတာပဲ၊ ကိုကို့ ကုတ်အင်္ကျီအိတ်ထဲက ချောကလက်စက္ကူခွံတွေလို့ စန္ဒီ လွှတ်ပစ်လိုက်ရတယ်၊ သမီးကိုတော့ မပြောပါဘူး၊ စိတ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းမှာစိုးလို့၊ သူ့ခမျာ ကိုကို့အတွက် သိပ်စိတ်ပူတာ၊ ကိုကိုကလည်း အစားဆင်ခြင်မှပေါ့။ ချောကလက်ဆိုတာ အချိုသက်သက်၊ လုံးဝမှ မတည့်တာ''

''အေးပါကွာ... သမီး အိမ်မှာရှိတုန်းတော့ နိုးမစားတော့ပါဘူး''

ဒေါ်စန္ဒီက မုံပြုံးကလေးနှင့် အိပ်ခန်းထဲမှ ပြန်ထွက်လာသည်။ ယခုတော့ ဤမျှ ဆင်ခြင်ရန်နှင့်ပင် ကျေနပ်ရဦးမည်။ သမီးအောင်ဖို့မှ မဝေးတော့တာပဲ။ သမီးဆရာဝန်ဖြစ်လျက် အနီးမှာရှိမှပင် ခင်ပွန်းသည်၏ ရောဂါကို ကြပ်ကြပ်မတ်မတ် ထိန်းနိုင်တော့မည်။

မနေ့က တူတော်မောင် ဒေါက်တာ ဦးစိုင်းမြင်း မနက်စောစော ရောက်လာကာ တူမကို ညွှန်ကြားသလိုလိုနှင့် ဦးလေးကိုလည်း သွယ်ဝိုက်ပညာပေးရင်း အင်ဆူလင်ထိုးသည်။

''ဒီနေ့ ပျော်ဝင်သော အင်ဆူလင် စသွင်းမယ်၊ တစ်နေ့ လေးကြိမ်ထိုးမယ်။ ဆီးအရောင်နဲ့လိုက်ပြီး ဆေးကိုလျှော့မယ်၊ တိုးမယ်''

''ဆီးချိုထိန်းဖို့ ကြိုးစားနေချိန်မှာ မနက်စောစော အစာမစားခင် တစ်ကြိမ်၊ နံနက်စာ မစားခင်မှာ တစ်ကြိမ်၊ ညစာမစားခင် တစ်ကြိမ်၊ ညအိပ်ရာမဝင်ခင် တစ်ကြိမ် ဆီးချက်ရမယ်၊ အစာနဲ့ဆေး တွဲထိန်းသွားရင်ရမှာပါ''

တစ်ဆိတ် တော်သေးသည်မှာ ဒေါ်စန္ဒီခင်ပွန်းသည် ဦးရန်ပိုင်သည် အစားမဆင်ခြင်သည်မှအပ ဘာပဲလုပ်လုပ် စည်းစနစ်ကျသော သူ့ အလေ့အကျင့်အတိုင်း ဆီးချက်၊ ဆေးထိုး၊ အချိန်နှင့်စား စသည်တို့ကိုတော့ တိတိကျကျ ပြုလုပ်လေသည်။

ဒေါ်စန္ဒီက သူ့ကို အိပ်ခန်းထဲမှ စာကြည့်စားပွဲပေါ်တွင် နံနက်စာ ပြင်ဆင်ပေးသည်။ သူ စားသောက်ခိုက် ဒေါ်စန္ဒီက အိပ်ရာခင်းလေသည်။

''ကိုကို ငှက်ပျောသီးနှစ်လုံးလောက် စားချင်တယ်ကွာ...''

ဒေါ်စန္ဒီက ပါးစုန့်ထွက် မေးနှစ်ဆင့်အစ်လျက် ဗိုက်ရွဲနေသော ခင်ပွန်းသည်ကိုကြည့်ကာ သက်ပြင်းတစ်ချက် ချလိုက်သည်။ ဒေါ်စန္ဒီ စိတ်ပျက် လက်ပျက် ဖြစ်သွားပုံကိုပင် ဦးရန်ပိုင်က သဘောကျစွာ တဟားဟား ရယ်မောနေလေ၏။

ဒေါ်စန္ဒီသည် ဦးရန်ပိုင်ထက် ငါးနှစ်မျှသာ ငယ်ရွယ်သည်ဆိုသော်လည်း များစွာ နုပျိုနေသေးသည်။ ဆံပင်မဖြူသေး၊ အသားအဆီ မပိုသေးဘဲ ငယ်ငယ်ကလိုပင် သွယ်သွယ်လျလျ လှပဆဲပင်တည်း။ တစ်ဖန် ဦးရန်ပိုင်အပေါ် ဖခင်နှင့်





အစ်ကိုအစား လေးစားကြည်ညိုစွာ ချစ်ခင်ရသည်ကိုလည်း သူအသိ။ အမှန်တော့ သူ့လို လက်တစ်ဖက်မရှိသော တစ်ခုလပ်တစ်ယောက်သည် စန္ဒီကို ပိုင်ဆိုင်ခဲ့ရသည်မှာ အလွန်ပင် ကံကောင်းလှတော့သည်။

ဒေါ်စန္ဒီက သူ့အလိုဆန္ဒကို မဆန့်ကျင်သော်လည်း၊ ငှက်ပျောသီးကိုတော့ အရေအတွက်လျှော့ကာ တစ်လုံးသာယူခဲ့သည်။ သူ ငှက်ပျောသီးစားခိုက် ဒေါ်စန္ဒီက အဝတ်စုတ်နှင့် တန်းများ၊ စားပွဲကုလားထိုင်၊ မှန်ခုံ စသည်တို့ကို စတင်၍ ဖုန်သုတ်သည်။ ထို့နောက် ကြက်မွေးတံမြက်စည်းနှင့် ကြမ်းပေါ် လှည်းကျင်းသည်။

''တစ်အိမ်လုံး တိတ်ဆိတ်နေတာပဲကွာ၊ သမီး ဈေးသွားတာကြာလိုက်တာ။ ဒေါ်လေးလည်း အသံမကြားပါလား''

''ဘုရားဆွမ်းတော်တင်၊ ပန်းလဲ၊ ရေလဲ၊ ဘုရားရှိခိုးပြီးတာနဲ့ အလှူခံ ထွက်သွားလေရဲ့၊ တစ်နေ့က ဆရာတော်က တန်ဆောင်းပြင်ဖို့ အလှူခံ ဖြတ်ပိုင်း စာအုပ် ပေးလိုက်တယ်''

''အလှူခံထွက်ရင်း၊ မရွှေစင် မကျွေးတဲ့အစာတွေလည်း နိုးစားရင်း ထင်ပါရဲ့ ကွာ၊ ဟား... ဟား၊ ငါတို့တူဝရီးတော့ မရွှေစင် ကျောင်းတစ်ပိတ် ဖော်ကြ ပြတ်ကြပြီ''

ဦးရန်ပိုင်၏ မျက်နှာသည် သမီးချော ဆေးကျောင်းသူ၏ ကုနည်းကုထုံး တွေကို ဂုဏ်ယူမဆုံးနိုင်ဘဲ ပီတိရောင် ညီးညီးဖြာဝေနေလေ၏။

''ယော... ကားသံကြားတယ်၊ မကြွယ်ရေ၊ သမီးပြန်လာပြီ ကြိုလိုက်ပါဦး''

ဟု ဒေါ်စန္ဒီက အခန်းထဲမှ လှမ်းအော်သည်။

''ဟုတ်ကဲ့ရှင့်''

ဟူသော အသံနှင့်အတူ အိမ်ရှေ့ပြေးထွက်သွားသော ခြေသံကြားရသည်။ မကြွယ်သည် စတုတ္ထတန်း ကျောင်းသူကလေးဖြစ်ကာ နံနက်ပိုင်းအိမ်တွင် ဝိုင်းကူလျက် နေ့လယ် ကျောင်းတက်ရလေသည်။

''မေမေရေ... မေမေ''

မရွှေစင်၏ အသံစူးစူးကို ကြားရပြီး ခြေသံတဖျပ်ဖျပ်ကြားရသော မရှေး မနှောင်းပင် သမီးငယ်က အခန်းထဲရောက်ရှိလာလေ၏။

''ဟဲ့... ဟဲ့ အမောတကော ပြေးလာလိုက်တာ၊ ငါ့သမီးနောက် လူလိုက် လာပြီထင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



ဟု ဦးရန်ပိုင်က ကျယ်လောင်စွာ လှမ်းပြောလိုက်သည်။

ရွှေစင်အိက မရယ်ဘဲ မျက်မှောင်ကြုတ် ခေါင်းယမ်း၍ ဟန့်တားလေသည်။ ပြီးမှ ဒေါ်စန္ဒီလက်မောင်းကို လှုပ်ယမ်း၍-

"မေမေ ဧည့်သည်ပါလာတယ်"

ဟု အားတက်သရော ပြောချလိုက်လေသည်။

ကြမ်းပြင်ပေါ် ဆောင့်ကြောင့်ထိုင်ကာ ပလတ်စတစ် ဂေါ်ပြားကလေးထဲသို့ ဖုန်မှုန့်၊ အမှိုက်စ သိမ်းထည့်နေသော ဒေါ်စန္ဒီက သမီးမျက်နှာကို မော့ကြည့်လိုက်သည်။

"ဘယ်က ဧည့်သည်လဲ သမီး…"

ရွှေစင်အိသည် 'မေမေ့ ဧည့်သည်' ဟု ထပ်ဆင့် အတည်ပြုလိုက်ပြန်သည်။

"ဘယ်သူလဲ သမီးရဲ့"

ရွှေစင်အိက မိခင်လက်ထဲမှ ဂေါ်ပြားနှင့် ကြက်မွေးကိုယူကာ အခန်းထောင့်မှာချထားသည်။

"လာပါ မေမေရဲ့… မြန်မြန်"

"စန္ဒီ၊ သမီးက စန္ဒီ့ကို ပဟေဠိဝှက်နေတာကွ၊ ဒါကြောင့် ဘယ်သူလာတယ်ဆိုတာ မပြောတာ၊ ကဲ… လိုက်ကြည့်စမ်းပါ စန္ဒီရာ"

ရွှေစင်အိမှာ အမှန်ပင် မေမေ့ကို ပဟေဠိဝှက်နေခြင်း ဖြစ်သော်လည်း သူမ၏ လုပ်ရပ်ကို ဖခင်ကြီးက တည့်တည့်ကြီး ဖွင့်ဟနောက်ပြောင်လိုက်သောအခါ သူမမှာ ကလေးပမာ သိမ်ငယ်သွားသည်ဟုမှတ်လျက် အောင့်သက်သက် ဖြစ်သွားလေ၏။

မရွှေစင်က မိခင်အနီးသို့ တိုးကပ်ကာ-

"ဘယ်သူလဲဆိုတော့ ရှီနိုမီရာစံပေါ့ မေမေ"

ဟု အေးချမ်းညင်သာစွာ ပြောပြလေသည်။

"ဘာပြောတယ် မရွှေစင်"

"ရှီနိုမီရာစံလို့ ပြောတာလေ မေမေရဲ့"

"နောက်စရာရှားလို့ သမီးရယ်"

ဒေါ်စန္ဒီမျက်နှာ မှိုင်းညို့သွားသည်။

"ဘယ်ကလာ နောက်ရမှာလဲ မေမေရဲ့၊ ရွှေစင်က ဖေဖေနဲ့ ဘွားလေး





ကိုသာ နောက်တတ်တာ၊ တခြားသူတွေကို ဘယ်တုန်းက နောက်ဖူးလို့လဲ၊ လာပါဆိုမှ ဧည့်ခန်းထဲရောက်နေပြီ"

ဒေါ်နန်းမြစန္ဒီသည် မယုံကြည်နိုင်ဘဲ ရွှေစင်အိမျက်နှာကို စေ့စေ့ကြည့်ကာ အကဲခတ်မိသည်။ ရွှေစင်အိကလည်း မျက်နှာကလေးတည်တည်ဖြင့် သူမ အမှန်ကို ပြောနေပါကြောင်း အတည်ပြုလေသည်။

သမီးရွှေစင်သည် ရှီနိုမီရာစံအမည်ကို ဘယ်လို သိနေပါလိမ့်။ ဒေါ်လေးဆီက သိတာနေမှာပါပဲ။ မရွှေစင် ပြောဆိုပုံမှာ ရှီနိုမီရာစံနှင့်ပတ်သက်၍ အကျွမ်းတဝင် ရှိလှသည်။ မိခင်ဖြစ်သူအတွက် အရေးပါအရာရောက်သူအဖြစ် သိထားမှန်းလည်း ထင်ရှားလှသည်။

တစ်ဖန် မရွှေစင်သည် သူမစကားအတိုင်းပင် အဘွားနှင့်အဖေ့ရှေ့မှာ ပေါက်ကရလေးဆယ် ပြောနေတတ်သော်လည်း ကျန်အကြောင်းကိစ္စမှန်သမျှတွင် သူမသာလျှင် တတ်သိနားလည် လူတွင်ကျယ်လုပ်ချင်လှရကား လူကြီးနှင့် မတူတူအောင် လုပ်ဆောင်ပြောဆိုမြဲ ဖြစ်ချေသည်။ သည်တော့ မိခင်အတွက် အရေးပါအရာရောက်သည်ဟု သူမ ယူဆထားသော ကိစ္စတစ်ခုနှင့်ပတ်သက်၍ နောက်ပြောင်စရာအကြောင်း မရှိတန်ရာ။

သို့တိုင် 'ဟုတ်ရဲ့လား သမီးရယ်' ဟု သံသယ မကုန်ချင်။

"အဟုတ်ပါဆိုမှ မေမေရာ၊ ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက မြန်မာပြည်ကို ရောက်ရှိခဲ့တဲ့ တစ်လိုင်းနဲ့ကြယ်တစ်ပွင့် ရဲဘော်ကလေး ရှီနိုမီရာစံ အစစ်အမှန်ပါပဲ၊ အခု ကမ္ဘာလှည့်ခရီးသည်ကြီးအဖြစ် မြန်မာပြည်ကို ပြန်ရောက်လာပြီး မေမေ့ဧည့်ခန်းမှာ ထိုင်နေပါပြီ"

"သူ မသေဘဲကိုး၊ ဝမ်းသာလိုက်တာကွယ်"

ဆိုပြီးမှ-

"မေမေက သမီးကိုမယုံလို့ မဟုတ်ဘူးနော်၊ ထူးဆန်းနေလို့ပါကွယ်"

ဟု တောင်းပန်လေ၏။

"ဒါပေါ့ မေမေ၊ အဖြစ်က မယုံလောက်စရာကိုး၊ ရွှေစင် နားလည်ပါတယ်"

ဟု မရွှေစင်က ပြောပြောဆိုဆိုဆွဲခေါ်ရာသို့ ဒေါ်စန္ဒီ ပါသွားတော့သည်။

"ဟ… ဘယ်သူတုံး သမီးရ၊ ဖေဖေနဲ့ကော သိသလား"

ဟု ၄က်ပျောခွဲဝှက်ရင်း ဦးရန်ပိုင်က သမီးကို လိုက်၍စနေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ဖေဖေနဲ့ မသိပါဘူး၊ မေမေ မိတ်ဆွေဆိုပါမှ”

ဟု ရွှေစင်က စပ်စုလိုက်တာဟူသော အမူအရာနှင့် မေးကလေးငေါ့ရာ ဦးရန်ပိုင် ပြုံးပြုံးကြီး ကျန်ခဲ့ပြန်လေ၏။

ဧည့်ခန်းထဲတွင် နံရံဝယ် မှန်ဘောင်သွင်းကာ ချိတ်ဆွဲထားသော အင်းလေးကန်အတွင်း အင်းသားတစ်ဦး ခြေဖြင့်လှေလှော်နေသော ဆည်းဆာချိန် နေဝင်လုဆဲ ရှုခင်းပုံစက္ကူညှပ် ပန်းချီကားချပ်ကို ရပ်ကြည့်နေသောသူ၊ သူမကို လှည့်အကြည့်ဝယ် မည်မျှပင် ရင့်ရော်အိုမင်းခဲ့ပြီဖြစ်သော်လည်း မပြောင်းလဲ၊ လေးနက်နူးညံ့သိမ်မွေ့ဆဲဖြစ်သော မျက်လုံးများကို တွေ့မြင်ရပါလေ၏။

ဩော်… မရွှေစင် ပြောသလိုပင် ဤဧည့်သည်သည် ရှိန်မီရာစံ အစစ်ပါပဲ၊ စန္ဒီ အမြတ်တနိုး ချိတ်ဆွဲထားသော ဤပန်းချီကား၏ လက်ရာရှင်ပါပဲ။

“ခုလို ကျန်းကျန်းမာမာ ပြန်လည်ဆုံတွေ့ရတာ ကျွန်တော် သိပ်ဝမ်းသာပါတယ် စန္ဒီ”

သူ့စကားသံသည် စစ်အတွင်းတုန်းကထက် မယှဉ်သာအောင် ပို၍ ဝဲနေသော်လည်း စန္ဒီ့နားဝယ် ယဉ်ပါးဆဲမို့ အဓိပ္ပာယ်ကောက်ယူနိုင်ပါသေးသည်။

“ရှိန်မီရာစံ”

ဟု ဝမ်းပန်းတသာ လှမ်းခေါ်နှုတ်ဆက်လိုက်ခြင်းပင် ဖြစ်သော်လည်း သူမ၏ အသံသည် လည်ချောင်းထဲတွင် ဆို့နစ်ပျောက်ကွယ်သွားလေသည်။

မသေကြလို့သာ တွေ့ရတာပဲဟု စန္ဒီပြောချင်သလို ရှိန်မီရာစံလည်း ပြောချင်မှာပါ။ ယနေ့ ယခုအချိန်အခါအထိ တစ်ယောက်ကိုတစ်ယောက် အသက်ရှင်လျက် ရှိနေပါသေးသည်ဟု သိခွင့်မျှပင် မရခဲ့ကြပေဘဲ။

“ကျွန်တော်တို့ မသေခင် ပြန်တွေ့ကြရသေးတယ်၊ လောကကြီးဟာ ဆန်းကြယ်တယ်နော်”

သူမသည် ယခုမှပင် ကာသိုလ်ကံ ဖေးမ၍ ရရှိလေသော ဆုလာဘ်ကို တွေးကာ ပြုံးဖို့ သတိရလာသည်။ ပါးနှစ်ဖက်ဝယ် ပါးချိုင့်ကလေးများ ထင်းခနဲ ပေါ်လာလေသည်။

ရှိန်မီရာစံလည်း ပြုံးနိုင်ပါပြီ။ နူးညံ့သော သူ့အပြုံးကိုလည်း သူပိုင်ဆိုင်နေဆဲပါပဲ။

“ရှိန်မီရာစံ မြန်မာစကား တတ်သေးတယ်နော်”





သည်စကားကို စန္ဒီက ဂျပန်လိုပြောလိုက်တာပါ။

ကြည်နူးနှစ်သက်စွာနှင့် ရှိန်မီရာစံ ရယ်မောတော့သည်။

“စန္ဒီတို့ မိသားစုနဲ့ ပြန်တွေ့တဲ့အခါ နှုတ်ဆက်ဖို့ ကျွန်တော် လေ့ကျင့်ထားပါတယ်၊ များများ မတတ်ပါဘူး၊ နည်းနည်းပဲ တတ်ပါတယ်”

မရွှေစင်က–

“ထိုင်လေ ရှိန်မီရာစံ၊ ကိုကြည်သာလည်း ထိုင်ပါ”

ဟု ဝင်ပြောလိုက်မှ–

“အိုး… ဟုတ်ပါရဲ့၊ ထိုင်ပါဦး ရှိန်မီရာစံ၊ တူမောင်လည်း ထိုင်လေကွယ်။ ဒေါ်ဒေါ်ဖြင့် အံ့သြရလွန်းလို့ ဧည့်သည်ကို ထိုင်ဖို့တောင် မပြောမိတော့ဘူး”

ဟု ဒေါ်စန္ဒီက သူမအဖြစ်ကို သူမ ရယ်မောနေလေ၏။

“သိပ်အံ့သြဖို့ ကောင်းတာပဲ ရှိန်မီရာစံ၊ ဒီတစ်သက် ပြန်တွေ့ရဦးမယ်လို့ စန္ဒီ မမျှော်လင့်တော့ဘူး”

“စန္ဒီ ဂျပန်လို ပြောနိုင်သေးတယ်၊ ဟိုတုန်းကထက်တောင် ပိုပြောနိုင်သေးတယ်”

“စန္ဒီ ဂျပန်စာဖတ်တယ်၊ ဂျပန်သီချင်း နားထောင်တယ်”

မရွှေစင် အဘိုးကြီး အဘွားကြီး အပြန်အလှန် စကားပြောနိုင်နေကြပြီမို့ ပိုနေရှာသော ကိုကြည်သာ မငြီးငွေ့စေရန် ဓာတ်ပုံအယ်လ်ဘမ်စာအုပ်များ ထုတ်ပေးလိုက်၏။

“ရွှေစင် စားစရာတစ်ခုခု သွားလုပ်ဦးမယ်။ အတော်ပဲ၊ ရွှေစင် ခေါ်ပုတ်ကြော်လိုက်မယ်၊ ရှိန်မီရာစံဟာ ခေါ်ပုတ်သိပ်ကြိုက်တာပဲလို့ ဘွားလေး ပြောပြထားလို့ ရွှေစင်သိထားတယ်၊ ဟုတ်သလားလို့ မေးကြည့်ပါ ကိုကြည်သာ”

ရွှေစင်အိက မောင်ကြည်သာအတွက် ကဏ္ဍကလေး ဖန်တီးပေးသဖြင့် မောင်ကြည်သာလည်း မစ္စတာရှိန်မီရာစံအား ဂျပန်လို မေးပေးရလေ၏။

မစ္စတာရှိန်မီရာစံက ခေါင်းညိတ်ပြုံးရယ်ကာ–

“ဒေါ်လေးက ကျွန်တော် ခေါ်ပုတ်ကြိုက်တာ မှတ်မိသေးတယ် ကြားရတော့ ဝမ်းသာလိုက်တာဗျာ”

ဟု ပြောရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး ဖေဖေ့ကိုလည်း ထွက်ခဲ့ဖို့ ပြောလိုက်ပါဦးကွယ်၊ ရှီနိမီရာစံနဲ့ မိတ်ဆက်ပေးရအောင်"

"ဒီအလာလမ်းမှာ သမီးပြောပြလို့ စန္ဒီ ခင်ပွန်းနဲ့လည်း မိတ်ဆွေ ဖြစ်ချင်လှပါတယ်"

"သူဟာ ကိုကို့မိတ်ဆွေပေါ့ ရှီနိမီရာစံ၊ ကိုကိုဟာ သူ့လက်ထဲမှာပဲ အသက်ကုန်ခဲ့ရပါတယ်"

"စန္ဒီ့အစ်ကိုရဲ့အကြောင်းတွေကို သမီးပြောပြပါတယ်၊ ပြီးတော့ ဦးလေးနဲ့ ကျွန်တော် ပြန်မတွေ့နိုင်တော့ဘူးဆိုတာ သိရပါတယ်၊ ဒါပေမဲ့ စန္ဒီနဲ့ ဒေါ်လေးတို့ အတာတို့ကို ပြန်တွေ့ရသေးတာမို့ ကျွန်တော် စိတ်ဖြေရပါတယ် စန္ဒီ"

ရွှေစင်အိက တွဲကူဖေးမကာ ဦးရန်ပိုင် ဧည့်ခန်းတွင်းသို့ဝင်လာသည်။ တစ်ဦးမှာ ခြေထောက်နာ၍ ကောင်းစွာမလျှောက်နိုင်သလို ကျန်တစ်ဦးမှာလည်း စစ်၏အမွေအဖြစ် ခြေထော့နင်းနှင့်။ ရှီနိမီရာစံက ဦးရန်ပိုင်ထံ လျှောက်သွား ကြိုဆိုလျက် ဦးရန်ပိုင်၏ အကောင်းကျန်ရစ်သော ဘယ်လက်ကို သူ့လက်နှစ်ဖက်နှင့် ဆွဲကိုင်နှုတ်ဆက်လေသည်။

ထို့နောက် မစွတာ ရှီနိမီရာစံက မောင်ကြည်သာဘက်လှည့်ကာ-

"စစ်ဟာ လူတွေကို လူသေရင်သေ၊ မသေရင် စိတ်သေ၊ ဒါမှမဟုတ် ပြန်တော့ လူ့ရောစိတ်ပါ မသန်မစွမ်းဖြစ်ပြီး ကျန်ရစ်စေပြန်တယ် မောင်ကြည်သာရယ်"

ဟု ဂျပန်လို ပြောလေသည်။

မောင်ကြည်သာက ဦးရန်ပိုင်အား ဘာသာပြန်ပြခြင်းဖြင့် စစ်သားအိုနှစ်ဦးတို့သည် တစ်ယောက်၏ခံစားချက်ကို တစ်ယောက်က ဝေမျှနိုင်ကြလေ၏။ သူတို့နှစ်ယောက် အသက်အရွယ်ချင်း မတိမ်းမယိမ်းပင်ဖြစ်သော်လည်း ရှီနိမီရာစံက များစွာ ပို၍အိုမင်းရင့်ရော်ခဲ့လေပြီ။

မျက်နှာချင်းဆိုင် ဝိုင်းဖွဲ့ကာ မောင်ကြည်သာ ဘာသာပြန်ပေးခြင်းအားဖြင့် စစ်အတွင်းက ဦးရန်ပိုင်တို့သည် ဖျဉ်းမနားမှ ရှမ်းပြည်နယ်တောင်ပိုင်းသို့ ချီတက်ကာ ဆေါစန္ဒီ့အစ်ကို ကိုသူရိန်တို့၏ ရှမ်းလူငယ် ဖက်ဆစ်တော်လှန်ရေးတပ်သားများနှင့် ပူးပေါင်း၍ တိုက်ခိုက်ခဲ့ကြရာ ဗိုလ်ဗထူး၏ အထက်မြန်မာပြည်တပ်များနှင့် ပူးပေါင်းရန် အောင်ပန်းအသွား၊ မရောက်မီကလေးမှာ တိုက်ပွဲဖြစ်ပွားလျက် ကိုသူရိန် ကျဆုံးကာ





သူကိုယ်တိုင်လည်း လက်တွင်ဒဏ်ရာရရှိပြီး လက်တစ်ဖက် ဖြတ်ပစ်လိုက်ရကြောင်းကို ပြောပြလေသည်။

ရှီနိမီရာစံတို့ကလည်း ရှမ်းပြည်နယ် မော်ချီးဘက်မှဖြတ်၍ ဘီးလင်း သထုံဘက်သို့ ဆုတ်ခွာထွက်ပြေးခဲ့ကြောင်း၊ ဘီးလင်းတွင် ညာခြေထောက် ဒဏ်ရာရကာ မသန်မစွမ်းဖြစ်ခဲ့ကြောင်း ပြောပြလေ၏။ ရှမ်းပြည်နယ်အတွင်း တစ်ဦးနှင့်တစ်ဦး ပွတ်ကာသီကာ ကျက်စားလှည့်လည်ခဲ့ရသည်ကို ယခုတော့ အပြန်အလှန် မေးမြန်းရင်း အတူစိတ်ဝင်စားဖွယ်၊ အတူရယ်မောဖွယ်၊ အတူ ကြေကွဲဖွယ်တို့ကို ကြုံတွေ့ကြရပြီ။

ရွှေစင်အိက လင်ယန်းတစ်ချပ် သယ်မကာ ဧည့်ခန်းထဲသို့ ဝင်လာလေသည်။

"ဒီအစားအသောက်ကို မှတ်မိတယ်မဟုတ်လား ရှီနိမီရာစံ"

"အသက်ကြီးပေမယ့် သတိကောင်းပါတယ် မရွှေစင်၊ ဒါခေါပုတ်၊ ဒါ အခါးရည် ဆားကလေးခတ်ပြီး သောက်ပါတယ်"

အားလုံး ရယ်ရယ်မောမော တသောသော ဖြစ်လာကြလေသည်။

မရွှေစင် အကြွမ်းပန်းကန်များထဲသို့ ဇွန်းပေါက်စကလေးဖြင့် ဆားအနည်းငယ်စီထည့်ပြီး အခါးရည် ငုံ့ပေးလေသည်။

"ဖေဖေ၊ ခြေထောက်အနာကို ဆေးထည့်တော့မလား"

ဦးရန်ပိုင်သည် သူ့အတွက် သမီးဖြစ်သူက ထွက်ပေါက်ရှာပေးလေ၍ ကျေးဇူးတင်ဝမ်းမြောက်စွာဖြင့်-

"အေး... ကောင်းသားပဲ"

ဟု ဧည့်သည်များကို နှုတ်ဆက်ကာ စာကြည့်ခန်းဝင်ခဲ့သည်။ ရွှေစင်အိက ဖခင်ကို တယုတယ တွဲခေါ်လေ၏။

"ဟူး... သူပြော ငါမသိ၊ ငါပြော သူမသိနဲ့ စိတ်ပင်ပန်းလိုက်တာ"

ဟု ညည်းညူလေသည်။

ရွှေစင်အိက အသင့်ပြုတ်ပြီးသော ညှပ်များ၊ ကတ်ကြေးများကို အသုံးပြုကာ အနာကို ဆေးကြော၍ ပတ်တီးလဲပေးသည်။

"အနာဝကသာ ပက်ပြဲကြီးဖြစ်နေတာ၊ ပြည်က မမှည့်သေးဘူး၊ ဖေဖေ ဆီးချိုထိန်းလို့ ရရင်တော့ ခွဲရမယ်၊ ဆေးရုံမှာ တစ်ရက်လောက်ပါပဲ၊ မနက်တက် ညနေဆင်းပေါ့"

ရွှေစင်အိက အပြင်ပြန်မထွက်မီ-



www.burmeseclassic.com

www.burmeseclassic.com



"ညည်ခန်းထဲက စက္ကူညှပ် ပန်းချီကားဟာ ရှိန်မိရာစ် ဆွဲသွားတာ မေမေရဲ့"

ဟု ပြောသည်။

"မေမေ ငယ်ကျွမ်းဆွေလား"

"ဟာ ဟ… ဖေဖေ မနာလိုဘူးလား"

ဦးရန်ပိုင်က ရှူးရှူးရှဲရှဲနှင့် စိတ်တိုဟန်လုပ်ပြတော့ ရွှေစင်အိ ပွဲကျသွားလေသည်။ ပြီးတော့ ဦးရန်ပိုင်က ခေါင်းငိုက်စိုက်နှင့် ငေးငိုင်ကျသွားဟန် လုပ်ပြပြန်သည်။

"အင်း… မနာလိုဖြစ်ရမလားလို့ စဉ်းစားနေတာ၊ အနှစ်သုံးဆယ်လောက် ပြန်ငယ်သွားရင်လည်း အကောင်းသား၊ ခုတော့ ဘာမှ မခံစားရတော့ဘူး။ လောလောဆယ် သမီးကို ဖေဖေ တောင်းပန်ချင်တာတစ်ခုပဲ ရှိပါတော့တယ် သမီးရယ်"

"ဘာလဲဟင် ဖေဖေ"

ရွှေစင်အိက ဇဝေဇဝါ အမူအရာနှင့် ပြန်မေးသည်။

"ဖေဖေ့ကို အားဆေး နည်းနည်းထိုးပေးပါလားကွယ်"

အဟုတ်မှတ်၍ နားထောင်နေသော ရွှေစင်အိသည် ဖခင်၏ပခုံးကို လက်သီးဆုပ်ကလေးနှင့် နှစ်ချက်သုံးချက် မနာအောင် ထုလိုက်မိတော့သည်။

ရွှေစင်အိ ညည်ခန်းထဲ ပြန်ရောက်လာလျှင် အတိုးကြီး၊ အဘွားကြီး နှစ်ယောက်မှာ ဂျပန်မြန်မာ နှစ်ဘာသာရောနှောလျက် စကားလက်ဆုံကျနေကြလေသည်။

မောင်ကြည်သာမှာမူ သူ့ခါးကြားတွင် ပါလာမြဲ တိုင်းမ်စာစောင်ကို ထုတ်ကာ ဖတ်ရင်း ခေါပုတ်ကို တမြုံ့မြုံ့စားနေလေသည်။

"ကိုကြည်သာ၊ သစ်ခွပန်း စိတ်ဝင်စားသလား၊ ရွှေစင်တို့ခြံထဲမှာ အတော်စုံတယ်၊ လိုက်ကြည့်ပါလား… ဟင်"

အကြည့်ချင်းအဆုံဝယ် မောင်ကြည်သာ့ရင်မှာ လှိုက်ခနဲ တုန်လှုပ်သည်။ လှပသော မိန်းကလေးများကို သူ မြင်ဖူးလှပြီ၊ လှပသော ပန်းကလေးများကို မြင်ရတွေ့ရသည့်နှယ်၊ တွေ့မြင်စဉ်ခဏ၌ စိတ်ထဲမှာ သာယာကြည်နူးရလျက် ကွယ်သည်နှင့် မေ့ပျောက်သွားမြဲသာ။ ရွှေစင်အိ အလှကိုမြင်ခါမှ သည်ရင်အုံက အဘယ့်ကြောင့် လှိုက်ခုန်ချင်ရပါလိမ့်။

သစ်ခွကို မောင်ကြည်သာ စိတ်မဝင်စားပါ။ သို့သော် စကားဝိုင်းပြင်ပတွင်





ငုတ်တုတ်ထိုင်နေရသည်ကို ငြီးငွေ့ချေပြီ။ ပြီးတော့လည်း လှပသော ရွှေစင်အိနှင့် အတူ သစ်ခွခြံထဲ လိုက်ရမည်ဆိုသည်မှာ ဆွဲဆောင်မှု အားကောင်းလှသည်။

ရွှေစင်အိ ဖိတ်ခေါ်မှုဆုံးသည်နှင့် မောင်ကြည်သာ ထိုင်ရာမှထရပ်ပြီး အသင့်ဖြစ်နေလေ၏။

◆



www.burmeseclassic.com

www.burmeseclassic.com

## (၉)

''ချယ်ရီတွေ ပွင့်နေတာမြင်ရတော့ ကိုယ့်တိုင်းပြည်ကို ကိုယ်လွမ်းမိတယ်ကွာ''

ချစ်သူတို့လမ်းကြားကလေးဝယ် နှစ်ယောက်သား အေးဆေးစွာ လျှောက်လာကြရင်း အရွက်မဆင် တစ်ပင်လုံးညွှတ်နေအောင် ဖူးပွင့်ဝေလျှံနေသော ပန်းရောင်ချယ်ရီတို့ကို ငေးမိကြသည်။

''ဂျပန်ပြည်ကနေ ထွက်ခွာလာခဲ့ရစဉ်တုန်းက ကိုယ့်သားလေးဟာ လေးဖက်သွားစပဲ ရှိသေးတာ၊ ဒီနေ့ သူ လေးနှစ်ပြည့်ပြီ''

ဆရာဝန်ကလေး မိုလ်ယာမာမိုတိုက လွမ်းလွမ်းဆွေးဆွေး ညည်းညူနေရှာသည်။

တစ်လိုင်းနှင့်တစ်ပွင့်ရှင် တပ်သားကျော်ကလေး ရှိန်မီရာစံကတော့ လက်လှမ်းမီသော ချယ်ရီတစ်ခက်ကို ချိုးယူကာ ရင်ဘတ်မှာ ထိုးစိုက်နေ၏။

မိုလ်ယာမာမိုတိုသည် ရှိန်မီရာစံ၏ လှုပ်ရှားမှုကင်းမဲ့သော မျက်နှာကိုကြည့်ကာ အားမလိုအားမရ ဖြစ်မိသည်။ ဤသူငယ်သည် အသက် နှစ်ဆယ်ကျော်မျှသာ ရှိသေးသည်။ သို့သော် စစ်၏ ထုထောင်းညှဉ်းပန်းခြင်းဖြင့် ပင်ပန်းနွမ်းရိကာနေပြီ။ ဖြူဝါဝါ အသားအရေ၊ ပိန်လှီလှီ ခန္ဓာကိုယ်နှင့် ညစ်ထပ်ထပ် စုတ်ပြတ်ပြတ် ယူနီဖောင်းတို့သည် သူ၏အသွင်ကို ပို၍ ပင်ကိုရှိရင်းထွဲ ရုပ်လက္ခဏာထက် မေးမှိန်၍ ညှိုးရော်နေစေလေ၏။





''မင်းကတော့ လူပျိုလူလွတ်ဆိုတော့ မလွမ်းတတ်ဘူးပေါ့ကွာ''

''လွမ်းတတ်ပါတယ် ခင်ဗျာ၊ ကျွန်တော့်မေမေနဲ့ ကျွန်တော့်အစ်ကို လူမမာကျန်ရစ်ခဲ့တော့ လွမ်းလည်းလွမ်း၊ စိတ်လည်းပူရပါတယ်၊ ဒါပေမဲ့ ကျွန်တော်ဘာမှမတတ်နိုင်တော့ မေ့မေ့ပျောက်ပျောက်နေဖို့ပဲ ကြိုးစားရတော့တာပဲ''

ဤသူငယ်သည် ရင်ထဲမှာရှိသည့်အတိုင်း ပြောပြနေကြောင်း မိုလ်ယာမာမိုတို သိသည်။

''ဂျပန်ပြည်မှာ ချစ်စရာကောင်မလေး တစ်ယောက်လောက် မကျန်ရစ်ခဲ့ဘူးလား ရှိန်မီရာစံ ''

ဟု သူက ကျီစယ်လိုက်မိပြန်လေသည်။

''ကျန်ရစ်ဖို့ အချိန်မရလိုက်ပါဘူး မိုလ်ကြီးရယ်၊ စစ်ထဲဝင်လိုက်ရတော့ ကျွန်တော် ဆယ့်ခုနစ်နှစ်ပဲ ရှိသေးတာ''

''မင်းက တကယ့်အလွမ်းကို မခံစားတတ်သေးဘဲကိုး''

မြေနီလမ်းကလေးအတိုင်း ဆက်လျှောက်လာကြသည်။

''မောနေပြီလား ရှိန်မီရာစံ''

''နည်းနည်းပါပဲ၊ ကျွန်တော် ခုတစ်လော အဖျားသိပ်မတက်လို့ ထင်ပါရဲ့၊ ခါတိုင်းထက် အမောခံနိုင်လာတယ်''

''အေးကွာ၊ မင်း ငှက်ဖျားကလည်း အမြစ်ကိုမပြတ်ဘူး၊ ကိုယ်လည်း ရှိသမျှနဲ့ တတ်သမျှတော့ ကုတာပဲကွ၊ အေးလေ၊ မင်းအတွက်တော့ မပြောတတ်ဘူး၊ ကိုယ်တော့ မင်းအဖျားမပြတ်ဘဲ ဆေးရုံမှာ သောင်တင်နေတာကိုပဲ အဖော်ရပြီး နေသာထိုင်သာ ရှိသေးတော့တယ်၊ မင်းမရှိရင် ကိုယ့်မှာ ဘယ်လောက်များ အထီးကျန်လိုက်မလဲ''

''ကျွန်တော်လည်း မိုလ်ကြီးဆီမှာ နေရတာပျော်ပါတယ်၊ အကြာကြီး ဆေးရုံတက်နေရတော့ အချောင်ခိုသလို ဖြစ်နေမလားလို့တော့ မလုံမလဲ ဖြစ်မိတာပေါ့ မိုလ်ကြီးရာ''

''မထူးတော့ပါဘူးကွာ၊ ကိုယ်တို့ စစ်ရှုံးနေပြီပဲ''

မိုလ်ယာမာမိုတိုက တိုတောင်းစွာ ပြောလိုက်သည်။ ရှိန်မီရာစံက ဖြူရော်သော နှုတ်ခမ်းပါးပါးကို တင်းတင်းစေ့လိုက်လေသည်။ တစ်စုံတစ်ရာမှ ပြန်မပြော။

မိုလ်ယာမာမိုတို၏စိတ်သည် ဂျပန်ပြည်တွင် ကျန်ရစ်သော ဇနီးနှင့်သားငယ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားပြန်သည်။ အိမ်ထောင်သက် ငါးနှစ်ဆိုသော်လည်း အတူနေရချိန်သည် နှစ်နှစ်ပင် မရှိခဲ့။

"သားကလေးကို သူ့အမေက ဘာမွေးနေ့လက်ဆောင် ဝယ်ပေးမလဲ မသိဘူး"

ရှိန်မီရာစ်သည် သူ့ဗိုလ်ကြီးကို သနားလာကာ 'ဘောလုံးကလေးများ ဝယ်ပေးမလား' ဟု ဝိုင်းဝန်းစဉ်းစားပေးမိ၏။

"ဟိုက်"ခနဲ အာမေဋိတ်ပြုရင်း လက်တစ်ဖက်နှင့် မျက်မှန်ကို ကာကွယ်လျက် ဗိုလ်ယာမာမိုတို နောက်သို့ ယိုင်သွားသည်။ နောက်ပြန်လန်၍ လဲမကျအောင် သူ့ကျောကို နောက်ကျောမှ ဖေးမလိုက်ရသူ ရှိန်မီရာစ်မှာလည်း ခြေလှမ်းပျက်ကာ ယိုင်ထိုးသွားရလေသည်။

"အယိုယို··· မျက်မှန်မကွဲလို့ တော်ပေတော့တယ်"

သူတို့ခြေရင်းသို့ ဖုတ်ခနဲ ကျသွားပြီးနောက်၊ တောင်ခြေဘက်သို့ အရှိန်နှင့် လိမ့်ဆင်းသွားသော ဘောလုံးကလေးကို နှစ်ယောက်သား တွေ့ကြရသည်။

"အားနာလိုက်တာရှင်၊ အများကြီးတောင်းပန်ပါတယ် မာစတာတို့ရယ်၊ စိတ်မဆိုးပါနဲ့နော်"

လမ်းနံဘေး ချယ်ရီပင်များကြားဝယ် ဖြူဖြူဝဝ မိန်းမကြီးတစ်ဦးသည် သူမ လက်တွင်းမှလွတ်အောင် ရုန်းကန်နေသော ဖြူဖြူဖွေးဖွေး သုံးလေးနှစ်အရွယ် လုံးလုံး တစ်တစ် ချစ်စရာကလေးငယ်ကို အတင်းဖမ်းဆီးချုပ်နှောင်နေရင်းမှ သူတို့အား ကြောက်လန့်တကြား လှမ်း၍တောင်းပန်သည်။

"ကိစ္စမရှိပါဘူး၊ မတော်တဆဖြစ်တာပါ"

ဟု ဗိုလ်ယာမာမိုတိုက တတ်ကျွမ်းထားသော မြန်မာစကားနှင့် ပြန်လည် ဖြေကြားပြီးနောက်-

"ဘောလုံးကောက်မယ်"

ဟု ကလေးကို လက်တစ်ဖက်မြှောက်ပြကာ တောင်ဆင်ခြေလျှောအတိုင်း အပြေးကလေး ဆင်းသွားလေ၏။

ကလေးငယ်သည်လည်း မိန်းမကြီးလက်မှ ရုတ်တရက် ရုန်းကန်လွတ်မြောက်ကာ ဗိုလ်ယာမာမိုတိုနောက်သို့ အပြေးလိုက်သွားတော့သည်။ ဗိုလ်ယာမာမိုတိုက ပြေးလိုက်လာသော ကလေးငယ်ကို တစ်ချက်လှည့်ကြည့်လိုက်ပြီး ပျော်ရွှင်စွာ တဟားဟား ရယ်မောလျက် ပို၍လျင်မြန်စွာ ပြေးနှင့်လေ၏။





မိန်းမဝဝကြီးခမျာ-

"ဟဲ့··· အတာ၊ ဟဲ့··· သား···· အို···"

ဟု အော်ဟစ်ညည်းညူရင်း အိပုံအိပုံနှင့် ပြေးလိုက်ရရှာပြန်တော့သည်။

ထိုခဏဝယ် ချယ်ရီတစ်ပင်အောက်၌ ပင်စည်ကိုမှီကာ ထိတ်လန့်နေရှာသော မောရှမ်းသမီးပျိုတစ်ဦးကို ရှိန်မီရာစ် တွေ့လိုက်ရလေသည်။ ဆံပင်ကုပ်ဝဲနှင့်၊ ထဘီအနီကလေးနှင့် လက်တွင် ချယ်ရီပန်းများကိုင်လျက်။

အသားဖြူဖြူနုနု၊ နီမြန်းနေသော ပါးအို့များ၊ ပြီးတော့ အပြစ်ကင်းစင်၍ သန့်ရှင်းသမျှ ထိတ်လန့်ကြောက်ရွံ့ခြင်း ဖုံးလွှမ်းနေသောမျက်လုံးများ။

မိမိတို့ ဂျပန်များကို မြန်မာတိုင်းရင်းသားတို့သည် ဤမျှ အထင်သေး ကြောက်ရွံ့မုန်းတီးနေကြပါပကောဟု ရှိန်မီရာစ် စိတ်ထိခိုက်မိသည်။

မိန်းကလေး အကြောက်ပြေစေတော့ဟူ၍ သူက အနူးအညွတ်ဆုံး ပြုံးပြမိ သည်။ သို့တိုင် မိန်းကလေး တုံ့ပြန်၍ ပြုံးပြနိုင်ခြင်းမရှိဘဲ မယုံမရဲအကြည့်နှင့် ခြေတစ်လှမ်း ဆုတ်သွားလေသေး၏။

"မိတ်ဆွေပါ"

ဟု တတ်ကျွမ်းထားသော မြန်မာစကားနှင့် ကြိုးစားမိတ်ဖွဲ့မိသည်။

သို့တစေ သူ၏ ဖြူဝါဝါပိန်လှီသော ရုပ်ဆင်းသွင်ပြင်နှင့် ညစ်ထေးစုတ်ပြတ် သော ယူနီဖောင်းတို့သည် ရှမ်းမကလေး၏ ကြောက်လန့်ခြင်းကို ပိုကဲစေသည် ထင်၏။

ဘောလုံးကို ဗိုလ်ယာမာမိုတိုက အလျင် ကောက်ယူလိုက်သည်။ သူက ပြေးလာသောကလေးကို ဆီးကြိုပွေ့ဖက်ကာ သူ့ပါးကို နမ်းခိုင်းသည်။ ကလေးက မငြင်းဆန်ဘဲ တအားဖက်နမ်းပြီးမှ ဘောလုံးကို ဆတ်ခနဲ လုယူလိုက်လေသည်။ ဗိုလ်ယာမာမိုတို၏ ရယ်မောသံသည် တောင်ခြေတစ်ဝိုက်ဝယ် ပဲ့တင်ထပ် သွား လေ၏။

"နာမည်က ဘာလဲ၊ နာမည်"

ဟု ဗိုလ်ယာမာမိုတိုက မေးသည်။

"ပြောလိုက်လေ အတာ၊ အတာလို့ ခေါ်ပါတယ်လို့ပြောလေ"

ဟု အဒေါ်ကြီးက သင်ပေးသည်။

"ဘာတော်သလဲ အဒေါ်···"



www.burmeseclassic.com

www.burmeseclassic.com



“မြေးပါ၊ ကျွန်မရဲ့တူက မွေးတာ”

“အသက်… အသက်၊ သုံးနှစ်လား လေးနှစ်လား”

“လေးနှစ်ပါ မာစတာ”

“ဘယ်လ မွေးသလဲ”

“နိုဝင်ဘာလပါ၊ လေးနှစ်ပြည့်ပြီးပါပြီ”

ဗိုလ်ယာမာမိုတိုသည် အတာလေးကို ဆွေးမြည့်စွာကြည့်လျက်-

“ကျွန်တော့်သားလည်း ဒီအရွယ်ပဲ”

ဟု ဆို၏။

မိန်းမကြီး၏ မျက်နှာသည် အတန်ငယ် လျော့ပြေသွားသည်။ ဗိုလ်ယာမာမိုတိုကို ဝေခွဲရခက်ဟန်နှင့် ကြည့်သည်။

“မတွေ့တာကြာပြီ၊ ကျွန်တော် သိပ်လွမ်းတယ်”

မိန်းမကြီးက ခေါင်းတညိတ်ညိတ်ပြုရှာ၏။

“အတာ ဘယ်မှာနေလဲ”

ဟု ဗိုလ်ယာမာမိုတို မေးသည်ကို-

“သားတို့ သစ်တောရပ်ကွက်မှာပဲနေတာ ဦးဦး၊ နီးနီးကလေးပဲ လိုက်လည်ပါလား၊ သားတို့ခြံထဲမှာ သစ်တော်သီးတွေ အများကြီးပဲ”

ဟု အတာက သွက်လက်စွာဖြေသည်။

“ကျွေးမလား”

“ကျွေးမယ်၊ သားကို ချီသွားနော် ဦးဦး”

ဗိုလ်ယာမာမိုတိုက အတာ့ကို ပွေ့ချီကာ အတာ လမ်းညွှန်သည့်အတိုင်း လျှောက်သွားတော့သည်။ ကလေးမ၏မျက်နှာ ညိုမှောင်သွားသည်ကို ရှီနိုမီရာစ် တွေ့ရသဖြင့် ပြုံးလည်းပြုံးမိသည်။ စိတ်မကောင်းလည်း ဖြစ်မိသည်။ သူတို့သည် ဤသို့ ကြောက်လန့်ရွံမုန်းဖွယ် လူဆိုးလူယုတ်မာကြီးများအဖြစ် သတ်မှတ်ခြင်း မခံလိုပါ။

အဒေါ်ကြီးက မိန်းကလေးဘက်သို့ လှည့်ကြည့်ကာ စိတ်အိုက်လှဟန် မျက်နှာတစ်ချက်ရှုံ့မဲ့ပြီးမှ ရှီနိုမီရာစ်ကိုသတိရကာ ကပျာကယာ မျက်နှာပြင်လျက် မချိသွားဖြဲ ပြုံးပြသည်။

“စန္ဒီ၊ လာလေ”





ဟု အဒေါ်ကြီးကခေါ်မှပင် မိန်းကလေးသည် ချယ်ရီပင်စည်နှင့်ကျော တစ်သားတည်းကျအောင် ကပ်နေရာမှခွာကာ ရှီနိုမီရာစ်ရှေ့မှ တွန့်ဆုတ်စွာ ဖြတ်လျှောက်လာလျက် အဒေါ်ကြီးထံ သွားလေ၏။

အဒေါ်ကြီးက ရှီနိုမီရာစ်ကို မျက်နှာချိုသွေးလျက် တစ်ချက်ပြုံးပြကာ မိန်းကလေး၏လက်ကို တင်းတင်းဆွဲပြီး ဗိုလ်ယာမာမိုတိုနောက်သို့ လေးကန်စွာ လိုက်သွားလေသည်။

ရှီနိုမီရာစ်သည် နောက်ဆုံးမှ အေးဆေးစွာ လိုက်လာသည်။ ဗိုလ်ယာမာမိုတိုသည် သူချီပွေ့ထားသော ကလေးငယ်နှင့် အပြန်အလှန် စကားတွေပြောကာ ရွှင်ပျရယ်မောလျက်ရှိပုံကို လှမ်းကြည့်ရင်း အိမ်လွမ်းနေသော သူ့ဗိုလ်ကြီးကို သနားနေမိလေ၏။

တိုက်ပုကလေးတစ်လုံးရှေ့တွင် ဗိုလ်ယာမာမိုတို ရပ်လိုက်သည်။ အတာကိုလည်း မြေပေါ် ချပေးလိုက်၏။

“ဦးဦး၊ သားသားတို့အိမ်ထဲ လိုက်ခဲ့ဦးလေ”

ဟု ကလေးငယ်က ဖိတ်ခေါ်နေပြန်သည်။

မိန်းကလေးကတော့ သူတို့နှစ်ယောက်ကို မျက်လုံးကလေး ဖေ့ကြည့်လျက် အားတင်း၍ တစ်ချက်ပြုံးပြပြီး နှုတ်ဆက်ကာ သုတ်သီးသုတ်ပျာ ခြံထဲဝင်သွားတော့သည်။ ပြုံးလိုက်စဉ် ပါးချိုင့်ကလေးနှစ်ဖက် ထင်းခနဲပေါ်လာသည်ကို ရှီနိုမီရာစ် တွေ့လိုက်ရလေသည်။

အဒေါ်ကြီးသည် ဝတ္တရားရှိသည့်အတိုင်း ကလေး၏နံဘေးတွင်ရပ်ကာ-

“ကဲ… တာ့တာ လုပ်လိုက်လေ အတာ”

ဟု ကလေးကို တွန်းတွန်းထိုးထိုးဆိုရင်းက အိမ်ဘက်သို့ လှမ်းပူပန်သော မျက်လုံးများနှင့် လှမ်းကြည့်နေတော့၏။

“သူတို့ ကျွန်တော်တို့ကို ကြောက်တယ်ဗိုလ်ကြီး၊ ပြန်ကြပါစို့”

ဟု ရှီနိုမီရာစ်က ဂျပန်လို သတိပေးလိုက်ရသည်။

“နက်ဖြန် ခြံဝက စောင့်နေပါ အတာ၊ မုန့်ယူလာခဲ့မယ်”

ဟု ဗိုလ်ယာမာမိုတိုက မှာဖြစ်အောင် မှာသည်။

“သားသား ဒန်းစီးပြီး စောင့်နေမယ်၊ ဟိုမှာ ဒန်းရှိတယ် တွေ့လား”

ကလေးက အနမ်းပျံကလေး ပေးလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အပြန်လမ်းတွင် ဗိုလ်ယာမာမိုတိုက ပြုံးပြုံးကြီးနှင့်-

"ကိုယ့်သားလည်း ဒီလိုပဲ ချစ်စရာကောင်းမှာပဲ ရှိနိုမီရာစံ"

ဟု ဆို၏။

ရှိနိုမီရာစံ ခေါင်းညိတ် ထောက်ခံလိုက်သည်။

"မနက်ဖြန် ကလေးဖို့ ကိုယ် မုန့်လာပို့ဦးမယ်ကွာ"

"သူတို့ သိပ်ကြောက်တယ် ဗိုလ်ကြီး"

"အိုကွာ ကိုယ်တို့ အန္တရာယ်မပြုဘူးဆိုတာ သိသွားရင် အကြောက်ပြေသွားမှာပါ။ ကိုယ် အဲဒီကလေးကို ချစ်တယ်ကွာ၊ ပါးကလေးတွေက နီဖောင်းနေတာပဲ၊ မျက်လုံးကလေးတွေကလည်း ပြာလို့၊ ကိုယ့်သားကလေး ငယ်ငယ်က အဲဒီအတိုင်းပဲကွာ၊ ခုဆို ဒီလိုပဲ စကားတွေ တတ်လှရော့မယ်"

ရှိနိုမီရာစံ မျက်လုံးထဲမှာတော့ ထဘီနီနှင့် ပါးအို့နီမြန်းသော ရှမ်းမလေး၏ တွန့်ဆုတ်ထိတ်လန့်နေသော အမူအရာလေးကိုပဲ မြင်ယောင်နေသည်။

စစ်အတွင်းဝယ် ဖူးရပွင့်ရလေ၍ ဝင့်ဝင့်ထည်ထည် လှဂုဏ်မကြွယ်နိုင်ရှာဘဲ သစ်ရွက်အကြိုအကြားမှာ ခိုဝင်ပုန်းအောင်းနေရရှာလေလားဟုလည်း တွေးမိ၏။

ထိုညကလည်း ထုံးစံအတိုင်း ဗိုလ်ယာမာမိုတိုက သီချင်းဆိုကာ ရှိနိုမီရာစံက ဂစ်တာတီးဖြစ်ကြပြန်သည်။

ဗိုလ်ယာမာမိုတို အိပ်ပျော်သွားသော်လည်း ရှိနိုမီရာစံ မအိပ်နိုင်သေး။

ဂစ်တာတွင် သံစဉ်ရှာရင်း သီချင်းတစ်ပုဒ်သည် သူ့လက်များရှိ ကြိုးများသို့ ရင်ထဲမှ စီးဆင်းလာလေသည်။

နိယူကီရာမယူကီ မီရာမီနီမာအိနီ

ကီတာစိုကိုအုဂန် ရှမ်းနိုမာကီ

အိုယာနာ- ဘတကီနီ မတုကဓိဟုကီသာ

စာကူရာဟူဘူကီနိ ဟာရူစိရှိုင်း

(မှုန်ရီပြာ ကမ္ဘောဇဌာနေ

ချစ်သော မောနမ သဘာဝအလှမြေ

ဝေဝေဆာဆာလန်းဆန်း ချယ်ရီပင်တွေ

ပြုံးပျော်လို့ မဆုံးနိုင်ခဲ့ပေ

ရှမ်းကုန်းပြင်မြင့် ကိုယ်လွမ်းနေ





ရှမ်းတောင်တန်းရိုးမရေ

မြင်ယောင်မဆုံး ဟေမန်ဦးရဲ့ ညနေ...)

တုကီမိုအိုဘိုရှိနာက ရာစူအိစုကီတီ

ယူကာအနိကိုနိ တတေကူဘို

ဝါရေနိရာရှူနိက ဟာနာတာဘာစာအိုင်တီ

အကိုင် 'လုံချည်'ဂါ ကီနိကာရေရူ

ငယ်ငယ်ရွယ်ရွယ်

ချစ်မောနမ အပျိုစင်

ပန်းအလှချယ်ရီ ပွေ့ထားပေ

မမျှော်လင့်ဘဲနဲ့ ဆုံစည်းခဲ့ရတယ်

အသည်းတိုင် စွဲချစ်မိပြီ

ထဘီနီ ဆင်မြန်းလို့

ပါးချိုင့်ကလေးပေါ်အောင်

သူလေ ရွှင်ချိုပြုံး

ဆည်းဆာရဲ့ ချစ်သံယောဇဉ်

ချည်နှောင်မိခဲ့ပြီ...

သီချင်းတစ်ပိုင်းတစ်စမှာပင် ရှိနိုမီရာစံသည် သူ့ဗိုလ်ကြီး အိပ်ပျော်နေပြီမို့ ဗိုလ်ကြီး၏ဂစ်တာကို ထားရစ်ခဲ့ကာ သူ့အဆောင်သို့ ပြန်လာရသည်။

မျက်လုံးထဲတွင်တော့ ပါးချိုင့်ကလေးနှစ်ဖက်ကို စွဲစွဲလမ်းလမ်း မြင်ယောင်နေမိပါလေ၏။

◆



www.burmeseclassic.com

www.burmeseclassic.com

(၁၀)

ဦးမြအောင်သည် နှမဖြစ်သူ ဒေါ်မြနွစ်က ဂျပန်စစ်သားနှစ်ယောက် နောက်မှ ပါလာရခြင်း အကြောင်းရင်းကို ရှင်းပြစဉ် မသက်မသာမျက်နှာနှင့် နားထောင်နေသည်။

အချိန်ကာလကား လုံးဝ အတိမ်းအစောင်းမခံသော အခြေအနေ ဖြစ်လေသည်။ ဂျပန်တို့၏ အတုအယောင်လွတ်လပ်ရေး လောင်းရိပ်ဝယ် ရက်စက်ညှဉ်းပန်းခြင်းဒဏ် အလူးအလဲခံစားရင်း စီးပွားရေး၊ လူမှုရေး ကျပ်တည်းကျဉ်းမြောင်းလှသော မြန်မာနိုင်ငံသားတို့ကား မခံမရပ်နိုင်ခြင်းနှင့် နာကြည်း မုန်းတီးခြင်း အထွတ်အထိပ်သို့ တိုင်ခဲ့လေပြီ။

ဦးမြအောင်က အင်္ဂလိပ်အစိုးရလက်အောက်မှ ဝန်ထမ်းတစ်ဦး ဖြစ်ခဲ့သည်။

ဗြိတိသျှတို့ မြန်မာနိုင်ငံမှ ဆုတ်ခွာသွားခဲ့စဉ်က အစိုးရအမှုထမ်းများသည်လည်း ပြည်ပ ရှမ်းပြည်နယ်ဘက်သို့ လိုက်ပါဆုတ်ခွာကြသည့်အထဲတွင် ဦးမြအောင်လည်း အပါအဝင်ဖြစ်လေသည်။ ယခုအခါ ဒေါက်တာဘမော် အစိုးရ အာဏာရနေခိုက် ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် မဟာမင်းကြီးအဖြစ် ဦးခင်မောင်ဖြူ တာဝန်ယူခိုက် သူသည်လည်း မြို့တော်ဝန်ထောက်အဖြစ် အမှုထမ်းနေရ ပြန်လေ၏။

သူသည် မဟာမိတ်တို့ ပြန်အလာကို စောင့်မျှော်နိုက်ဝယ် သူ၏သားကြီး စိုင်းမြသူရိန်သည် ၁၉၄၄ ခုနှစ်၊ နှစ်ဦးပိုင်းက ရှမ်းပြည်နယ်သို့ ရောက်ရှိလာသော မြန်မာစစ်ဗိုလ်များ၏ စည်းရုံးချက်အရ ဗမာ့တပ်မတော်ထဲသို့ ခြေစုံပစ် ဝင်ရောက်သွားခဲ့လေ၏။





ဗမာ့တပ်မတော်ထဲ မဝင်မီ တောင်ကြီးမြို့ပေါ်တွင် နေထိုင်နိုက်လည်း အာရှလူငယ်အစည်းအရုံးဝင် တစ်ဦးအဖြစ်နှင့် အာရှလူငယ်စည်းရုံးရေးဟူ၍ နေ့မအား ညမအား ရှမ်းပြည်နယ်တစ်ခွင် ပြိပြိစင် လှည့်လည်ခဲ့ပြန်၏။

လူမှုဝန်ထမ်းလုပ်ငန်းများတွင်လည်း သားဖြစ်သူ စိုင်းမြသူရိန် ပါဝင်ရပြန်သည်။ ဗုံးခိုကျင်းများ တူးဖော်လျှင်လည်း သူ မပါလျှင်မပြီး။

သူ့အပေါင်းအသင်း ရှမ်းလူငယ်များသည် ဦးမြအောင်၏နေအိမ်သို့ အဝင်အထွက် များလာခဲ့သည်။ ထိုလူစုကို ဝမ်းပန်းတသာ ဆီးကြိုကာ ကြည်ဖြူစွာ ကျွေးမွေးပြုစုသူက နှမ ဒေါ်မြနွစ်။

အမှန်တော့ ဦးမြအောင်သည် သားဖြစ်သူကို ဤအသင်းအဖွဲ့များတွင် ပါဝင်နေခြင်းကို လုံးဝ မနှစ်ခြိုက်ပေ။ သို့တစေ မင်းကြီး၏ညီများကိုယ်တိုင် ပါဝင်လှုပ်ရှားနေသောအခါ သားဖြစ်သူကို အတင်းအကျပ် မတားသာ။ သားဖြစ်သူက သူ့ကို အသိမပေးဘဲ အဒေါ်ကိုသာ တိုင်ပင်ခွင့်တောင်းကာ အိမ်မှ တိတ်တဆိတ် ထွက်ခွာသွားခဲ့လေ၍ သူ အမျက်ဒေါသထွက်ခဲ့ရသည်။

သူ့သားသည် အိမ်ထောင်ပြုစဉ်အခါကလည်း ယင်းသို့ပင် သူမသိဘဲ အဒေါ်ကိုသာ အသိပေးလျက် မိန်းကလေးတစ်ယောက်ကို ခိုးပြေးသွားခဲ့သည်။ သူ စိတ်ဆိုး၍ စွန့်ပစ်ထားသော်လည်း သူ့နှမက အဆက်အသွယ် လုပ်နေခဲ့ကြောင်း သူ ရိပ်မိသိရှိရလေသည်။ သား၏ဇနီး ကလေးမီးဖွားပြီး ကွယ်လွန်သွားချိန်မှသာလျှင် သားအဖ ပြန်လည်သင့်မြတ်ကာ ရှမ်းပြည်နယ်သို့ အပြေးဝယ် သားနှင့်မြေးကို အပါခေါ်လာခြင်း ဖြစ်လေ၏။

သူ့မိခင်၏ရပ်ရွာ တောင်ကြီးရောက်၍ အာရှလူငယ်အစည်းအရုံးမှာ ပါဝင်လှုပ်ရှားနေသည်ကို စိတ်လေလွင့်နေခြင်းထက်တော့ တော်ပေသေးသည်ဟု လက်ပိုက်ကြည့်နေရင်းက တစ်ဖန် တပ်မတော်ထဲ ဝင်သွားပြန်သည်။

ယခုမူ အာရှလူငယ်များနှင့် ဗမာ့တပ်မတော်သည် ဖက်ဆစ်ဂျပန် တော်လှန်ရေးအတွက် မြေအောက်တော်လှန်ရေး လှုပ်ရှားမှုကို စတင်နေကြလေပြီ။

ဦးမြအောင်သည် ဖက်ဆစ်တော်လှန်ရေးကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်အားပေးသူ မဟုတ်။ သို့တစေ လုံးဝဆန့်ကျင်နိုင်သည့် အခြေအနေ မရှိတော့။ သားဖြစ်သူ၏ ခြေလှမ်းကို သူသိနေခဲ့ပြီ။ တစ်ဖန် သူ ကြိမ်းမောင်းမာန်မဲသည့်ကြားမှ နှမဖြစ်သူ ဘာတွေလုပ်နေကြောင်းလည်း သူ သိနေခဲ့ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆိတ် တော်သေးသည်မှာ သမီးငယ် နန်းမြစန္ဒီကတော့ မင်းကြီးနှမများနှင့်အတူ စိန့်အင်ကွန်ဗင့်ကျောင်းတွင် ဝန်ထမ်းအမျိုးသမီးအဖွဲ့၏ အစီအစဉ်အရ ရက်ကန်းသွားသင်သည်မှအပ ဖခင်ဖြစ်သူ၏ အလိုကျအတိုင်း အိမ်မှာပဲ ငြိမ်ငြိမ်ကုပ်ကုပ်နေရှာလေသည်။ သားအပေါ် ဩဇာမကိုက်၊ စိတ်တိုင်းမကျသလောက် သမီးကတော့လည်း သူ ထားရာနေ စေရာသွားလျက် ကျိုးနွံပိပြားလှပေသည်။

ယင်းသို့လျှင် သားနှင့်သမီး၏ လက်စလက်န အကြောင်းကြောင်းတွေ ရှိနေ၍ပင် ဦးမြအောင်မှာ စောစောက ဂျပန်စစ်သားနှစ်ယောက်နှင့်ပတ်သက်၍ ရေးကြီးခွင့်ကျယ် လုပ်နေရခြင်း ဖြစ်လေ၏။

"နှစ်နှစ်နော်၊ နင်တို့ တူဝရီး ခြေမငြိမ်လက်မငြိမ် လုပ်ထားကြတာတွေ နင်တို့အသိဆုံး၊ ငပုတွေနဲ့ မပတ်သက်တာ အကောင်းဆုံးပဲ၊ ခုဟာက သတင်းအစအန ရလာသလားလည်းမသိ၊ သတိဝီရိယရှိမှပေါ့"

ဒေါ်မြနှစ်က အစ်ကိုဖြစ်သူကို သူမ၏နှုတ်ခမ်းနား လက်ညှိုးထောင်ပြလျက် တိုးတိုးပြောရန် အချက်ပြပြီး အိပ်ခန်းဘက်သို့ လက်ညှိုးညွှန်သည်။ စန္ဒီ မကြားစေလိုသောသဘော၊ စန္ဒီကား သူမ၏တူကလေး အတာနည်းတူ ဘာမျှမသိ၊ တကယ်တော့လည်း ဤအိမ်တွင် စန္ဒီသည် ကလေးပင်တည်း။

"ပြီးတော့လည်း စစ်သားဆိုတာက အရပ်သားနဲ့တူတာ မဟုတ်ဘူး၊ လက်နက်ရှိတော့ ပိုပြီး ရမ်းကားချင်တာ၊ နင်တို့ကို ငါက ဂျပန် အရပ်သားတွေနဲ့တောင် တတ်နိုင်သလောက် မဆက်ဆံနိုင်းဘူး မဟုတ်လား၊ ခုဟာက စန္ဒီကိုပဲ မျက်စိကျလို့ လိုက်လာသလားလို့ ငါ့မှာ ပူရတာတစ်မျိုး"

"အဲဒါကတော့ အတာ့ကို သဘောကျပြီး လိုက်လာတာ သေချာပါတယ် အစ်ကိုရဲ့၊ ဗိုလ်ကလေးက တော်တော်ပဲ ယဉ်ကျေးပါတယ်၊ သူ့ရဲဘော်ကဆိုလည်း နှစ်နှစ်တို့အိမ်သာရောက်ရော စကားတစ်ခွန်း မပြောရှာဘူး၊ အေးလိုက်တာ"

"လျှော့တွက်လို့မရဘူး နှစ်နှစ်၊ ကင်ပေတွေက အနံ့ခံကောင်းပါဘိသနဲ့"

"ဒါတော့ စိတ်ချပါ၊ နှစ်နှစ်လည်း သတိထားပါတယ်"

ဦးမြအောင်က သူ့ဆေးတံထဲသို့ ဆေးထည့်နေသည်။ ဒေါ်မြနှစ်က အတာ့ရုပ်အင်္ကျီတစ်ထည် ကြယ်သီးပြုတ်နေသည်ကို ပြန်တပ်ပေးနေသည်။

"ကာလကလည်း နေ့နေ့ညည လန့်နေရတာ၊ ဘာမှ ရေရာတာမဟုတ်ဘူး၊ အရေးဆို အသင့်သယ်ပြေးဖို့ တစ်နိုင်တော့ ထုပ်ပိုးထားနော် နှစ်နှစ်"





"စိတ်ဉ်ပြီးသားပါ အစ်ကိုရဲ့၊ လက်လွတ်ပြေးရရင် လွယ်အိတ်ကလေးနဲ့တစ်လုံး၊ ဒီထက်ပိုပြီး လျှော့ရရင် ခါးမှာပတ်ယူသွားဖို့ လက်ဝတ်လက်စား တစ်အိတ်၊ အင်္ဂလိပ်အခုတ် ဂျပန်အဝင်တုန်းကလို လှည်းနဲ့ပြေးရရင် သယ်ဖို့က အိပ်ရာလိပ်တို့၊ အသုံးအဆောင်ပစ္စည်းလည်း တချို့တစ်ဝက်ပေါ့"

ဦးမြအောင်က ဆေးတံ ဖွာရှိုက်နေသည်။ နှမဖြစ်သူသည် စုစုဝေးဝေး ပျော့ပျော့ပါးပါး ပေါ့လားဝါးလား နေတတ်သည်ကတခြား၊ အလုပ်လုပ်ရာတွင် ပြတ်ပြတ်သားသား တိတိကျကျရှိသည်ကတခြား ဖြစ်သည်။ နှမဖြစ်သူ ဦးနောက်ကောင်းသည်ကို သိထား၍ပင် ဤကဲ့သို့ အန္တရာယ်နှင့် ဆော့ကစားကာ ဖက်ဆစ်ဆန့်ကျင်ရေးတွင် လျှို့ဝှက်ဝင်နွှဲနေသည်ကို တားမရသည့်အတူတူမို့ မသိကျိုးကျွန် ပြုနေရခြင်းပင် ဖြစ်တော့၏။

"အဘချယ်ကိုလည်း အပြောအဆို သတိရှိပါစေနော်၊ စန္ဒီကိုလည်း ဟိုအသင်းသည်အသင်း မပါစေနဲ့"

"မပါရပါဘူး အစ်ကိုရဲ့၊ သူကလည်း အေးအေးနေချင်တာပါပဲ"

"ဟိုကောင် သူရိန်တစ်ယောက်သာ ဘယ်ရောက်နေမှန်းမသိ၊ ဘာမသိ။ အဲဒီကောင်ကတော့ ငါ့ကို ဒုက္ခတစ်မျိုးပြီးတစ်မျိုး ပေးနေတာ"

ဒေါ်မြနှစ် ရေငုံနှုတ်ပိတ် ဆိတ်ဆိတ်နေလေ၏။ တူတော်မောင် ပျူးမနားတွင် ရှိကြောင်း အဆက်အသွယ်များထံမှ သတင်းရထားသားပဲ။ အစ်ကိုဖြစ်သူကလည်း တူဝရီးနှစ်ယောက် အဆက်အသွယ်ရှိမှန်း ရိပ်မိမှာပါ။ စိတ်ဆိုး၍ဖြစ်စေ၊ သူ ရှောင်လွှဲနေလို၍ဖြစ်စေ နာစေးနေပြန်တော့လည်း သူမတို့ ယုံကြည်ရာကို လွတ်လပ်စွာ လုပ်ကိုင်နိုင်တာပေါ့ဟု ဒေါ်မြနှစ်ကတော့ ကျေနပ်ကာနေသည်။

ဝါးခနဲသမ်းရင်း စန္ဒီ ဧည့်ခန်းထဲသို့ ဝင်လာသည်။ သူမမှာ တူကလေး အတာ အိပ်ပျော်အောင် ချော့မော့၍ သိပ်နေခဲ့ရသည်။

"အတာ အိပ်သွားပြီ ဒေါ်လေး၊ စန္ဒီလည်း အိပ်တော့မယ်"

"ဟဲ့… ရှစ်နာရီပဲ ရှိသေးတာ"

"ချမ်းတယ် ဒေါ်လေးရဲ့…"

"အေး… အေး… အိပ်တော့… အိပ်တော့၊ အတာ့ကို ခြင်ထောင်ထောင့် သေချာညှပ်ပေးခဲ့ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ပုံပြောလိုက်ရတာ အာကိုခြောက်လို့၊ ပြီးတော့လည်း ပြောတဲ့ပုံတိုင်း သူကြားဖူးနေတာချည်းပဲ"

ဦးမြအောင်၏ တင်းသောမျက်နှာသည် ပျော့ပျောင်းလာသည်။ မြေးအနှစ် ဆိုသည့်အတိုင်း မြေးလေးကိုတော့ ငုံထားမတတ် ချစ်သည်။ မိတဆိုးလေးမို့ အသနားပို၍လည်း မဆုံးနိုင်ခဲ့။

ညနေက ဂျပန်နှစ်ယောက်နဲ့ တွေ့ဆုံရသည့်အကြောင်းကိုလည်း အတာ ပြော၍ ဦးမြအောင် သိရခြင်းဖြစ်သည်။ အဒေါ်နှင့် အဘွားက အုပ်ဆိုင်းထားပုံ ရသော်လည်း အတာက သစ်တော်သီးစားရင်း-

"မနက်ဖြန် ဂျပန်စစ်ဗိုလ်ကြီးလာရင် သားလည်း သစ်တော်သီး ပေးလိုက်မယ် ဘွားလေး"

ဟု လှမ်းပြောရာက သဲလွန်စ ပေါ်ခဲ့ရလေသည်။

စန္ဒီက လက်ကလေးနှစ်ဖက်မြှောက်၍ အပျင်းဆန့်ကာ-

"ဘဘ... ဒေါ်လေး၊ ဠတ်နိုက်..."

ဟု နှုတ်ဆက်လျက် အိပ်ခန်းထဲ ပြန်ဝင်သွားလေတော့သည်။

ဒီဇင်ဘာ ဆောင်းကာလမို့ ချမ်းအေးလှရကား ရှမ်းပြည်နယ်တွင်တော့ စောစောစီးစီးပင် အိပ်ရာဝင်ကြမြဲ ဖြစ်လေ၏။

"နှစ်နှစ်ရဲ့ ဂျပန်တွေ နက်ဖြန်လာဦးမယ်ဆို"

"ကလေးကို မြူရင်းစရင်း ပြောသွားတာပါ"

"တကယ်လာချင် လာနေမှာ၊ အဘချယ်ကို ဘယ်မှ မသွားစေနဲ့၊ အိမ်မှာ နေခိုင်း၊ ဖြစ်နိုင်ရင် အိမ်ထဲမခေါ်နဲ့"

ဒေါ်မြနှစ်က အိမ်တံခါးများ ပြတင်းပေါက်များ ကန့်လန့်ကျ၊ မကျ လိုက်လံ စစ်ဆေးနေသည်။

ဦးမြအောင်ကား ဆေးတံခဲရင်း ရှေ့ရေးနောက်ရေး စဉ်းစားကာနေလေ၏။

ဇနီးသည် ကွယ်လွန်သွားပြီးကတည်းက နှမငယ် နှစ်နှစ်တစ်ယောက် သူ့ သားနှင့်သမီးကို တာဝန်ယူ စောင့်ရှောက်လာ၍သာ တော်ပေတော့သည်။ တစ်ဖက်မှ ကျောင်းဆရာမလုပ်ရင်း တစ်ဖက်မှလည်း အစ်ကို၏အိမ်ကို ထိန်းသိမ်းရာကား၊ သူမ၏ အရည်အချင်းနှင့် သူမ၏လုပ်ငန်းတွင် တက်လမ်းများစွာရှိသည်ကို စွန့်လွှတ်





လိုက်ရုံမက ပင်ကိုကပင် စိတ်မဝင်စားလှသော အိမ်ထောင်ရေးကိုလည်း အပြီးတိုင် ထည့်မစဉ်းစားရှာတော့။

သားသူရိန်နှင့် သမီးစန္ဒီကို ငဲ့ကွက်ကာ နောက်အိမ်ထောင် မပြုတော့ပြီဟု ဦးမြအောင် ဆုံးဖြတ်စေကာမူ နှမဖြစ်သူ ဒေါ်မြနှစ်သာ အတူရှိမနေပါလျှင် သူတို့ သားအဖတွေ ဤမျှလောက် အဆင်ပြေပြေဖြောင့်ဖြူးစွာ နေထိုင်ရမည်မဟုတ်။

ဦးမြအောင်က ဤအတွေးနှင့်အတူ နှမငယ်အား ကျေးဇူးတင်နေမိသည်။ ခေတ်ပျက်ကြီးထဲတွင် သမီးပျိုကလေးအတွက် သူ့ရင်နှင့်အမျှ ပူပန်ကြောင့်ကြ နေရသည်မှာ ရင်အုပ်မကွာ ထိန်းသိမ်းစောင့်ရှောက်နေသူ ဒေါ်မြနှစ်ကြောင့်သာ တစ်ဆိတ် တော်ပေသေးတော့သည်။

ယခုအခါ ဂျပန်တို့သည် အရေးနိမ့် အထိနာနေကြလေပြီ။ ဆိုင်ပန်သည် ဂူလိုင်လအတွင်းကပင် အမေရိကန်လက်အောက်သို့ ကျရောက်သွားခဲ့ပြီ။ အမေရိကန် တပ်များသည် လေထီးဖြင့် ပင်လယ်ကျွေ့အတွင်း ထွင်းဖောက်ဝင်ရောက်နေကြ လျက် လူဇုံကျွန်းကိုသိမ်းရန် တာစူနေကြလေပြီ။

ဖိလစ်ပိုင်နိုင်ငံသာ အမေရိကန်လက်ထဲသို့ ကျရောက်သွားခဲ့ပါလျှင် ဂျပန် အင်ပါယာသည် ထက်ခြမ်းကွဲသွားပေတော့မည်။

မဟာမိတ်တပ်များကား ဒုတိယကမ္ဘာစစ်ကြီးတွင် စစ်ရေးသာနေကြပြီ ဖြစ်ကာ အီတလီ ကျဆုံးခဲ့ပြီးပြီ။ ဂျပန်တပ်များ အရေးနိမ့်နေပြီ။ ဂျာမနီသည်လည်း ဆုတ်ခွာနေရပြီ။ ဝင်ရိုးတန်း သုံးနိုင်ငံ၏ နေဝင်ချိန်သည် ဆိုက်ရောက်လျက် ရှိချေပြီ။

မဟာမိတ်တပ်များသည် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများမှသည် ချင်းတွင်း မြစ်ကိုဖြတ်ကာ ဂျပန်တို့၏ ရှေ့တန်းစစ်ကြောင်း အတွင်းပိုင်းသို့ ထိုးဖောက် တိုက်ခိုက်နေကြသည်။ အိန္ဒိယဘက်မှ ဝင်ရောက်ကာ စစ်တွေဘက်သို့ ထိုးစစ်ဆင် နေကြသည်။

ဦးမြအောင်ကား ဗြိတိသျှအစိုးရ ပြန်လာစေချင်လေပြီ။ ဗြိတိသျှအစိုးရ ဝင်လာမှသာ ဤစစ်မီး ငြိမ်းအေးတော့မည်ဟု သူ အခိုင်အမာ ယုံကြည်ဆဲ ပင်တည်း။

◆

www.burmeseclassic.com

## (၁၁)

ဒေါ်မြနှစ်သည် ခေါင်းတွင် သိုးမွေးတဘက်ကလေး ရစ်ပတ်လျက် လက်တစ်ဖက်က ဆွယ်တာအင်္ကျီရင်ဘတ်ကို တင်းတင်းဆွဲစေ့ရင်း ကျန်လက်က ဈေးခြင်းတောင်းကိုကိုင်ကာ သုတ်သုတ်လျှောက်လာသည်။ နှင်းမှုန်တို့ ပိတ်ဖုံးကာ ပတ်ဝန်းကျင်ကိုပင် သဲသဲကွဲကွဲ မမြင်ရပေ။

ဈေးမှအပြန် ခင်မိမိထံ ဝင်ရဦးမည်။ ခင်မိမိမှာ တူဖြစ်သူ မောင်သူရိန်တို့လို တက္ကသိုလ်မှ တစ်ဝက်တစ်ပျက်နှင့် ကျောင်းထွက်နေရသူ ဖြစ်သည်။ အာရှလူငယ် အစည်းအရုံးတွင် အမှုဆောင်တစ်ဦးလည်း ဖြစ်သည်။ အသက်နှစ်ဆယ်ပင် မရှိတတ်သေးသော်လည်း အမြင်ကျယ်၍ တိုးတက်သော ခေတ်လုံမပျိုတစ်ဦးပင်။ အရပ်မြင့်မြင့် အသားဖြူဖြူ ပါးမို့မို့နှင့် ခေတ်မီသော ခင်မိမိသည် တောင်ကြီးမြို့၏ ကြယ်တစ်ပွင့်ပါတည်း။

စော်ဘွားလမ်းရှိ ခင်မိမိတို့နေအိမ်သို့ ရောက်သောအခါ ခင်မိမိသည် အင်းလေးလွယ်အိတ်တစ်လုံးလွယ်ကာ စက်ဘီးတစ်စီးနှင့် အပြင်ထွက်ရန် အသင့်ဖြစ်နေလေပြီ။

"အင်းထဲသွားမလို့ ဒေါ်လေးရဲ့၊ လိုက်ဦးမလား"

"လိုက်ချင်တာပေါ့၊ အစ်ကိုက တစ်ဖက်နဲ့ အသက်ကလည်း ရလာတော့ မိမိတို့လို စိတ်သွားတိုင်း ကိုယ်မပါတော့ဘူး"

"ဝင်ထိုင်ဦးလေ ဒေါ်လေး၊ မိမိက အသင့်ပြင်ထားတာပါ၊ မသွားသေးပါဘူး"





"ဘာလဲ၊ သန့်ရှင်းရေး လုပ်အားပေးလား"

"မဟုတ်ဘူး ဒေါ်လေး၊ စစ်သားစုဆောင်းရေးအတွက် တရားဟော ထွက်မှာ"

ခင်မိမိ၏အစ်မ လင်မယားမှာ ကုန်သည်များဖြစ်ပြီး ဆိုင်ထွက်သွားကြပြီး အိမ်တွင် ခင်မိမိနှင့် သူမ၏ တူငယ် တူမငယ်များသာ ရှိနေကြသည်။

"ကော်ဖီသောက်ဦးမလား ဒေါ်လေး"

"တော်ပြီ မိမိ၊ ဈေးထဲက အင်းမုန့်တီ စားခဲ့ပြီ၊ မိမိတို့နဲ့ ဘယ်သူတွေ ပါဦးမလဲ"

"ထုံးစံအတိုင်းပဲလေ၊ အစည်းအရုံးမှာ လူစုပြီးသွားကြမှာ၊ စောနေသေးလို့ မိမိ မသွားသေးပါဘူး၊ အခုဆို အစည်းအရုံးကို မှန်ပြောင်းနဲ့ အမြဲစောင့်ကြည့်နေတာ ဒေါ်လေးရဲ့၊ မိမိတို့ တော်တော် သတိထားရတယ်"

အာရှလူငယ်အစည်းအရုံး အဆောက်အအုံမှာ (ယခု တောင်ကြီးမြို့ ပြည်သူ့ဘဏ် အဆောက်အအုံ ဝင်းအတွင်းရှိ တိုက်ကလေး)မှာ ကင်ပေတိုင် ဂျပန်စစ်ပုလိပ် ရုံးရှေ့တွင် တည်ရှိလေရာ သားကောင်ကို ချောင်းနေသော ကျားရှေ့ရောက်နေသည့် ပမာ အန္တရာယ်မှာ လက်တစ်ကမ်းအကွာတွင် ရှိနေလေ၏။

ခင်မိမိကား အမာခံအမှုဆောင်တစ်ဦးပီပီ အချက်အချာကျသော သတင်းလျှို့ဝှက်ချက်များကို အတော်ကလေး သတိထားဆောင်ရွက်ရသည်။ ပြည်သူ့ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေးနှင့်ပတ်သက်သော လျှို့ဝှက်စာတမ်းများကို ခင်မိမိထံမှတစ်ဆင့် ဒေါ်မြနှစ် လက်ခံဖတ်ရှုရတတ်သည်။ သူမတို့သည် လျှို့ဝှက်ဆက်သားများအဖြစ်လည်း သတင်းများကို တစ်နေရာနှင့် တစ်နေရာ ပေးပို့ရလေသည်။

အာရှလူငယ်တို့ကား အင်းကို ဗဟိုပြုလျက် ဖက်ဆစ်တော်လှန်ရေးအတွက် လျှို့ဝှက်လှုပ်ရှားနေကြသည်။ လျှို့ဝှက်စခန်းကို ငါးဖယ်ချောင်းရွာတွင် အခြေစိုက်ထားလေသည်။ ကယားဘက်မှ သိုင်းဘဟန်၊ သိုင်းသန်းတင်တို့၏ ပင့်ကူ (ပဒေါင်ပြောက်ကျား) အဖွဲ့၊ ဗိုလ်မှူးဗထူး၏တပ်များမှ ဆက်သားများ စသည်ဖြင့် လူငယ်ဖက်ဆစ်တော်လှန်ရေးသမားများ အချင်းချင်း ဆက်သွယ်ကြရသည်။ ဘုန်းတော်ကြီးဦးမေဓိယ၊ ဘုရားဒကာလယ် (ဦးလယ်) စသော ရွာခံများက ပူးပေါင်းပါဝင်လျက်ရှိသည်။ တော်လှန်ရေးသမားအချို့မှာလည်း ရွာသားအသွင် ခံယူထားကြပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုသူရိန့်ဆီက ဘာအဆက်အသွယ် ရသေးသလဲ ဒေါ်လေး"

ခင်မိမိက မူလ တီးတိုးပြောသော လေသံထက်ပို၍နှိမ့်ကာ မေးသည်။

"မရသေးဘူး၊ ဘာဖြစ်လို့လဲ"

"သူတို့ ရှမ်းပြည်နယ်ထဲ ပြန်ရောက်နေကြပြီ၊ ဒေါ်လေးကို ဆက်သွယ်မှာပဲ"

"ဟုတ်လား၊ ခုထိတော့ ဘာမှ မကြားသေးဘူး"

"အဆက်အသွယ်ရရင် အဆင်ပြေရင် မိမိကိုလည်း ဆက်သွယ်ပါဦးလို့နော်"

"စိတ်ချ စိတ်ချ"

ဒေါ်မြနှစ်သည် ရှမ်းမလေး ခင်မိမိကို ကရုဏာသက်မိသည်။ တူမောင်ကို သူကလေး စိတ်ဝင်စားရှာကြောင်း သူမ ကောင်းကောင်းသိသည်။ တူမောင်က လုံးဝ မသိသည့်အလား၊ သိလျက်နှင့် စိတ်မဝင်စားသည်လား မသိ။ သူ့အလုပ်များမှာသာ အာရုံနှစ်မြှုပ်ထားခဲ့သည်။ ကွယ်လွန်သွားသောဇနီးကို အလွမ်းမပြေလေသလား၊ ချစ်ရေးထက် စစ်ရေးခက်လေသလား၊ ဒေါ်မြနှစ် အတိအကျတော့ မဝေခွဲတတ်ပေ။

"အချိန်ကတော့ မဝေးတော့ဘူး ဒေါ်လေးရဲ့"

"သင်းတို့လည်း အတော်ခံနေရပြီပဲနော်"

"အခုဆို အိန္ဒိယနယ်စပ်ဘက်မှာ လေတပ်အကူအညီမှ မရှိတော့တာ၊ ကြည်းတပ်ဟာ အတော်အလူးအလဲပဲတဲ့"

"အေးကွယ်၊ မနေ့က ကျွဲဝဲနေသေးတယ်"

(မဟာမိတ် လေယာဉ်ပုံများမှာ အမည်းရောင် ခြယ်ထားသဖြင့် ကျွဲဟု ခေါ်ဆို သမုတ်ကြလေသည်။)

"မိတ္ထီလာဘက်မှာလည်း ဗုံးတွေကြဲတယ် ကြားတယ်"

ဂျပန်အမှတ် (၉)တပ်မကြီးကား ရိက္ခာလက်နက် ခဲယမ်းမီးကျောက် လမ်းပန်း အဆက်အသွယ် အကျဉ်းအကျပ် ဆိုက်ရောက်နေပြီ စသည်ဖြင့် သတင်းစကားများလည်း အချိန်ယူ၍ ပြောဆိုကြရသေး၏။

"အိမ်မှာလည်း ငပုနှစ်ယောက် စက်ကျနေလို့ စန္ဒီတို့အဖေ ကြိမ်မီးအုံးသလို ပူပြင်းနေတယ်လေ"

ဒေါ်မြနှစ်က တောင်ခြေဘက် လမ်းအလျှောက်ကောင်းသဖြင့် ဂျပန်နှင့် တွေ့လာပုံကို ပြောပြသည်။





"အတော့ကို မုန့်လာလာပေးတယ် မိမိရဲ့၊ ဒေါ်လေးတို့က မဖိတ်ခေါ်တော့ ဝင်တော့မလည်ပါဘူး၊ ကလေးကိုပဲ နှုတ်ဆက်ပြီး ပြန်သွားတယ်၊ အမယ်... ရဲဘော်ကလေးက ချောချောလေး"

"ဝင်လည်တော့လည်း သတင်းလေးဘာလေး အစ်လို့ရတာပေါ့"

"အို... စန္ဒီတို့သားအဖက ဂျပန်ဆို ခါးခါးသီးသီးပါအေ"

ဒေါ်မြနှစ်သည် ခင်မိမိ ပေးလိုက်သော 'မီးလောင်မြေ' စာစောင်ကို ဖတ်ရှုရန် ယူ၍ ပြန်လာခဲ့သည်။

အိမ်ရောက်လျှင် အတာက ပြေးထွက်ကြိုဆိုသည်။

"ဘွားလေး၊ ဦးဦးဂျပန် မုန့်လာပေးသွားပြန်ပြီ တွေ့လား"

အတာ့လက်ထဲတွင် ဘီစကစ်များ တွေ့ရလေသည်။

"ဘိုးဘိုး ရုံးသွားပြီလား"

ဟု ဒေါ်မြနှစ် တိုးတိုးမေးရသည်။ အတာ့ ဦးဦးဂျပန်တွေလာတိုင်း အစ်ကို၏ သုန်မှုန်သောမျက်နှာကြောင့် ဒေါ်မြနှစ် ခေါင်းကိုက်ရမြဲ။

"သွားပြီ ဘွားလေး"

"ဂျပန်တွေ လာတုန်းကကော ဘိုးဘိုး သွားပြီလား"

"သွားပြီ..."

"တော်ပါသေးရဲ့"

"ဒေါ်ဒေါ်လေးက ကြောက်လို့တဲ့ ပုန်းနေတယ်၊ သားတော့ မကြောက်ပါဘူး၊ အာချယ်က သူလည်း မကြောက်ဘူးတဲ့"

ဒေါ်မြနှစ်က ဈေးမှဝယ်လာသော ရှမ်းထမင်းချဉ်သုပ်ကို ပန်းကန်ထဲတွင် နယ်ဖတ်ပြင်ဆင်ကာ တူမနှင့်မြေးကို မီးဖိုချောင်စားပွဲ၌ ကျွေးသည်။ အတာကား မစားနိုင်တော့။ တစ်လုတ်နှစ်လုတ်စားကာ ထပြေးသွားလေ၏။

"နန်းအိ မလာသေးဘူးလား စန္ဒီ"

"ဟင့်အင်း နေမကောင်းလို့တဲ့၊ သူ့အမေ လာပြောသွားတယ်"

"နန်းအိကလည်း တစ်ရက်အဝတ်လျှော်၊ နှစ်ရက်နေမကောင်းနဲ့ လုပ်စားကိုင်စားလို့ ဘယ်မှာ ဟန်ကျတော့မလဲ"

"စန္ဒီ ငန်းဆေး ပေးလိုက်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဘယ်လောက်ပေးလိုက်သလဲ၊ နင်းကန် မလုပ်ပစ်နဲ့နော်၊ ဆေးဖော်ဖို့ ခုနေခါ လွယ်တာ မဟုတ်ဘူး”

“နည်းနည်းပါ ဒေါ်လေးရဲ့၊ မနေ့က သားအမိနှစ်ယောက် ကံကောင်းလို့ အသက်မသေတာတဲ့၊ ပြောပြသွားလို့ စနိုးဖြင့် ကြောက်လိုက်တာ၊ စစ်တပ်အစွန်က ကိုဒေါင်နား ဖြတ်သွားရင်း ဘယ်သူမှ မတွေ့တော့ ဂျပန်တွေ မရှိဘူးထင်ပြီး ကိုဒေါင်အပြင်နားမှာ သကြားအိတ်တွေ ပေါက်နေတာကို သွားကျုံးမလို့တဲ့”

“ဩော်… ဒီသားအမိနှယ် မိုက်လှချည်လား”

“စစ်သားက အကွယ်ကနေ သေနတ်နဲ့ ချိန်ထွက်လာတာတဲ့၊ သေနတ်ဒင်နဲ့ဆောင့်လိုက်တာ လက်ပြင်မှာ ညိုပြီး ရောင်နေတာပဲ၊ စနိုးကို အင်္ကျီ ချွတ်ပြသွားသေးတယ်၊ မနန်းအိမလည်း ဒဏ်ရာနဲ့ပဲတဲ့၊ ပါးနားတီးပြီး ပစ်သတ်မလို့ သားအမိနှစ်ယောက်ကို နေပူထဲ ရပ်ခိုင်းထားတာတဲ့၊ ငိုယိုပြီး ခြေဖက်တောင်းပန်လိုက်ရတာတဲ့လေ၊ အဲဒီတုန်းမှာ ကြာလာတော့ မနန်းအိက အိမ်မှာ ကလေးကျန်ခဲ့တော့ နို့သက်လာရောတဲ့၊ အင်္ကျီတွေနို့စိုပြီး စိမ့်ကျနေတာတွေ့တော့ ဂျပန်က လက်ဟန်ခြေဟန်နဲ့ ကလေးရှိလားမေးသတဲ့၊ ပြီးတော့ တော်တော်လေး စိတ်မကောင်းဖြစ်သွားပြီး သကြားတွေ ကိုယ်တိုင်ကျုံးပေးပြီး မြန်မြန်ပြန်တော့ဆိုပြီး လွှတ်လိုက်တယ်တဲ့ ကဲ…”

“အစားတစ်လုတ်နဲ့အေ၊ ဒီသားအမိလည်း တယ်ခက်တာပဲ၊ ဒေါ်လေးလည်း ဆန်၊ ဆီ မပြတ်ခွဲပေးနေတာ၊ တော်သေးတာပေါ့၊ အဲဒီဂျပန်က လူစိတ်ရှိပေလို့”

ပြည်သူလူထုကား စားဝတ်နေရေး ကျပ်တည်းလှသည်။ ဒေါ်မြနှစ်သည် သူမတို့မိသားစု ဤမျှ အဆင်ပြေစွာ နေနိုင်သည့်အတွက် ကံကောင်းလှချည်ဟု ဘုရားဂုဏ်တော်ကို ချီးမွမ်းမိသည်။

တောင်းမြဲဆုကိုလည်း အာရုံပြု ဆုတောင်းမိပြန်၏။

“ပေးနိုင်ကမ်းနိုင်တဲ့ကိုယ် ဖြစ်ရပါလို၏ ဘုရား”

◆



## (၁၂)

“အတာ… ဟေး… အတာ”

အသားဘူးများနှင့် ဘီစကစ်ထုပ်များပွေ့ပိုက်ကာ ခြံဝတွင်ရပ်လျက် လည်တဆန့်ဆန့်နှင့် ဖြစ်နေရှာသော ဗိုလ်ယာမာမိုတို၏ နောက်ဝယ် ရှိနိမီရာစံသည် မသက်မသာမျက်နှာနှင့် ရပ်ကာနေသည်။

ဗိုလ်ယာမာမိုတိုက တရှိုရှို လက်ခေါက်မှုတ်ပြန်သည်။

ရှိနိမီရာစံက–

“မရှိဘူးထင်တယ် ဗိုလ်ကြီး”

ဟု ထင်မြင်ချက်ပေးမိသည်။

ခြံထဲမှာ အင်းခွေးနှစ်ကောင်ကလည်း ရှူးရှူးရှားရှား ထိုးဟောင်နေကြသည်။ ဤမျှခွေးဟောင်နေပါလျက် လူတစ်ယောက်မှ ထွက်မလာကတည်းက တမင်တကာ မတွေ့လို၍သာဖြစ်ကြောင်း ရှိနိမီရာစံ ရိပ်မိသည့်နည်းတူ ပညာတတ် ဆရာဝန်တစ်ဦးဖြစ်သော သူ့ဗိုလ်ကြီးလည်း မသိဘဲရှိပါ့မလား။ သို့စင်လျက် သံယောဇဉ်နှယ်ယှက်ကာ လှည့်မပြန်နိုင်တော့လည်း ရှိနိမီရာစံ သနားမိရချေ၏။

ခြံစည်းရိုးအတွင်းဝယ် သံဆန်ခါ ထပ်ကာရံထားသေး၍သာ အတွင်းမှ ခုန်ခုန်ဟပ်နေသော အင်းခွေးကြီးများ၏အစွယ်ကြားတွင် အသားထစ် ပါမသွားခြင်း ဖြစ်တော့ကာ ရှိနိမီရာစံမှာ အသည်းတအေးအေး ကျောစိမ့်နေရပြန်သေးသည်။

အလျင်တစ်ခေါက်များကတော့ အိမ်ရှေ့သို့ပြေးထွက်လာသော အတာ



www.burmeseclassic.com

www.burmeseclassic.com



ကလေးနှင့် အသင့်တွေ့ရလေသည်။ ထိုသို့ တွေ့ရလွယ်ပြီး ကလေးက ဝမ်းပန်းတသာ ဆီးကြိုလေတော့ ဗိုလ်ယာမာမိုတိုမှာ နောက် တစ်ခေါက်ပြီးတစ်ခေါက် လာချင်အောင် အတွယ်အတာ တိုးပွားခဲ့ရသည်။

သူ့ဗိုလ်ကြီး အလိုက်မသိ ဝင်ရောက်လည်ပတ်နေဦးမလားဟု ရှိနိုမီရာစံက ပူပန်မိသော်လည်း ဗိုလ်ယာမာမိုတိုသည် ဝင်းတံခါးကြားမှ အတော့လက်ကလေးကို ဆွဲကိုင်နှုတ်ဆက် စကားပြောရုံမျှနှင့် ကျေနပ်နှစ်သိမ့်ခဲ့ရရှာသည်။

သုံးလေးရက်မျှ လမ်းမလျှောက်ဖြစ်ကြ၊ ငှက်ဖျားမိ ဒဏ်ရာရသော စစ်သားများနှင့် ဗိုလ်ယာမာမိုတို အလုပ်များနိုက် ရှိနိုမီရာစံမှာလည်း ငှက်ဖျား တစ်ချီပြန်ထလိုက်သေးသည်။

ယခုပင်လျှင် ဗိုလ်ကြီးက လမ်းလျှောက်ထွက်မည်ဆိုတော့ အားခဲ၍သာ လိုက်လာရသော်လည်း အင်အားရှိလှသည်မဟုတ်ဘဲ မောဟိုက်ချင်သလိုရှိရသည်။ တကယ်တော့ သာမန်စစ်သားကလေး ရှိနိုမီရာစံသည် ဗိုလ်ကြီးက ခင်မင်ကျွေးမွေးနေ၍သာ ဤမျှ အာဟာရပြည့်ဝနေရသေးသည်။

ဗိုလ်ကြီးကျေးဇူးတွေ သူ့အပေါ်များလှပြီ။ သူ့ဘက်က ဗိုလ်ကြီး၏ အဖော်အဖြစ် အတူတကွရှိနေခြင်းအားဖြင့်သာ တုံ့ပြန်ပေးဆပ်နိုင်ပေသည်။

ထို့ကြောင့်လည်း အိမ်ရှင်တို့ မလိုလားသော ဧည့်သည်အဖြစ်ကို ရှက်ရွံ့တွန့်ဆုတ်လျက်နှင့်ပင် ဤအိမ်ဝင်းဝသို့ လိုက်ပါလာရခြင်း ဖြစ်ချေသည်။

တိုက်ပုကလေးတံခါးဝမှ ဝဖိုင့်သော ဒေါ်လေး ထွက်လာသည်။ ဝဖိုင့်သူမို့ နေးရသည့်အထဲ မလာချင်၍ ခရီးဝေးကာ ပိုမိုလေးဖင့်နေသည်ထင်ရ၏။

"ဟဲ... ဟဲ... ထွက်လာပြီလေ၊ ဘာရမလဲ ကိုယ်က ဖွဲ့ သိပ်ကောင်းတာ"

ဟု ဗိုလ်ယာမာမိုတိုက တီးတိုးကြွေးကြော်လေ၏။ ဒေါ်မြနှစ်သည် ခြံစည်းရိုးအနီးသို့ ရောက်ရှိလာလျှင် သူက-

"အတာကော ဘယ်သွားသလဲ ဒေါ်လေး၊ ကျွန်တော် မုန့်လာပေးပါတယ်"

ဟု ခါးညွတ်နှုတ်ဆက်ရင်း ပေးလေသည်။

"အားနာစရာ မာစတာရယ်၊ ခဏခဏ လာပို့နေရတယ်"

ဒေါ်မြနှစ်သည် အားလည်းနာ လက်လည်းမခံလို၍ စိတ်လည်း အိုက်နေသည်။

"အဖိုးမတန်ပါဘူး ဒေါ်လေး၊ စေတနာပါ"

"ဩော်- ဟုတ်ကဲ့... ကျေးဇူးတင်ပါတယ် မာစတာရယ်"





"အတာ မရှိဘူး မဟုတ်လား"

"ဟုတ်ကဲ့၊ အဲ... ဟုတ်ပေါင်၊ ရှိပါတယ် မာစတာ၊ အတာ ဖျားနေပါတယ်"

"နားမလည်ပါဘူး ဒေါ်လေး၊ ဘာဖြစ်တာလဲ"

ဒေါ်မြနှစ်သည် ဗိုလ်ယာမာမိုတို လှမ်းပေးသောအထုပ်ကို လက်ခံယူရင်း-

"ဖျားတယ်၊ ဟိုလေ နေမကောင်းဘူး မာစတာ"

ဟု ရှင်းပြသည်။

ရှိနိုမီရာစံကလည်း ဂျပန်လို ပြောပြလိုက်မှ ဗိုလ်ယာမာမိုတိုက-

"ဩော်... မကျန်းမာဘူး ရှိတယ် ဟုတ်လား၊ ဆိုးသလား"

ဟု ထပ်မေးပြန်လေသည်။

"အဖျား ၁၀၃ ဒီဂရီ ဖာရင်ဟိုက် ရှိပါတယ်"

"အား... အဖျားများတယ်၊ ကျွန်တော် ကြည့်ချင်တယ်"

ဒေါ်မြနှစ် အိမ်ဘက်လှည့်ကြည့်ရင်း ချီတုံချတုံ ဖြစ်နေသည်။

"ကျွန်တော် ကြည့်ချင်ပါတယ်"

ဟု ဗိုလ်ယာမာမိုတိုက ထပ်ပြောသည်။

ရှိနိုမီရာစံက အတော်အသင့် တတ်ကျွမ်းထားသော အင်္ဂလိပ်စကားဖြင့်-

"ဒေါက်တာ"

ဟု ပြောကာ သူ့ဗိုလ်ကြီးကို လက်ညှိုးညွှန်ပြသည်။

"ဒေါက်တာ ဂျာမနီမှာ ပညာသင်ပါတယ်"

ဟု ထပ်ဆင့်ရှင်းပြသည်။

ဗိုလ်ယာမာမိုတိုကလည်း သူ့ရင်ဘတ်ကို လက်နှင့်ပုတ်ပြကာ-

"ဒေါက်တာ၊ ဒေါက်တာ"

ဟု ထောက်ခံချက်ပေး၏။

ဆရာဝန်မှန်းသိသည်နှင့် ဒေါ်မြနှစ်ထံမှ တုံ့ပြန်ချက်သည် လုံးဝ ပြောင်းလဲသွားတော့သည်။ ဝမ်းမြောက်ဝမ်းသာ အားကိုးတကြီး-

"ဖျားတာ၊ အဲ... မကျန်းမာတာ နှစ်ရက်ရှိပြီ မာစတာ"

ဒေါ်မြနှစ်သည် လက်နှစ်ဖက်နှင့် နားထင်ကိုထောက်၍ ရှုံ့မဲ့ပြကာ-

"နာတယ်၊ နာတယ်၊ ခေါင်းနာတယ် ပြောပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု သရုပ်ဖော်ပြသည်။

"ခေါင်းကိုက်တယ် ရှိတယ်၊ ကျွန်တော်တို့ သိပြီ"

ဟု ယာမာမိုတိုကပြောလျှင် ဒေါ်မြနှစ်ခမျာ ကြောင်စီစီဖြစ်သွားပြီး ပြုံးစစနှင့်-

"ဟုတ်တယ်၊ မာစတာ"

ဟု ပြောလိုက်ရလေ၏။

"ခွေးကြည့်ပါ ဒေါ်လေး"

ဟု ပြောပြောဆိုဆို ဗိုလ်ယာမာမိုတိုက ဝင်းတံခါးထိပ်မှချိတ်ကို ဖြုတ်မည်ပြုသဖြင့် ရှိနိုမီရာစံက ဖြုတ်ပေးလိုက်သည်။

ဒေါ်မြနှစ်က ခွေးနှစ်ကောင်ကို လည်ပင်းမှ ဖမ်းဆွဲထားခိုက် ဗိုလ်ယာမာမိုတိုက ရှေ့မှ ခြေလှမ်းကျဲနှင့် ဝင်သွားတော့သည်။ ရှိနိုမီရာစံလည်း ဒေါ်မြနှစ်လက်မှ ခွေးများ လွတ်ထွက်လေမလား တထိတ်ထိတ်နှင့် သူ့ဗိုလ်ကြီးနောက်သို့ လိုက်ရလေ၏။

ဦးမြအောင်မှာ နမဖြစ်သူ ခြံဝထွက်၍ ဂျပန်များနှင့် တွေ့ဆုံသည်ကို အိမ်အတွင်းမှ လှေလာအကဲခတ်နေလေရာ နမနှင့်အတူ အိမ်ဘက်ပါလာသည်ကို မြင်လျှင် စိတ်တထင့်ထင့်နှင့်ပင် ဧည့်ခန်းမှ ဆီးကြိုရတော့သည်။

"အစ်ကိုရေ၊ ဒီစစ်ဗိုလ်ကြီးက ဆရာဝန်တဲ့၊ အတာ နေမကောင်းဘူးဆိုတာ ကြည့်ပေးမယ်ဆိုတာနဲ့ ခေါ်လာတာ။ မာစတာ ဒါ ကျွန်မရဲ့အစ်ကို ဦးမြအောင်"

ဗိုလ်ယာမာမိုတိုက ရှိနိုမီရာစံဘက်လှည့်ကာ ဂျပန်လို တစ်စုံတစ်ရာ ပြောလိုက်သည်။

"မာစတာ မဟုတ်ပါဘူး၊ ယာမာမိုတို ခေါ်နိုင်ပါတယ်"

ဟု ရှိနိုမီရာစံက မြန်မာလို ပြောသည်။

ဗိုလ်ယာမာမိုတိုက ပါးစုန့်ကြီး ဖောင်းအောင်ပြုံးကာ ခေါင်းညိတ် ထောက်ခံပြီးနောက် တပည့်ဘက် လက်ညှိုးထိုးကာ 'ရှိနိုမီရာစံ' ဟု မိတ်ဆက်ပေးလေ၏။

"ယာမာမိုတိုစံ ဒီအခန်းကို ကြွပါခင်ဗျာ၊ အတာကို ကြည့်ရအောင်၊ ဒါ အတာ့အခန်းပါ"

ဟု ဦးမြအောင်က ဖိတ်ခေါ်ရတော့သည်။

ချယ်ရီပင်အောက်ဝယ် စတင်ဆုံတွေ့ခဲ့ဖူးသော မောနမအပျိုစင်ကို ရှိနိုမီရာစံ ဒုတိယအကြိမ် ပြန်လည်ဆုံစည်းရလေပြီ။





အတာကလေးသည် ခုတင်ပေါ်တွင် ရင်ဘတ်ထိ စောင်လွှမ်းခြုံကာ မှိန်းနေသည်။ ကိုယ်ပူချိန်ကြောင့် ပါးကလေးနှစ်ဖက် ရဲတွတ်နေသည်။

အတာ့ခုတင်ဘေးတွင် ကုလားထိုင်တစ်လုံးနှင့်ထိုင်ကာ နဖူးပေါ် ရေခဲရေဆွတ်ထားသော တဘက်ကလေးနှင့် အုပ်ပေးနေသော စန္ဒီသည် ဗိုလ်ယာမာမိုတိုနှင့် ရှိနိုမီရာစံအား ထိတ်လန့်ခြင်းအရိပ်အငွေ့ ကျန်နေသေးသော မျက်လုံးများနှင့် ကြည့်နေရှာ၏။ စန္ဒီ့အကြည့်သည် ရှိနိုမီရာစံရင်ဘတ်ကို ထိခိုက်နာကျင်စေသည်။ သူတို့သည် ရက်စက်ကြမ်းကြုတ်သော ရန်သူများမဟုတ်ကြောင်း စန္ဒီ သိစေချင်စမ်းလှပါ၏။

ဗိုလ်ယာမာမိုတိုကတော့ စန္ဒီကို သတိထားမိဟန်ပင် မရှိ။ အတာ့ဘေးတွင် ဝင်ထိုင်လိုက်ကာ အတာ့နဖူးကို သူ၏ ဖောင်းအိနူးညံ့သောလက်ဖြင့် စမ်းသပ်လိုက်လေသည်။

အတာက မျက်ခွံအစ်အစ်များကို ဖွင့်ကြည့်သည်။ ဗိုလ်ယာမာမိုတိုကိုမြင်လျှင် နှုတ်ခမ်းများက မပြုံးနိုင်သော်လည်း မျက်လုံးများတွင် လက်ခနဲ ဝမ်းမြောက်ခြင်းအရိပ်အယောင် ဖြာသွားသည်။ ခြုံစောင်အောက်မှ လက်ကလေးတစ်ဖက် ထုတ်ကာ ယာမာမိုတို၏လက်ကို ရင်ဘတ်ကလေးပေါ်တွင် ဆုပ်ကိုင်ထားလိုက် လေသည်။

ဗိုလ်ယာမာမိုတိုသည် ပီတိလွှမ်းခြုံလျက်က စိုးရိမ်ပူပန်မှု ရောယှက်ခံစားရင်း ခုတင်ဘေး မလှမ်းမကမ်းတွင် မတ်တတ်ရပ်နေသော ရှိနိုမီရာစံအား ကြည့်သည်။ ကလေးငယ်သည် သူ့ကိုကြိုဆိုကြောင်း ရှိနိုမီရာစံကော မြင်တွေ့ပါရဲ့လားဟူသော အကြည့်။

ရှိနိုမီရာစံသည် 'အသွားရှိသလို အပြန်လည်းရှိလေသော ဗိုလ်ယာမာ မိုတိုနှင့် အတာလေး၏ မေတ္တာကို' လေးစားနားလည်မိကြောင်း ပြုံးယောင်ပြုကာ အသိပေးလိုက်လေသည်။

"ကလေးကတော့ အတော်ပူတာပဲ ရှိနိုမီရာစံ"

ဟုပြောရင်း ဗိုလ်ယာမာမိုတိုသည် အသက်ကို အနိုင်နိုင် ရှူနေရရှာသော အတာ့ရင်ဘတ်ကလေးကို လက်ဖဝါးနှင့် စမ်းကြည့်နေသည်။

ဒေါ်မြနှစ်က-

"ချောင်းဆိုးတယ် ယာမာမိုတိုစံ၊ အဟွပ်··· အဟွပ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလည်းပြော သရုပ်တူလည်း လုပ်ပြသည်။ သူမ၏ ရင်ဘတ်ကို ဖိကာ မသက်မသာ မျက်နှာမျိုးနှင့်-

"ရင်ကျပ်တယ်"

ဟု အသက် မြန်မြန်ရှူပြသည်။

"ရှိနိုမီရာစံ၊ ဆေးရုံပြန်ပြီး ကိုယ့်ဆေးအိတ် ယူစမ်းပါဦးကွာ၊ ကိုယ့်နားကြပ်က ခုတင်ဘေးက စားပွဲပေါ်မှာ ထင်ပါရဲ့၊ ရှာပြီးထည့်ခဲ့ဦး"

ရှိနိုမီရာစံက အလေးပြုထွက်ခွာသွားလျက် ဒေါ်မြနှစ်က ခြံဝသို့လိုက်ပို့သည်။

"နင့်ခွေးတွေ ချည်ထားလိုက်တော့လေ နှစ်နှစ်"

ဟု ဦးမြအောင်က မထူးပါဘူး ဟူသောသဘောဖြင့် မှာကြားလေ၏။

"ရေပူ၊ ရေပူ၊ အဲ··· ရေနွေး၊ ဘွိုင်းလ်ဝါးတား"

ဟု ဗိုလ်ယာမာမိုတိုက ရေနွေးလိုချင်ကြောင်းပြောကာ စန္ဒီ သွားယူမည်ပြုစဉ် လက်ကာပြလျက်-

"ခဏစောင့်ပါ၊ ရှိနိုမီရာစံ ဆေးယူလာမယ်"

ဟု ပြောလေ၏။

"ရေနွေးတည်ထားလိုက် သမီး၊ ဆေးရောက်လာမှ အပ်တွေ ဆေးထိုး ပိုက်တွေ ပြုတ်ရမှာ"

ဟု ဦးမြအောင်က ဝင်ပြောလျှင် ထောက်ခံသည့်အနေဖြင့် ဆရာဝန်ကလေး ဗိုလ်ယာမာမိုတိုက ခေါင်းညိတ်လေ၏။

ဒေါ်မြနှစ် အခန်းထဲ ပြန်ဝင်လာကာ မြန်မာ၊ အင်္ဂလိပ် အရောရော အနှောနှော လက်ဟန်ခြေဟန်၊ မျက်နှာ အမူအရာပါမကျန် နည်းမျိုးစုံသုံးလျက် ဗိုလ်ယာမာမိုတိုနှင့် စကားပြောတော့သည်။ ဒေါ်မြနှစ်က ဝဖိုင့်သော်လည်း ထောင်ထောင်မောင်းမောင်း ထွားထွားကျိုင်းကျိုင်း ရှိသည်။ ဗိုလ်ယာမာမိုတိုကတော့ ဝဝပုပု လုံးလုံးနှင့် မျက်မှန်နှင့် ဝဝကြီးနှစ်ယောက် အပြန်အလှန် လှုပ်ရှား စကားပြောနေဟန်မှာ ရယ်စရာပင် ကောင်းသေးတော့သည်။

ယာမာမိုတိုက-

"မေမေ··· မေမေ"

ဟု အတာကို လက်ညှိုးညွှန်ကာမေးသည်။ ဒေါ်မြနှစ်က လက်ခါပြလျက်-

"နိုဒို့မို့နို့နိုခါစံရှီးနီး"





အတာ နားမလည်စေရန်ဟူ၍ ဂျပန်လို ကလေးအမေ ကွယ်လွန်သွားပြီ ဖြစ်ကြောင်း ပြောပြလိုက်တော့သည်။ သူမ ဂျပန်စကား တတ်ကျွမ်းကြောင်းကို ဆက်လက်၍ ဖုံးကွယ်မနေတော့ပေ။

"အား··· ဂျပန်စကား တတ်တယ်"

ဟု ဗိုလ်ယာမာမိုတို ဝမ်းပန်းတသာ အော်လိုက်၏။

"··· ··· နည်းနည်းပါးပါးပါ ယာမာမိုတိုစံ"

ဟုပြောရင်း ဒေါ်မြနှစ်က အစ်ကိုဖြစ်သူကို မလုံမလဲ လှည့်ကြည့်သည်။ သူမအနေနှင့် အစ်ကိုဖြစ်သူမှ ကျေနပ်ပါစေဟု စိတ်ပူပန်ရသေး၏။

ဦးမြအောင်က မသိမသာ နှုတ်ခမ်းမဲ့ပြသည်။ နှမကိုတော့ အထူးအထွေ မဆူပူလိုတော့ပြီ။ ဂျပန်၏ အတာ့အပေါ် ထားရှိသောမေတ္တာကို ဦးမြအောင် ကိုယ်တိုင်လည်း ယုံကြည်စပြုလေပြီကိုး။

"ကျွန်တော်တို့ ဂျပန်စကား နည်းနည်းသင်ထားပါတယ်"

ဟု ဦးမြအောင်ကလည်း ဂျပန်လို ပြောပြဝန်ခံလိုက်လေသည်။

"ဝမ်းသာတယ်၊ ဝမ်းသာတယ်"

ဟုရေရွတ်ရင်း ဗိုလ်ယာမာမိုတိုသည် အင်္ကျီအိတ်ထဲမှ ပလတ်စတစ် အိတ်ကလေးတစ်ခုထုတ်ကာ ဓာတ်ပုံကလေးတစ်ပုံ ပြသည်။

သူ့မိသားစု ဓာတ်ပုံပင်တည်း။ ဗိုလ်ယာမာမိုတိုသည် ဂျပန်ဝတ်စုံ ဝတ်ဆင်ကာ မွေးစကလေးငယ်ကို မချီတတ်ချီတတ်ပွေ့လျက် သူ့ဘေးဝယ် ကီမိုနိုဝတ်စုံနှင့် ဂျပန်အမျိုးသမီးတစ်ဦး။

"ကျွန်တော့်သားဟာ အတာ့အရွယ်ပဲ၊ ကျွန်တော် သိပ်လွမ်းတယ်"

ဟုပြောရင်း မျက်ရည်ရစ်ဝဲလာသည်။

"စစ်ပြီးရင် ပြန်တွေ့ရမယ်၊ စစ်ပြီးစေချင်လှပြီ"

ဟု ညည်းညူသည်။

မြန်မာတိုင်းရင်းသားသုံးဦးသည် နီပွန်စစ်ဗိုလ်ကို ကရုဏာသက်စွာ ငေးမောကြည့်နေကြ၏။ ဤဂျပန်သည်လည်း ရင်သွေးနှင့် ခွဲခွာနေရရှာသော စစ်ဘေး စစ်ဒဏ်သင့်သူ ဓားစာခံတစ်ဦးပါပဲလား။

ဗိုလ်ယာမာမိုတိုသည် ကလေးငယ်ကို ခေါင်းအုံးနှစ်လုံး သုံးလုံးဆင့်ကာ ခပ်မတ်မတ်လေး မှီထိုင်လျက် အသက်ရှူသက်သာအောင် ပြုပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရေနွေးအိုး ဒီအခန်းထဲမှာ တည်ပါ၊ ဒါမှ အငွေ့ရမယ်။ ဆောင်းတွင်း လေဟာ အေးပေမယ့် လေခြောက်သွေ့တယ်"

ဆိုသဖြင့် မီးသွေးမီးဖိုကို အိပ်ခန်းထဲ ရွှေ့ပြောင်းလာကာ ရေနွေးအိုး တည်ရသည်။

အတာ လူးလွန့်ညည်းညူလျှင် ယာမာမိုတိုစံ စန္ဒီလက်မှ ရေခဲအုပ်သော အဝတ်ကိုယူကာ ကိုယ်တိုင် ရေခဲအုပ်ပေးရင်း-

"ကျန်းမာမယ် အတာ၊ ကျန်းမာလာမယ်"

ဟု အားပေးချော့မော့သည်။

"ရှိန်မီရာစံ သိပ်ကြာတယ် ဒေါ်လေး၊ ကြည့်ပါဦး လာပြီလား"

ဆိုသဖြင့် ဒေါ်မြနှစ်က ပြတင်းပေါက်မှ မျှော်ကြည့်ရပြန်သည်။

"ဒေါ်လေးကို ဘယ်လိုခေါ်ရမလဲ အတာ့ကို မေးတယ်၊ အတာက ပြောတယ်၊ ဒေါ်လေး ခေါ်ပါတဲ့"

ဟု ယာမာမိုတိုက ပြောပြလေသည်။

"ရှိန်မီရာစံဟာ အားမရှိဘူး၊ ငှက်ဖျား အမြစ်မပြတ်ဘူး၊ ဝမ်းကိုက်တော့ ပျောက်သွားလို့ တော်သေးတယ်"

ဟု ရှိန်မီရာစံ ကြာနေခြင်းအတွက် သူ့ဘာသာသူ ဖြေရှင်းနေလေသည်။

"သူ့ခမျာ ကူပန်မှာ မျက်လုံးဒဏ်ရာ ရထားသေးတယ်၊ မျက်လုံးတစ်ဖက် တိမ်စွဲနေတယ်၊ တိုင်းပြည်အခြေအနေကောင်းရင် ခွဲစိတ်နိုင်တယ်၊ ခုတော့ ဘာမှ မတတ်နိုင်ဘူးပေါ့၊ သူလည်း ကျွန်တော့်လိုပဲ စစ်ဖြစ်လို့ စစ်ထဲမဝင်မနေရ အမိန့်နဲ့ ပါလာရှာတာ၊ လူကြီးကလေးလို တည်တည်ကြည်ကြည် နေတတ်ပေမယ့် တကယ်တော့ သူဟာ ကလေးသာသာအရွယ်ပါပဲ၊ ကျွန်တော် သနားတယ်၊ သူဟာ ပန်းချီ၊ ဂီတနဲ့ အေးအေးဆေးဆေး တွေးနေချင်တဲ့သူ၊ တိုင်းတစ်ပါးမှာ ဒုက္ခ ရောက်နေရှာတယ်၊ သူ စစ်ထဲပါလာတော့ သူ့အမေဟာ ငိုပြီးကျန်ရစ်တယ်တဲ့။ ကျွန်တော်တောင် သူ့အတွက် စိတ်မကောင်းဖြစ်ရသေးတယ်၊ သူ့အမေ ဘယ်လောက် များ ခံစားရမလဲ"

ဟူသော အဓိပ္ပာယ်နှင့် ဂျပန်မြန်မာနှစ်ဘာသာ ရောနှောပြောရာမှ စန္ဒီဘက် လှည့်ကာ-

"ကျောင်းနေသလား"





ဟု ဂျပန်လို မေးသည်။

"ဟိုက်"

ဟုတ်ကဲ့လို့ ဂျပန်လိုပြောရင်း စန္ဒီ ခေါင်းညိတ်ပြသည်။

"ခုတော့ ကျောင်းထုတ်ထားရတာပေါ့၊ စစ်ပြီးမှပဲ ကျောင်းဆက်နေရမှာပါ"

ဟု ဦးမြအောင်က ရှင်းပြသည်။

"မိဘနဲ့နေရတော့ တော်သေးတာပေါ့"

နီပွန်ရဲဘော်ကလေး ရှိန်မီရာစံ ဆေးအိတ်ဆွဲလျက် ပြန်ရောက်လာသည်။ ချမ်းအေးသောဆောင်းညနေပင် ဖြစ်သော်ငြားလည်း ရှိန်မီရာစံ၏ ဖြူဖပ်ဖပ် ဝါကြန့်ကြန့်မျက်နှာဝယ် ချွေးသီးချွေးပေါက်များစို့လျက် ရင်အုံသည် နိမ့်ချည် မြင့်ချည် လှိုင်းထနေသည်။

"မင်း တော်တော်မောသွားပြီ ထင်တယ်၊ ကိုယ် ရုတ်တရက် မစဉ်းစားဘဲ ခိုင်းလိုက်တာကွာ၊ မင်း မကျန်းမာဘူးဆိုတာ ကိုယ်မေ့သွားတယ်"

ဟု ယာမာမိုတိုက ရှိန်မီရာစံလက်ထဲမှ ဆေးအိတ်ကိုယူကာ လက်မောင်းကို ကိုင်ဆွဲလျက် ကုလားထိုင်တွင် ထိုင်နိုင်းသည်။

ရှိန်မီရာစံ ခေါင်းခါယမ်းလျက်-

"သိပ်မမောပါဘူး ဗိုလ်ကြီး၊ ရပါတယ်"

ဟု ပြောသော်လည်း စကားသံက ပြတ်တောက်လျက် ဟိုက်သံပါနေ၏။

ဒေါ်မြနှစ် ရေနွေးဖလုံယူရန် မီးဖိုထဲ ဝင်လာခိုက် စန္ဒီ နောက်ပါးမှ ကပ်ပါ လာသည်။

"ရေနွေးဖလုံ စန္ဒီ ယူသွားမယ်၊ ဒေါ်လေး ကော်ဖီဖျော်လိုက်ပါဦး"

"အေး… အေး… ဟုတ်ပါရဲ့"

"ဘာမုန့်ရှိလဲ ဒေါ်လေး၊ တစ်ခုခုကျွေးရအောင်၊ ရဲဘော်လေးခမျာ မောနေရှာပြီ၊ သနားလိုက်တာ"

"ဟုတ်ပါရဲ့တော်၊ ဘာကျွေးရင် ကောင်းမလဲ မသိဘူး"

"ခေါပုတ်တွေရှိတယ်၊ ကြော်ပါလား ဒေါ်လေး"

"ကြိုက်ပါ့မလားဟဲ့"

"ဘယ်သိမလဲ ကျွေးကြည့်ရအောင်၊ ကြော်လိုက် ဒေါ်လေး…"

"အမယ်… ငါ့ချည်း ခိုင်းနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်... စန္ဒီမှ မကြော်တတ်ဘဲနဲ့"

"ဒါဖြင့် ရေနွေးဇလုံ သွားပေးပြီးရင်း ကော်ဖီလာဖျော်ဟယ်"

"စန္ဒီမှ မဖျော်တတ်တာကိုး"

ဒေါ်မြနှစ် မျက်စောင်းထိုးသည်။ စန္ဒီကပြုံးကာ ဇလုံယူ၍ ထွက်သွားတော့သည်။

"ဆေးထိုးလို့နာရင် မချစ်ဘူး ရှိသလား"

ဟု ဗိုလ်ယာမာမိုတိုက အတာကိုမေးလျှင် အတာက ခေါင်းခါပြသည်။

"ချစ်တယ်"

ဟု မပွင့်တပွင့် အဖြေပေးလေသည်။

ဆေးထိုးသည်ကိုလည်း အတာက မရုန်းမကန် မငိုဘဲ ခံယူလေသည်။ ဦးမြအောင်နှင့် စန္ဒီရှိလျက်က ဗိုလ်ယာမာမိုတိုက ကိုယ်တိုင် အတာ့တင်ပါးကို စိမ်ပြေနပြေ ပွတ်ပေးသည်။

"ဆရာဝန်လုပ်မလား အတာ၊ ဆရာဝန် ကြိုက်သလား"

ဟုလည်း မေးသည်။

အတာက ခေါင်းညိတ်ပြသည်။

တစ်ဖန် ဒေါ်မြနှစ် ဖျော်လာသော ကော်ဖီကိုပန်းကန်ပြားတွင် ကျကျနန မှုတ်ကာ အတာကို ကိုယ်တိုင်ကိုယ်ကျ ဆေးတိုက်သည်။

အခန်းထဲတွင် ရေနွေး အဆက်မပြတ်ရှိစေရန် ရေနွေးဆက်ကျိုရန်နှင့် ဆေးတိုက်ရန်အချိန်များကို အထပ်ထပ်မှာကြားပြီးမှ ကော်ဖီနှင့် ခေါက်ဆွဲကြော် စားဖြစ်တော့သည်။

အစာစားရင်းလည်း-

"နှင်းကျတဲ့အချိန်မှာတော့ စိုထိုင်းပါတယ်၊ ရေနွေးတည်ဖို့ မလိုပါဘူး၊ နှင်းကျလာရင် ရေနွေးမတည်နဲ့တော့"

ဟု ဗိုလ်ယာမာမိုတိုက တွေးဆညွှန်ကြားနေသေးသည်။

ဗိုလ်ယာမာမိုတိုက ခေါက်ဆွဲကြော် တစ်တုံးနှစ်တုံးမျှသာစားကာ စေးကပ်ကပ်နိုင်သည်ဟု မနှစ်သက်လှပေ။ ရှိန်မီရာစံကား လေးငါးခု ဆက်တိုက် စားပြီးနောက်မှ ကိုယ်ရှိန်သတ်ကာ အစားရပ်လေ၏။

"စားဦးလေ ရှိန်မီရာစံ၊ အများကြီးရှိတယ်"





ဟု ဒေါ်မြနှစ် တိုက်တွန်းသော်လည်း မစားတော့။

ဗိုလ်ယာမာမိုတိုက ရှိန်မီရာစံ ရှက်၍ ဆက်မစားကြောင်း ဒေါ်မြနှစ် သိအောင် မျက်နှာအမူအရာ မသိမသာလုပ်ပြသည်။

"ဒေါ်လေး... ပြန်ရင် ထုပ်ပြီး ထည့်ပေးလိုက်ပါလား"

ဟု စန္ဒီက တီးတိုးအကြံပြုသည်ကို ဒေါ်မြနှစ်က သဘောတူရုံမျှမက-

"သူ့ခမျာ အတော်ကြိုက်ပုံရတယ်၊ ရှိတာ အကုန်ထုပ်ပေးလိုက်မယ်အေ"

ဟု စေတနာပိုမိတော့သည်။

◆



www.burmeseclassic.com

www.burmeseclassic.com

(၁၃)

အတာကို ဆေးလာကုရင်းမှ တည်ဆောက်လာခဲ့သော ခင်မင်ရင်းနှီးမှုများသည် အတာ လုံးဝနေကောင်းချိန်တွင်တော့ အခိုင်အမာ တည်တံ့နေခဲ့လေပြီ။ ဦးမြအောင်မှ အစ မစန္ဒီ အလယ် အဘချယ် အဆုံး ဤဂျပန်တပ်မတော်သားနှစ်ယောက်ကို ကြောက်စရာ ရန်သူကြီးများအဖြစ် မမြင်တော့ပေ။

ညနေတိုင်းလိုလို ဗိုလ်ယာမာမိုတိုသည် ရှိနိုမီရာစံကိုခေါ်ကာ စန္ဒီတို့အိမ်သို့ လာလည်လေ့ရှိသည်။

"အတာကြီးရင် ဘာလုပ်မလဲ"

"ဆရာဝန်လုပ်မယ်"

ဟူသော ဗိုလ်ယာမာမိုတိုနှင့် အတာတို့၏ အမေးအဖြေမှာ မရိုးနိုင်အောင် ရှိလေ၏။

တစ်နေ့ကတော့ ဗိုလ်ယာမာမိုတို ရှေ့တန်းသို့ခရီးထွက်ရမည် ပြောသွားသည်။ ရှိနိုမီရာလည်း ပေါ်မလာခဲ့။

ယနေ့ညနေ စန္ဒီသည် သစ်ခွပင်များကို ရေလောင်းနေခိုက် ဝင်းဝဆီ စန္ဒီတို့အိမ်ဘက်သို့ လည်တဆန့်ဆန့်ဖြစ်နေသော ရှိနိုမီရာစံကို တွေ့ရသည်။

စန္ဒီက ရေပန်းကရားကို မြေပေါ်ချထားရစ်ခဲ့ကာ ဝင်းဝသို့ ပြေးသွားသည်။ အိမ်ရှင်က ဝမ်းပန်းတသာ အပြေးအလွှားဆီးကြိုသည်မို့ ဧည့်သည်မှာ ကြည်နူးစွာ ပြုံးနေတော့သည်။





"မနေ့က ဘာလို့ မလာတာလဲ၊ စန္ဒီတို့ မျှော်နေကြတာ"

"ကျွန်တော် အဖျားတက်နေလို့ပါ"

အမှန်တော့ ဗိုလ်ကြီးမပါဘဲ မလာရဲသောကြောင့် သူ မလာခဲ့ခြင်းပါ၊ သူ့အတွက် အဖျားတက်ခြင်းသည် နေ့စဉ် ထမင်းစားရေသောက်ပမာ အဆန်းတကြယ် မဟုတ်တော့ပါ။

"ဗိုလ်ကြီးက ကြာဦးမှာလား"

"လေးငါးရက်တော့ ကြာဦးမှာပေါ့"

ရှိနိုမီရာစံက လက်တွင် ဟန်းကော စစ်သုံးချိုင့်ကလေးကို ကိုင်ထားသည်။ စန္ဒီ ဖွင့်ပေးသော တံခါးဝမှဝင်လာသော ရှိနိုမီရာစံသည် စန္ဒီ့နောက်မှ တစ်လှမ်းနှစ်လှမ်းခွာကာ လိုက်လာသည်။

"ကျွန်တော် ထမင်းနွေးချင်လို့လာတာ"

ဟု ချိုင့်ကလေးကို မြှောက်ပြသည်။

"ပေးလေ စန္ဒီ နွေးပေးမယ်"

"စန္ဒီ အလုပ်များနေမယ်၊ ကျွန်တော် နွေးပါ့မယ်"

"အိုး... ပေးပါဆို၊ စန္ဒီ နွေးပါ့မယ်"

စန္ဒီက ချိုင့်ကို မရမနေတောင်းသဖြင့် ရှိနိုမီရာစံ ပေးလိုက်ရသည်။

"ဒီမှာထိုင်ဦးနော်၊ ဒေါ်လေး မီးဖိုထဲမှာရှိတယ်၊ စန္ဒီ သွားခေါ်ဦးမယ်"

"အတာ့ကို မတွေ့ပါလား"

"အတာ အဘချယ်နဲ့ လိုက်သွားတယ်၊ မရှိဘူး"

ရှိနိုမီရာစံကို ထမင်းစားခန်းထဲတွင် ထိုင်ခိုင်းလိုက်ပြီး မီးဖိုချောင်ထဲ ဝင်ခဲ့သည်။

ဒေါ်မြနှစ်တစ်ယောက် ညစာအတွက် ထမင်းအိုးတည်ထားရင်း လှော်ပြီး ကော်ပီစေ့များကို လက်လှည့်ကြိတ်စက်ကလေးနှင့် အမှုန့်ကြိတ်နေလေသည်။

"ဒေါ်လေးရေ ရှိနိုမီရာစံ ရောက်နေတယ်၊ သူ့ထမင်း နွေးပေးပါတဲ့၊ ရော့"

"ကြားပါ့အေ၊ စန္ဒီ နွေးပေးမယ်ဆို၊ နွေးပေးလိုက်လေ"

"စန္ဒီမှ မနွေးတတ်တာ"

ဒေါ်မြနှစ်က တူမချောကို မျက်စောင်းတစ်ချက် ပစ်ထိုးလိုက်သည်။ ပြုံးမျက်စောင်း။



www.burmeseclassic.com

www.burmeseclassic.com



ဟန်းကောခေါ် စစ်ချိုင့်ကို လှမ်းယူကာ ဖွင့်ကြည့်သည်။ မျက်ခုံးတွန့်ကာ ပဲဟင်းနှင့် ရောနှောနေသော ထမင်းကိုကြည့်သည်။ အနံ့ နမ်းကြည့်ပြန်သည်။ ပြီးတော့ နှာခေါင်းရှုံ့လျက် ခေါင်းခါသည်။

"သိုးနေပြီ စန္ဒီရဲ့"

"ဟင်… ဟုတ်လား၊ သနားပါတယ် ဒေါ်လေးရယ်၊ အိမ်က ထမင်းဟင်း အစားထည့်ပေးလိုက်ပါလား"

"ဘာမှ မကျက်သေးဘူး သမီးရဲ့၊ ခဏစောင့်နိုင်းထားဦး၊ ဒေါ်လေး မြန်မြန်ပြီးအောင် ဝက်အူချောင်းကြော် ထည့်ပေးမယ်၊ ဒေါ်လေးက ပဲပုပ်နဲ့ ငါးသဖွဲ ကြော်ပြီး ဝက်သားဟင်းချက်မလို့၊ သူ့ အကြာကြီး စောင့်နေရမှာစိုးလို့"

"သူ့အားရင်လည်း စောင့်နိုင်းထားမယ်လေ၊ ကျက်ရင် စားသွားနိုင်းပြီးမှ ချိုင့်ထဲလည်း ထည့်ပေးလိုက်တာပေါ့နော် ဒေါ်လေး"

စန္ဒီက ဟတ်ချိုးတစ်ချက် ချေလိုက်သည်။ စောစောကပဲ ပန်းပင်ရေလောင်းသည်။ ယခု နှာမွန်စပြုပြီ။

ဒေါ်မြနှစ်က ထမင်းအိုးကို ငှဲ့စင်ကလေးပေါ်တင်ကာ ငှဲ့ထားလိုက်သည်။ အားနေသောမီးသွေးဖိုပေါ်သို့ ဒယ်အိုးကိုတင်ကာ ဝက်အူချောင်းကြော်ဖို့ ပြင်လေသည်။

"ဒါဖြင့်လည်း ကော်ဖီတစ်ခွက်လောက် တိုက်ထားနှင့်ဦး၊ ဒေါ်လေး မနက်က ဖုတ်ထားတဲ့ ကိတ်မုန့်ခြောက်ကလေးလည်း ကြောင်အိမ်ထဲမှာ ရှိသေး တယ်"

စန္ဒီက ကြောင်အိမ်ကို ဖွင့်ကြည့်သည်။

"ဒေါ်လေး ကိတ်မုန့်က တူးနေတာ"

"တူးလို့ ကျန်တာပေါ့၊ မတူးတာတွေ စန္ဒီတို့ စားလို့ကုန်ပြီပဲ၊ အတာက တစ်နေ့လုံးစားနေတာ၊ အတာဆိုလို့ အတာ့အသံ မကြားပါလား"

"အဘာချယ်နဲ့ ပါသွားတယ်၊ ဘာဘနိုင်းထားလို့ အဘာချယ် မြက်ရိတ်သမား သွားရှာတယ်"

စန္ဒီက ကိတ်မုန့်ကိုလှီး၍ ပန်းကန်ပြားတစ်ချပ်တွင် ထည့်သည်။ ပိုတူးသော အပိုင်းကို စားပစ်လိုက်လေသည်။

"ကဲ… ကော်ဖီဖျော်ပေးလေ ဒေါ်လေး"

"ဟဲ့… လက်မအားတဲ့ဟာ… ဖျော်လေ ကိုယ့်ဘာသာ"





"စန္ဒီမှ မဖျော်တတ်တာ"

"တတ်အောင်ဖျော်၊ ဟောဟို မတ်ခွက်ယူ၊ ကော်ဖီမှုန့်က တစ်ဇွန်းထည့် သကြားနှစ်ဇွန်းထည့်၊ ရေနွေးက ဓာတ်ဘူးထဲမှာ ခွက်တစ်ဝက်ကျော်ကျော် ထည့်၊ ခဏအုပ်ထားပြီးမှ နွားနို့ လက်နှစ်လုံးလောက်ထည့်လိုက်၊ သုံးခွက်စာရမယ် ညည်းလည်း သောက်ဦးမှာ မဟုတ်လား၊ ဒေါ်လေးက ကွက်ကျော်မြင်ပြီးသား"

"ပန်းပင်ရေလောင်းရတာ အအေးမိသွားပြီ ဒေါ်လေးရဲ့… နှာရည်ယိုနေပြီ၊ ကော်ဖီပူပူ သောက်လိုက်မှဖြစ်မှာ"

စန္ဒီက ရယ်ကျဲကျဲနှင့် ကိတ်မုန့်ပန်းကန်ကိုကိုင်ကာ ထွက်လာသည်။ စန္ဒီ ထားခဲ့သည့်အတိုင်း ကုလားထိုင်တွင်ထိုင်ကာ ရှိန်မီရာစံ ငေးနေလေသည်။

"ဘာတွေ စဉ်းစားနေတာလဲ"

"ဩော်… ဦးလေးကို မတွေ့ဘူးလို့ စဉ်းစားနေတာ"

"ဖေဖေ အလုပ်ကိစ္စကလေးတွေရှိလို့ မင်းကြီးအိမ် ထွက်သွားတယ်၊ မုန့်စားဦး၊ ဒေါ်လေး ဖုတ်ထားတဲ့ကိတ်မုန့်"

ယခုတော့ ရှိန်မီရာစံ မရှက်တော့ပါ။ စန္ဒီကို ကျေးဇူးတင်သောအပြုံး ပြုံးပြပြီး ကိတ်မုန့်ကိုယူကာ စားနေလေသည်။

"နေဦးနော်… စန္ဒီ ကော်ဖီဖျော်နေတာ နှပ်ထားသေးလို့၊ ဒေါ်လေးလည်း ညစာ ချက်နေရတယ်"

စန္ဒီက ရှိန်မီရာစံကို ထားခဲ့ကာ မီးဖိုထဲပြန်လာ၏။ ဒေါ်လေးသည် ဝက်အူ ချောင်းအိုး အောက်ချကာ ထမင်းအိုးနှပ်နေလေသည်။

စန္ဒီသည် အုပ်ထားသောအဖုံးကို ဖယ်ကြည့်လိုက်သောအခါ ကော်ဖီမှာ ကော်ဖီဓေ့များ ပေါလောပေါ်နေသည်ကို တွေ့ရ၏။ စိတ်ပျက်လက်ပျက်နှင့် ကြည့်ကာ ကော်ဖီဓေ့များကို ဇွန်းနှင့်လိုက်ဆယ်သည်။

"ဘာဖြစ်ရပြန်တာလဲ၊ ဩော်… ကော်ဖီစစ်နဲ့ စစ်လေ… ဟဲ့… နွားနို့ မထည့်ပါနဲ့ဦး၊ စစ်ပြီးမှ ထည့်မှပေါ့ တကတဲ"

ပင်ပန်းကြီးစွာ ကော်ဖီဖျော်၍ ပြီးစီးသွားလေတော့သည်။ သည်တော့မှပင် စန္ဒီမှာ ကော်ဖီနှစ်ပန်းကန်ကို လင်ပန်းကလေးနဲ့ထည့်ကာ ဟန်ကျပန်ကျ ထွက်လာရသည်။

"ရှိန်မီရာစံ… ချောတို့မတ်တဲ့ ခုဒါစိုင်း၊ ခဏလောက်စောင့်ပါနော်၊ ထမင်း မကျက်သေးလို့"



www.burmeseclassic.com

www.burmeseclassic.com



စန္ဒီ ဂျပန်လိုပြောသည်ကို ရှိနိုမီရာစ်က သဘောကျစွာပြုံးနေသည်။ ပိန်သွယ်ဖျော့တော့သော်လည်း ပင်ကို ဝါဖန့်ဖန့်အသားအရေတွင် မုတ်ဆိတ် နှုတ်ခမ်းမွေး ရိတ်ထားသဖြင့် စိမ်းဖန့်ဖန့်နှင့် ရှိနိုမီရာစ်သည် အတော်ပင် ချောမွေ့နေသေးသည်။

"ကျွန်တော့်ထမင်းကိုပဲ ပြန်ထည့်ပေးပါ စန္ဒီ၊ အပိုမထည့်ပါနဲ့တော့"

"ဟိုလေ... ရှိနိုမီရာစ်ရဲ့ထမင်းက အနံ့အသက် မကောင်းတော့လို့"

ရှိနိုမီရာစ်၏ ဖြူရော်ဖျော့တော့သော မျက်နှာသည် ရှက်သွေးနီမြန်းသွားတော့သည်။ အားတုံ့အားနာ ချက်ချင်းပဲ ပြန်ပြေးတော့မလို ဟန်ပျက်နေတော့၏။

"အားနာစရာဖြစ်နေပြီ စန္ဒီ၊ မထည့်ပါနဲ့တော့၊ ကျွန်တော် ပြန်တော့မယ်"

"အားမနာရပါဘူး၊ စန္ဒီတို့အိမ်မှာ လူတစ်ယောက်စာလောက်တော့ အမြဲပိုတာ၊ အားနာတယ်ဆိုတာ မခင်လို့"

စန္ဒီ့စကားကိုကြားမှပင် ရှိနိုမီရာစ်က တောင်းပန်သောအပြုံးဖြင့် ကော်ဖီကို သောက်နေတော့သည်။

"အခွင့်အရေးယူတာ များနေလို့ပါ၊ မခင်လို့မဟုတ်ပါဘူး"

ဟုလည်း ရှင်းပြလေသည်။

"ကော်ဖီက မွှေးလိုက်တာ"

"ကော်ဖီစေ့ကို အိမ်မှာ လှော်ပြီးကြိတ်တာလေ"

ဒေါ်မြနှစ် မီးဖိုချောင်ထဲမှ ထွက်လာသည်။

"အချိန်ရတယ်မဟုတ်လား ရှိနိုမီရာစ်၊ ထမင်းစားပြီးမှပြန်၊ ဟင်းအိုး မီးဖိုပေါ်ရောက်နေပြီ၊ အပြန်ကျ ချိုင့်ထဲလည်း ထည့်ယူသွား၊ ညလယ်စာ ဆာရင်စားဖို့"

ဒေါ်မြနှစ်က အမိန့်ပေးလိုက်လျှင် ရှိနိုမီရာစ်က-

"ဒို့မိုတို့ရှိနက်ဆုနီ"

ကြင်နာကြ၍ ကျေးဇူးတင်ကြောင်း တီးတိုးဆိုလေ၏။

"ကျွန်တော်တို့မှာ ရိက္ခာ မလုံလောက်တော့ဘူး၊ တစ်နေ့ ထမင်းတစ်နပ်ပဲရတယ်၊ မနက်စာကို ကျွန်တော် တစ်ဝက်ချန်ထားပြီး လာနွှေးတာ၊ မိုလ်ကြီးရှိရင်တော့ ထမင်းဝပါတယ်"

ဟု သူ့ထမင်းသိုး လာနွှေးမိသည့်အဖြစ်ကို အလွန်အားနာနေကာ ရှင်းလင်းချက်တွေ ပေးနေပြန်လေသည်။





"မနက်ဖြန်လည်း အိမ်မှာလာစား၊ ညနေစာ ထည့်ချက်ထားမယ်၊ မလာရင် သွန်ပစ်မယ်၊ အဲဒီတော့ သွန်မပစ်ရအောင်လာခဲ့ ကြားလား"

နေမထိထိုင်မသာ အားနာနေသော ရှိနိုမီရာကို ထားရစ်ကာ ဒေါ်မြနှစ် မီးဖိုထဲသို့ ပြန်ဝင်သွားလေ၏။

"ရှိနိုမီရာ ဂျပန်ပြည်ကထွက်ခဲ့တာ ကြာပြီလားဟင်"

ဟု စန္ဒီက အာရုံပြောင်းရန် စကားရှာ၍ မေးလိုက်လေသည်။

"သုံးနှစ်ကျော်ပါပြီ စန္ဒီ၊ မလေးရှားကို အရင်သွားရတာ၊ ၁၉၄၂ ခုနှစ်ကတည်းက မလေးရှားကို ရောက်တယ်၊ ပြီးတော့ တရုတ်ပြည်လည်း ရောက်သေးတယ်၊ အဲဒီကမှ မြန်မာပြည်ကို မေမြို့ဘက်ကနေ ဝင်လာခဲ့ရတာ"

"ခဏခဏ စစ်တိုက်ရသလား"

"တိုက်ရတာပေါ့ စန္ဒီ"

"ဒါဆို ရှိနိုမီရာစ် ရန်သူတွေကို သတ်ဖူးတာပေါ့နော်"

"ဘာဖြစ်လို့လဲ စန္ဒီ"

"ရှိနိုမီရာစ်က နူးညံ့တယ် မဟုတ်လား၊ လူသတ်ရတာ စိတ်ထဲမှာ ဘယ်လိုနေမလဲ စန္ဒီ သိချင်လို့၊ မဖြေရင်လည်းရပါတယ်၊ ဘာရယ် မဟုတ်ပါဘူး၊ ဒီလိုပဲ သိချင်လာလို့ မေးကြည့်လိုက်တာ"

ရှိနိုမီရာက စားပွဲကို လက်ညှိုးနှင့်ခေါက်ရင်း စဉ်းစားနေသည်။ သူ၏ ရှည်သွယ်သော လက်ချောင်းများသည် အနုပညာသည်တစ်ဦး၏ လက်ချောင်းများသာဖြစ်သည်ဟု စန္ဒီ တွေးမိ၏။

"ကျွန်တော် စစ်တိုက်ဖို့ ဝါသနာမပါခဲ့ပါဘူး။ ပန်းချီဆွဲချင်တယ်၊ သီချင်းရေးချင်တယ် ဒါပါပဲ။ ဒါပေမဲ့ စစ်ထဲဝင်ရမယ်ဆိုတော့လည်း ဝင်လိုက်ရတာပေါ့ စန္ဒီရယ်၊ စစ်သားဖြစ်လို့ စစ်တိုက်ရတော့လည်း တိုက်လိုက်တာပါပဲ၊ ကျွန်တော် အနီးကပ်တိုက်ပွဲ တစ်ခါပဲတိုက်ဖူးတယ်။ တိုက်ရင်းခိုက်ရင်း ကျွန်တော့်ဘက်နက်နဲ့ ရန်သူတစ်ယောက်ကို ထိုးသတ်လိုက်ရတယ်၊ အဲဒီတုန်းက ကျွန်တော် စကွန့်ပိုင်း လက်ဦးသွားလို့သာ မသေတာဘဲ၊ အသက်ချင်းလုနေရတော့ အမှန်ပြောရရင် ကျွန်တော် အဲဒီအချိန်မှာ စိတ်မကောင်း မဖြစ်ခဲ့ပါဘူး။ နောက်ပြန် စဉ်းစားမိတဲ့ အခါတွေမှာတော့ သူဟာ အိမ်ထောင်နဲ့လား၊ လူကောင်းလား၊ လူဆိုးလားနဲ့ တွေးမိတယ်။ မိသားစုဆီ ပြန်မရောက်နိုင်တော့ဘူးဆိုတာ ဝမ်းနည်းစရာပါပဲ။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



သူသတ်လို့ ကျွန်တော်သေသွားရင်လည်း ကျွန်တော်ဟာ ဒီလောကကြီးကနေ တစ်ခါတည်းချာသွားပြီး ဖြစ်နေမှာပဲလို့တွေးပြီး စိတ်ဖြေလိုက်ရတာပေါ့ စန္ဒီ၊ တခြားတိုက်ပွဲတွေမှာတော့ ကျွန်တော်ပစ်တဲ့ကျည်ဆန်ဟာ ဘယ်သူတွေကို ထိတယ် မထိဘူး ကျွန်တော် မသိပါဘူး၊ စစ်ဖြစ်တယ်ဆိုတာ တစ်ယောက်ချင်း မသက်ဆိုင် လိုက်ဘဲ ဖြစ်ရတာမဟုတ်လား စန္ဒီရယ်''

ရှီနိုမီရာစံ ပြောသောစကားကို စန္ဒီလည်း ထောက်ခံမိသည်။ ရှီနိုမီရာစံသည် ဂျပန်စစ်သား ဖြစ်နေသော်လည်း ဖက်ဆစ်ဂျပန်များ၏ ရက်စက်ညှဉ်းပန်းမှုတို့သည် ရှီနိုမီရာစံနှင့် မသက်ဆိုင်သလို ရှီနိုမီရာစံတွင် တာဝန်လည်း မရှိပါ။

''ရှီနိုမီရာစံက သီချင်းကော မဆိုဘူးလား''

''သီချင်းရေးချင်တော့ ဆိုလည်းဆိုချင်မိတာပေါ့ စန္ဒီရယ်၊ ဖြစ်ဖြစ်မြောက်မြောက် မဟုတ်ပါဘူး''

''နည်းနည်းပါးပါးပေါ့၊ ဆေးရုံမှာလည်း ပျင်းတဲ့အခါ ဗိုလ်ယာမာမိုတိုနဲ့ ဆိုလိုက်တီးလိုက်ပါပဲ၊ သူ့မှာ ဂစ်တာရှိတယ်၊ ကျွန်တော့်ဂစ်တာကတော့ ဂျပန်ပြည်မှာ ကျန်ခဲ့တယ်လေ''

''ယူခဲ့ပါလားဟင်၊ ဒေါ်လေးက သီချင်းသိပ်ကြိုက်တာ၊ စန္ဒီလည်း ကြိုက်တာပါပဲ''

''ဗိုလ်ကြီးပြန်လာမှ ယူခဲ့မယ်နော်''

''ခု ဘာဖြစ်လို့လဲ၊ သူ့ဂစ်တာယူကိုင်ရင် မကြိုက်လို့လား''

''မဟုတ်ပါဘူး၊ ကျွန်တော် တစ်ယောက်တည်းဆိုတော့...''

''ဪ... သိပြီ၊ ရှက်လို့''

စန္ဒီက မျက်စချီကာပြောလိုက်ပြီး နှစ်ယောက်သား ပြိုင်တူရယ်မောမိကြသည်။

''ကျွန်တော့်ဂစ်တာဟာ ကျွန်တော့်အသက် ဆယ့်ခြောက်နှစ်ပြည့်တုန်းက အဖေ ဝယ်ပေးတာ၊ ဖေဖေ့ဆီက နောက်ဆုံးလက်ဆောင်ပေါ့၊ ဖေဖေဆုံးသွားတော့ သူ့အလုပ်ရှင်က ကျွန်တော့်ကို အလုပ်ဝင်ဖို့လာခေါ်တယ်၊ လောလောဆယ် ဖေဖေ့ လက်ထောက်ရဲ့လက်အောက်မှာ အလုပ်ဝင်ပြီး နောက်တော့ သူ့လုပ်ငန်းမှာဦးစီးပြီး ဒီဇိုင်းရေးဆွဲဖို့ပေါ့၊ ဖေဖေက အထည်အလိပ် ဒီဇိုင်းတီထွင်တဲ့သူ၊ ဖေဖေ့အလုပ်ရှင်က ကျွန်တော့်ကို ဖေဖေ့ခြေရာနင်းမယ်လို့ သိပ်မျှော်လင့်ထားတယ်၊ ကျွန်တော့် အမေကတော့ ကျောင်းဆက်တက်စေချင်သေးတယ်၊ ဒါပေမဲ့ စစ်ဖြစ်လာတော့ စစ်ထဲပဲ





ပါလာရတော့တာပဲ၊ ဘာမှ ဖြစ်မလာနိုင်တော့ဘူးပေါ့''

''စစ်ပြီးသွားရင်တော့ ရှီနိုမီရာ အဲဒီအလုပ်ကိုလုပ်မယ်ပေါ့''

''ဟုတ်ကဲ့၊ အလုပ်ရှင်က ဆက်လက် လိုလားနေသေးရင်ပေါ့လေ''

''ဆက်လက်လိုလားမှာပေါ့ ရှီနိုမီရာစံရယ်၊ စစ်ဖြစ်လို့ကော ရှီနိုမီရာစံက ညံ့ဖျင်းသွားမှာမှ မဟုတ်ဘဲ၊ ရှီနိုမီရာစံတို့ မောင်နှမ ဘယ်နှယောက်ရှိသလဲဟင်''

''နှစ်ယောက်၊ ကျွန်တော့်မှာ အစ်ကိုတစ်ယောက်ရှိတယ်၊ သူက နှလုံးရောဂါရှိတယ်၊ Rheumatic Heart Disease တဲ့၊ ဖြစ်စတုန်းက သူ ဆယ့်သုံးလေးနှစ်အရွယ်ပဲရှိသေးတာ၊ ရောဂါထလာရင် အဆစ်အမြစ်တွေ ရင်တွေတုန်လာပြီး မောတာပဲ၊ နောက်တော့ သူ့နှလုံးက အဆို့ရှင်တွေဟာ ပျက်စီးကုန်တယ်တဲ့၊ သူ့မှာ သားကလေးနှစ်ယောက်ရှိတယ်၊ သူ့ရောဂါ တဖြည်းဖြည်းဆိုးလာတော့ အမေပဲ တာဝန်ယူနေရတာပေါ့၊ အဖေရှာခဲ့တဲ့ပစ္စည်းတွေနဲ့ အမေက အစ်ကို့ကိုလည်းကြည့်၊ ကျွန်တော့်လည်း ဘွဲ့ရတဲ့အထိ ပညာသင်ပေးဖို့ရည်မှန်းထားတာ၊ စစ်ဖြစ်လာတော့ ဘာမှ မရေရာတော့ပါဘူး''

''ရှီနိုမီရာတို့ဂျပန်တွေဟာ ဘာဖြစ်လို့ သူများတိုင်းပြည်တွေကို လိုက်ပြီး စစ်တိုက်နေရတာလဲဟင်''

စန္ဒီသည် ရှီနိုမီရာစံကို ကြောက်စရာဟု မမြင်တော့သည်မို့လည်း သည်မေးခွန်းကို နှစ်ခါပြန်မစဉ်းစားဘဲ မေးပစ်လိုက်သည်။ ရှီနိုမီရာသည် ရုတ်တရက် မျက်နှာပျက်သွားပြီးမှ ဣန္ဒြေဆည်ကာ ပြုံးလိုက်လေသည်။

''ဂျပန်နိုင်ငံသားအများစုဟာ စစ်မတိုက်ချင်ကြပါဘူး။ ကိုယ့်လယ် ကိုယ့်မြေကလေးမှာပဲ အေးအေးချမ်းချမ်း လုပ်ကိုင်စားသောက်နေချင်ကြတာပါ၊ ဒါပေမဲ့ တိုင်းပြည်ကိုဦးဆောင်တဲ့စနစ်က စစ်တိုက်ရမယ်ဆိုရင် တိုက်ရတာပေါ့ စန္ဒီ၊ အမှန်တော့ နယ်ချဲ့ပြီး အနိုင်အထက် သိမ်းပိုက်တဲ့စနစ်ဟာ ကျွန်တော်တို့ ဂျပန်တွေက စခဲ့တာမဟုတ်ပါဘူး၊ ဘယ်သူပဲ စစပေါ့လေ၊ ကောင်းတယ်လို့ ကျွန်တော်တို့ မခံယူပါဘူး၊ ကမ္ဘာကို အင်အားကြီးနိုင်ငံတွေ ခွဲဝေသိမ်းပိုက်ထားရာက မခံမရပ်နိုင်တဲ့ လူတန်းစားတွေက အကြမ်းနည်းနဲ့ အုပ်ချုပ်ကြတော့ ဖက်ဆစ်စနစ် ထွန်းကားလာပြန်တာကိုလည်း ဂျပန်လူမျိုးတွေ မနှစ်သက်ပါဘူး။ ဒါပေမဲ့ ခေါင်းဆောင်တဲ့လူတွေ အလိုအတိုင်း လုပ်ကြရတယ် မဟုတ်လား''

စန္ဒီ စိတ်ညစ်သွားသည်။ ရှီနိုမီရာ ပြောသလောက်အဆင့်ကိုပင် အမှန်တော့



www.burmeseclassic.com

www.burmeseclassic.com



စန္ဒီ နားမလည် မဆွေးနွေးနိုင်ပါ။ စန္ဒီ သိသည်က စန္ဒီတို့တိုင်းပြည်တွင် ဂျပန်များသည် အနိုင်အထက် ဆိုးသွမ်းမင်းမူကြသည်။ ရှီနိုမီရာစံပြောသော နယ်ချဲ့ခြင်းတို့၊ ဖက်ဆစ်စနစ်တို့ကို ကမ္ဘာနှင့်ချီကာ စန္ဒီ သရုပ်ခွဲမကြည့်တတ်ပါ။

"အမှန်တော့ အပြိုင်အဆိုင်နယ်ချဲ့ရာက ကိုယ်မဦးရင် သူများဦးသွားပြီး ကိုယ့်တိုင်းပြည် ပါသွားမယ့်အရေးတွေလည်း ရှိနေပြန်တယ်၊ တိုင်းသူပြည်သားဆိုတာ မေးစာခံပါ စန္ဒီ၊ ကျွန်တော်တို့တိုင်းပြည်ဟာ စစ်လိုလားတဲ့ ကွမ်းတုံတပ်မတော်က မန်ချူးရီးယားကို သိမ်းပိုက်လိုက်ရာက စစ်ထဲတိုးဝင်ခဲ့ရတာပဲ၊ တို့ဂျိုတက်လာတော့ သူဟာ အနောက်ကိုတိုက်ဖျက်ဖို့ သဲသဲမဲမဲ ဆုံးဖြတ်ထားတယ်၊ ရေတပ်မတော် ဗိုလ်ချုပ်ကြီး အိုင်မုရုကူရာမာမိုတိုဂျိုက ရေရှည်မှာ အနောက်ကို မယှဉ်နိုင်ပါဘူးလို့ တားမြစ်တဲ့ကြားက ပုလဲဆိပ်ကမ်းကိုဗုံးကြဲပြီး စစ်ကိုစခဲ့တော့တာပဲ၊ ခဏတော့ ပစိဖိတ်မှာ ဂျပန်ရေတပ်မတော် အောင်လံထူနိုင်ခဲ့တယ် စန္ဒီ၊ ခုတော့ စန္ဒီတို့ အသိပါပဲ၊ ဂျပန်ဟာ ရှုံးနိမ့်နေပါပြီ။ ဘုရင့်အကြံပေး အဖွဲ့ဝင်များဖြစ်တဲ့ ဇူရှင်ရဲ့ တွန်းအားနဲ့ တို့ဂျိုလည်း နုတ်ထွက်ခဲ့ရပါပြီ။ ကျွန်တော်ဆိုလိုတာ စန္ဒီ နားလည်ရဲ့လား၊ တိုင်းပြည်တစ်ပြည်ရဲ့ကံကြမ္မာဟာ ဦးဆောင်သူတွေရဲ့လက်ထဲမှာ အများကြီး မူတည်နေပါတယ်"

ဒေါ်မြနှစ် မီးဖိုချောင်ထဲမှ ထွက်လာသည်။ လက်ထဲတွင် ထမင်းအုပ်၊ ထမင်းပန်းကန်များ သယ်လာသည်။

"စားရအောင် ရှီနိုမီရာစံ၊ စန္ဒီရေ ဟင်းပန်းကန်တွေ သွားသယ်ချေဦး၊ လက်ဆေးရေပါ ယူခဲ့"

"ကျွန်တော် မီးဖိုချောင်ထဲမှာပဲ လက်ဆေးပါ့မယ်"

ရှီနိုမီရာစံ၏မျက်နှာ လန်းဆန်းပေါ့ပါးလာသည်။ ရှီနိုမီရာ လက်ဆေးပြီး မီးဖိုချောင်ထဲမှ ပြန်ထွက်အသွား တူဝရီးနှစ်ယောက်တည်းကျန်ခဲ့စဉ် ဒေါ်မြနှစ်က တူမကို တီးတိုးမာန်မဲလေ၏။

"ဘယ့်နှယ် မဟုတ်တဲ့စကားတွေ သွားမေးနေတာလဲစန္ဒီ၊ ဟိုက ရှင်းလိုက်တာအရှည်ကြီး၊ ရှီနိုမီရာစံဟာ ရဲဘော်ပေမယ့် ပညာတတ်ကလေး၊ ပြောသွားတဲ့စကားတွေကလည်း အဆင့်မြင့်တယ်၊ တော်ကြာ တန်ပြန်ထောက်လှမ်းရေးဖြစ်နေမှ ငါတို့ဒုက္ခ"

"အို… စန္ဒီက ပါးစပ်ထဲတွေ့တာ လျှောက်ပြောမိတာပါ"





"သတိထား… လက်သည်း အခွာခံချင်တယ် မှတ်တယ်"

စန္ဒီ နှုတ်ခမ်းရှု၍ ထွက်လာခဲ့သည်။ စန္ဒီ သိပါသည်။ ရှီနိုမီရာစံသည် ဒုက္ခပေးမည်မဟုတ်။ အထူးသဖြင့် စန္ဒီ သိပါသည်။ ရှီနိုမီရာစံသည် ဒုက္ခမဟုတ်။ ဘယ်လိုပင် ရိုးအသည်ဆိုသော်လည်း စန္ဒီ ပုစွန်ဆိတ်ကလေးသည် ပင်လယ်ရေကိုတော့ ကူးခပ်တတ်ပါလေ၏။

စန္ဒီက အဒေါ် မျက်ကွယ်ရောက်သည်နှင့် မျက်နှာကလေးပြန်ကြည်လင်လာသည်။

"ချစ်သူပန်း ပွင့်လန်းဖို့ရာ ×××× ကိုရွှေမိုးကို မျှော်ကိုးမိတာပါ××× ခင်ပန်း… မေတ္တာရည်သွန်းဖြိုးပါ ×××"

"ကိုအမှုန် မောင်ရယ်…ဖူန်းပက်ဖို့ရာ"

စန္ဒီက သီချင်းတညည်းညည်းနှင့် ထမင်းစားခန်းထဲသို့ ပြန်ဝင်လာခဲ့ မိလေ၏။

◆



www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

နံနက် ၇ နာရီထိုးလေပြီ။ အချိန်မှာ စောလွန်းလှသည်တော့ မဟုတ်။ သို့တစေ နှင်းတို့က ပိန်းပိတ်အောင် ကျဆင်းနေ၍ ပတ်ဝန်းကျင်ကို ဘာတစ်ခုမှ သဲကွဲအောင် မမြင်သာပေ။

ဦးမြအောင်က ပြတင်းတစ်ချပ်ကိုဖွင့်ကာ ခြံထဲသို့ မျှော်ကြည့်မိသည်။ ခွေး ဟောင်နေသောကြောင့်ပင်တည်း။ ခွေးသည် တစ်စုံတစ်ယောက်ကို ဆီးကြို နှုတ်ခွန်း ဆက်နေသည့်ပမာ။ ရှိနိုမီရာစ်တို့ပဲလား။ မည်သည့် ရင်းနှီးသောမိတ်ဆွေတစ်ဦး ဖြစ်နိုင်ပါလိမ့်မည်နည်း။

နန်းအိလည်း မဟုတ်နိုင်ပြီ။ နန်းအိ စောစောကပင် ရောက်နေလျက် အိမ်ထဲ တွင် တံမြက်စည်းလှည်းနေသည်ကို သူ တွေ့ထားသည်။

ခြံတံခါးကို အဘချယ် သွားဖွင့်သည်ကို သူ တွေ့ရသည်။ ပအိုဝ့် အဘိုးအို တစ်ယောက်ဝင်လာကာ အဘချယ်က ဝမ်းပန်းတသာ စကားတွေပြောနေ၏။ အဘချယ်၏မိတ်ဆွေ ဖြစ်ပေလိမ့်မည်ဟူသော အတွေးနှင့် ဦးမြအောင်က ပြတင်း ပေါက်ဆီမှ ခွာခဲ့တော့သည်။

ဘုရားခန်းမှ ကြေးစည်သံ ကြားရသည်။ နမ နှစ်နှစ် ဘုရားရှိခိုး ပြီးသွား လေပြီ။ သာယာငြိမ့်ညောင်းသော ကြေးစည်သံသည် သူ့ကို စိတ်ဝမ်းချမ်းမြေ့စေပေ၏။

ဦးမြအောင်က အိမ်ရှေ့တံခါးကို ဖွင့်လိုက်သည်တွင် ပအိုဝ့်ကြီးသည် အဘချယ်နှင့်အတူ အိမ်ရှေ့လှေကားထစ်တွင် ရပ်နေသည်ကို တွေ့လိုက်ရသည်။





အဘချယ်သည် မျက်လုံးတွင် မျက်ရည်ဝဲလျက် ပြုံးနေသည်။ အဘချယ်၏ အမူအရာကြောင့် သူ့မှာ တအံ့တသြဖြစ်ရကာ ပအိုဝ့်ကြီးကိုတစ်လှည့် ကြည့်မိ ပြန်၏။ ပအိုဝ့်ကြီးမှာ ဟောင်းနွမ်းသော ပအိုဝ့်ဝတ်စုံအမည်းနှင့် ရှမ်းလွယ်အိတ် အဟောင်း လွယ်ထားလေသည်။ ဆေးငုံထား၍ ပါးတစ်ဖက်ဖောင်းနေကာ သူ့ကို ပြုံးရယ်ပြသောအခါ သွားမည်းမည်းများကို မြင်ရလေ၏။ ဦးမြအောင်လည်း သည်ရုပ်ရည်မျိုး မြင်ဖူးလှသည်ဟု အတန်ကြာမျှ စိုက်ကြည့်မိ၏။

"ဟင်… မင်း…"

စောစောစီးစီး နှင်းတောထဲမှ ရောက်ရှိလာသော ဧည့်သည်ကို မှတ်မိသွားသော ဦးမြအောင်မှာ ဤမျှသာ ဆိုနိုင်လျက် အသံပြတ်ကျသွားသည်။

"ဘဘ…"

သား သူရိန်၏ အသံ။

"လာလာ အိမ်ထဲဝင်…"

ပူပန်ကြောင့်ကြသော အဘချယ်က သူရိန်၏လက်ကိုဆွဲကာ အိမ်ထဲ ခေါ်သွင်း လာသည်။

ဘုရားခန်းထဲမှ ထွက်လာသော ဒေါ်မြနှစ်သည်လည်း ရုတ်တရက် တူဖြစ်သူ ကို မမှတ်မိပေ။ မှတ်မိသွားပြန်တော့လည်း ချက်ချင်း စကားမဆိုနိုင်ဘဲ မှင်တက် မိနေလေ၏။

သူရိန်က ဖခင်ဖြစ်သူအား ဒူးတုပ်၍ ကန်တော့လေသည်။ သူ့အတွက် ဖခင် စိတ်သောက ရောက်ရလေသမျှ ခွင့်လွှတ်ပါမည့်အကြောင်း၊ မည်မျှပင် အယူအဆ ဝိဝါဒကွဲပြားစေ ဖခင်ကြီး၏ရင်တွင် သူ့အတွက် မိဘတို့မေတ္တာ အပြည့်အဝ ရှိနေသည်ကို သူ ကောင်းစွာ နားလည်ထားပါ၏။

ဦးမြအောင်၏မျက်နှာတွင် ပူပန်ခြင်း၊ ဝမ်းနည်းခြင်း၊ ဝမ်းမြောက်ခြင်း၊ နာကြည်းခြင်းတို့ မပီမပြင် ရောယှက်ထင်ဟပ်နေသည်။

ဒေါ်မြနှစ်သည် တူကလေးကို ဖက်ကာ မျက်ရည်မဆည်နိုင်၊ တူကလေး ရှမ်းပြည်နယ်ထဲသို့ ရောက်နေပြီ ကြားကတည်းက သူမ အမျှော်ကြီး မျှော်ခဲ့ရ ပါ၏။

သူရိန်သည်လည်း သူ့စိတ်ကို ထိန်းသိမ်းရန် ကြိုးစားရင်း တော်တော်နှင့် စကား မဆိုနိုင်ပေ။ တိုင်းပြည်အတွက် မည်သို့ပင် စွန့်နိုင်သည်ဆိုသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



သူရိန်လည်း ကျောက်သားကျောက်ရုပ် မဟုတ်လေပါ။ ခံစားတတ်သော လူသား တစ်ဦးပါပဲ။

"မင်းသားလေး အိပ်နေသေးတယ် သူရိန်၊ ဒေါ်လေး သွားနှိုးလိုက်ဦးမယ်"

"မနှိုးပါနဲ့ ဒေါ်လေးရယ်၊ ကျွန်တော် ခဏဝင်လာတာ၊ ခုပြန်ထွက်ရမှာ ကလေး ဝမ်းနည်းနေပါ့မယ်"

"အို... တွေ့ချင်မှာပေါ့ သားရဲ့၊ သူ့ခမျာ ပါးစပ်ကမမေးပေမယ့် မျှော်တယ် သားရယ်၊ ဘဘက စစ်သားကြီးနော်... သတ္တိရှိတယ်နော်၊ တမ်းတမ်းတတ ပြောရှာတယ်"

ဒေါ်မြနှစ် အိမ်ထဲဝင်သွားခိုက် သားအဖနှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်ကြသည်။

"ဦးချယ်... ခြံထဲ အရိပ်အခြည်ကြည့်ထား၊ ညှေ်သည်လာရင်ပြော"

ဟု ဦးမြအောင်က အဘချယ်ကို နှင်လိုက်လေ၏။

ဦးမြအောင် မသိစေလိုသော်လည်း အဘချယ်မှာ သူရိန်တို့တာဝန်ရိုး၏ လုပ်ငန်း များကို ရိပ်မိရုံမျှမက ကျေနပ်ထောက်ခံနေသူပါ။ ထို့ကြောင့်လည်း ကင်းစောင့် တာဝန်ကိုထမ်းရန် ခပ်သွက်သွက် ခြံထဲသို့ သွားလေ၏။

သား ဘယ်လိုဘယ်ပုံ ရောက်လာသည်။ ဘယ်မှာနေ၍ ဘယ်လို စားသည်။ သူ မမေးလိုတော့။ သားကလည်း သူ့ကို ပြောချင်မည်မထင်။

သားအတွက် အရေးကြီးမည်ထင်ရသည့် မေးခွန်းကိုသာ သူ မေးလိုက်သည်။

"မင်း... ငွေဘယ်လောက် လိုသလဲ သူရိန်"

သူရိန် စိတ်သက်သာရာ ရသွားသည်။ စကားစရှာနေဆဲ အခက်အခဲကို ဖခင်က သိနှင့်လျက် တည့်တည့်မေးလိုက်တော့ ပြဿနာပြေလည်သွားသလို သူ မျှော်လင့်ထားသည့်အတိုင်းပင် သူ့ဖခင်သည် မည်မျှပင် ဗြိတိသျှ သစ္စာတော်ခံ အမှုထမ်းနေသော်ငြားလည်း ဇာတိသွေး၊ ဇာတိမာန် မနည်းလှသည့် မြန်မာနိုင်ငံသား တစ်ဦးပေပဲ။

"ဘဘ တတ်နိုင်သလောက် ပေးပါ၊ ကျွန်တော်တို့ အတော်လိုပါတယ်"

ဒေါ်မြနှစ်က အိပ်ချင်မူးတူးရှိနေသော အဘကလေးကို ပွေ့ချီ၍ ခေါ်လာ ကာ သူရိန်ရင်ခွင်ထဲ ထည့်ပေးလိုက်၏။

စန္ဒီသည်လည်း အပြေးအလွှား ထွက်လာကာ-





"ကိုကို...ကိုကို... အကြာကြီး ဘယ်သွားနေတာလဲ"

ဟု အတာနှင့် အရွယ်မကွာသော ကလေးတစ်ယောက်ပမာ မေးမြန်းရင်း အစ်ကို့ခြေရင်းတွင် တိုးဝှေ့ထိုင်ချလိုက်လေ၏။

သူရိန်သည် သားကိုပွေ့ဖက်ကာ ညီမငယ်ကိုလည်း ကျောကို တစ်ချက် နှစ်ချက် လက်နှင့်ပုတ်လျက် နှုတ်ဆက်လေသည်။

"ဘဘက ဘာလို့ ပအိုဝ့်အဝတ်တွေ ဝတ်ထားတာလဲဟင်"

ဟု အတာက အံ့သြစွာ မေးသည်။

"ဘဘအဝတ်တွေက စစ်သားအဝတ်တွေလား ဘဘ"

"ဒါပေါ့... သားရဲ့"

"ကိုကို့ သွားတွေကလည်း မည်းလို့၊ တကယ့် အဘိုးကြီးကျနေတာပဲ"

လျှို့ဝှက်ရုပ်ဖျက်လာကြောင်း မသိရှာဘဲ အစ်ကို့ကို အပြစ်တင်နေသော စန္ဒီ့စကားကြောင့် သူရိန်နှင့် ဒေါ်မြနှစ် ပြုံးမိကြသည်။ သူရိန်သည် ကလေးဆန်လှ သော နှမငယ်၏ခေါင်းကို ချစ်စနိုး တစ်ချက်ပုတ်လိုက်လေ၏

"ဘဘ... အခု အပြီးပြန်လာတာလား"

သား၏မေးခွန်းကြောင့် သူရိန် တစ်ချက်ငိုင်သွားသည်။ ပြီးမှ ဟန်လုပ်ကာ ပြုံးလေသည်။

"ဘဘ ခဏ ပြန်သွားရဦးမယ် သားရဲ့၊ အခု ဘဘက ဗိုလ်ကြီးမသိအောင် ခဏလေး ခိုးပြန်လာတာ၊ သားတို့ကို တွေ့ချင်လို့"

"ဘဘတို့ ဗိုလ်ကြီးက အိမ်ပြန်တာ မကြိုက်ဘူးလား"

"ဒါပေါ့သားရဲ့၊ စစ်သားဆိုတာ စစ်တပ်မှာပဲ နေရတာ"

"ဘဘမှာ သားကလေး ရှိတယ်လို့ပြောပြရင် ဘဘကို ဆူမှာ မဟုတ် ပါဘူး၊ ဦးဦးဆရာဝန်ဆိုရင် ဗိုလ်ကြီးပဲ၊ သားကိုချစ်တယ်..."

သူက အဒေါ်မျက်နှာကို လှမ်းကြည့်သည်။

"ဘယ်က ဆရာဝန်လဲ အဒေါ်လေး"

"သူ့မိတ်ဆွေ"

ဟု ဒေါ်မြနှစ်က အတာ့ကို မေးငေါ့ပြသည်။

"ဂျပန်စစ်ဗိုလ်ကြီး ဘဘ၊ ဆရာဝန် ဟုတ်တယ်၊ အတာ ဖျားနေတာ ဦးဦးက ဆေးကုပေးတယ်၊ ပြီးတော့ ရှိနိုမိရာစ်ကလည်း ဂစ်တာတီးပြီး သီချင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြတယ်၊ ဂျပန်သီချင်း၊ အင်္ဂလိပ်သီချင်းလည်း တတ်တယ်၊ မြန်မာသီချင်းလည်း ဆိုတယ်၊ မပီတော့ မပီဘူး…”

သူရိန်၏ ရှုစမ်းသောအကြည့်ကြောင့် ဒေါ်မြနှစ်က-

“အိုကွယ် လမ်းသွားရင်းလာရင်း အတော့်ကိုချစ်ပြီး အသိအကျွမ်း ဖြစ်လာကြတာ၊ အတာ ဖျားတုန်းက ဆေးလာကုပေးရင်း ခုတော့ အိမ်အဝင်အထွက် ရှိနေတာပေါ့”

“အခု ဒါယူသွား… နောင် မင်းလိုရင် လာယူနိုင်တယ်၊ မင်း မလာနိုင်ရင် လူလွှတ်လိုက်”

“ကောင်းပါပြီ ဘဘ၊ ကျွန်တော့်ဆီက လူဆိုရင် ကျွန်တော့်အသိုး နာမည်ကို ပြောလိုက်မယ်”

“ကောင်းပြီလေ၊ မင်းနဲ့ ငါနဲ့ စကားဝှက်ဆိုပါတော့”

ဦးမြအောင်၏မျက်နှာ ပျော့ပျောင်းလာသည်။ သား ဘာတွေလုပ်နေမှန်း သိလျက်နှင့်၊ လုပ်နေသည်ကို မနှစ်မြို့က်လျက်နှင့် သူသည် သား၏ဖခင်ဖြစ်လေ၍၊ တစ်ဖန် သူတို့သည် မြန်မာနိုင်ငံသားများ ဖြစ်ကြလေ၍ သားတို့ လုပ်ငန်းတွင် သူ လက်ဝင်လှို့နေရပါပကော။

စန္ဒီသည် ဖခင်နှင့် အစ်ကို့စကားများကို နားမလည်ဘဲ ခွဲခွာနေရသော အစ်ကို၏မျက်နှာကိုသာ တစိမ့်စိမ့် ငေးကြည့်နေ၏။ စစ်သားဖြစ်ရသည်မှာ နွမ်းပါး နုံချာလှသည်ဟု စိတ်မကောင်းလည်း ဖြစ်မိသည်။ ရှိနိုမီရာတို့လိုပင် အစ်ကိုလည်း အနေအစား ဆင်းရဲလှသောကြောင့်သာ ဖခင်က ငွေကြေးထောက်ပံ့သည်ဟု စန္ဒီက ထင်မှတ်နေလေ၏။

ဒေါ်မြနှစ်က ကော်ဖီ မတ်ခွက်တစ်ခွက်နှင့် ထမင်းကြော်တစ်ပန်းကန် ယူလာလေသည်။ သူရိန်မှာ ကော်ဖီကိုသာ တစ်ရှိန်ထိုးမော့လျက် ထမင်းကြော် ယူမစားနိုင်။

“ကြာကြာနေလို့မဖြစ်ဘူး ဒေါ်လေး၊ ကျွန်တော်သွားမယ်…”

“သတိဝီရိယ ရှိပါစေကွာ”

ဟု ဦးမြအောင်က မျက်လုံးချင်းမဆိုင်ဘဲ အခန်းထောင့်တစ်နေရာကို စိုက်ကြည့်ရင်း မှာကြားလေသည်။

သူရိန်က ဖခင်နှင့်အဒေါ်ကို ကန်တော့သောအခါ ဒေါ်မြနှစ်သည် မျက်ရည်စကို အင်္ကျီလက်မောင်းနှင့်တို့ကာ သုတ်လေ၏။





“ငါ့တူကလေး ဘေးရန်အပေါင်း ကင်းရှင်းပြီး ကြံတိုင်းအောင်၊ ဆောင်တိုင်း မြောက်ပါစေကွယ်”

ဦးမြအောင်ကား ဆုပင်မပေးနိုင်ဘဲ ရင်ဝယ် ဆို့နင့်နေတော့၏။ သူရိန်သည် လွယ်အိတ်ထဲမှ လောက်လေးခွ အသစ်ကလေးတစ်ခုနှင့် ဂျင်ကလေးတစ်လုံးကို ယခုမှ ထုတ်ကာ အတော့်ကိုပေးသည်။ ကလေးသည် ဖခင် သွားတော့မည်ကို သိ၍ ငိုမဲ့လျက်က ဖခင်ယူလာသော လက်ဆောင်ကို အမြတ်တနိုး ပွေ့ဖက်ထားလေ၏။

“ကဲ… အတာ၊ ဘဘသွားမယ်၊ ညီမလေး ကိုကိုသွားမယ်”

သူရိန် အဒေါ်ကို လှမ်းကြည့်သည်။ ဒေါ်မြနှစ်ကလည်း အိမ်ရှေ့သို့ ထွက်ဖို့ ဟန်ပြင်နေပြီ။

“စန္ဒီ၊ ကလေးကို မျက်နှာသစ်ပေးတော့၊ ကဲ… သွား… အိမ်ထဲ ချီသွားချေ၊ ဒေါ်လေး သူရိန်ကို ဝင်းဝလိုက်ပို့ဦးမယ်”

စန္ဒီသည် သူမလည်း အစ်ကိုဖြစ်သူကို ဝင်းဝသို့တိုင် လိုက်ပို့ချင်သော်လည်း စကားအတွန့်တက်မနေတော့ဘဲ အတော့်ကိုသာ ပွေ့ချီလိုက်ရလေသည်။

“ဘဘ… တာ့တာ”

ဟု ဖခင်ကို လက်ပြပြီးနောက် မျက်နှာကို အဒေါ်၏ ရင်ဝယ်ဝှက်လျက် မျက်ရည်ကျကာ ကျိတ်၍ရှိုက်ရှာသော သားကလေးကို မျက်နှာလွှဲရင်း သူရိန် အိမ်မှခွာရပြီ။

“သား ရှမ်းပြည်နယ် ပြန်ရောက်နေတာ မိမိဆီက ဒေါ်လေး သိထားရတယ်၊ ဘာလို့ အိမ်မလာတာလဲ”

“လျှို့ဝှက်ထောက်လှမ်းရေးတွေ ခြေချင်းလိမ်နေတာ ဘယ်လာရဲမလဲ ဒေါ်လေး၊ မိသွားရင် တစ်မိသားစုလုံး မသက်သာဘူး၊ ဦးမောင်ကို ကို ဒေါ်လေး သိတယ် မဟုတ်လား၊ ကျန်းမာရေးမှူးလေ၊ သားသမီးတွေရော သူရော အကုန် အသတ်ခံရတယ်”

“ဘုရား… ဘုရား… ဖြစ်ရလေတော်”

“ကျွန်တော်တို့အင်းကို ဗဟိုပြုပြီး လှုပ်ရှားနေတာ၊ ရိက္ခာပြဿနာကို ကျွန်တော်တို့ ရှမ်းလူငယ်တွေက တာဝန်ယူနေရတယ်၊ သတင်းပို့၊ လက်နက်ပို့နဲ့ လှုပ်ရှားရတာ သူတို့မျက်စိအောက်မှာ ပွတ်ကာသီကာပဲ။ အခုမှ ငွေကြေး အထောက်



www.burmeseclassic.com

www.burmeseclassic.com



အပ့်လိုတာလည်း တစ်ကြောင်း၊ ဌာနချုပ်ကလည်းလွှတ်တာနဲ့ တောင်ကြီး တက်လာရတာ''

''အင်းထဲမှာ အမျိုးတွေရှိတာပဲ၊ သားရဲ့အတိုး အဘွားနာမည်၊ သားအမေတွေနာမည်ပြောပြီး အကူအညီယူရဲ့လား…''

''ဟာ… ကျွန်တော်တို့ ရှမ်းလူငယ်တွေရဲ့ ဆွေမျိုးအင်အားကလည်း တောင့်ပေလို့ပေါ့၊ ရှမ်းလူထု အင်အားမပါရင် မျက်နှာစိမ်းတွေအနေနဲ့ ကိုယ်ပျောက်နေနိုင်ဖို့ ခဲယဉ်းသားပဲ၊ သားချင်းတစ်ယောက် အရေးကနေ တရားဟောစည်းရုံးရင်း ဆွေမျိုးအရေးဖြစ်အောင် ကြိုးစားကြရတာပဲ''

''အခု အခြေအနေ ဘယ်လိုလဲ''

''တော်လှန်ဖို့ မဝေးတော့ဘူး၊ ရက်မသတ်မှတ်သေးဘူး၊ ကျွန်တော်တို့ အပါအဝင် ရှမ်းလူငယ်နှစ်ဆယ်ကို ရွေ့ပြေး မြေအောက်လှုပ်ရှားမှုတွေအတွက် ပြန်လွှတ်နင့်တယ်၊ ရခိုင်ဘက်မှာတော့ မဟာမိတ်တွေနဲ့ ပူးပေါင်းပြီး တော်လှန်ကုန်ကြပြီ၊ ကျွန်တော်တို့က မဟာမိတ်ကို ထောက်ခံတာ မဟုတ်ဘူးနော် ဒေါ်လေး၊ ကျွန်တော်တို့ လွတ်လပ်ရေးအတွက် လက်တွဲတာ''

ဒေါ်မြနှစ်က-

''ငါနားလည်ပါတယ်''

ဟု ခပ်တင်းတင်း ဆိုလိုက်သည်။

''ပြီးတော့ စောစောက စကားပြတ်သွားတာလေ၊ ဂျပန်တွေ ဝင်ထွက်နေတယ်ဆိုတာ စန္ဒီကို သတိထားဦး၊ အရောမဝင်စေနဲ့''

သည်အချက်ကိုမူကား-

''အေးပါဟယ်''

ဆိုသော်လည်း သူမ၏လေသံက ခပ်ပျော့ပျော့။ သူမကိုယ်တိုင်လည်း ရန်သူအဖြစ် မသတ်မှတ်နိုင်အောင် ခင်မင်နေမိပြီဖြစ်ကြောင်း သူ့ကို မပြော ပြဖြစ်။

''ကျွန်တော်လာတဲ့အကြောင်း အတာ ပြန်မပြောအောင် လှည့်ပတ်ထားဖို့ မမေ့နဲ့နော် ဒေါ်လေး၊ စန္ဒီကလည်း အတာနဲ့ ဘာမှမထူးဘူး၊ လျှောက်ပြောနေဦးမယ်''

သည်တစ်ခါတော့-

''စိတ်ချပါ သားရဲ့''

ဟု ခပ်ရဲရဲ အာမခံချက် ပေးလိုက်နိုင်သည်။





''မိမိနဲ့ တွေ့သေးလား''

ဟု ဒေါ်မြနှစ်က စပ်စုလိုက်မိသေးသည်။

''ဟင့်အင်း''

''မိမိဆီ ဝင်လိုက်ပါဦးလား၊ သူ့ခမျာ သားကို သိပ်တွေ့ချင်တာ''

''ဘယ်သွားနိုင်မှာလဲ ဒေါ်လေးရဲ့၊ နုပဲ ပြန်တော့မှာ''

''ဒေါ်လေး ဘာပြောလိုက်ရဦးမလဲ''

သူရိန်က အဒေါ်ကို စိတ်ရှုပ်စွာ ကြည့်သည်။ ခင်မိမိတစ်ယောက် သူ့အပေါ် တိမ်းညွတ်နေသည်ကို သူ မသိမဟုတ်ပါ။ သူ့အနေနှင့် အချစ်ဟူသောမီးကို တစ်ကြိမ်ကစားခဲ့မူးပြီ။ အပူလည်း လောင်ခဲ့ရပြီးပြီ။ ယခုလို တိုင်းရေးပြည်ရေး မအေးနိုင်အောင် အရေးကြီးနေခိုက် ခံမှန်ဖူးသော စာသူငယ်သည် သဲမှုန်ကိုပင် လန့်နေရပေမည်။

''ဘာမှမပြောပါနဲ့ ဒေါ်လေးရာ''

ပြီးမှ အဒေါ်ကို အားနာသွားသည်။ ခင်မိမိကိုလည်း သနားသွားသည်။ တိုင်းပြည်လွတ်လပ်ရေးအတွက် ဘဝကို မြှုပ်နှံထားရချိန် မဟုတ်ပါလျှင်၊ ပြီးတော့ရင်မှာ ဒဏ်ရာဟောင်းကလည်း မရှိဘူးဆိုပါလျှင် ခင်မိမိသည် အဖိုးတန်သလောက် စိတ်ကူးယဉ်ဖို့ သင့်တော်လှမည့် မိန်းကလေးပါပဲ။

''ကဲလေ တိုင်းပြည်အေးချမ်းတော့ တွေ့ကြသေးတာပေါ့လို့ပဲ ပြောလိုက်ပါ ဒေါ်လေး''

''အဲသလိုလည်း လုပ်ပါဟယ်၊ ဘာမှပြောစရာမရှိတော့ ဒေါ်လေး အားနာရမှာပေါ့ဟဲ့''

သူရိန် ပြုံးလိုက်သည်။ စိတ်ကူးယဉ်တတ်သော သူ့အဒေါ်အပျိုကြီးကို လှောင်လိုသည့်အပြုံး။

''စက်ဘီးတစ်စီးနဲ့ သိပ်အတင့်ရဲမနေနဲ့လို့လည်း ပြောလိုက်ပါဦး''

နှင်းများ ခေါင်းပေါ်ကျကာ စိုထိုင်းစပြုလျက် ဒေါ်မြနှစ် 'ဟတ်ချိုး' တစ်ချက် ချေလိုက်လေ၏။

''ဒေါ်လေး နေခဲ့တော့၊ ကျွန်တော် သွားတော့မယ်''

''နင် ဘယ်မှာရှိမလဲ၊ ဒေါ်လေး မသိရဘူးလား''

''အတည်တကျမှ မရှိဘဲ ဒေါ်လေးရဲ့''

''ဘယ်တော့ လာဦးမှာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"မပြောတတ်သေးဘူး ဒေါ်လေး၊ လာနိုင်ရင် လာခဲ့ဦးမှာပါ၊ ကဲသွားပြီ"

သူရိန်သည် လက်ပြင်ကို တမင်ကုန်းကာ ရှေ့ငိုက်စိုက်နှင့် ခပ်သုတ်သုတ် လျှောက်သွားရင်း နှင်းထဲသို့ တိုးဝင်ပျောက်ကွယ်သွားလေတော့သည်။

"ရနိုင်ပြည်မှာ တော်လှန်နေကြပြီ"တဲ့။

ဤကား သူရိန့်ထံမှ ကြားရသောသတင်း။

"ဂျပန်ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့အဖွဲ့ချုပ်၏ ကြေညာစာတမ်းတွင် ပထမအနေနှင့် ဂျပန်နယ်ချဲ့ဖက်ဆစ်တပ်ကို မောင်းထုတ်ပစ်ကြမည်ဆို၏။ နောက်တော်ပါ ဂျပန်နောက်လိုက်တွေလည်း ဖြုတ်ပစ်မည်။ ဂျပန်ဖက်ဆစ်တွေ ရှိနေသမျှ လောကငရဲ ခံစားနေကြရမည်။ ဖက်ဆစ်ဂျပန်ကို မုန်းရမည်။ ဂျပန်သည် မဆိုး။ ဖက်ဆစ်ဂျပန်သည်သာ ဆိုးသည်"

ဤကား သူရိန်က ဒေါ်မြနှစ်ကို ပို့ချပောပြောသွားသော တရားများ၊ မကြာသေးမီကပင် ရှိနိုမီရာစံက စန္ဒီကို ရှင်းပြနေသေးသည် မဟုတ်လား၊ ဂျပန်နိုင်ငံသားများက စစ်မတိုက်ချင်ကြပါဘူးတဲ့၊ ဟုတ်မှာပါ။

ဒေါ်မြနှစ် အိမ်ထဲပြန်ရောက်တော့ အတာသည် အဘိုး၏ရင်ခွင်တွင် မျက်ရည်သုတ်နေသည်။ စန္ဒီက ကော်ဖီတစ်ခွက်နှင့် နံဘေးမှ ချော့မော့နေ၏။ ဦးမြအောင်မှာ မြေးငယ်အပေါ်ဝယ် ကြင်နာခြင်း၊ သနားခြင်းတို့ဖြင့် အသည်းနှလုံးတွေ အရည် ပျော်ကျလုမတတ်။

"ဘဘက နောက်ဆို အမြဲ အိမ်မှာ ပြန်လာနေမှာသားရဲ့၊ အခုတော့ စစ်သားကောင်းဖြစ်အောင် လေ့ကျင့်နေရသေးတာ၊ ဒီတော့ စစ်ဗိုလ်ကြီးတွေက ပေးမပြန်ဘူးပေါ့"

ဟု ဒေါ်မြနှစ်က အတာကို ဖျောင်းဖျရသည်။

"ဦးဦးဆရာဝန်တို့လိုပဲ ဘဘလည်း အိမ်မပြန်ရဘူးပေါ့နော်"

"အေး ဟုတ်တာပေါ့၊ ဘဘတို့လည်း မပြန်ရဘူး၊ ဘဘတို့ရဲ့ စစ်ဗိုလ်ကြီးတွေလည်း မပြန်ရဘူး"

အတာကား ချော့ရလွယ်သောကလေး ဖြစ်ပေသည်။ အဘိုးအဘွားများ သောကပိုအောင် မဆိုးနွဲ့တတ်ရှာပေ။

"ဘဘတို့ရဲ့ စစ်ဗိုလ်ကြီးတွေက **မြန်မာစစ်**ဗိုလ်လား၊ ဂျပန်စစ်ဗိုလ်လား ဘွားလေး"





"မြန်မာရော… ဂျပန်ရောပေါ့သားရဲ့"

ဟု ကလေးကို လှည့်ပတ် ဖြေကြားလိုက်လေသည်။

အတာ ဆည်တံ့နိုင်ပြီဆိုမှပင် ဒေါ်မြနှစ်က အဓိကအချက်အချာ မှာကြားချက်ကို တိုတိုတုတ်တုတ် ပြောကြားလိုက်သည်။

"အတာ၊ အခုနက ဘဘပြန်လာတဲ့အကြောင်း ဗိုလ်ယာမာမိုတိုကိုလည်း မပြောရဘူး၊ ရှိနိုမီရာစံကိုလည်း မပြောရဘူး၊ စစ်သားအချင်းချင်း အထင်သေး သွားမယ်၊ စစ်သားဖြစ်ပြီး အတာ့ကို လွမ်းလို့ အိမ်ခိုးပြန်လာတယ်ဆိုတာ တာဝန် မကျေသလို ဖြစ်နေမှာပေါ့၊ နားလည်လား"

အတာ ခေါင်းညိတ်သည်။

ဒေါ်မြနှစ်က စန္ဒီဘက်လှည့်ကာ-

"စန္ဒီရော ကြားတယ်နော်၊ တွေ့ကရာ လျှောက်မပြောရဘူး"

ဟု သတိပေးလိုက်၏။

စန္ဒီ ကယောင်ကတမ်းကလေး ခေါင်းညိတ်သည်။ ဦးမြအောင်သည် ရောမ လူကြီးတစ်ယောက်လို စဉ်းစားလုပ်ကိုင်ချင်သော သားနှင့် ပီဘိကလေးပမာ တာဝန်မဲ့အေးချမ်းသော သမီးတို့ကို နှိုင်းယှဉ်ကြည့်ရင်း သက်ပြင်းချမိလေသည်။

◆



www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

ဖေဖော်ဝါရီလ၏ ပထမနေ့ရက်များ။

တစ်နေ့တွင် ရှိန်မီရာသည် အရောင်ခြယ်သထားသော စက္ကူဖြတ်စကလေးများဖြင့် ပြန်ကပ်ထားသော ပန်းချီကားကို ဦးမြအောင်၏မိသားစုအတွက် ယူဆောင်လာလေသည်။

သူ့ပန်းချီကားမှာ အင်းလေးကန် တစ်ဖက်စွန်း အဝေးဆီဝယ် နေမင်းလည်း ဂေါယာကျွန်းသို့ ယွန်းနေခဲ့ပြီတွင် အင်းသားတစ်ဦးသည် လှေကို ခြေထောက်ဖြင့် လှော်ခတ်လျက် ရှိချေသည်။ ပန်းချီကားတွင် နာမည် မပါပါ။

"ဘာလို့ နာမည်မပေးတာလဲ ရှိန်မီရာစံ"

ဟု စန္ဒီက မေးလေသည်။

"ကျွန်တော် မေ့သွားလို့"

"ဘာရယ်..."

"နာမည်ပေးဖို့ မေ့သွားတယ်"

"ဪ... ဒုက္ခ၊ ဒါဖြင့်လည်း စန္ဒီ့ဘာသာပဲ ပေးလိုက်တော့မယ်နော်၊ 'အိမ်ပြန်ချိန်' လို့၊ ဟုတ်တယ်၊ အိမ်ပြန်နေတာနဲ့ သိပ်တူတာပဲ..."

ရှိန်မီရာက ပြုံးနေသည်။ စန္ဒီတို့အိမ်ဖို့ ဟုဆိုသော်လည်း စန္ဒီက သူမအတွက် သီးသန့်လက်ဆောင်ပမာ ပန်းချီကားကို ရင်ခွင်မှာ ပိုက်ထားလေ၏။

"အဘချယ်ကို မှန်ဘောင် သွင်းနိုင်းရအောင်နော် ဒေါ်လေး..."





သည်တော့မှ ဒေါ်မြနှစ်က သူမ၏သောကကို ဖွင့်လှစ်သည်။

"ပန်းချီကား နာမည်ကို စန္ဒီရေးမလို့လား"

"ဟုတ်ပါဘူး ဒေါ်လေးရဲ့၊ ဘာဖြစ်လို့လဲ၊ စန္ဒီ ဘယ်ရေးတတ်မှာလဲ"

"တော်သေးတာပေါ့နော်၊ ပန်းချီကားလေး အလှပျက်သွားမှာစိုးလို့ ငါ့မှာ စိတ်မကောင်းဖြစ်နေတာ"

မိုလ်ယာမာမိုတို့နှင့် အတာကတော့ ထုံးစံမပျက်။

"သာသားကြီးရင် ဘာလုပ်မလဲ"

"ဆရာဝန်"

နှင့် အမေးအဖြေ လုပ်နေကြလေသည်။

"ဦးဦးအိမ်ကို တိတ်တိတ်ကလေး မပြန်ဘူးလား"

"အတာ ဘာလို့မေးတာလဲ"

"ဦးဦးသားဆီ တိတ်တိတ်ကလေး နိုးမပြန်ဘူးလား"

ဒေါ်မြနှစ် မျက်လုံးပြူးပြီ၊ စိတ်မကောင်းလည်း ဖြစ်ရပြန်သည်။ တစ်ယောက်က အတာကို သားကိုယ်စား အလွမ်းဖြေ တွယ်တာနိုက်၊ ကျန်တစ်ယောက်ကလည်း သူ့ရင်ခွင်ဝယ် မှီတွယ်ရင်း ဖခင်ကို သတိရနေပါကလား။

"အဝေးကြီး အတာ၊ ဂျပန်ပြည်နဲ့ မြန်မာပြည် အဝေးကြီး၊ ပြန်လို့မရဘူး။ နီးရင်လည်း ရချင်မှရတာပါ၊ စစ်သားဆိုတာ ထားတဲ့နေရာနေ၊ ခိုင်းတဲ့နေရာသွား၊ အမိန့်အတိုင်းပဲ"

"ခိုးပြန်ရင် ရတာပေါ့"

"ဘယ်ရမလဲ"

ဒေါ်မြနှစ် မျက်မှောင်ကြုတ်ပြလိုက်သည်။ အတာ နှုတ်ဆိတ်သွားလေ၏။

"ကဲ... ဦးဦး၊ အတာ့ကို ပုံပြောပြမယ်ဆို"

ဆောင်း၏ညသည် အေးချမ်းလှသည့် နှင်းမှုန်ကြားဝယ် လ,ကလည်း မပွင့်တပွင့် သာနေလေသည်။ လ,ရောင်ခြည်သည် မှန်ပြတင်းမှ ဧည့်ခန်းထဲသို့ တိုးဝင်ဖြာကျနေသည်။

ဒေါ်မြနှစ် တည်ခင်းဧည့်ခံသော ဆန်လုံးဆီကြော်နှင့် အခါးရည်ကို စားသောက်ရင်း ယာမာမိုတိုက အတာ့ကို ပုံပြင်များ မဆုံးနိုင်အောင် ပြောပြနေသည်။ သူချစ်သော ဂျပန်ပြည်အကြောင်း ပုံပြင်များ။



www.burmeseclassic.com

www.burmeseclassic.com



"ဂျပန်ပြည်မှာ ကျွန်းကလေးတွေ တစ်ထောင်ကျော်ရှိတယ် သားရဲ့၊ ကျွန်းကြီးကတော့ လေးခုပေါ့ကွာ၊ ဟွန်ရှူးရယ်၊ တော့ကေဒိုရယ်၊ ဟူရှူးရယ်၊ ရှီကိုတူရယ်။

ဂျပန်ပြည်ဟာ စိမ်းစိုတဲ့တောတွေ၊ မြင့်မားတဲ့တောင်တွေနဲ့ သိပ်လှပတယ်၊ အလှပဆုံးတောင်ကတော့ ဖူဂျီတောင်ပေါ့၊ ဘယ်ရာသီဥတုမှာပဲဖြစ်ဖြစ် ဘယ်နေရာ ဘယ်ရှုထောင့်ကပဲကြည့်ကြည့် ဖူဂျီကတော့ လှနေတယ်။ နွေဦးမှာဆိုရင်ဖြင့် ဆီးနှင်းပျော်စ တောင်ထိပ်ဟာ ပတ်ဝန်းကျင်နယ်မြေတစ်ခွင်နဲ့ နုနုရွရွ ပွင့်လန်းနေကြတဲ့ ချယ်ရီပင်တွေကို အထက်မှာ မိုးလို့နေတော့တယ်၊ ဆောင်းရာသီမှာတော့ ဆီးနှင်းတွေပိတ်နေအောင် ဖုံးလွှမ်းထားတာပေါ့၊ နွေရာသီမှာတော့ လယ်ကွင်းပြင်တွေ တစ်မျှော်တစ်ခေါ် ဝန်းရံနေတော့တယ်။

ချယ်ရီပန်းဟာ ဂျပန်နိုင်ငံတော်ရဲ့ အထွတ်အမြတ် အထိမ်းအမှတ်ပန်းပေါ့။ ဂျပန်နိုင်ငံရဲ့ ရေမြေမှာသာမက ဂျပန်တွေရဲ့ ဘာသာရေးတို့ အနုပညာတို့မှာလည်း ချယ်ရီဟာ တစ်ပိုင်းတစ်ကဏ္ဍ ပါဝင်နေတယ်၊ နှစ်စဉ် ချယ်ရီပွင့်ချိန်မှာ တိုကျို နိုင်ယာရိုဂျီ ဘုရားကျောင်းမှာ ချယ်ရီပွဲတော် ကျင်းပမြဲပေါ့။

ဂျပန်ပြည်ကို နေဝန်းထွက်ပေါ်ရာမြေလို့ ပြောစမှတ်ပြုကြတယ်၊ ဂျပန်ဘုရင်တွေဟာ အမိတရာဇူ နေနတ်သမီးကနေ ဆင်းသက်လာကြတဲ့ နေမျိုးနွယ်တွေပေါ့၊ ဂျပန်နိုင်ငံရဲ့အလံကို သားလည်း တွေ့ဖူးသားပဲ၊ နေလုံးနီကြီးလေ"

ဒေါ်မြနှစ်ကလည်း ယာမာမိုတို၏ ပုံပြင်ကို စိတ်ဝင်စားစွာ နားထောင်ရင်း အတော နားလည်အောင်ပါ ဝင်ရှင်းပြလိုက် ယာမာမိုတိုကို စကားထောက်ပေးလိုက် လုပ်နေလေ၏။ သူတို့ဘာသာ သူတို့တော့ အဆင်ချောနေတော့သည်။

◆

အဘချယ်ကား နံရံကိုကျောမှီကာ ငိုက်မျဉ်းနေသည်။ ဦးမြအောင် အိမ်တွင် မရှိဘဲ မဟာမင်းကြီး ခရီးထွက်ရာသို့ လိုက်ပါသွားရသဖြင့် ဦးမြအောင်၏ အမှာစကားအတိုင်း ဂျပန်များ ရောက်ရှိနေခိုက် ငှက်ကြီးတောင်ဓားကို လက်လှမ်း မီရာ ထမင်းစားခန်းထောင့်မှ ဆန်သေတ္တာအောက်တွင် ဝှက်ထားပြီး အနီးကပ် စောင့်ကြပ်နေ၏။ ဂျပန်နှစ်ဦးကို အဘချယ် မခင်မင်၍ မယုံကြည်၍ မဟုတ်ပါ၊ သူ့တာဝန်အရ သတိလက်မလွှတ်ခြင်းသာပါ။





စန္ဒီနှင့် ရှိနိုမီရာမှာ မလှမ်းမကမ်းတွင် အခါးရည်တစ်အိုး၊ ဆန်လုံး ဆီကြော် တစ်ပန်းကန်နှင့် ဂျပန်-မြန်မာ စကားပြောသင်သော စာအုပ်ကလေးကိုယ်စီ ဖျာပေါ်မှာ ဖွင့်ချထားလျက်။

"ဗိုလ်ကြီးတော့ ဂျပန်ပြည်ကို လွမ်းနေပြီ"

ဟု ရှိနိုမီရာစံက ပြုံးစစနှင့် ဆို၏။

"ရှိနိုမီရာစံကကော မလွမ်းဘူးလား"

ဟု ဖျတ်ခနဲဝင်၍ မေးခွန်းထုတ်လိုက်ပြီးလျှင် စန္ဒီက မေးကလေးထိုးကာ 'ဖြေစမ်းပါဦး' ဟူသောအကြည့်ဖြင့် ကြည့်၏။ ဂျပန်ပြည်မှာ လွမ်းစရာ ကျန်ခဲ့သလား သိချင်တာပါ။

"လွမ်းတော့ လွမ်းတာပေါ့စန္ဒီ၊ ဒါပေမဲ့ လွမ်းရေးထက် ဝမ်းရေးခက်တယ် ဆိုတဲ့ စကားပုံရှိတယ်လေ၊ ဝမ်းဝအောင်ကျွေးနေတဲ့ စန္ဒီတို့နဲ့တွေ့တော့ ဂျပန်ပြည် ကိုလွမ်းဖို့ မေ့သွားတာပေါ့"

မြန်မာစကားပုံထည့်သုံးပြီး၊ ထိုသို့သုံးစွဲနိုင်သဖြင့် ရှိနိုမီရာစံက သူ့ကိုယ်သူ သဘောကျကာ ခပ်သောသောကလေး ရယ်မောလိုက်လေသည်။

မည်သို့ပင် လှည့်ပတ်အဖြေပေးသော်လည်း စန္ဒီတို့နှင့်တွေ့မှ အလွမ်း လျော့ရသည်ဆိုခြင်းကိုပင် စန္ဒီက ကျေနပ်နေသည်။ ပြုံးတုံ့မတုံ့လုပ်နေတော့ ပါးချိုင့် ကလေးက မပီမပြင်။

"အားမနာဘဲ သုံးဆောင်ပါ။ ဒူးဇိုဂိုအင်ရီယိုနကု၊ မှန်တယ် မဟုတ်လား ဟင်၊ ရှိနိုမီရာ"

ရှိနိုမီရာက အသံထွက် ပြင်ပေးသည်။ စန္ဒီက နောက်တစ်ကြိမ် ထပ်ရွတ် ပြန်၏။ ရှိနိုမီရာနားထဲတွင် မပီလှသေးသော်လည်း ထပ်မပြင်တော့ဘဲ ခေါင်းသာ ညိတ်ပြလိုက်လေသည်။

"အရှိတာကုရုဒက်ရု၊ မနက်ဖြန် လာမလား၊ စန္ဒီပြောတာ အသံထွက် ဟုတ်ပါတယ်နော်၊ ဟုတ်ရဲ့လား"

ရှိနိုမီရာသည် စန္ဒီမျက်လုံးများကို ပြုံးလျက် ကြည့်နေမိသည်။ စန္ဒီ ပီသအောင် လေ့ကျင့်နေသော စကားများသည် သူ့ကိုပြောဖို့ စကားများပါပဲ။

"ကျွန်တော်တို့ စန္ဒီတို့မိသားစုရဲ့ မိတ်ဆွေဖြစ်ရတာ ဝမ်းဝသလို စိတ်လည်း



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာရတယ်၊ စကားပြောဖော်ရတာကိုက စိတ်ထဲမှာ အများကြီးပြည့်စုံသလို ခံစားရတယ်''

ဗိုလ်ယာမာမိုတိုက အတာ့ကို ဂျပန်ဆာမူရိုင်း သူရဲကောင်းများအကြောင်း ပြောပြနေပြန်သည်။ စစ်ရေးယှဉ်ပြိုင်တိုက်ခိုက်ရာတွင် ရှုံးနိမ့်ခဲ့လျှင် ရှုံးသောဘဝ ထက် သေရခြင်းကို ပိုမိုတပ်မက်စွာ မိမိကိုယ်ကို အဆုံးစီရင်သောဓလေ့ကိုလည်း ရှင်းပြနေ၏။ ဟာရာကီရီ၊ ဟာရာကီရီ။

''ကမိကစဲဆိုတာ ဂျပန်လေသူရဲတွေ၊ အသေခံသူရဲတွေ၊ တစ်ခေတ်တစ်ချိန် တုန်းက ဆာမူရိုင်းတွေဟာ ချွေးသုတ်ဖို့၊ ဆံပင်ရှည်တွေကို သိမ်းဖို့ ဟာဟာကီ ဆိုတဲ့ အဝတ်ဖြူနဲ့ခေါင်းကိုပေါင်းပြီး စစ်တိုက်ကြတယ်။ အခုလည်း ကမိကစဲ လေသူရဲတွေဟာ အဲဒီခေတ်ကလိုမျိုး ပဝါဖြူတွေကို စစ်သံခမောက်အောက်မှာ ပေါင်းထားကြတယ်၊ သူတို့ဟာ အမိဂျပန်နိုင်ငံရဲ့ ဘုရင်မင်းမြတ်အတွက် အသက် ကို စွန့်လွှတ်ကြတယ်၊ ရန်သူသင်္ဘောတွေပေါ် လေယာဉ်ကို ဒိုင်ဗင်ထိုးဆင်းပြီး အသေခံ ဖျက်ဆီးကြတယ်''

''အခု လာလာဝဲနေတဲ့ လေယာဉ်ပျံတွေဟာ ကမိကစဲတွေလား ဦးဦး''

''မဟုတ်ဘူး၊ အဲဒါ မဟာမိတ်လေယာဉ်ပျံတွေပါ''

ယာမာမိုတိုသည် သူ့တိုင်းပြည်မှ လေတပ်မတော်သည် မြန်မာနိုင်ငံ ရှေ့တန်းဝယ် ဝိတ်မိနေသော ဂျပန်တပ်ကြီးကို အကူအညီ မပေးနိုင်တော့ပြီ ဖြစ်ကြောင်း ဒေါ်မြနှစ်ကို ပြောပြနေသည်။ ဒေါ်မြနှစ် ဝမ်းလည်းသာသည်။ ဝမ်းသာ ရသည်မှာလည်း မပြည့်စုံဘဲ ဟာတာတာကြီး ဖြစ်နေရပြန်၏။ ဤဂျပန် မိတ်ဆွေ နှစ်ဦးအတွက်ကြောင့်ပင် အပြည့်အဝ ဝမ်းမသာရတာပါပဲ။

အင်ဖာတိုက်ပွဲကို ဒေါ်မြနှစ် သတိရနေမိသည်။ မဟာမိတ်များနှင့် ဂျပန်တို့၏ နာမည်ကြီးတိုက်ပွဲ။ တောင်ကြီးတွင် အင်ဖာအောင်ပွဲအတွက် ကြိုတင် ပြင်ဆင်ကြ ရသည်။ ပျော်ပွဲရွှင်ပွဲ၊ ကခုန်ပွဲ၊ ကျိန်းသေပေါက် ဂျပန်အနိုင်ရမည် တွက်ဆထားသည့် တိုက်ပွဲ။ ဝန်ထမ်းများ အင်တိုက်အားတိုက် အလုပ်ရှုပ်ကြရသည်တွင် ဝန်ထမ်း အမျိုးသမီးအဖွဲ့ဥက္ကဋ္ဌမင်းကြီး၏ နှမများနှင့်အတူ အရာရှိများ၏သမီးပျိုများ ပါဝင် ကပြဖို့ပင် စီစဉ်သေးသည်။ သို့သော်လည်း မင်းကြီးကိုယ်တိုင်က သဘောမတူဘဲ အစီအစဉ်ပျက်သွားခဲ့သဖြင့် ဒေါ်မြနှစ်တို့ ခေါင်းကျိန်းသက်သာခဲ့ရလေသည်။ အမှတ် တရ ကျွန်ရစ်လောက်အောင်ပင် စတ္တန့်ပိုင်းအတွင်း အနိုင်ရမည်မှန်းဆကာ မြိမ့်မြိမ့်သဲ





အောင်ပွဲခံရင်းကပင် အင်ဖာတိုက်ပွဲတွင် ဂျပန်တို့ စစ်ရှုံးနိမ့်ခဲ့လေ၏။

''စန္ဒီဆိုတာ လမင်းကြီးနော်''

''ရှိနိုမီရာစံကို ဘယ်သူ ပြောပြသလဲဟင်''

''ကျွန်တော် မေးကြည့်တာပေါ့''

မေ့လျော့ရီဝေစွာ စန္ဒီ့မျက်နှာကို ငေးကြည့်ရင်း-

''လမင်းဆိုတာ အေးမြတယ်''

ဟုဆိုသည်။

ပြီးမှ သတိဝင်ကာ မျက်လွှာချလျက်-

''သူရိန်ဆိုတာ နေမင်းကြီး''

ဟု စကားဆက်ကာ ဖာထေးဖို့ ကြိုးစားလေသည်။

''ရှိနိုမီရာစံက မြန်မာစကား သိပ်တတ်နေပြီပဲ''

ဟု စန္ဒီက မှဲ့မှဲ့နှင့် ထေ့ငေါ့သည်။

ရှိနိုမီရာ မလုံမလဲနှင့် အနီးမှ ဂစ်တာကိုဆွဲယူကာ တို့ထိ တီးခေါက်နေ၏။

ယာမာမိုတိုစံ၏ ရင်ခွင်ဝယ် ငိုက်မျဉ်းစပြုနေပြီဖြစ်သော အတာက-

''ရှိနိုမီရာစံ သီချင်းတီးပါ''

ဟု တောင်းဆိုသည်။

ရှိနိုမီရာစံက မငြင်းမဆန် ဂျပန်တေးတစ်ပုဒ်ကို တီးသည်။ ယာမာမိုတိုက တိုးတိုးညင်းညင်း သီချင်းလိုက်ညည်းလေသည်။ ဂျပန် သားချော့သီချင်း။ အတာ မျက်တောင်များ မေးစင်းလာလေ၏။

ရှိနိုမီရာ၏ ရှည်လျားသွယ်ပျောင်းသော လက်ချောင်းများသည် ဂီတနှင့် ယှဉ်းချိနှင့်သာ လျော်ညီသည်ဟု စန္ဒီ တွေးမိသည်။ သေနတ်ကိုင်ရသောကြောင့် သူ့လက်တွေ ကြမ်းတမ်းခက်ရော်ကုန်တော့မည်။

ယာမာမိုတို၏ လက်များကတော့ ဆေးထိုးအပ်နှင့် နားကြပ်ကိုင်လာခဲ့တာပဲ မဟုတ်လား၊ သူ့ခများလည်း သေနတ်ကိုင်ချင်ရှာသည် မဟုတ်။

စန္ဒီရင်တွင် စစ်ဖြစ်ရခြင်းကို မုန်းတီးစက်ဆုပ်လာသည်။ သည်စစ်သာ မဖြစ်လျှင် စန္ဒီတို့ ရန်ကုန်မှာပင် အေးချမ်းစွာ ဆက်လက်နေထိုင်ရမည်။ စန္ဒီပင် ဆယ်တန်း အောင်လောက်ပြီ၊ ယခုမူ ခုနစ်တန်းမှာပင် ကျောင်းထွက်နေရတော့၏။ ပြီးတော့ တောင်ကြီးသို့ ပြေးလွှားခိုအောင်းဖို့ ရောက်လာရသည်။ စစ်ကြောင့်ပင် တောင်ကြီးသို့



www.burmeseclassic.com

ရောက်လာသော ရှိနိမိရာနှင့်ဆုံရသည်။ အစက မဆုံကြဘူးဆိုလျှင် ကောင်းလေရဲ့ဟု စန္ဒီ ရုတ်တရက် အတွေးရောက်သည်။ ထိုသို့ အတွေးရောက်မိရသည်မှာ သူမ အဖြစ်ကိုလည်း သူမ နားမလည်။ အစက မတွေ့ကြလျှင်ကောင်းမည် တွေးသော်လည်း ယခုတော့ တွေ့ရသည်ကို သူမ ခုံမင်နေပြီ။ မနက်ဖြန်၊ မနက်ဖြန် စန္ဒီတို့ အတွက် မနက်ဖြန်တွေ အများကြီးကျန်စေချင်နေပါပြီ။

အတာသည် ဗိုလ်ယာမာမိုတို၏ ရင်ခွင်တွင် အိပ်ပျော်သွားခဲ့ပြီ။

ဒေါ်မြနှစ်က တူဖြစ်သူ သူရိန်ကို သတိရရင်း မြေးငယ်ကို လက်ပြောင်းယူရသည်။ တူကလေး ဘယ်တောဘယ်တောင် ရောက်နေပါလိမ့်။ သူရိန် ပေါ်လာဦးမလားဟု နေ့စဉ်မျှော်မိသော်လည်း ပျောက်ချက်သားကောင်း၍ နေပြန်ချေသည်။

ဒေါ်မြနှစ် ကလေးသွားသိပ်နိုက် ဗိုလ်ယာမာမိုတိုက ဂစ်တာကို လှမ်းယူကာ အသံစမ်းနေသည်။ ပြီးတော့ ရှိနိမိရာကို ကျီစယ်သလိုပြုံး၏။ သူ့အပြုံးက တစ်စုံတစ်ရာ ချောက်ချတော့မည် သတိပေးနေသလိုလို။

"ရှမ်းနိမာတီ ဆိုစမ်းပါဦးကွာ"

ရှိနိမိရာ မျက်နှာနီကာ ခေါင်းယမ်းလေ၏။

"လုပ်ပါကွာ ကောင်းလို့ပါ"

"မလုပ်ပါနဲ့ ဗိုလ်ကြီးရာ"

"ဩော်.. ဆိုစမ်းပါကွာ၊ ကဲ... လုပ်၊ နိုယူကီ ရာမယူကီ မိရာမိနိုဟာတီနိ"

ရှိနိမိရာ၏ တောင်းပန်သော မျက်နှာကိုကြည့်လျက် ယာမာမိုတို သဘောကျနေသည်။

"ညက ကိုယ်အိပ်မပျော်သေးပါဘူးကွ၊ မင်းဆိုနေတာ ကိုယ်ကြားတယ်"

"သီချင်းက မဆုံးဘူးဗိုလ်ကြီး"

"ရသလောက်ပေါ့ကွာ"

ရှိနိမိရာ မတတ်သာပြီ။ အသံကိုနှိမ့်၍ ခပ်တိုးတိုး တေးဆိုညည်းရတော့သည်။ စန္ဒီက သူမ၏ဒူးနှစ်ဖက်ကို လက်ကလေးများနှင့်ပိုက်ကာ ဒူးပေါ် မေးတင်လျက် နားထောင်နေလေ၏။

သီချင်းအဓိပ္ပာယ်ကို စန္ဒီ အတိအကျ နားမလည်။ ရှမ်းတောင်ကုန်းမြင့်ပါကြောင်းသိသည်။ ချယ်ရီပန်းများအကြောင်းလည်း ပါသည်။ ဆောင်းရာသီလည်း ပါလေသေး၏။





အို... ထဘီနီနှင့်မိန်းကလေး ဆိုပါလား၊ အပြုံးကို ဖွဲ့နွဲ့သည်။ ပြီးတော့ ရုန်းထွက် မပြေးနိုင်တော့ပါဘူးတဲ့လေ။

ဒေါ်မြနှစ်ကား အိပ်ခန်းထဲတွင် အတာ လူးလွန့်လာသဖြင့် ပြန်ချော့သိပ်နေရသည်။ ရှိနိမိရာ၏ တေးသံသဲ့သဲ့ ကြားရသည်။ စကားလုံး မသဲကွဲသော်လည်း လွမ်းဖို့ဆွေးဖို့ကောင်းလှသော တေးသွားကလေးပါပဲ။

ထိုညက စန္ဒီ တော်တော်နှင့် အိပ်မပျော်ပေ။ ရှမ်းနိမာတီဆိုသော အဓိပ္ပာယ်မှာ 'ရှမ်းပြည်၏လမ်း'ဟု ရှိနိမိရာစံက မမေးဘဲပြောပြသည်။ ရှိနိမိရာစံ ရေးတာပဲ ဖြစ်မှာပါ၊ သီချင်းက မဆုံးသေးဘဲ ဗိုလ်ယာမာမိုတိုရှေ့မှာမို့ စန္ဒီက မသိဟန်ဆောင်နေရသည်။ စန္ဒီက သည်လိုတော့လည်း သင်စရာမလိုဘဲ ဟန်ဆောင်တတ်ပါလားဟု တစ်ကိုယ်တည်း ရှက်ပြုံးပြုံးမိသည်။ နောက်တစ်ခေါက်လာမှပင် ယာမာမိုတိုစံ မသိအောင် ရှိနိမိရာကို ထိုသီချင်းကလေး ရေးခိုင်းတော့မည်။

စန္ဒီက Thomas Moore ၏ ECHOES 'ပဲ့တင်သံ' ကဗျာကလေးကို သတိရမိလေသည်။ ယခင်ကတော့ အမှတ်မထင် ဖတ်ကြည့်မိတာပါ။ ယခုတော့ ခံစားလာတတ်လာလေပြီလား၊ စန္ဒီ မသိတတ်နိုင်ပါ။

**ECHOES**

**Thomas Moore (1779-1852)**

HOW sweet the answer Echo makes,
To music at night.
When, roused by lute or horn. She wakes.
And far away o'er lawns and lakes.
Goes answering light !

Yet Love hath echoes truer far.
And far more sweet.
Then e'er, beneath the moonlight's star,
Of horn or lute or soft guitar
The songs repeat.

www.burmeseclassic.com



'Tis when the sigh, __ in youth sincere
And only then__
The sigh that's breathed for one to hear,
Is by that one, that only Dear.
Breathed back again.

Thomas Moore

ညချမ်းရဲ့ တေးသံလေးတွေ ပဲ့တင်ပြန်လာတာများ ဘယ်လောက် ချိုမြိန် သလဲကွယ်။

တေးဂီတက နှိုးလိုက်ရင်ပဲ ဝေးကွာလှတဲ့ ရေပြင်တွေ၊ မြက်ခင်းပြင်တွေကို ဖြတ်သန်းပြီး အဖြေ ထွန်းလင်းလာမြဲပါပဲ။

လရောင်ရိပ်မှာ ဘယ်တူရိယာသံတွေက ဘာတေးသံတွေပဲ အပြန်ပြန် ထပ်နိုင်စွမ်းပေမယ့်လည်း အချစ်ရဲ့ ပဲ့တင်သံကတော့ဖြင့် ပိုပြီးဝေးလံတဲ့ နေရာက တောင်မှပဲ ပြန်လာနိုင်စွမ်းရှိလေရဲ့၊ ပိုပြီးတော့လည်း ချိုမြိန်လှပါပေတယ်။ ငယ်ရွယ်နုပျိုစဉ် အဖြူစင်ဆုံး အချိန်ကလေးမှာတော့လေ…

ချစ်တဲ့သူအတွက် ပင့်သက်ကလေး ရှိုက်လိုက်မိတဲ့ အချိန်လေးမှာဖြင့် ချစ်တဲ့သူဆီကလည်း ပင့်သက်ရှိုက်သံကလေး ပဲ့တင်ပြန်လာမြဲပေါ့ကွယ်…

◆



(၁၆)

အိုင်အိုဂျီမာကျွန်းသည် မဟာမိတ်တို့လက်ဝယ် ကျရောက်သွားခဲ့ပြန်ပါပြီ။ အမေရိကန်ပြည်ထောင်စုအနေနှင့် ကျူးရှူနှင့် ဟွန်ရှူးကျွန်းများကို ဗုံးကြဲတိုက်ခိုက်ရန် အခြေစိုက်စခန်းအဖြစ် အသုံးပြုရန်နှင့် ဂျပန်နိုင်ငံတွင်းသို့ ဝင်ရောက်ရန်အတွက် ဂျပန်နိုင်ငံနှင့် မိုင် ၃၅၀ မျှသာကွာဝေးသော ရှူကူကျွန်းစုများအနက် အကြီးဆုံး ဖြစ်သော အိုကီနာဝါကျွန်းကို စိတ်ဝင်စားလာကြလေ၏။

ထိုအချိန်အခါက မဟာမိတ်တို့မှာ တိုင်းငယ်ပြည်ငယ်များကို ဖက်ဆစ် စနစ်ဆိုးလက်အောက်မှ ပြန်လည်တိုက်ခိုက်ယူနေလေရာ ၎င်းတို့ကို မဟာမိတ် အဖြစ် လက်ခံလျက် ဖက်ဆစ်ဝါဒ ကျဆုံးသည်အထိ လက်တွဲတိုက်ခိုက်ရန် မြန်မာတို့ ရည်ရွယ်ဆုံးဖြတ်ထားကြရသည်။

မဟာမိတ်အင်အားကြောင့်သာလျှင် ဖက်ဆစ်စနစ် ကျဆုံးရမည်ဆိုပါက မဟာမိတ်များ ဝင်ရောက်လာချိန်တွင် လွတ်လပ်ရေးစကားဆိုနိုင်ရန် ခဲယဉ်းမည် ဖြစ်ချေသည်။ ဂျပန် ဖက်ဆစ်ဝါဒကို မြန်မာ့အင်အားဖြင့် တိုက်ဖျက်တော်လှန်ကာ ကမ္ဘာတွင် မြန်မာနိုင်ငံသားတို့၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်မှသာလျှင် လွတ်လပ် ရေးကို အတိအလင်း ခပ်တင်းတင်း တောင်းဆိုနိုင်ပေလိမ့်မည်။

ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီ-ဒီ-အေ)ကို ဖက်ဆစ်ဆန့်ကျင်ရေး တပ်မတော် ဖြစ်လာစေရန် စစ်ရေး၊ နိုင်ငံရေး အဘက်ဘက်မှ လျှို့ဝှက်စွာ လေ့ကျင့် တိုးတက်စေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မဟာမိတ်တပ်များသည် မြန်မာနိုင်ငံအတွင်းရှိ ဖက်ဆစ်ဂျပန်များကို စစ်မျက်နှာတိုင်းတွင် အောင်မြင်စွာ ထိုးစစ်ဆင်နေခဲ့ပြီ။

ရခိုင်စစ်နယ်မြေတွင် ရမ်းဗြဲမြို့ကိုသိမ်းပိုက်ပြီး စစ်ကိုင်း စစ်နယ်မြေတွင် တောင်သာ၊ မလှိုင်တို့ကို သိမ်းပိုက်ပြီးပြီ။

တရုတ်နယ်စပ် စစ်မြေပြင်တွင်လည်း နမ့်ခမ်း၊ ဗန်းမော်တို့ကို သိမ်းပိုက်ပြီး လျက် လားရှိုးဘက်ဆီသို့ ချီတက်နေပေပြီ။

ရှမ်းပြည်နယ်မှ လူငယ်များစွာကပင် ဗမာ့ကာကွယ်ရေးတပ်မတော်အတွင်း ဝင်ရောက်နေကြပြီး မင်္ဂလာဒုံ ဗိုလ်သင်တန်းအပတ်စဉ် တစ်ခုပြီးတစ်ခု ဖွင့်လှစ်တိုင်းပင် ရှမ်းလူငယ်များလည်း တစ်သုတ်ပြီးတစ်သုတ် ပါဝင်တက်ရောက်သွားကြသည်။ ယောနင်း (မူလတန်းကျောင်း)တွင်လည်း ဆယ့်လေးငါးနှစ်အရွယ် ရှမ်းလူငယ်ကလေးများ တက်ရောက်ခဲ့ကြပြီ။

ပျဉ်းမနားမှ လျှို့ဝှက် ပြန်ရောက်လာကြသော တော်လှန်ရေးတပ်မတော်သားကလေး နှစ်ဆယ်ခန့်သည် ရှမ်းပြည်နယ်အတွင်း ခိုဝင်လှုပ်ရှားနေကြသည်။ ယင်းအဖွဲ့တွင် ဗိုလ်ဒေဝ (တပ်ကြပ်ကြီး)နှင့် တပ်သား ကျော်နေမင်းခေါ် သူရိန်တို့က ဦးဆောင် ပါဝင်လာခဲ့ကြလေသည်။ အင်းအရှေ့တစ်ခွင်တွင် တောင်ကြီး၊ ဟိုပုန်း၊ ကျောက်တန်း၊ အောင်ပန်း၊ ဘန်းယဉ်၊ နန်းပန်တို့ဘက်သို့ ဆက်သွယ်ကာ အင်းအနောက်ဘက် ခေါင်တိုင်သန်း တောင်ဘက်သို့ လှုပ်ရှားကြရသည်။ ဖေဖော်ဝါရီလထဲတွင် ဗိုလ်ရဲထွဋ်၏ တိုင်း (၆)မှ ဘယကျော်ထင် အမှတ် (၉)စစ်ကြောင်းကို ဗိုလ်တရီ၊ အရာခံဗိုလ်စံရီတို့ ဦးဆောင်ကာ ရှမ်းပြည်နယ်အတွင်း ချင်းနင်းဝင်ရောက်လာကြသည်။ အင်း၏တောင်ဘက် ကယားပင့်ကူအဖွဲ့ (ပဒေါင် ပြောက်ကျားတပ်ဖွဲ့) သိုင်းဘတင်၊ သိုင်းဘဟန်တို့နှင့်လည်း ညှိနှိုင်းဆက်သွယ်ကြလေသည်။

ဒေါ်မြနှစ်မှာ ခင်မိမိမှတစ်ဆင့် သတင်းထောက်လှမ်းကာ တစ်နေ့တခြား အုံကြွပေါက်ကွဲရန် နီးကပ်လာသော အခြေအနေများကို နားစွင့်ကာနေသည်။

ဦးမြအောင်ကား ဒေါက်တာဘမော်အစိုးရ၏ ရှမ်းပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ဝင်တစ်ဦးအဖြစ် ဂျပန်အာဏာစက်အောက်တွင် အမှုထမ်းနေသော်လည်း မဟာမိတ်တို့ အရေးသာနေပြီမို့ ဗြိတိသျှအစိုးရ ပြန်အလာကို ရှေးကထက် ပို၍ပင် မျှော်လင့်နေတော့သည်။ သူ့အနေနှင့် သူ့နှမနှင့်သူ့သား ယုံကြည်ဆောင်ရွက်နေသော ဖက်ဆစ်တော်လှန်ရေးအဖွဲ့ဝင်များကို မဆန့်ကျင်သော်လည်း ဗြိတိသျှလက်အောက်မှ





လွတ်မြောက်အောင် စွမ်းဆောင်လိမ့်မည်ဟူ၍မူ လုံးဝ မယုံကြည်။ ဖားတူ၍ ခရုခန်သည့်နယ်သာ ရှိတော့မည် သဘောပိုက် ယူမှတ်လေ၏။

စန္ဒီအဖို့မူ ရှေ့ရေးကို ကြိုမတွေးဖြစ်သေး၊ မတွေးချင်တာလည်း ပါသည်။ မတွေးဝံ့တာလည်း ပါသည်။ မတွေးဖြစ်တာလည်း ပါသည်။ ပြီးတော့ မတွေးတတ်တာလည်း ပါခဲ့ပေသည်။

စန္ဒီသည် ဦးမြအောင်ကို အိမ်ရှေ့ခန်းတွင် နင်းပေးနေရသည်။ စန္ဒီစိတ်များကမူ မီးဖိုဆောင်ထဲသာ ရောက်နေတော့လေ၏။

"ရှိန်မီရာ ရောက်နေတယ် မဟုတ်လား သမီး"

"ထင်တာပဲ ဘဘ"

တကယ်တော့ ရောက်နေမှန်း စန္ဒီ သိသည်။ အိမ်ဘေးမုကွေ့ကာ မီးဖိုချောင်ထဲသို့ ဝင်သွားသော ရှိန်မီရာစံကို စန္ဒီ ဘဘအလစ်မှာ ပြုံးပြ နှုတ်ဆက်ပြီးပြီ။ ဘဘရှေ့မှာတော့ စိတ်မဝင်စားဟန်။

"မေးစမ်းပါဦး၊ ဗိုလ်ယာမာမိုတို ဘာလို့ မလာတာလဲလို့။ မနေ့က သူပေးတဲ့ ကွိနိုင်နဲ့ ဘဘ အဖျားကျတယ်"

စန္ဒီက ဘဘ၏ကိုယ်ပေါ်တွင် နင်းပေးနေရာမှ ဖြည်းလေးစွာ ဆင်းသည်။ ပျင်းရိစွာ သမ်းဝေရင်း အိမ်ရှေ့ခန်းမှ နောက်ဖေးဘက်ဝင်ခဲ့သည်။ ဘဘ မျက်ကွယ်ရောက်သည်နှင့် ဖောင်းမှလွတ်သောမြင်းပမာ မီးဖိုချောင်ထဲသို့ ဒုန်းစိုင်းတော့၏။

ရှိန်မီရာစံသည် ဒေါ်မြနှစ်၏ မီးဖိုချောင်ထဲတွင် ပဲပုပ်ထောင်းနေသည်။

ဒေါ်မြနှစ်က မီးဖိုပေါ်တွင် ခေါပုတ်ကြော်အိုးတန်းလန်းနှင့်ပင် ဂျူးမြစ်များကို ရေဆေးနေလေသည်။

"ဘဘက မေးနေတယ်၊ ယာမာမိုတိုစံ ဘာမှာလိုက်သေးသလဲတဲ့"

"မမှာဘူး၊ မနေ့ကအတိုင်း ဆေးဆက်စားတယ် မဟုတ်လား၊ သူ ဘယ်မှာနိုင်ငံမလဲ၊ လေထိုးတယ်တဲ့၊ ဗိုက်နှိပ်ပြီး အိပ်ရာပေါ် လဲနေတယ်"

ဒေါ်မြနှစ်က ဂျူးမြစ်များကို လက်နှစ်လုံးကျ လှီးဖြတ်နေရာမှ–

"အဲဒါကြောင့် စမုန်နက်လျက်ဆားကလေး ပေးလိုက်မလို့လေ။ ဆရာဝန်က ဒေါ်လေးတို့ကို ကု၊ ဒေါ်လေးက ဆရာဝန်ကို ကု၊ ဘယ်လောက်ဟန်ကျသလဲ၊ ဟဲဟဲ"

ဟု ရယ်မောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



“ရှိနိမီရာစ်မှာကော ငန်းဆေးရှိသေးရဲ့လား၊ ကွမ်းရွက်ပြုတ်ရည်နဲ့ သောက်နော်”

“ဟုတ်ကဲ့ ဒေါ်လေး”

ရှိနိမီရာစ်က အထုပ်ကလေးတစ်ထုပ်ကိုဖြေကာ…

“ဒေါ်လေးဖို့ သော့ကွင်း၊ ချယ်ရီသားနဲ့ လုပ်လာတာ”

ဟု လှမ်းပေးလိုက်လေသည်။

“ဟယ်… လှလိုက်တာကွယ်၊ ကျေးဇူးပဲ ရှိနိမီရာစ်ရေ၊ ကျေးဇူးပဲ”

ဒေါ်လေးက ချယ်ရီသား သော့ကွင်းချိတ်ထားသည်ကို လှည့်ပတ် ကြည့်ရှုကာ ပီတိဖြစ်နေ၏။

ရှိနိမီရာစ်က နောက်ထပ် စက္ကူထုပ်ကလေးတစ်ထုပ်ကို စန္ဒီထံ ပေးလိုက်သည်။ စန္ဒီယူကြည့်လိုက်တော့ ချယ်ရီသား ရင်ထိုးကလေး၊ ချောမွတ်နေသော သစ်သားပြားကလေးပေါ်တွင် ပန်းချီရေးခြယ်ထားသည်။ သစ်ကိုင်းတစ်ခက်တွင် ချယ်ရီတို့ ပွင့်ဖူးလျက်၊ ငှက်ကလေးနှစ်ကောင်က သစ်ကိုင်းပေါ် နားတော့မည် ဟန် ဝဲပျံနေသည်။

“ဒါ စန္ဒီ့ဖို့လား”

ဟု မျက်လုံးကလေး ဝိုင်းကြည့်ရင်း မေးသည်။

ရှိနိမီရာက ခေါင်းညိတ်ရုံ ညိတ်သည်။ သူ၏ တဒင်္ဂအကြည့်သည် စကားလုံး သန်းပေါင်းများစွာ ပြောပြသွားလေ၏။

“အတာ ဂဏန်းတွက်နေရဲ့လား စန္ဒီ”

“တွက်ခိုင်းထားတာပဲ”

“သွားကြည့်ဦးမှ၊ လူကြီးလစ်ရင် ဂဏန်းမတွက်ဘဲ ဆော့နေ၊ ပုံဆွဲနေတာ”

ဒေါ်မြနှစ်က အလုပ်များကို ခေတ္တထားရစ်ကာ မီးဖိုချောင်ထဲမှ ထွက်သွားသည်။ စန္ဒီက ချယ်ရီသား ရင်ထိုးကလေးကို ဝတ်ဆင်ထားသော အင်္ကျီအပြာရောင်ပေါ်တွင် တပ်ဆင်လိုက်လေသည်။ စန္ဒီ့ အပြုအမူကို ရှိနိမီရာစ်က ပြုံး၍ ကြည့်နေလေ၏။

“ဒီမှာ စန္ဒီလိုချင်တဲ့ သီချင်း”

“သြော်… ရှမ်းနိုမာတီလား”

“ဟုတ်တယ်၊ မဆုံးသေးဘူးနော်”





“ဆက်ရေးပြီးရင် ပေးဦး၊ သိလား”

ဖြန့်ကာဖတ်ကြည့်ရင်း တေးသွားညည်းကြည့်နေသည်။ ပြီးမှ စာရွက်ကို ခေါက်လိုက်သည်။

“ဒီရင်ထိုးက ရှိနိမီရာစ် လုပ်တာလား”

“အင်း”

“သိပ်လှတာပဲ”

“ဒေါ်လေးဆီက လှကလေးတွေ ငှားသွားတယ်”

“ပန်းချီဆွဲဖို့ ရေဆေးကောရှိလို့လား”

“ရှိတယ်”

“ဝယ်တာပေါ့”

“ဝယ်တာ”

“ဈေးကြီးမှာပေါ့နော်”

“အင်း”

ရှိနိမီရာက ထောင်းပြီးသော ပဲပုပ်မှုန့်များကို ပန်းကန်တစ်ခုထဲသို့ ခပ်ထည့်သည်။ စန္ဒီက အခြားထိုင်ခုံပုကလေးတစ်လုံးပေါ်တွင် ကျုံ့ကျုံ့ထိုင်ကာ ရှိနိမီရာ၏ သွယ်ပျောင်းသောလက်များကို ငေးကြည့်နေသည်။ သည်လက်များကို စန္ဒီက ပန်းချီဆွဲဖို့၊ ဂစ်တာတီးဖို့ အသုံးပြုစေချင်သော်လည်း သေနတ်ကိုင်ရရုံမက ဒေါ်လေး၏ ပဲပုပ်ကိုလည်း ထောင်းနေရသည်ဟု တွေးမိကာ ပြုံးမိ၏။

“အိမ်ရှေ့မှာ စန္ဒီချိတ်ထားတဲ့ စက္ကူညှပ် ပန်းချီကလည်း အဲဒီစက္ကူစ ကလေးတွေကို လိုတဲ့အရောင် ခြယ်ယူရတာပေါ့နော်၊ ရှိနိမီရာ ပင်ပန်းမှာပဲ”

“အမှတ်တရ ပေးချင်လို့ပါ စန္ဒီ၊ နောက်နောင် ခွဲခွာရမယ့်အချိန်ကျတော့ တစ်ခါတလေ သတိရစေချင်လို့ပါ။ ပြီးတော့ ဝါသနာပါတဲ့အလုပ်ကို လုပ်ရတာ အပန်းပြေတယ်၊ လုပ်ချင်တာ လုပ်ရတာကိုး။ တာဝန်အရ မလုပ်ချင်ဘဲ လုပ်ရ တာကမှ ပင်ပန်းတာ”

စန္ဒီ့နားထဲသို့ ‘ခွဲခွာရမယ့်အချိန်ကျတော့’ ဟူသော စကားစုကလေးက သံပူရည်နှင့်လောင်းသလို ပူပြင်းစွာ စီးဝင်သွားလေသည်။

“ခွဲခွာရမယ့်အချိန်ဆိုတာ ဘယ်တော့လဲဟင်”

“မကြာခင်ပေါ့ စန္ဒီ”



www.burmeseclassic.com

www.burmeseclassic.com



"မကြာခင်ဆိုတာ ဘယ်တော့လဲ"

"ရက်ပိုင်းအတွင်းပေါ့ စန္ဒီ"

"တကယ်ပြောနေတာလား ရှိန်မီရာစံ"

"ခွဲခွာဖို့ဆိုတာ ဘယ်သူက ပြောချင်ပါ့မလဲ၊ ရင်ဆိုင်ရတော့မှာမို့သာ ပြောရတာပါ စန္ဒီ"

"ရှိန်မီရာစံ ဘယ်သွားမှာလဲ"

"ကျွန်တော် တပ်ပြန်ရမယ်။ တပ်ပြန်ရောက်ပြီးရင်တော့ ဘယ်သွားရမလဲ မသိနိုင်တော့ဘူး စန္ဒီ"

ရစ်ဝဲလာသော မျက်ရည်ကို မျက်တောင်တဖျပ်ဖျပ်ခတ်ကာ သိမ်းရင်း စန္ဒီ မျက်လွှာချထားလေသည်။

ဒေါ်မြနှစ် မီးဖိုချောင်ထဲသို့ ဝင်လာပြန်သည်။

"စန္ဒီ၊ ဒေါ်လေးကို မီးမွှေးပေးပါဦး။ အတော့ကို ဂဏာန်းပြပေးနေရလို့"

စန္ဒီက 'စန္ဒီမှ မီးမမွှေးတတ်တာ' ဟု မျက်လွှာချလျက် ပြန်ပြောလေသည်။

"ထင်းရှူးသားတွေ ရှိတယ်လေ သမီးရဲ့။ သေးသေးလေးစိတ်ပြီး မီးမွှေးပေါ့"

"စန္ဒီမှ မစိတ်တတ်တာ"

"စန္ဒီကတော့တော်… လွန်လွန်းလှတယ်။ ငါ့နှယ် ပြောမပြောချင်ဘူး"

"မီးခိုးမွှန်ရင် မျက်ရည်ယိုတယ် ဒေါ်လေးရဲ့။ စန္ဒီက နှာစေးလွယ်တာ သိသားနဲ့"

ဟု ဆင်ခြေတက်နေပြန်သည်။

ရှိန်မီရာကပြုံးကာ သူ့ထိုင်ခုံပုကလေးကို မီးဖိုဘက်သို့ ရွှေ့သည်။ မီးသွေး မီးဖိုနံဘေးရှိ အင်တုံလွှတ်ထဲမှ ထင်းရှူးချောင်းကိုယူကာ နံရံသစ်သားတန်းပေါ်မှ ဓားမကိုလည်း လှမ်းယူလျက် ခွဲစိတ်လေ၏။

"တွေ့လား၊ ရှိန်မီရာစံလည်း သူက အမေ့အိမ်မှာတုန်းက ဒါတွေ ဘယ် တတ်ပါ့မလဲ။ သူ့အမေက ဖူးဖူးမှုတ်ထားမှာ၊ ခုတော့လည်း ဘဝကပေးတဲ့ သင်ခန်းစာတွေကြောင့် တတ်လာရတာပဲ"

ဟု ဒေါ်မြနှစ်က စန္ဒီ့ကို ဆုံးမ၏။

"စန္ဒီ့ဘဝက သင်ခန်းစာမှ မပေးသေးဘဲ"

"ခုမှ ချီပါသား၊ ပခန်းသားထက် ဆိုးတဲ့လူနဲ့ တွေ့နေတယ်။ ရော့ ရှိန်မီရာ။





ယာမာမိုတိုစံဖို့ စမုန်နက်လျက်ဆား။ အစာစားပြီးရင် လက်မ လက်သည်းခွံ လောက် လျက်နိုင်း"

ဒေါ်မြနှစ်က ပုလင်းငယ်တစ်ပုလင်းပေးကာ မီးဖိုထဲမှ ပြန်ထွက်သွား၍ ရှိန်မီရာက ပုလင်းကို အင်္ကျီအိတ်ထဲသို့ ထည့်လိုက်သည်။

"ဒေါ်လေးပြောတဲ့ ချီပါသား၊ ပခန်းသားဆိုတာ ဘာလဲ စန္ဒီ"

"စကားကတ်ဖွဲ့ပြီး ပြောနေလို့ တင်စားတာ။ အဲဒီချီပါတို့၊ ပခန်းတို့ဆိုတာ ရွာနာမည်တွေ။ အဲဒီရွာသားတွေက စကားပြောရင် အနိုင်လုပြီး ဟုတ်ဟုတ် မဟုတ်ဟုတ် ပြောတတ်တယ်တဲ့"

ရှိန်မီရာစံ မျက်မှောင်ကြုတ်ကာ တစ်စုံတစ်ရာကို နားစွင့်နေသည်။ ခဏချင်း မှာပင် စန္ဒီလည်း လေယာဉ်ပျံသံများကို သဲ့သဲ့ကြားလာရသည်။

'မဟာမိတ်တွေ' ဟု ရှိန်မီရာစံ တီးတိုး ရေရွတ်သည်။

မတိုင်ပင်ဘဲ နှစ်ယောက်သား မီးဖိုချောင်တံခါးဝမှ ထွက်ကြည့်မိသည်။ နောက်တစ်ကျော့ ပြန်လာသော လေယာဉ်မည်းမည်းများကို မြင်ရသည်။

အိမ်ရှေ့ဆီမှ အတာ၏…

"ကျွဲတွေလာပြီ ဘိုးဘိုးရေ…ကျွဲတွေလာပြီ"

ဟူသော အသံစူးစူးကလေးကို ကြားရသည်။

အနီးအနားတစ်ပိုက်ဆီမှာ ဝုန်းခနဲ ပေါက်ကွဲသံများ ကြားရပြန်သည်။

"ဟော… ဗုံးကြဲတယ် ရှိန်မီရာစံ"

ကိုယ်ကိုယ့်ကာ မီးဖိုချောင်ထဲ ပြန်ဝင်လျက် တစ်ယောက်မျက်နှာ တစ်ယောက် ပူပန်စွာ ကြည့်မိသည်။

"ကျွန်တော် ပြန်မယ်"

"အို… ပြန်လို့ ဘယ်ဖြစ်မလဲ"

ဦးမြအောင်သည် အတာကလေးကို ပွေ့ချီကာ အိမ်ခန်းထဲမှပြေးထွက် လာသည်။

"ဒီနားတင် ဝဲနေတာ။ ဗုံးကျင်းထဲ ဆင်းကြ။ မြန်မြန်လုပ်"

ဦးမြအောင် အပြင်လျှောက်သွားသည့်တိုင် စန္ဒီ နေရာမှမရွေ့။ ရှိန်မီရာစံကို သာ စိတ်ပူပန်ကြီးစွာ ကြည့်နေသည်။

ဟောင်းနွမ်းစုတ်ပြတ်သော ယူနီဖောင်းကို ဝတ်ဆင်ကာ ပေါက်ပြဲသော



www.burmeseclassic.com

www.burmeseclassic.com



စစ်ဖိနပ်နှင့် သူမ၏ ရှိန်မီရာစ်။ သူ့ကို စန္ဒီ စိတ်ချလက်ချ ဘယ်ပြန်လွှတ်နိုင်ရက်မှာလဲ။

"ကျွန်တော် ပြန်မှဖြစ်မယ်"

"အို… ဟင့်အင်း၊ မိုးတွေကြဲနေတာ၊ မပြန်ပါနဲ့"

စန္ဒီက ရှိန်မီရာ၏လက်မောင်းကို အယောင်ယောင်အမှားမှား ဖမ်းဆွဲဟန့်တားမိတော့သည်။

ဒေါ်မြနှစ်လည်း ပြေးထွက်လာပြန်သည်။

"ဟဲ့စန္ဒီ လာလေ၊ မိုးကျင်းထဲဆင်းတော့။ ရှိန်မီရာစ်ကော ဘယ်လိုလုပ်မလဲ"

"ကျွန်တော်ပြန်မယ် ဒေါ်လေး"

"ပြန်လို့ မဖြစ်ပါဘူးဆို၊ ဒေါ်လေးကလည်း ဒီယူနီဖောင်းကြီးနဲ့ လမ်းမပေါ်ပြေးလွှားနေလို့ ရမှာလား"

"အေး-ဟုတ်သားပဲ၊ ဒါဖြင့် လာကြ၊ မိုးကျင်းထဲ ခိုနေ"

"စန္ဒီ လိုက်သွားပါ၊ ကျွန်တော် ဒီမှာပဲနေမယ်"

ဒေါ်မြနှစ်က စန္ဒီ့လက်မောင်းကို ဆွဲခေါ်တော့ စန္ဒီ ဆုတ်ဆိုင်းတုံ့ဆွဲစွာလိုက်ပါသွားရသည်။

မိုးကျင်းထဲတွင် အာချယ်လည်း ရောက်နေပြီ။ လေယာဉ်ပျံတွေ တဝေါဝေါဖြတ်သန်းသွားတိုင်း ဘယ်နေရာမှာ မိုးကြိုးတော့မည်ကို အသက်အောင့် ထိတ်လန့်စောင့်ဆိုင်းလျက် မိုးပေါက်ကွဲသံသည် မိမိတို့နှင့် အလှမ်းဝေးပါမှ ပင့်သက်မှုတ်ရှိုက်ရသည်။ တစ်ချက်တစ်ချက် နီးကပ်လွန်းလျက် နားများပင်ကွဲမတတ် မြေကြီးသည်လည်း သိမ့်သိမ့်တုန်ကာ မိုးကျင်းမှာပင် စိုးရိမ်ရပြန်လေ၏။

စန္ဒီတစ်ယောက်သာ ဂနာမငြိမ်။ ဦးမြအောင်က အတာ ကြောက်မှာစိုး၍ ရင်ခွင်တွင် ဝှက်ကာထားလျက် နှစ်သိမ့်ချော့မော့နေရကာ သမီး ဟန်ပျက်နေသည်ကို သတိမထားမိ။

ဒေါ်မြနှစ်သည်သာ ကြောက်တတ်လှသော စန္ဒီတစ်ယောက် မိုးအန္တရာယ်ကိုပင် မတွေးနိုင်အောင် ရှိန်မီရာအတွက် လည်တဆန့်ဆန့် နောက်ဆံတင်းငင်ဖြစ်နေသည်ကို တွေ့မြင်နေရသဖြင့် ရင်ဝတွင် သောကမီးလုံးကြီး လာရိုက်ရလေတော့၏။





မြတ်စွာဘုရား၊ နို့စော်မှ မစင်သေးဘူးဟု ကလေးပမာ မှတ်ယူထားသောသူမ၏ တူမငယ်သည် ဂျပန်စစ်သည်တော်ကလေးအပေါ် ချစ်ပင်ပျိုး၍ ချစ်မိုးဖြိုင်ဖြိုင် ရွာနေပါပေါ့လား။

မိုးပေါက်ကွဲသံများ ဆိတ်ငြိမ်သွား၏။ လေယာဉ်ပျံ တစ်ခေါက်ပြန်လာမှာစိုး၍ မိုးကျင်းထဲတွင် အတန်ကြာ ဆက်လက်ခိုနေရလေသည်။ သို့သော် စန္ဒီကမိုးကျင်းထဲမှ ထွက်မည်ပြု၏။

"ဘယ်လဲ စန္ဒီ"

"တက်တော့မလို့"

"နေပါဦး သမီးရဲ့၊ လေယာဉ်ပျံ လာနေပါဦးမယ်"

"စန္ဒီ အသက်ရှူရကျပ်လို့၊ မူးတယ်"

ဇွတ်ပင် မိုးကျင်းထဲမှ တက်တော့မည်ပြင်တော့ ဘာမသိညာမသိနှင့်ဦးမြအောင်က ဝင်ရောက်ဟန့်တားရလေသည်။

"စန္ဒီ ဘယ်လိုဖြစ်နေတာလဲ၊ သေချင်လို့လား"

စန္ဒီ အဖေ့ကိုကြောက်၍ ငြိမ်သွားသည်။ ဟန်ပျက်နေကြောင်း သူမ ဘာသာရိပ်မိသွားလျက် အားလုံး မိုးကျင်းထဲမှတက်မှပင် နောက်ဆုံးမှ လိုက်လာတော့သည်။ အပြင်ရောက်လာသောအခါတွင် စန္ဒီ၏ မျက်လုံးများသည် ဟိုသည်ကစားလျက်ရှိန်မီရာစ် ရှိနေဦးမည် မထင်မှတ်ဘဲလျက် အပြေးအလွှား ရှာကြည့်နေမိသေးသည်။

ဘဘနှင့် ဒေါ်လေးသည် ရှိန်မီရာစ်ကို အတင်းအကျပ် မိုးခိုကျင်းမှာ ပုန်းစေသင့်သည်ဟု မကျေမနပ်ဖြစ်ကာနေသည်။

ဒေါ်မြနှစ်သည် မီးမွှေးဖို့ အဆင်သင့်ဖြစ်နေသော မီးဖိုတွင် မီးခြစ်တစ်လုံးနှင့်ထင်းရှူးစများကို မီးညှိရင်း စိတ်တွေ လေးလံနေတော့သည်။

မဖြစ်ဘူး။ မဖြစ်ဘူး။ တားမှ။

ခက်သည်က ဘာကိုတားရပါ့။

ဘာမှလဲ ဖြစ်မနေ။ သူမရှေ့မှောက် ပဝါတစ်ကမ်း၊ လက်တစ်လှမ်းတွင်ရိုးရိုးသားသား စကားပြောနေရုံမျှနှင့်တော့ ပိတ်ပင်ချုပ်ချယ်ရ အခက်သားပါလား။

ကြံကြံဖန်ဖန် အကြောင်းကံများကလည်း ဤဂျပန်ကလေးကို ချစ်စရာ၊သနားစရာဖြစ်စေရန် ဖန်တီးလာရသေးသည်။ အမှန်မှာ သူသည် သူမတို့၏ ရန်သူပေပဲ။ ခုတော့ သူမကိုယ်တိုင်ပင် ဤဂျပန်စစ်သည် နှစ်ယောက်အပေါ် ခင်မင်တွယ်တာ



www.burmeseclassic.com

www.burmeseclassic.com



နေမိလေတော့ ငယ်ရွယ်နုသေးသော တူမကလေး၏ နှလုံးသားတွေ လှုပ်ရှားရလေသည်မှာ အပြစ်တော့လည်း မတင်သာ။

တကယ်ပဲ တူမလေးကို အပြစ်မမြင်မိပါ။ သို့တစေ ကံယုံ၍ ဆူးပုံမနင်းစေသင့်။ သတိပေးဆုံးမဖို့ သူမတွင် တာဝန်ရှိနေပါပြီ။

အင်း… ဘယ်လိုများ တားဆီးဆုံးမရပါ့။

ဒေါ်မြနှစ် အကြံအိုက်ရလေပြီ။

◆



(၁၇)

ရှမ်းပြည်နယ် မဟာမင်းကြီး အိမ်တော်တွင် ဧည့်ပရိသတ် စည်စည်ကားကားဖြစ်နေလေသည်။

မှတ်မှတ်ရရ ၁၉၄၅ ခုနှစ်၏ တပေါင်းလပြည့်နေ့။ ဤနေ့မှာ မဟာမင်းကြီး၏ မွေးနေ့ဖြစ်လျက် ဆွမ်းကျွေးတရားနာ ဖိတ်ကြားခြင်းခံရသူ မင်းမှုထမ်းများ၊ မင်းစိုးကတော်များ၊ အရပ်သူအရပ်သား မိတ်သင်္ဂဟများ စုံစုံညီညီ ရောက်ရှိနေလေ၏။

မင်းပွဲစိုးပွဲ ဖြစ်ရကား စိန်ရွှေရတနာရောင် တဖိတ်ဖိတ်လက်ကာ ဟိုမှာသည်မှာ ဝင်းခနဲဖျပ်ခနဲ ပြိုးပြက်ထင်နေရတော့သည်။ ဤမျှ အေးချမ်းခြင်း၊ ငြိမ်သက်ခြင်းကင်းဝေးသော အချိန်ကာလမျိုးမှာပင်လျှင် ပစ္စည်းဥစ္စာ ခံမင်တပ်မက်ခြင်း၊ ဂုဏ်တုဂုဏ်ပြိုင် ဝင့်ထည်ကြွားဝါခြင်းများမှ ကင်းကွာနိုင်ကြခြင်း မရှိသေးပေ။

မင်းကြီးကတော်ကိုယ်တိုင် သံဃာတော်များအား ဆွမ်းကပ်လှူပြီးသည်နှင့် အဆင်သင့်ဖြစ်နေစေရန် အချို့ပွဲ ပြင်ဆင်နေသည်။

စန္ဒီသည် မင်းကြီးနှမ အထွေးနှင့်အတူ မင်းကြီးကတော် အချိုပွဲပြင်သည့် နံဘေးမှ ကူညီရန် ထိုင်စောင့်နေ၏။

မင်းကြီးကတော်သည် ဆန္ဒင်းမကောင်းဖန်းမှ မုန့်ကို လှပစွာလှီးလျက် ပန်းကန်ပြားများတွင် အစီအရီထည့်သည်။ သူမသည် အချက်အပြုတ် ကျွမ်းကျင်သူပီပီ ဆွမ်းခဲဖွယ်ဘောဇဉ်များကို ကိုယ်တိုင်ကိုယ်ကြပ် စီမံကွပ်ကဲလေရာ ဤဆန္ဒင်းမကောင်းမှာလည်း သူမကိုယ်တိုင် ဖုတ်ထားခြင်း ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မမနှစ် ဒီနေ့မလာတာ အန်တီခင်ဖြင့် အတော်အားလျော့သွားတယ် စန္ဒီရေ"

မင်းကြီးကတော်က ပြုံးပြုံးလေး လှမ်းပြောလိုက်မှပင် ဧည့်ခန်းတွင်းရှိ အစုလိုက်အဝေးလိုက် ဝိုင်းဖွဲ့ထိုင်ကာ စကားတွေ ဖောင်ဖွဲ့နေကြသော ဧည့်သည်များကို အမှတ်မထင် ငေးနေမိသော စန္ဒီတစ်ယောက် လှုပ်လှုပ်ရှားရှား ဖြစ်လာရလေ၏။

"ဒီနေ့ အင်းထဲကအမျိုးတွေ လာမယ်ဆိုလို့ ဒေါ်လေး မလာရတာပါ အန်တီခင်။ စန္ဒီတို့ဘကြီး အမေ့အစ်ကို လာမှာမို့ပါ"

"ပြောတယ်၊ မနေ့က ပြောတယ်။ သူ ဒီနေ့ မအားလို့ဆိုပြီး မနေ့က ကန်တော့ပွဲ အပြီးလာပြင်ပေးသွားတာ"

အထွေးက ပြတင်းပေါက်မှ တစ်ချက်လှမ်းကြည့်ကာ-

"ဆရာတော်တို့လည်း ကြွမလာသေးဘူး"

ဟု ပြောသည်။

"ကြွလာတော့မှာပါ အထွေးရဲ့၊ အခုမှ အလင်းရောင်လာကာစ ရှိသေးတာ"

တောင်ကြီးမြို့တွင် ဆောင်းသည် အသည်းခိုက်မျှ ချမ်းအေးလွန်းလှရကား အရုဏ်ဆွမ်းဟု မဆိုသာဘဲ နံနက်ခြောက်နာရီကျော်မှပင် ဆွမ်းကပ်လှူရလေသည်။ တစ်ဖန် နံနက်ရှစ်နာရီ ကိုးနာရီပတ်ဝန်းကျင်တွင် မဟာမိတ်များ လာရောက် ဖုံးကြလေ့ရှိသောကြောင့် ထိုအချိန်မတိုင်မီ တရားနာ၊ ဆွမ်းကပ်ကြရပြန်လေ၏။

မင်းကြီးကတော် အိမ်ရှေ့ထွက်သွားကာ မင်းကတော်များကို ဧည့်ခံနိုက် စန္ဒီတို့က လက်ဖက်ပွဲများ ပြင်ဆင်ပေးကာ ကူညီဧည့်ခံရ၍ ရောက်ရှိနေသော အရာရှိများ၏ သမီးပျိုလေးငါးယောက်က ဧည့်သည်များအား လက်ဖက်၊ အခါး ရည်၊ ဆေးလိပ် စသည် လိုလေသေးမရှိအောင် လိုက်လံဧည့်ဝတ်ပြုနေကြသည်။

စန္ဒီမှာ ယမန်နေ့ညကပင် ဦးမြအောင်ကိုယ်တိုင် လာပို့သဖြင့် မင်းကြီး နေအိမ်သို့ 'အလုပ်အကိုင်'အတွက် ရောက်ရှိနေလေသည်။ ဒေါ်မြနှစ်က တတ်ကျွမ်း သဖြင့် တစ်နေ့ခင်းလုံး လာရောက်ကူညီသွားခဲ့သော်လည်း စန္ဒီမှုကား အချက် အပြုတ်လည်းမတတ်၊ ဧည့်ခံရန်လည်း မသွက်လက် မချက်ချာပြန်ပေ။ အထွေးတို့က စကားစမြည်ပြောကြမည် ဇွတ်အတင်းခေါ်နေသောကြောင့်သာမက ဦးမြအောင်က လည်း မင်းကြီးအိမ်သို့ ဝင်ထွက်စေချင်သောကြောင့် စန္ဒီ မလွန်ဆန်နိုင်ဘဲ ရောက်ရှိ နေရခြင်း ဖြစ်လေ၏။ ခါတိုင်းဆိုလျှင် မင်းပွဲစိုးပွဲများသို့ စန္ဒီ မလိုက်ရ။





စန္ဒီ အလိုဆန္ဒအတိုင်းသာဖြင့် အိမ်မှာပဲနေချင်သည်။ ညက အထွေးနှင့် အတူ ကြက်သွန်ဖြူခွာရင်း စကားသာ ပြောနေရသော်လည်း အိမ်မှာများ ရှိနိုမီရာစံ ရောက်နေလေမလားဟု စိတ်မဖြောင့်နိုင်။ အထွေး၏စကားများကို စန္ဒီ စိတ်မပါသဖြင့် အထွေးကပင် စန္ဒီ စောစောစီးစီး အိပ်ငိုက်သည် ထင်မှတ်သေး၏။

"စန္ဒီတို့အမျိုးတွေလည်း အင်းထဲမှာရှိတယ်နော်၊ အထွေးတို့ အမျိုးတွေ လည်း အင်းထဲမှာ အများကြီးပဲ၊ အင်းထဲပြေးဖို့ လာလာခေါ်နေတာ၊ ကိုကိုကြီးက ပြည်မက အတူပါလာတဲ့ အစိုးရအမှုထမ်းတွေနဲ့အတူပဲ နေထိုင်ရှောင်ပုန်းမယ် ဆိုပြီး မလိုက်ဘူး"

ဟု အထွေးက ဆို၏။

"စန္ဒီတို့ဘကြီးကလည်း စန္ဒီတို့ကို ခေါ်တာပေါ့၊ ဘဘက မင်းကြီးနဲ့အတူ သူ ရှိမယ်ဆိုလို့"

ဒေါ်မြနှစ်ကား အမျိုးများနှင့် ပစ္စည်းအချို့ ထည့်လိုက်မည်ဟု ပစ္စည်းများ သိမ်းဆည်းရွေးချယ်ရင်း အိမ်တွင် နေရစ်သည်။

အစိုးရအဖွဲ့မှာ မကြာမီ လွယ်ကောင်းရွာဘက်သို့ ရှောင်ပုန်းဆုတ်ခွာ ကြရ တော့မည်။ ယခုပင်လျှင် ရှေ့ပြေးအဖွဲ့က လွယ်ကောင်းသို့သွားနှင့်၍ နေရာထိုင်ခင်း စီစဉ်နေလေပြီ။ ရက်ပိုင်းအတွင်းတွင် တောင်ကြီးမှ ထွက်ခွာရပေလိမ့်မည်။

တောင်ကြီးကို မစွန့်ခွာရမီ အခါအခွင့်သင့်၍ စုစုဝေးဝေး ဆုံစည်းမိကြစဉ်တွင် ယောက်ျားဝိုင်းများ၌ တိုင်းရေးပြည်ရေးတို့ကို အကြိတ်အနယ် ဆွေးနွေးခိုက် အမျိုးသမီး ဝိုင်းများမှာလည်း အိမ်တွင်းရေး စီးပွားရေး အသိအမြင်ချင်းဖလှယ်ကြ တွတ်ထိုးကြနှင့်။

"သံဃာတော်တွေ ကြွလာပြီ"

ဟု အိမ်အောက်ထပ်မှ အမှုထမ်းတစ်ဦး လာပြောမှပင် စကားသံများ စဲသွားလေတော့၏။

သံဃာတော်များအား မင်းကြီးကိုယ်တိုင် လှေကားထိပ်မှ ဆီးကြိုကာ ပုဆိုးတစ်ထည်ဖြင့် ခြေကိုသုတ်ပေးခြင်းဖြင့် ဂါရဝပြုသည်။

မင်္ဂလာရာမ ဆရာတော်ကား ဖိန့်ဖိန့်မြင့်မြင့်၊ အသားလတ်လတ်နှင့် မျက်နှာ တော်မှာ ကြည်လင်အေးချမ်းလှပေ၏။

ယနေ့အဖို့ ဆရာတော် ဟောပြောသော တရားမှာလည်း အချိန်အခါကာလ ဒေသန္တရနှင့် လိုက်ဖက်လျော်ညီ သင့်မြတ်လှပါပေ၏။



www.burmeseclassic.com

www.burmeseclassic.com



“ခုတင်က ဒကာ ဒကာမတို့ ဩကာသ၊ ဩကာသ၊ ဩကာသ အစချီလို့ ဘုရားရှိခိုး ရွတ်ဆိုသွားကြပေတယ်။ အာရုံပြုအနက် တွေးမိသူရှိသလို စိတ်ပျံ့လွင့်ရင်း အလွတ်ရနေလို့သာဆိုလိုက်ရပေမယ့် အဓိပ္ပာယ် မခြင့်မိ လိုက်နိုင်သူတွေလည်း ရှိကြပေလိမ့်မယ်”

တရားနာရင်း စန္ဒီ့ပခုံးကို အထွေးက သူမ၏ ပခုံးနှင့်တိုက်ကာ နှစ်ယောက်သား ကျိတ်၍ ပြုံးကြရသည်။ ဩကာသဆိုကြစဉ်က ပရိသတ်ထဲမှ အိန္ဒိယကုန်သည်ကြီးတစ်ဦး အသံဝဲဝဲဖြင့် ကျယ်လောင်စွာ ဘုရားရှိခိုးသံကို နှစ်ယောက်သား တဟီဟီ ရယ်နေခဲ့ကြသည် မဟုတ်လား။

“အချုပ်ကတော့ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ရိုသေမြတ်နိုးရှိခိုးပူဇော်ရတဲ့ စေတနာအကျိုးကြောင့် လိုရာဆုတွေပြည့်စုံစေဖို့ တောင်းလျှောက်ကြတာပါပဲ။

အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပ္ပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါး၊ ၉၆ ပါးသော ရောဂါဝေဒနာ၊ ၃၆ ပါးသော ဥပဒ္ဒဝေါ၊ ၃၂ ပါးသော ကံကြမ္မာ၊ ဆား ၂၅ ပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်စေဖို့ ဆုတောင်းပြီး ပြီးမှ နိဗ္ဗာန်ဆုကို တောင်းလျှောက်ကြပေတယ်”

ဆရာတော်က အကုသိုလ်အကျိုးပေးများကို တစ်မျိုးချင်း ဟောပြရှင်းပြတော်မူသည်။

“အင်း… ဒုဗ္ဘိက္ခန္တရကပ် ဆိုတာကတော့ အစားအစာ ခေါင်းပါးတော်မွတ်ခြင်းကြောင့် ဆင်းရဲခြင်း၊ ဒုက္ခအမျိုးမျိုး အဖုံဖုံတွေ့ကြုံကြ၊ သေကျေ ပျက်စီးကြရခြင်းပဲပေါ့။ မိုးခေါင်ရေရှားလို့ ဖြစ်စေ၊ စစ်မက်ဖြစ်ပွားလို့ပဲ ဖြစ်စေ မစိုက်ပျိုးနိုင်၊ မရောင်းဝယ်နိုင်၊ မရှာဖွေနိုင်ကြတဲ့အခါ ဒုဗ္ဘိက္ခန္တရကပ်ကြီး ဆိုက်ရပေတယ်။

သတ္ထန္တရကပ်… ဓား၊ လှံ၊ လေးမြား၊ သေနတ်၊ ဗုံးလက်နက်မျိုးစုံတို့နဲ့ ထိုးပစ် ခုတ်ပစ် ပစ်ခတ်ခြင်းကြောင့် ထိခိုက်ဒဏ်ရာ အနာတရ သေကျေပျက်စီးကြရတဲ့ အဖြစ်မျိုးတွေ၊ ခုလည်း ဘုန်းကြီးတို့ ဒကာ ဒကာမတွေ နေ့တထိတ်ထိတ် ညတထိတ်ထိတ် အိပ်ကောင်းခြင်း မအိပ်ရ၊ စားကောင်းခြင်း မစားရ၊ နေ့နေ့ညည ဒုက္ခမျိုးစုံ ကြုံတွေ့နေကြရတယ် မဟုတ်လား။

ရောဂန္တရကပ်… ထူးထွေပြင်းထန်တဲ့ ရောဂါဝေဒနာအမျိုးမျိုး ကျရောက်ကူးစက်ပြီး များစွာဆင်းရဲဒုက္ခ ရောက်ကြ၊ သေကျေပျက်စီးကြရတာတွေလည်း





ဘုန်းကြီးတို့ ကြုံကြိုက်ခဲ့ကြ ကြုံကြိုက်နေကြရတယ်”

စစ်ပြေးဒုက္ခသည်များ ဝမ်းရောဂါဘေး၊ ကျောက်ကြီးရောဂါဘေးတို့ အစုလိုက်အပြုံလိုက် ခံစားသေကျေကြရကြောင်း စန္ဒီတို့ ကြားနေကြရသည်။ သံဖြူဇရပ်ဘက်တွင် ချွေးတပ်သား အမြောက်အမြား ငှက်ဖျားဒဏ်၊ ဝေါ်မွတ်ခြင်းဒဏ်တို့ဖြင့် အသက်ဆုံးရှုံးနေကြရကြောင်း စန္ဒီတို့ သတင်းရနေကြသည်။

ပစ္စည်းဥစ္စာ ဆုံးရှုံးခြင်း၊ သေကျေပျက်စီးခြင်းတို့ကတော့ စန္ဒီတို့ကိုယ် တိုင်ပင်ရန်ကုန်မှ အိုးပစ်အိမ်ပစ် ပြေးရှောင်နေကြရပြီ။ အင်္ဂလိပ်အဆုတ် ဂျပန်အဝင် ၁၉၄၁ ခုနှစ်က တပေါင်းလ အဖိတ်နေ့ကြီးမှာ ဗုံးကြဲစဉ်က ဈေးနေ့ စည်ကားခိုက်ဖြစ်၍ အထိနာကာ စန္ဒီတို့မိခင်၏အစ်မ စန္ဒီတို့၏ ကြီးတော်မှာ ဗုံးဆန်ထိမှန်ကာ ကွယ်လွန်သွားခဲ့သည်။

တရားနာနေရင်း စန္ဒီမှာ ကပ်ကြီးသုံးပါး ဆိုက်ရောက်နေပုံကို ဆင်ခြင်မိသလိုလို ရှိရ၏။

“ရန်သူမျိုး ငါးပါးတဲ့… ရေဘေး၊ မီးဘေး၊ အုပ်ချုပ်မင်းလုပ်တဲ့သူ၊ ခိုးဝှက်တိုက်ခိုက်တဲ့သူ၊ မနှစ်သက် မချစ်ခင် မလိုလားတဲ့သူ၊ ဒါတွေ ဘုန်းကြီးတို့ ရင်ဆိုင် ကြုံတွေ့နေကြရတာပါပဲ”

အနှစ်ချုပ်လိုက်လျှင်တော့ တရားတော်ကို သိကြဖို့ပင်တည်း။ တရားသိလျှင် တရားစောင့်ဖို့ဆိုသည်မှာ အဆက်မပြတ် ဒွန်တွဲလာတော့သည်။

“သီလအခြေခံ စင်စင်ကြယ်ကြယ်နဲ့ မေတ္တာဘာဝနာ ပွားကြဖို့ အားထုတ်ကြ ဒကာ ဒကာမတို့။ မေတ္တာပွားများခြင်းဖြင့် မေတ္တာ၏ တန်ခိုးသတ္တိ အရှိန်အဟုန်ကြောင့် ကျရောက်လာတဲ့ ရန်အပေါင်းသာလျှင် ပျက်စီးသွားစေလိမ့်မယ်။ သီလမစင်ကြယ်ရင်တော့ မေတ္တာပွားသော်လည်း တန်ခိုးသတ္တိ လျော့နည်းတာမို့ သီလစင်ကြယ်ဖို့ အားစိုက်ကြ။ သီလအားကောင်းရင် သမာဓိ ထူးကဲလာမယ်။ အဓိဋ္ဌာန် အောင်မြင်လာမယ်။ ပညာအသိတရား တိုးပွားလာမယ်”

တရားရေအေး တိုက်ကျွေးသော်လည်း သောက်သုံးတတ်မှ ရင်မှာ ငြိမ်းချမ်းကြမည်။ စန္ဒီကတော့ အထွေး တိတ်တဆိတ် လက်ညှိုးညွှန်ပြသော မင်းကြီးတစ်ဦး ငိုက်မျဉ်းနေသည်ကို လှောင်တပြုံးပြုံး သဘောကျ၍မဆုံးအောင် ဖြစ်နေရပြန်လျက် တရား ဘယ်လိုအဆုံးသတ်သွားမှန်းပင် မသိလိုက်တော့ပေ။

တရားနာပြီးသည်နှင့် စန္ဒီတို့မှာ ဆွမ်းကပ်ရာ၊ အချိုပွဲကပ်ရာတို့တွင် ပန်းကန်

www.burmeseclassic.com



ခွက်ယောက်များကို အိမ်ရှေ့နောက်ဖေး ကူးလူးသယ်ပို့ရင်း အလုပ်များကြရလေသည်။

သံဃာများ ပြန်ကြွသွားပြီးနောက် ဧည့်သည်များကို ကျွေးမွေးတော့မည် ပြင်ဆင်ဆဲ လေယာဉ်ပျံသံများ သဲ့သဲ့ကြားရတော့သည်။ တစ်ဆက်တည်း အချက်ပေးခေါင်းလောင်းသံ အဆက်မပြတ် ကြားရလေသည်။

အားလုံး ရုတ်ရုတ်သဲသဲ လှုပ်ရှားပြေးလွှားကြရပြီ။ ဗုံးခိုကျင်းများရှိရာသို့ သူ့ထက်ငါ ပြေးလွှား ခိုပုန်းကြရသည်။

''မြတ်စွာဘုရား ကယ်တော်မူပါ''

အိန္ဒိယကုန်သည်ကြီး၏ ဘုရားတသံကို အဖန်တလဲလဲ ကျယ်လောင်စွာ ကြားရသော်လည်း စန္ဒီ မရယ်ချင်တော့။ အထွေးနှင့်လည်း တကွဲစီဖြစ်သွားလျက် အရာရှိကတော် အဘွားကြီးတစ်ဦးနှင့်အတူ ကပ်ပါသွားသည်။

ဗုံးကျင်းထဲတွင် တစ်နာရီနီးပါး ကြာသွားသည်။ ဗုံးပေါက်ကွဲမြည်ဟည်းသံများမှာ ဝေးလိုက်နီးလိုက်နှင့် လူအပေါင်းတို့မှာ အိမ်ဆီသို့ နောက်ဆံတင်းလျက်နှင့်ပင် ပြန်လည်းမပြန်နိုင်။

လေကြောင်းရန် ကင်းဝေးကြောင်း ဥသြဆွဲမှပင် ဗုံးကျင်းမှထွက်ခွာကာ ကိုယ့်လူသူ့လူရှာလျက် နေအိမ်အသီးသီးသို့ ပြန်ပြေးကြရတော့သည်။ အိမ်အခြေအနေ မည်သို့ရှိမှန်း သူတို့ အိမ်ပြန်ရောက်မှပင် သိကြရပေမည်။

မင်းကြီးမိသားစုနှင့် တပည့်တပန်းများလည်း မင်းကြီး၏ ဆယ်နှစ်အရွယ်သမီးကလေးကျောတွင် ဗုံးစထိမှန်ထားသဖြင့် ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေကြသည်။ ဆရာဝန်ကြီးလည်း ဆွမ်းကျွေးရောက်နေသဖြင့်သာ တော်ပေသေးလျက် ချက်ချင်းပင် ကြည့်ရှုစစ်ဆေးကာ အနာဆေးထည့်ပြီး ပလတ်စတာ တင်းတင်းကျပ်ကျပ် ကပ်ပေးနေလေ၏။ ဆရာဝန်ကြီးကတော်ကား မစောင့်နိုင်ဘဲ အိမ်သို့ ပြန်ပြေးနှင့်လေ၏။

စန္ဒီဝတ်ဆင်လာသော အဝါနုရောင် ဖဲထဘီမှာ ဘာနှင့်ငြိမှန်း မသိလိုက်ဘဲလျက် အနားတွင် တစ်ထွာလောက် စုတ်ပြဲသွားသည်။ လက်မှကိုင်လာသော လက်ကိုင်ပဝါမှာလည်း မရှိတော့ပြီ။ ဒေါ်လေးက ဇွတ်ငှားရမ်းကာ စီးနိုင်းသဖြင့် မစီးချင်စီးချင်နှင့် စွပ်လာခဲ့သော ဒေါ်လေး၏ ကုလားရှေ့ထိုးဖိနပ်ကလေးလည်း ဗုံးကျင်းထဲအဆင်းတွင် ပါမသွားဘဲ ယခုလိုက်ရှာသောအခါ မတွေ့ရတော့။





''စန္ဒီ··· ဘာလုပ်နေတာလဲ''

ဦးမြအောင်၏ အသံကြားလျှင် စန္ဒီ နောက်လှည့်ကြည့်သည်။ ဦးမြအောင်သည် စန္ဒီကို လိုက်ရှာနေခြင်း ဖြစ်လေသည်။ ရုတ်ရုတ်သဲသဲ ပြန်ပြေးကြသော ဧည့်ပရိသတ်များထဲပဲ ပါလာသလား။ ဗုံးကျင်းတစ်ခုခုထဲပဲ ကြောက်အားလန့်အား နောက်ချန်နေရစ်သလားနှင့် ပူပန်နေရရင်းက မင်းကြီးအိမ်ရှေ့ ဖိနပ်ချွတ်တွင် စန္ဒီ ကုန်းကုန်းကွကွ တစ်စုံတစ်ရာ ရှာဖွေနေသည်ကို တွေ့ရချေသည်။

''ဖိနပ်ပျောက်လို့ ဘဘ။ ဒေါ်လေးဖိနပ် စန္ဒီ စီးလာတာ''

စန္ဒီ့စကားကြောင့် အနီးမှ သုတ်သီးသုတ်ပျာ ဖြတ်သွားရင်း မင်းကြီးအိမ်မှ အလုပ်သမားတစ်ဦးက ပြုံးသွားလေ၏။ စန္ဒီကား သတိမပြုမိ။

''ဟာ··· ဖိနပ်ပဲ ဘာအရေးကြီးတာလိုက်လို့၊ လာ··· လာ··· ပြန်မယ်၊ အိမ်ဘက်ကို ဗုံးတစ်လုံးကျတယ်''

စန္ဒီ ဖိနပ်မပါဘဲ ပြေးလိုက်လာသည်။ မည်သူ့ကိုမျှ နှုတ်ဆက်မနေနိုင်တော့ပြီ။ ဦးမြအောင်မှာ စိတ်လည်းမရှည်။ စိုးရိမ်မှုလည်း လွန်ကဲကာ သူ့သမီးကို ကလေးပမာ လက်မောင်းမှ ကိုင်ဆွဲလာခဲ့လေ၏။

အိမ်ကို အလုံးအထည်မပျက် ခပ်လှမ်းလှမ်းကပင် လှမ်းမြင်ရသည်။ သားအဖနှစ်ယောက် မတိုင်ပင်ရဘဲ သက်ပြင်းပြိုင်တူချလိုက်ကြလေသည်။

အိမ်အဝင်အနီးရောက်လျှင်တော့ အတာ စီးနေကျ ဒန်းနေရာတွင် သစ်သားစနှင့် ဖုန်တသောသော ထနေဆဲဖြစ်သည်ကို တွေ့ရသည်။ ဒန်းဆင်ထားသော သံဘောင်မှာ မည်းသည်းလျက် သစ်သားခုံကား ပုံမပေါ်တော့။ မြေကြီးသည်လည်း ချိုင့်ခွက်ကာ ကျန်ရစ်လေသည်။

သားအဖနှစ်ယောက် အိမ်ဝင်းထဲ အပြေးအလွှား ဝင်သွားကြသည်။ အိမ်ဝင်းထဲ ရောက်ကာမှ စန္ဒီ့ခြေထောက်တွင် ကျောက်ခဲစတစ်စ စူးနစ်ကာ စန္ဒီမှာ ထော့နင်းထော့နင်း ဖြစ်သေးသည်။

အိမ်တွင် ဒေါ်မြနှစ်နှင့် အတာအပြင် အင်းထဲမှ ဆွေမျိုးလေးငါးယောက် ရောက်ရှိနေကြသည်။ မနန်းအိကား ဘေးရန်ကင်းကြောင်း ဥသြဆွဲသည်နှင့် အိမ်ပြန်ပြေးသွားလေပြီ။

''ကလေးတွေ အင်းထဲလိုက်မလား လာခေါ်တာကွဲ့။ မောင်မြအောင်



www.burmeseclassic.com

www.burmeseclassic.com



မလိုက်နိုင်တောင် မမြနှစ်နဲ့ ကလေးတွေတော့ ထည့်လိုက်စေချင်လို့၊ ရောက်ပြီး တစ်အောင့်နေ ဗုံးကြဲတော့တာပဲ''

စန္ဒီမိခင်၏ ဖအေတူ မအေကွဲ အစ်ကိုကြီး ဦးခွန်ထီးက ကွမ်းဝါးရင်း အသံဝဲဝဲနှင့် ပြောသည်။ သူ့အနေနှင့် ဒေါ်မြနှစ် ပြောနှင့်သဖြင့် ဦးမြအောင် ထည့်မည်မဟုတ်ကြောင်းသိနှင့်ကာ သိပ်တော့စိတ်အားထက်သန်ခြင်း မရှိလှ။ ဦးမြအောင်များ ပြောင်းလဲလာဦးမလား ဆွေးတိုးစမ်းသည့်သဘောသာ ရှိတော့သည်။

''အစ်ကိုကြီး စေတနာကို ကျွန်တော် လေးစားပါတယ်၊ အစ်ကိုကြီးအနေနဲ့ နှမတစ်ယောက် ဗုံးဒဏ်နဲ့ဆုံး၊ ကျွန်တော့်ဇနီးကလည်း ရုတ်တရက် ကွယ်လွန်သွားလေတော့ အတော်စိတ်ထိခိုက်ပြီး တူ၊ တူမတွေ၊ မြေးတွေအတွက် သိပ်ပူပန်တယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်မှာလည်း တွယ်တာစရာ ဒီနှမ၊ ဒီသမီးနဲ့ ဒီမြေးပဲ အနားမှာရှိတယ် အစ်ကိုကြီး၊ သူရိန်ကလည်း အစ်ကိုကြီးသိတဲ့အတိုင်း ဘယ်လမ်း၊ ဘယ်စခန်း ရောက်နေမှန်းမသိရဘူး။ သူ့အတွက် သောကတင် ကျွန်တော့်မှာ အတော်ခံစားနေရပါပြီ။ ဒီသမီးတွေ၊ မြေးတွေကို မျက်ကွယ်မှာထားရရင် ခံစားရမယ့် ပူပန်သောကဒဏ်ကို ကျွန်တော် ခံနိုင်မယ်မဟုတ်ဘူး အစ်ကိုကြီး''

သည်တော့လည်း ဦးခွန်ထီးက နားလည်လက်ခံရလေသည်။

ဦးခွန်ထီးက ခါးကိုင်းကာ နှစ်ကိုယ်ကြားလေသံဖြင့်-

''သူရိန် ငါ့ဆီရောက်လာသေးတယ်၊ ရိက္ခာနဲ့ ငွေယန်းတစ်သောင်း ငါ ထောက်ပံ့လိုက်တယ်''

ဟု တီးတိုးပြောသည်။

ဦးမြအောင်၏ မျက်နှာတွင် အကြောအခြင်တွေ တောင့်တင်းလျက် ခေတ္တ စကားမပြောနိုင်။ သည်သားနှင့်ပတ်သက်လျှင် သောကဖြင့် ရင်မှာနာရမြဲ။

အတာက ကစားစရာများ၊ အရုပ်များကို ခြင်းတောင်းတစ်လုံးတွင် စုထည့်ကာ သူ့အမြတ်တနိုး ပစ္စည်းများအဖြစ် လွယ်ကောင်းသို့ သယ်ယူသွားမည်ဟု သိမ်းဆည်းနေသည်။ အတာ့ဆီ မျက်လုံးရောက်မိတော့ ဦးမြအောင် ပို၍ စိတ်မကောင်း ဖြစ်ရသည်။ သူရိန့်ရယ်… မင်းဟာ ဥမကွဲသိုက်မပျက် အိမ်မှာ မနေတတ်လေရော့ သလား။

''ဒါဆို မင်းတို့ လွယ်ကောင်းဘက်ပဲ ရွှေ့ကြမယ်ပေါ့''





''ဟုတ်ကဲ့၊ အစကတော့ ရွှေ့ပြောင်းအဖွဲ့က အဆင်သင့်ဖြစ်ပြီး အကြောင်းကြားမှ လိုက်ကြဖို့ပဲ။ ဒါပေမဲ့ ဒီကနေ့ အခြေအနေအရ ဒီညနေပဲ မင်းကြီးကတော်နဲ့အချို့ လွယ်ကောင်းသွားကြဖို့ ချက်ချင်းလှည်းဆင့်နေပြီ။ ကျွန်တော်တို့တော့ မနက်ဖြန်မှပဲ ထွက်ကြမယ်''

''မင်းတို့ ပစ္စည်းတချို့ ထည့်ပေးလိုက်ရင် ငါတို့ အင်းထဲသယ်သွားမယ်။ တစ်နေရာစီခွဲထားရင် တစ်နေရာက ဆုံးရှုံးတောင် တစ်နေရာမှာ ကျန်နိုင်တာပေါ့။ ငါတို့လည်း ပစ္စည်းတွေ ဟိုရွာဒီရွာ ဖြန့်ထားကြတာပဲ''

ဦးခွန်ထီး၏စကားကို ဒေါ်မြနှစ်ကတော့ သဘောတူညီပြီးဖြစ်ကာ သေတ္တာနှစ်လုံးတွင် အဖိုးတန်ပစ္စည်းများ တစ်ဝက်တစ်ပျက်ပင် ထည့်သိုပြီးနေပြီ။

''နှစ်နှစ်လည်း ပစ္စည်းတွေ ထည့်လိုက်မလို့ စသိမ်းရော လေယာဉ်ပျံတွေလည်း လာတော့တာပဲ။ ဒီအတိုင်းပစ်ခဲ့ပြီး ဗုံးကျင်းထဲပြေးရတာ ခုမှပဲ ဆက်သိမ်းနိုင်တော့တယ်''

ဦးမြအောင်သည် သူရရှိထားသော ဘွဲ့တံဆိပ်များ၊ သူ့ဘိုးဘွားစဉ်ဆက် ထိန်းသိမ်းလာသော ရွှေစလွယ်၊ သူရိန် ရရှိထားသော အားကစားဆု ငွေဖလားများ စသည်တို့ကို ယောက်ဖဖြစ်သူထံ ထည့်လိုက်မည့်သေတ္တာထဲ ထည့်သိမ်းသည်။ အတာ့ကို တားမရသဖြင့် အတာ့ကစားစရာများ တချို့တစ်ဝက်ကိုလည်း အဘိုးအဘွားက အလိုလိုက်ကာ ထည့်သိုခွင့် ပေးရပြန်၏။

''ဟဲ့စန္ဒီ၊ သမီးပစ္စည်းတွေထဲက ကောင်းတာကလေးတွေ တချို့ ထည့်ပေးလိုက်ဦး။ သမီးက ဘာဘာ အင်္ဂလန်သွားတုန်းကဝယ်လာတဲ့ ထီးကလေးတို့၊ သမီးမေမေရဲ့ ငွေခါးပတ်တို့ ထည့်လိုက်။ ပြီးတော့ ဟိုသားမွေးခြုံတဘက်ကြီးလည်း ထည့်လိုက်ပေါ့''

အဘချယ် မောကြီးပန်းကြီး ရောက်လာသည်။ ဗုံးကြဲစဉ်က သူ အိမ်တွင် မရှိ။ ယခုမှ တစ်လမ်းလုံး စနည်းနာကာ ပြန်လာလေ၏။

''ပညာမင်းကြီး အိမ်ပေါ်တည့်တည့် ဗုံးကျတာ ဘာမှ မကျန်ဘူး။ လူတွေ လွတ်ပေလို့ တော်သေးတာပေါ့။ ဈေးပိုင်းမှာလည်း အတော်ကလေး ပျက်စီးတယ်၊ လူတွေ သေသတဲ့။ ဘယ်သူဆိုတာတောင် မစုံစမ်းခဲ့နိုင်ဘူး။ ပညာမင်းကြီးအိမ်ပါရင် အဘတို့အိမ်မှ လွတ်မှလွတ်ပါ့မလားလို့ ခြေကုန်သုတ်လာရတာ''

www.burmeseclassic.com



"အိမ်ရှေ့မှာ ကျင်းကြီးဖြစ်သွားတာကော။ ဒန်းပဲ ပျက်စီးသွားပေလို့ပေါ့။ အိမ်ကိုများ တည့်တည့် မှန်လိုက်ရင်တော့လား"

ဒေါ်မြနှစ်က ကြက်သီးထမိ၏။

"အင်းလေ၊ ဘုရားမပေတာပဲ"

ဟု အဘချယ်က ဘုရားဂုဏ်တော်ကို ချီးမွမ်းလေ၏။

"ခင်မိမိတို့အိမ်တော့ လွတ်တယ်မဟုတ်လား အဘချယ်"

ဟု ဒေါ်မြနှစ်က မေးသည်။

"သူတို့ဘက်က သိပ်တောင် ဗုံးမကျဘူး၊ အဘချယ်လည်း ဗုံးတွေ ကြဲတော့ သူတို့ဗုံးကျင်းထဲပဲ ဝင်ခိုနေရတာ"

"ခင်မိမိတို့လည်း လွယ်ကောင်းဘက်ပဲ ရွှေ့ကြမယ် မဟုတ်လား နှစ်နှစ်"

ဟု ဦးမြအောင်က မေးပြန်သည်။

"ဟုတ်ကဲ့ အစ်ကို၊ အခု အဘချယ်နဲ့ ဘာမှာသေးလဲ အဘချယ်"

"အဲဒီကိစ္စတော့ မမှာပါဘူး"

ဟု အဘချယ်က ဦးမြအောင်ကိုကြည့်လျက် အဖြေပေး၏။

"ဒါဖြင့် လွယ်ကောင်းပဲ ပြေးကြမှာပဲ ထင်တယ်"

ဟု ဦးမြအောင်က မှတ်ချက်ချလေ၏။

စန္ဒီသည် ဦးမြအောင် အဘချယ်နှင့် စကားပြောခိုက် နံရံမှ အင်းသား လေ့လော့နေသော စက္ကူဖြတ်ပန်းချီကို ဖျတ်ခနဲဖြုတ်ယူကာ စက္ကူတစ်ရွက်နှင့် ထုပ်ပိုးလိုက်လေ၏။

စန္ဒီ၏ ခိုးကြောင်ခိုးဝှက်အပြုအမူကို ဒေါ်မြနှစ်ကတော့ မြင်လိုက်သည်။ စန္ဒီကလည်း အဒေါ်မြင်မှာတော့ စိုးရိမ်စိတ် တစ်ရွေးသားမျှ မရှိ။ ခပ်တည်တည်ပင် အင်းထဲထည့်လိုက်မည့်သေတ္တာထဲသို့ သူမ၏ အမြတ်တနိုး တန်ဖိုးအထားဆုံး ပစ္စည်းကို ထည့်သိမ်းလိုက်လေတော့သည်။

◆



(၁၈)

စန္ဒီ တစ်ညလုံးအိပ်မပျော်။ မနေ့က တောင်ကြီးတစ်မြို့လုံး ဗုံးဒဏ်ခံလိုက်ရခြင်းသည် လည်းကောင်း၊ ပညာမင်းကြီးအိမ်ပေါ်တည့်တည့် ဗုံးကျခဲ့ရခြင်းသည် လည်းကောင်း စန္ဒီအတွက် ရှီနိုမီရာစံနှင့် ခွဲခွာရပြီဆိုသောအချက်လောက် အလေးအနက် မရှိလှပေ။ နောက်နောင် ဘယ်တော့မှ ပြန်မတွေ့ရတော့ဘူးလား။ ရှီနိုမီရာ ပြောခဲ့သည့် ခွဲခွာရမည့်အချိန်သည် မျှော်လင့်ထားသည်ထက်ပင် ပို၍လျင်မြန်စောစီးစွာ ဆိုက်ရောက်လာခဲ့လေပြီ။ သူ အလျင် ခွဲထွက်သွားလျက် စန္ဒီ လွမ်းကျန်ရစ်မည် ယူဆခဲ့သော်လည်း ယခုမူ စန္ဒီ အလျင်ထွက်ခွာသွားရတော့မည်။ ခွဲရမည်ဆိုသည်ကို စန္ဒီရင်ထဲမှ မယုံကြည်လိုခဲ့၍ လက်မခံနိုင်ခဲ့သော်လည်း အမှန်တရားကို ငြင်းပယ်၍ မရနိုင်တော့ပြီ။

ခွဲခွာကြရတော့မယ် အချစ်ရေ။ ထာဝရ ခွဲခွာရခြင်းများလား။ အို… မဟုတ်နိုင်တာ၊ မဖြစ်နိုင်တာ ထာဝရတော့ဖြင့် မခွဲခွာပါရစေနဲ့ကွယ်။

ဒေါ်မြနှစ်သည်လည်း ဘယ်လူးညာလိမ့် ပင့်သက်တရှိုက်ရှိုက်။ ရန်ကုန်မှ တောင်ကြီးဆီသို့ စစ်ပြေးခဲ့ရပြီးပြီ။ တောင်ကြီးမှတစ်ဖန် လွယ်ကောင်းသို့ ပြောင်းရပေဦးမည်။

မဟာမိတ်တပ်များ၏ ထိုးစစ်ရောက်ရှိလာသော ဒေသများတွင် တပ်မတော်တပ်ဖွဲ့များ၊ ဖက်ဆစ်တော်လှန်တိုက်ခိုက်ရေးတပ်ဖွဲ့များတို့သည် အခြားဒေသများရှိ တပ်မတော်တပ်ဖွဲ့များကို မထိနိုက်စေရန်၊ မိမိတို့ဆန္ဒအလျောက် အစိုးရအဖွဲ့နှင့်



www.burmeseclassic.com

www.burmeseclassic.com



တပ်မတော်စစ်ဦးစီးအဖွဲ့ကို ဆန့်ကျင်ပုန်ကန်ခြင်းဖြစ်ကြောင်း ကြေညာကာ ဂျပန်တို့ကို တိုက်ခိုက် တော်လှန်နေကြလေပြီ။

ဖက်ဆစ်တော်လှန်ရေးအတွက် တပ်မတော်တပ်ဖွဲ့များသည် သတ်မှတ်ထားသော စစ်တိုင်းများသို့ ချီတက်သွားနိုင်ရန် ခိုင်လုံသော အကြောင်းပြချက် မရှိဘဲ မဖြစ်နိုင်စေကာမူ၊ ဂျပန်စစ်ဌာနချုပ်က ဗမာ့ကာကွယ်ရေး တပ်မတော်အား သရက်၊ မင်းဘူး၊ မကွေးဘက်မှ ထိုးစစ်ဆင်နေသော အင်္ဂလိပ်စစ်တပ်များကို တိုက်ခိုက်ခွင့်ပြုလိုက်ခြင်းဖြင့် အခက်အခဲ ပြေလည်သွားခဲ့တော့သည်။

ခင်မိမိက အဘချယ်နှင့် လူကြုံမှာလိုက်သော သတင်းကား စစ်တိုင်းအသီးသီးသည် စစ်မျက်နှာသို့ ထွက်ခွာသွားပြီဟူ၍ပင်တည်း။

ဒေါ်မြနှစ် မှန်းဆနိုင်သည်။ ဖက်ဆစ်တော်လှန်ရေးကား လက်တစ်ကမ်းတွင် ရောက်နေပြီ။

ဦးခွန်ထီးရောက်လာသဖြင့် တူကလေး သူရိန်အကြောင်း သတင်းအစအန ရလိုက်သေးသည်။ တူကလေး အိုးပစ်အိမ်ပစ် တိုင်းပြည်အတွက် သက်စွန့်ဆံဖျား တာဝန်ထမ်းဆောင်နေသည်ကို သတိရတိုင်း သနားလည်း သနားသည်၊ ဂုဏ်လည်း ယူမိသည်။ သူမကိုယ်တိုင် တူကလေးနည်းတူ အရာရာကိုစွန့်လွှတ် တိုက်ပွဲဝင်ချင်စမ်းလှသည်။ ယခုမူ သံယောဇဉ်တွေကို မပစ်ပယ်နိုင်ခဲ့။ ဘာပဲဖြစ်ဖြစ် တူကလေးဖြစ်သူ နောက်ဆံမတင်းရအောင် တူ၏ရင်သွေးကလေးကို ထိန်းသိမ်းထားပေးနိုင်တာပဲဟု စိတ်ဖြေရတော့သည်။

အိပ်မပျော်ရင်း အိပ်ရာမှထကာ လွယ်ကောင်း ယူသွားမည့်ပစ္စည်းများထဲသို့ လိုမည်ထင်သောအရာ ထပ်ဖြည့်လိုက်ရင်း အခါးရည်ငှဲ့သောက်ကာ တစ်အောင့်နေတော့ ဆီးထသွားလိုက်ပြန်ရင်း…

တူမငယ်လည်း တလူးလူးတလိမ့်လိမ့်နှင့် အိပ်မပျော်နိုင်ကြောင်း ဒေါ်မြနှစ် ရိပ်စားမိသည်။

"တစ်ရေးလောက် အိပ်ပျော်အောင် အိပ်လိုက်လေ သမီး၊ မနက်ကျ မူးနေမှာပေါ့"

"စန္ဒီ အိပ်လို့မရဘူး ဒေါ်လေးရာ"

"ဘုရားအာရုံပြုပြီး အိပ်၊ အနိစ္စ မမြဲပါကလား၊ ဒုက္ခဆင်းရဲခြင်းပါကလား၊ အနတ္တ ငါမဟုတ် အစိုးမရပါကလား၊ အဲသလိုမှတ်"





"အို… ဒေါ်လေးကလည်း"

"ဟုတ်တယ်လေ၊ ဒါမှ သမီး ပျင်းလာပြီး အိပ်ပျော်သွားမှာ"

စန္ဒီ မရယ်နိုင်၊ ဖွင့်ထားသော မျက်လုံးများသည် အမှောင်ထုကိုသာ မြင်နေရလျက်က မလေးလံနိုင်ဘဲ အကြောင်းသား။

"စစ်ရှုံးရင် ဒီဂျပန်တွေကို သတ်ပစ်ကြမလားဟင်… ဒေါ်လေး"

စန္ဒီ ကောက်ကာငင်ကာ မေးလိုက်တော့ ဒေါ်မြနှစ် အာစေးမိကာ ချက်ချင်း အဖြေမပေးနိုင်ပေ။ တူမလေး၏ရင်ထဲမှ ဝေဒနာကို အတည့်အလင်း သိရပြန်တော့ သနားရပြန်၏။

"စစ်ဖြစ်မှတော့ သမီးရယ် နိုင်သူကရှုံးသူကို ပြုလိုရာပြုနိုင်တာပေါ့။ သတ်ချင်လည်း သတ်မယ်၊ ဖမ်းချင်လည်း ဖမ်းထားမယ်၊ ညှဉ်းပန်းချင်လည်း ညှဉ်းပန်းနှိပ်စက်မှာပဲ။ မှန်ကင်းတစ်လှည့် ထင်းတစ်လှည့်ပါ သမီးရယ်၊ နိုင်တဲ့အချိန်တုန်းက နိုင်လိုမင်းထက်ပြုတတ်ကြသလို ရှုံးတဲ့အချိန်ကျတော့လည်း အလူးအလိမ့် ခံတတ်ကြရတော့မှာပေါ့"

စန္ဒီသည် ပြာလဲ့နူးညံ့သော ရှီနိုမီရာစံ၏ မျက်လုံးလေးများကို မြင်ယောင်သည်။ သွယ်ပျောင်းသော လက်ချောင်းကလေးများဖြင့် ဖန်ဆင်းသော သူ့ဂစ်တာသံကို ကြားယောင်သည်။ ဘာလို့များ ပေဖြစ်ရင်ခံပြီး တူဖြစ်ရင် နှံ့ရသည့် စစ်အတွင်းမှာ သူပါဝင်ဖို့ ဖန်တီးခဲ့ရတာလဲကွယ်။ တကယ်ဆို သူဟာ အနုပညာနဲ့ ပျော်မွေ့နေချင်တဲ့သူ မဟုတ်လား။

"လူတွေဟာ ဘာလို့စစ်တိုက်ချင်ကြတာလဲ ဒေါ်လေး၊ အေးအေးချမ်းချမ်း အတူတူနေထိုင်ကြရင် ဘယ်လောက်ကောင်းလိမ့်မလဲနော်"

ဒေါ်မြနှစ်သည် သူနှင့်စန္ဒီကြား အလယ်ကောင်တွင် အိပ်ပျော်နေသော အတာကလေးကို ရင်ဖုံးအောင် စောင်ဆွဲခြုံပေးသည်။

"အီဗလူးရှင်းဆိုတာ ကြားဖူးတယ် မဟုတ်လား စန္ဒီ"

စန္ဒီက အမှောင်ထဲတွင် အဒေါ်ဘက်သို့ မျက်လုံးတစ်ချက် စွေကြည့်သည်။ သူမလည်း အဒေါ်မြနှစ်ကို မမြင်ရ၊ ဒေါ်မြနှစ်လည်း သူမ၏အကြည့်ကို မမြင်ရပေ။

"သက်ရှိသတ္တဝါရယ်လို့ ဖြစ်ပေါ်လာကြကတည်းက အဆင့်ဆင့် တိုးတက်ပြောင်းလဲလာကြတာနဲ့အမျှပဲ အသက်ရှင်နေထိုင်ရေးအတွက် ပြိုင်ဆိုင်ရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အလုအယက် ရုန်းကန်လှုပ်ရှားကြရသတဲ့။ အဲဒီလို ပြိုင်ဆိုင်ရတယ်ဆိုရင်ပဲ အနိုင်ရတဲ့၊ အသာစီးရတဲ့၊ ရှေ့ရောက်တဲ့ သက်ရှိတွေဟာ ဆက်လက်အသက်ရှင် ဘုန်းတက်လာကြပြီး မပြည့်စုံတဲ့ အင်အားချည့်နဲ့တဲ့ သက်ရှိတွေကတော့ ဆုတ်ယုတ်သွား၊ မျိုးပြုတ်သွားကြရတော့တယ်တဲ့။

"ဒါကြောင့်မို့ ကမ္ဘာဦးခေတ်တုန်းက ဦးနှောက်နဲ့ ခန္ဓာကိုယ် အရွယ်အစားမမျှတဲ့ ဒိုင်နိုဆောလို သတ္တဝါတွေဟာ အသက်ရှင်နိုင်ရေးအတွက် ဆက်လက်ရပ်တည်ဖို့ မစွမ်းဆောင်နိုင်ဘဲ မျိုးပြုန်းကုန်ကြတယ်။ ပိုပြီးပြည့်စုံတဲ့ သက်ရှိတွေသာ ဆက်ပြီး အသက်ရှင် တိုးတက်လာနိုင်ကြတာပေါ့"

စန္ဒီက ဒေါ်မြနှစ်ရှိရာဘက်သို့ ကျောခိုင်းလိုက်တော့သည်။

"ဒေါ်လေးကလည်း ဘာတွေမှန်း မသိဘူး။ စန္ဒီ စိတ်ညစ်ရတဲ့အထဲ"

"စန္ဒီက ဘာလို့စစ်တိုက်ကြတာလဲဆိုလို့ ဒေါ်လေးက အကောင်း ရှင်းပြနေတာ"

"ဒေါ်လေးပြောနေတာတွေက စစ်တိုက်တာနဲ့လည်း မဆိုင်ဘဲနဲ့"

"တဖြည်းဖြည်း ဆိုင်လာမယ်လေ စန္ဒီရဲ့၊ ဆုံးအောင်လည်း နားထောင်ဦးမှပေါ့၊ ခုနက ဒေါ်လေးပြောသလို သက်ရှိတွေဟာ သက်ရှင်နေထိုင်ရေးအတွက် ကိုယ့်ဘာသာ ရုန်းကန်လှုပ်ရှားနိုင်ရသလို အခြားသက်ရှိတွေထက်သာအောင်လည်း အနိုင်ယူတိုက်ခိုက်ရတယ် မဟုတ်လား၊ အဲဒီလို အနိုင်ယူတိုက်ခိုက်ချင်တဲ့ သတ္တဝါစိတ်ဟာ မွေးရာပါပဲ"

"ဒါဆိုရင် ခုလို တိုက်ခိုက်အနိုင်ကျင့်တာ မှန်တယ်လို့ ဒေါ်လေး ဆိုချင်တယ်ပေါ့"

"မှန်တယ်လို့ မဆိုချင်ပါဘူး၊ အကြောင်းရင်းကို ရှင်းပြတာပါ။ အိပ်၊ စား၊ ကာမ ဤသုံးဝဆိုတဲ့ သတ္တဝါစိတ်နည်းတူ အခြေခံ အရင်းအမြစ်မှာရှိနေတဲ့ သဘောတရားတစ်ရပ်ကို ဒေါ်လေးက စန္ဒီ နားလည်အောင် သုံးသပ်ပြနေတာ"

စန္ဒီက နှုတ်ခမ်းလေးကို မဲ့ရွဲ့ပစ်လိုက်သည်။ ဒေါ်မြနှစ်ကား ဂရုမစိုက်။ အမှောင်ထဲတွင် မြင်မှ မမြင်ရပေဘဲ။

"လူဆိုတာ တိရစ္ဆာန်ထက် သာတယ်လို့ ယေဘုယျအားဖြင့် သတ်မှတ်ထားကြတယ်။ ဦးနှောက်သာတဲ့အတွက် အသိဉာဏ်ပိုရှိတယ်လို့ပဲ သတ်မှတ်နိုင်မှာပဲ၊ အခြားသက်ရှိများထက် အဲ… ရှင်းရှင်းပြောရရင်တော့ တိရစ္ဆာန်ထက်





သာတယ်လို့ ခွဲခြားပြောနိုင်ဖို့ လူမှာ ဦးနှောက်သာတာအပြင် အခြားလိုအပ်တာတွေ ရှိသေးတယ်"

"အဲဒီ တခြားလိုအပ်တာတွေက ဘာတွေလဲ"

"မေတ္တာ၊ သဒ္ဓါ၊ ကရုဏာ၊ မုဒိတာ၊ စန္ဒီ အခြေခံပြီး ခံစားကျင့်သုံးတတ်မှ တိရစ္ဆာန်ထက် မြင့်မြတ်နိုင်မှာပေါ့"

"လူဟာ တိရစ္ဆာန်ထက်သာလို့သာ အဝတ်ဝတ်တာပေါ့ ဒေါ်လေးရဲ့"

ဟု စန္ဒီက ကလေးတွေးနှင့် ပြောသည်။

"ဝင်ရိုးစွန်းက ဝက်ဝံတွေ ဆီးနှင်းဖုံးတဲ့အချိန်မှာ ဂူတွင်းအောင်းပြီး 'ဟိုင်ဘာရိတ်'လုပ်၊ ပူအိုက်တဲ့အချိန်မှာ ကျွဲတွေ ရေအိုင်ထဲဆင်းပြီးလူးကြတဲ့ သဘောထက် အဆင့်မြင့်တာတစ်ခုပါပဲ စန္ဒီရယ်၊ ကိုယ်ခန္ဓာကိုယ်ကြီးကို လူမြင်မှာ ရှက်တတ်သည့်တိုင် ကြင်နာမှု၊ စာနာမှု၊ ညှာတာမှု မရှိတော့ဘူးဆိုရင်တော့ သက်ရှိထဲမှာ အဆင့်အမြင့်ဆုံးသာ ဖြစ်နိုင်တယ်၊ ပိုပြီး မြင့်မြတ်တယ်လို့ မသတ်မှတ်နိုင်ဘူး"

"ဒီတော့…"

"ဒီတော့… လူလူချင်း ညှာတာထောက်ထားဖို့ သင့်တာပေါ့။ အနိုင်အထက် စစ်မက်တိုက်ခိုက် အနိုင်ယူတာမျိုးဟာ အောက်တန်းကျလှတဲ့ အပြုအမူ အခြေခံ သတ္တဝါစိတ် ဖြစ်နေတာကိုး"

"အဲဒါ ဘယ်စာအုပ်ထဲမှာ ပါလဲဟင်"

"ဘယ်စာအုပ်ထဲမှာမှ မပါဘူး"

"ဘယ်သူ့အမြင်လဲ၊ ဒါဖြင့်…"

"ဒေါ်လေးအမြင်ပေါ့"

စန္ဒီ ပြုံးလိုက်မိသည်။

"မှန်လား"

"မှန်တာပေါ့"

"ဘယ်သူက မှန်တယ်လို့ ပြောတာလဲဟင်"

"ဒေါ်လေးလေ"

စန္ဒီ အသံထွက်ရယ်မောမိသဖြင့် ဒေါ်လေးက-

"ရှူး… တိုးတိုး၊ ဘဘ နိုးသွားမယ်"

ဟု သတိပေးရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် တစ်ကမ္ဘာလုံးမှာရှိတဲ့ လူသားအချင်းချင်း ရန်မပွားဘဲ မေတ္တာထားကြရင် အကောင်းဆုံးပေါ့နော် ဒေါ်လေး..."

"ဒါပေါ့သမီးရဲ့၊ မြတ်ဗုဒ္ဓ်တရားသာ ပွားများနိုင်ကြရင် ကမ္ဘာကြီး ဘယ်လောက်ငြိမ်းချမ်းလိုက်မလဲ"

"မြန်မာရယ်၊ အင်္ဂလိပ်ရယ်၊ ဂျပန်ရယ် ခွဲခြားမနေဘဲ ကမ္ဘာသူကမ္ဘာသား အချင်းချင်းတွေပဲလို့ သဘောထားကြရင် ပိုမကောင်းဘူးလား ဒေါ်လေး"

စန္ဒီ ဘယ်အဓိပ္ပာယ်နှင့် ဆွဲပြောနေပါလိမ့်ဟု ဒေါ်မြနှစ် တွေဝေချိန်ဆနေရသည်။

"လူမျိုးရေး၊ ဘာသာရေးခွဲခြားတာတွေဟာ ဒေါ်လေးရဲ့ မြတ်ဗုဒ္ဓ်တရားနဲ့ ဘယ်မှာ ကိုက်ညီနိုင်ပါ့မလဲ"

ဟု စန္ဒီက ထပ်ဆင့် အဆိုတင်သွင်းသည်။

"အင်း...စန္ဒီပြောတာက ကောင်းတော့ ကောင်းပါရဲ့၊ လက်တွေ့ မဖြစ်နိုင်ဘူး"

"ဘာလို့ မဖြစ်နိုင်ရမှာလဲ"

ဒေါ်မြနှစ် သိလိုက်ပါပြီ၊ စန္ဒီ့အတွေးကို သူမ နားလည်လိုက်ပါပြီ။ မညီမျှသည်ကို ညီမျှစေလိုသော စန္ဒီ၊ မတူညီသည်ကို တူညီစေလိုသော စန္ဒီ၊ အလှမ်းဝေးသည်ကို အလှမ်းမဝေးစေလိုသော စန္ဒီ။

"သမီးပြောသလိုပဲ လူမျိုးဘာသာ မခွဲခြားဘဲ တစ်ကမ္ဘာလုံးမှာ လူမျိုးတစ်မျိုးတည်း၊ ဘာသာရေးတစ်ခုတည်း ရှိနိုင်မယ်ဆိုရင်တော့ ကောင်းတာပေါ့ စန္ဒီ။ အဲသလိုဖြစ်နိုင်ဖို့ဆိုတာကလည်း ဖန်ဆင်းရှင် လိုအပ်လာပြန်တယ်။ ဘာလို့လဲဆိုတော့ ကျယ်ဝန်းလှတဲ့ ဒီကမ္ဘာကြီးဟာ တစ်နေရာနဲ့တစ်နေရာ ရာသီဥတုချင်းလည်း မတူဘူး။ ဒီတော့ လူတွေရဲ့ အသားအရောင်တွေ၊ ဓလေ့ထုံးစံယဉ်ကျေးမှုတွေ၊ ဘာသာတရားတွေဟာလည်း ဒေသအလိုက် ကွဲပြားရတော့တာပေါ့။ အရှေ့ကလူဟာ အနောက်မှာ အံဝင်ခွင်ကျ ဖြစ်ဖို့ခက်တယ်။ အနောက်က လူဟာလည်း အရှေ့မှာ အံဝင်ခွင်ကျဖြစ်ဖို့ ခက်ပြန်တယ်။ ဒါတွေကြောင့်ပဲ တစ်ဦးရဲ့ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုကို တစ်ဦးက လေးစားရုံကလွဲလို့ ဖြစ်စေလိုတဲ့ အရာတွေ ဖြစ်မလာနိုင်သေးတဲ့ အခြေအနေမှာ ဖြစ်နိုင်တာကိုပဲ လက်ခံကြရတယ် စန္ဒီ"





ဒေါ်မြနှစ် ဤစကားကို မပြောချင်ပါ။ သို့သော် ပြောဖို့ လိုအပ်နေသည်။ သူမ ပြောရမည်။

"စန္ဒီဖြစ်စေချင်တဲ့ ဆန္ဒတွေကို ဒေါ်လေး နားလည်ပါတယ်။ ဒါပေမဲ့ အခုဖြစ်နေတဲ့ စစ်ကို စန္ဒီ မတားနိုင်သလိုဘဲ မတူညီတဲ့ ကွဲပြားခြားနားမှုတွေကိုလည်း စန္ဒီ ပေါင်းစပ်ချင်လို့ မရပါဘူး"

ဒေါ်မြနှစ်က အိပ်ရာထဲတွင် ငုတ်တုတ်ထိုင်လိုက်သည်။ စန္ဒီက ကြေကွဲခြင်းဖြင့် ငြိမ်သက်နေသည်။

"သမီး ရှီနိုမီရာစံအပေါ် သံယောဇဉ် တွယ်နေပြီလား"

စန္ဒီ့ နားရွက်ကလေးများ ပူခနဲ ရှိန်းမြသွားသည်။ ဒေါ်လေးက မှန်သော စကားကို မသွယ်မဝိုက်ဘဲ တဲ့တိုးကြီးမေးလိုက်သောအခါ စန္ဒီ မညာတတ် မလိမ်တတ်တော့။ ဆိတ်ဆိတ်နေလိုက်ခြင်းကြောင့် စန္ဒီ ဝန်မခံလိုသော်လည်း ဒေါ်လေးက သိသွားတော့မှာပါ။

"ရှီနိုမီရာစံဟာ လူကောင်းကလေး တစ်ဦးပါ။ တွယ်တာစရာလည်း ကောင်းတဲ့သူပါ။ ဒေါ်လေးလည်း သူ့အပေါ် သူရိန့်တို့၊ စန္ဒီတို့နဲ့မခြား သံယောဇဉ် ရှိမိတာပဲ။ ဒါပေမဲ့ ထားသင့်ထားအပ်တဲ့ မေတ္တာတွေ တွယ်တာမှုတွေထက် မပိုလွန်းစေချင်ဘူး သမီး။ စစ်ကြောင့်လည်း မဖြစ်နိုင်ဘူး။ တိုင်းရေးပြည်ရေး လူမျိုးရေးတွေ ကြောင့်လည်း မဖြစ်နိုင်ပါဘူးကွယ်"

စန္ဒီက နှုတ်ခမ်းကလေးကို သွားဖြင့် ဖိကိုက်ထားရင်း မျက်ရည်လည်လာသည်။

"သမီး ငယ်သေးတယ်၊ ငယ်တဲ့အရွယ်မှာ စိတ်ကူးယဉ်တတ်တာပဲ၊ ဒေါ်လေး အပြစ်မတင်ပါဘူး။ ဖြစ်နိုင်တဲ့ အတိုင်းအတာထက် လွန်ကဲသွားတဲ့ စိတ်ကူးယဉ်မှုတွေဟာ အဆိပ်အတောက်ဖြစ်လာပြီး စိတ်ကို ညှဉ်းပန်းတတ်တယ်ဆိုတာတော့ သမီး စဉ်းစား၊ သမီး လက်ခံ"

စန္ဒီ့မျက်လုံးအိမ်ဝယ် မျက်ရည် ပြည့်လျှံလာခဲ့ပြီ။

စန္ဒီ မငိုချင်ပါ။ မျက်ရည်တွေက ဘာလို့ ပြည့်လျှံလာရတာလဲကွယ်။ မျက်ရည်စများသည် ပါးပြင်မှသည် ခေါင်းအုံးပေါ်သို့ စီးကျသွားတော့၏။

အချစ်အတွက်ကျသော မျက်ရည်များ။ စစ်မီးအရှိန်အဟုန်ဖြင့် မပွင့်လန်းမီ ကပင် နွမ်းနှင့်ရလေသော စန္ဒီ့ရင်ထဲမှ အချစ်သည် မျက်ရည်နှင့် ဖျန်းဆွတ်သည့်တိုင် မအေးချမ်းနိုင်ဘူးထင်ရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြနှစ် ပြန်လည် လဲလျောင်းလိုက်ပြန်သည်။ အတာ လူးလွန့်လာသဖြင့် ကျောကလေးပုတ်ကာ စုတ်သပ်ချော့သိပ်ရသည်။

"ဘဘ၊ အတာဖို့ မုန့်ဝယ်လာနော်"

အတာက ယောင်ယမ်းနေသည်။ ဒေါ်မြနှစ် ရင်နင့်ရပြန်၏။

"အိပ်... အိပ် သားလေးအိပ်"

ဟု ချော့မော့ရင်း အတာ ပြန်လည်အိပ်မောကျသွားတော့သည်။

တစ်ဖက်ခန်းမှ ဦးမြအောင်၏ ချောင်းဟန့်သံ ကြားရသည်။ အစ်ကိုဖြစ်သူလည်း အိပ်၍ရမည် မဟုတ်။

စစ်ဖြစ်နေသောကာလ ခေတ်ပျက်ကြီးမှာ မည်သူသည် စိတ်အေးချမ်းသာ အိပ်စက်နားနေနိုင်ပါ့မလဲ။

ခွေးဟောင်သံများကြောင့် ဒေါ်မြနှစ် မျက်စိ ပြူးကျယ်လာပြန်သည်။ သူခိုးများ ကပ်လေသလား။ ဂျပန်ရန်သာ ကြောက်ရမည်မဟုတ်၊ တောကြောင်များ၏ ရန်ကလည်း ရှိသေးသည်။ အချောင်ရလာသော လက်နက်များ ကိုင်ဆောင်ကာ မကြာခဏ အနှောက်အယှက်ပေးခြင်းခံနေကြ၍ လူထုမှာ သွေးလန့်နေကြရလေသည်။

ခြေသံတရှပ်ရှပ် ကြားရသည်။ အဘချယ်၏ခြေသံ။ ဒေါ်မြနှစ် အားရှိသွား၏။ အိပ်မပျော်သူသည် သူမတစ်ယောက်တည်း မဟုတ်။

ခွေးဟောင်သံ တိတ်ဆိတ်သွားသည်။ တစ်ဖက်ခြံမှ ကြောင်မသည် ညညတိုင် ကြွက်လာဖမ်းတတ်သည်။ ယင်းကြောင်မကို ဟောင်သည်ထင်ရဲ့။

စန္ဒီကို စောစောက တိုက်တွန်းသလို သူမကိုယ်တိုင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါးကို တရားမှတ်ရင်း ပုတီးစိပ်နေသည်။

စိတ်ငြိမ်စေရန်။ ပြီးတော့... အင်း... အိပ်ပျော်သွားစေရန်။

◆



(၁၉)

နေမပြင်းမီ လွယ်ကောင်းအရောက် သွားရမည်ဖြစ်ရကား မိုးလင်းသည်နှင့် လှည်းများ ရောက်လာလေသည်။ စန္ဒီတို့အိမ်အတွက် လှည်းတစ်စီးရသည်။ ပါနိုင်သမျှပစ္စည်း သယ်ရသည်။ ကျန်သောပစ္စည်းများကိုတော့ ကမ္ဘာသကာပဲဟု သဘောပိုက်ကာ ချန်ထားရစ်ခဲ့ရလေ၏။

ဒေါ်မြနှစ်က အိပ်ရာလိပ်၊ အိုးခွက်ပန်းကန်တို့ကို စိစစ်ကာ ဝန်ကျဉ်းပြီး လိုအပ်မည့် အရာကိုသာ သယ်ယူသည်။ တူမနှင့်မြေး အစားအသောက် ဆင်းရဲမည်ကို ပူပန်ကာ အစားအစာရိက္ခာကိုတော့ တတ်နိုင်သမျှ သယ်ယူလေ၏။

စန္ဒီကိုရော အတာ့ကိုပါ လွယ်အိတ်တစ်လုံးစီတွင် အဝတ်အစား နှစ်စုံကျ ထည့်ထားပေးသည်။ ရွှေငွေလက်ဝတ်လက်စားများကိုလည်း ဝေပုံကျ ခွဲဝေသယ်ဆောင်စေ၏။

ထားရစ်မည့် ပစ္စည်းများကို တချို့မြေမြှုပ်ကာ တချို့ကိုမူ အိပ်ခန်းတစ်ခန်းထဲတွင် စု၍ထည့်ကာ ပိတ်ခဲ့တော့မည်။ ရန်ကုန်အိမ်တွင်လည်း ဤသို့ပင် ထားရစ်ရပြီးပြီ။ အိမ်ပင် ရှိလေသေးရဲ့လားလည်း မသိတတ်နိုင်တော့။

ဦးမြအောင်သည် မိသားစုနှင့်အတူ မလိုက်နိုင်။ အစိုးရဝန်ထမ်းအားလုံး ပြောင်းရွှေ့ပြီးစီးသည်အထိ ကွပ်ကဲအုပ်ချုပ်ပေးနေရစ်ရဦးမည်။

"လွယ်ကောင်းရောက်ရင် မင်းကြီးအိမ်နားမှာပဲ တို့များလည်း အိမ်ရမှာပဲ။ ငါ ရုတ်တရက်လိုက်ချင်မှ လိုက်လာနိုင်ဦးမယ်။ မြို့တွင်းရွာပြင် ဘယ်မှ မထွက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ကြနဲ့။ သတင်းပယင်းနားစွင့် ကြားလား နှစ်နှစ်''

''စိတ်ချပါအစ်ကို၊ ခင်မိမိတို့လည်း လွယ်ကောင်းဘက် ပြေးမယ်လို့ နံနက်အိပ်ရာ လူကြုံမှာလာတယ်။ အစ်ကို ကြည့်ရှုစီစဉ်ပေးလိုက်ပါဦး''

''လွယ်ကောင်းဘက်မှာ သူ့အဖေဘက်က အမျိုးတွေရှိပါတယ်။ ငါလည်း လိုရင်လုပ်ပေးမှာပေါ့''

ဦးမြအောင်သည် ပစ္စည်းများ လှည်းပေါ်တင်ရန် အဘချယ်နှင့် သားချင်း သူငယ်နှစ်ယောက်ကို တာဝန်လွှဲအပ်ကာ အခြားရွှေ့ပြောင်းမည့် အမှုထမ်းများ အဆင်ပြေ မပြေ ကြည့်ရှုရန် ထွက်သွားတော့သည်။

ပစ္စည်းများ သယ်ပိုးနေကြစဉ် ဒေါ်မြနှစ်က စီစဉ်ကွပ်ကဲနေသည်။ စန္ဒီနှင့် အတာကတော့ ခေါပုတ်ကြော်တစ်တုံးစီ ကိုက်စားရင်း သစ်တော်ပင် အောက်ဝယ် အုတ်ခုံကိုယ်စီပေါ် ထိုင်နေကြလေ၏။

စန္ဒီမျက်လုံးများသည် မြဝဆီသို့သာ တမှေ့မှေ့တဝဲဝဲ ရောက်ရောက်သွားသည်။

''ဦးဦးဆရာဝန်လည်း မလာဘူး။ အတာတို့ ပြောင်းမှာ မသိဘူးနော်၊ ဒေါ်ဒေါ်လေး''

''လာချင် လာဦးမှာပေါ့ အတာရဲ့၊ လှည်းမှ မထွက်သေးတာ…''

''သူတို့က သိလို့လား''

''သိချင်သိမှာပေါ့''

''သိရင်တော့ လာမှာပဲနော်''

''အင်းပေါ့… သိရင်တော့ လာမှာပေါ့''

တူဝရီးနှစ်ယောက် စိတ်တူသဘောသူ တီးတိုးတိုင်ပင်ရင်း အိမ်ထဲမှ လှည်း ပေါ်သို့ ပစ္စည်းများ ရွှေ့ပြောင်းသယ်ယူနေကြသည်ကို တစ်လှည့်၊ ဝင်းဝသို့ တစ်လှည့် ငေးမောနေသည်။ အဘချယ်က မြေကြီးပေါ်ချထားသော သံသေတ္တာနှစ်လုံးကို ရှေ့ဦးစွာတင်ရန် လှည်းနောက်တွင်ရပ်လျက် လှည်းပေါ်မှ ပစ္စည်းစီနေသော လူငယ် နှစ်ယောက်ကို ညွှန်ကြားနေသည်။ ထိုအခိုက် ခွေးတစ်ကောင်က နွားတစ်ကောင်ကို ဟပ်တော့မလို ပြေး၍ဟောင်သည်။ နွားကလန့်၍အဆုတ် လှည်းနှင့်ရင်ဘတ် တိုက်မိမှာစိုးကာ နောက်ဆုတ် ရှောင်လိုက်သော အဘချယ်မှာ နောက်မှသေတ္တာကို တိုက်မိပြီး ပက်လက်လန်ကာ လဲကျလေ၏။

စန္ဒီရော လှည်းပေါ်မှ လူငယ်များပါ အပြေးအလွှား ပွေ့ထူကြသည်။





''အား… နာတယ်… နာတယ်။ လက်ကျိုးပြီထင်တယ်''

အဘချယ် မြေကြီးပေါ်ထောက်လိုက်သော ညာလက်သည် နောက်ဘက် ခုံးထွက်ကာ တိုတက်သွားလေ၏။

''ဒုက္ခပါပဲ အဘချယ်ရယ်၊ သွားခါနီး၊ လာခါနီး''

''ဟောတော့ ဘုရားမတာပဲ၊ ဟိုမှာ ယာမာမိုတိုစံတို့ မဟုတ်လား''

ဟု ဒေါ်မြနှစ်က ဝမ်းသာအားရ အော်ဟစ်လိုက်လေ၏။

စန္ဒီရင် ဒိန်းခနဲ ခုန်သွားသည်။ စန္ဒီ မျှော်နေသောသူ ရောက်လာပါပကော၊ ထွက်ခွာမသွားရမီ သူ့မျက်နှာကို စန္ဒီ တစ်ကြိမ်ထပ်၍တွေ့မြင်ခွင့် ရရှိပါပကော။

''ဒေါ်လေးတို့သွားမှာသိလို့ လာကြတာလား''

ဟု ဒေါ်မြနှစ်က ဆီး၍ မေးသည်။

''မနေ့က ဒီဘက်လည်း ဗုံးတွေကျတယ်ဆိုတာ ကြားလို့ လာချင်ပေမယ့် ဒဏ်ရာရတဲ့ ရဲဘော်တွေရောက်လို့ မလာနိုင်ဘူး၊ ခုမှ လာရတယ်''

ဟု ယာမာမိုတိုက ရှင်းပြသည်။

ရောက်လာပြန်တော့ ရှိုနိုမီရာစံ၏မျက်နှာကို စန္ဒီ မကြည့်ဖြစ်။ ရှိုနိုမီရာက လည်း သူ့ဗိုလ်က အဘချယ်၏လက်ကို ကြည့်ရှုစစ်ဆေးနေသည်ကို ကြည့်နေရ တော့၏။

''တော်ပါသေးရဲ့ ယာမာမိုတိုစံရယ်၊ ဒေါ်လေးတို့ အင်းထဲပြေးကြတော့မှာမို့ နှုတ်ဆက်ချင်နေတာ၊ မရောက်လာလို့ စိတ်ညစ်နေတုန်းရှိသေး အဘချယ်က ချော်လဲရော၊ ကဲ… လုပ်ပါဦး၊ လက်များကျိုးသွားသလား''

ဟု ဒေါ်မြနှစ်က သွားမည့်ခရီးစဉ်ကို လိုးလွှဲပြောရင်း လူနာအပ်နေသည်။

''ကျိုးတာပေါ့ နှစ်နှစ်ရယ်၊ လက်ကြီး တိုတက်နေတာ''

ဟု အဘချယ်က ရှုံ့မဲ့မဲ့ဆို၏။

''အခုပဲဖြစ်တာပဲ၊ ဒီအတိုင်းဆွဲဆန့်လို့ရမယ်၊ တစ်ချက်နာမယ်၊ အဘချယ် ကြောက်သလား''

ဟု ယာမာမိုတိုစံက မေးသည်။

''လုပ်ပါ ယာမာမိုတိုစံရယ်၊ ဖြစ်မှတော့ ဘယ်တတ်နိုင်လဲ''

အိမ်ရှေ့လှေကားထစ်တွင်ပင် ရှိုနိုမီရာက အဘချယ်ကို ကျောဘက်မှ ထိန်းမတ် ပေးထားကာ ဗိုလ်ယာမာမိုတိုက လက်ကို ပြန်လည်၍ ကျပ်စည်းပေးသည်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



လက်ကောက်ဝတ်မှ သွေးတိုးစမ်းကြည့်လေ၏။

"ဒီအတိုင်းဆက်သွားမယ်၊ မလှုပ်နဲ့၊ ငြိမ်ငြိမ်ထား လက်ချောင်းတွေတော့ လှုပ်ရှားပေးရမယ်"

အဝတ်သိုင်း၍ လည်မှဆွဲချည်ကာ အဘချယ် လှေကားထစ်တွင် ထိုင်မှိုင်နေတော့သည်။

အဘချယ်၏ နံဘေးတွင်ထိုင်နေသော မိုလ်ယာမာမိုတိုသည် အတာ့ကို ပွေ့လျက် သူ၏ဆရာဝန်သုံး လက်နှိပ်ဓာတ်မီးကလေးကို ပေးနေသည်။

"အတာ အမှောင်ထဲသွားရင် သုံးပါ၊ မကစားနဲ့။ လိုမှသုံးပါ။ ဓာတ်ခဲ ရှားတယ်"

"ဦး၊ လူနာကို ဘာနဲ့ကြည့်မလဲ။ အတာ မယူပါဘူး။ ဦးဦးပဲ သုံးပါ"

"ကျွန်တော့်မှာ ရှိပါတယ်၊ တခြားတစ်ခု ရှိသေးတယ်။ အင်းထဲမှာ ရေမဆော့နဲ့ လိမ့်ကျမယ်"

ရှီနိုမီရာစံကို စန္ဒီက ခေါပုတ်ကြော်များ ထုပ်ထားသော စက္ကူထုပ်ကိုယူကာ ပေးသည်။ တစ်ယောက်ကိုတစ်ယောက်မှု ကြည့်နိုင်စွမ်း မရှိတော့ပါ။

"စန္ဒီတို့ လမ်းမှာစားဖို့ ယူသွားပါ"

"စန္ဒီတို့ဖို့ ပါပါတယ်၊ ဒါရှီနိုမီရာစံလာရင် ပေးချင်လို့ စန္ဒီ သတ်သတ် ထုပ်ထားတာ"

အိမ်ရှေ့လှေကားထစ်နှင့် မလှမ်းမကမ်းတွင်ရပ်ကာ ပြောစရာစကား ရှားပါးကြရသည်။ စကားလုံး ရွေးချယ်နေရသောကြောင့်ပါ။

ရုတ်တရက် ရှီနိုမီရာ ပင့်သက်ရှိုက်မိသည်။ ယခု တကယ် ခွဲခွာကြရတော့မှာပါလား။ ကြိုတင်မျှော်လင့်ထားလျက်နှင့်ပင် တကယ်တမ်း ရင်ဆိုင်ရပြီဆိုသော အခါ အသည်းနှလုံးများ ကြေပြတ်မတတ် နာကျင်လှတော့သည်။

"ကျွန်တော် အရင်သွားရမယ်ထင်ခဲ့တာ၊ အခု စန္ဒီ သွားတော့မယ်"

စွန့်ခွာထွက်သွားရခြင်းသည် ကျန်ရစ်ရခြင်းထက် ဝေဒနာသက်သာသည်ဆိုကြ၏။ ရှိပါစေတော့။ စန္ဒီ့ကို မခံစားစေချင်။ နုနယ်လွန်းသေးသော အသည်းကလေး ဝေဒနာ မပေးရက်ပါ။ သူပဲ လွမ်းရစ်ရကာ ပိုပြင်းထန်သော ဝေဒနာကို ခံယူရစ်ပါမည်။

"အေးချမ်းသွားရင် စန္ဒီတို့ ပြန်လာမှာပါ"





ရှီနိုမီရာသည် စန္ဒီ့ကို ကြည့်မိသည်။ ညိုးနွမ်းသော မျက်နှာကလေးတွင် မျှော်လင့်ချက်တွေ မကုန်ဆုံးတတ်သေးပါ။ သူ စိတ်ထိခိုက်၍ ခေါင်းခါမိ၏။

"ကျွန်တော်တို့ ဒီမှာ ရှိနေမှာ မဟုတ်တော့ဘူး"

သူ မပြောချင်ပါ။ စန္ဒီ စိတ်ဆင်းရဲမှာ သူ မမြင်ရက်ပါ။ သို့သော်လည်း သူတို့၏အနာဂတ်ခရီးကို စန္ဒီ အမှန်အတိုင်း သဘောပေါက်ထားလျှင် ပို၍ တရားမျှတမည် သူ ထင်မိ၏။ မသာယာသော၊ မလှပသော၊ မဖြောင့်ဖြူးသော အနာဂတ်ခရီးပါ စန္ဒီရယ်။

"စန္ဒီတို့ အင်းထဲ သွားကြမှာလား"

ဒေါ်မြနှစ်က နှုတ်ပိတ်ထားသဖြင့် စန္ဒီ အမှန်မပြောသာပါ။ ခေါင်းကိုသာ မသိမသာ ဆတ်ပြလိုက်ရလေ၏။ လွယ်ကောင်းသို့သွားမည်ဖြစ်ကြောင်း သိစေချင်လျက်က အင်းထဲသွားမည်ဟု ရှီနိုမီရာစံ ထင်နေခြင်းကို ရှင်းမပြနိုင်ပါ။

"ကျွန်တော်တို့ ပြန်တွေ့ချင်မှ တွေ့ကြတော့မယ်"

သူ့ရင်ထဲမှာ ဘာရှိသလဲဆိုတာ စန္ဒီ သိပါတယ် ရှီနိုမီရာစံရယ်။ ဒါပေမဲ့ ဘာလို့ ဖွင့်မပြောလိုက်တာလဲ၊ သူ ဖွင့်ပြောရင် စန္ဒီ ခေါင်းညိတ်မယ်ဆိုတာ သူ မသိလေရော့သလား။ စန္ဒီကိုကော ဟိုအဝေး အဝေးတစ်နေရာကိုခေါ်ပြီး ပြေးမသွားချင်ဘူးလား။ သူခေါ်ရင် စန္ဒီ လိုက်မိမှာပါ။ စစ်ဆိုတာ မရှိတဲ့နေရာ၊ လူမျိုးမခွဲခြားတဲ့နေရာ။ အချစ်သာလိုအပ်တဲ့တစ်နေရာကို ထွက်ပြေးနိုင်ကြရင် ဘယ်လောက်ကောင်းမလဲလို့ စန္ဒီလို သူလည်း တွေးမိမှာပဲ မဟုတ်လားဟင်။

သူကြားသိအောင် နှုတ်မှဖွင့်ဟမပြောဆိုသာသော စကားများကို ရင်ထဲမှာပဲ ရှိုက်ညည်းကာ စန္ဒီမှာ မျက်တောင် တဖျပ်ဖျပ်ခတ်ရင်း ရှီနိုမီရာစံ၏ သေနတ်ကိုင်နေရသော အနုပညာလက်ချောင်းများကို ငေးမောနေရလေ၏။

"ပြန်မတွေ့ကြဘူးဆိုရင် စန္ဒီ ကျွန်တော့်ကို တစ်ခါတလေ သတိရမလား"

"အမြဲသတိရနေမှာပါ"

စန္ဒီ့အသံကလေးက တုန်တုန်ယင်ယင်။

"စန္ဒီ့ဓာတ်ပုံစာအုပ်ထဲက ကျောင်းဝတ်စုံနဲ့ လွယ်အိတ်ကလေး လွယ်ထားတဲ့ပုံကို ကျွန်တော် ယူထားတယ်။ စန္ဒီ စိတ်ဆိုးမလား"

စန္ဒီ ခေါင်းခါယမ်းရင်း သူ့မျက်နှာကို ကြည့်မိသည်။ ဆွေးမြည့်သော အကြည့်-

"ဘယ်တုန်းက ယူထားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကြာပြီ"

လှည်းသည် ထွက်ခွာရန် အသင့်ဖြစ်နေလေပြီ။ ပစ္စည်း ဝိုင်းသယ်ပေးသော လူငယ်များသည် ဒေါ်မြနှစ်ကို နှုတ်ဆက်ကာ ထွက်ခွာသွားကြ၏။

ဒေါ်မြနှစ်က တူမငယ်နှင့် ဂျပန်ကလေးကို လှမ်းကြည့်သည်။ ကလေးနှစ်ယောက်သည် ဘေးချင်းယှဉ်ရပ်ကာ ရည်ရွယ်ရာမဲ့ ငေးငိုင်နေကြချေသည်။

"လှည်းတွေ ထွက်တော့မယ်တဲ့ စန္ဒီရေ၊ လှည်းပေါ်တက်ကြစို့"

ဒေါ်မြနှစ်သည် မျက်နှာမသာမယာနှင့် စန္ဒီကို လှမ်းခေါ်သည်။ ရှီနိုမီရာကိုလည်း ကြင်နာသောအကြည့်ဖြင့် လှမ်း၍ နှုတ်ဆက်သည်။

ယာမာမိုတိုက အတာ့ကို လှည်းပေါ် ပွေ့တင်ပေးလေသည်။ ပြီး-

"အတာ၊ ဆရာဝန်လုပ်မလား"

ဟု ပြောနေကျစကားကလေးကို ပြန်ကောက်ကာ နှုတ်ဆက်သည်။

"ဦးဦးလို သဘောကောင်းတဲ့ ဆရာဝန်လုပ်မယ်"

ယာမာမိုတိုက အတာ့ပါးကို အကြိမ်ကြိမ် နမ်း၍မဝနိုင်တော့။

စန္ဒီက သူမ၏ ဘယ်ဘက်လက်ခလယ်မှ ရွှေနန်းကြိုး ရှစ်ပင်လိမ်ထားသော ရွှေလက်စွပ်ကလေးကို ချွတ်ကာ ရှီနိုမီရာလက်ထဲသို့ ထည့်ပေးလိုက်သည်။

"စန္ဒီကိုယ်ပိုင်ပစ္စည်းကလေးပါ ရှီနိုမီရာစံ၊ အမှတ်တရယူသွားပါ၊ စန္ဒီကိုလည်း တစ်ခါတလေ သတိရပါနော်၊ စန္ဒီကတော့ အမြဲသတိရနေမှာပါ"

ရှီနိုမီရာစံ၏ နှုတ်ခမ်းပါးပါးသည် တင်းတင်းစေ့ထားလျက်က ထောင့်စွန်းကလေးများ တုန်ယင်နေသည်။ စစ်သား၏မျက်လုံးမှာလည်း မျက်ရည်ရစ်ဝဲတတ်တာပါပဲ။

"ယူပါ ရှီနိုမီရာစံ၊ စန္ဒီ့လက်ဆောင်ကို လက်ခံမှ စန္ဒီ စိတ်ချမ်းသာမှာ"

ရှီနိုမီရာစံက လက်စွပ်ကလေးကို သူ့လက်သူကြွယ်တွင် ဝတ်ဆင်လိုက်သည်။

"သိပ်ကျေးဇူးတင်တာပဲ စန္ဒီ၊ ကျွန်တော် အမြဲဝတ်ထားပါ့မယ်"

သူ့အသံ မတည်မငြိမ်။

စစ်ကြီးပြီးလို့ မသေမပျောက်ခဲ့ရင်ဖြင့် စန္ဒီ့ဆီ ပြန်လာချင်စမ်းလှပါတယ်၊ ဒါပေမဲ့ ပြန်လာမယ်လို့ ယတိပြတ်ပြောဖို့ ခက်နေရတဲ့အဖြစ်။ ယဲလွန်းတဲ့ မိန်းကလေးကို ကတိစကားတွေနဲ့ နှောင်တည်းထားဖို့ဆိုတာ တရားမမျှတပါဘူးကွယ်။





အားလုံး လှည်းပေါ်ရောက်နေကြလေပြီ။ နွားများသည်လည်း တမော့မော့ ခြေလှမ်းပြင်နေကြလျက် လှည်းသမားက နဖားကြိုးဆွဲကာ နှင်တံနှင့် တဟဲ့ဟဲ့ ဟန့်တားနေရလေ၏။

စန္ဒီကလည်း လှည်းပေါ် ခုန်တက်လိုက်သည်။

အတာနှင့် စန္ဒီသည် လှည်းနောက်မြီးတွင် ခြေတွဲလဲချ၍ ထိုင်ကာ ကျန်ရစ်လေသော ဘယ်သောအခါမှ ရန်သူမဟုတ်နိုင်သည့် မိတ်ဆွေနှစ်ဦးကို လက်ဝှေ့ယမ်းပြသည်။ မိတ်ဆွေများနှင့် ခွဲခွာရခြင်းကြောင့် ဒေါ်မြနှစ် မျက်ရည်ကျသည်။ မခုံစည်းနိုင်သော ချစ်သူနှစ်ဦးအတွက်လည်း သူမ၏ နူးညံ့သောနှလုံးသားမှ ခံစားရကာ မျက်ရည်ကျသည်။ ဒေါ်မြနှစ်မှာ အင်္ကျီလက်မောင်းနှင့် မျက်ရည်သုတ်ရပါ၏။

ဗိုလ်ယာမာမိုတိုကလည်း အပြန်အလှန် လက်ဝှေ့ယမ်း နှုတ်ဆက်ရှာသည်။

ရှီနိုမီရာကား မတုန်မလှုပ် ကျောက်ရုပ်ပမာ ငြိမ်သက်စွာရပ်လျက် တရွေ့ရွေ့ ထွက်ခွာသွားသော လှည်းတန်းကြီးကိုငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။ လူသာ ကျန်ရစ်တာပါ စန္ဒီ၊ ချစ်မိတဲ့ စိတ်လိပ်ပြာဟာဖြင့် စန္ဒီနဲ့အတူ ဝေ့ဝဲပျံသန်းလို့ လိုက်သွားပါပြီ။ ရင်ထဲမှာ ဟာပြီးကျန်ရစ်ရပြီ စန္ဒီရယ်။

စန္ဒီသည် လက်ကိုင်ပဝါကလေးကို ဝှေ့ယမ်းရင်း လှည်းနှင့်လိုက်ပါသွားရတော့သည်။ စိတ်ဆန္ဒအတိုင်းသာ ပြုလုပ်နိုင်ခွင့်ရှိခဲ့ပါလျှင် သည်လှည်းပေါ်မှ ခုန်ချကာ နေရစ်ချင်လှပါ၏။

ယခုမူ တောင်ကြီးမြို့လည်း ဝေးကျန်ရစ်ပြီ။

ချစ်သူသည်လည်း အဝေးမှာ ကျန်ရစ်လေပြီ။

အို… နောက်ဆုံး မဟုတ်နိုင်ပါ၊ ပြန်လည် ဆုံတွေ့ကြရဦးမှာပါ။ စန္ဒီနှင့်သူ မည်သည့်နည်းနှင့်မဆို ပြန်လည်ဆုံတွေ့ကြရဦးမှာပါပဲ။

စန္ဒီ မေးဖျားကလေး ဆတ်ခနဲပင့်ကာ သူမကိုယ်သူမ အယောင်ဆောင်ယုံကြည်ခြင်းများဖြင့် အားတင်းလိုက်ရှာလေသတည်း။

◆



www.burmeseclassic.com

www.burmeseclassic.com

## (၂၀)

ရှမ်းပြည်နယ် မဟာမင်းကြီးနှင့် အတူပါလာသော အစိုးရအမှုထမ်း ကြီးငယ် အိမ်ထောင်စုလေးဆယ်ကျော်မှာ တောင်ကြီးမြို့တောင်ဘက် လွယ်ကောင်းရွာ အပြင်ဘက်ရှိ ဝါးတောကြီးထဲတွင် တဲများဆောက်လုပ်နေထိုင်ကြရသည်။ ဝါးတော အနှံ့ အိမ်များပြည့်ကျပ်ကာ နေရာလပ်မကျန်ရကား အိမ်ထောင်စု လေးငါးခုမှာ ရွာအစွန်မှာပင် တဲထိုးနေထိုင်ကြရလေ၏။

ညနေတိုင်း စမ်းချောင်းသို့ ရေချိုးဆင်းရသည်မှအပ စန္ဒီ နေအိမ်မှာပင် နီအောင်းနေဖြစ်လေသည်။

နေ့ခင်းတွင် ပျင်းပျင်းရှိသည်နှင့် အတာနှင့် အိမ်ရှေ့မြေကွက်လပ်ကလေး တွင် တစ်လှည့်စီ ပုံပြောကြသည်။ စန္ဒီက ကွပ်ပျစ်ပေါ်ရှိ ဖျာကြမ်းကလေးပေါ်တွင် တင်ပျဉ်ခွေထိုင်ကာ အတာက ပက်လက်ကလေး အိပ်နေသည်။

"ဒေါ်ဒေါ်လေး အရင်ပြော"

"အတာ အရင်ပြောလေ၊ ဒေါ်ဒေါ်လေး စဉ်းစားဦးမယ်"

"အိပ်ပျော်သွားတဲ့ မင်းသမီးကလေး အကြောင်းလား"

"သား ခဏခဏ ကြားဖူးနေပြီ"

"စန္ဒီးပိုက်"

"ဒေါ်ဒေါ်လေးကလည်း ဒါချည်းပဲ ပြန်ပြောနေတာပါပဲ"





စန္ဒီက အတာ့ဗိုက်ပူပူကလေးကို ကလိထိုးလိုက်သည်။ အတာက ရယ်မောလူးလွန့်နေ၏။

"ကဲ... ဒါဖြင့် ရော်ဘင်ဟုဒ်"

"အဲဒါလည်း ကြားဖူးတာပဲ"

"အတာက နေ့တိုင်း ပုံချည်းနားထောင်နေတာ ကြားဖူးပြီးသားချည်း ဖြစ်တော့မှာပေါ့လို့။ ကဲ... အလီဘာဘာ နားထောင်မလား"

"ဟင့်အင်း"

အတာက စိတ်ပျက်သလို အဒေါ်ကို မျက်နှာရှုံ့မဲ့ပြသည်။

စန္ဒီ ခေါင်းကုတ်ကာ စဉ်းစားရ၏။

"ကဲ... ဒါဖြင့်လည်း နေကြာပန်းကလေးအကြောင်းပဲ ပြောပြတော့မယ်"

"အဲဒါက ဘာအကြောင်းလဲ ဒေါ်ဒေါ်လေး"

"အတာ မကြားဖူးသေးဘူး မဟုတ်လား၊ တော်ပါသေးရဲ့၊ ပုံစဉ်းစားရတာ ဦးနှောက်တွေ ဖျစ်ဖျစ်မြည်ကုန်ပြီ"

ဒေါ်မြနှစ်သည် အိမ်ရှေ့ကပြင်တွင် ဓမ္မပဒစာအုပ်ကို ဖတ်နေရာမှ တူမနှင့် မြေးရှိရာသို့ လှမ်းကြည့်လိုက်သည်။ စန္ဒီတစ်ယောက် မမှိုင်မငိုင်စဖူး မှိုင်တွေ ငေးငိုင်နေတတ်သောကြောင့် ဒေါ်မြနှစ် စိတ်ပူပန်စွာ အရိပ်အကဲ ကြည့်နေခဲ့ရာ တွေ့မြင်နေကျအတိုင်း ရွှင်ရွှင်ပျပျ အတာနှင့် ကလူကျီစယ်ရှိနေသောအခါ ကျေနပ်စွာ ပြုံးမိ၏။ တူမငယ်၏ အတွေးဝေဒနာကို အချိန်က ကုစားသွားမှာပါပဲလေ။

"ဟိုးရှေးရှေးတုန်းက ရေနန်းသူဇာမကလေးတစ်ယောက် ရှိတယ်၊ ရေနတ် သမီးကလေးပေါ့၊ သိပ်လှတာပဲတဲ့၊ သိပ်လှတော့လည်း သိပ်မာနကြီးတာပဲတဲ့၊ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူးပေါ့"

"ဒေါ်ဒေါ်လေးလောက် လှလို့လား"

စန္ဒီက သဘောကျစွာ တခစ်ခစ်ရယ်မောလျက် အတာ့ပါးကလေးကို မနာ အောင် လိမ်ဆွဲသည်။

"ပုံထဲမှာဆိုတော့ ဒေါ်ဒေါ်လေးထက် ပိုလှမှာပေါ့ အတာရဲ့၊ အဲဒီ ရေနတ် သမီးကလေးဟာ တစ်နေ့တော့ ရေပြင်ပေါ်မှာ ဆော့ကစားရင်းနဲ့ ကောင်းကင် ကနေ ဖြတ်သန်းသွားတဲ့ နေရထားကြီးပေါ်မှာ နေနတ်သားကလေးကို တွေ့လိုက် ရတယ်။ နေနတ်သားကလေးက ချောလွန်းလို့ လှလွန်းလို့ ရေနန်းသူဇာမပေါ်



www.burmeseclassic.com

www.burmeseclassic.com



ကလေးဟာ သိပ်ချစ်သွားပြီး ရေအောက်ကို မပြန်နိုင်တော့ဘဲနဲ့ ကုန်းပေါ်ကနေ နောက်တစ်နေ့ နေရထားကြီးအလာကို စောင့်မျှော်နေမိတယ်တဲ့''

''နေနတ်သားက ရေနန်းသူဇာကလေးကို မမြင်ဘူးလား''

''ဘယ်မြင်မလဲ၊ သူ့တာဝန်ဝတ္တရားအတိုင်း နေရထားကြီးကို မောင်းနှင်နေရတာကိုး။ ရေနန်းသူဇာကလေးကတော့ ကမ်းစပ်ကနေပြီး နေ့တိုင်း နေ့တိုင်း နေနတ်သားကိုပဲ စောင့်ကြည့်နေတော့တာပဲ၊ ကြာတော့ သူကလေးရဲ့ ခြေထောက်တွေဟာ မြေမှာအမြစ်တွယ်ပြီး လှုပ်လို့မရတော့ဘဲ ပန်းပင်ကလေး ဖြစ်သွားတော့တယ်။ နေကြာပန်းပင်ကလေးပေါ့၊ နေကြာပန်းကလေးဟာ နေနတ်သားကလေးကို မျှော်ရတာမို့လို့ နေဘက်ပဲ မော့ပွင့်နေတော့တာပေါ့''

''အဲဒီတော့ကော…''

''အဲဒီတော့ ပြီးရော''

''ဟင်… ဒေါ်ဒေါ်လေးပုံပြင် ဘာမှလဲမပါဘူး''

ဒေါ်မြနှစ်က တရားစာအုပ်ကိုပိတ်ကာ အတွေးနက်နေသည်။ စိတ်ကူးယဉ်လွန်းသည့် စန္ဒီ။ နေနတ်သားကလေးကိုမျှော်ရင်း နေကြာပန်းကလေး ဖြစ်ရသော ဘဝ ခံစားကြည့်နေပြီလား။

''အတာလည်း ဒေါ်ဒေါ်လေးပုံလိုမျိုး ဘာမှမပါတဲ့ပုံ ပြောတတ်တယ်''

''အမယ်… တယ်ဟုတ်ပါလား ကဲ…ပြော''

''အတာ့ကို မာယာမိုတိုစံ ပြောပြတာ။ ဂျပန်ပုံပြင်တဲ့ သိပ်ရယ်ရတာပဲ''

''ဟုတ်ပြီ၊ ပြော… ပြော''

အတာက ငုတ်တုတ်ထထိုင်သည်။ ဝတုတ်တုတ် လက်ကလေးများကို ဝှေ့ယမ်းကာ စိတ်ပါလက်ပါ ပုံပြောလေ၏။

''ဟိုးရှေးတုန်းက ဂျပန်ကြီးတစ်ယောက် ရှိတယ်တဲ့။ အဲဒီဂျပန်ကြီးက လေ မိုးပေါ်ကိုမော့ပြီးကြည့်ရင်း တိမ်တွေကိုကြည့်ကြည့်ပြီး အဲဒီတိမ်တွေရဲ့ အပေါ်ဘက် မိုးအမြင့်ကြီးမှာ ဘာတွေရှိသလဲလို့ သိချင်လာရောတဲ့''

''ဟုတ်ပြီ ဆက်ပြော''

''ဒါနဲ့ပဲ ဂျပန်ကြီးက အဲဒီမိုးတိမ်တိုက်တွေထက် မြင့်တဲ့နေရာကို ရောက်အောင်သွားကြည့်မယ်ဆိုပြီး လှေကားကြီးဆောက်ရောတဲ့။ တစ်နေ့ပြီးတစ်နေ့၊ တစ်ပတ်ပြီး တစ်ပတ်၊ တစ်လပြီး တစ်လ၊ တစ်နှစ်ပြီး တစ်နှစ်…''





''ကဲ တော်ပါတော့ အတာရယ်၊ နှစ်တွေအကြာကြီးမှန်း သိပါပြီ။ လှေကားကြီး ပြီးသွားပြီထားလိုက်။ ဂျပန်ကြီးက ဘာလုပ်သလဲ''

''လှေကားကြီး ပြီးသွားတော့ ဂျပန်ကြီးက မိုးပေါ်ကို လှေကားနဲ့တက်ကြည့်တာပေါ့။ လှေကားဆုံးပေမယ့် မိုးကတော့ ဘယ်ဆုံးမှာလဲ၊ အဲဒီတော့ ဂျပန်ကြီးက စဉ်းစားတယ်။ လှေကားကြီးဆောက်ရင်း အချိန်တွေ ကုန်လိုက်တာ၊ ခုတော့ ငါအဘိုးကြီး ဖြစ်နေပြီ။ ငါတစ်သက်လုံး အချိန်တွေ အလကား ကုန်သွားခဲ့ပြီဆိုပြီး ဝမ်းနည်းသွားပြီး ငိုရောတဲ့''

''ငိုတော့ကော''

''ငိုတော့ ပြီးရော''

''ဟင်- ပုံက ဒါပဲလား''

''ဒေါ်ဒေါ်လေးပုံလိုပဲလေ၊ ဘာမှလဲ မပါဘူး''

စန္ဒီနှင့်အတာ ရယ်မောနေကြသည်ကိုကြည့်ကာ ဒေါ်မြနှစ်လည်း ပြုံးရသည်။ အတာကလေးသည် မိုလ်ယာမိုတိုစံကို သတိရနေသလို သူ့ဖခင်ကိုလည်း သတိရနေရှာမှာပဲဟုတွေးရင်း ဂျပန်တပ်တို့ စတင်ဆုတ်ခွာနေပြီဟု ခင်မိမိ သတင်းပေးသည်ကို သတိရကာ ဆုတ်ခွာသွားသည့်တပ်များထဲတွင် သူမတို့ချစ်ခင်သော မိုလ်ယာမာမိုတိုနှင့် ရှိုနိုမီရာ ပါသွားလေမလား၊ တောင်ကြီးမှာပဲ ရှိနေဦးမလား စဉ်းစားနေမိသည်။

''ဒေါ်ဒေါ်လေးပုံက ကောင်းလည်း မကောင်းဘူး''

''အတာ့ပုံလည်း မကောင်းပါဘူး''

''ကဲ- ဒါဖြင့် နောက်တစ်ပုံပြောဦး''

''ဒါဆိုလည်း သူငယ်ချင်းငါးယောက်ပုံ ပြောမယ်ကွာ၊ နားရွက်ကားရယ်၊ လက်ဝါးကြီးရယ်၊ နှပ်ချေးထူရယ်၊ ဖင်ချွန်းရယ်၊ ခြေတံရှည်ရယ်''

ဟု စန္ဒီက ပုံပြင်ကို နိဒါန်းချီသည်။

''နားရွက်ကားက သားပေါ့၊ ဘွားလေးက လက်ဝါးကြီး၊ ဒေါ်ဒေါ်လေးက နှပ်ချေးထူ၊ ဘိုးဘိုးက ဖင်ချွန်း၊ ဘဘက ခြေတံရှည်နော်''

စန္ဒီက နှပ်ချေးထူ ဖြစ်ရသည်ကို မကျေနပ်သော်လည်း အအေးမိ နှာစေးလွယ်သူပီပီ မငြင်းသာ။

ဒေါ်မြနှစ်ကလည်း အသုံးအစွဲဖွာသူ၊ အပေးအကမ်း ရက်ရောသူအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုဖြစ်သူက ကဲ့ရဲ့ပြစ်တင်ခြင်းကိုခံရနေကျမို့ အတာ တင်စားချက်ကို အောင့်သက်သက်နှင့် ခံလိုက်ရပြန်လေ၏။

"သူငယ်ချင်းငါးယောက် လှေတစ်စင်းနဲ့ ငါးဖမ်းထွက်သွားကြရော။ ပင်လယ်ထဲမှာ ငါးတွေဖမ်းတော့ အများကြီးရတာပေါ့။ အဲဒီအချိန်မှာ မုန်တိုင်းမိပြီး ရွက်တွေက စုတ်သွားလို့ နားရွက်ကားရဲ့ နားရွက်နဲ့ပဲ ရွက်လွှင့်ပြီး ပြန်လာရတယ်။ လမ်းမှာ လှေတစ်စင်းနဲ့ အဘိုးကြီးတစ်ယောက်ကိုတွေ့တော့ အဘိုးအိုကြီးက သူတို့ဆီ ငါးတောင်းတာပေါ့။ အဲဒီတင် ဒေါ်လေးက သိပ်သနားပြီး လက်အကြီးကြီးနဲ့ ငါးတွေခပ်ပေးလိုက်တာ…"

"ဘွားလေးက ပေးနိုင်ကမ်းနိုင်တဲ့ကိုယ် ဖြစ်ရပါလို၏ ဆိုပြီးတော့လား ဟား… ဟား"

"အေး… ဟုတ်တယ်၊ ပေးနိုင်ကမ်းနိုင်တဲ့ကိုယ် ဖြစ်ရပါလို၏ ဆိုပြီးတော့ပေါ့"

စန္ဒီနှင့်အတာ အူနှိပ်ရယ်မောနေကြစဉ် ဒေါ်မြနှစ်သည် သူမ၏ ဆုတောင်းကို ပြက်ရယ်ပြုနေကြသည့် ကလေးနှစ်ယောက်ကို အဝေးမှ မျက်စောင်းပစ်ထိုးလိုက်လေ၏။

စန္ဒီက-

"ငါးတွေ ကုန်ခါနီးတော့ ဖင်ချွန်းက စိတ်ဆိုးရော"

ဦးမြအောင် စိတ်ဆိုးသည့်အခါ ပြုတတ်ပုံကို ရည်ရွယ်လျက်-

"အခန်းထဲမှာ လက်နောက်ပစ် ဟိုဘက်လျှောက် ဒီဘက်လျှောက်နဲ့"

ဟု ဆက်လိုက်သည်။

"ဒေါ်ဒေါ်လေးကလည်း လှေပေါ်မှာလေ"

"ဩော်… လှေပေါ်မှာဆိုတော့ လျှောက်လို့မရဘူး၊ ဟုတ်သားပဲ၊ သူက ထိုင်လျက်ကြီးပဲ။ ဒါကြောင့် ဖင်ဆောင့်လိုက်တာ လှေပေါက်သွားရော"

ဦးမြအောင် စိတ်တိုတတ်သည်ကို ရယ်ပွဲဖွဲ့နေကြပြန်သည်။

"လှေပေါက်ပြီး ရေတွေဝင်လာတော့ ဒေါ်ဒေါ်လေးက ကြောက်ပြီးငိုရော၊ ငိုရင်း နှပ်ချေးညှစ်လိုက်တာ လှေပေါက်ပိတ်သွားတာပေါ့"

အတာက အားတက်သရော ပုံဆက်ပြောသည်။

"ဒေါ်ဒေါ်လေးက နှပ်ချေးထူ မလုပ်ချင်ဘူးဟာ"

"ဒေါ်ဒေါ်လေးပဲ နှပ်ချေးထူတာပဲလို့"





ဝါးတောအစွန် ရွာဘက်ဝင်သော လမ်းဆီမှ လှည်းသံတအီအီ ကြားနေရသည်။

ဒေါ်မြနှစ်က နေ့လယ်နေ့ခင်း တောင်ကြီးမှ မည်သူလာပါလိမ့်ဟု လည်ဆန့်ကြည့်သည်။ လူကြုံလာလျှင် သတင်းထူးတတ်သောကြောင့် အမြဲအစဉ် လည်တဆန့်ဆန့် နားတစွင့်စွင့် အခါသမယပေကိုး။

ဝါးပင်အကိုင်အခက်များ ကာဆီးနေသဖြင့် လှည်းဖြတ်လာနေသည်ကိုသာ မသဲမကွဲ မြင်ရသည်။ မည်သူပါမှန်း မသိကြရပေ။

"လှေပေါက်ပိတ်သွားတော့ ဘွားလေး လက်ဝါးကြီးကပဲ ရေတွေ လက်နဲ့ခပ်ထုတ်ပစ်ရတယ်၊ ပြီးတော့ အိမ်ပြန်လာကြရော၊ တစ်ခါ တက်ကျိုးပြန်ရော၊ ဒါနဲ့ ဘဘ ခြေတံရှည်က ခြေထောက်ကို တက်လုပ်ပြီး လှော်ခဲ့ရတယ်၊ ကမ်းပြန်ရောက်တော့ ပုံပြီးသွားရော"

လှည်းပေါ်မှာ ရှမ်းခမောက်နှင့်လွယ်အိတ်ရှည် မိန်းကလေးတစ်ယောက် ခပ်သွက်သွက် ဆင်းလာသည်။ လှည်းမောင်းသမားက နောက်မှ တောင်းတစ်လုံး ထမ်းကာ လိုက်လာ၏။

"ဟော…မမမိ လာတယ်၊ ဒေါ်လေးရေ… မမမိ လာတယ်"

နေပူထဲမှလာရသဖြင့် ခင်မိမိ၏ ပါးကလေးနှစ်ဖက်မှာ နီရဲနေသည်။

"လာလာ တောင်းကို အိမ်ထဲတစ်ခါတည်း သွင်းလိုက်၊ မိမိ ဆန်ဝယ်လာပေးတာ"

ဒေါ်မြနှစ်က-

"ကျေးဇူးပဲ မိမိရေ၊ ရှမ်းဆန်ကုန်ခါနီးနေလို့၊ ရှိနေတာတွေက မစန္ဒီတို့ ဗူဝရီးက မစားနိုင်ကြလို့လေ"

ဟုပြောရင်း လှည်းသမားဘက် လှည့်ကြည့်သည်။

တောင်းချပြီး ခါးဆန့် မတ်တတ်ရပ်လိုက်သော လှည်းသမားကို ကြည့်ကာ-

"မြတ်စွာဘုရား၊ သူရိန်ပါလား"

ဟု အံ့သြဝမ်းသာ ရေရွတ်လိုက်ရှာလေ၏။

သူရိန်သည် တဘက်ကို ခေါင်းပေါင်းကာ ညစ်နွမ်းသော ပင်နီအပေါ်ဝတ်အင်္ကျီ၊ ချည်ပုဆိုးကြမ်းနှင့် အသားအရေမှာလည်း နေလောင်ခြင်း၊ ညစ်ပတ်ခြင်းဖြင့် ညိုမှောင်နေသည်။ မုတ်ဆိတ်ကျင်စွယ် မသပ်မရပ်နှင့် တကယ့် တောသားကြီးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူရိန်က အတာ့ကို ပွေ့ချီနမ်းရှိုက်စဉ် ခင်မိမိသည် နံဘေးမှ မျက်ရည်အဝဲသား ငေးကြည့်နေရှာသည်။ ခင်မိမိတွင် သူရိန်ကို ပြောစရာတွေ ရင်မှာအပြည့်ရှိချိမ့်မည်။ မိန်းမသားမို့လည်း ခက်ရသည်။ ကာလဒေသံ အရလည်း သို့ဝှက်နေရပါဦးမည်။ ချစ်ရေးချစ်ရာ မလွယ်သော စစ်ရေးစစ်ရာနယ်မှာဖြင့် အသည်းနှလုံးသည် နောက်တန်းမှာပဲ မျက်နှာအောက်ချ နေပေဦးတော့။

"ဘယ်လိုက ဘယ်လို တွေ့လာကြတာလဲဟင်"

ဒေါ်မြနှစ်က မေးသည်။

"မိမိ မနက်က တောင်ကြီးတက်သွားတာ၊ ရွာထဲက ဒေါ်နွံလိတ်တို့နဲ့ လိုက်သွားတယ်လေ၊ အပြန်လမ်းမှာ ကိုသူရိန်နဲ့ တွေ့လာတာ"

"ကျွန်တော် လွယ်ကောင်းရောက်တာ နှစ်ခါရှိပြီ၊ အချိန်မရလို့ မဝင်နိုင်ဘူး၊ ဘဘကော"

"မင်းဘဘ ဦးအုန်းဖေအိမ်ဘက် ကူးသွားတယ်၊ သစ်တော အရေးပိုင် ဦးအုန်းဖေလေ၊ လိုက်ခေါ်ရမလား"

"နေပါစေ၊ ကျွန်တော် ခုသွားမှာ"

"အို…ကိုကိုကလည်း၊ တစ်ရက်လောက် နေပါဦးလား၊ ခုလာ ခုပြန်ပဲ"

"နေလို့ မဖြစ်လို့ပါ ညီမလေးရဲ့"

သူရိန်က ဒေါ်မြနှစ်ကို လက်ဆွဲကာ အတာ့ကို ချီပွေ့လျက် အိပ်ခန်းထဲ ဝင်သွားပြန်သည်။

"မမမိ၊ ကိုကိုက ဘာလို့ စန္ဒီတို့နဲ့ မနေတာလဲ၊ ပြီးတော့ စစ်ထဲ ဝင်ထားတယ်ဆိုပြီး စစ်တပ်ထဲမှာလည်း မနေဘူး၊ ဘာဖြစ်လို့လဲ"

ခင်မိမိက စန္ဒီ့ခါးကိုဖက်ကာ အိမ်ရှေ့ကွပ်ပျစ်ကလေးတွင် ထိုင်စေသည်။

"ညီမလေးက ငယ်သေးတယ်၊ ဘယ်နားလည်ဦးမှာလဲ၊ စန္ဒီ့ကိုကိုဟာ တိုင်းပြည်အတွက် အလုပ်လုပ်နေရတာ၊ အသက်အန္တရာယ်လည်း ကြီးတယ်၊ ကိုကိုလာတဲ့အကြောင်း ဘယ်သူမှ မသိစေနဲ့နော်"

"ကိုကို့အကြောင်းတွေးရင် စန္ဒီ့စိတ်ထဲမှာ တစ်မျိုးကြီးပဲ မမမိရယ်၊ သိပ်စိတ်ပူတာပဲ၊ ဘာလို့မှန်းလဲ မသိပါဘူး"

မိမိက စန္ဒီ့ကို ချစ်ခင်စွာ ပွေ့ဖက်ထားသည်။

"ကိုကို ဘယ်တော့ စန္ဒီတို့ဆီ ပြန်လာမှာလဲဟင်"





"ပြန်လာမှာပေါ့ ညီမလေးရဲ့၊ မကြာခင် ပြန်လာမှာ၊ ညီမလေးကလည်း ဆုတောင်း၊ ကိုကို ဘေးရန်ကင်းဖို့ ဘုရားရှိခိုးတိုင်း ဆုတောင်းနော်"

စန္ဒီက ခေါင်းညိတ်သည်။

ဒေါ်မြနှစ်သည် သူရိန်ထံမှ ဖက်ဆစ်တော်လှန်ရေး ကြေညာချက်စာတမ်းကို ဖတ်ရှုနေသည်။ စာတမ်းဖတ်ရင်း ဇာတိသွေးဇာတိမာန်ဖြင့် ကြက်သီးတဖြန်းဖြန်း ထမိလေ၏။

*ဗမာ့တပ်မတော်နှင့် ပြည်သူ့အဖွဲ့အစည်းများ ပူးပေါင်း၍ ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်အမည်နှင့် မြန်မာပြည်သူကိုယ်စား ယနေ့မှစ၍ ဖက်ဆစ်ဂျပန်တို့ကို ငါတို့ တော်လှန်လိုက်ပြီဖြစ်ကြောင်း…*

"စာရွက်စာတမ်းတွေ သိမ်းမထားနဲ့နော် ဒေါ်လေး၊ ဖျောက်ဖျက်ပစ်၊ ကျွန်တော်သွားမယ်"

"အင်းဘက်မှာ နင့်ဘကြီး ဦးခွန်ထီးတို့ဆီက လိုတာယူနော် သား၊ သတိလည်းထားပါကွယ်"

သူရိန်သည် အတာကို ပုဆိုးကြားထဲမှ သကြဲန်ရေပက်ရန် ရေပြွတ်ကလေး ထုတ်ပေးသည်။ အတာသည် ရေပြွတ်ကလေးကို ရင်မှာပွေ့ရင်း မျက်တောင်ပုတ်ခတ်ပုတ်ခတ်နှင့် မျက်ရည်မကျအောင် ထိန်းကာနေသည်။ အတာ့ ရင်အုံကလေးမှာ နိမ့်ချည်မြင့်ချည်။

"ဘဘ သွားမယ်နော် သား…"

"မြန်မြန်ပြန်လာနော် ဘဘ"

"လာမှာပေါ့ သားရယ်"

"ဒီတစ်ခါပြန်လာရင် အကြာကြီးနေနော်"

"နေမှာပေါ့ သားရယ်၊ ဒီတစ်ခါပြန်လာရင် ဘဘ သားနဲ့ အမြဲနေတော့မှာကွ၊ သားကို ပုံတွေလည်း အများကြီး ပြောပြတော့မှာ"

သူရိန်က သား၏ပါးကိုနမ်းကာ အဒေါ်လက်ထဲ လွှဲပြောင်းပေးပြီးနောက် အိမ်ရှေ့ ထွက်လာလေ၏။

ညီမ၏ ခေါင်းကလေးကို ပုတ်ကာ-

"ကိုကို သွားမယ် ညီမလေး"



www.burmeseclassic.com

www.burmeseclassic.com



ဟု နှုတ်ဆက်သည်။

"ဂျပန်တွေနဲ့တော့ ရင်ဆိုင်မတွေ့စေနဲ့နော် စန္ဒီ၊ အဝေးဆုံးရှောင် ကြားလား"

ခင်မိမိသည် သူရိန်၏ အားမာန်ပြည့်သော၊ ဆုံးဖြတ်ချက် နိုင်မာသော ယောကျ်ားကောင်းတစ်ယောက်၏ အသွင်အပြင်ကို အထင်တကြီး ငေးကြည့်နေသည်။

"ငါသွားမယ် မိမိ၊ နင်လည်း သိပ်အတင့်မရဲနဲ့၊ တောင်ကြီး ထပ်မသွားနဲ့တော့၊ ဒီလောက် လုပ်ခဲ့ပြီးပြီပဲ၊ တာဝန်တွေ ကျေပါပြီဟာ၊ မိန်းကလေးတွေဟာ ပိုပြီး အန္တရာယ်ကြီးတယ်"

ခင်မိမိ ပြုံးရသည်၊ နှုတ်ဆက်ပြုံးကလေးသာပါ။ ဘာမှတော့ ဝန်ခံကတိမပေးနိုင်၊ လွတ်လပ်ရေး မရသရွေ့ တာဝန်ကျေပြီ ဝန်မခံနိုင်သေးပါ။ သို့သော် စိုးရိမ်ပူပန်ခြင်းကြောင့် တားမြစ်ရင်းနှစ်သိမ့်သည်ကိုတော့ နားလည်ရပေမည်။

"မလိုက်နဲ့တော့ မိမိ၊ နေခဲ့တော့၊ ငါသွားပြီးမှ နင့်ဘာသာအိမ်ပြန်"

သူရိန် ခြေလှမ်းကျဲကြီးများနှင့် ထွက်ခွာသွားသည်။ ဝါးပင်များအကွယ်တွင် သူ့ကို မမြင်သာတော့။

ခင်မိမိ သက်ပြင်းချလိုက်မိလေသည်။ တကယ်တော့ 'အချစ်' ဆိုသော အရာကို နားမလည်တတ်သေးသော ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက ပင် ခင်မိမိသည် သူရိန်ကို အထင်ကြီးစွာ ချစ်ကြောက်ရိုသေခဲ့ရသည်။ ကိုသူရိန် စောစီးစွာ အိမ်ထောင်ပြုလိုက်တော့လည်း သူ့ခမျာ ကျိတ်၍ ရှိုက်ငိုခဲ့ရပါသေး၏။ ကိုသူရိန်က တော့ သိမည်မထင်။ သိလည်း မိမိအတွက် အချိန်မပေးနိုင်ဘူးထင်သည်။ သူမလည်း ကိုသူရိန်ထံမှ အပြန်အလှန် မမျှော်လင့်ပါ။ ခင်မိမိ မျက်လုံးများကို တစ်ချက်စုံမှိတ်ကာ အတွေးဖြတ်လိုက်ရသည်။

ခင်မိမိသည် အိမ်ထဲသို့ဝင်ကာ ဒေါ်လေးနှင့် တိုင်း (၁၀)တိုင်း အသီးသီး လှုပ်ရှားနေပုံများ၊ အထက်မြန်မာပြည်တိုင်း ဗိုလ်မှူးဗထူး၏တပ်များ စောစီးစွာ တော်လှန် တိုက်ခိုက်နေပုံများ၊ ကျေးရွာများအထိ ပြောက်ကျားသင်ခန်းစာ စာစောင်များ ပို့၍လေ့ကျင့်ခြင်းဖြင့် သေနတ်ပစ်ခတ်နိုင်သောအဆင့်ရှိ ပြောက်ကျား စစ်အဖွဲ့ ဖွဲ့စည်းကြပုံများ စသည်ဖြင့် တစ်မျှော်တစ်ခေါ် စကားတွတ်ထိုးကြရ ပြန်လေသည်။

"ဟော... လေယာဉ်ပျံတွေလာပြီ ဒေါ်လေးရေ၊ ဥသြဆွဲတယ်"





စန္ဒီ့အသံကြားမှ စကားဖြတ်ကာ နှစ်ယောက်သား ဖုံးကျင်းဆီသို့ ထပြေးရသည်။ စန္ဒီနှင့်အတူမှာ ဖုံးကျင်းထဲသို့ ရောက်နေနှင့်လေ၏။

ဂျပန်သြဇာအာဏာရှိပ်မှ ရှမ်းပြည်နယ်အစိုးရသည် လွယ်ကောင်းရွာတွင် ခိုအောင်းနေကြောင်း သတင်းရရှိကာ မဟာမိတ်တို့ လာရောက်ဗုံးကြဲခြင်းပင်တည်း။ လွယ်ကောင်းတစ်ရွာလုံး အကြီးအကျယ် ထိခိုက်ပျက်စီးရလေတော့သည်။

ဝါးတောမှဝါးများ မီးလောင်ပေါက်ကွဲသံမှာ တဖြောင်းဖြောင်း ကျယ်လောင်စွာ မြည်ဟည်းလျက် ချောက်ချားဖွယ်အတိပြီးနေတော့၏။

ရှမ်းပြည်နယ်အစိုးရမှာလည်း မဟာမိတ်ရန်က တစ်ဖက်၊ ဂျပန်မီးမောင်း အောက်တွင်လည်း မလှုပ်ယှက်သာအောင် ရှိနေကြရပေသည်။

"ဒေါ်လေးရေ ဒီဖုံးကျင်းထဲကထွက်ကြမှ၊ ဝါးတောမီးလောင်နေပြီ"

ခင်မိမိက အတာကိုပွေ့ချီကာ ရှေ့မှထွက်သည်။ ဒေါ်မြနှစ်သည် စန္ဒီ လက်ကို ဆွဲ၍ နောက်မှလိုက်၏။ ဖုံးကျင်းအပြင်ဘက်တွင် ဦးမြအောင်၊ အဘချယ်နှင့် ရဲတပ်ဖွဲ့ဝင်နှစ်ယောက် အပြေးအလွှား ရောက်လာသည်ကို တွေ့ရလေ၏။

"ချောင်းထဲပြေးကြ၊ တို့များ ပစ္စည်းသယ်ပြီး လိုက်ခဲ့မယ်"

တကယ်တမ်း ပြေးကြရတော့ အသင့်ထုပ်ပိုးထားသော လွယ်အိတ်ကလေး ကိုပင် သယ်ယူရန် စန္ဒီ သတိမရ ဒေါ်မြနှစ်ကသာ လေယာဉ်ပျံလာပြီဆိုသည်နှင့် လွယ်အိတ်အားလုံးကို တစ်ယောက်တည်း အပါကျုံးသယ်လာခဲ့ခြင်း ဖြစ်လေ၏။

ရွာနှင့် အတန်ငယ် အလှမ်းကွာသည့် ရေမရှိသော ချောင်းခြောက်ကြီးထဲတွင် တစ်နေ့လုံးတစ်ညလုံး ခိုအောင်းကြရသည်။ လေယာဉ်ပျံသံစဲသော်လည်း ရွာဘက် မပြန်ဝံ့ကြ။

ယောကျ်ားများသာ ရွာထဲဝင်ကာ အစားအသောက် ရှာဖွေချက်ပြုတ်လျက် တောထဲ သယ်ယူလာပေးကြရသည်။

ဒုက္ခသည်အချင်းချင်း ရှိသမျှ ကျန်သမျှထဲမှ ဝေမျှရင်း မေတ္တာပြနိုင်ကြ၍ လည်း ခံနိုင်ရည် ပိုရှိကြသည်ထင်၏။

နောက်တစ်နေ့ညတွင် လှည်းများဖြင့် ကျောက်ငုက်ရွာဆီသို့ ဦးတည် ထွက်ခွာကြရပြန်လေသည်။

ပိုလျှံသော ပစ္စည်းအချို့ကို ဝေမျှပေးကမ်းရ၊ မသယ်နိုင်ဘဲ ကျန်ခဲ့ရနှင့်မို့ စန္ဒီတို့၏ ပစ္စည်းများလည်း ရှိရင်းစွဲထက် ပို၍နည်းလျော့သွားခဲ့ပြီ။ စန္ဒီ့အဝတ်



www.burmeseclassic.com

www.burmeseclassic.com



သေတ္တာမှာလည်း မီးလောင်ပေါက်များဖြင့် အဝတ်အားလုံး အထပ်လိုက်ပေါက်ကာ ဝတ်၍ပင် မရတော့ဘဲ ပစ်လိုက်ရပြီ။ စန္ဒီ စိတ်အထိခိုက်ရဆုံးကား ပြေးရင်း လွှားရင်း မြေမှာဝပ်ရင်းတွားရင်း မည်သို့ထိခိုက်မိသည်မသိဘဲ စန္ဒီ့အင်္ကျီမှာ ထိုးထားသော ချယ်ရီသားရင်ထိုးကလေး ထက်ခြမ်းကွဲသွားခဲ့သည်။ တိုက်ဆိုင်ချင်တော့ သစ်ကိုင်းတွင် နားတော့မည့်ဟန် ပျံဝဲနေသော ငှက်ကလေးနှစ်ကောင်မှာ ရင်ထိုးတစ်ခြမ်းစီ၌ တစ်ကောင်စီ ကွဲသွားခဲ့ကြပြီ။ ခင်မိမိ ဝေမျှသဖြင့် စန္ဒီ အဝတ်သုံးစုံရလာသည်။ စန္ဒီသည် နှမြောတသတတ်ခြင်းမှ အတော်အသင့် ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်သော်လည်း ရင်ထိုးအကျိုးအပဲ့ကလေးကိုတော့ လွှင့်မပစ်ရက်နိုင်ဘဲ မြတ်နိုးစွာပင် ဆက်လက် သိမ်းဆည်းထားရပြန်ပါ၏။

စန္ဒီသည် တူကလေး အတာကို လက်တစ်ဖက်ဖြင့် သိုင်းဖက်လျက် ကျန်လက်တစ်ဖက်က ဒေါ်လေးပြင်ဆင်ထားပေးသော လွယ်အိတ်ကလေးကိုသာ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လွယ်ထားရင်း တအိအိ ရွေ့လျားနေသော လှည်းပေါ်ဝယ် လိုက်ပါသွားရတော့သည်။

မီးလောင်ပျက်စီးနေသော လွယ်ကောင်းရွာကို စွန့်ခွာခဲ့ကြရပြန်ပါပြီ။

မိုးသောက်ယံတွင်တော့ ကျောက်ငှက်ရွာသို့ ရောက်ကြပေလိမ့်မည်။

◆



(၂၁)

မိန်ရာသီ တပေါင်းလသည်လည်း ကုန်လွန်ခဲ့ပြီ။

တန်ခူးလ သင်္ကြန်အခါသည်လည်း ခြောက်သွေ့စွာ ပျော်ရွှင်ဖွယ်ကင်းမဲ့စွာ ပြီးဆုံးသွားတော့သည်။ နှစ်ဟောင်းကြွေ၍ နှစ်သစ်ဝေခဲ့လေပြီ။

ကဆုန်လအတွင်း ချဉ်းနင်းဝင်ရောက်လျက် မိုးဦးလေဦးတွင် လျှပ်နွယ် လျှပ်မောင်း ပြိုးပြိုးပြက်ပြက်ဝယ် မိုးကြိုးလက်နက် ထစ်ချုန်းမြည်ဟည်းကာ ဝသန်စည်တော်ကြီး တီးခတ်လာခဲ့သည်။

မိုးလရာသီ ရောက်ခဲ့ပြန်ပါပြီကော။

ဇွန်လတွင် ဂျပန်ပြည် အိုကီနာဝါကျွန်းသည် အမေရိကန်တို့လက်သို့ ကျရောက်ခဲ့ရပြန်သည်။ ဂျပန်စစ်သည် ၁၀၀၀၀၀ ခန့်နှင့် မဟာမိတ်စစ်သည် ၅၀၀၀၀၊ အမေရိကန်စစ်သည် ၁၂၀၀၀ ခန့် အသက်ဆုံးရှုံးခဲ့ရသည်။ စစ်ရှုံးသူစစ်ဗိုလ်ချုပ်ကြီး ယူရှီဂျီးမားနှင့် ဗိုလ်ချုပ်ကြီး ချိုတိုခန် အသက်ကို အဆုံးစီရင်သွားကြတော့သည်။

ကျောက်ငှက်ပအိုဝ့် ရွာကလေးတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့သည် ရွာခံများ၏ နေအိမ်များ၌ မှီခိုပူးတွဲ နေထိုင်ကြရပြန်သည်။

စန္ဒီတို့ နေထိုင်ရသောအိမ်တွင် အိမ်ရှင်မိသားစုမှာလည်း သားအမိ သားအဖသုံးယောက်သာ ရှိလေ၏။ အတွင်းခန်းကို သူတို့၏သမီးကလေး နန်းခင်၊ စန္ဒီနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြနှစ်တို့ကို တွဲဖက်နေထိုင်စေကာ ကျန်လူများကတော့ အပြင်ဘက်ခန်းတွင်သာ အိပ်စက်ကြရသည်။

စန္ဒီသည် နန်းခင်နှင့်အတူ ရေချိုးသွား၊ စကားပြောနှင့် အဖော်ရ၍နေလေသည်။ ခင်မိမိနှင့်မူ အသက်ချင်းက လေးငါးနှစ်မျှသာ ကွာသော်လည်း အတွေးအခေါ် ရင့်ကျက်မှုခြင်းက မယှဉ်သာအောင် ကွာခြားလွန်းလှလေရကား တပူးတွဲတွဲ မနေဖြစ်။ ထို့ပြင် ခင်မိမိမှာ သူမဘာသာ အလုပ်ရှုပ်၍သာ နေလေ၏။

မိုးနေ့တစ်နေ့။

"ဂျပန်တွေ ဟိုဘက်ရွာ ရောက်နေပြီတဲ့ နှစ်နှစ်ရေ ပြေးကြပေတော့"

အဘချယ်သည် အိမ်ပေါ်ပြေးတက်လာရင်း မောကြီးပန်းကြီး အော်ပြောလိုက်လေသည်။

နန်းခင်မိဘများမှာ အိမ်တွင်မရှိ။ တောင်ယာအလုပ် ဆင်းနေကြသည်။ ဒေါ်မြနှစ်က ဟင်းအိုးပြင်နေကာ နန်းခင်ကတော့ ဆေးပေါ့လိပ်အစီခံ လုံးနေ၏။ စန္ဒီနှင့် အတာက နန်းခင်နံဘေးတွင် ထိုင်ကာ 'ကျားဗိုလ်' ကစားနေကြလေသည်။

ယခုတော့ ကျင့်သားရနေကြပြီမို့ အိပ်ခန်းထဲပြေးဝင်ကာ ပြန်ထွက်လာသည်နှင့် လွယ်အိတ်ကိုယ်စီ ပါလာကြပြီ။

"လမ်းမက မသွားနဲ့တော့၊ နောက်ဖေးလမ်းကြားက ပြေးကြတော့။ တပ်တွေကို မနည်းဘူး၊ အတော်ရမ်းကားတယ်၊ လွတ်အောင်ပြေးမှ၊ သွားသွား"

အဘချယ်သည် ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေသည်။ အဘချယ် ဤမျှ စိတ်လှုပ်ရှားသည်ကို မြင်နေကျမဟုတ်၍လည်း အန္တရာယ်အတိမ်အနက်ကို ဒေါ်မြနှစ် ခန့်မှန်းမိသည်။

စစ်ဦးဘီလူးဆိုသော်လည်း စစ်အရှုံးတွင်လည်း ထွက်ခေတ်ခတ်သွား တတ်ကြသော ထုံးစံမွေ့တာအတိုင်း အစွမ်းကုန် ရမ်းကားနေကြမည်ကိုတွေးကာ ဒေါ်မြနှစ် ကြက်သီးမွေးညင်းထမိတော့၏။

"လာ… လာ… စန္ဒီ၊ နန်းခင် ပြေးကြစို့"

စန္ဒီက အဘချယ်ဘက်လှည့်ကာ-

'ဘဘကော'

ဟု မေးနေ၏။





"သမီး ဘဘရှိပါတယ်၊ ဂျပန်တွေ လိုက်ရှာနေလို့ မင်းကြီးတို့နဲ့အတူ ပုန်းနေရတယ်၊ ကဲ… ပြေးပြေး"

"အဘချယ်ကော မပြေးဘူးလား"

"ဟဲ့… အဘချယ်က ယောကျ်ား၊ ဒီကလေးမနှယ် လာ…"

ဟူ၍ ဒေါ်မြနှစ်က အတာကိုချီပိုးရင်း ရွာနောက်ဖေးလမ်းကြားပေါ်မှ စိတ်မရှည်စွာ လှမ်းအော်သည်။

အဘချယ်ကလည်း စန္ဒီပခုံးကို တွန်းလွှတ်နေသည်။ စန္ဒီလည်း သည်တော့မှ ခြေကုန်သုတ်တော့၏။

မဟာမင်းကြီး၏ နှမများနှင့်သမီးကလေးလည်း အထုပ်အပိုးကိုယ်စီနှင့် ပြေးလာကြသည်။ အခြားအရာရှိများ၏ ဇနီးသားသမီးများလည်း တဖွဲဖွဲ၊ ကြံခင်းအနီးရောက်ချိန်တွင် ရွာမြောက်ပိုင်းဆီမှ သေနတ်သံ ဖြိုးဖြိုးဖြောက်ဖြောက် စ,ကြားရသည်။ ဂျပန်များ ကျောက်ငှက်ရွာသို့ ရောက်ရှိလာလေပြီ။

စန္ဒီတို့မှာ ကြံခင်းကြီးထဲတွင် တစ်နေ့ခင်းလုံးလိုလို ပုန်းအောင်းနေကြရသည်။ မွန်းလွဲပိုင်းတွင် အဘချယ် ငှက်ပျောဖီးများကို ပုဆိုးပိုင်းနှင့် ထုပ်ပိုး၍ ထမ်းကာ ရောက်လာသည်။

"ရွာထဲမှာ မွှေနေကြတုန်းပဲ။ ရွာခံတွေထဲကရော တို့အဖွဲ့ထဲကပါ လူငယ်တွေ ပစ္စည်းထမ်းဖို့ ခေါ်ထားလေရဲ့။ အလစ်မှာ အဘချယ် ငှက်ပျောသီးတွေ သုတ်လာတာ။ ဝေမျှစားကြ"

ကလေးငယ်များလည်း ငိုသူငို ကျိတ်ကိုက်သူတိုက်နှင့် မနည်းကြီး မာန်မဲလိုက်၊ ချော့မော့လိုက် လုပ်နေကြရသည်။

"ဒီဘက်ထက် ဟိုတောင်ကုန်းဘက်က ပိုလုံခြုံမယ်ထင်တယ် နှစ်နှစ်၊ အပေါ်စီးကလည်း မြင်ရတယ်၊ အဘချယ်ကော ဘယ်လိုသဘောရသလဲ"

ဟု မင်းကြီးကတော်က တိုင်ပင်သည်။

မင်းကြီးကတော်၏ အကြံဉာဏ်ကို ဒေါ်မြနှစ်ကလည်း သဘောကျသည်။ အဘချယ်ကလည်း ကြိုက်သည်။

သို့နှင့်ပင် စစ်ပြေးများမှာ တောင်ကုန်းပေါ်သို့ တစ်သုတ်ပြီးတစ်သုတ် ပြောင်းရွှေ့ ပုန်းအောင်းနေကြရပြန်လေသည်။ မိုးစဲခိုက် နေရောင်က ပူပြင်းလာပြန်လေ၏။

"ရေငတ်တယ် ဘွားလေး"



www.burmeseclassic.com

www.burmeseclassic.com



ဟု အတာ ဆိုသည်။

"ရေမရှိဘူး၊ အောင့်ထား"

ဟု ဒေါ်မြနှစ်က ဝေါက်မေ်းပစ်လိုက်လေသည်။

မင်းကြီးကတော်၊ ဒေါ်မြနှစ်နှင့် အဘချယ်တို့သည် အားလုံးပင် မျက်စိမျက်နှာပျက်လျက် တစ်စုံတစ်ရာကို တီးတိုးပြောဆို ဆွေးနွေးနေကြလေသည်။

အဘချယ်၏ ခေါင်းတယမ်းယမ်းနှင့် တောက်ခေါက်ရင်း မခံချိမခံသာဟန် မြင်ရသည်။ ဒေါ်မြနှစ် အံကြိတ်၍ စိတ်တင်းသည်။ မင်းကြီးကတော်က ဣန္ဒြေဆည်လျက် လေအေးကလေးနှင့် နှစ်သိမ့်နေသည်။

"ရွာထဲမှာ ဘာတွေဖြစ်နေသလဲ မသိဘူးကွ အထွေး"

ဟု မမတူးက သူမ၏ ညီမကို လှမ်းပြောသည်။

အထွေးမှာ အစ်မ၏စကားကို စိတ်မဝင်စားဘဲ တောင်စောင်းတွင်နေကာ ငိုက်မျဉ်းနေ၏။ စန္ဒီမှာမူ ရေငတ်လှသဖြင့် အာခေါင်ခြောက်ကာ စိတ်ညစ်ညူးနေရှာသည်။

ဤမျှ ဒုက္ခဆင်းရဲခြင်းကပင် စန္ဒီမှာ ဤဆုတ်ခွာလာသော ဂျပန်တွေအထဲတွင် ရှီနိုမီရာစ်များ ပါနေမလားဟု တွေးဖြစ်အောင် တွေးမိသေး၏။

စန္ဒီနှင့် ရှီနိုမီရာစ်သည် ရန်သူ မဟုတ်ပါ၊ မြန်မာတစ်ဦးနှင့် ဂျပန်တစ်ဦးသည် ရန်သူ မဟုတ်ပါ။ သို့တစေ ဖက်ဆစ်ဝါဒစနစ်ကြီးက စစ်မီး ဖန်တီးလာလေတော့ ယခု ရန်သူများအဖြစ် တိုက်ခိုက်ခြင်း၊ ညှဉ်းပန်းခြင်း၊ အနိုင်ကျင့်ခြင်း အဖုံဖုံ အလီလီ ကြုံတွေ့နေကြရလေပြီ။

"ဒေါ်လေး၊ စန္ဒီ့လွယ်အိတ် ကြံခင်းထဲ ကျန်ရစ်ခဲ့ပြီ"

ဒေါ်မြနှစ် စိတ်ပျက်စွာ ကြည့်သည်။ ဆူပူခြင်းကား မရှိ။ ဆူပူရန် အင်အားရှိတော့ဟန်လည်း မတူ။

မနေနိုင်သော အဘချယ်ကသာ ကြံခင်းထဲ တစ်ခေါက်သွားရှာသည်။ ကံကောင်းလှစွာ စန္ဒီ့လွယ်အိတ်ကို ပြန်တွေ့လာလေ၏။ ဒေါ်မြနှစ်က သုန်သုန်မှုန်မှုန်နှင့် စန္ဒီကို လွယ်အိတ်ပြန်မပေးတော့ဘဲ သူမဘာသာ ကိုင်ထားတော့သည်။ စန္ဒီကလည်း သူမကို မယုံစားတော့ကြောင်းဖြင့် အဒေါ်ဖြစ်သူက ဆန္ဒပြနေကြောင်း မရိပ်မိဘဲ လွယ်အိတ်မကိုင်ရသည်ကို တာဝန်ပေါ့သည်ဟု ခံစားရလေ၏။

အဘချယ် ရွာဘက်သို့ ပုန်းလျှိုးကွယ်လျှိုး တစ်ခေါက်ထွက်သွားပြန်သည်။





အဘချယ် ထွက်သွားလျှင် ကြံခင်းထဲမှ ဒုက္ခသည်တစ်စုမှာ သူပြန်အလာကို တမျှော်မျှော် ရှိကြသည်။ မကြာမီ မင်းကြီးတပည့်တစ်ယောက် ရောက်လာလေသည်။

လူငယ်က-

"ငပုတွေ ထွက်သွားပြီ မာမီ"

ဟု သတင်းပို့သည်။

"မင်းကြီးတို့ကော ကလေး"

"စိတ်ချရတဲ့နေရာမှာ ရှိမှာပါ၊ မာမီတို့တော့ ဒီမှာ ဆက်နေဦးမှဖြစ်မယ်၊ စိတ်ချရမှ ကျွန်တော်တို့ လာခေါ်မယ်"

စန္ဒီ့တူကလေး အတာနှင့် အရွယ်ချင်း မတိမ်းမယိမ်းမျှရှိသော မဟာမင်းကြီးသမီးကလေး အမည်မှာလည်း အတာ။ အတာနှစ်ယောက်လုံးပင် ဆာလောင်မွတ်သိပ်စွာ ငေးမှိုင်နေကြရှာသည်။ နားပူနားဆာတော့ မတိုက်ရဲကြရှာပေ။

လူကြီးများ စိတ်မကြည်မသာရှိလှလျက် သူတို့ကို အလိုလိုက် အကြိုက်ပေးမနေနိုင်ကြောင်း နားလည်နေကြရလေ၏။

"တစ်ရွာလုံးတော့ မွှေနှောက်သွားတာပဲ၊ ပစ္စည်းတွေရော၊ ဆန်ဆီတွေရော၊ ကြက်ပါမကျန်ဘူး သယ်တာ။ ပစ္စည်းထမ်းဖို့ လူတွေ မနည်းခေါ်သွားတယ်။ ပြန်တော့လွှတ်မှာပါ၊ ကျွန်တော်တောင် မနည်းကြီး ပုန်းနေရတယ်"

ဟု လူငယ်ကလေးက ပြောပြသည်။

မိုးက သဲသဲမဲမဲ ရွာချလိုက်ပြန်လေ၏။

စစ်ပြေးဒုက္ခသည်တစ်စုလုံး မိုးခိုစရာမရှိဘဲ တစ်ကိုယ်လုံး ရွှဲနစ်ကာ ခိုက်ခိုက်တုန်အောင် ချမ်းနေတော့သည်။ ဒေါ်မြနှစ်နှင့် စန္ဒီသည် အတာကလေးကို ကိုယ်ငွေ့နှင့် နွေးအောင် ထွေးပိုက်ထားလေ၏။

ညနေမှောင်စပျိုးမှပင် ရွာထဲပြန်ဝင်ရန် စိတ်ချရပြီဖြစ်ကြောင်း ဆက်သားက လာရောက်သတင်းပို့သဖြင့် မှောင်ရိပ်ခိုကာ ပြန်ခဲ့ကြရသည်။

စန္ဒီတို့ ထားရစ်သော ပစ္စည်းများမှာ အကောင်း ဘာမှမကျန်ရစ်ပေ။ မီးဖိုချောင်ထဲမှ ဆန်အိုးမှာ ပြောင်တလင်းခါနေသည်။ ဆီပုံးလည်း မရှိတော့၊ သကြား၊ ကော်ဖီ ဘာမှမကျန်။

အဘချယ် ရှာကြံချက်ထားသော ထမင်းတစ်အိုးကို နန်းခင်တို့မိသားစုနှင့်အတူ ဝေခြမ်းလျက် မဝတဝ စားကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးမြအောင်မှာ ပေါ်မလာသေး။

“ဘွားလေး ကော်ဖီသောက်ချင်တယ်”

“ကော်ဖီမရှိဘူး အတာ”

“တစ်နေ့လုံး တစ်ခါမှ မသောက်ရဘူး”

“မရှိမှ မရှိဘဲ”

ဒေါ်မြနှစ် စိတ်တိုလာသည်။

“အဘချယ် မနက်ဖြန် ကော်ဖီမှုန့်ရှာပေးမယ်နော် အတာ၊ ဒီနေ့တော့ မသောက်နဲ့တော့၊ သွားအိပ်ချေတော့”

ဟု အဘချယ်ကလည်း ချော့မော့သည်။

ချော့ကာမှ ပိုဆိုးကာ အတာ ငိုတော့သည်။ စန္ဒီကလည်း အတာနှယ် မငိုသော်လည်း ကော်ဖီသောက်နေကျ မသောက်ရသည်ကို စိတ်တွင် အာသာ မပြေဘဲ ဝမ်းနည်းနေ၏။ အတာငိုလျှင် ဒေါ်မြနှစ် နေမထိထိုင်မသာဖြစ်လျက် ကော်ဖီမှုန့် လိုက်ရှာမှာပဲဟု မှတ်ယူကာ ကျိတ်၍ မျှော်လင့်နေ၏။

“ဒီကလေးဟာ မသိတတ်လွန်းအားကြီးတယ်၊ ဒီမှာ လူကြီးတွေ ဘယ်လောက် စိတ်ညစ်နေရသလဲ၊ ဒါလောက်တောင် ကော်ဖီငတ်နေတာ၊ ရော့ ကော်ဖီ၊ ကဲဟယ်… ကဲဟယ်…”

ဒေါ်မြနှစ်က အတာ့တင်ပါးကို လက်ဝါးဖြင့် သုံးလေးချက် ဆင့်ရိုက်ပစ် လိုက်သည်။ အတာ အံ့သြလှစွာ အငိုတိတ်လျက် အဘွားလေးကိုကြည့်ရင်း တင်ပါး ကို လက်ကလေးနှင့် ပွတ်နေသည်။

အဘချယ်လည်း ကြောင်အမ်းလျက် ရုတ်တရက် အတာ့ကို မချော့ဖြစ်။

အတာသည် တအင့်အင့် ကျိတ်၍ရှိုက်ရင်း မျက်ရည်သုတ်လျက် အိပ်ရာထဲ ဝင်သွားလေတော့သည်။

စန္ဒီသည် ဒေါ်လေး မရိုက်စဖူး အတာ့ကို ရိုက်လိုက်တော့ ထိတ်ထိတ် လန့်လန့်နှင့် အခန်းထဲလိုက်ဝင်ကာ ခွေခွေကလေးအိပ်နေသော အတာ့နံဘေးတွင် ငုတ်တုတ်ထိုင်လျက် မှိုင်နေမိလေ၏။

ညဉ့်အတော်နက်မှပင် ဦးမြအောင် ပြန်လာရသည်။ ရွာအပြင် တောလမ်းရှိ ဂူကြီးတစ်ဂူတွင် သွားရောက်ပုန်းအောင်းနေရသည် ဆို၏။

“ဂျပန်တွေ အပြီးဆုတ်သွားပြီလို့ ယူဆတယ် နှစ်နှစ်”





ဟု ဦးမြအောင်က မောဟိုက်ပင်ပန်းစွာ ပြောပြသည်။

“တောင်ကြီးက သတင်းရသေးသလား”

“တို့လူတွေ မလာသေးဘူး၊ ကြားရသလောက်တော့ အင်္ဂလိပ်တပ်တွေ ရောက်လာပြီတဲ့”

“ဒါဆို နှစ်နှစ်တို့ တောင်ကြီးပြန်ရတော့မယ် ထင်တယ်နော် အစ်ကို”

“ထင်ရတာပဲ၊ နက်ဖြန်သန်ဘက်တော့ အတိအကျ သိရမှာပေါ့”

ဒေါ်မြနှစ် အိပ်ရာထဲ ဝင်လာချိန်တွင် စန္ဒီ ငုတ်တုတ်ထိုင်မှိုင်ဆဲ။

“အိပ်တော့လေ စန္ဒီ”

“စန္ဒီ မအိပ်ချင်ဘူး”

“ဘာဖြစ်နေတာလဲ”

“စိတ်ညစ်နေတာ”

စန္ဒီ့မကျေနပ်ချက်သည် ချက်ချင်းပင် ပွင့်ထွက်လာသည်။

“ဒေါ်လေးက တစ်ခါမှ မရိုက်ဖူးဘဲနဲ့ ဒီနေ့မှ ဘာလို့ အတာ့ကို ရိုက်ရ တာလဲလို့၊ အတာ ကော်ဖီသောက်ချင်တာ အပြစ်လား၊ စန္ဒီလည်း သောက်ချင်တာပဲ၊ စန္ဒီတို့ မွေးကတည်းက တစ်သက်လုံး နေ့တိုင်း ကြိုက်သလောက် သောက် လာရတာ”

ဒေါ်မြနှစ်သည် တူမကို မချင့်မရဲကြည့်မိ၏။ ဆွဲကိုင်လှုပ်ယမ်းပစ်ချင် စိတ်ကို အနိုင်နိုင် ချုပ်ထိန်းနေရလေ၏။

“ဖြစ်ရလေ စန္ဒီရယ်၊ စန္ဒီဟာ တကယ်ဆို ဘာမှမသိတတ်တဲ့ မိန်းကလေးပဲ”

စန္ဒီက ပေကတ်ကတ်နှင့် ငြိမ်နေသည်။

“ဒီနေ့ ရွာထဲမှာ ဘာတွေဖြစ်သွားတယ်ဆိုတာ စန္ဒီ မသိလိုက်ဘူးနော်၊ ဒီမယ် စန္ဒီ၊ စန္ဒီကတော့ အတာနဲ့အပြိုင် ကော်ဖီသောက်ဖို့ အရေးကြီးနေတာပဲ၊ ဂျပန်တွေလက်ထဲမှာ ဘဝဆုံးရတဲ့သူတွေအတွက် ဒေါ်လေးတို့ ဘယ်လောက် ရင်ထုမနာ ဖြစ်နေရတယ်ဆိုတာ စန္ဒီ မသိဘူး မဟုတ်လား”

“ဘာတွေဖြစ်နေလို့လဲ၊ စန္ဒီကို မပြောပြဘဲနဲ့ စန္ဒီက ဘာသိမှာလဲ”

“သမီးတို့ နားနဲ့တောင် မကြားအပ်အောင် ရက်စက်ယုတ်မာလွန်းလို့ ဒေါ်လေး အုပ်ဆိုင်းထားတာ၊ ဒါပေမဲ့ စန္ဒီ သိသင့်တယ်လို့ ဒေါ်လေး ဆုံးဖြတ်လိုက်ပြီ၊ ဒါမှ စန္ဒီ နားလည်တတ်မယ်၊ စာနာတတ်မယ်၊ ဒါမှ စန္ဒီ လူကြီးဖြစ်လာတော့မယ်”



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြနှစ်၏ ပါးပြင်ပေါ်သို့ မျက်ရည်ကြောင်းများ စီးဆင်းလာသည်။ ဤမြနိုင်မာပြတ်သားသူတစ်ယောက် မျက်ရည်ကျတော့ စန္ဒီ ခပ်ကြောင်ကြောင် ကလေးငေးနေရတော့သည်။

"ဒီနေ့ ခင်မိမိတစ်ယောက် ဂျပန်လူတစ်စုလက်ထဲမှာ ဘဝပျက်ခဲ့ရတယ် စန္ဒီ၊ မုဒိမ်းကျင့်ခံခဲ့ရတယ်၊ သိရဲ့လား"

"ရှင်… မမမိလေ"

ရှမ်းခမောက်ကလေးဆောင်းကာ လွယ်အိတ်တစ်လုံးနှင့် စက်ဘီးတစ်စီးနှင့်သွားကာ လှုပ်ရှားနေသည့်အသွင်ကို မြင်ယောင်မိသည်။ တက်ကြွခြင်း၊ နုပျိုခြင်း၊ အားမာန်တွေ အပြည့်အစုံ။ အို… ခုတော့ ယင်းအလှအပများသည် အရုပ်ဆိုးအကျည်းတန်ကုန်ပါပြီကော။

စန္ဒီ့ရင်တွင် ဆို့နင့်ပျို့တက်ကာ စက်ဆုပ်ရွံရှာခြင်း၊ နာကျင်မုန်းတီးခြင်းတို့ဖြင့် အသည်းနှလုံးအစုံ လှုပ်ရှားခါယမ်းသွားရလေ၏။

"ဒေါ်လေးတို့ဆီ သတင်း အချိန်မီရောက်ပေမယ့် မိမိတို့က ရွာမြောက်ဘက်ဆိုတော့ ပြေးလို့ မမီလိုက်ဘဲ ဂျပန်တွေ တွေ့သွားတာပေါ့၊ မိမိလည်း ပြေးတော့ ပြေးပါရဲ့၊ ကံဆိုးချင်တော့ ဂျပန်တွေ လေးငါးယောက် ဝိုင်းလိုက်တဲ့အထဲက ကင်ပေတစ်ယောက်ဟာ မိမိကို အာရုလှုငယ်အစည်းအရုံးမှာ မြင်တွေ့ဖူးနေသတဲ့၊ ဘယ်လိုမှ လွတ်လမ်းမရှိတော့ဘူးပေါ့ကွယ်၊ အမိအရ လိုက်ဖမ်းတော့တာပေါ့"

"သတ်သွားသလား ဟင်"

"သတ်သွားတာကမှ ကောင်းပါသေးတယ်၊ ခုတော့ မိမိဟာ ကြောင်တောင်တောင် ဖြစ်နေရှာတယ်"

"ဒေါ်လေး သွားကြည့်သေးလား"

"ဒေါ်လေးကို မြင်ချင်မှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

"သူ့ရိုနဲ့အဒေါ်ကို ဒီဘဝမျိုးရောက်ပြီးမှ မိမိခမျာ ဘယ်မြင်ချင်ပါတော့မလဲ၊ သူ့အဖြစ်အတွက် ပိုပြီ ရင်နင့်နာကြည်းဖို့ပဲ ရှိတော့မပေါ့၊ ဒေါ်လေး သနားလိုက်တာ စန္ဒီရယ်"

တူဝရီးနှစ်ယောက် ခေါင်းချင်းဆိုင်ကာ မျက်ရည်ပေါက်ပေါက် ကျရချေပြီ။ ထိုညမှာလည်း စန္ဒီ ကောင်းစွာမအိပ်နိုင်၊ တစ်နေ့လုံး ပြေးလွှားပုန်းအောင်းရင်း





တစ်ကိုယ်လုံး ထုရိုက်ထားသလို နာကျင်နွမ်းလျနေလျက်နှင့်ပင် စိတ်တွေက အနားမရပေ။

လက်နက်များကို ကိုင်စွဲလျက် သားသမင် မိန်းမငယ်ကို လိုက်လံဖမ်းဆီးနေကြသော ဂျပန်စစ်သားများကို တစ်လှည့်၊ ကြောက်အားလန့်အား ပြေးလွှားနေရှာသည့် ခင်မိမိကိုတစ်လှည့် စိတ်ကူးမြင်ယောင်နေကာ ရင်မှာတနင့်နင့်ပင့်သက်တဖြာဖြာ။

မှေးခနဲ အိပ်ပျော်ခိုက်ဝယ် ဂျပန်စစ်သားတစ်စုသည် သူမ ပုန်းအောင်းနေရာကြံခင်းတစ်ဝိုက်သို့ ရောက်ရှိလာသည်ဟု အိပ်မက် မက်ပြန်သည်။ စန္ဒီသည် အသက်ပင် ပြင်းပြင်းမရှူဝံ့ဘဲ စန္ဒီ့နဖူးပြင်ဝယ် ချွေးပေါက်ကြီးများသီးလာရသည်။

ရုတ်တရက် စန္ဒီ့ ရှေ့မှောက်တွင် ဂျပန်တစ်ယောက် မားမားရပ်လာ၏။ စန္ဒီ တအားအော်ဟစ်လိုက်မည်ကြံသော်လည်း အသံထွက်မလာ။

"အို… ရှိန်မီရာစံ၊ ဟင်… ရင်ဘတ်မှာလည်း သွေးတွေနဲ့"

စန္ဒီက သူမရှေ့မှ သွေးသံတရဲရဲနှင့်လူထံ ပြေးသွားမိသည်။ အနားရောက်တော့ ရှိန်မီရာစံ မဟုတ်တော့၊ စန္ဒီ့အစ်ကို ကိုသူရိန်၊ စန္ဒီ တအင့်အင့် ရှိုက်ငိုလိုက်မိတော့သည်။

"ဟဲ့… စန္ဒီ၊ ဟဲ့… သမီး၊ ဘာလဲ… ဘာဖြစ်တာလဲ"

ဒေါ်မြနှစ်က အိပ်ရာမှ လူးလဲထကာ စိုးရိမ်တကြီး မေး၏။

"သွေးတွေနဲ့… ရင်ဘတ်မှာ သွေးတွေနဲ့"

စန္ဒီက ကယောင်ကတမ်းနှင့် အဒေါ်ကို ဖက်တွယ်ထားလေသည်။

"ဘာတွေ အိပ်မက် မက်နေပြန်ပါလိမ့်၊ အိပ်အိပ် သမီး ဘာမှတွေးမနေနဲ့၊ ရှော စိပ်ပုတီးကလေးစိပ်ပြီး အိပ်နော်သမီး"

အို… စစ်ရယ် အမြန်ဆုံး ပြီးဆုံးသွားပါစေတော့။

◆



www.burmeseclassic.com

www.burmeseclassic.com

## (၂၂)

စစ်ပြီးဆုံးခဲ့လေပြီ။

၁၉၄၅ ခုနှစ်၊ ဩဂုတ်လ (၆)ရက်နေ့တွင် ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့သည် မဟာမိတ်တို့၏ အဏုမြူဗုံး ကြဲချခြင်းခံရသည်။ တစ်ဖန် ဩဂုတ်လ (၉)ရက်နေ့ နံနက်တွင် နာဂါစာကီမြို့သည် အဏုမြူဗုံးဒဏ် ခံလိုက်ရပြန်လေ၏။

မြို့ကြီးနှစ်မြို့ကား ပျက်စီးသွားခဲ့ရပြီ။ ဒုတိယကမ္ဘာစစ်ကို ဖြစ်ပွားစေသူ လည်းမဟုတ်။ ဖက်ဆစ်စနစ်ကို ကျင့်သုံးထောက်ခံသူလည်း မဟုတ်သော တိုင်းသူ ပြည်သားတို့မှာ သေကျေပျက်စီးကြရသည်။ ထိခိုက်ဒဏ်ရာ ရကြသည်။ မြို့များမှာ မီးတောက်မီးလျှံ တညီးညီး၊ မီးခိုးပွင့်ကြီးများ မိုးထက် တအုံ့ဝေဝေ။ လူတို့၏ အသားသည် လောင်ကျွမ်းရသည်။ သွေးထဲတွင် ဓာတ်ရောင်ခြည်တို့ ပျံ့နှံ့ရသည်။ ဒုက္ခသည်များသည် ဘေးလွတ်ကင်းရာဘက်သို့ ပြောင်းရွှေ့လျက် မီးလောင်ပြာကျ ခဲ့သော သူတို့၏ နေအိမ်များဆီသို့ ကြောင်ကြောင်ငေးငေး ကြည့်ကြရရှာ၏။ ကယ်ဆယ်သူများသည်လည်း သူတို့၏ရင်ထဲ ဝင်ရောက်ခံစားကြည့်လျက် တရှိုက် တငင်ငင်။ ဩော်... အပြစ်မဲ့လူသားတို့ ခံစားရလေသော စစ်ဘေးဒဏ်။

ဩဂုတ်လ (၈)ရက်နေ့တွင် ရုရှားမှလည်း ဂျပန်နိုင်ငံသို့ စစ်ကြေညာလိုက် ပြန်လေသည်။

ဂျပန်နိုင်ငံ ဧကရာဇ်ဘုရင်မင်းမြတ် ဟီရိုဟီတိုကား သူ၏ နိုင်ငံတော်ကို 'ရှိဝါ ငြိမ်းချမ်းရေး' ဟူ၍ အမည်ပေးကာ နန်းတက်ခဲ့သူတည်း။ သူ၏ 'ငြိမ်းချမ်း





ရေး' ကား သူ့နိုင်ငံဝယ် ဆိတ်သုဉ်းနေခဲ့ရပြီ။ နှာကျင်သောရင်ဖြင့် သူ့တန်ခိုး အာဏာကို အသုံးပြုကာ သူ့တိုင်းသူပြည်သားတို့၏ ဒုက္ခဆင်းရဲတွင်း သည်ထက် မနက်ရလေအောင် သူ တားဆီးရတော့မည်။ သူသည် 'ပို့စ်ဒမ်-ကြေညာချက်' ကို လက်ခံရန် ဆုံးဖြတ်လိုက်သည်။

"ဆက်လက် စစ်တိုက်နေဦးမယ်ဆိုရင် နိုင်ငံရဲ့ ပျက်စီးခြင်း၊ ကမ္ဘာမှာ သွေးမြေကျ ရက်စက်မှုတို့ကို ပိုပြီးများပြား ရှည်ကြာစေခြင်းများကိုသာလျှင် ဖြစ်ပေါ် စေနိုင်တော့မယ်လို့ ကျွန်ုပ် အလေးအနက် စဉ်းစားခဲ့ပါပြီ။ အပြစ်ကင်းမဲ့သော ကျွန်ုပ်ရဲ့တိုင်းသူပြည်သားတွေ ဆက်လက်ခံစားနေရမှာကို ကျွန်ုပ် မကြည့်ရက်တော့ပါ ဘူး၊ စစ်ကို အဆုံးသတ်မှသာ ငြိမ်းချမ်းကြတော့မယ်၊ ဝန်ထုပ်ဝန်ပိုးကြီး ကျသွားပြီး ဆင်းရဲဒုက္ခကနေ လွတ်မြောက်ကြရပေတော့မယ်"

ပို့စ်ဒမ်ကြေညာချက်အရ မဟာမိတ်တို့၏ တောင်းဆိုချက်များကို လိုက် လျောလိုသူများနှင့် မကျေနပ်သူများ ဝိဝါဒကွဲပြားမှုများ ဖြစ်ပေါ်လာပြန်သည်။ ဆက်လက် တိုက်ပွဲဝင်လိုသူတို့မှာ မရှားလှပေ။

သို့သော် ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ (၁၅)ရက်နေ့ မွန်းလွဲပိုင်းတွင် ဂျပန် ဧကရာဇ်မင်းမြတ် ဟီရိုဟီတိုကိုယ်တိုင် အသံလွှင့်လျက် မဟာမိတ်တို့၏ ပူးတွဲ ကြေညာချက်ကို လက်ခံလိုက်ပြီဖြစ်ကြောင်း ကြေညာချက် ထုတ်ပြန်မိန့်မြွက် တော်မူလေ၏။

"တိုင်းပြည်နိုင်ငံအသီးသီးတို့ရဲ့ ပျော်ရွှင်မှု၊ ကောင်းမွန်တိုးတက်မှုနှင့်တကွ ကျွန်ုပ်တို့ တိုင်းသူပြည်သားများတို့ရဲ့ လုံခြုံမှုနဲ့ ကောင်းကျိုးချမ်းသာဟာ ကျွန်ုပ် တို့ရဲ့ အသည်းနှလုံးမှာ ပိုက်ယူထားရတဲ့ သမိုင်းပေးတာဝန်ဖြစ်ပါတယ်။

အခုတော့ တပ်မတော်၊ အစိုးရဝန်ထမ်းများနဲ့ ပြည်သူလူထု သန်းတစ်ရာဟာ အားသွန်ခွန်စိုက် တာဝန်ထမ်းရွက်ခဲ့သော်လည်း စစ်အခြေအနေဟာ ဂျပန်နိုင်ငံအတွက် အကျိုးမဲ့နေခဲ့ပါပြီ။

ဒါတင်မကဘဲ ဆိုးရွားရက်စက်လှတဲ့ အဏုမြူဗုံးဟာ အပြစ်မဲ့ အသက်ပေါင်း များစွာကို ဆုံးရှုံးစေခဲ့ပါပြီ။ ဆက်လက်စစ်တိုက်ခိုက်နေခြင်းဖြင့် ဂျပန်နိုင်ငံ ပြိုကွဲ ပျက်စီးရရုံမျှမက လူတို့၏ယဉ်ကျေးမှုဟာလည်း လုံးဝ ဆိတ်သုဉ်းပျောက်ကွယ် သွားရပါလိမ့်မယ်။

တိုက်ပွဲမှာ ကျဆုံးခဲ့ရတဲ့ စစ်သည်တော်တွေ၊ တာဝန်ထမ်းရင်း အသေခံ



www.burmeseclassic.com

www.burmeseclassic.com



သွားရတဲ့သူတွေ၊ အချိန်မတိုင်မီ သေမင်းနဲ့ရင်ဆိုင်ခဲ့ရသူတွေ သူတို့ရဲ့ ကျန်ရစ်တဲ့ မိသားစုတွေအကြောင်း တွေးလိုက်ရင် ကျွန်ုပ်တို့ရင်မှာ နာကျင်လှပါတယ်။

ရှေ့လျှောက်ရင်ဆိုင်ရမယ့် အခက်အခဲတွေဟာ အလွန်ကြီးမားလှပါတယ်၊ ဒါပေမဲ့ အချိန်နဲ့ကံကြမ္မာ ဖန်တီးလာတဲ့အတိုင်း မခံစားနိုင်လောက်တာကို ခံစားပြီး၊ မပေးဆပ်နိုင်လောက်တာကို ပေးဆပ်ပြီး ငြိမ်းချမ်းရေးလမ်းကို ခင်းကြရပါတော့မယ်။

မလိုလားအပ်တဲ့ခံစားချက် ပေါက်ကွဲမှုတွေကို ထိန်းသိမ်းပြီး နိုင်လာတဲ့ အနာဂတ်ဖြစ်လာဖို့ တည်ဆောက်သွားဖို့သာ ခွန်အားစုစည်းကြပါစို့''

ဂျပန်ပြည်သူပြည်သားတို့၏ ရှိုက်သံများ၊ မျက်ရည်များသည် တိုင်းပြည်အနှံ့ ဖုံးလွှမ်းခဲ့ရလေသည်။

ကြေညာချက်ကိုဖီဆန်ကာ တော်လှန်သူများလည်း ရှိခဲ့သည်။ ရှုံးနိမ့်ခြင်းထက် သေခြင်းကိုသာ ရင်ဆိုင်လျက် အသက်စတေးသွားသူများလည်း ရှိခဲ့သည်။

၁၉၄၅ ခုနှစ်၊ စက်တင်ဘာလ (၂)ရက်နေ့တွင် တိုကျိုပင်လယ်အော်၌ ရပ်ထားသော မစ်စူရီသင်္ဘောပေါ်၌ ဂျပန်စစ်ဗိုလ်ချုပ် ယူမီဇူနှင့် အဖွဲ့သည် ဘုရင့်ဂျပန်တပ်မတော်ကိုယ်စား လက်နက်ချ အရှုံးပေးကြောင်းကို ဗိုလ်ချုပ်ကြီး မက်အာသာနှင့်အဖွဲ့ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးခဲ့ရလေတော့သည်။

မြန်မာနိုင်ငံတွင် သထုံ၊ မော်လမြိုင်မှစ၍ တနင်္သာရီတိုင်းနှင့် အချို့ စစ်နယ်ပယ်များတွင် ကြွင်းကျန်နေသေးသော ဂျပန်တို့လည်း လက်နက်ချလိုက်ကြရလေပြီ။

ဦးမြအောင် အပါအဝင် ပြည်မမှ အမှုထမ်းဟောင်းတချို့သည် ရှုလိုင်လဆန်းပိုင်းကပင် ရန်ကုန်သို့ ပြန်သွားရသည်။ ဗြိတိသျှအစိုးရလက်အောက်တွင် အလုပ်ဝင်ရန် အမြန်ဆုံး အမိန့်ရရှိသောကြောင့်ပင်တည်း။

ဒေါ်မြနှစ်က မိသားစုကို အုပ်ထိန်းလျက် တောင်ကြီးတွင် ကျန်ရစ်သည်။ တောင်ကြီးမှ ထွက်ပြေးနေရစဉ်အတွင်း ဒေါ်မြနှစ်တို့၏ အစိုးရနေအိမ်ကလေးသည် မီးလောင်ကျွမ်းလျက် ထားခဲ့သောပစ္စည်းအားလုံး ဆုံးရှုံးခဲ့ရလေသည်။ ဘေးချင်းကပ်လျက်နေအိမ်မှ အစိုးရဝန်ထမ်းမိသားစုမှာ ရန်ကုန်သို့ တစ်ပါတည်း ပြောင်းရွှေ့လိုက်ပါသွားသဖြင့် ယင်းနေအိမ်တွင် ဒေါ်မြနှစ်တို့ ခေတ္တခိုနား ကျန်ရစ်ကြရသည်။

ဦးမြအောင်အနေနှင့် ရန်ကုန်တွင် ကျန်ရစ်သောနေအိမ်မှာ ပျက်စီးခဲ့ပြီဖြစ်၍ ပြုပြင်ရန် အချိန်ယူရဦးမည်။ တစ်ဖန် ဒေါ်မြနှစ်တို့သည်လည်း သူရိန် ပြန်အလာကို





စောင့်ဆိုင်းလိုကြသေးသည်။ ရှမ်းပြည်နယ်တွင် တော်လှန်ရေးသည် ပြီးဆုံးခဲ့ပြီမို့ သူရိန် ပြန်ရောက်လာမည့်နေ့ကို စောင့်မျှော်နေကြရသည်။ စုံစမ်းကြရသည်။ သတင်းကား အစအနပင်မရ။ ရှမ်းလူငယ်နှစ်ဆယ်ကျော်ပါဝင်သော တော်လှန်ရေး အဖွဲ့ငယ်သည် ခြေရာပျောက်ဆဲ။

ခင်မိမိတစ်ယောက်ကဖြင့် လွတ်လပ်ရေးအတွက် ဆက်လက်လှုပ်ရှား ဆောင်ရွက်ဆဲ။ သူမ၏ မျက်နှာသည်ကား တင်းမာခဲ့ပြီ။ ရွှင်လန်းဖျတ်လတ်သောအသွင်သည် အရေခွံခွာချခဲ့သလို ပျောက်ဆုံးခဲ့ပြီတည်း။

''မိမိလေ လွတ်လပ်ရေးအတွက် အသက်ရှင်နေတာ၊ လွတ်လပ်ရေး မရမချင်း မိမိတာဝန် မပြီးဆုံးသေးဘူး''

ဟု ဒေါ်မြနှစ်ကို ပြောသည်။

''ကိုသူရိန့်သတင်းကို မိမိ အမြဲစုံစမ်းနေပါတယ်၊ ကိုသူရိန့်အတွက်ပါ၊ ပြီးတော့ ဒေါ်လေးတို့အတွက်ပါ။ မိမိကတော့ မမျှော်တော့ပါဘူး ဒေါ်လေးရယ်''

ဟု ပြောစဉ်တွင် မိမိ၏ နှုတ်ခမ်းများသည် နာကြည်းခြင်းဖြင့် တုန်ယင်နေခဲ့လေ၏။

မိုးအကုန်တွင်တော့ ဒေါ်မြနှစ်တို့ ပြည်မသို့ ပြန်ကြရတော့မည်။ ရှမ်းပြည်နယ်သို့ တော်တော်နှင့် ပြန်ရောက်နိုင်မည်မဟုတ်၍ ဆွေမျိုးမိတ်ဆွေ သင်္ဂဟများကို လှည့်လည်အောင် လိုက်လံနှုတ်ဆက်ကြရလေသည်။

ဒေါ်မြနှစ်နှင့် စန္ဒီသည် စဝ်စံထွန်းလမ်းမှ ခင်မိမိတို့နေအိမ်သို့သွား၍ နှုတ်ဆက်သည်။ ခင်မိမိသည် စက်တီးကလေးနှင့် အပြင်မှပြန်ရောက်လာကာ ခြံဝတွင် အသင့်ဆုံတွေ့လေ၏။

''ဟော… ဒေါ်လေး''

အသက်မပါသော နှုတ်ဆက်ခြင်း။

''ဒေါ်လေးတို့ နက်ဖြန်ပြန်ကြတော့မယ်''

''သေချာသွားပြီလား''

''သေချာသွားပြီ''

အိမ်ထဲတွင် ခင်မိမိ၏အစ်မသည် ကလေးနို့တိုက်လျက် ရှိသည်။ ဒေါ်မြနှစ်ကိုမြင်တော့ နွေးထွေးစွာ ဆီးကြိုသည်။

''ဒေါ်လေးလာပါ… ဒီမှာထိုင်''



www.burmeseclassic.com

www.burmeseclassic.com



ခင်မိမိ အဝတ်သွားလဲနိုက် ခင်မိမိ၏အစ်မသည် ခင်မိမိတစ်ယောက် နှုတ်ဆိတ်ငြိမ်သက်သွားသည်မှအပ အသင်းအဖွဲ့နှင့် စတင်ပြန်လည်လှုပ်ရှားနေပြီဟု သတင်းပေးရှာ၏။

“ပြန်သာပြန်ရမယ်၊ သံယောဇဉ်တွေ တောင်ကြီးမှာပဲ ကျန်ရစ်တော့မှာပဲ သမီးရယ်”

ခင်မိမိသည် ထိနိုက်လှုပ်ရှားခြင်းမရှိတော့သော ကျောက်ရုပ်မျက်နှာနှင့် ဒေါ်မြနှစ်တို့တူဝရီးကို ဧည့်ခံစကားပြောနေလေ၏။

“ဒေါ်လေးတို့အတွက် သမီးဟာ ဟိုတုန်းက မိမိပါပဲ။ ဘာမှ မပြောင်းလဲပါဘူး သမီးရယ်၊ သားသူရိန်အတွက်လည်း ဒီအတိုင်းပဲရှိမှာပါ။ ဒီစကားကိုတော့ ဒေါ်လေး အလေးအနက်ပြောခဲ့ချင်တယ်၊ မိမိ လက်ခံပါကွယ်”

“မိမိအတွက် မထူးတော့ပါဘူး၊ မိမိမှာ မိဘလည်း မရှိတော့ဘူး၊ အစ်ကို အစ်မတွေကလည်း သူတို့အိမ်ထောင်နဲ့သူတို့ ရပ်တည်နိုင်နေတာပဲ၊ မိမိမှာ လွတ်လပ်ရေးရဖို့တာဝန်ပဲ ကျန်ပါတော့တယ်”

ခင်မိမိ ပြောပုံဆိုပုံကို ဒေါ်မြနှစ် ဘဝင်မကျ။ စစ်အတွင်း ပျက်စီးလေလွင့်ခဲ့ကြသော မိန်းကလေးတွေ အများကြီးပေပဲ။ ခင်မိမိမှာမူ အပြစ်ကင်းမဲ့သူပါ။ မတရားမှုကြောင့် ဆုံးရှုံးရခြင်းသည် ဤမျှ အရိပ်ထိုး မနေသင့်ပါ။ ယခုမူ အတိတ်ဆိုးသည် ခင်မိမိကို လွှမ်းမိုးနေလေပြီ။

“ဒေါ်လေးတို့ ရန်ကုန်ရောက်ပြီးရင် စာရေးလိုက်မယ်၊ မိမိလိုက်ခဲ့ပါ၊ ရန်ကုန်ရောက်မှ မိမိရဲ့အလုပ်တွေ ဆက်လုပ်နိုင်သားပဲ၊ ရေပြောင်းမြေပြောင်းပေါ့၊ သမီးရယ် ကောလိပ်လည်းပြန်တက်၊ သူရိန်ကို ဒေါ်လေးတို့နဲ့အတူ ကြိုကြရအောင်”

ဒေါ်မြနှစ် သိသည်။ သားသူရိန်တို့အတွက်တော့ မိမိ ရေတိမ်နစ်ရသည့်အဖြစ်သည် ဖက်ဆစ်တော်လှန်ရေးအတွင်း အရှုံးတစ်ရပ်အဖြစ်သာ ထင်ဟပ်မှာပါ။ မိမိအပေါ်ထားရှိသောတန်ဖိုးကား အပြောင်းအလဲ လုံးဝရှိမည်မဟုတ်ပါ။

စန္ဒီသည် ခင်မိမိ၏ သက်ဝင်လှုပ်ရှားခြင်းကင်းမဲ့သော မျက်နှာကိုငေးကြည့်ရင်း ရင်ထဲတွင် တနင့်နင့်နာသည်။ စစ်မီးသည် စန္ဒီကို ရင့်ကျက်စေခဲ့ပါပြီ။ တစ်ဖန် ချစ်သူနှင့်အစ်ကို ဆန့်ကျင်ဘက် စစ်သည်တော်နှစ်ဦးကို စောင့်မျှော်ရင်းက ရင်တွင်းမှ ဝေဒနာသည်လည်း အသားမာတက်စပြုလာပါပြီ။ သို့သော်လည်း စန္ဒီ မျှော်လင့်နေပါသေးသည်။ ချစ်လှစွာသော အစ်ကို မြန်မာ စစ်သည်တော်လည်း ပြန်ရောက်လာစေချင်





သည်။ ချစ်လှစွာသောချစ်သူ နီပွန်စစ်သည်တော်ကိုလည်း ပြန်လည်ဆုံတွေ့ချင်ပါသေးသည်။

“ရန်ကုန်က ဒေါ်လေးတို့အိမ် ပြန်ဆောက်ပြီးသွားပြီ၊ ပြင်တယ်ဆိုပေမယ့် ပြန်ဆောက်ရတာပဲ ထားပါတော့၊ နေစရာအမိုးတော့ ရှိနေသေးလို့ တော်ပါသေးတယ်၊ တချို့လူတွေများ နေစရာမရှိ၊ စားစရာမရှိ”

ဒေါ်မြနှစ်၏ သွယ်ဝိုက်အားပေးသောစကားများကို ခင်မိမိက နားစိုက်ဟန်ပြသည်။ နားမဝင်ကြောင်း ဒေါ်မြနှစ် မသိထားဘိ စန္ဒီပင် သိနိုင်နေခဲ့သည်။ ခင်မိမိသည် သူမ၏စကားနှင့်အညီ လွတ်လပ်ရေးအတွက်သာ အသက်ရှင်နေပါသည် ဆိုခြင်းမှာ ဟုတ်လောက်လေရဲ့။

“အခု စန္ဒီတို့ အင်္ဂလိပ်လက်အောက် ပြန်ရောက်နေကြတာပေါ့နော်”

ဟု စန္ဒီက မေးလိုက်လေသည်။

“ဒါပေါ့၊ ဒါကြောင့်လည်း လွတ်လပ်ရေးအတွက် ဆက်ပြီးတိုက်ပွဲဝင်ကြရဦးမယ်၊ ပြီးတော့ တိုင်းပြည်ဟာ စစ်ဒဏ်ခံခဲ့ရလို့ ဖွတ်ဖွတ်ကြေနေပြီ၊ ပြန်လည်ထူထောင်ရေးတွေ လုပ်ကြရဦးမယ်”

ခင်မိမိ၏အာရုံသည် လွတ်လပ်ရေးအတွက် တကယ်ပင်ရှင်သန်လှုပ်ရှားနေသေးလျက် စန္ဒီအမေးကို စိတ်ပါလက်ပါ ဖြေကြားရှင်းပြနေလေ၏။

ဒေါ်မြနှစ်သည် ဆံပင်ကိုပြင်ဖြီးကာ ဘီးကျော်ပတ်တင်းတင်း ပြန်ထုံးဖွဲ့လိုက်လေသည်။

မိုးအကုန် ဆောင်းအကူးဝယ် လေနုအေးက ဇွတ်ခနဲတိုက်ခတ်လာသည်။

“ကောလိပ်ကျောင်းလည်း ပြန်ဖွင့်တော့မှာပဲ၊ မိမိ ပြန်တက်မယ် မဟုတ်လား”

“အလုပ်တွေ ရှိသေးတယ် ဒေါ်လေး၊ မိမိတို့အဖွဲ့တွေလည်း ဘယ်သူမှ ကျောင်းပြန်တက်ဖို့ စိတ်မကူးကြသေးပါဘူး၊ မိမိ ဆရာမ ဝင်လုပ်မယ်လို့တော့ စိတ်ကူးပါတယ်၊ အချိန်တွေ ပိုနေမှာစိုးလို့လေ”

“စန္ဒီတော့ ရန်ကုန်ရောက်ရင် စာပြန်ဖတ်ပြီး တက္ကသိုလ်ဝင်တန်း ပြန်ဖြေရမယ် မမမိရဲ့၊ ဘဘက စီစဉ်ပြီးနေပြီ”

“ဒါပေါ့ စန္ဒီ၊ ကျောင်းပြန်တက်ရမှာပေါ့၊ စစ်အတွင်းရပ်နားထားရတာတွေ အရှိန်နဲ့ ပြန်စကြရမှာကိုး၊ စန္ဒီ ငယ်ငယ်လေးရှိသေးတာ၊ စန္ဒီ့အတွက် အခုမှ ဘဝစမှာ”



www.burmeseclassic.com

www.burmeseclassic.com



"စစ်အတွင်းမှာ စန္ဒီလည်း လူကြီးဖြစ်လာပါပြီ မမမိရယ်"

ခင်မိမိက ကလေးအဖြစ် မှတ်ယူထားခဲ့သော နန်းမြစန္ဒီကို ပထမအဖြစ် အာရုံစိုက်၍ ကြည့်မိသည်။ မျက်နှာကလေးသည် နုနယ်ဆဲ။ မျက်လုံးကလေးများသည် ရိုးသားဆဲ။ သို့သော်လည်း စန္ဒီတွင် အပူအပင်ကင်းသော ကလေးအသွင် ကွယ်ပျောက်ခဲ့လေပြီ။ စစ်သည် စန္ဒီကို ရင့်ကျက်စေခဲ့လေပြီတည်း။

"အိမ်မှာ အတာ ကျန်ရစ်တယ်၊ ဒေါ်လေးတို့ပြန်မှ"

"မနက်ဖြန် မိမိ ပဲပုပ်နဲ့ပဲတွန် လာပို့မယ် ဒေါ်လေး"

"မပို့ပါနဲ့တော့ သမီးရယ်၊ အလုပ်ပိုနေမှာပေါ့"

"အလုပ်မပိုပါဘူး ဒေါ်လေးရယ်၊ မိမိ ပစ္စည်းဝိုင်းသိမ်းပေးဖို့တောင် သင့်ပါတယ်၊ ဒါပေမဲ့ စိတ်က သိနေတာကို လူက လိုက်မလုပ်ဖြစ်ဘူး"

မိမိခမျာ လူတွေကြားထဲ တိုးဝင်နေရလျက်က လူတွေနှင့် ရင်မဆိုင်ချင်တော့သည့်အဖြစ်နှင့် ကြုံနေရှာသည်ကို ဒေါ်မြနှစ် စာနာမိပါ၏။

"ဘာပစ္စည်းမှလဲ သိမ်းစရာ သိပ်မရှိပါဘူး မိမိရယ်"

လေးလံသောခြေလှမ်း ဆို့နင့်သောရင်ဖြင့် တူဝရီးနှစ်ယောက် ခင်မိမိထံမှ ပြန်လာသည်။

"ဒေါ်လေးလေ၊ မိမိကို နည်းနည်းမှ အားမရဘူး၊ စက်ရုပ်လိုပဲ"

"စန္ဒီလည်း မမမိက အရင်နဲ့မတူတာတော့ သိတယ်"

"အေးကွယ်... ပန်းကောင်း အညွှန့်ချိုးခံလိုက်ရတာ၊ တန်ဖိုးထားထိန်းသိမ်းခဲ့ရသူအဖို့တော့ ဘယ်မှာ ဖြေလို့ပြေနိုင်မလဲ"

"စန္ဒီသာဆို ကိုယ့်ကိုယ်ကိုယ် သတ်သေပစ်လိုက်မှာပဲ၊ စန္ဒီ့ကိုယ်ကြီးကို စန္ဒီ ဘယ်လောက်ရွံလိုက်မလဲ"

ဒေါ်မြနှစ်၏မျက်နှာသည် ပြင်းထန်စွာ ဝေဒနာခံစားနေရသူပမာ တစ်ချက် တွန့်လိမ်ရှုံ့မဲ့သွား၏။

"မိမိဟာ အသက်ရှင်လျက်နဲ့ သေနေပြီ၊ ဒေါ်လေးတို့ သူ့ကိုပြန်ပြီး ပျော်လာအောင် အသက်ဝင်လာအောင် အနီးကနေ လုပ်မပေးနိုင်တာ ဒေါ်လေး စိတ်မကောင်းလိုက်တာ"

အိမ်အပြန်လမ်းတစ်လျှောက် မီးလောင်မြေများ၊ ပြိုကျပျက်စီးနေသော တိုက်အိမ်များ၊ မီးလောင်ကျွမ်းထားသော အိမ်တိုင်များ၊ စစ်၏အရိပ်အကြွင်း





အကျန်တို့သည် စိုးမိုးနေသေးသည်။

အချို့ တိုက်ပျက်များ နံဘေးတွင် တဲများထိုးထားသည်။ အချို့နေရာများတွင် အိုးသစ်အိမ်သစ် အနိုင်အမာ ပြန်လည်ဆောက်လုပ်နေကြပြီ။

ပျက်အစဉ် ပြင်ခဏပါ ပြန်လည်ထူထောင်ရေး လုပ်ရမည်ဆိုသော ခင်မိမိ တစ်ယောက် သူမကိုယ်သူမ ပြန်လည်ထူထောင်လာဖို့ ဒေါ်မြနှစ် နည်းလမ်း ရှာရမည်။

သား သူရိန်၊ ဘယ်လမ်း ဘယ်စခန်း ရောက်လို့နေပါလိမ့်၊ သားပြန်လာမှ မိသားစု၏ရင် အေးရချိမ့်မည်။

ထို့ပြင်တစ်ဝ သား၏ ရပ်တည်အားပေးမှုဖြင့် ခင်မိမိဘဝ တစ်ဖန်နာလန် ထူလာနိုင်ပါလိမ့်ဦးမည်။ စစ်ရေးကြောင့် လည်းကောင်း၊ ပူပူနွေးနွေး ရှိခဲ့သေးသော အဆွေးဓာတ်ခံကြောင့် လည်းကောင်း၊ ခင်မိမိအပေါ် တူကလေး စိတ်မဝင်စား နိုင်သည့်တိုင် စစ်ပြီးဆုံးချိန်မှာတော့ တူကလေး၏ရင်မှာ အချစ်ပင်အသစ်ပျိုးနိုင် လောက်ပါပြီ။ ခင်မိမိထံမှရရှိထားသော မေတ္တာများစွာသည် တူကလေးတို့သားအမ တစ်ဘဝစာမက ဖူလုံနေမှာပါ။

အိမ်ပြန်ရောက်လာခဲ့ပြီ။

ဒေါ်လေး အိမ်ထဲဝင်သွားသော်လည်း စန္ဒီ မဝင်သေးဘဲ တစ်ဖက်မှ စန္ဒီတို့ နေထိုင်ခဲ့သော တိုက်ပျက်ကလေးကို လွမ်းလွမ်းဆွေးဆွေး ကြည့်မိသည်။

ထိုအိမ်ကလေး မပျက်မစီးမီက စန္ဒီတို့ ပျော်ပျော်ပါးပါး နေထိုင်ခဲ့ဖူးသည် ဆိုခြင်းမှာ ယခုတော့ အိပ်မက်လိုပါပဲ။ ရှိန်မီရာစံနှင့် ဗိုလ်ယာမာမိုတိုတို့ ဝင်ထွက် သွားလာခဲ့ဖူးသည်မှာလည်း အစစ်အမှန် ဖြစ်ပျက်ခဲ့ပါရဲ့လားဟု ပြုံးမဲ့မဲ့ကလေး တွေးတောမိသည်။

"ပြန်မတွေ့ကြဘူးဆိုရင် စန္ဒီ ကျွန်တော့်ကို တစ်ခါတလေ သတိရ မလား" တဲ့။

"အမြဲတိရနေမှာပါ"

ဟု စန္ဒီ အဖြေပေးခဲ့သည်။

အမြဲအစဉ် သတိရနေခဲ့တာပဲ မဟုတ်လား၊ ဂျပန်တပ်များ ဆုတ်ခွာလာ၍ ကြုံခင်းထဲမှာ၊ တောင်စောင်းမှာ၊ လေထဲမိုးထဲမှာ အစာငတ်ရေငတ် ဒုက္ခခံစား၊ ပုန်းအောင်းနေရစဉ်မှာပင် သူ့ကို မမေ့နိုင်ခဲ့ပါ။

တိုက်ပျက်ကလေးရှေ့တွင် လော်ရီကားတစ်စီး ထိုးဆိုက်လိုက်သည်။ ကားမှ



www.burmeseclassic.com

www.burmeseclassic.com



အိမ်မင်းစုတ်ပြတ်လျက် ယဲ့ယဲ့သာရှိသော်လည်း ဘရိတ်အုပ်လိုက်စဉ်မှာတော့ တာယာနှင့်လမ်း ပွတ်တိုက်သံသည် ကျယ်လောင်စွာ မြည်ဟည်းသွားတော့သည်။

ကားပေါ်တွင် ကုန်အပြည့် တင်ထားသည်။ တာလပတ်အုပ်ထားသဖြင့် ဘာတွေမှန်း မမြင်ရသော်လည်း ဝန်နှင့်အားမမျှအောင်ပင် ပြည့်မောက်လျက် ရှိလေသည်။

လော်ရီကားရှေ့ခန်းမှ လူတစ်ယောက် ခုန်ဆင်းလာသည်။ ထိုသူက စက်မသတ်သောကားကို လက်ပြ၍တားကာ အိမ်ပျက်ကလေးကိုတစ်လှည့် စန္ဒီတို့အိမ်ဘက်သို့တစ်လှည့် ကြည့်နေ၏။

စန္ဒီကိုမြင်တော့ ကားမောင်းသူကို စောင့်ဆိုင်းဖို့လားမသိ တစ်စုံတစ်ရာ လှမ်းပြောကာ စန္ဒီရှိရာသို့ လျှောက်လာသည်။

စန္ဒီက ဝင်းဝရပ်ကာ လှမ်းကြည့်နေခဲ့၏။

"ဟိုဘက်အိမ်က ဦးမြအောင်ဆိုတာ..."

"ရန်ကုန်ပြောင်းသွားပါပြီရှင်၊ ဘာကိစ္စရှိလို့ပါလဲ"

"အင်း... ထင်တော့ထင်သား၊ စစ်အတွင်းကလူတွေ နေရာယောင်းမှာ ရှိချင်မှ ရှိတော့မယ်လို့"

စန္ဒီက ဦးမြအောင်ရဲ့သမီးပါ၊ ဦးလေး ကိစ္စရှိရင် စန္ဒီကို မှာခဲ့နိုင်ပါတယ်"

အဘိုးကြီး ဝမ်းပန်းတသာ ဖြစ်သွားလျက် စန္ဒီကို ခြေဆုံးခေါင်းဆုံး လှေလာတော့သည်။ စန္ဒီ အနေရခက်ကာ ရှက်စနိုး ပြုံးမိသည်။

"အဲ... ဟုတ်ပြီ၊ တွေ့ချင်တာ ဦးမြအောင်ကို မဟုတ်ပါဘူး။ ဦးမြအောင်ရဲ့ သမီး ဒီတူမလေးကိုပါ၊ ဦးလေးသားက မှာလိုက်တယ်၊ ချောချောလှလှ ပါးချိုင့် ကလေးနဲ့တဲ့၊ တော်သေးရဲ့ ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ပေလို့၊ ဟောဒီမှာ တူမလေး အတွက် ပေးစရာပစ္စည်း ပါလာတယ်"

လော်ရီကားမှ ဟွန်းတတီတီ မြည်လာသည်။

အဘိုးကြီးက ကမန်းကတန်း အထုပ်ကလေးတစ်ထုပ်ကို နွမ်းဖပ်သော တိုက်ပုံအင်္ကျီ၏ အတွင်းအိတ်ထဲမှထုတ်ယူကာ စန္ဒီကို ပေး၏။

"အမှန်တော့ စာတစ်စောင်လည်းပါတယ်တဲ့ တူမလေးရဲ့၊ ဒါပေမဲ့ အဲဒီစာကို ဦးလေးရဲ့သားက ဘယ်ကျပျောက်မှန်း မသိလိုက်ဘူး၊ အဲ့ဒါ အတော် စိတ်မကောင်း ဖြစ်တယ်၊ အသေအချာသိမ်းထားရင်းက လမ်းမှာ ကားတိုက်၊ ကားပျက် အတော်





ကသီလင်တဖြစ်တယ် တူမရယ်"

"ဦးလေးရဲ့သားက ဘယ်သူလဲ"

"မောင်ဘိုးမှိန်တဲ့၊ တူမကလေး သိမှာမဟုတ်ပါဘူး၊ သူက ပေးလိုက်တာ ဆိုပေမယ့် သူပေးတဲ့ပစ္စည်းလည်း မဟုတ်ဘူး ကလေးရဲ့၊ ပဲခူးဘုရားကြီးမှာ မိတ်ဆွေဖြစ်ခဲ့တဲ့ ဂျပန်ကလေးတစ်ယောက်က ပေးခိုင်းတာတဲ့၊ ခုရှမ်းပြည်နယ် တက်တော့ မောင်ဘိုးမှိန် အပြင်းဖျားပြီး မိတ္ထီလာမှာ ကျန်ရစ်တယ်"

ကားမှဟွန်းသံ အဆက်မပြတ် မြည်ဟည်းလာပြန်တော့သည်။

"သွားမယ်တူမရေ၊ ကားမောင်းတဲ့ကောင်က စိတ်ရှည်တာ မဟုတ်ဘူး၊ မတော်ထားခဲ့မှဖြင့် ဦးလေးက ရှမ်းပြည်နယ်လည်း အရင်ကတစ်ခါမှ မရောက်ဖူး ဘူးကွဲ့၊ ခုမှ မောင်ဘိုးမှိန်ခေါ်လို့ လိုက်လာရတာ၊ သွားမယ်နော်"

အဘိုးကြီးက ခြေကုန်သုတ်တော့၏။ စန္ဒီက စက္ကူထုပ်ကလေးကို လက်တွင် တင်းတင်းဆုပ်ရင်း ငေးငိုင်နေပြီးမှ သတိဝင်လာကာ အဘိုးကြီးနောက်သို့ အပြေး လိုက်သွားသည်။

အဘိုးကြီးလည်း ကားပေါ်ရောက်၊ ကားလည်း ဘီးလိမ့်ပြီ။

"ဦးလေးရေ... ဦးလေး..."

ကားရှေ့မှ အဘိုးကြီးက သမင်လည်ပြန် လှည့်ကြည့်လေသည်။

"အခု သူ ဘယ်မှာလဲဟင်"

"မောင်ဘိုးမှိန်လား၊ မိတ္ထီလာမှာ"

"မဟုတ်ဘူးလေ၊ ဒီပစ္စည်းပေးလိုက်တဲ့ ဂျပန်လေးလေ"

"အဲဒါတော့ ဦးလေးလည်း မသိဘူး၊ ဒီထွက်လာမယ့် မနက်မှ သားက ကမန်းကတန်း မှာလိုက်တာ၊ သေချာ ဘာမှမသိရဘူးကွဲ့"

"ဘယ်တုန်းက ပေးခိုင်းတာလဲဟင်"

စန္ဒီက လမ်းဘေးမှရပ်ကာ လည်တဆန့်ဆန့်လုပ်၍ အော်ဟစ်ကာ မေးမိသည်။ ကားကြီးက တဖြည်းဖြည်း ဝေးသွားလေပြီ။

အဘိုးကြီးကလည်း ဖြေသည်။ ဘာတွေမှန်းမသိ။ မသဲမကွဲ။ ကားစက်သံနှင့် ရောယှက်ထွေးလျက် စန္ဒီ လက်လျှော့လိုက်ရလေတော့သည်။

ကားလမ်းဘေးမှာပင်ရပ်ကာ လက်ကလေးဖြန့်လျက် စက္ကူထုပ်ကလေးကို ကြည့်မိသည်။ နှစ်လက်မပတ်လည်ခန့် အထုပ်ကလေး။



www.burmeseclassic.com

www.burmeseclassic.com



စက္ကူကိုဖြေကြည့်တော့ အထဲတွင် နောက်ထပ်စက္ကူတစ်ထပ်။ သို့နှင့် စက္ကူတစ်ထပ်ပြီးတစ်ထပ်။

ရွှေနန်းကြိုးနှစ်ပင်လိမ်ယှက်နေသော ရွှေလက်စွပ်ကလေး။ အို… ရှိန်မီရာစံအတွက် စန္ဒီပေးလိုက်သော အမှတ်တရပစ္စည်းကလေး။

"ကျွန်တော် အမြဲဝတ်ထားပါ့မယ်"တဲ့။ သူပြောသွားသော စကားကလေးကို ယခုပင်ပြောနေသလို စန္ဒီ့နားမှာ နွေးနွေးထွေးထွေး ကြားယောင်နေဆဲပါ။ ယခု ဒီလက်စွပ်ကလေးသည် အဘယ်ကြောင့် စန္ဒီ့လက်ဝယ် ရောက်ရှိလာရပါသနည်း။ ရှိန်မီရာစံသည် စန္ဒီ့လက်စွပ်ကလေးကို သူက ဘယ်ဘက် လက်သူကြွယ်ဝယ် တယုတယမြတ်နိုးစွာ ဝတ်ဆင်ခဲ့သည် မဟုတ်လား။

ယခု ဘယ်အတွက်ကြောင့် မဝတ်ဆင်ပါတော့သလဲ။ မဝတ်ဆင်ချင်တော့တာ မဖြစ်နိုင်ပါ၊ မဝတ်ဆင်နိုင်တော့တာလား။ အို… ဘာလို့ မဝတ်ဆင်နိုင်ရမှာလဲ။

ရင်ဝယ် မတင်မကျနှင့်ပင် အိမ်ဘက်သို့ ပြန်လှည့်လာသည်။

ဒေါ်မြနှစ်က အိမ်တံခါးဝမှနေ၍ တူမကို စောင့်ကြိုနေ၏။

"ဘယ်သူလဲ စန္ဒီ"

စန္ဒီ လက်ဝါးကို ဖြန့်ပြသည်။

"အဲဒါ ဘာလဲ"

"စန္ဒီ့လက်စွပ်"

အသံက အက်အက်ကွဲကွဲကလေး ဖြစ်နေသည်။

"စန္ဒီ့လက်စွပ်မှန်း ဒေါ်လေးသိတာပေါ့"

"စန္ဒီ ရှိန်မီရာစံကို ပေးလိုက်တာ"

တူမငယ်၏မျက်လုံးများက ရည်ရွှန်းမဲ့ ငေးစိုက်လျက်-

"အဲဒီတော့…"

တူမကလေး၏လက်တွင် ဤလက်စွပ်ကလေး မတွေ့မမြင်သည်မှာကြာခဲ့ပြီ။ လက်မှချွတ်၍ သိမ်းဆည်းထားသည် ယူဆသောကြောင့် မမေးဖြစ်ခဲ့။ ရှိန်မီရာစံကို ပေးလိုက်သည်ဟု ခုမှသိရတော့လည်း အထွေအထူး အံ့ဩခြင်း မရှိပြန်ပေ။

"ခုနက အဘိုးကြီးကပြောတော့ ရှိန်မီရာစံက ပေးခိုင်းလိုက်တာတဲ့"

စန္ဒီ့အသံ ငိုသံပါလာသည်။





"ဒါဖြင့် သူကောဟင်"

စန္ဒီ မျက်ရည်ရစ်ဝဲလျက် ခေါင်းခါသည်။

"မသိဘူးတဲ့ ဒေါ်လေး"

ဒေါ်မြနှစ်သည် တူမလေးကို မချိတင်ကဲ ပွေ့ဖက်လိုက်သည်။ စန္ဒီ ငိုတော့မည် ယူမှတ်သော်လည်း မငိုပါ။ အဒေါ်ကို အားပြုဖက်တွယ်လိုက်သော လက်ကလေးကတော့ တဆတ်ဆတ်တုန်နေတော့သည်။

အပြီးအပိုင် မျှော်လင့်ချက်တွေကို စွန့်လွှတ်လိုက်ရခြင်းနှင့် နှိုင်းဆလျှင် မရေရာလည်း ရှိပါစေ။ ဆက်လက် မျှော်လင့်နေနိုင်သေးလျှင် တော်ပါသေး၏။ စန္ဒီ ဆက်ပြီး မျှော်လင့်နေချင်သေးသည်။

အချစ်သည်သာ ကိုးကွယ်ရာဖြစ်လေသော စန္ဒီငယ်အဖို့မှု သူသာ ပြန်ရောက်လာလျှင် ဝမ်းပန်းတသာ ဆီးကြိုလျက် ဘယ်သောင် ဘယ်ကမ်းဆိုက်ဆိုက် ချစ်သူခေါ်ရာ လိုက်မိမှာပါ။

သို့သော်လည်း သူကား ပြန်ရောက်မလာခဲ့။

သူ့ကိုယ်စား ရောက်လာသော လက်စွပ်ကလေးသည်သာ စန္ဒီ့အသည်းနှလုံးကို ခြေမန်းကွင်းစွပ်ထားလိုက်လေသည့်နှယ် သည်နှလုံးသားဝယ် အချစ်သည် အသစ်တစ်ဖန် ထပ်မံပေါက်ဖွားလာခြင်း မရှိနိုင်တော့ပြီတကား။

◆



www.burmeseclassic.com

www.burmeseclassic.com

## (၂၃)

ဆောင်းဟေမန် လရာသီသည် နှစ်သက္ကရာဇ် စက်ဝန်းတစ်ပတ်ရစ်လည်ကာ တစ်ကျော့တစ်ဖန် ရောက်ရှိလာပြန်လေပြီ။ ဆီးနှင်းတဖွဲဖွဲ ကျဆင်းမင်းမှုကာ ပတ်ဝန်းကျင်တစ်ခွင်တစ်ပြင်လုံး မှုန်မှိုင်းလျက်နေလေ၏။

စန္ဒီသည် ဖလန်နယ် အနွေးထည် တစ်ပတ်နွမ်းကလေး ဝတ်ဆင်ထားလျက်က မေးကလေးတုန်ခိုက်အောင် ချမ်းအေးနေရသည်။

ဦးမြအောင် အလုပ်သွားတော့မည်ဖြစ်ရကား အဆင်သင့် ကားထွက်နိုင်ရန် အိမ်ရှေ့ ဆင်ဝင်အောက်တွင် ရပ်ထားသော အော်စတင်ကား အနက်ကလေးကို စန္ဒီက ကားစက်ဖုံးဖွင့်ပြီး ရေထည့်နေသည်။

အတာက အဝတ်စုတ်တစ်ခုနှင့် ကားကိုလှည့်ပတ်ကာ ဖုန်သုတ်နေသည်။ အတာသည်လည်း ဖလန်နယ် ဘောင်းဘီရှည်၊ အင်္ကျီလက်ရှည်နှင့်။

ရန်ကုန်ပြန်ရောက်၍ နေသားတကျရှိသည်နှင့် ဦးမြအောင်က ဤကားကလေးကို ဝယ်ယူလိုက်လေသည်။ သူတို့သည် စစ်အတွင်း ပစ္စည်းအတော်များများ ဆုံးရှုံးသွားခဲ့သည့်တိုင် အတွင်းပစ္စည်းများကား မပျောက်မပျက် ကျန်ရစ်ခဲ့သဖြင့် အခြေအနေ မယိမ်းယိုင်ခဲ့ရပေ။

တစ်ဖန် ခေတ်အဆက်ဆက် အစိုးရက ယုံကြည်စေခိုင်းကာ တာဝန်ထမ်းရမြဲဖြစ်သောကြောင့် ဦးမြအောင်၏ အဆင့်အတန်းသည်လည်း ထူးထူးခြားခြား ပြောင်းလဲသွားခြင်း မရှိခဲ့။





စန္ဒီတို့၏နေအိမ်သည် စမ်းချောင်းဈေးအနီးတွင် တည်ရှိသည်။ ပျက်စီးခဲ့ရသော နေအိမ်ကို အလုံးစုံနီးပါး ပြန်လည်ပြုပြင်ထားသဖြင့် အသစ်နှင့် မခြားလှ။ တိုက်ခံ၊ ပျဉ်ကာ၊ သွပ်မိုး နေအိမ်မှာ ပုံစံရိုးသော်လည်း ခံ့ခံ့ထည်ထည် ရှိလေ၏။

စန္ဒီတို့၏ ကျောင်းမှာလည်း နေအိမ်နှင့် အလှမ်းမဝေးလှပေ။ ဒေါ်မြနှစ်က အထက်တန်းပြဆရာမ ပြန်လုပ်နေကာ၊ စန္ဒီကလည်း တက္ကသိုလ်ဝင်တန်း စာမေးပွဲ ဖြေဆိုနိုင်ရန် ကြိုးပမ်းနေရသည်။ အတာကလေးမှာလည်း သူငယ်တန်းတွင် ပညာသင်ကြားနေလေပြီ။

စန္ဒီသည် ဖခင်ဖြစ်သူက သည်အတန်းကိုတက်၊ သည်စာမေးပွဲကို ဖြေဆို၍သာ လိုက်နာဆောင်ရွက်နေခြင်းဖြစ်လျက် တက္ကသိုလ်ကောလိပ်ဝင်ခွင့်ရ၍ မည်သည့် ဘာသာတွဲယူ၍ မည်သည့်လိုင်း လိုက်ရမည်ဟူ၍မျှ ရည်မှန်းချက် သတ်သတ်မှတ်မှတ် မရှိပေ။

စန္ဒီစိတ်တွင် သူမ၏ လက်ရှိဘဝအခြေအနေကလေးမှာပင် ဖခင်နှင့် အဒေါ်၏ မေတ္တာရိပ်၌ လုံခြုံပြည့်စုံစွာ တင်းတိမ်ရောင့်ရဲနေတော့၏။

အတာကမူ သူကြီးလျှင် ဆရာဝန်လုပ်မည် ကြွေးကြော်တတ်သေးတော့သည်။ စန္ဒီကတော့ ဖြစ်လာသည့်အတိုင်း ကျေနပ်လိုက်မည်ဟု အေးအေးဆေးဆေး။

"အတာရေ၊ ဘိုးဘိုး ရုံးသွားမယ့်အိတ်နဲ့ ဖိုင်တွဲတွေသွားယူတော့၊ ကားထဲ ထည့်ထားရအောင်"

ထိုစဉ် ဝင်းဝမှ ကားဟွန်းသံကြားလိုက်ရပြီးနောက် မီးခိုးရောင် စတူဒီဘေကာကြီးတစ်စီး ထိုးဆိုက်လာသည်။ ခြံထဲတွင် ပေါင်းသင်မြက်နုတ်နေသော အဘချယ်က ဝင်းတံခါး သွားဖွင့်ပေးသည်။ ကားကြီးသည် ခြံထဲသို့ တအိအိ လိမ့်ဝင်လာလေသည်။

စန္ဒီနှင့်အတာသည် ကားသစ်ကြီးကို သဘောကျစွာ ငေးမောနေကြလေသည်။ ကားကို စိတ်ဝင်စားသည်နှင့်အမျှ ကားရှေ့ခန်းတွင် စီးလာသော ဧည့်သည်ကိုလည်း စိတ်ဝင်စားကြရသည်။

ယင်းဧည့်သည် ကားပေါ်မှ ဆင်းလာသောအခါတွင်တော့ စိတ်ဝင်စားမှု သည် အထွတ်အထိပ် ရောက်သွားတော့၏။

"ဟာ... ဒေါ်ဒေါ်လေး"



www.burmeseclassic.com

www.burmeseclassic.com



ဟု အတာက စန္ဒီ့ပေါင်ကိုကုတ်ဆဲ စန္ဒီက အတော့ကျောကုန်းကို ပြန်ကုတ်ဟန့်တားသည်။

ညှေ့သည်သည် မျက်လုံးစူးစူးရှရှ၊ မျက်နှာထားက ခပ်တည်တည် ဥပမိရုပ်ရည် ကောင်းကောင်းမွန်မွန် သန့်သန့်ပြန့်ပြန့်၊ အရပ်အမောင်း ခပ်ပျပ်ပျပ်၊ ပိုးတိုက်ပုံအနက်နှင့် ပိုးတွဲပုဆိုး အညိုကွက်စိပ် ဝတ်ဆင်ကာ ဘယ်ဘက်လက်တွင် သားရေအိတ်တစ်ခု ကိုင်ထားသည်။

အတာ ဣန္ဒြေမရဖြစ်ရလောက်အောင် ထူးခြားနေသည်က ညှေ့သည်တွင် ညာဘက်လက် မရှိခြင်းပင်တည်း။

နောက်တစ်ချက် စန္ဒီ့စိတ်တွင် တေးမှတ်မိသည်က မျက်နှာထား တည်ကြည်ပုံမှာ အစ်ကို ကိုသူရိန်နှင့် တူလှချေ၏၊ ပြီးတော့ ကိုကို့အသက်အရွယ်ပေပဲ။

“ဒါ ဦးမြအောင်ရဲ့အိမ် ဟုတ်ပါတယ်နော်”

အသံကလည်း အောင်မြင်ပြတ်သားလှသည်။

“ဟုတ်ကဲ့ရှင့်”

“ကျွန်တော် ဦးလေးနဲ့တွေ့ချင်လို့ပါ”

“ဘယ်သူလို့ ပြောရမလဲရှင့်”

“ရန်ပိုင်လို့ ပြောပါခင်ဗျာ၊ ဗိုလ်ရန်ပိုင်လို့ ပြောလိုက်ပါ”

“လာပါ အိမ်ထဲဝင်ပါ”

စန္ဒီက ညှေ့သည်ကို ညှေ့ခန်းထဲခေါ်လာစဉ် အတာက အိမ်ထဲပြေးဝင်သွားနှင့်၏။ အဘိုးကို သွားခေါ်ခြင်း ဖြစ်လေသည်။

“စန္ဒီထင်ပါရဲ့”

“ဟုတ်ကဲ့ စန္ဒီပါ”

“ကျောင်းပြန်တက်နေပြီလား”

“ဟုတ်ကဲ့ ကိုးတန်းမှာပါ”

စန္ဒီကို ကလေးလို ဆက်မေးမြန်းနေသည်ကို စန္ဒီကလည်း ရိုသေလေးစားစွာ ဖြေကြားနေသည်။ ကိုကို့အရွယ်မို့ အစ်ကိုလို ရိုသေရမည် မဟုတ်လား။

ဦးမြအောင်သည် မြေးကလေးက လက်တစ်ဖက်မရှိသော ဗိုလ်ရန်ပိုင်ဆိုသူ ညှေ့သည် ရောက်နေကြောင်းပြောပြလျှင် မျက်မှောင်ကြုတ်ကာ စဉ်းစားသည်။ သူ့တွင် ဤအမည်နှင့် အသိအကျွမ်း မရှိဖူးခဲ့။





ဦးမြအောင်ထွက်လာလျှင် ဗိုလ်ရန်ပိုင်က မတ်တတ်ရပ်ကာ အရိုအသေပေးလေသည်။

“ကျုပ် မြအောင်ပါ မောင်ရင်”

“ဟုတ်ကဲ့ ဦးလေး၊ ကျွန်တော် ဦးလေးရဲ့လိပ်စာကို စုံစမ်းနေခဲ့တာ တစ်ပတ်ဆယ်ရက်လောက် ကြာသွားပါတယ်၊ သိသိချင်း ကျွန်တော်လာခဲ့တာပဲ၊ ကျွန်တော်ကတော့ ဖက်ဆစ်တော်လှန်ရေး တပ်မတော်သားဟောင်း ရန်ပိုင်ပါ”

“ထိုင်ပါမောင်ရင် ထိုင်ပါ”

နှစ်ယောက်သား မျက်နှာချင်းဆိုင်မိကြသည်။

စန္ဒီက အိမ်ထဲဝင်မည်အပြု ဗိုလ်ရန်ပိုင် ဆက်လိုက်သောစကားကြောင့် ခြေလှမ်းတုံ့သွားခဲ့လေ၏။

“ကျွန်တော်ဟာ တပ်မတော်ကနေ ခွင့်ပြုတာနဲ့ တစ်ပြိုင်နက် ကိုသူရိန်ရဲ့ အမှာစကားအတိုင်း ဦးလေးအိမ်ကို အရောက်လာခဲ့တာပါ၊ တော်လှန်ရေး တစ်လျှောက်လုံး ကျွန်တော်တို့ အတူလက်တွဲ တိုက်ခိုက်ခဲ့ကြပါတယ်”

ဒေါ်မြနှစ် မီးဖိုချောင်ထဲမှ ထွက်လာသည်ကို စန္ဒီက လက်ယပ်လှမ်းခေါ်သည်။ ဒေါ်မြနှစ်က ‘ဘာလဲ’ ဟူသောအဓိပ္ပာယ်ဖြင့် မေးငေါ့မေးရင်း စန္ဒီ့အနီးသို့ ကပ်လာလေသည်။

“ကိုကို့မိတ်ဆွေတဲ့ ဒေါ်လေး၊ ကိုကို လွှတ်လိုက်တာတဲ့”

ဟု စန္ဒီက အားတက်သရော ပြောပြမိ၏။

ဦးမြအောင်သည် စိတ်လှုပ်ရှားစွာ ကုလားထိုင်လက်ရန်းကို အားပြုလျက် ကိုယ်ကို ရှေ့သို့ကိုင်းလိုက်လေသည်။

“သားက ဘာမှာလိုက်သလဲ မောင်ရန်ပိုင်”

စိုးရိမ်ကြောင့်ကြခြင်းဖြင့် ဦးမြအောင်၏ အသံသည် မူမမှန်တော့ပေ။

ဗိုလ်ရန်ပိုင်က အတာရှိရာသို့ လှမ်းကြည့်သည်။ အတာသည် ညှေ့ခန်းထဲတွင် မရှိတော့။ ဗိုလ်ရန်ပိုင်၏ ကားပေါ်တွင် ကားမောင်းသူနှင့် စကားလက်ဆုံကျကာနေလေ၏။

“ကိုသူရိန်က မှာပါတယ်။ သူဟာ ဖက်ဆစ်တော်လှန်ရေးအတွင်း အစွမ်းကုန် တာဝန်ထမ်းခဲ့တယ်ဆိုတာ မိသားစုကို ပြောပြလိုက်ပါတဲ့”

“တာဝန်ထမ်းခဲ့တယ်လို့ မောင် ပြောလိုက်သလား”



www.burmeseclassic.com

www.burmeseclassic.com



ဟု ဗိုလ်ရန်ပိုင်၏ အတိတ်ကာလ အသုံးအစွဲကို ဦးမြအောင်က ချက်ချင်း ထောက်လိုက်လေ၏။

ဒေါ်မြနှစ်မှာ အသက်ရှူရန်ပင် မေ့လျော့လျက် ဗိုလ်ရန်ပိုင်၏အဖြေကို နားစွင့်မိသည်။ စန္ဒီ့အဒေါ်က စန္ဒီ့လက်မောင်းကို ဖက်တွယ်လိုက်မိလေသည်။

"ဟုတ်ကဲ့ ဦးလေး၊ ကိုသူရိန်ဟာ ဖက်ဆစ်တော်လှန်ရေးအတွင်းမှာ အစွမ်းကုန် တာဝန်ထမ်းခဲ့ပါတယ်၊ ခုတော့ သူဟာ မြန်မာနိုင်ငံအတွက် အသက်ပေးလှူသွားခဲ့ပါပြီ ဦးရယ်။ ဦးတို့ စိတ်ဖြေနိုင်အောင် ကြိုးစားပါတော့၊ ကိုသူရိန်အတွက် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူကြပါတော့"

ဒေါ်မြနှစ်သည် ရင်ဟာင်းလင်း ပွင့်ထွက်သွားပြီ ထင်မှတ်လျက် ပြင်းစွာ နာကျင်လျက်ကပင် အသေအချာ ပေါက်ကွဲထွက်သွားမည်ဟု ယူဆရသော တူမကလေးကို နှစ်သိမ့်ဖို့ သတိရ၏။ သို့သော် တူမငယ်သည် ဗိုလ်ရန်ပိုင်၏ စကားအဓိပ္ပာယ်ကို ရုတ်တရက် လက်မခံနိုင်သေးဘဲ ငေးကြောင်နေဆဲ။

တကယ်တမ်း မထိန်းနိုင်မသိမ်းနိုင် ချုံးပွဲချ ငိုရှိုက်လိုက်သူမှာ ဦးမြအောင်။ မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ကျောပြင်ကို သိမ့်သိမ့်ခါအောင် ငိုကြွေးလေသော ဖခင်တစ်ဦး။ သားပြန်အလာကို ကျိတ်၍ မျှော်ခဲ့ပါသော်လည်း သူ့သားကား ပြန်မလာနိုင်တော့ပြီ။

ဂုဏ်ယူခြင်းသည် တစ်ကဏ္ဍ၊ ဆုံးရှုံးမှုအတွက် ကြေကွဲဝမ်းနည်းရခြင်းက တစ်ကဏ္ဍ။ တစ်ဖန် သားဖြစ်သူက ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက် အသက်စွန့်သွားချိန်တွင် ဖခင်ဖြစ်သူမှာ ဗြိတိသျှအစိုးရကိုသာ ပြန်လည်မျှော်လင့်နေခဲ့မိသော အဖြစ်အတွက် ယူကျုံးမရ နောင်တတရားတွေက ဦးမြအောင် မဆည်တန့်နိုင်အောင် ခံစားကြေကွဲစေကြလေ၏။

"ကိုသူရိန်တို့ ရှမ်းလူငယ်တွေသာ မပါဝင်ဘူးဆိုရင် ကျွန်တော်တို့ရဲ့ ရှမ်းပြည်နယ်အတွင်း တော်လှန်ရေးလုပ်ငန်းတွေ ထိရောက်အောင်မြင်ဖို့ သိပ်ခဲယဉ်းမှာပါ။ ခုတော့ ရှမ်းလူငယ်တွေရဲ့ စည်းရုံးရေး၊ နိုင်ငံရေး၊ စစ်ရေး၊ ရိက္ခာမှစ၍ ရှမ်းပြည်နယ်လူထုရဲ့ အကူအညီ ရယူနိုင်မှုတွေကြောင့်သာ ရည်မှန်းတဲ့အတိုင်း ဂျပန်တွေကို တော်လှန်တိုက်ခိုက်ထုတ်ပစ်နိုင်ကြတာပါ"

ဟု ဗိုလ်ရန်ပိုင်က ကိုသူရိန်တို့၏ လုပ်ဆောင်ချက်များကို ဖော်ထုတ် ချီးကျူးရင်း ဦးမြအောင် ဖြေသာအောင် နှစ်သိမ့်လေ၏။





ဦးမြအောင် အချိန်အတန်ကြာအောင် သူ့ကိုယ်သူ ထိန်းသိမ်းနိုင်ဖို့ ကြိုးစားရလေသည်။ သူ့ရှိုက်ငိုသံများသည် သူ့နှမနှင့် သမီးငယ်ကို ဗိုရ်၍ ပူဆွေးစေလေ၏။

"ဒေါ်လေးနဲ့ စန္ဒီ၊ လာပါ၊ ဒီမှာ ထိုင်ကြပါ"

ဟု ဗိုလ်ရန်ပိုင်က တည်ကြည်သောမျက်နှာနှင့်ပင် မလိုက်အောင် နူးညံ့ညင်သာစွာ လှမ်းခေါ်လေသည်။

"အဖိုးတန်တဲ့သားပါ မောင်ရယ်၊ ဦးရဲ့သားဟာ တာဝန်ကျေပါပေတယ်၊ ဦးထက်မယုဉ်သာအောင် ဗိုပြီး တာဝန်ကျေပါတယ်"

သူ့ရင်တွင်းမှ ခံစားပေါက်ကွဲထွက်လာသော သတ်မှတ်ချက်နှင့်ပတ်သက်၍ သူ့အလိုဆန္ဒကို ဆန့်ကျင်ပြီး ကန့်ကွက်ရန် မည်သူမျှ မကြိုးစားပါ။

ဒေါ်မြနှစ်တစ်ယောက် မျက်ရည်ပင်လယ် ဝေလေပြီ။ စန္ဒီ့ ရှိုက်သံတွေလည်း တစ်ခန်းလုံး ပဲ့တင်ထပ်၍ နေတော့၏။

အတာကလေး ပြေးဝင်လာသည်။ မျက်ရည်မထိန်းနိုင်သေးသော မိသားစုကိုကြည့်ကာ ကလေးမှာ ငိုမဲ့မဲ့ဖြစ်လာလေ၏။

"အစ်ကို၊ ကလေးကို အသိပေးလို့ ဖြစ်ပါ့မလား"

ဟု ဒေါ်မြနှစ်က ငိုသံနှင့် အင်္ဂလိပ်လို မေးသည်။

"ပြောပြလိုက်ပါ နှစ်နှစ်ရယ်၊ ဖုံးကွယ်ထားလည်း မကြာခင်သိမှာပဲ၊ ကလေးက သိနားလည်နေပါပြီ"

ဒေါ်မြနှစ်က အတာ့ကိုဖက်ကာ ရှိုက်ကြီးတငင် ငိုချလိုက်ပြန်လေ၏။

"သားကလေး အတာ၊ အဘွား မြေးလေးရယ်၊ သားဖေဖေ ဖက်ဆစ်တော်လှန်ရေးသမားကြီး ဘယ်တော့မှ ပြန်မလာနိုင်တော့ဘူးတဲ့၊ တိုင်းပြည်အတွက် အသက်ပေးလှူသွားပြီတဲ့ မြေးလေးရဲ့"

ဗိုလ်ရန်ပိုင်သည် ပင့်သက်ရှိုက်ကာ မျက်နှာကြက်ဆီသို့သာ ကြည့်နေတော့သည်။ ဤသို့သော ကြေကွဲဖွယ်သတင်းကို ဆောင်ကြဉ်းလာရခြင်းသည် တာဝန်ကြီးလေးပေစွ။ သို့တစေ မရှောင်သာ မလွှဲသာခဲ့။ တစ်ဦးအသက် တစ်ဦးလက်မှာ ယုံကြည်အပ်နှင်းကာ အတူတကွ တိုက်ပွဲဝင်လာကြသော ရဲဘော်တစ်ဦး၏ သူ့လက်ပေါ်တွင် အသက်မပျောက်မီ နောက်ဆုံးအမှာစကားကို သူ လိုက်နာဆောင်ရွက်နိုင်ရန် သတ္တိမွေးရ အားတင်းရ၍ အရောက်လာခဲ့ရပေ၏။

"ကိုသူရိန်တို့ ရှမ်းလူငယ်တွေက ပျဉ်းမနားကနေ ၁၉၄၄ ခုနှစ်ကုန်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက ရှမ်းပြည်နယ်ထဲကို လျှို့ဝှက်တာဝန်နဲ့ ပြန်ရောက်နေခဲ့ကြတယ်။ ဖက်ဆစ်တော်လှန်ရေးအတွက် ကြိုတင်ပြင်ဆင် စည်းရုံးဖို့ပါပဲ၊ သူတို့ကတော့ အဓိကတာဝန်ယူ လှုပ်ရှားသွားကြတာပါပဲ၊ သူတို့ဟာ ကယား ပင့်ကူအဖွဲ့နဲ့လည်း ဆက်သွယ်လှုပ်ရှားကြတယ်၊ အမှတ် (၁၃၆)တပ်ဖွဲ့၊ မဟာမိတ် လေထီးတပ်က ဗိုလ်စိုးမြင့်တို့အဖွဲ့ (၆)ယောက်နဲ့လည်း ပူးပေါင်းမိတယ်။ ၁၉၄၅ ခု၊ ဖေဖော်ဝါရီ အတွင်းမှာ ဘယကျော်ထင် တပ်ဖွဲ့က အမှတ် (၉) စစ်နယ် ပြောက်ကျားတပ်မှူး ဗိုလ်ဘရီနဲ့ အရာခံဗိုလ်စံရွှေလည်း ရှမ်းပြည်နယ်ထဲကို ဝင်လာတယ်၊ ဖေဖော်ဝါရီ လကုန်လောက်မှာ အဲဒီအဖွဲ့တွေနဲ့ ကျွန်တော်တို့ ရှမ်းလူငယ်အဖွဲ့ ပူးပေါင်းမိပြီး လူခြောက်ဆယ် ရှိလာခဲ့တယ်။

ရှမ်းလူငယ် အများစုပါဝင်တဲ့ ဗိုလ်မှူးဗထူးရဲ့ အထက်မြန်မာပြည်တိုင်း တပ်စစ်ကြောင်းကလည်း ကျောက်ဆည်ဘက်ကနေ ပင်းဒယ၊ ပွေးလှဘက်က ဖြတ်ပြီး အောင်ပန်းကို ဦးတည်ချီတက်လာကြတယ်။

ကျွန်တော်တို့ ဖက်ဆစ်တော်လှန်ရေးအဖွဲ့ဟာ မဟ်လအထိ တိုင်း (၆)နဲ့ ရော၊ အာရှလူငယ် အစည်းအရုံးနဲ့ပါ အဆက်အသွယ်တွေ ရှိနေတယ်၊ နောက်ပိုင်း အဆက်အသွယ် ပြတ်တောက်ကုန်ပြီး လေယာဉ်ကကြဲတဲ့ စာရွက်စာတမ်းတွေ၊ ပုန်းထားဝှက်ထားတဲ့ လူထုဆီက ရေဒီယိုကရတဲ့ သတင်းတွေနဲ့ပဲ အခြေအနေ မှန်းယူရတော့တယ်၊ မြေပြင်သတင်းလည်း လူထုဆီက အနည်းအကျဉ်း ရတယ် ဆိုပါတော့…''

ဤမိသားစု သောကဖိစီးခြင်းမှ အာရုံပြောင်းစိမ့်သောငှာ ဗိုလ်ရန်ပိုင်က ရှည်ရှည်ဝေးဝေး နောက်ကြောင်းပြန်နေလေ၏။

''လူဖြန့်ပြီး မြေအောင်းခိုအောင်း လှုပ်ရှားရတာ သူ့လူကိုယ့်လူ ခွဲခြားမသိနိုင်တော့ အချင်းချင်းတောင် မယုံရတဲ့သဘောတွေ ရှိခဲ့တာပေါ့၊ ဂျပန် ပဋ္ဌမံတပ်သားတွေလည်း မနည်းလှဘူး၊ ဖက်ဆစ်တော်လှန်ရေးတပ်သား သတင်းပေးရင် ဆားတစ်ပိဿာဆိုပြီး ဆုငွေထုတ်သေးတာပေါ့၊ ဆားတစ်ပိဿာကို ယန်းသုံးထောင် ဈေး ပေါက်နေတာကိုး၊ ကိုသူရိန်ကိုတောင်မှ တော်လှန်ရေးတပ်သားမှန်းမသိဘဲနဲ့ လက်တို့ သတင်းမေးမြန်းသွားသေးတဲ့ အဖြစ်မျိုးလည်း ကြုံကြရတယ်။

လက်တစ်ဆုပ်စာပဲရှိတဲ့ အထီးကျန် ဘယကျော်ထင်တပ်ဖွဲ့ လူခြောက်ဆယ်ကို ရှမ်းလူငယ် နှစ်ဆယ်က တာဝန်ယူပြီး ရိက္ခာ၊ ရန်ပုံငွေ၊ နိုင်ငံရေး၊ စစ်ရေး အကူ





အညီပေး စောင့်ရှောက်ကြရတယ်၊ မျက်ကွယ်၊ ကျည်ကွယ် စစ်ရေး၊ နိုင်ငံရေး အကာအကွယ်တွေနဲ့ပေါ့ ဦးလေးရယ်၊ ဆွေစုမျိုးစုအင်အားကလည်း အတော် အရေးကြီးတယ်၊ သူတို့မှာ ဘယ်သူ့သား၊ ဘယ်သူ့မြေး စသည်ဖြင့် မျိုးရိုးဆက်စပ်ပြီးမှ စည်းရုံးကြရတယ်။

တော်လှန်ရေးတစ်လျှောက် ပြောက်ကျားတိုက်ရာမှာ အရှေ့ အရောင်ပြပြီး အနောက်သွား၊ တောင်ပြေး မြောက်သွား လှုပ်ရှားရတယ်၊ အင်အား သုံးသောင်းလောက်ရှိတဲ့ ဂျပန်တပ်မ သုံးခုကလည်း နေ့နေ့ညည ပင်းဒယ၊ မွေးလှ၊ ဗန်းယဉ်၊ ပင်မိုဘက်ကနေဖြတ်ပြီး ကယားဘက်ကနေ ရှမ်းမြန်မာနယ်စပ် ယိုးဒယားဘက် ဆုတ်ပြေးနေရတယ်၊ ရွာသူရွာသားတွေဆိုတာလည်း ရှောင်ရပြေးရ ကျိုးလန့်စာ စားပေါ့။

အဆက်အသွယ်ပြတ်နေတဲ့ ကျွန်တော်တို့ဟာ ဘယ်ကလက်နက် အကူအညီမှ မရခဲ့ဘူးခင်ဗျာ၊ ဆုတ်လာတဲ့ ဂျပန်အဖွဲ့ငယ်တွေကို ကျားသစ်ကုတ်သလို ချောင်းမြောင်းတိုက်ခိုက်ပြီး ပြောက်ကျားအဖွဲ့က တာမင်တကာ ဂျပန်တွေအလစ်မှာ ဝင်တိုက်နိုင်တာ ခြောက်ကြိမ်ရှိခဲ့တယ်၊ မတော်တဆ ရင်ဆိုင်တိုးမိတဲ့ တိုက်ပွဲတွေကတော့ အကြိမ်ကြိမ်ပါပဲ။

အဲဒီမှာ ဂျပန်တပ်မကြီးတွေက နဂါးကြီး အမြီးယမ်းသလို ဇော့ယမ်းသွားလိုက်၊ ကျွန်တော်တို့က ကျားသစ်လို အလစ်ကုတ်လိုက်၊ ဒီကြားထဲ ဒေသခံစားပြတွေက ကျွန်တော်တို့ လက်နက်တွေကို မျက်စိကျပြီး ပျားတုပ်သလို ဝင်တွယ်ချင်တော့ သိပ်သတိထားကြရတယ်။

စော်ဘွားရဲ့ ဘုန်းမီးသမ္ဘာသာလျှင် နေလိုလလို တောက်ပထွန်းလင်းတဲ့ဒေသတွေမှာ ပအိုဝ့်၊ ခနု၊ ထနော၊ တောင်ရိုး၊ ယင်းကြား စသည်ဖြင့် တစ်ရွာမှာ လူမျိုးတစ်မျိုးတွေ့ရပြီး တရားဟောစည်းရုံးပြီး ခိုအောင်းကြရတယ်၊ တော်လှန်ရေးရဲခော်များအဖြစ် ယုံကြည်အောင်လည်း တိုက်ခိုက်ပြရသေးတယ်ခင်ဗျ''

ဗိုလ်ရန်ပိုင်၏ တော်လှန်ရေးပုံပြင်ဝယ် တစ်စတစ်စ နစ်မျောရင်း ကျဆုံးသူဗိုလ်နေမင်း အမည်ခံ ကိုသူရိန်၏မိသားစုလည်း မျက်ရည်ခန်းစ ပြုလာသည်။

အတာကလေးသည် လက်မောင်းနှင့် မျက်ရည်သုတ်ကာ ဗိုလ်ရန်ပိုင်၏ စကားကို အထင်ကြီးလေးစားစွာ နားစိုက်ထောင်နေရှာတော့၏။

''ရှမ်းပြည်နယ်အတွင်းမတော့ တပ်တွေဆိုတာ ပွတ်ကာသီကာ ခြေချင်း



www.burmeseclassic.com

www.burmeseclassic.com



လိမ်နေခဲ့တာပဲ၊ တဖွဲဖွဲဆုတ်ခွာနေတဲ့ ဂျပန်တွေကတစ်ဖက်၊ ကျွန်တော်တို့လူစု၊ ဗိုလ်မှူးဗထူးတပ်တွေ၊ ဗိုလ်သက်ရှည်ရဲ့ ဟဲဟိုးမြို့စောင့်တပ်၊ တစ်ခါ မိတ္ထီလာဘက်ကနေ ကလောဘက်ချီတက်လာတဲ့ အင်္ဂလိပ်တပ်မ (၁၇)၊ တပ်မဟာ (၄)၊ ပြီးတော့ ရှမ်းပြည်နယ် အစိုးရဝန်ထမ်းတပ်ဖွဲ့တွေလည်း ရှိသေးတာ ဦးလေးရဲ့"

ဒေါ်မြနှစ်သည် သူမတို့ လွယ်ကောင်းကျောက်ငုက်ဘက်တွင် ခိုအောင်းနေစဉ် အနေအစား ဆင်းရဲသည်မှအပ အသက်ဘေး ကင်းဝေးသည့်အချိန်က များခဲ့ကြောင်း သတိရနေသည်။

"ကျွန်တော်တို့ အောင်ပန်းဘက် ဦးတည်ချီတက်ရင်း ပင်မိုဝင်ပြီး ရိက္ခာအကူအညီ ရယူကြရသေးတယ်၊ ပင်မိုကအထွက်မှာ ဂျပန်က သတင်းရလို့ လိုက်လာပြီးရှာဖွေတာ ကံကောင်းပေလို့သာ သီသီကလေး လက်လွတ်ပြေးနိုင်ခဲ့တာပေါ့"

ပင်မိုမှလွတ်မြောက်ကာ အောင်ပန်းသို့ ဦးတည် ခရီးဆက်ခဲ့ကြရပြန်သည်။ တစ်ရွာပြီးတစ်ရွာ ကျော်ဖြတ်ရာတွင် ရပ်ရွာလူကြီးများနှင့် ဆက်သွယ်ကာ အကျိုးအကြောင်း ရှင်းပြခြင်းဖြင့် ရိက္ခာအကူအညီသာမက လမ်းညွှန်လည်း ရရှိကြလေသည်။

"အောင်ပန်းကို ချီတက်ရာမှာ ထုံးစံအတိုင်း အဖွဲ့ခွဲပြီး ဗိုလ်ဒေဝနဲ့ ကိုသူရိန်တို့က ရှေ့က၊ ကျွန်တော်တို့က ပင်မ၊ ဗိုလ်ဘရီတို့က နောက်ရံ တပ်ဖွဲ့တွေအဖြစ် ချီတက်ကြရပါတယ်"

မိုးရာသီ နှောင်းလအတွင်းဖြစ်ရကား လေကြီးမိုးကြီး သည်းထန်စွာ ကျရောက်သွန်းဖြိုးနေသည့်ကြားမှ ပန်းတိုင်ဖြစ်သော စုရပ်အောင်ပန်းဆီသို့ ဦးတည်ချီတက်လာခဲ့သော တော်လှန်ရေးတပ်ဖွဲ့ကလေးသည် အောင်ပန်းတောင်ကြောကို ရေးရေးမျှလှမ်းမျှော်မြင်တွေ့ရချိန်တွင် မြေနိမ့်ကြော လွင်ပြင်ထဲဖြတ်အကူး၌ ရန်သူ၏ နေရာယူကာ ရှေ့မှဆီးကြိုတိုက်ခိုက်ခြင်း ခံကြရလေတော့၏။

"အပြန်အလှန် တိုက်ပွဲဖြစ်ပွားပြီးတဲ့နောက် ရန်သူလည်း အထိအနိုက် အကျအဆုံးတွေနဲ့ ဆုတ်ခွာသွားခဲ့ပါတယ်၊ ကျွန်တော်တို့ဘက်ကတော့ ရဲဘော်တစ်ယောက် ကျဆုံးတယ်၊ ကိုသူရိန်နဲ့ကျွန်တော်က ဒဏ်ရာရတယ်၊ အောင်ပန်းကို ထမ်းပိုးပြီး သယ်ယူဖို့ကြိုးစားပေမယ့် သူ့ဒဏ်ရာပြင်းထန်တော့ လမ်းမှာပဲ အသက်ဆုံးရှာတယ်"

ဦးမြအောင် အားတင်း၍ နားထောင်နိုင်ပါပြီ။

"ကျွန်တော်နဲ့ ကိုသူရိန်ဟာ တော်လှန်ရေးကျမှပဲ ဆုံစည်းမိကြတယ်၊ ဒါပေမဲ့





ဆွေးနွေးရင်း၊ ငြင်းခုံရင်း၊ အလုပ်တွဲလုပ်ရင်း ငယ်ပေါင်းမက ရင်းနှီးတွယ်တာခဲ့ကြပါတယ်။ သူဟာ သူ့မိသားစုဆီ သူ့အမှာစကားကို သွားပြောပေးပါလို့ မှာကြားပြီး ကျွန်တော့်လက်ပေါ်မှာပဲ အသက်ပျောက်သွားခဲ့ရပါတယ်"

ဘယကျော်ထင် အမှတ် (၉)တပ်ဖွဲ့သည် အောင်ပန်းတွင် ဗိုလ်မှူးဗထူးတပ်နှင့် ဆက်သွယ်ပူးပေါင်းမိသွားခဲ့လေသည်။

ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်ကိုယ်ကျ ဘယကျော်ထင် အမှတ် (၉)တပ်ဖွဲ့ကို လာရောက်တန်းစီ၊ စစ်ဆေး မှတ်တမ်းတင်ကာ ဩဝါဒမိန့်ခွန်းမြွက်ကြားပြီး မိခင်တပ်ရင်း (၆)ရှိရာ တောင်ငူသို့ပြန်ရန် အမိန့်ပေးခဲ့သည်။

"ဗုံးဆန်ထိမှန်တဲ့ ကျွန်တော့်လက်ဟာ မန်းလိုက်ပြီး ဖြတ်လိုက်ရပါတယ်၊ တော်တော်နဲ့ အကင်းမသေနိုင်ဘဲ လမ်းခရီးမှာရော ဆေးရုံမှာပါ ရက်ကြန့်ကြာခဲ့တဲ့အတွက် အခုလို နောက်ကျပြီးမှပဲ သတင်းလာပေးနိုင်ပါတော့တယ်"

"ကျေးဇူးတင်ပါတယ် မောင်ရန်ပိုင်ရယ်၊ မောင်သာ ခုလိုလာမပြောရင် ဦးလေးတို့ ဘယ်တော့မှ ဒီသတင်းကို ကြားရမယ်မသိဘူး"

"ဟုတ်ပါတယ် မောင်ရန်ပိုင်ရယ်၊ တူကလေး သူရိန့်သတင်းဟာ ဝမ်းနည်းစရာဆိုပေမယ့် ဂုဏ်ယူဖို့ကောင်းလှတဲ့ ဝမ်းနည်းခြင်းမျိုးပါ၊ တစ်သက်မှာ တစ်ခါသေရမြဲမို့ သေရမှာချင်း အတူတူဆိုရင်ဖြင့် ဒေါ်လေးလည်း သူရိန့်လို မြတ်သောသေခြင်းကိုပဲ ရွေးချင်ပါတယ်"

ဒေါ်မြနှစ် ခေါင်းထဲတွင် အပြေးအလွှား စဉ်းစားနေသည်မှာ တူကလေးအတွက် ဆွမ်းသွတ် အမျှအတန်းဝေဖို့ကိစ္စ၊ ပြီးတော့ ခင်မိမိထံ အကြောင်းကြားဖို့ကိစ္စ။

သူမက ရင်ခွင်ထဲမှ မြေးကလေးကို တင်းတင်းဖက်ထားလိုက်သည်။ မိဘမေတ္တာနှင့် အလှမ်းကွာရရှာသော်လည်း အဘိုးအဘွား အဒေါ်တို့မေတ္တာရိပ်မှာ အတာချမ်းမြေ့ပျော်ရွှင်စေရပါမည်။

အတာက 'ဘွားလေး ပုံပြောပြပါ'ဟုပူဆာလျှင် ဖွဲ့နွဲ့ပြောပြရန် အဖိုးတန်သော မြင့်မြတ်သော ဂုဏ်သရေရှိသော လှပသောပုံပြင်ရပါပြီ။ အတာ နှစ်သက်ပေလိမ့်မည်။ အားကျပေလိမ့်မည်။ ဂုဏ်ယူပေလိမ့်မည်။

"ဟိုး တပေါင်းလရဲ့ တစ်ရက်မှာပေါ့ကွယ်"ဟု အစချီရမလား။

"မြန်မာပြည်မှာ ဖက်ဆစ်ဝါဒ လွှမ်းမိုးနေခဲ့တဲ့အချိန်ကပေါ့ သားလေးရယ်"ဟူ၍ပဲ နိဒါန်းချီရမလား။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် အတာကတော့ သူ့ဖခင် လူစွမ်းကောင်းကြီးက ဖာတ်လိုက်မို့ ကျေနပ်နှစ်ခြိုက်လို့ နေမှာပါပဲလေ။

◆



(၂၄)

ရှမ်းပြည်နယ်မှ ဆုတ်ခွာလျက် ခဲမဖြူ မော်ချီးဘက်မှ ကျော်ဖြတ်ကာ ဘီးလင်းဘက်သို့ ထွက်ပြေးခဲ့သော ဂျပန်တပ်များတွင် ရှိနိုမီရာစဲ လိုက်ပါသွားခဲ့ရလေသည်။ ပဲခူးနှင့် သထုံနယ်တို့က ဂျပန်တို့ နောက်ဆုံးဆုတ်ခွာရမည့် လမ်းကြောင်းပင်တည်း။

ရှိနိုမီရာစဲသည် ဘီးလင်းတွင် ဖြစ်ပွားသောတိုက်ပွဲတစ်ခုမှ ဘယ်ခြေထောက်၌ သေနတ်ဒဏ်ရာ ရရှိခဲ့လေသည်။

ဘီးလင်းမှသထုံ၊ ထိုမှ မော်လမြိုင်ဌာနချုပ်ကို ရောက်ရှိခဲ့ပြန်ပြီး မော်လမြိုင်မှာပင် ဂျပန်ဧကရာဇ်ဘုရင်မင်းမြတ် ဟီရိုဟီတို၏ မိန့်ခွန်းအရ စစ်ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း ကြားသိရလေ၏။

သူ့စစ်ဘေးဒဏ်မှာ ဤမျှနှင့် အဆုံးမသတ်သေး၊ လက်နက်ချပြီးနောက် ပဲခူးဘုရားကြီး စစ်သုံ့ပန်းစခန်းဝယ် အကျဉ်းထားခြင်းခံရပြန်လေ၏။ ထိုမှတစ်ဖန် မန္တလေးမြို့ ဂျပန်စစ်သုံ့ပန်းစခန်းသို့ ပြောင်းရွှေ့ရပြန်သည်။

သုံ့ပန်းစခန်းသို့ ပြောင်းသွားလျက် စစ်ရှုံးသူများ ဖြစ်သည်နှင့်အညီ စစ်နိုင်သူ အင်္ဂလိပ်တို့လက်အောက်၌ ထားရာနေ၊ စေရာသွားလျက် မျက်နှာအောက်ချကာ ထင်းခွေ၊ ရေခပ်၊ ကတုတ်ကျင်းတူး၊ စခန်းအဆောက်အအုံများ ဆောက်၊ ကိုယ်ရေးဝေယျာဝစ္စများ ဆောင်ရွက်နှင့် စိတ်ရောလူပါ အနားမရနိုင်ခဲ့။

ဘုရားကြီး သုံ့ပန်းစခန်းဝယ် အကျဉ်းကျနေခိုက်၊ ငှက်ဖျားက တစ်ချီတစ်ချီ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပေါ်လာတတ်ကာ လူရုပ်ပင်မပေါ်တော့၊ ခြေထောက်မှ ဒဏ်ရာကလည်း အကောင်းမသေဘဲ မြံ့စိစိနှင့်လှိုက်စားကာ သားနံ့ရည် တစိမ့်စိမ့် ထွက်လျက်နေ၏။

သုံ့ပန်းစခန်းဝယ် ဆင်းရဲငတ်ပြတ်လျက် အချိန်က တရွေ့ရွေ့ကုန်ဆုံးခဲ့သည်။ အနိုင်ရစဉ်အခါက အထက်စီးမှ အသာရယူခဲ့သော ဂျပန်အချို့ကြောင့် ယခု ရှုံးနိမ့်စဉ်မှာ မြန်မာတို့၏ မုန်းတီးစက်ဆုပ်သော အကြည့်များ၊ ပြောဆိုဆက်ဆံမှုများကို ရင်ဆိုင်ကြသည်။ ရေနစ်လေသော သူတို့ကို ဝါးကူထိုးလိုသူတို့ မနည်းလှ။

တချို့မြန်မာများကျတော့လည်း အကောင်းနှင့်အဆိုးသည် တစ်မျိုးစီ သတ်သတ်ခွဲခြားမရနိုင်ဘဲ မည်သည့် နေရာမဆို အနည်းအများတော့ ဒွန်တွဲနေ တတ်သည်ဟူသော အယူအဆများဖြင့် ခံစားခဲ့ရလေသမျှ သင်ပုန်းချေ မေ့ပျောက် ထားရစ်ခဲ့ကြသည်။ ဒုက္ခအမုံ့မုံ့ ကြုံတွေ့လျက် မွဲငတ်စုတ်ပြတ်နေလေသော သူတို့ ဂျပန်သုံ့ပန်းစစ်သည်များအပေါ် ကရုဏာရှေ့ထားကာ ဆေးပေါ့လိပ်ကလေး ပေးလိုက်၊ မုန့်ပဲသရေစာ ကျွေးလိုက်နှင့် ထမင်းရည်မျှ သောက်ကြရပါလေ၏။

ဘုရားကြီး သုံ့ပန်းစခန်းတွင် ကြင်နာတတ်သော မြန်မာတစ်ဦးကို ရှိနိုမီရာစ် ထပ်မံကြုံတွေ့ရပြန်သည်။ ကိုဘိုးမှိန်။

ကိုဘိုးမှိန်သည် စခန်းအဆောက်အအုံများအတွင်း သစ်များသယ်ယူပို့ဆောင်သော လော်ရီကားမှ စပယ်ယာ ဖြစ်လေသည်။ ရှိနိုမီရာနှင့် အရွယ်ချင်း မတိမ်းမယိမ်း။

ထိုနေ့က ကားပေါ်မှ သစ်များကို ရှိနိုမီရာစ်တို့ စစ်သုံ့ပန်းများက သယ်ယူနေရာချထားခိုက် ကားမောင်းသူနှင့် ကိုဘိုးမှိန်သည် သစ်ပင်ရိပ်တွင် ထမင်းထုပ်ဖြေကာ စားနေကြသည်။

အချိန်မှာ မွန်းလွဲတစ်နာရီ ရှိပြီ။ သုံ့ပန်းတစ်စုမှာ ထမင်းမစားရသေး။ စစ်သုံ့ပန်းကလေး ရှိနိုမီရာသည် ဦးနှောက်က ထိန်းချုပ်ထား၍ ထမင်း တောင်းမစားသော်လည်း ဆာလောင်သော ဝမ်းဗိုက်ကမနေ၊ သစ်ပင်ရိပ်ဝယ် ခေတ္တရပ်၍ ချွေးသုတ်ခိုက် သူ့ဝမ်းဗိုက်မှာ တဂွီဂွီဆန္ဒပြလေ၏။ ရုတ်ရက်နှင့် ကိုဘိုးမှိန် မျက်နှာကိုကြည့်မိတော့ ကရုဏာရိပ်ကို မြင်ရသည်။

သစ်များ သယ်ပိုးပြီးစီး၍ ကားပြန်မထွက်မီ ကိုဘိုးမှိန်က သူ့ကို ငှက်ပျောသီးနှစ်ဖီးပေးသည်။

"ခင်များတို့ ဝေစားကြပါ"





"အများကြီး ကျေးဇူးတင်ပါတယ်"

သူက ခါးညွတ်၍ ဂါရဝပြုမိရသည်။

"ခင်ဗျားနာမည် ဘယ်လိုခေါ်သလဲ"

"ရှိနိုမီရာ"

"ကျွန်တော်က ဘိုးမှိန်၊ ရော့ ခင်ဗျားဖို့"

လက်သိပ်ထိုး ပေးသွားသော စက္ကူထုပ်ကလေး၊ စီကရက်တစ်ဘူး။

ငှက်ပျောသီးကို ဝေမျှစားကြသလို သူ့တစ်ယောက်တည်းအတွက် ကျိတ်၍ ပေးသွားသော စီးကရက်ကိုလည်း တစ်ယောက်တစ်လိပ်ပင်ဝေမျှ၍ ရှိုက်ဖွာကြရသည်။ ဒုက္ခရောက်နေသူချင်း အခွင့်အရေး ပိုရသည့်တိုင် မည်သို့ ယူရက်ပါအံ့နည်း။

စီးကရက်မှိန်းရင်း ရင်မှာတနင့်နင့် ဝမ်းနည်းမိ၏။ စစ်ဖြစ်၍ စစ်ထဲဝင်လိုက်ရသည်မှစ၍ ရှိနိုမီရာအဖို့ အငတ်ပြဿနာ ကြုံဖူးဆုံဖူးရပေါင်း မနည်းတော့ပြီမို့ ယခုဖြင့် ရိုးပင်ရိုးနေခဲ့ပါပြီ။

သို့တစေ မရေရာသော အနာဂတ်ကြောင့် မိခင်ကြီးနှင့် အစ်ကိုရှိရာ ဂျပန်ပြည်ကိုမှ ပြန်ရောက်ပါဦးမလားဟု ဇဝေဇဝါ တွေးမိရသည်။ ချစ်သူခင်သူတို့နှင့် သည်တစ်သက်ဝယ် ပြန်လည်ဆုံစည်းခွင့် ကြုံပါဦးမလားဟု စိတ်အားငယ်ရသည်။

တစ်ဆင့်စကား တစ်ဆင့်နားနှင့် ဗိုလ်ယာမာမိုတိုတစ်ယောက် ယိုးဒယားနယ်စပ်မှာပင် ကျဆုံးသွားခဲ့ပြီဖြစ်ကြောင်း သိခဲ့ရသည်။ တောင်ကြီးမှ သူ့တပ်ရှိရာ လှိုင်ကော်သို့ ပြန်သွားစဉ်ကတည်းက တောင်ကြီးတွင် ကျန်ရစ်သူ ဗိုလ်ယာမာမိုတိုကို ထပ်မံတွေ့ခွင့် မကြုံခဲ့။ ဤသုံ့ပန်းစခန်းရောက်မှပင် ဗိုလ်ယာမာမိုတို ကျဆုံးကြောင်းကို နောက်ဆုံးသတင်းအဖြစ် ကြားသိရချေ၏။ ချစ်သော သူ့ဗိုလ်ကြီးဆရာဝန်ကို ရည်ညွှန်းကာ အဝေးမှသာ ဦးညွှတ်အလေးပြုရလေပြီ။

ကိုဘိုးမှိန် နောက်တစ်ခေါက် စခန်းရောက်လာချိန်တွင် ရှိနိုမီရာသည် ငှက်ဖျားတက်ကာ တဟီးဟီးတုန်ခိုက်လျက် လူမှန်းမသိခဲ့။ ကိုဘိုးမှိန်က မြန်မာဆေးများ ရှာဖွေကာ တိုက်ကျွေးခဲ့ရသည်။ အံ့သြဖွယ်ပင် သူ့ဆေးကြောင့် တစ်နှစ်လောက် အမြစ်မပြတ်ဘဲ စွဲကပ်နေခဲ့သော ငှက်ဖျားသည် ယူပစ်သလို ပျောက်ကင်းသွားခဲ့လေ၏။

ငှက်ဖျားပြတ်သွားချိန်တွင် သူ့ခြေထောက်မှ ဒဏ်ရာသည် မြံ့စိစိ လှိုက်စားနေရာမှ ပိုးလောက်တွယ်သည်အထိ အဖြစ်ဆိုးခဲ့ရပြန်သည်။ မူလက ငှက်ဖျားနှင့်



www.burmeseclassic.com

www.burmeseclassic.com



အနောက်ရှိ ရေတွေးကာ အဖျားတက်ချင်သလိုတက်ရာမှ ငှက်ဖျားပျောက်ကင်း ပြန်တော့ အနာကြောင့် အဖျားက တငွေ့ငွေ့ ကျန်နေပြန်၏။

"ခါတ်ဆီလောင်းလိုက်ရင် ဒီကောင်တွေ ထွက်လာမယ် ရှိနိုမီရာ၊ ကျွန်တော် ပုဆိုးစုတ်တစ်ဖြတ် သေသေချာချာ လျှော်ဖွပ်လာတယ်၊ ခင်ဗျား အနာကို နောက် ယင်ကောင် မနားနိုင်အောင်စည်းထား"

ပိုးလောက်များကို ဓာဂနာတစ်ချောင်းနှင့် စိတ်ရှည်လက်ရှည် ဆွဲထုတ်ပေးသော ကိုဘိုးမှိန်။

ကျေးဇူးတင်ကြောင်းကိုပင် ရှိနိုမီရာ ပြောဖို့မလိုတော့။ မည်မျှ ကျေးဇူးတင် သည်ဆိုကြောင်း စကားနှင့် ပြည့်စုံအောင် ဖွဲ့မပြနိုင်ပေ။

တစ်နေ့ ကိုဘိုးမှိန်သည် ကားနှင့်မဟုတ် လူချည်း ရောက်လာသည်။ သံ့ပန်း စခန်း၏ ခြံစည်းရိုးအတွင်းနှင့်အပြင် စကားပြောကြရသည်။

"ကျွန်တော် ခင်ဗျားဖို့ ဆေးလာပို့တာ၊ ပြီးတော့ ဆပ်ပြာ၊ အနာကို ဆပ်ပြာနဲ့ သေချာဆေးပြီး ဒီဆေးထည့်၊ ယင်ကောင် မနားစေနဲ့နော်"

ကိုဘိုးမှိန် ဝတ်စားနေထိုင်ပုံအရ သူသည် ဆင်းရဲသားတစ်ဦးဖြစ်ကြောင်း ရှိနိုမီရာစံ သိသည်။ ရှိနိုမီရာစံထံမှ ဘာတစ်ခုမျှ ပြန်လည်မျှော်လင့်စရာ မရှိကြောင်း ကိုဘိုးမှိန် သိမှန်းလည်း ရှိနိုမီရာစံ သိသည်။

သို့စင်လျက်-

"ခင်ဗျားကို မြင်မြင်ချင်းကို ကျွန်တော် ခင်တယ်ဗျာ၊ ခင်ဗျားဟာ လူကောင်း တစ်ယောက်ပဲ"

ဟူ၍ တတ်အားသမျှ အကူအညီပေးလာခဲ့သော ကိုဘိုးမှိန်။

"ကျွန်တော် ပြန်မယ် ရှိနိုမီရာစံ၊ မနက်ဖြန် ကျွန်တော်တို့ ရှမ်းပြည်နယ် ဘက် သွားမလို့၊ အဖော်ကောင်းတာနဲ့ဗျာ"

"ဘယ်တော့ ပြန်လာမလဲ ကိုဘိုးမှိန်"

"ပြန်လာဖြစ်မယ် မထင်တော့ဘူး၊ ဒီဘက်မှာ လုပ်ကိုင်စားရတာ မဟန် ပါဘူးဗျာ"

"ရှမ်းပြည်နယ် ဘယ်နေရာလဲ ကိုဘိုးမှိန်"

"တောင်ကြီး၊ ကလော၊ အင်းလေး၊ ကျောက်မဲ၊ သီပေါ၊ အနံ့ပေါ့ဗျာ"

"တောင်ကြီးရောက်မှာ သေချာသလား"





"တောင်ကြီးကို အဓိကထားပြီး သွားရမှာ၊ တခြားနေရာတွေကတော့ အခြေအနေအရပဲ"

တစ်ဦးတည်းသော မိတ်ဆွေ ကိုဘိုးမှိန်သည် သူ့ကိုနှုတ်ဆက်နေပြီ။ မကြာခင် သူတစ်ယောက်တည်း ကျန်ရစ်ပြန်တော့မည်။

မျက်လုံးထဲတွင် လှည်းတန်းကြီး တရွေ့ရွေ့ ထွက်ခွာသွားလျက် မျက်ရည် အဝဲသား လိုက်ပါသွားရှာသော ရှမ်းမကလေး၏ အသွင်သဏ္ဍာန်ကို တရေးရေး မြင်ယောင်လာသည်။ အဖန်တလဲလဲ အိပ်မက်ထဲတွင် ပါဝင်နေတတ်သော အရိပ် အသွင်များ။

"ကျွန်တော် စာတစ်စောင်ပေးလိုက်ချင်တယ်၊ တောင်ကြီးမှာ မိတ်ဆွေ ရှိပါတယ်၊ ကျွန်တော် နှုတ်ဆက်ချင်တာပါ၊ ဒီစခန်းကနေ ကျွန်တော် အသက် ရှင်လျက် ပြန်ထွက်ရမယ် မထင်တော့ပါဘူး"

"ဟာ… ခင်ဗျား နေကောင်းလာမှာပါဗျာ၊ ခုတောင် ငှက်ဖျား ပျောက်သွားပြီပဲ၊ ဒီအနာကောင်းဖို့ပဲ ကျန်တာပါ"

"အနည်းဆုံး တောင်ကြီးကိုတော့ ကျွန်တော် ပြန်ရောက်မယ်မထင်တော့ ပါဘူး"

ကိုဘိုးမှိန် သည်တစ်ကြိမ်တော့ ခေါင်းညိတ်ပြသည်။

"ခင်ဗျား စာပေးလိုက်ချင်ရင် ကျွန်တော် ယူသွားပြီး အရောက်ပို့ပေးပါ့မယ်၊ ညနေ တစ်ခေါက်လာယူမယ်"

စာတစ်စောင်ရေးရန် စာရွက်ကိုပင် သူ့မှာ ခဲခဲယဉ်းယဉ်း ရှာဖွေရသည်။ စာအိတ်မရှိ၍ စာရွက်တစ်ခုကိုပင် ထမင်းလုံးကပ်ကာ စာအိတ်လုပ်ရသည်။

စာရေးပြန်တော့လည်း မြန်မာလို ကျွမ်းကျွမ်းကျင်ကျင် မရေးတတ်လေ၍ ဂျပန်လိုသာ ရေးရတော့သည်။ ချစ်သော စန္ဒီ ဘယ်လိုဖတ်မှာလဲ သူ မသိနိုင်ပြီ။

*ကျွန်တော်ချစ်မိတဲ့ စန္ဒီ…*

*စန္ဒီတို့ အင်းထဲကို ထွက်ပြေးတိမ်းရှောင်သွားစဉ်က လှည်းတန်းကြီး တရွေ့ရွေ့ ဝေးကွာသွားတာကို လိုက်ငေးကြည့်ရင်း တစ်နေ့ ပြန်တွေ့ချင် တွေ့ကြဦးမှာပါလို့ ကျွန်တော့်ကို အားပေးနိုင်ခဲ့ပါသေးရဲ့။*

*ကျွန်တော်တို့ ဆုတ်ခွာထွက်ပြေးသွားကြရတော့လေ… အင်းထဲ*



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားရတော့ စန္ဒီကိုများ ပြန်တွေ့ဦးမလားဆိုတဲ့ မျှော်လင့်ချက် တွေနဲ့ ရှာဖွေကြည့်မိပြန်သေးတယ်…

ခုတော့လည်း မျှော်လင့်ချက်တွေ အကောင်အထည် ပေါ်လာနိုင်ပါတော့မလားရယ်လို့ သံသယတွေ အင်အားကြီးမားလာကြပါပြီ။

ဖြူစင်သန့်ရှင်းတဲ့ စန္ဒီ့အသည်းနှလုံးကို မရေရာတဲ့ ကတိစကားတွေနဲ့ အကျဉ်းထားခဲ့ရမှာ တရားမမျှဘူးလို့ ယူဆတာမို့ စန္ဒီကို ချစ်တယ်လို့ ဖွင့်မပြောနိုင်ခဲ့ပါဘူး၊ ရင်မှာ ခံစားရသမျှ မျိုသိပ်ခဲ့ရတဲ့ ကျွန်တော့်အပေါ် စန္ဒီ နားလည်နိုင်ပါ့မလား။

အကြောင်းကံ တိုက်ဆိုင်လို့များ ပြန်လည် ဆုံစည်းရဦးမယ်ဆိုရင်တော့ စန္ဒီဟာ စဉ်းစားဆုံးဖြတ်နိုင်တဲ့ အရွယ်ရောက်နေတော့မှာပါ၊ အဲဒီအချိန်မှာ စန္ဒီဟာ ကျွန်တော့်အပေါ် သဘောထား မပြောင်းလဲသေးဘူးဆိုရင်ဖြင့် ဘယ်အတားအဆီးကိုမှ ကျွန်တော် မမှုတော့ပါဘူး။

စန္ဒီ နှစ်သက်ပေမယ့် အဲဒီတုန်းက အဆုံးမသတ်ရသေးတဲ့ ဂျပန်သီချင်းတစ်ပိုင်းတစ်စကို ခုတော့ ကျွန်တော် ဖြည့်စွက် ပေးပို့လိုက်ပါတယ်။

ငြိမ်းချမ်းတဲ့အချိန်မှာ စန္ဒီကို ကျွန်တော် အဲဒီ သီချင်းကလေး ဆိုတီးပြနိုင်ဦးမယ်ဆိုရင် ဘယ်လောက်များ ပျော်စရာကောင်းလိုက်မလဲ။

ဂူယူစယာနီ    ယူရာရီကီ စုရုနိုနီကာနာဂျီ
ယူကူပါ 'ကလော'က    အိုယူနာစာကို
အကာရီတိကာဟိုရာ    စာဂီရိုနီယူအိကီ
ယူမီအိုမီဂူယိုယူနာ    'အင်းလေး'ကို

(…)ချူသံလွင် တရွေ့ရွေ့ ထွက်ခွာနေ
နွားလှည်း အစီအရီ မျှော်မဆုံးပေ၊
ရှမောလှပ ကလောမြို့အခြေ၊
နွေးထွေးရေစမ်း စီးဆင်းနေ၊





ရေပြာအင်းလေး ရှင်းသန့်လေပြည်၊
ရင်မှာ နိဝင်အေး၊
အဆွေးပိုလို့ အတွေးသီ အလွမ်းဝေ၊
အိပ်မက် အတိတ်တစ္ဆေ။

တာဘီနိုတာစိုဂါရီ    'ပဂိုးဒါ'နိုအိုကာနီ
ကာနီဂါနာရီမရူ    နိုဇီနိုမိုရီ
ကီမူရူ 'တောင်ကြီး'    မီတီစီရာဇီရာတို
တိုအီ 'လွိုင်ကော်'နို    ယိုရူနိုအမီ

(…)စေတီတော် ကုန်းမြင့်ထက်မှာလေ
ဆည်းလည်းသံတွေ ပြန့်ကြားနေ၊
တောင်ကြီးသို့ ကိုယ်မှန်းဆရည်၊
လမ်းစရှာလို့ မတွေ့တော့ပြီ။
ရောင်စုံတွေဝင်းဖြန့် သက်တံပမာအခြေ၊
လွိုင်ကော်မြေနဲ့ဝေး၊
အရေးသာတဲ့ တစ်နေ့မှာ၊
မင်းကို ပြန်တွေ့ပါရစေ။

ရှိနိုမီရာ ယတိပြတ် ဆုံးဖြတ်လိုက်သည်။ သူပိုင် တစ်ခုတည်းသော အဖိုးတန်ပစ္စည်းကလေးဖြစ်သည့် စန္ဒီ့လက်စွပ်ကလေးကို ကိုဘိုးမှိန်ကိုပဲ ပေးလိုက်တော့မည်။

"ခင်ဗျား လမ်းမှာ သုံးစွဲဖို့ ငွေလိုလိမ့်မယ်၊ ဒီလက်စွပ်ကိုယူပါ"

ဟု အင်္ကျီအိတ်ထဲတွင် အထပ်ထပ် ထုပ်ပိုးသိမ်းဆည်းထားသော ရွှေလက်စွပ်ကို ထုတ်ပေးသည်။

"ဟာ… နေပါစေ၊ မယူပါဘူး… မယူပါဘူး၊ ရှိနိုမီရာစံရယ်"

"ယူပါ… ကိုဘိုးမှိန်၊ ကျွန်တော့်အပေါ်မှာ ခင်ဗျားကျေးဇူးတွေ များလှပြီ၊ ကျွန်တော် ဘာမှပြန်မလုပ်ပေးနိုင်ခဲ့ဘူး၊ အခု ဒီစာဟာ ကျွန်တော့်အတွက် သေရေး



www.burmeseclassic.com

www.burmeseclassic.com



ရှင်ရေးပါ၊ စာရောက်အောင် ပို့ပေးမယ်ဆိုတဲ့ ခင်ဗျားရဲ့ ကတိစကားဟာ ဒီလက်စွပ်ရဲ့ တန်ဖိုးနဲ့အမျှပါပဲ၊ ဒီတော့ ယူလိုက်ပါဗျာ''

ရှိန္နမီရာ ချစ်လှစွာသော စန္ဒီ့လက်စွပ်ကလေးမှန်းသာ သိရှိထားခဲ့လျှင် ကိုဘိုးမှိန် လက်ခံမည်မထင်။ ယခုမူ ကိုဘိုးမှိန် မငြင်းတော့။ ရေခြားမြေခြားသို့ စွန့်စား သွားတော့မည့် အချိန့်ဝယ် သူလို ဆင်းရဲသားတစ်ယောက်အဖို့ လိုအပ်လာမှ သုံးစွဲစရာ ငွေကြေးတစ်ပြားတစ်ချပ် အပိုရှိသည် မဟုတ်ပေဘဲ။

ရှိန္နမီရာ ကျေနပ်နှစ်သိမ့်စွာ ခံစားရသည်။ စန္ဒီ ခွဲခွာသွားခဲ့စဉ်က ရန်သူကိုမှ မေတ္တာမျှတတ်လေခြင်းဟူ၍ လူအများအလယ်ဝယ် ချစ်သောစန္ဒီတစ်ယောက် မတင့်မတယ် မျက်နှာငယ်ရှာလေလိမ့်မည်ဟု စိုးရိမ်ကြောင့်ကြလျက် သူ့မှာ လက်ဖှေ့ယမ်း နှုတ်ဆက်ရန်ပင် ဝန်လေးတွန့်ဆုတ်ခဲ့ရသည်။

'နောက်တစ်ကြိမ်' ဆိုသည်မှာ ရှိနိုင်ကောင်းသည်ဟု မျှော်လင့်ထားခဲ့ခြင်းတို့ ယိမ်းယိုင်လာသော သည်အချိန်သည်အခါမှာတော့ ရင်မှာခံစားရသမျှ ပြောပြချင် သေးသည်။

ပြောပြနိုင်ခွင့် ဖန်တီးပေးသော ကိုဘိုးမှိန်ကို သူ ကျေးဇူးတင်ရပါသည်။

◆



(၂၅)

ဒုတိယကမ္ဘာစစ် ပြီးဆုံးခဲ့သည်မှာ ဆယ့်နှစ်နှစ် ကြာခဲ့ပြီးသည့်နောက်...

ကမ္ဘာတွင် အပြောင်းအလဲ များစွာရှိခဲ့သည်။

မြန်မာပြည်မှာလည်း အပြောင်းအလဲ များစွာရှိခဲ့သည်။

လူတစ်ဦးတစ်ယောက်စီအဖို့လည်း ဤအချိန်ပိုင်းအတွင်း အပြောင်းအလဲ များစွာ ဖြစ်ပေါ်နိုင်ခဲ့သည်ပဲ။

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိခဲ့ သည်။ တစ်တိုင်းတစ်ပြည်လုံး ပျော်ရွှင်မဆုံးဘဲ အောင်ပွဲတွေ တခြိမ့်ခြိမ့် တသဲသဲ ဆင်နွှဲခဲ့ကြလေသည်။

မြန်မာနိုင်ငံသူ နိုင်ငံသားတိုင်းအတွက် အမှတ်တရနေ့။ စန္ဒီတို့ မိသားစု အတွက် ကိုယ်ပိုင်ခံစား လွမ်းဆွတ်ဖွယ်ရာ အဖြစ်အပျက်တစ်ခုနှင့်လည်း တိုက်ဆိုင် ကြုံကြိုက်ရတော့သည်။

ထိုနေ့ညတွင် ခင်မိမိတစ်ယောက် အိပ်ဆေး အသောက်လွန်ကာ သေဆုံး သွားခဲ့လေသည်။ သူမကိုယ်ကို သေကြောင်းကြံစည်သည်ဟု ယူဆဖွယ်ရာ အထောက်အထား တစ်စုံတစ်ရာ မကျန်ရစ်ခဲ့။ လွတ်လပ်ရေးအောင်ပွဲကြီး ဆင်နွှဲ သွားသေးသည်ကို အားလုံးမျက်မြင်။ သို့စဉ်လျက် အားလုံးကပင် မိမိတစ်ယောက် ဤလောကမှ တမင်တကာ စွန့်ခွာထွက်ပြေးသွားလေပြီဟု ပြောဆိုယူဆရစ်ကြ ကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ခင်မိမိ၏ သတင်းဆိုးကို ရက်ပိုင်းအတွင်းမှာပင် စန္ဒီတို့ ကြားသိခဲ့ကြရသည်။

"ဒါကြောင့် ဒေါ်လေး စိတ်ထဲမှာလေ… မိမိအတွက် လွတ်လပ်ရေးရဖို့ပဲ ကျန်ပါတော့တယ်လို့ ပြောတိုင်းပြောတိုင်း တစ်မျိုးကြီး ခံစားရတယ်"

"ကိုကိုနဲ့ နောင်ဘဝမှာ ပြန်ဆုံစည်းဖို့ သူမျှော်လင့်မှာပေါ့ ဒေါ်လေးရ"

"အဲဒီစကား ပြောတဲ့အချိန်တုန်းက သူရိန် တိုက်ပွဲ မကျသေးပါဘူး"

"ကိုကိုရှိလျက်သားနဲ့တောင် သူ့ခန္ဓာကိုယ်ကို သူ စက်ဆုပ်လွန်းလို့ သူ အသက်မရှင်ချင်တော့ဘူး မဟုတ်လား ဒေါ်လေး၊ ကိုကိုက အရင်သွားနှင့်တော့ နောင်ဘဝမှာ ပြန်ဆုံကြဖို့ သူ ပိုပြီးလိုက်သွားချင်မှာပေါ့"

ဒေါ်မြနှစ်ကတော့ နှမြောတသဆဲ။

"လွတ်လပ်ရေး ရပြီးပေမယ့်လည်း ဆက်လက်ပြီး လုပ်စရာတွေ အများကြီး ရှိနေပါသေးတယ် မိမိရယ်"

ဟု ညည်းညူသည်။

"တချို့ မိန်းမတွေအဖို့ ကိုယ့်အပျိုစင်ဘဝကိုပဲ ဖြစ်ဖြစ်၊ ကိုယ့်ခန္ဓာကိုယ်ပဲ ဖြစ်ဖြစ်၊ ကိုယ်ချစ်တဲ့သူအတွက်သာ ဖြစ်စေလိုတယ်ဆိုတာ ဒေါ်လေးလည်း သိသားနဲ့"

"ဒါတော့ ဟုတ်တာပေါ့ စန္ဒီ"

"အဲဒါဆိုလည်း မမမိကို နားလည်ခွင့်လွှတ်လိုက်ပါတော့ ဒေါ်လေးရယ်၊ ဒေါ်လေးပြောတဲ့ အလုပ်တွေကို တခြားလူတွေ ဆက်လုပ်ကြပါစေ"

"အေးလေ… ဟုတ်ပါတယ်၊ တခြားလူတွေ ဆက်လုပ်ကြပါစေ"

လွတ်လပ်ရေး ရပြီးနောက် တိုင်းပြည်အတွက် ဆက်လက်၍ အလုပ်လုပ်နေကြသူများအထဲတွင် ဗိုလ်ရန်ပိုင်လည်း အပါအဝင် ဖြစ်လေသည်။

ဖက်ဆစ်တော်လှန်ရေးအပြီးတွင် အသစ်ထပ်မံဖွဲ့စည်းသည့် ဗမာ့တပ်မတော်တွင် ဆက်လက်၍ အမှုမထမ်းရတော့သော လက်တစ်ဖက်ပြတ် စစ်ပြန် ဗိုလ်ရန်ပိုင်သည် ချမ်းသာကြွယ်ဝသော မိဘများထံ ပြန်လည်ရောက်ရှိလာခဲ့သည်။ မိဘများကတက္ကသိုလ်ကျောင်းသို့ ပြန်တက်စေလိုသော်လည်း သူကမူ နိုင်ငံရေးနယ်ပယ်ထဲမှ ရုန်းမထွက်နိုင်အောင် စုံးစုံးနစ်မြုပ်နေခဲ့လေ၏။

နိုင်ငံရေးလုပ်ရင်း အတက်အဆင်း၊ အနိမ့်အမြင့် ဘဝအဖုံဖုံ အလီလီတွင် ဗိုလ်ရန်ပိုင် လူးလာကူးသန်းနေခဲ့သည်။





စန္ဒီတို့ မိသားစုထံလည်း နှစ်နှစ်တစ်ခါ သုံးနှစ်တစ်ခါ ရောက်လာတတ်သည်။ အထူးသဖြင့် သူလာလျှင် ဇွန်လ မိုးထဲလေထဲမှာ ရောက်လာတတ်သည်။ ကိုသူရိန်အတွက် နှစ်ပတ်လည် ဆွမ်းကပ်သည့်နေ့ရက်များ။

ဗိုလ်ရန်ပိုင် မင်္ဂလာဆောင်သို့ ဦးမြအောင် တက်ရောက်ခဲ့လေသည်။

"ဗိုလ်ကပြောမကလေးကွ၊ သူ့ငယ်ချစ်လို့ဆိုတာပဲ၊ ရုပ်ရည်ကတော့ ဆံပင်မည်းမည်း၊ မျက်လုံးမည်းမည်း၊ နှာခေါင်းလည်း မချွန်လှဘူး၊ မြန်မာဘက်နွယ်တာပေါ့ကွာ၊ ဒါပေမဲ့ ငါ ဘဝင်မကျဘူး၊ စိတ်က အနောက်ဘက် လုံးလုံးပါပုံရပါတယ်ကွာ၊ မောင်ရန်ပိုင်နဲ့ ဟန်ကျပါ့မလား"

အိမ်ထောင်ကျသွားပြီးခါမှ ဗိုလ်ရန်ပိုင်တစ်ယောက် ဦးမြအောင်ထံ ပို၍ အလာစိပ်လာကာ ပိုမို၍ ခင်မင်ရင်းနှီးလာခဲ့သည်။

တိုင်းရေးပြည်ရေး ဆွေးနွေးမလား၊ သစ်ပင်ပန်းမန်အကြောင်း ပြောကြမလား။ သစ်တောဝန်ထောက်ဘဝမှ အရေးပိုင်အဆင့်တိုင် ရာထူးတိုးမြှင့်လာခဲ့သော ဦးမြအောင်နှင့် ဘီအက်စီ (သစ်တော)ဘွဲ့ မရလိုက်ဘဲ ဖက်ဆစ်တော်လှန်ရေးထဲ ပါသွားကာ နိုင်ငံရေးနယ်ထဲ လမ်းပြောင်းသွားသူ ဗိုလ်ရန်ပိုင်တို့အတွက် တစ်ခါတစ်ရံ ဦးမြအောင်၏ ခြံထဲမှ သနပ်ခါးတစ်ပင်၊ အင်ကြင်းတစ်ပင် အကြောင်းသည်ပင် နှစ်ခေါက်သုံးခေါက် အိမ်အလည်အပတ် တစ်လှည့်စီ သွားရောက်ပြီးသည့်တိုင် ဆွေးနွေး၍ မကုန်နိုင် မပြီးနိုင်ခဲ့။

သစ်ပင်ဝါးပင်တွေအကြောင်းကို စန္ဒီက စိတ်မဝင်စားပေ။ မိခင်မြတ်နိုးသော ပန်းပင်များကို ဖခင်က အလွမ်းပြေ စိုက်ပျိုးလေ၍သာ စန္ဒီ ရေလောင်းရုံမျှရှိခဲ့သည်။ နိုင်ငံရေးသည်လည်း စန္ဒီနှင့် မအပ်စပ်။

ဒေါ်မြနှစ်ကတော့ သစ်ပင်ပန်းမန်အကြောင်း ဆွေးနွေးပွဲ အနားမကပ်သော်လည်း နိုင်ငံရေးဆိုလျှင် သူမ အာပေါင်အာရင်း အသန်ဆုံး။

သည်တော့လည်း ဗိုလ်ရန်ပိုင်သည် ဦးမြအောင်နှင့် ဒေါ်မြနှစ်၏ ရင်းနှီးသော မိတ်ဆွေတစ်ဦးနှင့် တူညီလေ၏။

ဦးမြအောင် နိမိတ်ဖတ်သည့်အတိုင်းပင် ဗိုလ်ရန်ပိုင်တို့၏ နိုင်ငံရေးပါတီ စိတ်ဝမ်းထက်ခြမ်းကွဲနေခဲ့ချိန်မှာပင် ဗိုလ်ရန်ပိုင်၏ အိမ်ထောင်ရေးသည် လုံးလုံးလျားလျား ပြိုကွဲပျက်စီးသွားရတော့သည်။

ဗိုလ်ရန်ပိုင်၏ဇနီးသည်လည်း အနောက်နိုင်ငံသို့ အပြီးအပိုင် ထွက်ခွာလေ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ ဗိုလ်ရန်ပိုင်ကား အိမ်ထောင်ပျက် တစ်ခုလပ်တစ်ယောက်အဖြစ် နိုင်ငံရေးပါတီဝယ် နစ်မြုပ်ကျန်ရစ်ခဲ့လေ၏။

"ဒါကြောင့် ငါဘဝင်မကျခဲ့တာ၊ မောင်ရန်ပိုင်တို့နှစ်ယောက်က အသွင်မှ မတူတာဘဲ"

ထိုအချိန်တွင် ဦးမြအောင်မှာ အစိုးရအလုပ်မှ အနားယူလိုက်လေပြီ။

စန္ဒီသည်လည်း တက္ကသိုလ်မှ ပညာရေးဘွဲ့ရရှိကား၊ အထက်တန်းပြ ဆရာမ ဖြစ်လာခဲ့သည်။ အလုပ်မှာပင် စိတ်ကိုမြှုပ်နှံရင်း အပျိုကြီးစာရင်းထဲ ပါမှန်းမသိ ပါလာတော့သည်။

စန္ဒီမှာ အချစ်ဝယ်မေ့မူးလျက် စိတ်ကူးယဉ်အိပ်မက် မက်သောအရွယ် မဟုတ်တော့ပါ။ သူမ၏ အသည်းတစ်နေရာတွင် ချစ်သောရှိန်မီရာစ်အတွက် လျှို့ဝှက်တစ်နေရာပေးကာ အစဉ်ထာဝရ သတိရ တမ်းတနေသေးသော်ငြားလည်း သူ့ကို မမျှော်တော့ပါ။ သူ ကျန်းမာပျော်ရွှင်စွာ ရှိစေချင်သည်မှလွဲ၍ သူနှင့်စန္ဒီ ဖူးစာ မဆုံထိုက်ပါဟု စိတ်မှာနားလည် လက်ခံတတ်နေပါပြီ။ ဤဘဝမှာတော့ စန္ဒီနှင့် သူ့အကြောင်းက ဤမျှနှင့်ပဲ ပြည်ဖုံးကားချကာ ဇာတ်သိမ်းလိုက်ပါပြီ။

တစ်ခုပဲပြောစရာ ရှိသည်၊ အချစ်သည် စန္ဒီရင်ဝယ် ထပ်မံပေါက်ပွား လာနိုင်ခြင်း မရှိတော့ပါလား။

လူငယ်ချင်း နှစ်သက်ကျေနပ်၍ ချဉ်းကပ်လာလျှင် ဖြစ်စေ၊ လူကြီးချင်း သားရေးသမီးရေး စကားကမ်းလှမ်းလာလျှင် ဖြစ်စေ စန္ဒီက ခေါင်းတွင်တွင် ခါယမ်းလျက် မပြောင်းလဲတမ်း ငြင်းဆန်မြဲ။

ဆေးကျောင်းသားကလေး ဖြစ်လာသော တူကလေး အတာကပင် အဒေါ်ကို ပြောင်လှောင် ကျီစယ်တတ်နေလေပြီ။

"ဒေါ်ဒေါ်လေးတော့ မူရင်းမူရင်း အမူလွန်ပြီး အဘွားလေးလို အပျိုကြီး ဖြစ်တော့မှာပဲ"

"ထုံးတမ်းစဉ်လာကို ရှေးမူမပျက်အောင် ထိန်းသိမ်းရမှာပေါ့ မြေးရဲ့"

ဒေါ်မြနှစ်က သူမကိုပါ ထိခိုက်လာသဖြင့် ပါဝင်ဖြေရှင်းသည်။

"ဒေါ်ဒေါ်လေးကို အတာ့သူငယ်ချင်းတွေက သဘောကျလို့ မေးကြတယ်၊ အတာက အစ်မလို့ ပြောထားတယ်ဗျ၊ စိတ်မပျက်နဲ့၊ မျှော်လင့်ချက်ရှိသေးတယ်၊ အမယ် အကောင်တွေက မမကို တကယ် အသက်ငယ်ငယ်လေး ရှိသေးတယ်





မှတ်ပြီး စိတ်ကူးတွေယဉ်လို့၊ မမထားနဲ့အပါဆိုပြီးတော့လေ"

"ဒေါ်ဒေါ်လေးက အတာ့ဘွားလေးကို သနားလို့ပါ၊ ဒေါ်ဒေါ်လေး ယောက်ျား ယူလိုက်ရင် အတာ့ဘွားလေး ပျင်းကျန်ရစ်မှာ အတာရဲ့"

ဟု စန္ဒီကပြောတော့ အတာက-

"ရတာမလို လိုတာမရလို့ မဟုတ်ဘူးလား"

ဟု ပြုံးဖြဲဖြဲ မေးလေ၏။

သမီးလေး အပျိုကြီးဖြစ်မှာကို စိတ်ပူပန်လာသူက ဦးမြအောင်။

သူ ပင်စင်ယူလိုက်ပြီးသည့်အခါမှာ အခြေအရံ အသိုက်အဝန်း နည်းသွားရုံမျှမက ပတ်ဝန်းကျင်တွင် များစွာ မဝင်ဆံ့တော့ချိန်တွင် သူ အလေးအနက် စဉ်းစားမိလာသည်မှာ သူ မရှိသည့်အခါ သူ၏ရိုးအေးသော သမီးငယ်သည် အဆောင်အယောင် ထည်ဝါသားနားမှု အထင်ကြီးသော လောကကြီးထဲတွင် ယောင်လည်လည်နှင့် မျက်နှာငယ်ရတော့မည်ဟူသော အချက်ပင်တည်း။

ထန်းသီးကြွေခိုက်၊ ကျီးနင်းခိုက် အဆင်သင့်ချင်တော့ ဗိုလ်ရန်ပိုင်သည် အိမ်ထောင်ပျက်ပြီး တစ်နှစ်အကြာတွင် ဦးမြအောင်ထံ၌ စန္ဒီအား လက်ထပ်ခွင့် တောင်းခံလာခဲ့လေ၏။ သူ့ဇနီးဟောင်းသည် အင်္ဂလိပ်လူမျိုးတစ်ဦးနှင့် နောက်အိမ်ထောင်ပြုသွားလေပြီ။ အတိတ်က အိမ်ထောင်ရေးသည် လုံးဝ နောက်ကြောင်းရှင်းသွားလေပြီ။

သားထောက်သမီးခံလည်း မကျန်ရစ်။ ဇနီးဟောင်းနှင့်လည်း ကင်းရှင်းသည်။ တစ်ဖန် စည်းစိမ်ဥစ္စာ အလျှံပယ်မို့ ကတော်ဖြစ်ချင်သူ အမျိုးသမီးများက ဒုနဲ့ဒေး။ ကျော့ကွင်းတွေ ထောင်ချောက်တွေမမိအောင် ဗိုလ်ရန်ပိုင် အထူးပင် သတိထား၍ ရှောင်ရှားနေရချေသည်။

ချက်မပိုင်က နောင်ပြင်နိုင်ခဲလေသည့် အိမ်ထောင်ရေးဝယ် တစ်ကြိမ် မှား ယွင်းရှုံးနိမ့်ခဲ့ရသည်ပင် လွန်လှနေပြီဖြစ်ရကား ဒုတိယအကြိမ်မှာတော့ ဗိုလ်ရန်ပိုင် ထပ်မံ၍ မမှားချင် မရှုံးနိမ့်ချင်တော့ပေ။

ဦးမြအောင်က ဒေါ်မြနှစ်ကို တိုင်ပင်သည်။ ဒေါ်မြနှစ်ကလည်း သဘောတူ လိုက်သည်မှာ ဖျပ်ဖျပ်လူး။

စန္ဒီကတော့ အိမ်ထောင်ရေးကို မတွေးချင်ပေ။ တစ်ကိုယ်တည်း အေးချမ်းစွာ နေလာရသောဘဝမှ တစ်မျိုးတစ်ဖုံ အပြောင်းအလဲမရှိချင်ဘဲ သတ္တိနည်းနေမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"စန္ဒီ့အသက်ပဲ သုံးဆယ်နီးနေမှ အေးအေးပဲ နေပါရစေတော့ ဒေါ်လေးရာ"

"သမီးရဲ့ဘဘက သူနဲ့ဒေါ်လေးမရှိရင် သမီးတစ်ယောက်တည်း ကျန်ရစ်မှာ စိတ်မချဘူး သမီးရဲ့"

"ဒေါ်လေးတို့လည်း တရားသိသားနဲ့၊ ဘယ်သူ အရင်သွားရမယ်ဆိုတာ သိနိုင်တာ မဟုတ်ပါဘူး၊ တွေးပူနေလည်း အပိုပါပဲ ဒေါ်လေးရယ်"

"ဒါပေမဲ့ သက်တမ်းအတိုင်းတွက်ရင် ဒေါ်လေးတို့က အသက် ခြောက်ဆယ်နားမှာ သေမယ့်ဘက် ပိုနီးတယ်လို့ တွက်ရမှာပေါ့သမီး"

"ရှေ့ဖြစ်မယ့်ဟာကို ဘာမှ ကြိုမသိနိုင်ပါဘူး ဒေါ်လေးရယ်၊ လူကကြံ ကံကဖန်တဲ့၊ ကံတရားအတိုင်း ဖြစ်လာမှာကို ဘယ်သူမှ မတာတ်နိုင်ပါဘူး၊ စန္ဒီလည်း အလုပ်အကိုင်နဲ့ပဲ၊ တစ်ဝမ်းတစ်ခါး ရှာစားနိုင်နေတာ၊ အိမ်ထောင်ရေးတော့ မတွေးပါရစေနဲ့တော့"

"ကံက ဘယ်လိုဖန်ဖန် ဖန်ခါမှဖန်ရော လူကတော့ ကြံရဦးမှာပဲ စန္ဒီ၊ ရှင်းရှင်းပြောရရင်တော့ သမီးက ရိုးရိုးအအရယ်၊ ဒီလောကကြီးက သိပ်ရှုပ်ထွေးတာ၊ သမီးတစ်ယောက်တည်း ဘယ်လိုမှ စခန်းသွားလို့ဖြစ်မှာ မဟုတ်ဘူး"

ဒေါ်မြနှစ်ပြောလည်း ပြောလောက်အောင်ပင် စန္ဒီသည် တက္ကသိုလ်ကျောင်းသူဘဝမှ ကျောင်းဆရာမအလုပ်သာ ပြောင်းသွားခဲ့လျက် သူမအဖို့ ကျောင်းနေစဉ် စာကျက်ကာ ဆရာမဘဝမှာ စာသင်ကြားပေးခြင်းမှတစ်ပါး လူမှုဆက်ဆံရေး၊ စီးပွားရေး ဘာတစ်ခုမှ ပါဝင်ပတ်သက်မှုခြင်း မရှိ။ အပေါင်းအသင်း ဆရာမများက ခေါ်မှ ရုပ်ရှင် တစ်ခါတလေလိုက်ကြည့်ကာ အဒေါ်ဖြစ်သူနှင့် ဘုန်းကြီးကျောင်း မှန်မှန်လိုက်ဖို့နှင့် ကျန်အချိန်များတွင် စာအုပ်ဖတ်လိုက်၊ သီချင်း နားထောင်လိုက်နှင့်သာ အချိန်ကုန်လေ၏။ ခြံထဲတွင် သူမ၏ဖခင် ဦးဆောင်စိုက်ပျိုးထားသော ပန်းပင်များကို ရေလောင်းဖို့၊ အိမ်ထဲတွင် ဒေါ်မြနှစ် စီစဉ်သည့်ဟင်းအိုးများကို ကူညီချက်ပြုတ်ပေးဖို့၊ တံမြက်စည်းလှည်း ဖုန်သုတ်ဖို့ထက်ပို၍ စန္ဒီ ဘာမှ တာဝန်မယူရ၊ ဆန် ဘယ်ဈေးပေါက်မှန်းပင် မသိသည့် စန္ဒီ။

'မောင်ရန်ပိုင်ဆိုတာ ဘာမှ ငြင်းစရာမရှိတဲ့ သူငယ်လေးပါ။ သူ့အိမ်ထောင်ရေး ကံခေခဲ့တာကလွဲလို့ အကျင့်စာရိတ္တ အရည်အချင်း ဘာများပြောစရာရှိလို့လဲ"

"စန္ဒီက သူ့အိမ်ထောင်ပျက်ခဲ့တာကိုလည်း ဘယ်လိုမှ သဘောမထားပါဘူး"

"ဒါပေါ့ သမီးရယ်၊ ပွဲလို့ရှုပ်လို့မှ မဟုတ်တဲ၊ အခြေခံချင်းကိုက မတူညီတော့ အချစ်တစ်ခုတည်းနဲ့ ဘယ်မှာ ပေါင်းစပ်လို့ရပါ့မလဲ"

သည်စကားကို ဒေါ်မြနှစ်က အဓိပ္ပာယ်နှစ်ခွနှင့် တမင်တကာ ပြောလိုက်ခြင်း ဖြစ်သည်။ စန္ဒီကလည်း နားလည်ကာ မဲ့ပြုံးကလေး ပြုံးရှာ၏။

"သူ လက်တစ်ဖက် ပြတ်နေတာကိုလည်း ဒေါ်လေးက တိုင်းပြည်အတွက် စွန့်လွှတ်ခဲ့တဲ့ အထိမ်းအမှတ် ဘွဲ့တံဆိပ်လို့သတ်မှတ်ပြီး ဂုဏ်ယူတယ်"

"စန္ဒီလည်း သူ့ကို လေးစားပါတယ်"

ဒေါ်မြနှစ် ပြုံးလာသည်။ ပို၍လည်း စိတ်အားထက်သန်လာသည်။

"ပြီးတော့လေ တူကလေး သူရိန်ဟာ သူ့လက်ပေါ်မှာ အသက်ပျောက်ခဲ့ရှာတာမို့ သူ့ဆီမှာ တူကလေးရဲ့အရိပ်အသွင်တွေ ရှိနေကျန်နေသလို သူ့ကို သံယောဇဉ်ဖြစ်မိတယ်"

"ဟုတ်ပါတယ်၊ စန္ဒီအတွက်လည်း အစ်ကို အစားရသလိုပါပဲ"

"ဒါဖြင့် ဘာငြင်းစရာရှိတော့သလဲကွယ်"

"စန္ဒီမှ သူ့ကို မချစ်ဘဲ"

ဒေါ်မြနှစ်က ရင်ကိုဖိကာ သက်မကြီးချလေ၏။

"ဒီအရွယ်ကျမှ အိမ်ထောင်ရေး မစဉ်းစားတော့ဘူးဆိုတော့ ဟုတ်မလိုလိုနဲ့၊ ဒီအရွယ်ကျမှ အချစ်ကိုကော ရှေ့တန်းတင်ရဦးမလား စန္ဒီရယ်"

မစန္ဒီ တုဏှိဘာဝေ ဆိတ်ဆိတ်နေလိုက်ခြင်းဖြင့် စန္ဒီ အိမ်ထောင်ရေး ဆွေးနွေးပွဲ တစ်ခန်းရပ်ရပြန်သည်။

"ဒေါ်လေး မှတ်မိနေတယ်၊ အတော့ကို စန္ဒီ ပြောပြဖူးတဲ့ ပုံပြင်ကလေးလေ၊ နေနတ်သားကို စောင့်မျှော်ရင်း နေကြာပန်းကလေးဖြစ်သွားတဲ့ ရေနန်းသူဇာကလေး အကြောင်း"

ဟူ၍တော့ မျှော့သွေးစမ်းကာ ပြောရသေးသည်။

စန္ဒီက မဲ့ပြုံးနှင့်ပင်-

"စန္ဒီ မမျှော်တော့တာ ကြာလှပါပြီ ဒေါ်လေးရယ်၊ အတာပြောတဲ့ ဂျပန်ပုံပြင်လို အကျိုးမဲ့ လှေကားမဆောက်ပါဘူး"

ဟု ဖြေရှင်းရလေ၏။

စန္ဒီက မထုံတက်သေး အေးတိအေးစက် ငြင်းဆန်နေပြန်တော့ စန္ဒီ စိတ်ဆင်းရဲအောင် မလုပ်ရက်သော ဖခင်နှင့်အဒေါ်မှာ ဖွတ်အတောင်း စီစဉ်ရမည့်အပြင်







www.burmeseclassic.com

www.burmeseclassic.com



လည်း မဟုတ်ပြန်ရကား မချင့်မရဲ အသည်းတယားယားနှင့်သာ လက်လျှော့ထားရသည်။

မိုလ်ရန့်ပိုင်ကား ဖွဲကောင်းကောင်းနှင့် တစ်နှစ်ကျော်သည့်တိုင် စန္ဒီကိုသာ စောင့်စားဆဲ။

ကျက်သရေရှိသမျှ အပြစ်ကင်းစွာလှပသော အမျိုးကောင်းသမီးကလေး စန္ဒီကို သူတန်ဖိုးထားစွာ မက်မောလှသည်။ သူ့လို အတက်အဆင်းများသော နိုင်ငံရေးသမားတစ်ဦးအတွက် ရောင့်ရဲတင်းတိမ်သမျှ လိုအင်ဆန္ဒနည်းပါးသော မိန်းမတစ်ယောက်သည် အဖိုးထိုက်တန်လှပါပေသည်။

ဦးမြအောင်တစ်ယောက် နှလုံးသွေးကြောကျဉ်းသောရောဂါနှင့် ပထမအကြိမ်မူးမေ့လဲကျစဉ်က မိုလ်ရန့်ပိုင်၏မျက်နှာနှင့် မြန်မာနိုင်ငံ၏ အတော်ဆုံး သမားတော်ကြီးများ အပြည့်အစုံဆုံး ဂရုစိုက်ကုသမှုကို ရရှိခဲ့သည်မှစ၍ ဦးမြအောင်နှင့် ဒေါ်မြနှစ်သည် မိုလ်ရန့်ပိုင်အပေါ်ဝယ် မဲပို၍တင်းလာလေတော့သည်။

စန္ဒီအတွက်လည်း ငြင်းကွက် ပို၍ရှားပါးခဲ့ရပြီ။ မိုလ်ရန့်ပိုင်သည် ခင်ပွန်းကောင်းတစ်ယောက် ဖြစ်လိမ့်မည်ဟု စန္ဒီ ယုံမှားသံသယ မရှိ။ ခင်မင်တွယ်တာခြင်း၊ လေးစားအားထားခြင်းတို့သည် အချစ်မပါလည်း ခိုင်မာသောအိမ်ထောင်ရေးကို တည်ဆောက်နိုင်မှာပါဟု စန္ဒီကိုယ့်ကို စန္ဒီ အားပေးရတော့သည်။

တစ်နေ့သ၌-

''စန္ဒီနဲ့ ရှိန်မီရာစံရဲ့အကြောင်းတွေ ကိုရန့်ပိုင်ကိုပြောပြဖို့ လိုသေးသလားဟင် ဒေါ်လေး''

ဟု စန္ဒီက တွေးတွေးဆဆ မေးသည်။

ဝမ်းမြောက်ခြင်းကို မဖုံးနိုင်မဖိနိုင်အောင် ပြုံးချိုသောမျက်နှာကြီးနှင့် ဒေါ်မြနှစ်က စန္ဒီ့မေးခွန်းကို နားထောင်ကာ စဉ်းစားသည်။

''သမီးတို့က ဘာအကြောင်းရှိလို့တုံး''

စန္ဒီ ခေတ္တမျှ နှုတ်ဆိတ်ငြိမ်သက်သွားပြီးနောက် ပင့်သက်တစ်ချက် ရှိုက်လိုက်လေသည်။ လက်ခလယ်မှ ရွှေနန်းကြိုးနှစ်ပင်လိမ် လက်စွပ်ကလေးကိုကြည့်ကာ စန္ဒီ ခေါင်းခါသည်။

''ဘာမှလဲ ပြောစရာမရှိပါဘူးလေ''

ငေးမိငေးရာငေးရင်း နံရံမှာချိတ်ထားသော စက္ကူဖြတ်စ ပန်းချီကားကလေးကို





အမှတ်မထင် မြင်ရသည်။ ဆည်းဆာချိန်ဝယ် လှေလှော်နေသော အင်းသားတစ်ဦး၊ စန္ဒီက အိမ်ပြန်ချိန်ဟု အမည်ပေးခဲ့သော ပန်းချီကားကလေး။

''ဒေါ်လေးလည်း စန္ဒီမှာ ဘာမှ ပြောစရာမရှိဘူး အောက်မေ့တာပဲ၊ သမီးတို့ဟာက သမီးရည်းစားတောင်မှ မဖြစ်လိုက်ရဘဲနဲ့၊ သူများကြားရင်တောင် ပြုံးသနှာရှာတယ်လို့ ရယ်စရာဖြစ်နေတော့မယ်''

စန္ဒီက ခေါင်းညိတ်သည်။

''အပျော်သဘောထားနိုင်တဲ့ လူတွေအတွက်တော့ လွယ်ကြတာကိုးလေ''

ဒေါ်မြနှစ်က စန္ဒီကို သနားသွားသည်။

''လွယ်ကြတဲ့ လူတွေဟာ မချစ်တတ်ဘူး သမီးရဲ့၊ အချစ်ဆိုတာ မခံစားတတ်တော့ အချစ်ကို မပေးတတ်ကြဘူး၊ ရလည်းမရဘူး သမီးရဲ့၊ ဒေါ်လေးတို့ ဖတ်ဖူးတယ် မဟုတ်လား၊ ကေသရာဇာ ခြသေ့်အဆီဟာ သိင်္ဂီရွှေခွက်မှာသာ တည်တယ်တဲ့၊ အချစ်ဆိုတာ နူးညံ့သိမ်မွေ့လွန်းတဲ့ ဖြူစင်လေးနက်လွန်းတဲ့ ခံစားချက်ကလေးဟာ ခံစားတတ်သူတွေမှာသာ တွေ့ရှိနိုင်တဲ့ အလှအပတစ်ခုပါပဲကွယ်''

ချစ်တတ်သောကြောင့် ရင်မှာ နာကျင်ခံစားရသည်ကိုတော့ ဒေါ်လေး ထည့်မပြောတော့ဘူးလားဟု စန္ဒီ မေးကြည့်လိုက်ချင်လှသည်။

လက်တွေ့မှာတော့-

''အဲဒါ ဘယ်သူ့အယူအဆတွေလဲ''

ဟုသာ မေးဖြစ်သည်။

''ဒေါ်လေးပြောရင် ဒေါ်လေး အယူအဆပေါ့''

''ဒေါ်လေးက အပျိုကြီး၊ အချစ်ဆိုတာ နားလည်လို့လား''

''သမီးလည်း အပျိုကြီးဖြစ်တော့မလို့ အခု သီသီကလေးလွဲတာ မဟုတ်လား''

တူဝရီးနှစ်ယောက် ဟက်ဟက်ပက်ပက် ရယ်မောလိုက်ကြလေ၏။

◆



www.burmeseclassic.com

www.burmeseclassic.com

## (၂၆)

"ကျွန်တော် ဘုရားကြီး အကျဉ်းစခန်းမှာ ခြောက်လကြာတယ်၊ အဲဒီကနေ မန္တလေး သုံ့ပန်းစခန်းမှာ တစ်နှစ်ခွဲကြာခဲ့ပြန်တယ်၊ ၁၉၄၇ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့ကျမှ ဂျပန်ပြည် ပြန်ခွင့်ရပါတော့တယ်"

"ဒါဖြင့် စစ်ပြီးတော့ အကြာကြီး မြန်မာပြည်မှာ သောင်တင်နေသေးတာပဲနော်"

တစ်ယောက်နှင့်တစ်ယောက် အတွေ့အကြုံများကို နောက်ကြောင်း ပြန်လှန်ပြောရင်း ဤမျှ အချိန်တွေကြာမြင့် လွန်မြောက်ခဲ့ပြီဆိုသည်မှာ အိပ်မက်မဟုတ်ပါဘဲ အစစ်အမှန်တရားပါပဲဟူ၍ နိုးကြားသိမှတ်လိုက်ကြရတော့သည်။

စကားပြောနေရချိန်အတွင်း မစ္စတာရှိနိုမီရာသည် ဒေါ်စန္ဒီ၏ ကြည်လင်လန်းဆန်းသော သွင်ပြင်မှုရာကို သိရှိလေ့လာမိလျက် စိတ်မှာ ကြည်နူးဝမ်းသာခြင်းဖြင့် ငြိမ်းအေးလှလေသည်။ စန္ဒီတစ်ယောက် စိတ်ဝယ်ချမ်းမြေ့ရသောဘဝမှာ ကျင်လည်နေထိုင်ရသည်ပဲ။

"ရှိနိုမီရာစံ ပြန်ရောက်သွားတော့ ဟိုကလူတွေလည်း သိပ်အံ့သြသွားကြမှာပဲနော်"

သူသည် သင်္ဘောကြီး ရန်ကုန်မြစ်ဝမှ တရွေ့ရွေ့ထွက်ခွာလာခဲ့စဉ်က တဖြည်းဖြည်းဝေးကွာ၍ ကျန်ရစ်သော မြတ်ရွှေတိဂုံစေတီကို မျှော်ဖူးရင်း၊ ဤကမ္ဘာငြိမ်းချမ်းသွားသည့်နေ့တွင် ကောင်းသောလာခြင်းဖြင့် မြန်မာနိုင်ငံသို့ တစ်ခေါက်





တစ်ခါ ထပ်မံလာရောက်ပါရစေဟု ဆုတောင်းခဲ့မိသည်။

သူ ဂျပန်ပြည် ပြန်ရောက်သောအခါ သူ့ကို ဆီးကြိုမည့် မိခင်နှင့်အစ်ကို မရှိ။ ကြိုတင် အကြောင်းမကြားနိုင်၍သာမက အကြောင်းကြားနိုင်လည်း လာမည်မဟုတ်တော့ပါ။ သူ့မိခင်ရော သူ့အစ်ကိုပါ ဤလောကတွင် အသက်ထင်ရှားရှိမနေရှာကြတော့ပါ။

"ကျွန်တော် ဂျပန်ပြည်က ထွက်ခွာသွားခဲ့ရတဲ့ ငါးနှစ်ကျော်အတွင်း ကျွန်တော့်အစ်ကိုက အရင်ကွယ်လွန်ခဲ့ပါတယ်။ ကျွန်တော် အကျဉ်းခံနေရစဉ်အတွင်းမှာ ကျွန်တော့်အမေလည်း ကွယ်လွန်ပြန်ပါတယ်"

ရှိနိုမီရာစံ ရင်ဆိုင်ရသည်က ချွတ်ခြုံကျနေပြီဖြစ်သော စီးပွားရေး အခြေအနေ၊ ပြီးတော့ အစ်ကို၏သားငယ်နှစ်ယောက်နှင့် ကျန်ရစ်သူ ဇနီးသည်မုဆိုးမ၏ရေးရေး။

"ရောက်ရောက်ချင်းတော့ နှစ်နှစ်လောက် မပျောက်ကင်းဘဲ ခံစားလာရတဲ့ ခြေထောက်ဒဏ်ရာကို အမေ့မောင် ဦးလေးကပဲ တာဝန်ယူ ကုသပေးပါတယ်၊ ကျွန်တော့်မရီး ရှာကျွေးတဲ့ထမင်းကို ကျွန်တော် မှီခိုစားသောက်ရတာပေ့ါ၊ ခြေထောက်က ဖြတ်ပစ်ရမယ်ထင်ပေမယ့် မသန်မစွမ်း သေးသိမ်ချည့်နဲ့သွားတာ ကလွဲလို့ ဒဏ်ရာကတော့ ပျောက်ကင်းသွားပါတယ်"

ရှိနိုမီရာစံသည် သူ၏ မသန်စွမ်းသော ဘယ်ခြေကိုကြည့်ကာ မချိတရိပြုံးလေသည်။

"ကျွန်တော်တို့ ဂျပန်တွေမှာ ထုံးစံတစ်ခုရှိပါတယ် စန္ဒီ၊ အဲဒီ ထုံးစံအရ ကျွန်တော့်အစ်ကို ကွယ်လွန်သွားတဲ့အခါမှာ အစ်ကိုရဲ့ဇနီး၊ မုဆိုးမနဲ့သားများကို ကြည့်ရှုစောင့်ရှောက်ဖို့၊ လက်ထပ်ယူဖို့ ကျွန်တော့်ဦးလေးက တိုက်တွန်းလာပါတယ်"

စန္ဒီထံ တစ်နေ့တော့ အရောက်ပြန်လာမည်ဟု သူ ရည်ရွယ်ခဲ့သည်။ သို့သော်လည်း သူသည် မသန်မစွမ်း ဒုက္ခိတလည်း ဖြစ်ခဲ့ရပြီ။ တစ်ဖန် တာဝန် ဝတ္တရားများက သူ့ကို ခြိမ်းခြောက်စောင့်စားနေကြပြီ။

စန္ဒီ မျှော်လင့်စောင့်စားနေရှာလိမ့်မည်ဟု သူ့စိတ်လိပ်ပြာ အကြိမ်ကြိမ် လွင့်ပျံထွက်ပြေးလျက်ကပဲ ချစ်သူရှိရာသို့ ရှိနိုမီရာ မပြန်နိုင်တော့ပါ။

"ကျွန်တော့်အဖေကို သဘောကျလွန်းတဲ့ အထည်အလိပ်ကုမ္ပဏီကြီးက ကျွန်တော့်ကို ဝမ်းပန်းတသာ အလုပ်ပေးပါတယ်၊ ကျွန်တော်ဟာ အချိန်တိုတိုနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရာထူးအဆင့်ဆင့်တိုးတဲ့အပြင် နောက်ဆုံးတော့ ကုမ္ပဏီမှာ အစုရှယ်ယာ အများဆုံး ထည့်ဝင်ထားနိုင်တဲ့အတွက် အုပ်ချုပ်ရေးအဖွဲ့ရဲ့ ဥက္ကဋ္ဌလည်း ဖြစ်လာခဲ့ပါတယ်''

ရှိန်မီရာစ်က မချိုပြုံး ပြုံးပြန်လေ၏။

''ကျွန်တော့်မျက်လုံးမှာ ဒဏ်ရာဖြစ်ပြီး တိမ်စွဲခဲ့တယ်၊ စန္ဒီ သတိရဦးမလား မသိဘူး''

''သတိရတာပေါ့ ရှိန်မီရာစ်ရယ်''

''ဂျပန်ပြည်ရောက်တော့ ခွဲစိတ်ကုသခံရပါသေးတယ်၊ ဒါပေမဲ့ ပြန် မကောင်းတော့ပါဘူး၊ ကျွန်တော့်မျက်မှန်ဟာ ဒီဂရီ ကိုးနဲ့တစ်ဆယ်ရှိတယ်၊ ညာဘက်က ကိုး၊ ဘယ်ဘက်က တစ်ဆယ်''

သူ့လို ဒုက္ခိတတစ်ယောက်သည် စန္ဒီနဲ့ မထိုက်တန်တော့ပြီဟု မှတ်ယူလျက် စန္ဒီနှင့် လွဲခဲ့ရသည့်အတွက် စိတ်ဖြေပါ၏။ ချုံးနှိမ်မရသည်မှာ စန္ဒီတို့ ဘယ်လို ဘယ်ပုံ နေထိုင်ကြ၍ ကျန်းကျန်းမာမာ ရွှင်ရွှင်လန်းလန်း ရှိပဲရှိလေလားဆိုသည်ကို တစ်ခေါက်တစ်ခါ မြင်ချင်တွေ့ချင်သောဆန္ဒ။

ယခု သည်ဆန္ဒပြည့်ဝလေပြီ။ သူသည် ထူထဲသော မျက်မှန်ကြီးကို ချွတ်ကာ လက်ကိုင်ပဝါနှင့် ပွတ်တိုက်ရင်း ကျေနပ်စွာ ပင့်သက်ရှိုက်လေ၏။

''ရှိန်မီရာစ်ရဲ့ လက်တွေ မထိမခိုက် မပျက်စီးခဲ့တာ ကံကောင်းတယ်လို့ ဆိုရမှာပဲ၊ စန္ဒီ့ယောကျ်ားလိုသာ ရှိန်မီရာစ်ရဲ့လက် ဆုံးရှုံးမယ်ဆိုရင် သူ့ထက် ရှိန်မီရာစ် ပိုပြီးဆုံးရှုံးမှာပဲ''

ဒေါ်စန္ဒီသည် သူ၏ အနုပညာကို ဖန်ဆင်းတတ်သောလက်များကို အမှတ်တရ ချီးမွမ်းလေသည်။

''ကျွန်တော် စတ္တုဂြတ် ပန်းချီတွေ လေးငါးနှစ် တစ်ခါလောက် ပြခန်းဖွင့်ပြီး ပြသရောင်းချတယ် စန္ဒီ၊ သီချင်းတော့ ကျွန်တော့်ဘာသာ တစ်ယောက်တည်းပဲ ရေးလိုက်ဆိုလိုက်ပေါ့ စန္ဒီရယ်''

စန္ဒီ့ထံ ရေးပေးလိုက်သော သီချင်းတစ်ပိုင်းကို သူ သတိရသည်။ ထိုစာ ရမရ မေးကြည့်ချင်သည်။ သည်အသက်အရွယ်ကျမှ ပြန်မေးဖို့ သင့်တော်ပါ့မလား ချင့်ချိန်တုံ့ဆိုင်းနေမိ၏။

''ဒီမှာ ကြည့်ပါဦး''

ရှိန်မီရာစ်၏အတွေးကို သိနေသည့်အလား တိုက်တိုက်ဆိုင်ဆိုင်ပင် ဒေါ်စန္ဒီက





သူမ၏ ဘယ်လက်ကလေးကို ရှေ့သို့ ဖြန့်ပြသည်။

''ဒါ စန္ဒီ ကျွန်တော့်ကို ပေးလိုက်တဲ့လက်စွပ်နဲ့ တူလိုက်တာ''

''တူမှာပေါ့ ရှိန်မီရာစ်၊ ဒါဟာ ရှိန်မီရာစ်ကို ပေးလိုက်တဲ့လက်စွပ်ပဲ''

''ဟာ... စန္ဒီ ဘယ်လိုပြန်ရသလဲ''

''ကိုဘိုးမှိန်ရဲ့အဖေ လာပို့သွားတယ်''

''အဲဒီတုန်းက ကိုဘိုးမှိန် ရုတ်တရက် အပြင်းဖျားပြီး မိတ္ထီလာမှာ ကျန်ရစ်တယ်တဲ့၊ ကားက စက်တောင်မရပ်ဘဲ ကမန်းကတန်းပေးပြီး သွားတော့တာပဲ၊ ဘာမှ သေသေချာချာ မမေးလိုက်ရပါဘူး''

ရှိန်မီရာက လက်စွပ်ကြည့်ရင်း စဉ်းစားမရ ဖြစ်နေသည်။ အဘယ်ကြောင့် ဤလက်စွပ်ကို ပေးသွားပါသနည်း။

''သြော်... စာတစ်စောင် ပါလာတာကတော့ ပျောက်သွားတယ်တဲ့၊ ကားတိုက်၊ ကားပျက်နဲ့ ဒုက္ခရောက်ကြတယ် ပြောတာပဲ''

''ဟုတ်ပြီ... ဟုတ်ပြီ၊ စာပျောက်သွားလို့ ဒီလက်စွပ်ကို ပေးသွားတာကိုး၊ အမှန်တော့ အဲဒီလက်စွပ်ကို ကျွန်တော် စာပို့ခအဖြစ် ပေးလိုက်တာ''

''ဒါဖြင့် ဘာဖြစ်လို့ စန္ဒီ့ကို ပြန်ပေးသွားတာလဲ''

''စာပျောက်သွားတော့ အဖိုးအခ မယူထိုက်ဘူးလို့ ယူဆတယ်ထင်ပါရဲ့ စန္ဒီ''

ရှိန်မီရာသည် ကိုဘိုးမှိန်၏ ရိုးသားသောမျက်နှာကို ပြန်လည် မြင်ယောင်လာသည်။

''စန္ဒီ့လက်စွပ်မှန်း သူတို့သိလား''

''ကျွန်တော် မပြောခဲ့ပါဘူး၊ သိမယ် မထင်ပါဘူး၊ ဒါပေမဲ့ သူတို့ဟာ ဘုရားကြီးဇာတိ မဟုတ်ကြတော့ ဘုရားကြီးကို ပြန်မှာမဟုတ်တော့ဘူး၊ ပြန်ရောက်သည့်တိုင် အဲဒီအချိန်မှာ ကျွန်တော်ရှိနေဖို့ သူတို့ မသေချာဘူး၊ ကျွန်တော်ကလည်း တကာယ်ပဲ မန္တလေး သုံ့ပန်းစခန်းကို ရောက်သွားတာပဲလေ၊ ဒါကြောင့်မို့ ကျွန်တော်နဲ့ ပတ်သက်တဲ့ စန္ဒီ့ကိုပဲ ပေးခဲ့တာဖြစ်မှာပေါ့''

''သူတို့ ယူထားလိုက်လည်း ရတာပဲနော်''

''မြန်မာတွေ အဲဒီလို သစ္စာရှိပုံ၊ ရိုးသားပုံ၊ ကြင်နာတတ်ပုံတွေကြောင့် ကျွန်တော် မြန်မာပြည်ကို မေ့လို့မရနိုင်တာပေါ့ စန္ဒီ''



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စန္ဒီ နှစ်နှစ်ခြိုက်ခြိုက်ပြုံးလိုက်လျှင် တစ်ချိန်က ရှိန်မီရာ တပ်မက်စွဲလမ်းခဲ့သော ပါးချိုင့်ကလေးများ ထင်းခနဲ ပေါ်လာကြလေသည်။

"အဲဒီလက်စွပ်ကို ရှိန်မီရာက အမြဲဝတ်ထားမယ်လို့ ပြောခဲ့တယ် မဟုတ်လား၊ လက်စွပ် ပြန်ရောက်လာတော့ စန္ဒီဖြင့် စိတ်တွေ ဘယ်လို ယောက်ယက်ခတ်မှန်း မသိဘူး၊ ဘာများဖြစ်သွားပြီလဲလို့ တွေးလည်းတွေးမိတယ်၊ တွေးလည်း မတွေးချင်ဘူး"

ရှိန်မီရာသည် အပြစ်ရှိသူပမာ မျက်နှာမထားတတ်အောင် အားတုံ့အားနာဖြစ်သွားလေ၏။

"ကျွန်တော် ဒီလက်စွပ်ကို ပေးလိုက်မိတာ ခွင့်လွှတ်ပါစန္ဒီ၊ သုံ့ပန်းစခန်းမှာ ကျွန်တော် စိတ်ဓာတ်ကျပြီး အသက်ရှင်လျက် ပြန်မထွက်ရတော့ဘူး ထင်ခဲ့တယ် စန္ဒီ။ နောက်ဆုံးအနေနဲ့ စာတစ်စောင် ရေးလိုက်ချင်တာနဲ့ပဲ အမှိုးအခအဖြစ် ပေးလိုက်မိတာ၊ ကျွန်တော့်မှာ တခြားလည်း ဘာအဖိုးတန်ပစ္စည်းမှ မရှိခဲ့ဘူး"

ဒေါ်စန္ဒီက လက်မှလက်စွပ်ကလေးကို ချွတ်ကာ ရှိန်မီရာ၏ရှေ့ စားပွဲပေါ်တင်ပေးလိုက်သည်။ ရှိန်မီရာက လက်စွပ်ကိုကောက်ယူကာ လှည့်ပတ်ကြည့်ရှုနေသည်။

"ရှိန်မီရာကို ပေးပြီးသားပစ္စည်းပဲ ရှိန်မီရာစံရယ်၊ ရှိန်မီရာ သင့်တော်မယ်ထင်သလို အသုံးပြုခွင့်ရှိပါတယ်၊ ခုလည်း ပိုင်ရှင်ပြန်ပေါ်လာပြီဆိုတော့ ရှိန်မီရာစံကိုပဲ စန္ဒီ ပြန်ပေးရတော့မှာပေါ့"

ရှိန်မီရာစံ ဝမ်းပန်းတသာ လက်စွပ်ကလေးကို သူ့လက်တွင် ဝတ်ဆင်သည်။ ပြီးမှ ဇဝေဇဝါနှင့် ဒေါ်စန္ဒီကို လှမ်းကြည့်၏။

"ကျွန်တော့်လက်မှာ ဝတ်ထားဖို့ သင့်တော်ပါတယ်နော်"

ဒေါ်စန္ဒီ ပြုံးသည်။ ဟိုတုန်းကလိုပဲ ငှဲကွက်ထောက်ထားတတ်ဆဲ သူ့သဘောထားကိုလည်း လေးစားမိပြန်လေသည်။

"ဘာဖြစ်လို့ မသင့်တော်ရမှာလဲရှင်၊ စန္ဒီတို့ဟာ မိတ်ဆွေတွေပဲ၊ ထာဝရမိတ်ဆွေတွေပဲ၊ မိတ်ဆွေတစ်ယောက်က မေတ္တာနဲ့ပေးတဲ့လက်ဆောင်ကို ဘာလို့လက်မခံဘဲ နေရမှာလဲ"

ရှိန်မီရာစံက ဧည့်ခန်းနံရံမှ သူ့လက်ရာ ပန်းချီကားကိုကြည့်ကာ ပြုံးလျက်နေတော့သည်။ သည်တစ်သက်တွင် သူခြယ်သခဲ့သမျှ ပန်းချီကားများအနက်





တန်ဖိုးထားခြင်း အခံရဆုံး ပန်းချီကားတစ်ကား။

"စန္ဒီ့ဓာတ်ပုံကို ကျွန်တော် ပန်းချီဆွဲပြီး ပြပွဲမှာ ပြသေးတယ်"

"ကျောင်းဂါဝန်နဲ့ပုံလား"

စန္ဒီက ငယ်စဉ်ဘဝကို ပြန်တွေးကာ ရယ်မောနေသည်။

"အဲဒီဓာတ်ပုံရဲ့ ဆွဲဆောင်ချက်ဖြစ်တဲ့ နုပျိုလန်းဆန်းပြီး ရိုးသားဖြူစင်တဲ့ အပြုံးကို သဘောကျပြီး ဈေးအမြင့်ဆုံး ပေးဝယ်ကြတယ်၊ ကျွန်တော် မရောင်းပါဘူး၊ ကျွန်တော့်ဇနီးကလည်း မရောင်းစေချင်ဘူး"

ရှိန်မီရာစံ၏ဇနီးသည် သူ့ချစ်သူ မဟုတ်သော်လည်း သူ့အတွက် အဖော်ကောင်းဖြစ်ခဲ့သည်။ အစ်မဆိုလျှင် ပို၍မှန်ပေလိမ့်မည်၊ တစ်ဦးကိုတစ်ဦး လေးစားစွာ ပေါင်းသင်းလာကြသည်မှာ ဇနီးသည် မနှစ်က ရုတ်တရက် ယာဉ်တိုက်ခိုက်မှုဖြင့် ကွယ်လွန်သွားသည်အထိပါပဲ။

ဇနီးသည်ကို ငှဲညာထောက်ထားသည်ကတစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများကို ပစ်မထားခဲ့နိုင်သည်ကတစ်ကြောင်း မြန်မာပြည်သို့ သူ မလာနိုင်ခဲ့။

ဇနီးဖြစ်သူ ကွယ်လွန်သွားသည့်အချိန်မှာတော့ စက်ရုပ်ပမာ လှုပ်ရှားခဲ့သော သူ့ဘဝ စက်ယန္တရားကြီး ပျက်ယွင်းချွတ်ချော်ခဲ့ရသည်။

"ကျွန်တော့်သား နှစ်ယောက်ဟာ ငယ်ငယ်ကတည်းကပဲ လက်တွေ့ဆန်လွန်းတယ်၊ တစ်ယောက်က မော်တော်ကားစက်ရုံ တည်ဆောက်ဖို့ စိုင်းပြင်းချိန်မှာ နောက်တစ်ယောက်ကလည်း လေယာဉ်မောင်းဖို့ပဲ စိတ်ဝင်စားခဲ့တယ်၊ ငယ်ငယ်ကတည်းက သူတို့နှစ်ယောက်လုံး လက်တွေ့ဆန်လွန်းတယ်၊ ကြီးလာလေ အလုပ်မှာပဲ အာရုံမြှုပ်နှံထားလေပဲ"

ရှိန်မီရာက တိုးတိတ်ညင်သာစွာ ပြောနေသော်လည်း ခြောက်သွေ့သော အငွေ့အသက်ကို ဒေါ်စန္ဒီ ရိပ်စားမိလေသည်။

"သူတို့အမေ မကျန်းမာရင်တောင်မှပဲ သူတို့မှာ ဝတ္တရားအရ ပန်းခြင်းပို့တာ၊ ဆုတောင်းကတ်ပြားပို့တာကလွဲလို့ တစ်ခေါက်လာနိုင်ဖို့ အချိန်မနည်း လုကြရတယ်"

ရှိန်မီရာ ဆွေးဆွေးမြည့်မြည့် ပြုံးသည်။

"သူတို့အတွက်တော့ သူတို့ရဲ့ဇနီး၊ သားသမီးတွေဟာလည်း သူတို့အတွက် မလွဲမရှောင်သာ ပတ်သက်ဆက်ဆံရတဲ့ အနှောင်အဖွဲ့တွေလိုဖြစ်နေတာပဲ၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



သားတွေကစိမ်းတော့ သူတို့မိသားစုတွေဟာလည်း ကျွန်တော်တို့ အဘိုးကြီး အဘွားကြီးစုံတွဲကို မခင်တွယ်ဘူး''

ဒေါ်စန္ဒီတို့သည် ဘဘ ကွယ်လွန်သည့်တိုင် စန္ဒီတို့လင်မယားနှင့် မခွဲမခွာ နေထိုင်ခဲ့ပုံကို ယှဉ်ထိုးကြည့်ကာ ရှိန်မီရာ၏အထီးကျန်ဘဝကို သဘောပေါက်လေသည်။ စန္ဒီတို့မိသားစုနှင့်အတူ ဒေါ်လေးသည် ယခုတိုင် နေထိုင်သေးလျက်၊ တူကလေး အတာပင်လျှင် အိမ်ထောင်ပြုမှ ခွဲထွက်သွားသည် မဟုတ်လား။

''တစ်နှစ်တစ်ခါ သူတို့မိသားစုတွေ ကျွန်တော့်ဆီ တစ်ပတ်လာလည်ကြတယ်။ ကလေးတွေဟာ ကျွန်တော့်အိမ်ကြီးနဲ့ ခြံကျယ်ကြီးထဲမှာ ပျင်းရိနေတာပဲ၊ သူတို့က တိုကျိုမှာပဲ ပျော်ကြတယ်၊ တစ်ပတ်ပြည့်ရင် သားတွေလည်း သူတို့အလုပ်ခွင်ကို အငမ်းမရ ပြန်ပြေးတော့တယ်''

ဒေါ်စန္ဒီသည် ခြံကျယ်ကြီးထဲမှ တိုက်ကြီးထဲတွင် တစ်ယောက်တည်း သီချင်းကလေးကို ဆိုလိုက် တီးလိုက်၊ ပန်းချီရေးလိုက်နှင့် အချိန်ဖြုန်းနေမည့် ရှိန်မီရာစ်ဘဝကို သနားမိသည်။

''တယ်လီဖေးရှင်းရယ်၊ သီချင်းရယ်၊ ပန်းချီရယ်၊ ဒါဟာ ကျွန်တော့်ဘဝပဲ၊ ကျွန်တော့်ဇနီး ကွယ်လွန်သွားပြီးတဲ့အချိန်မှာ ကုမ္ပဏီမှာလည်း ကျွန်တော် ဆက်မလုပ်ချင်တော့ဘူးလေ၊ ကျွန်တော် အနားယူလိုက်တယ်''

အသက်ခြောက်ဆယ်မပြည့်မီ အလုပ်ခွင်မှအနားယူကာ သူ မျှော်လင့်ရည်မှန်းခဲ့သည့်အတိုင်း မြန်မာပြည်သို့ တစ်ခေါက်အလည်အပတ်သွားဖို့ သူ ဆုံးဖြတ်လိုက်သည်။

''သားနှစ်ယောက်အတွက်လည်း ကျွန်တော် အမွေခွဲဝေပေးပြီးပြီ၊ ကျွန်တော် လုပ်သင့်လုပ်ထိုက်တာ အားလုံး ပြီးစီးသွားပါပြီ''

''ကျန်းမာရေးတော့ ဂရုစိုက်ဖို့ လိုနေသေးတယ်ထင်တယ် ရှိန်မီရာစ်''

ရှိန်မီရာစ် သဘောကျစွာ ရယ်မောနေသည်။

''ကျွန်တော် ပန်းချီဆွဲနေရင် ထမင်းမေ့ ဟင်းမေ့ အစစအရာရာ မေ့နေတတ်တယ် စန္ဒီ၊ ကျွန်တော့်ဇနီး ရှိစဉ်တုန်းကတော့ ကျွန်တော် အချိန်မှန် စားဖြစ်အောင် အမြဲလိုလို သတိပေးပါတယ်၊ ခုတော့ မနက်စာကို ညစာမှ ပေါင်းစားဖြစ်တာမျိုး၊ တစ်ယောက်တည်း အသား၊ ငါး ဘူးဖောက်ပြီး အလွယ်စားလိုက်တာမျိုးတွေနဲ့ ကျန်းမာရေး ပိုပြီးချို့တဲ့လာတယ်''





''ရှိန်မီရာစ်တို့ တိုင်းပြည်ဟာ သိပ္ပံတိုးတက်နေတဲ့နေရာပဲ၊ ကျန်းမာရေးအတွက် စစ်ဆေးဖို့ လိုလေသေးရှိမှာ မဟုတ်ဘူး''

''လိုတာက ကျွန်တော်ပါပဲ၊ ကျန်းမာရေးနဲ့ပတ်သက်လို့ ကျွန်တော် သိပ်အလေးအနက် မရှိခဲ့ဘူး''

ဒေါ်စန္ဒီသည် အသက်ထက် များစွာအိုမင်းရင့်ရော်နေသော ရှိန်မီရာစ်အတွက် စိုးရိမ်ပူပန်မိသည်။ သူ ကျန်းမာရေးမကောင်းကြောင်း သိသာလှသည်။

''ရွှေစင်အိမ်ရဲ့အဖေလည်း ကျန်းမာရေးကို နည်းနည်းမှ အလေးအနက် မရှိပါဘူး၊ ဒေါ်လေးလည်း အတူတူပဲ၊ ရွှေစင်အိမ် ဆေးကျောင်းရောက်မှပဲ သူတို့ နှစ်ယောက်ကို ချုပ်ထိန်းဖို့ ကြိုးစားရတယ်လေ''

ရှိန်မီရာစ်သည် အားကျလှစွာဖြင့်–

''ရွှေစင်အိမ်ဟာ သိပ်ကိုချွေးတွေးပြီး အသက်ဝင်လှပ်ရှားတဲ့ ကလေးပါပဲ စန္ဒီ၊ ဒီသမီးကိုရတာ စန္ဒီနဲ့ ဦးရန်ပိုင် သိပ်ကံကောင်းတယ်''

ဟု ပြောလေသည်။

ရှိန်မီရာစ်က နံရံတွင်ချိတ်ဆွဲထားသော ဦးရန်ပိုင်နှင့် စန္ဒီ လက်ထပ်စဉ်က ရိုက်ကူးထားသည့် ဓာတ်ပုံကို ကြည့်နေသည်။

''စန္ဒီတို့မိသားစုအားလုံး ကံကောင်းပါတယ်လေ၊ စန္ဒီတို့ အိမ်ထောင်စုဟာ ပျော်ရွှင်ချမ်းမြေ့တဲ့ အိမ်ထောင်စုကလေးဆိုတာ တွေ့ရလို့ ကျွန်တော်ဖြင့် သိပ်ဝမ်းသာတာပဲ''

◆



www.burmeseclassic.com

www.burmeseclassic.com

## (၂၇)

ရွှေစင်အိတို့ခြံမှာ ကျယ်ဝန်းလှသည်။ ခြံထဲတွင် သရက်၊ ပိန္နဲ၊ သပြေပင်များ အုပ်အုပ်ဆိုင်းဆိုင်းရှိသလို အိမ်ရှေ့ပန်းခြံတွင်လည်း ပန်းမျိုးစုံ ဝေဝေဆာဆာ ပူးပွင့်နေကြလေသည်။

"ရွှေစင်အိတို့က မန္တလေးက တောင်ကြီးကိုပြောင်းလာတာ။ ဖေဖေက နိုင်ငံရေး လုပ်ရတာ ငြီးငွေ့လာပြီ၊ မေမေကလည်း အသွားရဲ့ ဇာတိမွေးရပ်မြေမှာပဲ အခြေ စိုက်ချင်တယ်၊ ဖေဖေကတော့ ဘာမှမပူဆာတတ်တဲ့ မေမေရဲ့ ရှားရှားပါးပါး ဆန္ဒကို လိုက်လျှောရလို့ ဝမ်းသာနေတယ်"

ရွှေစင်အိ ပလတ်စတစ် ဗန်းခုံးကလေးနှင့် ပန်းဖြတ်ကတ်ကြေးတစ်လက် ကိုင်ကာ ပန်းခြံအတွင်းသို့ဝင်သွားသည်။ မောင်ကြည်သာက ရွှေစင်အိ နောက်မှ တကောက်ကောက် လိုက်ရလေသည်။

"ဟောဒီပန်းခင်းတွေက ဗိုင်အိုလက်တွေလေ၊ မလှဘူးလား၊ ပြာပြာကလေး တွေ၊ ဟိုဘက်ကတော့ အမေရိက ဒေစီပေါ့၊ နှင်းဆီတော့ ရွှေစင်တို့ နည်းနည်းပဲ စိုက်တယ်၊ ပန်းအိုးနဲ့ပဲ စိုက်ထားတယ်၊ ဒီနှင်းဆီကလေးက မလှဘူးလားဟင်"

"ဟုတ်ကဲ့ မရွှေစင်၊ သိပ်လှတာပဲ"

မောင်ကြည်သာ့စိတ်ထဲတွင် ကဗျာတစ်ပုဒ်ကို ညည်းနေသည်။

"နှင်းဆီတွေက နီနီရဲရဲ လှနေကြတယ်။ ဗိုင်အိုလက်တွေကလည်း အပြာ သွေးခြယ်လို့၊ ဒါပေမဲ့ အချစ်ရယ်… ဒါပေမဲ့ အချစ်ရယ်၊ မင်းအလှကိုတော့ ဘယ်မီနိုင်ပါ့မလဲ"





(Roses are red, Violets are blue, sugar is sweet, but not as sweet as you.)

ရွှေစင်အိသာ သူ့စိတ်ကူးကိုသိလျှင် မည်သို့ ရှိမည်နည်း။ ပြုံးချိုနေသော မျက်နှာတွင် ဒေါသနီးတွေဝေသွားမှာ အသေအချာပါပဲဟု မောင်ကြည်သာ တွေးရင်း စိတ်ထဲမှာပဲ ကျိတ်ပြုံးလိုက်ရပြန်လေ၏။

"ရွှေစင်တို့ အများဆုံးစိုက်တာက (Spider)ပဲ ကိုကြည်သာ၊ ပင့်ကူသစ်ခွ ပေါ့ရှင်၊ သူ့နာမည်အမှန်က (Scorpion)ဆိုတာပဲ၊ ကင်းမြီးကောက်ပေါ့နော်၊ ဒါပေမဲ့ ပင့်ကူနဲ့ မတူဘူးလားဟင်"

"တူတယ်၊ ဒီတော့ ကျွန်တော့် မျက်စိထဲတော့ သိပ်မလှပါဘူး"

"လှပါတယ် ကိုကြည်သာရဲ့။ ဒါက အညိုရောင်၊ သူက ဈေးပေါတယ်၊ ဟောဒီအနီက ရှားတယ်၊ ဒီအပွင့်တွေက အနက်၊ ဈေးအကြီးဆုံးပဲ"

ရွှေစင်အိက ပင့်ကူသစ်ခွများကို အခက်လိုက် ဖြတ်ယူကာ စကာခုံးထဲ ထည့်သည်။ မောင်ကြည်သာက ဆန်ခါခုံးကလေးကို ကိုင်ပေးထားရလေသည်။

"ဒါက (Dancing Ladies)တဲ့၊ ဂါဝန်အဝါကလေးနဲ့ ကနေသလိုပဲနော်"

ရွှေစင်အိပြော၍သာ ခေါင်းညိတ်လိုက်ရ၊ မောင်ကြည်သာ့မျက်စိထဲတွင်မူ ပန်းအဝါပွင့်ကလေးတွေပါပဲ။

ပင့်ကူတွေကြားထဲသို့ ကချေသည်ကလေးများ ခုန်ဆင်းသွားကြသည်။

"အဲဒါက ရွှေစင်အိ ဦးလေး နိုင်ငံခြားကယူလာခဲ့တဲ့ သစ်ခွ၊ နာမည်တောင် မသိပါဘူး၊ ဒင်ဒရိုဗီယမ်တစ်မျိုးပဲ ထင်ပါရဲ့၊ အဖြူလေးတွေဆိုတော့ တစ်မျိုး လှတာပေါ့တော်၊ တစ်ပွင့် ငါးကျပ်ရတယ်"

"ဒါလေ၊ တစ်ပွင့်ငါးကျပ်တောင်မှလား"

မောင်ကြည်သာက နှစ်လက်မပတ်လည်မျှ ပန်းအဖြူကလေးများကို တအံ့ တသြ ကြည့်မိသည်။

"ဒီကတ်တဲလီယားဆိုရင် တစ်ပွင့်ငါးဆယ်၊ သတို့သမီး အဖြူရောင်ဝတ်မှာလေ၊ ပန်းအဖြူရောင်ပန်ပြီး လက်ကိုင်ပန်းလည်း အဖြူရောင်ကိုင်မှာပေါ့၊ ကတ်တဲ လီယားက သုံးပွင့်မှာထားတယ်"

"ဘယ်က သတို့သမီးလဲ"

ဟု မောင်ကြည်သာ ခပ်ကြောင်ကြောင် ပြန်မေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေစင်အိတို့က ပန်းတွေရောင်းတယ်လေ ကိုကြည်သာရဲ့၊ ဒါတွေက မင်္ဂလာဆောင်တွေအတွက် ခူးနေတာ၊ ဆယ်နာရီထိုးရင် လာယူမှာ"

ခုမှပင် မောင်ကြည်သာ ရှင်းသွားတော့၏။

"ကျွန်တော်က မရွှေစင်အိ ဘာလို့ ပန်းတွေ ဒီလောက်အများကြီး ခူးနေတာလဲလို့ အံ့သြနေတာ"

"သဇင်တွေလည်း မှာထားတယ် ကိုကြည်သာရဲ့၊ သဇင်ကတော့ အထွတ်အမြတ်ထားတဲ့ပန်းပဲ၊ ဘယ်မှာမဆို ပွဲတိုးတာချည်းပဲ"

ရွှေစင်အိက သစ်ခွများကို လက်ညှိုးညွှန်ကာ နာမည်တွေ ရွတ်သွားသည်။ လက်တံတို၊ လက်တံရှည်၊ မိုးလုံးပြာ၊ မိုးလုံးမှိုင်း ဘာညာဘာညာ၊ မောင်ကြည်သာ မမှတ်မိတော့။

ကြည့်ရင်းကြည့်ရင်း ပန်းတွေကိုမမြင်၊ ပန်းဘုရင်မကလေး မရွှေစင်ကိုပဲ မြင်တော့သည်။ ကြည့်လေ လှလေပါပဲ မရွှေစင်ရယ်။

သရက်ပင်ပုကလေး နှစ်ပင်ယှဉ်၍ ပေါက်နေသော ခြံထောင့်၌ အရိပ်နှစ်ခုဆက်ကာ အုပ်အုပ်ဆိုင်းဆိုင်း ဖြစ်နေသည်။ မရွှေစင်က အရိပ်တွင် နိုနားကာ မောင်ကြည်သာဘက် လှည့်လာသည်။ မောင်ကြည်သာက သူ့အကြည့်ကို ရုပ်သိမ်းကာ ဆန့်ခါခုံးထဲမှပန်းများကို စိတ်ဝင်စားဟန် ပြုလိုက်လေ၏။

"ပန်းတွေကို အသွားက သိပ်ချစ်တယ်တဲ့၊ မေမေနဲ့ဘွားလေးကတော့ အဘိုးအလွမ်းပြေဆိုပြီး စိုက်တာပဲ၊ သိပ်များများ မစိုက်ဖြစ်ဘူး၊ ရွှေစင်ကတော့ အဘွားသွေးပါတယ်ထင်ပါရဲ့၊ ပန်းပင်တွေကြားမှာနေရတာ သိပ်ပျော်တာပဲ၊ ရန်ကုန်က ပြောင်းလာတော့ အိုးတွေသယ်ရတယ်၊ စရိတ်အတော်ကုန်တယ်"

ရွှေစင်က ရောင်စုံဖူးပွင့်နေသော သူမ၏ပန်းခြံကြီးကို မြတ်နိုးလှစွာ လှမ်းကြည့်နေလေသည်။

"ရွှေစင်တို့ ဒီမှာ အနေမကြာသေးလို့ထင်ပါရဲ့၊ ကျွန်တော်တို့ လိုက်စုံစမ်းတာ သုံးရက်ရှိပြီ၊ သတင်းမရဘူး၊ မရွှေစင်နဲ့သာ ဈေးမှာမတွေ့ရင် ခုထိ ဆုံမိကြမှာ မဟုတ်ဘူး"

"ရွှေစင်တို့က တောင်ကြီးမှာ အသိနည်းတယ်၊ အဘွားကလည်း တောင်ကြီးသူဆိုပေမယ့် အဘိုးနဲ့အိမ်ထောင်ကျပြီး မြန်မာပြည်မထဲမှာပဲ နေခဲ့တာကိုးကိုကြည်သာရဲ့၊ မေမေကျပြန်တော့လည်း ရန်ကုန်မှာပဲနေတာ ရွှေစင့်ဘကြီး ဦးသူရိန်က





လည်း ရှမ်းပြည်နယ် အာရှလူငယ်အစည်းအရုံးမှာ ခဏလုပ်ပြီး တပ်မတော်ထဲဝင်သွားပြန်တော့ လူသိနည်းတာပေါ့၊ ခေါင်းဆောင်ပိုင်းနဲ့ လက်တွဲလုပ်လိုက်ရတဲ့ လူတွေလောက်ပဲ မှတ်မိတော့မှာ"

ရွှေစင်က သရက်ပင်စည်မှာကပ်လျက် စိုက်ပျိုးထားသော သစ်ခွပင်မှ ဝါရွှေသော ဖယောင်းပန်းခက်ကလေးကို လှည့်ပတ်ကြည့်ရှုနေပြန်သည်။

"(Splendour in the Grass) ဆိုတဲ့ ရုပ်ရှင် ကြည့်ဖူးသလား ကိုကြည်သာ"

"ဟင့်အင်း"

"ရွှေစင် ကလေးတုန်းက ကြည့်ဖူးတယ်၊ မမှတ်မိတော့ပါဘူး၊ အဲဒါ (William wordsworth)ရဲ့ ကဗျာထဲက ကောက်ထားတဲ့ စကားလုံးလေးမှန်းတော့ ရွှေစင်သိတယ်၊ မေမေက ကဗျာတွေကြိုက်တတ်တော့ ရွှေစင်လည်း နည်းနည်းတော့ ဖတ်မိမှတ်မိ ရှိတာပေါ့လေ၊ အဲဒီကဗျာကော ကြားဖူးလား"

ရွှေစင်အိ ဖျတ်ခနဲလှည့်ကြည့်ကာမေးလိုက်တော့ အကြည့်သူနိုး မောင်ကြည်သာ ရူမိခံရလေ၏။

"မကြားဖူးပါဘူး မရွှေစင်"

ဟု အမှန်အတိုင်းပဲ ဝန်ခံလိုက်သည်။

သူသည် မြန်မာကဗျာလည်း မဖတ်၊ အင်္ဂလိပ်ကဗျာလည်းမဖတ်၊ စာအုပ်စာပေဆိုလျှင် စက်ပြင်စာအုပ်များမှအပ ကာတွန်းပင်လျှင် လက်မှ မမြဲချင်ပေ။

စကားပြန် လုပ်ပြန်တော့လည်း ဂျပန်စကားပြန်တစ်ဦးအဖို့ အခြား ဘာသာစကား၊ စကားပြန်များကဲ့သို့ ရာဇဝင်သမိုင်းကြောင်း ပြောင်းဆန်အောင် မွှေနှောက်ရှာကြံ၍ အရည်ကျိုသောက်ထားရန် လိုအပ်လှသည်မဟုတ်။ ဂျပန်ခရီးသည်များသည် များသောအားဖြင့် ဈေးဟောင်းယဉ်ကျေးမှု လေ့လာဖို့လာသည်မှ မဟုတ်ပေဘဲ။

"ငယ်စဉ်ဘဝက အကြောင်းတွေ သတိရရင်း စဉ်းစားရေးဖွဲ့ခဲ့တဲ့ စာပေါ့ ကိုကြည်သာ"

ရွှေစင်အိသည် ရီဝေသော မျက်လုံးများနှင့် စိတ်ကူးယဉ်အိပ်မက်ကမ္ဘာဝယ် လမ်းလျှောက်လှည့်လည်နေသူကဲ့သို့ လက်ဟန်ခြေဟန်နှင့် ကဗျာအကြောင်း ပြောပြနေသည်။

"မြက်ခင်းပြင်တွေ၊ လျှိုမြောင် စိမ့်ဂနိုင်တွေ၊ စီးဆင်းနေတဲ့ စမ်းချောင်းကလေးတွေ၊ လှပတဲ့ အိပ်မက်ကလေးတွေ၊ ပြီးတော့ မြေကြီးပေါ်က နိဗ္ဗာန်ဘုံ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေဟာ တစ်ချိန်က ရှိခဲ့ပေမယ့် ခုတော့ မမြင်ရတော့ဘူး၊ ပျောက်ဆုံးခဲ့ပါပြီတဲ့''

မနူးညံ့ခဲ့သော သူ့နှလုံးသားသည် တခြားတစ်ယောက်ယောက်ကသာ ဤသို့ ရွတ်ဆိုပြောပြနေလျှင် အသံမထွက်တဲ့ ဟားတိုက်ရယ်မောပစ်မိမည်။ ခုတော့ ရွှေစင်အိ အလှသည် ဘာပဲပြောနေနေ၊ ဘာပဲလုပ်နေနေ ယစ်မူးမွေ့လျော်ဖွယ်အတိ ပြီးလေသည်ကော။

What though the radiance which was once so bright.
Be now forever taken from my sight?
Though nothing can bring back the hour of splendour in the grass,
of glory in the flowers
We will grieve not, Rather
Find strength in what remains behind.

WILLAM WORDSWORTH

ရွှေစင်အိက မျက်တောင်ကလေးစင်းကာ ကဗျာတစ်ပုဒ် ရွတ်ဆိုပြနေသည်။ အသံကလွင်သည်၊ ချိုသည်၊ ခပ်ရှူးရှူးရှရှကလေး။ အဓိကအားဖြင့် မောင်ကြည်သာ နားဝင်ချိုသည်။ ထပ်ကြားချင်သည်။ ထပ်ကာထပ်ကာ အကြိမ်ကြိမ် ကြားနေချင်လှသည်။

''အဲဒီ အပိုဒ်ကလေးဟာ အထိမိဆုံးပဲ ကိုကြည်သာ၊ တစ်ချိန်တစ်ခါက ဘယ်လိုပဲ လှပခဲ့ပေမယ့်၊ သာယာကြည်နူးခဲ့ရပေမယ့်၊ အဲဒီအချိန်ကလေးကိုဖြင့် ဘယ်နည်းနဲ့မှ ပြန်မရနိုင်တော့ပါဘူး၊ ဒါပေမဲ့လည်း လက်လွှတ်ဆုံးရှုံးခဲ့ရတာတွေကို ပြန်လည်တမ်းတပြီး ငိုညည်းနေမယ့်အစား ရနိုင်သမျှ ကျန်ရစ်သမျှနဲ့ပဲ ဖြေသိမ့်ရောင့်ရဲနိုင်ဖို့ အင်အားမွေးကြရမှာပါတဲ့''

ရွှေစင်အိက မောင်ကြည်သာကို နူးညံ့စွာပြုံးပြလေသည်။ ရွှေစင်အိ ဆိုလိုရင်းကို မောင်ကြည်သာ အသည်းနှလုံးက ခံစားသိရှိလိုက်သည်။

အလို... မာကျောကျော သူ့အသည်းနှလုံးက သည်လိုတော့လည်း ခံစားတတ်သားပါလား၊ မောင်ကြည်သာမှာ သူ့ကိုယ်သူ အံ့ဩနေလေ၏။

''ရှိန်မီရာစံနဲ့ မေမေလည်း ဒီလိုပါပဲ ကိုကြည်သာ။ ကုန်ဆုံးလွန်မြောက်ခဲ့တဲ့ အချိန်တွေကို သူတို့ ဘယ်မှာပြန်ရနိုင်တော့မှာလဲ''





မောင်ကြည်သာ ခေါင်းညိတ်ထောက်ခံမိသည်။

''ဒါပေမဲ့ သူတို့ဟာ ကျန်ရစ်သမျှနဲ့ပဲ ကျေနပ်ရောင့်ရဲဖို့ အင်အားမွေးခဲ့ကြပါတယ်။ အခုကြည့်စမ်း၊ မေမေ့ဘဝ ချမ်းမြေ့တင့်တယ်နေတာကို သိရမြင်ရလို့ ရှိန်မီရာစံ ဘယ်လောက် ဝမ်းသာကြည်နူးနေတယ်ဆိုတာ သိသာလိုက်တာ၊ မေမေကလည်း သေသွားပြီလို့ သူ မထင်ရက် မတွေးရက်ဘဲနဲ့ ထင်သလို တွေးသလို ရှိခဲ့ရတဲ့ သူတစ်ယောက်ကို အသက်ရှင်လျက် ပြန်တွေ့ရတော့ ဘယ်လောက် ဝမ်းသာကြည်နူးနေလိုက်သလဲ၊ ရွှေစင်ဖြင့် သိပ်လှတဲ့ ကဗျာလေးတစ်ပုဒ် ဖတ်နေရသလိုပါပဲ''

မောင်ကြည်သာလည်း ရွှေစင်အိကဲ့သို့ပင် မစ္စတာရှိန်မီရာနှင့် ဒေါ်စန္ဒီတို့၏ မေတ္တာစေတနာနှင့် သံယောဇဉ် အတွယ်အတာကို လေးစားမိပါသည်။

''ရှိန်မီရာစံကို တွေ့စအချိန်အထိ အချစ်ဆိုတာကို ကျွန်တော် နားမလည်ခဲ့ဘူး၊ နင့်ကို ငါချစ်တယ်၊ ငါ့ကို နင်ချစ်မလား... အား... ဟား.... ဟား... ဟား... ဟား... ဆိုတာထက် ပိုပြီး အလေးအနက် မထားချင်ခဲ့ဘူး မရွှေစင်''

သူသည် ယခုအခါ ရှိန်မီရာစံဟု အခေါ်အဝေါ် ပြောင်းနေပါ၏။ ရှိန်မီရာစံကိုတွေ့မှ ချစ်ခြင်းမေတ္တာသဘောကို သူ နားလည်လာသည်။ ရွှေစင်အိကိုတွေ့တော့ ချစ်ခြင်းမေတ္တာသည် သူ့ရင်မှာ ရှင်သန်ပေါက်ဖွားလာလေသလား။

သည်မနက်မှ စတွေ့ဖူးရတာ၊ ကြည်သာ မင်း ရူးနေပြီလား။

ရွှေစင်အိကတော့ သူမ၏ ခြံထဲတွင် လိပ်ပြာကလေး ဝဲပျံနေသည့်ပမာ ပေါ့ပါးမြူးထူးနေလေ၏။

''ဟိုးဘက်နားက အပင်ပေါက်တွေက သစ်တော်ပင်တွေလေ။ ရွှေစင်တို့ ပြောင်းလာပြီးမှ မျိုးယူရတာ၊ စိတ်ချမ်းသာချင်ရင် အပင်စိုက်တဲ့၊ ဟုတ်မလား မသိဘူးနော်''

''စိတ်ဝင်စားတဲ့အလုပ်ကို လုပ်ရင် ဘာအလုပ်ပဲဖြစ်ဖြစ် စိတ်ချမ်းသာမယ် ထင်တာပဲ မရွှေစင်''

ရွှေစင်အိက မောင်ကြည်သာထံမှ ပလတ်စတစ်ဇန်းခုံးကလေးကို လှမ်းယူလိုက်သည်။

''ကိုကြည်သာ့အလုပ်ကလည်း စိတ်ဝင်စားစရာပဲ၊ လူအမျိုးမျိုးနဲ့ တွေ့ကြုံဆက်ဆံရတယ်''



www.burmeseclassic.com

www.burmeseclassic.com



“စိတ်ဝင်စားမယ်ဆိုရင်ပေါ့ မရွှေစင်”

“စိတ်ဝင်စားမယ်ဆိုရင်… ဆိုတာ ဘာလဲ၊ ကိုကြည်သာကျတော့ စိတ်မဝင်စားဘူးပေါ့”

“ကျွန်တော်က စက်ပြင်ချင်တာ၊ မဏ္ဍာင်းနစ်ပေါ့၊ ကားပြင်ချင်တာ၊ ပြီးတော့ ရေဒီယို၊ ကက်ဆက် စက်ပစ္စည်းအားလုံးပေါ့၊ ဒါပေမဲ့ ဖြစ်ဖြစ်မြောက်မြောက် တတ်ကျွမ်းလာဖို့ အခြေအနေ မပေးခဲ့ဘူး”

“ဘယ်လို အခြေအနေမပေးတာလဲ၊ ဖြစ်ချင်ရင် ဖြစ်နိုင်တာပဲ၊ ဖြစ်ရမှာပေါ့ ကိုကြည်သာရဲ့”

မရွှေစင်ကတော့ ဖြစ်ချင်လျှင် ဖြစ်ရမည်ဟု တင်းတင်းပြတ်ပြတ် ပြောနိုင်ပေမည်။ မရွှေစင်တို့မှာက ထမင်းတစ်လုတ်အတွက် ပူပန်သောက ရောက်နေရသူတွေမှ မဟုတ်ပေဘဲကိုး။

“ဖြစ်ချင်တာ ဖြစ်လာဖို့ ထမင်းစား ကျွန်ခံဘဝနဲ့ အချိန်အကန့်အသတ်မရှိ ပညာယူနေရမယ်ဆိုရင် ဟန်ပါ့မလား… မရွှေစင်…”

မရွှေစင်က မောင်ကြည်သာကို မျက်မှောင်ကြုတ်၍ ကြည့်၏။ ရွှေစင်အိကား ခေါနန်းမြစ်နှင့် မည်သို့ပင် ရပ်ရည်တူသော်ငြားလည်း ရိုးအနူးညံ့သော ယုန်သူငယ်မလေးနှင့် လုံးဝမတူဘဲ ပါးနပ်ပြတ်သားသော ကျားပျိုမလေးနှင့်သာ တူနေတော့သည်။ ခေတ်ကလည်း ပြောင်းခဲ့ပြီ။ အရွယ်ကလည်း မစ္စတာရှိုနိုမီးရာ၏ ‘တစ်ဆယ့်ခြောက်နှစ်အရွယ် အင်္ဂလိပ်သီလရှင် ကျောင်းသူကလေး’မှ မဟုတ်ပေဘဲ။ ဝိုင်းဝိုင်းလည်နေမည့် ချစ်သူကြိုက်သူတွေကို ဉာဏ်ကစား၍ ရှောင်ရှားနေသော ဆေးကျောင်းသူရင့်မကြီးရယ်ပါ။

“ကိုကြည်သာက အဲဒီလိုသင်မှ လိုချင်တဲ့ပညာ တတ်မယ်လား”

“ဟုတ်တယ်… မရွှေစင်”

ရွှေစင်အိသည် ဝတ္ထုရေးရှိသည့်အတိုင်း ညှိုသည်မပျင်းရှိအောင် ညှို့ဝတ်ပြုနေခြင်း အတိုင်းအတာထက် ပထမဆုံးအဖြစ် ကျော်လွန်ကာ စိတ်ဝင်စားလျက်မောင်ကြည်သာကိုသာ စပ်စုစူးစမ်းသောအကြည့်လေးဖြင့် ကြည့်လေ၏။

“ကျွန်တော်က မိဘမဲ့ကိုး မရွှေစင်ရဲ့၊ ကျွန်တော် လေးငါးနှစ်သားက အမေဆုံးသွားတယ်၊ အဖေကတော့ အဲဒီထက်တောင်စောပြီး ဆုံးသွားတယ် ပြောကြတာပဲ၊ ဟိုအိမ်ဒီအိမ် လှည့်ပတ်နေရင်း ထမင်းစား၊ အိမ်ဝေယျာဝစ္စလုပ်ပေး၊ ပညာ





သင်ဘဝနဲ့ ကြီးလာရတယ်၊ ကျွန်တော်ခုနစ်တန်း ရှစ်တန်းလောက်ကျတော့ ဝပ်ရှော့ပိုင်ရှင်တစ်ယောက်အိမ် ရောက်တယ်”

ဝပ်ရှော့ပိုင်ရှင် ဦးမောင်စိန်သည် အနေကြာလာသည်နှင့်အမျှ သူ့ကျိုးနွံပုံနှင့် သူ့အစွမ်းအစကိုပို၍သာ ယုံကြည်အားထားလာခဲ့လေသည်။

သူ့သားရင်းကတော့ အပေါင်းအသင်းများနှင့် တေလေသုံးဖြုန်းရင်း အတန်းပညာလည်း မရ၊ မိဘလက်ငုတ်လက်ရင်းမှာလည်း ခါးကျိုးအောင် အလုပ်မလုပ်ပြန်ပေ။

ဦးမောင်စိန်က သူ့သားကို ကြည်သာနှင့် နှိုင်းနှိုင်းဆူဆဲလေ့ရှိသည်။ ထို့ကြောင့် သူ့ကို အဘ၏သားက မလိုလားရုံမက သားကိုအချစ်လွန်ခဲ့သော အဘ၏ဇနီးကလည်း မုန်းတီးလာလေ၏။

သူ့မှာ နေစရာတစ်နေရာရကာ တစ်ဝမ်းတစ်ခါးဝအောင် စားရပြီး အဘစိန်၏မေတ္တာနှင့် ယုံကြည်မှုကိုလည်း ရရှိနေသောကြောင့် ‘စိန်’ဝပ်ရှော့မှ မခွာနိုင်။ တစ်ဖန်ကားပြင်တွင်ခုံခုတ်ပညာများသည် သူ့ကို စိုးမိုးညှို့ဖွဲ့ထားခဲ့လေသည်။

သူ အဘစိန်၏ လက်ရင်းတပည့် ဖြစ်မှန်းမသိ ဖြစ်လာသည်။ တော်ရုံအလုပ်ဆိုလျှင် အဘစိန်က သူနှင့်သာ လွှဲအပ်ထားတတ်လေ၏။

သူသည် နံနက်လေးနာရီထိုး၍ ကြီးတော်မြ အရာဏ်ဆွမ်းချက်သည်နှင့် အိပ်ရာမှထရပြီး ညဘက် ဆယ်နာရီထက်စော၍ အလုပ်သိမ်းရရိုး မရှိစေကာမူ သူ့မှာပုံမှန်ဝင်ငွေ မရှိ။ ငွေငါးကျပ်တစ်ဆယ်ပင်လျှင် ကြီးတော်မြထံ လက်ဖြန့်တောင်းခံရသောဘဝ။

“ကိုမြင့်သိန်းလည်း ဒီလိုတောင်းသုံးရတာပါပဲ။ မိဘနဲ့သား လက်ရည်တစ်ပြင်တည်း လုပ်ကိုင်စားသောက်နေကြတာပဲဟာ”

ဟူသော ကြီးတော်မြ၏ အစီအစဉ်တွင် မေတ္တာရေကြည်တစ်ပေါက်လောက်ပါဝင်လျှင် ကြည်သာ့ရင် အေးမြနေခဲ့မှာပါ။

“အိမ်အလုပ်ကူရင်း ကားပြင်ရာမှာ တောက်တိုမည်ရဝင်ပါရာက ကျွန်တော်စက်ပစ္စည်းပြင်ဆင်ဖို့၊ တီထွင်ဖို့ အတော်စိတ်ဝင်စားလာမိတယ်၊ အိမ်နီးချင်းတွေရဲ့ စက်ပစ္စည်းအပျက်မှန်သမျှ ကျွန်တော် အလကားပြင်တာပဲ။ ပြင်ခွင့်ရဖို့တောင် တော်တော်အောက်ကျို့ရတယ်။ ဟိုကြော်ငြာကလေးလိုပေါ့ဗျာ၊ စက်ပစ္စည်းပျက်ရင် ပစ်မထားနဲ့၊ ကျွန်တော် အားကြီးလက်ယားတယ်ဆိုတာ”



www.burmeseclassic.com

www.burmeseclassic.com



ရွှေစင်အိက ပခုံလေးနှစ်ဖက် သိမ့်သိမ့်ခါအောင် ရယ်မောတော့သည်။

"ရွှေစင် ဖတ်ဖူးတာကတော့ ကျွန်တော် အားကြီးစိတ်ဆိုးတယ်ပါ ကိုကြည်သာရဲ့"

"ကျွန်တော်ကတော့ ဘယ်စိတ်ဆိုးလို့ ဖြစ်မှာလဲ၊ ကျွန်တော့်ကို စိတ်ဆိုးမှာချည်း ကြောက်ခဲ့ရတဲ့ အခြေအနေပါဆိုနေမှ မရွှေစင်ရယ်"

"ရွှေစင့် စားပွဲတင်နာရီလေး ပျက်နေတာရှိတယ် ကိုကြည်သာ၊ ရွှေစင်ကတော့ ပြင်ပေးရင် သိပ်ကျေးဇူးတင်မှာ၊ ရွှေစင် ဆေးကျောင်းရောက်စတုန်းက ကိုကိုကြီး အမှတ်တရ ဝယ်ပေးတာလေ ကိုကြည်သာ"

"ဟာ… ပြင်တာပေါ့ဗျာ၊ ကျွန်တော်က အပျက်ပဲ ရှာနေတာ၊ ပြင်ချင်လွန်းလို့"

သူ့ဘဝ သူ့အခြေအနေတွေအကြောင်း အဘယ်ကြောင့်များ မရွှေစင်ကို တခုတ်တရ ပြောပြနေမိပါလိမ့်၊ သူ့ မသိစိတ်က မမီတဲ့ပန်းကို တုံးခုပြီးမလှမ်းဖြစ်အောင် သတိပေး တားဆီးချင်တယ်ထင်ပါရဲ့လေ၊ ဘဝချင်း အလှမ်းကွာလွန်းတာ ရွှေစင်အိ သိပြီး သူ့ကို စိတ်မဝင်စားဘူးဆိုရင် သူလည်း မျှော်လင့်နေမှာ မဟုတ်တော့တူးပေါ့။

အဘဦးမောင်စိန့်ထံမှ ခွဲထွက်လာခဲ့သောနေ့က အဘဦးမောင်စိန် စိတ်ထိခိုက်ဝမ်းနည်းခြင်းနှင့် စိတ်ဆိုးခံပြင်းခြင်းတို့ကို ဒွန်တွဲခံစားရကြောင်း သူ နားလည်ခဲ့သည်။

"မင်းကို ကျွေးမွေးကြည့်ရှုခဲ့သမျှ မင်းက ဒီနည်းနဲ့ ကျေးဇူးဆပ်သလား ကြည်သာ။ မယ်မြက ကိုယ်မွေးတဲ့မျောက် ကိုယ့်ပြန်ခြောက်မယ်ပြောရင် ငါ မင်းဘက်က ပါခဲ့တယ်၊ ခုတော့ မင်းက မယ်မြစကားမှန်တယ်လို့ အထင်ကရ သက်သေပြလိုက်တာပေါ့။ ကောင်းပြီ၊ မင်းသဘောနဲ့မင်း ဆင်းသွားပြီးမှတော့ အိမ်ရိပ်ပြန်နင်းဖို့ စိတ်မကူးနဲ့"

အဘသည် သူ ဦးချကန်တော့သည်ကိုပင် ဆုပေးနိုင်စွမ်း မရှိခဲ့။

အဘကို ခွဲခွာထားရစ်ရသည်ကို သူ သနားလှသော်လည်း အဘ၏သားမြင့်သိန်းကတော့ လက်ခမောင်းခတ်ရစ်တော့သည်။ ဥပရာဇာအိမ်ရှေ့မင်း သူ့ထက်လက်စောင်းထက်နေသူ လွင့်စင်ပြေးထွက်သွားမှသာ သူ့ရာဇဣန္ဒြေ ဆည်တင်နိုင်ပေမှာကိုး။

စိန့်ဝပ်ရှော့၌ အဘစိန်၏ညာလက်ရုံး စက်ပြင်ဦးကြိုင်ပြီးလျှင် သူ ပညာ





အပြည့်အဝဆုံး ဖြစ်လာခဲ့ချိန်တွင် မြင့်သိန်း ဆယ်တန်း သုံးခါကျရှုံးသာမက ဖဲရိုက်၊ ဂျင်ဝိုင်းတကာလှည့်ရင်း ကြီးတော်မြ ပိုက်ဆံလက်ဖြန့်တောင်း၍ မဆုံးနိုင်ခဲ့။

ကြီးတော်မြ၏ ငွေကြေး တစ်ရာစနှစ်ရာစ ပျောက်ဆုံးလာသောအခါ လူတိုင်းပင် မြင့်သိန်းလက်ချက်မှန်း သိနိုင်ကြပါလျက် ကြီးတော်မြသည် သားသမီးယုံ၍ စုံလုံးကန်းကာ ကြည်သာ့အပေါ် သံသယ လွှန့်ကဲလာခဲ့လေတော့သည်။

ဂျပန်သံရုံး ဝန်ထမ်းတစ်ဦး၏ကားကို ကြည်သာ ပြင်ပေးနေကျ။ ဝပ်ရှော့မှ တောင်းခံငွေတွေရှင်းပြီးတိုင်း ထိုအရာရှိသည် ကြည်သာ့ကို မုန့်ဖိုးပဲဖိုး ပေးကမ်းမြဲ။

ပြဿနာဖြစ်ချင်လာသည့် အခေါက်မှာတော့ ဦးတင့်ဆန်းသည် မောင်ကြည်သာ့အတွက် လုပသော စာတ်ငွေ့မီးခြစ်ကလေးတစ်ခု ပေးသွားခဲ့လေသည်။

"ဒီမီးခြစ် ဘယ်လောက်ပေးရသလဲ မောင်ကြည်သာ"

ဟု ကြီးတော်မြက မျက်နှာတင်းတင်း လေသံပြင်းပြင်းနှင့်မေးစဉ်က မောင်ကြည်သာမှာ အနက်အဓိပ္ပာယ် အတိမ်အနက် တွေးခေါ်ချိန်မရသေး။

"ကျွန်တော့်ကို ဦးတင့်ဆန်း ပေးသွားတာပါ"

"အလကား ပေးတာလား"

"ဟုတ်ကဲ့… ဘာဖြစ်လို့လဲ ကြီးတော်မြ"

"ကားပြင်ခ မင်းဘယ်လောက် တောင်းလိုက်သလဲ"

မောင်ကြည်သာ မခံချင် ဖြစ်လာသည်။ ကားပြင်ခ လျှော့ပေါ့ယူအောင် မီးခြစ်နှင့် လာဘ်ထိုးသွားသည့်သဘော။

"ကျွန်တော် မတောင်းဘူး ကြီးတော်၊ အဘကိုယ်တိုင် တောင်းတာ"

ကြီးတော်မြသည် မောင်ကြည်သာအပေါ် အပြစ်ပုံချလိုသော ဆန္ဒဇောကို အတောမသတ် ရပ်တန့်မပစ်နိုင်ဘဲ-

"ဒီနေ့ ငါ့မွေ့ရာအောက်က ငွေတစ်ရာပျောက်ပြန်ပြီ"

ဟု ပြောချလိုက်လေ၏။

တစ်မနက်လုံး အလုပ်လုပ်ပြီး ယခု ထမင်းစားတော့မည်ဟု၊ မစားမီ ကြီးတော်မြ၏တူမ ခူးခပ်ပေးမည့် ဝေပုံကျထမင်းဟင်းကို စောင့်မျှော်ရင်း ဘဲဆေးပေါ့လိပ်ကလေး ဖွာရှိုက်နေမိသော မောင်ကြည်သာသည် သူ့နားကိုပင် မယုံချင်တော့။ ကြီးတော်မြသည် ဤမျှပင် သူ့ကို မလိုမုန်းထား ယိုးမှားသံသယ ဝင်နေပြီလား။

"အဲဒီငွေကို ကျွန်တော်ယူတယ်လို့ ကြီးတော်မြ ထင်လို့လားဗျာ"



www.burmeseclassic.com

www.burmeseclassic.com



“တခြားသူစိမ်း ဘယ်သူရှိလို့တုံး၊ တစ်ခါလည်း မဟုတ်၊ နှစ်ခါလည်း မဟုတ်”

သည်မီးခြစ်ကို ဦးတင့်ဆန်း ပေးမပေး စုံစမ်းမေးမြန်းကြည့်နိုင်းဖို့ မလိုတော့ဘူးဟု သူ ယူဆမိသည်။ ကြီးတော်မြ၏ ငွေကြေးပိုက်ဆံ မကြာခဏ ပျောက်ဆုံးရခြင်း၏ တရားခံသည် သူမ၏သား လက်ချက်ဖြစ်ကြောင်း လူတိုင်းသိထားပါလျက် ကြီးတော်မြ မသိခြင်းသည် သူမ၏ အတွင်းစိတ်ကိုက မသိချင်သောကြောင့်သာ ဖြစ်ရမည်။ သည်တော့ သူ ဖြေရှင်းနေလည်း အရာရောက်မည်မဟုတ်။

အလွန်အမင်း ဆာလောင်နေပါလျက် ထိုနေ့လယ်စာထမင်းကို သူ စားမဝင်တော့ပေ။ မြင့်သိန်း ညဥ့်နက်သန်းခေါင်ယံမှ အိမ်ပြန်လာသည်ကို သူ တံခါးထဖွင့်ပေးသည့် အချိန်မှာတော့ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်လိုက်နိုင်သည်။ အသောက်အစားနှင့် လောင်းကစားလွန်ကျူးသော မြင့်သိန်း၏ဒဏ်ကြောင့် သည်အိမ်မှာ ဆက်နေလျှင် သူ့သိက္ခာ မဆယ်နိုင်အောင် နစ်မွန်းရတော့မည်။

နံနက်မိုးလင်းလျှင် သူ အထုပ်အပိုး အသင့်ပြင်ပြီးလေပြီ။ သူ နှုတ်ဆက်ကန်တော့လျှင် အဘစိန် တအံ့တသြ ဒေါသအိုးပေါက်ကွဲလေတော့၏။ သံယောဇဉ်နှင့် အားထားယုံကြည်မှု အရင်းခံမှန်း နားလည်သောကြောင့် အဘစိန်က စကားနာထိုးကာ မှိုချိုးမျှစ်ချိုးပြောလေသမျှ သူ ခေါင်းငုံ့ခံယူခဲ့ပါ၏။

အဘစိန်ထံမှ ဆင်းလာပြီးနောက် သူ ဦးတင့်ဆန်းဆီ သွားသည်။ ဦးတင့်ဆန်း၏ ဒရိုင်ဘာအဖြစ် သူ့အလုပ်သမားတန်းလျားတွင် တစ်နေရာရခဲ့လေသည်။ ကားမောင်းရင်း၊ ကားပြင်ရင်း အားလပ်ချိန်တွင် စာကျက်ကာ ဆယ်တန်းအောင်ခဲ့သည်။ တစ်ဖန် ဂျပန်စကားပြော တတ်မြောက်လာခဲ့လေသည်။

ဦးတင့်ဆန်း ဂျပန်သံရုံးမှ နုတ်ထွက်ကာ အညာပြန်၍ မိဘရိုးရာ ကုန်သည်အလုပ်ကို ပြန်လုပ်ကိုင်သောအခါ သူလည်း ဂျပန်စကားပြန် တစ်ဖြစ်လဲခဲ့ရ ပြန်လေ၏။

“ကြာတော့ ကျွန်တော် သိလာတယ်၊ ပျော်ရာမှာ မနေရ၊ တော်ရာမှာ နေရဆိုတဲ့စကားလိုပဲ စက်ပြင်အလုပ်ကို မက်မောနေသရွေ့တော့ ကျွန်တော်ဟာ ဝပ်ရှော့တွေမှာ လက်တိုလက်တောင်း အခိုင်းအစေဘဝက တက်လာမှာ မဟုတ်ဘူး။ အဲဒီအချိန်မှာပဲ ဝပ်ရှော့မှာ ကားပြင်ရင်း ကျွန်တော့်ကိုခင်နေတဲ့ ဂျပန်သံရုံးက ဒရိုင်ဘာတစ်ယောက်ရဲ့ အဆက်အသွယ်နဲ့ သံရုံးအမှုထမ်း တစ်ကိုယ်တည်းသမား တစ်ဦးဆီမှာ ဒရိုင်ဘာရော၊ ဝေယျာဝစ္စ အမှုထမ်းရော ဖြစ်လာတယ်။ ဒီလိုနဲ့





ဆယ်တန်းလည်းအောင် ဂျပန်စကားလည်းတတ်၊ ဒီအလုပ်လည်းရ၊ ထမင်းနပ်မှန်သွားပြီး နည်းနည်းပြောင်ရောင်လာတယ်ပေါ့ဗျာ”

“ကမ္ဘာလှည့်ခရီးသည်တွေအတွက် စကားပြန်လုပ်နိုင်ဖို့ ဘွဲ့ရဖြစ်ရမယ်လို့ ရွှေစင် နားလည်ထားတာ”

“ကျွန်တော်တို့ ဂျပန်စကားပြန်တွေကတော့ ဂျပန်စကားတတ်ဖို့ပဲလိုပါတယ်”

သူ ဘွဲ့ရတစ်ဦးပင် မဟုတ်ကြောင်း ရွှေစင်အိ သိသွားခြင်းအတွက်လည်း သူ ကျေနပ်သည်။ ကိုယ့်ဘဝနိမ့်ကျပါသည်ဟု ဝန်ခံရန် ဝန်လေးလျက်နှင့်ပင် သူ့အပေါ် ရွှေစင်အိက အရှိကို အရှိအတိုင်း မြင်အောင်ပဲ ကြိုးစားရတော့သည်။

“ဘွဲ့ယူဖို့ စိတ်မကူးတော့ဘူးလား”

“စိတ်တော့ကူးတာပေါ့၊ လက်တွေ့ အကောင်အထည် မဖော်ဖြစ်တာတစ်ခုပါပဲ။ ဘဝမှာ ရေစုန်မျှောနေလိုက်ချင်တဲ့စိတ်က ပိုများနေတယ် ထင်တာပဲ”

“ရေဆန်၊ လေဆန်မှာ ဘဝဟာ နိုးနိုးကြားကြားရှိမှာပေါ့ ကိုကြည်သာရဲ့၊ ရွှေစင်အိတို့များ အရာခပ်သိမ်း အဆင်သင့်ဘဝကြီးမှာ ကြီးပြင်းလာရတော့ တစ်ခါတစ်ခါ ငြီးငွေ့လိုက်တာ”

ရွှေစင်အိ အပြောကို မောင်ကြည်သာ လက်ခံယုံကြည်ပါ၏။ ရွှေစင်အိမှာ အစဉ်အမြဲ တက်ကြွလန်းဆန်းလျက် စွန့်စားခန်းများကိုလည်း ခုံမင်မည့်လူစားမျိုးပါပဲ။ ခြံဝမှာ ဖြူဖွေးဝအိသော အဘွားအိုတစ်ဦး ဝင်လာသည်။ ဒေါ်မြနှစ်ပင်ဖြစ်လိမ့်မည်ဟု မောင်ကြည်သာ ခန့်မှန်းကြည့်ရသည်။ ဒေါ်မြနှစ်သည် ဒေါ်နန်းမြစန္ဒီလိုပင် အသက်နှင့်နှိုင်းစာလျှင် များစွာနုပျိုလေသည်။ သူတို့တူဝရီးသည် အနှစ်နှစ်ဆယ်စီလောက် သက်တမ်းဖျောက်ဖျက် ထားလေရော့သလား။

“ဟော ရွှေစင့်အဘွား ပြန်လာပြီ၊ ရွှေစင် ပြေးကြိုဦးမှ၊ ဗန်းတွေ ကိုင်ထားပေးဦးနော်”

ရွှေစင်အိက ပေ့ါပါးဖျတ်လတ်စွာ ပြေးထွက်သွားသည်။ သည်လိုတော့ လည်း အပျိုပေါက်စကလေးပမာ ဟန်ဆောင်မှုတွေ ကင်းမဲ့လိုက်တာ။

မောင်ကြည်သာ ရုတ်တရက် ထိတ်လန့်တုန်လှုပ်မိသည်။

ရှိနိုမီရာစံတစ်ယောက် နှစ်ပေါင်းများစွာ အပြုစားခံရသလို သူကော အပြုစားခံရတော့မှာလား။

မဖြစ်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ရှိနိုမီရာစ်လို စိတ်ထားနူးညံ့သော အနုပညာသမားတစ်ယောက်မှ မဟုတ်တာဘဲ။ သူ့အသည်းက မာကျောမှာပါ၊ အလှအပ တွေ့စဉ်မြင်စဉ် ခဏ္တခဏ ယစ်မူးမိသော်လည်း ရန်ကုန်ပြန်ရောက်ပြီးလျှင်တော့ အလျှင့်အလျှင် တွေ့ဖူးမြင်ဖူးသော မိန်းမချောမိန်းမလှများကို အလွယ်တကူ မေ့ပျောက်သွားသည့်နည်းတူ ရွှေစင်အိကိုလည်း သူ မေ့ပျောက်သွားမှာပါ။

မောင်ကြည်သာက သူ့ကိုယ်သူ အားပေးလျက် စိတ်လက်ပေါ့ပါး ရွှင်လန်းလေဟန် သူ့ကိုသူ သဏ္ဌာန်လုပ်ပြရန်လည်း လေကလေးတအေးအေး ချွန်နေလိုက်ရလေ၏။

ရွှေစင်အိက ဒေါ်မြနှစ်လက်ထဲမှ ပလတ်စတစ် လက်ကိုင်အိတ်ကလေးကို လှမ်းယူလိုက်သည်။ ထိုအိတ်ထဲတွင် အလှူခံဖြတ်ပိုင်း၊ တရားနာရန် ခြံပဝါနှင့် လက်ကိုင်အိတ်ကလေးတစ်လုံးပါနေကျ။

"ဘွားလေးရေ… ဘွားလေးတော့ သိပ်အံ့သြသွားမှာပဲ၊ လူကြီးဆိုတော့ သိပ်အံ့သြရင်မကောင်းလို့ ရွှေစင် မလျှို့ဝှက်တော့ဘူး၊ အကျိုးအကြောင်း ကြိုပြောထားမှဖြစ်မှာပါ"

"ပြောပြပါတော်၊ မပြောခင် အရင်မေးဦးမယ်၊ မင်္ဂလာဆောင်အတွက် ပန်းတွေခူးပြီးပြီလား၊ ပြီးတော့ ဟင်းကောချက်ပြီးပြီလား၊ အဲ… နောက်ပြီးတော့ ဟိုးနားမှာ ကောင်လေးတစ်ယောက်ပါလား၊ ရွှေစင့်ကောင်လေးလား"

ဒေါ်မြနှစ် ခပ်မြူးမြူးကလေး ခေတ်စကား သုံးနှုန်းလိုက်သည်ကို ရွှေစင်အိ အထူးသဘောကျလျက် ခိုးခိုးခစ်ခစ် ရယ်တော့သည်။

"မေးခွန်းနံပါတ်တစ်အတွက်အဖြေက ပန်းတွေ ခူးပြီးသား အသင့်ပါပဲတဲ့၊ နံပါတ်နှစ်အတွက်ကတော့ ဟင်းအိုးတွေ ပြင်ခိုင်းထားပြီးပါပြီ၊ ဧည့်သည်ရောက်နေလို့ ဧည့်ခံနေရတာနဲ့ မချက်ရသေးပါဘူးတဲ့၊ နံပါတ်သုံးအတွက်ကတော့ အဲဒီကောင်လေးဟာ ရွှေစင့်ကောင်လေး မဟုတ်ပါဘူး၊ မေမေ့လူကြီးရဲ့ စကားပြန်ပါတဲ့"

ဒေါ်မြနှစ် နားရှုပ်သွားသည်။

"ဘာပြောတယ် မရွှေစင်"

"ရှိနိုမီရာစ် ရောက်နေတယ် ဘွားလေးရဲ့၊ ဘွားလေးကို မေးနေတယ်၊ သူတို့ကို အိမ်မှာ ထမင်းကျွေးရအောင်နော် ဘွားလေး၊ လာလာ"

◆



(၂၈)

ဦးရန်ပိုင်၊ ဒေါ်စန္ဒီမိသားစုနှင့် ပျော်ရွှင်စွာ တွေ့ဆုံခွင့်ရရှိခဲ့သော သုံးရက်တာ အချိန်ကာလကလေးသည် မစ္စတာရှိနိုမီရာ နှစ်ပေါင်းသုံးဆယ်ကျော် မျှော်လင့်ရည်မှန်းလာခဲ့သော ချမ်းမြေ့ကြည်နူးမှုများကို အပြည့်အဝ ပေးအပ်ခဲ့လေသည်။

"မရွှေစင်နဲ့သာ ဈေးထဲမှာ မတွေ့ရင် ကျွန်တော်တော့ မိတ်ဆွေတွေကို ရှာမတွေ့ဘဲ ပြန်သွားရမှာပဲ၊ ကျွန်တော် သိပ်ကံကောင်းတယ်"

ဟု မစ္စတာရှိနိုမီရာက တဖွဖွ ပြောမဆုံးနိုင်ပေ။

"ရောက်တဲ့နေ့ကတွေ့ရင် ပိုကောင်းမယ်နော်၊ ခုတော့ သုံးရက်လုံးလုံး လိုက်ရှာနေခဲ့ရတယ်"

ဟုလည်း နှမြောတသ နေပြန်ရှာသေး၏။

ရွှေစင်အိနှင့် တိုက်တိုက်ဆိုင်ဆိုင် ဆုံစည်းရသည်ကို မစ္စတာရှိနိုမီရာ ကြည်နူးမဆုံးနိုင်သည်နှင့်အမျှ သမားတော်ကြီး ဦးစိုင်းမြဝင်းတစ်ဖြစ်လဲ အဘာနှင့် ဆုံစည်းရပုံမှာလည်း သူ့အတွက် အမှတ်တရ တသသဖြစ်ဖွယ်ပါပင်တည်း။

ဦးရန်ပိုင် မိသားစု နေအိမ်သို့ စတင်ရောက်ရှိ လည်ပတ်ခွင့်ရသောနေ့ ညနေမှာပင် အဘာသည် ဦးလေး၏အခြေအနေကို လာရောက်ကြည့်ရှုလေ၏။

အဘာကို မည်သူကမျှ ကြိုတင်ပြောပြထားခြင်း မရှိပေ။ မစ္စတာရှိနိုမီရာကသာ ယခုရောက်လာသူသည် ငယ်စဉ်အခါက သူထိန်းကျောင်း ပွေ့ချီခဲ့သော အဘာဖြစ်သည်ဟု သိထားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆင်ဝင်အောက်တွင် လန့်ဆာအဝါနရောင်တစ်စီး ထိုးဆိုက်လာကာ ကား ပေါ်မှ ရှမ်းချောချောသော လူလတ်ပိုင်းအရွယ်၊ ခပ်သေးသေးသွယ်သွယ် လူကြီး လူကောင်းတစ်ဦး ဆင်းလာသည်ကို မစ္စတာရှိုနိုမီရာ ဧည့်ခန်းထဲမှ လှမ်းမြင်နေရသည်။

"ဒါ ဘယ်သူလဲ မှတ်မိသလား အတာ"

ဟု ဒေါ်မြနှစ်က ဦးစိုင်းမြဝင်းကို မေးလိုက်လေ၏။

ဦးစိုင်းမြဝင်းသည် မစ္စတာရှိုနိုမီရာကို လှမ်းကြည့်ကာ ချက်ချင်းပင် အနီးသို့ လျှောက်သွားလျက် လက်ဆွဲနှုတ်ဆက်သည်။

"ရှိုနိုမီရာစံ"

မစ္စတာရှိုနိုမီရာစံနှင့် အတာသည် နှစ်ရှည်လများ ကွဲကွာနေရာမှ ပြန်လည် တွေ့ဆုံရသည့် သားချင်းချွေမျိုးရင်းပမာ ပွေ့ဖက်နှုတ်ဆက်၍ မဆုံးနိုင်တော့ပေ။

"ကိုကိုကြီးက ရှိုနိုမီရာစံကို မှတ်မိတယ်နော်၊ ရွှေစင် အံ့ဩလိုက်တာ၊ စစ်အတွင်းက ကိုကိုကြီး ငယ်ငယ်လေးရှိသေးတာပဲ"

ရွှေစင်အိက ဘဝင်မကျနိုင်သည်ကို မျိုသိပ်မထားဘဲ ထုတ်ဖော်ပြောပြနေ၏။

"ဒါဘယ်သူလဲလို့ ဘွားလေးမေးလို့ လှည့်ကြည့်လိုက်တာနဲ့ ရှိုနိုမီရာစံဆိုတာ ကိုကိုကြီး သိလိုက်တာပဲ၊ ဘယ်လိုမှတ်မိတယ်တော့ ကိုကိုကြီးလည်း မပြောတတ် တော့ပါဘူးကွာ"

ရှိုနိုမီရာစံသည် နှစ်ယောက်ထိုင် ဆိုဖာတွင် အတာနှင့်အတူ ယှဉ်တွဲထိုင်ကာ အတာ့လက်ကို တစ်ချိန်လုံး ကိုင်ထားလျက် သူသိခဲ့သော ချစ်စဖွယ်ကလေးငယ်သည် သူချစ်ခဲ့သော ဂျပန်ဆရာဝန်၏ခြေရာနင်းကာ ဆေးပညာရှင်ဖြစ်ခဲ့ပြီကို ပီတိသောမနဿ ပွား၍ နေတော့သည်။

"ယာမာမိုတိုစံ တစ်ယောက်ကော ရှိုနိုမီရာစံ၊ ဂျပန်ပြည်မှာပဲလား"

ဟု ဦးစိုင်းမြဝင်းက မေးသည်။

"သူ ဂျပန်ပြည် ပြန်မရောက်နိုင်ခဲ့ပါဘူး အတာ၊ ရှမ်းပြည်နယ်ကအဆုတ် ယိုးဒယားနယ်စပ်မှာပဲ တိုက်ပွဲကျသွားခဲ့ပါတယ်။ သူ့သားဟာ အတာ့အရွယ်ပဲဆိုတာ အတာ မှတ်မိမှာပေါ့၊ သူ့အဖေရဲ့အရိုးကောက်ဖို့လာချင်လို့ သူ စုံစမ်းပေမယ့် မလွယ်တော့တာသိရလို့ မလာဖြစ်တော့ဘူး၊ သူ့သားဟာလည်း အဖေနည်းတူ ဆရာဝန်တစ်ဦး ဖြစ်လာတယ် အတာ"

"ယာမာမိုတိုစံဟာ ဆရာဝန်နှစ်ယောက် မွေးဖွားပေးခဲ့တာပဲနော် ရှိုနိုမီရာစံ"





ဟု ရွှေစင်အိက တွေးတွေးဆဆ ပြောလိုက်လေ၏။

"ယာမာမိုတိုရဲ့သားဟာ သားဖွားနှင့် မီးယပ်ဆိုင်ရာ ဆေးရုံကြီးတစ်ခုမှာ ဆေးရုံအုပ်ကြီး ဖြစ်နေပြီ။ ကျွန်တော့်ဆီကို တစ်နှစ်တစ်ခါ လာတွေ့ပါတယ်၊ ကျွန်တော်ကလည်း တစ်နှစ်တစ်ခါ သွားပါတယ်"

ရွှေစင်အိသည် တွယ်တာစရာ ရှာဖွေလေသော ရှိုနိုမီရာစံ၏ အထီးကျန် ရစ်ရသည့်ဘဝကို ရိပ်စားနားလည်လာမိသည်။

ပျော့ရွှင်ချမ်းမြေ့ဖွယ် သူတို့မိသားစုကလေးကို အားကျသော အကြည့်များသည် ရှိုနိုမီရာစံ၏ မျက်ဝန်းဝယ် အစဉ်အမြဲ ထင်ဟပ်နေလေသည်။

အစ်ကို့ဇနီး မှဆိုးမကို လက်ထပ်ယူကာ အစ်ကို့ရင်သွေးများကို စောင့် ရှောက်ခြင်းဖြင့် အမျိုးအနွယ်အတွက် အနစ်နာခံတတ်လေသော ဂျပန်လူမျိုးတစ်ဦး၏ ဓလေ့ထုံးစံ လိုက်နာထိန်းသိမ်းပုံကိုလည်း ရွှေစင်အိ လေးစားရပါ၏။

ရှိုနိုမီရာစံသည် သူ၏ လာရင်းကတည်းက အစီအစဉ်တိုင်း အင်းလေးသို့ တစ်ရက်၊ ကလောသို့တစ်ရက် အလည်အပတ် သွားဖြစ်လေသည်။ သူနှင့်အတူ မောင်ကြည်သာ၊ ဒေါ်မြနှစ်၊ ဦးစိုင်းမြဝင်း မိသားစုတို့ အဖော်အဖြစ် လိုက်ပါသွား ကြသည်။

ဦးရန်ပိုင်မှာ ဆီးချိုထိန်းသိမ်းရင်း ခြေထောက်အနာ ကုသဆဲမို့ အိမ်မှာပင် အနားယူနေရသည်။ အမှန်တော့ ခြေထောက်မနာလည်း သူသည် အလည်အပတ် ထွက်ရန် ဝါသနာနည်းလှရကား အကြောင်းအမျိုးမျိုးပြကာ ကျန်ရစ်ဦးမည်သာ ဖြစ်လေသည်။

ဒေါ်စန္ဒီမှာ ကျန်းမာရေးအခြေအနေချို့တဲ့နေသော ခင်ပွန်းသည်အနီးတွင် အသင့်ရှိနေသော ဇနီးတစ်ယောက်၏ တာဝန်ဝတ္တရားအရ အိမ်ပြင်ပသို့ အလည် အပတ် ကြာကြာမထွက်နိုင်ပေ။ အထူးသဖြင့် ထိန်းသိမ်းလိုက်နာရမည့် လောက ကျင့်ဝတ် နီတိများအရ ခင်ပွန်းသည် သူ၏မျက်ကွယ်တွင် တစ်ချိန်တစ်ခါက ရင်နင့်အောင် ချစ်ခဲ့ဖူးသူတစ်ဦးနှင့်အတူ သွားလာခြင်းကြောင့် ပြောစရာဆိုစရာ တစ်စွန်းတစ်စ မဖြစ်ရစေချင်။

သမီးချော မရွှေစင်ကျပြန်တော့ အစ်ကိုတော် ဦးစိုင်းမြဝင်း ညွှန်ကြားကွပ်ကဲ သည့်အတိုင်း ဖခင်၏ဝေဒနာကို အနီးကပ်ကြည့်ရှုကုသပေးနေရသူမို့ ဖခင်အတွက် ဆေးနှင့်အစာ ညှိနှိုင်းကျွေးမွေးရင်း ဖခင်အပါးမှ ကြာကြာမခွာနိုင်ဘဲ ရှိရသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်းလေးနှင့်ကလောသို့ သွားရောက်သည့် အချိန်အပိုင်းအခြားကလေးမှအပ ကျန်အချိန်များတွင် ရှိနိုမီရာစံသည် ဦးရန်ပိုင်၏ နေအိမ်တွင်သာ စကားပြောရင်း ရှမ်းစာ ကောင်းနိုးရာရာ ချက်ပြုတ်ဝယ်ခြမ်းကျွေးသမျှ စားသောက်ရင်းနှင့်သာ အချိန်ကုန်ဆုံးနေလေတော့သည်။ တောင်ကြီးဟိုတယ်သို့ အိပ်စက် နားနေရုံမျှသာ ပြန်ရောက်ချေ၏။

ညနေခင်းများတွင်မူ မရွှေစင်က တောင်ကြီးမြို့တွင်းမြို့ပြင် အနီးအနားတစ်ဝိုက် ကားမောင်းပို့တတ်သည်။ သွားလေရာသို့ ဒေါ်မြနှစ်ကလည်း ပျော်ပျော်ကြီး လိုက်လေ၏။

ကိုးမြို့ကန်ဘက်သို့ ကားစီးထွက်ကြစဉ်က မရွှေစင်၏ကားပျက်ကာ အားလုံး လမ်းဘေးအုတ်ခုံတွင် ထိုင်စောင့်လျက် မောင်ကြည်သာ ကားပြင်ရသေးသည်။ မောင်ကြည်သာက အင်္ကျီချွတ်နှင့် ကားအောက်ဝင်ကာ စက်ပြင်ရစဉ် မရွှေစင်က ကားစက်ခေါင်းအဖုံးဖွင့်လျက် ရပ်စောင့်ကာ အမေးအဖြေ အပေးအယူလုပ်ရင်း ရယ်ရယ်မောမောရှိကြစဉ် ရှိနိုမီရာစံက အမှတ်တရ ဓာတ်ပုံရိုက်ယူလေ၏။

ကားပြင်နေသည်ကို စောင့်ဆိုင်းရင်း ရှိနိုမီရာက ဒေါ်မြနှစ်အား–

“မောင်ကြည်သာဟာ ပညာအရင်အချင်းပြည့်ဝတဲ့ လူကြီးလူကောင်းကလေး တစ်ယောက်ပဲ ဒေါ်လေး”

ဟု လှမ်း၍ ပြောသည်။

ဒေါ်မြနှစ်မှာ ရှိနိုမီရာစံကို တွေ့မြင်ဖူးစအချိန်များက သူမလည်း ယခု ရှိနိုမီရာ နည်းတူ မှတ်ချက်ချခဲ့ဖူးကြောင်း သတိရမိ၏။ တူမကိုရော မြေးမကလေးကိုပါ အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်လာသူပီပီ မသင်္ကာစိတ်နှင့် မဟုတ်တဲ့ လုပ်ရိုး လုပ်စဉ် အလေ့အကျင့်အတိုင်း မရွှေစင်နှင့် မောင်ကြည်သာ၏ ဆက်ဆံရေးကို ဒေါ်မြနှစ် လေ့လာပြီး သူမအနေနှင့်တော့ မရွှေစင်တစ်ယောက် ခင်မင်ရင်းနှီးသော ယောက်ျားလေး အပေါင်းအသင်းများအပေါ် ဆက်ဆံနေကျပုံစံထက် ဘာတစ်ခုမှ ထူးကဲပြောင်းလဲခြင်း မတွေ့ရပေ။

ချစ်သူတို့လမ်းကလေးတွင် လမ်းလျှောက်စဉ်က ရှိနိုမီရာသည် သူနှင့် ဒေါ်မြနှစ် တို့တူဝရီး စတင်တွေ့ဆုံခဲ့ရာ နေရာကလေးတွင် မရွှေစင်ကို ဓာတ်ပုံရိုက်ယူခဲ့သေး သည်။ မြေးအဘွားနှစ်ယောက် ရှိနိုမီရာမမြင်အောင် တစ်ယောက်ကိုတစ်ယောက် နားလည်စွာ ကြည့်မိကြချေ၏။





ရှိနိုမီရာသည် မရွှေစင်က ဦးရန်ပိုင်၏အနောက်ကို ဆေးထည့်ပတ်တီးစည်းနေ လျက် နံဘေးမှ ဦးစိုင်းမြဝင်းက ညီမကို နောက်ပြောင်နေကာ ဦးရန်ပိုင် တဟားဟား ရယ်မောနေခိုက်တွင်လည်း ဓာတ်ပုံရိုက်ယူပြန်သေးသည်။

ရွှေစင်တို့ မိသားစုသုံးယောက်ဓာတ်ပုံကိုလည်း သူ ရိုက်ယူရုံမျှ အားမရသေးဘဲ ဓာတ်ပုံအယ်လ်ဘမ်များထဲမှ ကောင်းနိုးရာရာ တောင်းယူပြန်သည်။

တောင်ကြီးမြို့တွင် ခြောက်ရက်ကြာပြီးနောက် ရှိနိုမီရာစံ ရန်ကုန်သို့ ပြန်လေ သည်။ ရန်ကုန်တွင် တစ်ညအိပ်ပြီး နောက်တစ်နေ့တွင် သူ ဂျပန်ပြည်သို့ ပြန်ရပေ တော့မည်။

ဒေါ်စန္ဒီမှာ ဦးရန်ပိုင်နှင့်အတူ ရှိနေမည်ဖြစ်ရကား ဟဲဟိုးလေယာဉ်ကွင်းအထိ လိုက်မပို့နိုင်ပေ။

သူမက ရှိနိုမီရာစံအတွက် အမှတ်တရလက်ဆောင်တစ်ခုတော့ ထပ်၍ ပေးလိုက်သည်။

ဆင်စွယ် စိပ်ပုတီးကလေး။

“ဒီအရွယ်ဟာ ဘုရားကို အဖော်ပြုရမယ့် အချိန်အရွယ်ပါ ရှိနိုမီရာစံ၊ တတ်နိုင် သရွေ့ တရားရှာပါ၊ ရှိနိုမီရာစံအတွက် စန္ဒီ အမြဲသတိရပြီး မေတ္တာပို့နေမယ်”

ရွှေစင်အိ၊ ဒေါ်မြနှစ်နှင့် ဦးစိုင်းမြဝင်းကတော့ လေယာဉ်ကွင်းအထိ လိုက်ပို့ ကြကာ လေယာဉ်ထွက်မှ ပြန်ကြလေသည်။

ရှိနိုမီရာစံ၏ မျက်နှာကတော့ တင်းတိမ်ရောင့်ရဲခြင်း၊ ကျေနပ်နှစ်သိမ့်ခြင်း တို့ဖြင့် ငြိမ်းချမ်းလေပြီ။

“မြန်မာပြည်ကို နောက်တစ်ခေါက်လာခဲ့ပါဦး ရှိနိုမီရာစံ”

ဟု ရွှေစင်အိက ဖိတ်ခေါ်သည်။

“ခုလို ဖိတ်ခေါ်တာ သိပ်ကျေးဇူးတင်ပါတယ် မရွှေစင်၊ ဒါပေမဲ့ လာဖို့ မလွယ်တော့ပါဘူး”

လာဖို့မလွယ်သည်ထက် လာဖို့လည်း မလိုအပ်လှတော့ပါ။ တစ်ခေါက် တစ်ခါ ပြန်တွေ့ချင်လှသည်ဆိုသော ဆန္ဒကို ဖြည့်နိုင်ပြီးမှုပဲ။

စီးပွားရေးအလုပ်မှ အနားယူလိုက်ပြီဖြစ်သော်လည်း ဤတတိယအရွယ်မှ အစပြုရမည့် လုပ်ငန်းများက သူ့ကို စောင့်ကြိုနေကြသည်။ မသန်မစွမ်းသော စစ်ပြန်များ၏ အသင်းအဖွဲ့တွင် အမှုဆောင်တစ်ဦးအဖြစ် တာဝန်ထမ်းရဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



မိဘမဲ့ကလေးများ ပညာသင်ကျောင်းတစ်ကျောင်းတွင် နာယကအဖြစ် ဆောင်ရွက်ရဦးမည်။ အခြားအခြားသော လူမှုဝန်ထမ်းလုပ်ငန်းများလည်း များစွာ။

တစ်ဖန် အမြစ်ဖြတ်မရသေးသော ဝါသနာအရ သူ့ပန်းချီကားများ ရေးဆွဲရောင်းချခြင်း၊ ခင်းကျင်းပြသခြင်းတို့ကလည်း တစ်စတစ်စ ကျယ်ပြန့်လာကာ အချိန်ပို၍ လိုအပ်လာကြသည်။

ငဲ့ညှာထောက်ထားစွာ စဉ်းစားလေ့ရှိသော သူ့ဗီဇဓာတ်ခံအရ မြန်မာပြည်သို့ နောက်ထပ် တစ်ခေါက်တစ်ခါ လာရန်မလိုအပ်ကြောင်း ဆုံးဖြတ်ရသည့် နောက်ထပ် အကြောင်းအချက်တစ်ခုမှာ ဦးရန်ပိုင်သည် မည်မျှပင် သဘောထားပြည့်ဝသည် ယူဆယုံကြည်ရစေကာမူ ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ သူ့အတွက်ကြောင့်တော့ စန္ဒီ့အိမ်ထောင်ရေးတွင် စိတ်အနှောင့်အယှက်ဖြစ်စရာ မြူတစ်မှုန်မျှပင် မထင်စေလိုပါ။

◆



(၂၉)

ရန်ကုန်မြို့ ကမ်းနားလမ်းဟိုတယ်သို့ ပြန်ရောက်လာချိန်တွင် တောင်ကြီးမှ ပြန်လာသူနှစ်ဦးမှာ အသွားတုန်းကနှင့် ခံစားချက်ချင်းလည်း ကွဲပြားခဲ့ပြီး မူရာသွင်ပြင်လည်း ခြားနားခဲ့ပြီ။

ချမ်းမြေ့ရောင့်ရဲလှစွာ ပစ္စည်းများကို ထုပ်ပိုးသိမ်းဆည်းနေသော ရှီနိုမီရာစံ။

ပြီးတော့ ဆိုဖာတစ်လုံးတွင် ငူငူငိုင်ငိုင်ထိုင်၍ မှိုင်နေသော မောင်ကြည်သာ။

"တောင်ကြီးကို လွမ်းနေသလား မောင်ကြည်သာ"

မောင်ကြည်သာ မရှက်နိုင်ပါ၊ မချိပြုံးနှင့် ခေါင်းညိတ်သည်။

"ဟဲဟဲ... နေရတာတစ်မျိုးကြီးပဲခင်ဗျာ"

ရယ်စရာဖြစ်စေတော့ဟု ပေါ့ပေါ့ဆဆ ဖြေလိုက်ရသော်လည်း အမှန်တော့ ရင်ထဲတွင် တင်းတင်းကျပ်ကျပ် ဆို့ဆို့နင့်နင့်ကြီး နာကျင်နေပါ၏။

လွမ်းချင်သော်လည်း ပွင့်ပွင့်လင်းလင်းပင် မလွမ်းသာ၊ တော်ကြာ 'အမဲရိုးနှယ် ဟင်းအိုးမှ အားမနာလေတယ်' ဟူသော စကားပုံလိုများ တစ်ဖက်သားအနေနှင့် ခံပြင်းစရာဖြစ်နေမလားမှ မသိနိုင်ဘဲ။

မတတ်နိုင်။ အလှကိုတော့ အခြေအနေ အဆင့်အတန်းမရွေး ယစ်မူးမိတတ်တာပဲလေ။ ကိုယ့်ဘာသာကိုယ် ကျိတ်ခွေးရုံမျှကတော့ လွန်မည် မထင်မိပါ။

ရွှေစင်အိ၏ ချိုလွင်ရူးရှသော အသံကလေးကို နားထဲတွင် ကြားယောင်နေသည်။

Glory in the flowers, splender in the grass.



www.burmeseclassic.com

www.burmeseclassic.com



မျက်တောင်ကော့ကလေးမေးစင်းကာ ကဗျာရွတ်ပြဟန်ကို မြင်ယောင်လျက် ရင်ထဲတွင် ပြုံးမိသည်။ ချစ်စရာကောင်းလိုက်တဲ့ ရွှေစင်အိရယ်။

မောင်ကြည်သာမှာတော့ ပန်းခြံထဲဝယ် ပန်းများထက် ရွှေစင်အိက ပိုလှကြောင်း တစ်ယောက်တည်း ငြင်းခုံလျှောက်လဲ ဆုံးဖြတ်ခဲ့မိသည်ထက်၊ ရွှေစင်အိ မောင်းသော ကားပေါ်တွင် တငြိမ့်ငြိမ့်လိုက်ပြီး စီးရသည်ထက်၊ ရွှေစင်အိ ကျွေးမွေးဧည့်ခံသမျှ စားသောက်ရသည်ထက်ပိုသော ကြည်နူးမှုလည်း မရနိုင်ခဲ့ပါ။

ဖြေသိမ့်စရာ ဘယ်လိုများ ကျန်ရစ်နိုင်ပါ့မလဲ။

ရွှေစင်အိက သူ့ကို မိတ်ဆွေအဆင့်မျှပင် အသိအမှတ်ပြုလိုက်ပါလေ၏။

တုံးခုဍ်မှ လှမ်းမမီနိုင်သည့် မဋ္ဌူသကနတ်ပန်းကလေးပါလားဟု သူ့ဦးနှောက်က ဆင်ခြင်ရှာသား။ ထိုပန်းကလေး၏အလှမှာ သူ့နှလုံးသားက ယစ်မူးမိသည်ကိုတော့ သူလည်း ဘာမှမတတ်နိုင်ပါလား။

"တောင်ကြီးမြို့ဟာ လှပသာယာတဲ့မြို့ပဲ မောင်ကြည်သာ လွမ်းလည်း လွမ်းလောက်ပါတယ်"

မောင်ကြည်သာ လှမ်းကြည့်တော့ မစ္စတာရှိုနီမီရာက သူ့သေတ္တာထဲသို့ ပစ္စည်းများ စီကာစဉ်ကာ ထည့်သိုနေသည်။ သူ့ကို လှည့်မကြည့်။

မစ္စတာရှိုနီမီရာစကားသည် သွေးရိုးသားရိုး မဟုတ်ဟု မောင်ကြည်သာ ထင်သည်။ တောင်ကြီးမြို့၏ အလှအပမျှကိုတော့ သူ ဤမျှ ကြက်လည်လိမ်ထားသလို ငိုင်ကျနေလောက်အောင် လွမ်းနေပါ့မလား၊ ဤသည်ကို မစ္စတာ ရှိုနီမီရာလည်း သိမှာပါ၊ လှောင်လိုက်တာလား၊ ဒါမှမဟုတ် နှစ်သိမ့်လိုက်တာလား မစ္စတာရယ်။

မစ္စတာရှိုနီမီရာက သူ့သေတ္တာထဲမှ စက္ကူဘူးသေးရှည်ရှည်တစ်ခုကို ယူလာကာ မောင်ကြည်သာရှေ့ စားပွဲပေါ် ချထားလိုက်သည်။

"မောင်ကြည်သာ သိတဲ့အတိုင်း ကျွန်တော် အလာတုန်းက မိတ်ဟောင်း မိတ်ဆွေအားလုံးအတွက် လက်ဆောင်တွေ သယ်လာခဲ့တာ အခု ကုန်သလောက်ပဲ၊ ဟောဒီ ပတ်ကားဖောင်တိန်တစ်ချောင်းပဲ ကျန်ရစ်တယ်၊ သေတ္တာထောင့်ကပ်ပြီး ရန်ကုန်မှာ ကျန်နေတာလေ။ ကျွန်တော် မရွှေစင်ကို ပေးမယ်လို့ တောင်ကြီးမှာ တုန်းက ပြောခဲ့တယ်"

မစ္စတာရှိုနီမီရာက စက္ကူဘူးလေးကို မောင်ကြည်သာဘက် တွန်းပို့လိုက်လေ၏။

"မရွှေစင်က လွှတ်လပ်ရေးနေ့လွန်မှ ရန်ကုန်ပြန်ရောက်မယ်တဲ့၊ ကျွန်တော်က





နက်ဖြန်ပြန်ရတော့မယ်၊ ဒီတော့ မောင်ကြည်သာ ပို့ပေးပါဦး၊ ကျွန်တော် သူ့အဆောင် လိပ်စာ တောင်းယူလာခဲ့တယ်။ ဘူးထဲမှာ ထည့်ထားပြီးပြီ"

မစ္စတာရှိုနီမီရာ၏ မျက်လုံးများသည် မောင်ကြည်သာ့အဖြေကို စောင့်စားရင်း စိန်ခေါ်နေသည့်အသွင်။

"ဟုတ်ကဲ့၊ ကျွန်တော် ပို့ပေးပါ့မယ်"

တာဝန်ဝတ္တရားအရ လုပ်ငန်းသဘောလည်း ပါမည်၊ မိတ်ဆွေသဂ်ဟ အချင်းချင်း ကူညီရိုင်းပင်းရမည့် သဘောလည်းပါမည်။ စိတ်ဆန္ဒ အလိုအတိုင်းသာဆိုရပါလျှင် ရွှေစင်အိထံ မသွားချင်တော့ပါ၊ ရလာပြီးသော ဝေဒနာအတွက်ပင် ဆေးမရှိသေးသည့် အခြေအနေမှာ နောက်ထပ်ဒဏ်ရာကို မဆွချင်တော့ပါ။

"ကျွန်တော် ဂျပန်ပြည် ပြန်ရောက်သွားပြီးရင် မောင်ကြည်သာ့ဆီ စာရေး ဆက်သွယ်မယ်ဆိုရင် ဒီရုံးလိပ်စာကိုပဲ သုံးရမလား"

"ဟုတ်ကဲ့၊ ရုံးလိပ်စာကိုပဲ သုံးပါခင်ဗျာ"

"မောင်ကြည်သာက ဒီအလုပ်မှာ မပျော်ပိုက်ဘူးဆိုလို့ အလုပ်ပြောင်း သွားပြီဆိုရင် ကျွန်တော် ဆက်သွယ်ရေး ခက်နေမလား"

"အလုပ်ပြောင်းဖို့ မရည်ရွယ်ပါဘူးခင်ဗျား၊ ဒီအလုပ်ဟာ ကျွန်တော့်အတွက် သင့်တော်တဲ့နေရာပါ၊ ကျွန်တော် ဝါသနာပါတဲ့ စက်ပြင်အလုပ်ကတော့ လေထဲမှာပဲ တိုက်အိမ်ဆောက်ရတဲ့သဘောပါ"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ မောင်ကြည်သာ၊ အခြေအနေဆိုတာ အမြဲ တစ်သမတ်တည်း မဟုတ်ပါဘူး၊ ပြောင်းလဲတတ်ပါတယ်"

မောင်ကြည်သာက ယဉ်ကျေးမှုအလို့ငှာ မစ္စတာရှိုနီမီရာ၏ စကားကို ထောက်ခံဟန် ခေါင်းညိတ်ပြရလေသည်။

"မြန်မာပြည်မှာနေတဲ့ အချိန်အတွင်း ကျွန်တော့်ကို ကူညီတဲ့အတွက် သိပ် ကျေးဇူးတင်တယ် မောင်ကြည်သာ။ အဘိုးအိုတစ်ယောက်ရဲ့ အထီးကျန်ဘဝမှာ ခင်ဗျားတို့ မေတ္တာပြကြတဲ့အတွက် ကျန်တဲ့ခရီးကို ဆက်လျှောက်ဖို့ ကျွန်တော် အားပြည့်ပါပြီ"

"ကျွန်တော်ကလည်း မစ္စတာကို ကျေးဇူးတင်ရမှာပါပဲ၊ မစ္စတာရဲ့ ငွဲ့ညာမှု၊ သဘောထားကြီးမှုတွေကြောင့် မစ္စတာနဲ့အလုပ်လုပ်ရတာ ကျွန်တော် စိတ်ချမ်းသာ ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုမျှမက မျက်မှောက်ခေတ်မှာရှိသော်လည်း ရှားပါးလှသည့် မေတ္တာ သဘောကို သူ မမျှော်လင့်ဘဲ တွေ့ကြုံ လက်ခံတတ်လာခဲ့သည်။ ရင်နာရသည်လည်း ရှိပါစေ။ အလှအပတစ်ခုမို့ အစဉ်ထာဝရသာ သူ သိမ်းဆည်းထားပါတော့မည်။

"ဂျပန်ပြည်ရောက်ရင် သားတွေ လာကြိုကြမလား"

"သူတို့အလုပ်ကိုဖျက်ဖို့ သူတို့ သိပ်တွန့်ဆုတ်ကြတယ် မောင်ကြည်သာ။ ကျွန်တော် အနှောင့်အယှက် မပေးချင်တာနဲ့ အကြောင်းမကြားပါဘူး၊ ကျွန်တော့် ဒရိုင်ဘာတော့ ကျွန်တော့်ကို ကြိုပါလိမ့်မယ်"

ရှီနိုမီရာသည် တောင်ကြီးမှ တောင်းယူရရှိလာသော ရွှေစင်အိတို့ မိသားစု ဓာတ်ပုံများကို စားပွဲပေါ်ဖြန့်ကာ ကြည့်ရှုနေသည်။

"ဂျပန်ပြည်ရောက်တော့ ဒီကပါသွားမယ့် ဖလင်လိပ်တွေ ဆေးရင်းကူးရင်း အချိန်တွေကို အတော်ကုန်သွားအောင် သုံးပစ်နိုင်မှာပဲ"

ယန်းချီဆွဲရင်း၊ တေးညည်းရင်း၊ တယ်လီဗေးရှင်းကြည့်ရင်း ခြောက်ကပ်ကပ် ဘဝကြီးမှာ နေရရှာသူတစ်ဦး၏ အချိန်ကို ပျော်ရွှင်စွာ အသုံးချရမည့် အခွင့်အရေး ကလေးတစ်ခုအတွက် ဝမ်းမြောက်နေဟန်ကို မောင်ကြည်သာ မြင်ရတော့ သူသည် လည်း အမှန်တကယ် ပျော်ရွှင်သောကြောင့် ပျော်ရွှင်စွာ ကုန်ဆုံးရသည့်အချိန် နည်းပါးလျက် ဝတ္တရားရှိသည့်အတိုင်း အသက်ရှင်နေရသည်ကို စိတ်ဝင်စားနိုင်ရန် ပျော်ရွှင်အောင် ကြိုးစားနေရသူ ဖြစ်မှန်းမသိ ဖြစ်နေပြီဟု စိတ်ပျက်မိသည်။

ကမ်းနားလမ်းဟိုတယ်မှ ပြန်ခဲ့ချိန်တွင် မှောင်ရိပ်ပျိုးလျက် လမ်းမီးများပင် ထွန်းလင်းနေခဲ့ပြီ။

ပတ်ကားဖောင်တိန်ကလေးကို ဂျာကင်အိတ်ကပ်ထဲတွင် ထည့်ထားပြီး ပျောက် သွားမှာစိုးကာ အကြိမ်ကြိမ်စမ်းကြည့်လျက် ကမ်းနားလမ်းအတိုင်း လျှောက်လာခဲ့သည်။

ဟဲပဟိုးလေဆိပ်တွင် ရွှေစင်အိ၏ မျက်နှာကို ပုန်းလျှိုးကွယ်လျှိုး ခိုးကြည့်ရင်း ရင်မှာ နာကျင်ခဲ့ရသည်။

ရှီနိုမီရာစံတစ်ယောက် နှစ်ပေါင်းသုံးဆယ်ကျော် ခံစားလာခဲ့ရသော အလွမ်း ဝေဒနာမျိုးသည် မောင်ကြည်သာထံ စွဲကပ်လာခဲ့တာ သေချာနေပါပြီလေ။

"ရွှေစင့်ကားကိုရော၊ ရွှေစင့်စားပွဲတင် နာရီကလေးကိုပါ ပြင်ပေးခဲ့တဲ့အတွက် ကျေးဇူးပဲနော် ကိုကြည်သာ၊ နောက်တွေ့ရင် ခေါ်ပြောဖို့လည်း မှာရဦးမယ်၊ မသိဟန်ဆောင်မသွားနဲ့"တဲ့။





ခွဲခွာခါနီးတုန်းက ရွှေစင်အိ၏ နှုတ်ဆက်စကားများ။

ရွှေစင်အိစကားတွေက သူစိမ်းဆန်လှသည်။ လောကဝတ်အနေနှင့် ပြောသော စကားမျိုးတွေပဲ။ သို့သော်လည်း သူကတော့ သည်ထက် ဘာများပို၍ မျှော်လင့်ချင်နေပါလိမ့်။

မောင်ကြည်သာက နှုတ်ခမ်းတစ်ချက်မဲ့ကာ သူ့ကိုယ်သူ ကဲ့ရဲ့ပြစ်တင်ရင်း ထိုးဆိုက်လာသော တစ်ကျပ်ကားပေါ် ခုန်တက်လိုက်လေ၏။

◆



www.burmeseclassic.com

www.burmeseclassic.com

(၃၀)

နှစ်လတစ်ကြိမ်ထုတ် မဂ္ဂဇင်းကို မရွှေစင်က ခုတင်ပေါ်တွင် မှောက်လျက်သား ဖတ်နေလေသည်။

ဖခင်ဖြစ်သူ၏ ဆီးချိုမှာ ထိန်းချုပ်နိုင်ပြီဖြစ်ပြီး အနာမှာလည်း ပြည်မှည့်ပြီမို့ မနေ့က ဆေးရုံတင်ကာ ယနေ့ ခွဲစိတ်သည်။ ယနေ့ညနေပင် ဆေးရုံဆင်းကာ အိမ်ပြန်လာလေ၏။ ညဦးပိုင်းက ဦးစိုင်းမြဝင်းလည်း လာကြည့်သွားပြီးပြီ။

"ရွှေစင်၊ ရန်ကုန်ကို ဘယ်နေ့ ပြန်မှာလဲ"

ဟု ဒေါ်မြနှစ်က မေးသည်။

"လေးငါးရက်နေမှပါ၊ ဖေဖေ အနာကျက်မှ ပြန်နိုင်မှာပေါ့"

ရွှေစင်က နှုတ်မှ အဖြေပေးသော်လည်း မျက်လုံးက စာအုပ်မှ မခွာပေ။

ဒေါ်မြနှစ်က သူမ၏ အဝတ်ဗီရိုရှေ့တွင် ကြမ်းပေါ်၌ တင်ပျဉ်ခွေထိုင်ကာ ပစ္စည်းများကို ရှင်းလင်းနေလေသည်။ တိုလီမုတ်စပစ္စည်းတွေထဲမှ ယုန်ရုပ်ကလေး ရေးဆွဲထားသော ချယ်ရီသား အဝိုင်းကလေးနှင့် သော့ကွင်းကလေး ထွက်လာသည်။

"ဟောဒီမှာ ဘွားလေးအတွက် ရှိန်မီရာစ် စစ်အတွင်းတုန်းက လုပ်ပေးခဲ့တဲ့ သော့ကွင်းကလေး၊ ချယ်ရီသားနဲ့ လုပ်ထားတာ"

"အခုလည်း မေမေက သူ့အတွက် ဆင်စွယ် စိပ်ပုတီးကလေး လက်ဆောင် ပြန်ပေးလိုက်တယ်၊ သူ သိပ်သဘောကျတာပဲ"





ဟု ရွှေစင်က ပြောပြသည်။

"စန္ဒီမှာလေ ရှိန်မီရာစ်လုပ်ထားပေးတဲ့ ချယ်ရီသား ရင်ထိုးကလေး ရှိသေးလားမသိဘူး၊ လွယ်ကောင်းမှာ ပြေးရင်းလွှားရင်းနဲ့ ဖုံးစမှန်သလား၊ ကျောက်ခဲနဲ့ ရိုက်သလားမသိ၊ ထက်ခြမ်း အက်သွားတာ၊ နိမိတ်ပေါ့လေ"

"သြော်… ငှက်ကလေးနှစ်ကောင် တစ်ခြမ်းစီပါပြီး တခြားစီ ကွဲသွားတယ် ဆိုတာလား၊ ဘွားလေး ပြောဖူးပါတယ်၊ ရှိမှာပေါ့ ဘွားလေးရဲ့၊ မေမေ သိမ်းထားမှာ သေချာပါတယ်"

"သူတို့မှာလည်း တကယ်ကိုပဲ ကွဲသွားလိုက်ကြတာ ခုမှပဲ ပြန်တွေ့ရတော့တယ်"

"သနားပါတယ်နော် ဘွားလေး"

ဒေါ်မြနှစ်က ဝပိုင့်သော ကိုယ်လုံးကြီးကို လှည့်လာကာ မြေးမငယ်ကို ကြည့်သည်။ မရွှေစင်က ပြောင်ချော်ချော်နှင့် မျက်လုံးတစ်ဖက်မှိတ်ပြ၏။

"ရွှေစင်က သနားတတ်သလား"

"အင်းလေ"

"ဘွားလေး ထင်တယ်၊ အင်း… ဘွားလေး ထင်ပါတယ်။ ဟိုကောင်ကလေးကို မရွှေစင် မျက်စိကျနေပြီ မဟုတ်လား"

"ဘွားလေးထင်ရင် လွဲခဲသားပဲ"

ဒေါ်မြနှစ် ရုတ်တရက် ဘာပြန်ပြောရမည် မသိ။

မစန္ဒီ ငယ်ငယ်ကနှင့် ယခု မရွှေစင် ထိန်းရပုံချင်း မတူညီ။ မစန္ဒီတုန်းက မပွင့်မလင်းမို့ မေးရမြန်းရခက်သည်။ သို့တစေ ရိုးရိုးအအမို့ အကဲခတ်ရ လွယ်ပြန်သည်။

တစ်ဖန် ကြောက်တတ်လန့်တတ်သူမို့ တစ်ဇွတ်ထိုးလုပ်မှာ သိပ်စိတ်မပူရ။

မရွှေစင် အလှည့်ကျတော့ ဘာမဆို ပွင့်ပွင့်လင်းလင်း ဟောဟောဒိုင်းဒိုင်းမို့ ဖွင့်ထားသော စာအုပ်ပမာ အရှိအတိုင်း သိရှိရသည်။ သူမကိုယ်သူမ ယုံကြည်မှု အပြည့်အဝရှိပြန်လေတော့ သူမ မှန်သည်ထင်ရာ တစ်ရှူးထိုး လုပ်တတ်ပြန်လေ၏။

ရှိန်မီရာစ်ကို မစန္ဒီ ချစ်စဉ်အခါကတော့ မစန္ဒီ ငယ်လွန်းသေးရုံမက တစ်ပြည်သား လူမျိုးခြားမို့ တားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု ရှိန်မီရာစံ၏ စကားပြန်ကလေးကို မရွှေစင်က မျက်စိကျနေပါသည်ဟု ပွင့်လင်းစွာ ဝန်ခံလိုက်သောအခါတွင် ဒေါ်မြနှစ် မည်သို့တုံ့ပြန်ရပါ့။

တားမြစ်စရာ၊ ကန့်ကွက်စရာတွေ အလျှင် ခေါင်းထဲရောက်လာသည်။ ပထမအချက်မှာ မိဘမျိုးရိုး၊ သူငယ်ကလေးကိုယ်တိုင်က ဘာမှ ရေရေရာရာ မပြောနိုင်ပါလား။ ဒုတိယအချက် လက်ရှိပညာအရည်အချင်း၊ ရာထူးအဆင့်အတန်း ကျေနပ်လောက်စရာ မရှိပြန်ပါကလား။

ခက်သည်က ဒေါ်မြနှစ်ကိုယ်ကလည်း မျိုးရိုးတွေ၊ ရာထူးတွေ၊ အတန်းပညာတွေနှင့်ချည်း လူတစ်ယောက်၏ အဆင့်အတန်းကို သတ်မှတ် မထားတတ်ခြင်းပင်တည်း။ မောင်ကြည်သာ အသွေးလို၍ အရောင်အဆင်း မှေးမှိန်နေသော ကျောက်ကလေးတစ်ပွင့်။ သွေးတတ်သည်နှင့်အမျှ၊ သွေးနိုင်သည်နှင့်အမျှ အရောင် တဖိတ်ဖိတ်လက်လာမှာပါ။

မစ္စတာရှိန်မီရာကိုယ်တိုင်ကလည်း မောင်ကြည်သာ လူကြီးလူကောင်းကလေးပါဟု ချီးမွမ်းသွားသေးသည်။

"ဒါပေမဲ့ မရွှေစင်ရယ်၊ မရွှေစင်တို့ ပတ်ဝန်းကျင်မှာ မောင်ကြည်သာဟာ တဆိတ်သိမ်ငယ်နေဘူးလား"

"ရွှေစင်ရှေ့မှာ သိမ်ငယ်မနေရင် ပြီးတာပါပဲ"

"ဘယ်လို ဘယ်လို"

"မရွှေစင် သူ့ကို အထင်ကြီးတယ်၊ ပြီးတော့ ဟဲ… ဟဲ… ချစ်တယ်လေ၊ မိန်းမတစ်ယောက်က ချစ်ပဲချစ်တယ်၊ အထင်မကြီးဘူး၊ ဒါမှမဟုတ် အထင်ကြီးတယ် မချစ်ဘူးဆိုရင် အဲဒီလူအဖို့ အနုတ်လက္ခဏာပြနေမှပဲ၊ ရွှေစင်အဖိက သူ့အရည်အချင်းကလေးတွေကိုလည်း မြင်တယ်၊ အထင်လည်း ကြီးတယ်၊ ပြီးတော့ ချစ်တယ်လေ ဘွားလေးရဲ့"

"ရွှေစင်ဘက်ကတောင် ဒီလောက်သေချာနေပြီဆိုတော့ မောင်ကြည်သာက အတည့်အလင်း ဖွင့်ပြောသွားပြီလား၊ ဘွားလေးက ဒီအထိတော့ မထင်ထားမိဘူး"

"ဘွားလေးက ဘယ်ဆိုးလို့လဲ"

မရွှေစင် ရွှတ်ရွှတ်နောက်နောက် ရယ်မောနေပြန်၏။

"ဒါဖြင့် ဘာမှ ပြောမသွားသေးဘူးပေါ့"

"ဟုတ်တယ်… ရွှေစင့်ဘာသာ သိနေတာ၊ သူက ဘယ်ပြောပါ့မလဲ ဘွားလေး





ရဲ့၊ ရွှေစင်လည်း အများသတ်မှတ်ထားကြတဲ့ အတိုင်းအတာတွေနဲ့ပဲ သူ့ကို တန်ဖိုးဖြတ်မယ်လို့ သူထင်မှာပေါ့"

"ရွှေစင်အဖိက သိသလို သူကကျ မသိဘူးလားမြေးရဲ့"

"ဒီနေရာမှာတော့ ရွှေစင်က ရှေးမူမပျက် ရိုးရာအစဉ်အလာ ထိန်းသိမ်းပြီး မြန်မာမိန်းကလေးတို့ရဲ့ မိန်းမတို့ဏှာခြေ ရွှေပေးလို့မရဆိုတဲ့စကားနဲ့ ညီညွတ်ခဲ့ပေတာကိုး"

ဒေါ်မြနှစ်က မျက်ခုံးပင့်ကာ ခေါင်းခါသည်။ မရွှေစင်နှင့် စကားပြိုင်တူ မပြောနိုင်တော့ပါဆိုသောသဘော။

"ဘာကြောင့်များ ရွှေပေးမရအောင်ဘဲ ဏှာခြေသံပတ် တင်းထားရသလဲ ဆိုတာ လင်းစမ်းပါဦး"

"ရွှေစင့်ကို ရွှေစင် သေချာရဲ့လားလို့ စဉ်းစားရသေးတာကိုး ဘွားလေးရဲ့"

မရွှေစင်က မှန်ခုံပေါ်မှ စားပွဲတင်နာရီကို ကြည့်လိုက်သည်။ ညရှစ်နာရီ ခွဲပေပြီ။

"ရွှေစင့်နာရီကလေးကို သူပြင်ပေးသွားတာ အချိန်မှန်နေပြီ ဘွားလေး…"

"ရွှေစင့်အသည်းနှလုံးကိုရော သူပြင်သွားသေးသလား"

"ပြင်ဖို့မှမလိုဘဲ၊ အသည်းအသစ်စက်စက်ကလေးပဲဟာ၊ ဒါပေမဲ့… ထိန်းသိမ်းဖို့တော့ လိုမှာပေါ့လေ"

ရွှေစင်အဖိ ခုတင်ပေါ်မှ လှူးလဲထလိုက်သည်။

"ဘွားလေး ပုတီးစိပ်တော့လေ၊ ရွှေစင့် အသည်းနှလုံးပြဿနာချည်း လိုက်ရင်မောမနေပါနဲ့ဦး ဘွားလေးရဲ့၊ သံယောဇဉ်တွေဖြတ်ပြီး တရားရှာမှပေါ့၊ တော်ကြာ မေမေက ဘွားလေးကို ကျောသွားဦးမယ်"

အဘွားကို ကျီစယ်ပြီး မဂ္ဂဇင်းစာအုပ်ကလေး ဆွဲကိုင်ကာ အိပ်ခန်းထဲမှ ထွက်လာခဲ့သည်။

ဘုရားခန်းတွင် မီးလင်းနေသည်။ ဒေါ်စန္ဒီ ဘုရားရှိခိုးနေပြီ။

ဦးရန်ပိုင်ကား သူ၏ အိပ်ခန်းအတွင်း စာကြည့်စားပွဲရှေ့တွင်ထိုင်ကာ မြန်မာ့ဆေးကျမ်းစာအုပ်ကို ဖတ်ရှုနေ၏။ သူ၏ ခွဲစိတ်ထားပြီးသော ခြေထောက်ကို စားပွဲအောက်တွင် ကပ်လျက်ရှိသော ခုတင်ပေါ်သို့ တင်ထားလေ၏။

"ဟော… သမီးငယ် မအိပ်သေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ဘာတွေဖတ်နေတာလဲ ဟင်…"

ဦးရန်ပိုင်က စာအုပ်အဖုံးကို ပြသည်။ အရှင်နာဂသေနာဘိဝံသ (သိမ်ဖြူ) ပြုစုသော ဆေးပညာ ဥပဒေသကျမ်း။

"ဒီဆေးကျမ်းမှာများ ဆီးချိုနဲ့အချိုနဲ့ တည့်တယ်ပါမလားလို့ ဖတ်ကြည့်ပါတယ်၊ အချိုဟူသမျှ မတည့်ချေတဲ့"

ဟု အရွှန်းဖောက်လေ၏။

ရွှေစင်အိက ဖခင်၏ကျောပြင်ကိုမှီကာ ရယ်မောရလေသည်။

"မဆိုးပါဘူးကွ သမီးရ၊ ဆီးချိုနဲ့သွေးတိုး၊ ဆီးချိုနဲ့လေငန်း စသည်ဖြင့် ဘာဖြစ်ရင် ဘာနဲ့တည့်တယ်ဆိုပြီး မာတိကာလေးတွေ ရေးထားတယ်၊ အမယ် သွေးတိုးအကြောင်းကျတော့၊ သွေးတိုးလေးမျိုးတောင် ရှိဆိုပဲ၊ သွေးတက်တိုး၊ သွေးပြိုင်တိုး၊ သွေးပိုတိုး၊ သွေးလျှောတိုးတဲ့။ မရွှေစင် မကြားဖူးဘူး မဟုတ်လား"

"သမီးက မြန်မာသွေးတိုး ဘယ်သိမှာလဲ ဖေဖေရဲ့၊ ဒီစာအုပ်ကိုကော ဖေဖေ ဖတ်ပြီးပြီလား၊ မေရီတိုင်လာမိုးကလည်း ဆီးချိုသမားပဲတဲ့၊ အမေရိကန်မှာ ဆီးချို အသင်းရဲ့ တိဗ္ဗီအစီအစဉ်တွေထဲမှာ ပါတယ်တဲ့၊ ဒီမှာမပြတာ နာတယ်နော်"

ဦးရန်ပိုင်က မျက်မှန်ကိုဆရင်း ရွှေစင်အိ ပြသော မဂ္ဂဇင်းကို လှမ်းကြည့်သည်။

"ဒီလ… ပန်းခရီယကို အစားထိုးကုသတဲ့အကြောင်းပါတယ်၊ ဖေဖေ ဖတ်ပြီးပြီလား ဟင်"

"ဟင့်အင်း…"

"အရင်က ကျောက်ကပ်ရော ပန်းခရီယရော တစ်ပြိုင်နက် အစားထိုး ကုသနိုင်ဖို့ စမ်းသပ်ခဲ့ကြသေးတယ် ဖေဖေရဲ့၊ ဒါပေမဲ့ ပန်းခရီယနဲ့အတူ အစားထိုး ရတဲ့ အူသိမ်ပိုင်းက ဒုက္ခပေးသတဲ့၊ နောက်ပိုင်းတော့ ကျောက်ကပ်သတ်သတ်၊ ပန်းခရီယသတ်သတ် တစ်ခါစီ အစားထိုးကုသတယ်တဲ့၊ ပြီးတော့ အူသိမ်ပိုင်း အစားမထိုးရတဲ့နည်းကို စမ်းသပ်ကြတော့ ပြဿနာနည်းသွားတာပေါ့၊ ဒီနည်းက ရလဒ်အဖြေ မဆိုးလှဘူးဆိုတာပဲ"

"မတူဘဲထားတာက ဘယ်နှရက်ပိုခဲ့သလဲ"

ဦးရန်ပိုင်၏ ငေါ့တော့တော့ မေးခွန်းကို ရွှေစင်အိက မကြားလိုက်လေ သည့်နှယ် သူမ၏စာအုပ်ကိုသာ ဆက်ဖတ်ပြနေသည်။

"လိုအပ်တာက အစားထိုးကုသခံရမယ့်လူနာဟာ ဆီးချိုရဲ့နောက်ဆက်တွဲ





အရှုပ်အထွေး မရှိသေးတဲ့သူ ဖြစ်ရမယ်တဲ့ ဖေဖေရဲ့၊ နှလုံးတို့၊ ကျောက်ကပ်တို့ သွေးကြောတွေဘာတွေ မထိခိုက်သေးတဲ့ နုနယ်သေးတဲ့ အဆင့်ပေါ့ ဖေဖေရာ"

"ဖေဖေတို့ မပါဘူး ဆိုပါတော့"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ ဖေဖေရဲ့၊ ဖေဖေက ထိန်းသိမ်းမယ်ဆိုရင် ရနိုင်သေးတာပဲ၊ လွှတ်ထားရင် ပိုပြီးဆိုးလာတတ်တယ်လို့ ဖေဖေ တွက်မိစေချင် လို့ သမီးက ဖတ်ပြနေတာ"

ဦးရန်ပိုင် စိတ်ညစ်လာသည်။ မရွှေစင်တစ်ယောက် နောက်ဆုံးတော့လည်း အစားဆင်ခြင်ကာ ဆီးချိုကိုထိန်းဖို့ ဘူတာကြီးပဲ ဆိုက်ပြန်ပါပြီဟု တွေးမိ၏။ သမီးချောကိုလည်း ပြန်ညှဥ်းဦးမှဟုလည်း စိတ်ကူးရသည်။

"ဟောဒီစာအုပ်က 'မဓဝနိဒါန်း' တဲ့သမီးရဲ့၊ ရောဂါအဆုံးအဖြတ်ကျမ်းဆိုပဲ၊ ဖေဖေက တမင်တကာ မြန်မာ့ဆေးကျမ်းတွေ စုဆောင်းထားတာ။ သမီးတို့အနေနဲ့ ကမ္ဘာ့နည်းရော မြန်မာ့နည်းပါတွဲမှတ်ရင် ပိုမကောင်းဘူးလား"

ရွှေစင်အိက ရှုံ့ရှုံ့မဲ့မဲ့နှင့် သူမ၏လက်ထဲမှ အင်္ဂလိပ်စာအုပ်ကို ပိတ်လိုက်ရာ သည်။ ဦးရန်ပိုင် သူမကို တန်ပြန်ထိုးစစ်ဆင်ပြီဟု သိလိုက်သောကြောင့်ပင် ဖြစ်ချေ၏။

"ဒီဘွဲ့ကလေးရဖို့ ပြဋ္ဌာန်းထားတဲ့ စာအုပ်တွေတောင် အနိုင်နိုင် ဖတ်နေရ တာပါ ဖေဖေရယ်၊ ဖေဖေ့မြန်မာဆေးကျမ်းတွေ ဘယ်ဖတ်အားပါ့မလဲ"

ရွှေစင်အိက ခုတင်ပေါ်ထိုင်ကာ ဖခင်ဖြစ်သူ၏လက်ထဲမှ ထူထဲသော မြန်မာဆေးကျမ်းကို မသက်မသာ ကြည့်နေတော့သည်။

"သမီးအောင်ပြီးတဲ့အခါ နည်းနည်းပါးပါး လေ့လာပေါ့၊ အမှန်တော့ ဖေဖေတို့ တိုင်းရင်းမြန်မာ ဆေးပညာတွေလည်း စွမ်းပါတယ်ကွာ၊ ရှေးခေတ်က ပညာဝှက်ကြ တယ် မဟုတ်လား၊ ဒီတော့ အစစ်အမှန်တွေ တိမ်ကောပြီး အတုအယောင်နဲ့ ရောပြွမ်းကုန်တာပေါ့၊ ခုတော့ ဆေးနည်းလမ်းတွေ ပေါ်ထွက်လာအောင် ပြုစုတဲ့ ပုဂ္ဂိုလ်တွေ၊ အားပေးခဲ့တဲ့ပုဂ္ဂိုလ်တွေနဲ့ အတော်ကို အားရစရာပါပဲ၊ သမီးတို့အနေနဲ့ လည်း ဟိုဆေးမရှိ ဒီဆေးမရှိနဲ့ ကုသရခက်တဲ့ အခြေအနေမျိုးကြုံခဲ့သော် နွယ်မြက် သစ်ပင် ဆေးဖက်ဝင်ဆိုတာကို လက်တွေ့အသုံးချပြီး ဖော်ထုတ်ကုသ သွားတတ်ဖို့ လိုမှာပဲ"

ဦးရန်ပိုင်က ဆေးကျမ်းစာအုပ်ကို ရွှေစင်အိလက်ထဲ ထည့်ပေးလိုက်လေသည်။ ရွှေစင်အိသည် ဖခင်၏ ဩဝါဒစကားကို စိတ်ဝင်စားစပြုလာကာ စာအုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



လှန်လှောကြည့်နေ၏။ ဦးရန်ပိုင်သည်လည်း ရွှေစင်အိထံမှ အစားဆင်ခြင်ခြင်း တရားနှင့် ကင်းဝေးရစေတော့ဟု စကားလွှဲခြင်းပင်ဖြစ်စေကာမူ ရွှေစင် စိတ်ဝင်စားလာတော့ သူကိုယ်တိုင်လည်း နှုတ်စအာစ ရွှင်လာလေ၏။

"သမီး ငယ်ငယ်က ရေကျောက်ပေါက်တာကို အိမ်နီးချင်းတွေက များများထွက်မှ ကောင်းတယ်ဆိုပြီး ကန်ဆေးကျွေးရမယ် အကြံပေးကြတယ်၊ သမီးမေမေကလည်း မြန်မာဆရာပင့် မြန်မာဆေးကျွေးတာပေါ့၊ ဘာပြောကောင်းမလဲ ထွက်လိုက်တဲ့ အဖုတွေအပိမ့်တွေ တစ်ခုနဲ့တစ်ခုဆက်ပြီး သမီးတစ်ကိုယ်လုံး အပ်ချစရာနေရာကို မရှိဘူး၊ ဖေဖေနဲ့မေမေဆိုတာ ဆရာဝန်ပေါင်းစုံလို့။ နောက်ဆုံး အရေပြားအထူးကုကတောင် လက်လျှော့ရတဲ့အခြေ ဆိုက်တယ်၊ သမီး တစ်နှစ်လောက် ခံစားလိုက်ရတာကလား"

ဦးရန်ပိုင်ကပြောရင်း သူ့သမီး ယခုပင် ခံစားနေရဘိသကဲ့သို့ သနား ကရုဏာပို့စွာ ခေါင်းကလေးကို လှမ်း၍ လက်နှင့်ပွတ်သပ်ပေးလိုက်လေ၏။ ရွှေစင်အိကလည်း ပီတိဖြစ်စွာ ပြုံး၍ နားထောင်နေသည်။

"ဖေဖေနဲ့မေမေကရော သမီးဘွားလေးပါ ကြံရာမရတော့တဲ့အချိန်မှာ ဖေဖေ့ရုံးဒရဝမ်ရဲ့မယားက မရဲတရဲနဲ့ ဆေးမြီးတိုပေးတာက မီးကွင်းဂမုန်းအရွက်ကို နွမ်းအောင်မီးကင်ပြီးမှ အရည်ညှစ်ပြီ အနာကိုအုံတဲ့၊ သမီးမေမေလည်း ဖေဖေ မသိအောင် တိတ်တိတ်ကလေး သမီးရဲ့ခြေခုံက အနာအဖုသေးသေးကလေး တစ်ခုကို စစမ်းတာ၊ စစမ်းတာ၊ လားလာ... လားလား...၊ နေ့ချင်းညချင်း နွမ်းခြောက်သွားတော့တာပဲ၊ အဲဒီမှာတင် သမီးမေမေကလည်း သမီးတစ်ကိုယ်လုံးက အနာတွေကို လိမ်းတော့တာပဲ၊ အနာစက်တွေ အဲဒီကတည်းက ပျောက်သွားလိုက်တာ တစ်ခါမှ ပြန်မဖြစ်တော့ပဲ"

သည်အကြောင်းကို ရွှေစင်အိ ကြားဖူးပြီးသားပါ၊ နောက်တစ်ကြိမ် ထပ်ပြောတော့လည်း နားထောင်၍ ကောင်းဆဲပါပဲ။

"သမီးကို ဒရဝမ်ရဲ့ မိန်းမကြီးက ဆေးကုလိုက်တာပေါ့နော် ဖေဖေ"

"ဒါပေါ့ သမီးရဲ့၊ သူတို့လင်မယား အလုပ်ထွက်ပြီးတော့ ပြန်သွားတော့ ဖေဖေ လယ်တစ်ကွက်နဲ့ နွားတစ်ရှဉ်း ဝယ်ပေးပစ်လိုက်တယ်၊ မီးကွင်းဂမုန်းတွေလည်း ခြံထဲမှာ စိုက်ထားလိုက်တာ ခုထိပဲလေ"

"အဲဒါတော့ လက်တွေ့မို့ ယုံရမှာပဲနော် ဖေဖေ"





"ဒါတွင် ဘယ်ဟုတ်မလဲသမီး၊ ဖေဖေရဲ့ ဒီလက်ဒဏ်ရာရပြီး ဖြတ်လိုက်ရတုန်းက မနာမကျက်နိုင်ဘဲ မန်းလိုက်ပြီး အနာရင်း၊ အဖျားဝင်နဲ့ သေလုမြောပါး ဖြစ်နေတဲ့အချိန်မှာ တပ်ကလည်း တောင်ငူက ပြန်ချီတက်ရတော့၊ ဖေဖေ့ကို လမ်းက ရွာတစ်ရွာမှာပဲ အစောင့်နဲ့ထားခဲ့ရတယ်၊ သေရင်မြှုပ်နှံ သင်္ဂြိုဟ်ဖို့ပေါ့ သမီးရယ်၊ အဲဒီမှာ ဖေဖေ့ကို သုသာန်ဘုန်းကြီးက ဆေးကုတာပဲ၊ ဒါကြောင့်လည်း စစ်ပြန်ကြီး ရန်ပိုင် ဖြစ်လာနိုင်သေးတာပေါ့ သမီးရယ်၊ မဟုတ်ရင် ဖေဖေ သေပြီ"

ဖခင်၏ ဟာသကို ရယ်မောဖို့ ရွှေစင် တာဝန်ကျေလေသည်။

"တိုင်းပြည်အေးချမ်းတော့ ဖေဖေ တစ်ခေါက်သွားရှာသေးတယ်၊ ဖေဖေ့ကို ကြည့်ရှုပြုစုတဲ့ ရွာသားတွေကိုတွေ့ပေမယ့် ဘုန်းကြီးကို မဖူးရတော့ဘူး၊ ဘယ်ကြွသွားမှန်လဲ ရေရေရာရာ မပြောနိုင်ကြဘူး သမီးရဲ့"

"ထွက်ရပ်ပေါက်သွားသလား မသိဘူးနော် ဖေဖေ"

"မပြောတတ်ဘူး သမီး၊ ဟုတ်ချင်ဟုတ်မှာပဲ၊ ဖေဖေတို့ ဉာဏ်မမီတဲ့ အရာတွေပဲ၊ ဖြစ်နိုင်မဖြစ်နိုင် ဖေဖေတော့ မငြင်းလိုဘူးလေ"

ရွှေစင်အိက မြန်မာ့ဆေးပညာအကြောင်း မျက်ခုံးတွန့်ကာ စဉ်းစားနေသည်။

"ရှိန်မီရာစံကလည်း ပြောပြသေးတယ်၊ သူ့ငှက်ဖျားဟာ သုံ့ပန်းစခန်းမှာ မြန်မာ့ဆေးတန်ခိုးနဲ့ အမြစ်ပြတ်သွားတယ်တဲ့၊ အဲဒီ သူ့မိတ်ဆွေတွေလည်း ဘယ်ရောက်သွားမှန်း မသိရဘူး၊ ခုလိုငှက်ဖျားဟာ မြန်မာပြည်မှာ အဆိုးရွားဆုံး ဒုက္ခပေးနေတာ၊ ဆေးနည်းဖော်ထုတ်နိုင်ရင် ကောင်းမှာပဲနော်"

"အင်း စစ်အတွင်းမှာ လူတွေ တယ်ပြီး ကစဉ့်ကလျား ဖြစ်ကြရတာကလား။ ဒါကြောင့်လည်း ခုလို မိတ်ဆွေဟောင်းတွေ ပြန်ဆုံစည်းခွင့်ရတာ သိပ်ဝမ်းသာဖို့ ကောင်းတာပေါ့ သမီးရယ်"

ရွှေစင်အိသည် ဖခင်၏ တည်ကြည်သောမျက်နှာကို တစိမ့်စိမ့် စိုက်ကြည့်နေသည်။ မိခင်ဖြစ်သူနှင့် ရှိန်မီရာစံတို့ တစ်ချိန်တစ်ခါက ထားရှိခဲ့ဖူးသော သံယောဇဉ်နှောင်ကြိုးများအကြောင်းကို ရွှေစင့်ဖခင် လူပါးလူနပ်ကြီးက မရိပ်မိဘဲ ဘယ်နေပါ့မလဲ။ သူတို့ခများများသည် ယခုအခါမှာတော့ တစ်ဦး၏ ပျော်ရွှင်ချမ်းမြေ့မှုအတွက် တစ်ဦးက ဆုတောင်းမျှော်လင့်ခြင်းဖြင့်သာ ကျေနပ်နှစ်သိမ့်ကာ နေကြလေသည်မို့ ဤအဖြူရောင်မေတ္တာများကိုလည်း သူမ၏ဖခင် သူတော်ကောင်းကြီး ခံစားနားလည်တတ်မှာပါပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



"ရှိန်မီရာစ်ဟာ သိပ်နူးညံ့သိမ်မွေ့တယ်နော် မေမေ၊ ဆရာဝန် ယာမာမိုတိုစ်လည်း ဘယ်လောက်ချစ်စရာကောင်းလိုက်သလဲ၊ ဒါနဲ့များ ဒုတိယ ကမ္ဘာစစ်တုန်းက ဂျပန်တွေဟာ ဘာလို့များ ရက်စက်ကြမ်းကြုတ်တဲ့ ကဏ္ဍကနေ ပါဝင်ခဲ့ကြပါလိမ့်နော်"

ဦးရန်ပိုင်က ခါးဆန့်ကာ အညောင်းဖြေလိုက်ပြီးနောက် အိပ်ရာပေါ်သို့ ရွေ့ထိုင်သဖြင့် ရွှေစင်အိက ခြေရင်းဘက်သို့ တိုးရွှေ့ပေးလေသည်။

"လူမျိုးနဲ့ မဆိုင်ပါဘူး သမီးရယ်၊ စနစ်ပေါ့၊ အဲဒီခေတ်အခါတုန်းကတော့ အပြိုင်အဆိုင်နယ်ချဲ့ပြီး ကုပ်သွေးစုပ်တဲ့စနစ် ခေတ်စားတယ် မဟုတ်လား၊ အနုနည်းကနေ အကြမ်းနည်း ပြောင်းလာတော့ ဖက်ဆစ်စနစ် ဖြစ်လာတာပေါ့၊ အစပိုင်းတော့ ဂျပန်ပြည်မှာလည်း ကိုယ်ထူးကိုယ်ချွန် ကြိုးစားတာပဲ။ နောက်ပိုင်းတော့ သူ မဦးရင် သူများဦးမယ့်သဘောတွေနဲ့ နယ်ချဲ့တော့တာပေါ့"

ဦးရန်ပိုင်က ဝါးခနဲ့ တစ်ချက်သမ်းဝေလိုက်၏။

"၁၉၃၁ ခုနှစ်မှာ ကွမ်တုံတပ်မတော်ဟာ အစိုးရရဲ့ဆန္ဒကို ဆန့်ကျင်ပြီး မန်ချူးရီးယားကို သိမ်းပိုက်လိုက်ရတာက စစ်လိုလားတဲ့အုပ်စု ခေါင်းဆောင်တော့ စစ်တိုက်တဲ့ ကျူးကျော်သူ ဖြစ်တော့တာပေါ့၊ အမှန်တော့ ဖက်ဆစ်စနစ်ဆိုတာ အရင်းရှင်နယ်ချဲ့စနစ် အကြီးစားပါပဲ၊ မေမေတို့ တိုင်းပြည်ဟာ ဂျပန်ရဲ့ဒဏ် ခံစားရသလို နာဇီတွေရဲ့ဒဏ်ကိုလည်း ဂျူးတွေ ခံရတာပါပဲ၊ ဒါကြောင့် မေမေတို့ စနစ်ကိုပဲ ဆန့်ကျင်ရမယ်၊ လူ မဟုတ်ဘူး၊ မှု သမီးရဲ့ မှု။ လူလူချင်း အာဃာတ ထားဖို့မရှိပါဘူး သမီးရယ်"

ရွှေစင်က ဖခင် လှဲအိပ်လိုက်သည်နှင့် အိပ်ရာမှ ဖယ်ပေးကာ ခြေရင်းမှ စောင်ကိုဖြန့်၍ ခြုံပေးသည်။ ပြီးတော့ ခြင်ထောင်ဆွဲချကာ နံဘေးတွေ အသာလိုက်ညှပ်ပေးသည်။

"မေမေတို့ကတော့ ဆိုးရွားတဲ့စနစ်ကို ဆန့်ကျင်ရမှာပဲ။ လူလူချင်း ရိုင်းပင်းတဲ့ ဝါဒစနစ်ကို ထူထောင်ကြရမှာပဲ"

ရွှေစင်အိက မျက်လုံးမှိတ်စပြုသော ဖခင်ကို-

"ဂွတ်နိုက် မေမေ"

ဟု နှုတ်ဆက်လိုက်ရလေ၏။

◆



(၃၁)

အဝတ်အစားလည်း အဆင်သင့်လဲပြီးနေပြီ၊ ပစ္စည်းများလည်း ထုပ်ပိုးသိမ်းဆည်းပြီးပြီ။

မင်္ဂလာဆောင်ပြီးသည်နှင့် ဤအဆောင်မှ ရွှေ့ပြောင်းရန် သတို့သားကိုခင်မောင်ဝင်းတစ်ယောက် အဆင်သင့်ဖြစ်နေပါပြီ။

မောင်ကြည်သာလည်း လူပျိုရံအဖြစ် ခေါင်းပေါင်းနှင့် တိုက်ပုံအင်္ကျီ အဖြူအသစ်နှင့် ဘန်ကောက်ပုဆိုးနှင့် အတော်ပင် သားနားနေသည်။ သူ၏ ကိုယ်ပိုင်အဝတ်များတော့မဟုတ်။ သူနှင့် အလုပ်လုပ်ဖော် လမ်းပြ ဒေါ်ခင်သီတာ၏ ခင်ပွန်းထံမှ ငှားရမ်းထားရခြင်း ဖြစ်သည်။

သူ့မှာ မစ္စတာရှိန်မီရာ ဂျပန်သို့ပြန်သွားပြီး နောက်တစ်နေ့ပင် အသစ်ရောက်လာသော ခရီးသည်များနှင့်အတူ ပျဉ်းမနားသို့ လိုက်သွားရပြန်သည်။ နောက်တစ်ခေါက်တွင် သံဖြူဇရပ်သွားလျက် မနက်ကမှ ရန်ကုန်ပြန်ရောက်လာ၏။ ယနေ့ ကိုခင်မောင်ဝင်း မင်္ဂလာဆောင်တွင် လူပျိုရံလုပ်ရမည်ဖြစ်သောအခါ ကြိုတင်သိထားလျက်နှင့် အဝတ်အစားက အသင့်မရှိ။

ကိုခင်မောင်ဝင်းမှာ မောင်ကြည်သာအတွက် စိတ်ပူပန်နေမိသေးသော်လည်း အချိန်မီ မောင်ကြည်သာ အကြော့သား ဆင်ယင်ဝတ်စားပြီးစီးနေသည်ကို မြင်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကတော့ တကယ့်ကို ပစ်တိုင်းထောင်ပါပဲဗျာ"

ခင်မောင်ဝင်းက မည်သည့်ကိစ္စမဆို အဆင်ပြေအောင် ဖန်တီးတတ်သည်ဟု သူ အထင်ကြီးမြဲဖြစ်သော မောင်ကြည်သာကို ချီးမွမ်းလေ၏။

"ပစ်တိုင်းထောင်ရုပ် ကြိုးရှုပ်တာ ခင်ဗျားမှ မသိဘဲ"

ဟု မောင်ကြည်သာက စီးကရက်ခဲရင်း မပွင့်တပွင့်ပြော၏။

"တကယ်ပဲ အတော်ခံရသလား ကိုကြည်သာ"

သည်တစ်ခေါက် တောင်ကြီးမှပြန်အလာတွင် ရင်ကွဲနာကျလာပါကြောင်း မောင်ကြည်သာက ကိုခင်မောင်ဝင်းကို အထုပ်ဖြေပြခဲ့သည်။ ကိုခင်မောင်ဝင်း စိတ်မကောင်း သို့တစေ ကြည်လိုက်၊ တည်လိုက်၊ ငိုင်လိုက်၊ ပြုံးလိုက်နှင့် အထိုင်မကျသော မောင်ကြည်သာ့အမူအရာများကြောင့် ကိုခင်မောင်ဝင်းမှာ မောင်ကြည်သာ အမှန်တကယ် အသည်းကွဲမကွဲ အတည်မပြုတတ်အောင်ပင်တည်း။

"ဟိုသီချင်းလို ဖြစ်နေပြီလားဗျာ၊ 'လူရှင်တော် မျက်ရည်ကျတာ ဘယ်သူမှ မသနားပါ' ဆိုတာလေ"

သည်တော့ ကိုခင်မောင်ဝင်း ပို၍ စိတ်မကောင်း။

"ကဲ… သတို့သား သွားကြမယ်၊ ကျွန်တော်တို့က ကြိုတင်ရောက် နေရမယ် ဆို၊ ခင်ဗျား မိဘမောင်နှမတွေကြိုဖို့လည်း တစ်ခေါက်ပြန်လှတ်ကြရဦးမယ် မဟုတ်လား၊ သွားကြစို့"

မောင်ကြည်သာ၏ အဆက်အသွယ်ဖြင့် ဖယ်မလီယာ တံခါးနှစ်ပေါက် ကားကို တတ်ဆီပဲထည့်ပေးကာ ငှားရမ်းထားခဲ့လေသည်။ သတို့သမီး အလှပြင်ဆိုင်သွားရန်နှင့် သမ္မတဟိုတယ်သို့လာရန်အတွက်လည်း ကားတစ်စီးသတ်သတ် ရှာဖွေပေးရသေးသည်။

ကားပေါ်တက်မည်ပြုစဉ် အဆောင်ရှေ့သို့ ဂျစ်ကားတစ်စီး ထိုးဆိုက်လာပြန်သည်။ ကားပေါ်တွင် ပါလာသောသူကို မောင်ကြည်သာ မသိ။

"ကိုကြည်သာဆိုတာ…"

"ကျွန်တော်ပါပဲ၊ ဘာကိစ္စများပါလိမ့်"

"စိန်ဝပ်ရှော့က ဒေါ်မြက အကြောင်းကြားခိုင်းလို့ပါ။ ဦးမောင်စိန် လေဖြတ်ပြီး လဲနေတာ တစ်ပတ်ရှိပါပြီတဲ့။ အဲဒါ ခင်ဗျားကို တွေ့ချင်လို့ ဆက်ဆက်လာခဲ့ပါတဲ့ခင်ဗျား"





မောင်ကြည်သာ ငိုင်တွေသွားသည်။ ထမင်းစားစရာမရှိ၊ နေစရာမရှိသော ဘဝမှ ကယ်တင်စောင့်ရှောက်ကာ ဘာပဲဖြစ်ဖြစ် အဝတ်ပေး၊ အစားကျွေးရုံမက သူ့အရည်အချင်းတွေကို အသိအမှတ်ပြုခြင်းဖြင့် သူ့စိတ်ဓာတ်အင်အားကို မြှင့်တင်ပေးခဲ့တာတွေ သူ မေ့နေခဲ့သည်ဆိုလျှင် ယခု ပြန်လည်သတိရလာသည်။

"ကျွန်တော် နက်ဖြန်လာခဲ့ပါ့မယ်"

သူငယ်ချင်းတွေ၏ မင်္ဂလာပွဲတွေမှာ အခါခါနွှဲဖူးသော်လည်း ဤမျှ ကြီးကျယ်ခမ်းနားသော မင်္ဂလာဆောင်မျိုးတွင် အနီးကပ်ပါဝင်ဆောင်ရွက် ဖြေရှင်းရဖူးခြင်းမရှိရကား မောင်ကြည်သာ အတော်ကလေး ဦးနှောက် အလုပ်လုပ်လိုက်ရလေ၏။

ဟိုတယ်တွင် ငွေရှင်းလင်းရန် ကိုခင်မောင်ဝင်း၏မိခင်က သည်မနက်မှ ငွေထုတ်ပေးသည်။ ကိုခင်မောင်ဝင်းမှာ သည်တော့မှပင် ဟင်းချနိုင်တော့၏။ ထိုငွေမှာ ပြန်ဆပ်ရမည့်ငွေ။ လက်ဖွဲ့မှ ကြည့်ရှင်းရတော့မည်။ မကျေလည်း နောက်များမှပဲ…။

ကိုခင်မောင်ဝင်း၏ လခနှင့် မောင်ကြည်သာ လက်ဖွဲ့သော ငွေနှစ်ရပ်မှာ သတို့သမီးအတွက် အလှပြင်စရိတ်၊ ဖိနပ်ဖိုး၊ ယန်းဖိုး၊ ကားခနှင့်ပင် ချောတော့၏။ သတို့သမီးဝတ်စုံကို သူငယ်ချင်းမတစ်ယောက်ထံမှ ငှားဝတ်ရ၍သာ တော်တော့၏။

ရင်တမမနှင့်ပင် ကိုခင်မောင်ဝင်း၏ မင်္ဂလာအခမ်းအနားသည် ပြီးဆုံးခဲ့လေ၏။ ဟိုတယ်မှ ပြန်လာကာ အဆောင်ရောက်မှပဲ ဟင်းချနိုင်သည်ဆိုပါစို့။

လောလောဆယ် သတို့သမီးကို ကိုခင်မောင်ဝင်း၏ မိဘများနေအိမ်မှာပင် ထားရမည်။ သတို့သမီးမျက်နှာမှာ မသာလှပါ။ လက်ဖွဲ့ပစ္စည်းများကို ကိုင်ခွင့်ပင်မရှိ၊ အားလုံးပြန်ရောင်းမည်။ ကိုခင်မောင်ဝင်း၏ မိဘများလည်း မလွှန်ပါ။ မင်္ဂလာဆောင်ရန် ထုတ်ပေးငွေမှာ ချေးငှား၍ ပေးရသည့်ငွေပါ။

မောင်ကြည်သာ စိတ်ပျက်လှသည်။ ကိုခင်မောင်ဝင်း၏ မိဘများမှာ သာမန်အစိုးရ အမှုထမ်းတစ်ဦးမျှသာ ဖြစ်သည်။ သတို့သမီး၏ မိဘမျိုးရိုးမှာလည်း ကုန်သည် အလယ်အလတ်တန်းစား။

သို့စင်လျက် မနိုင်ရင်ကန် မင်္ဂလာဆောင်ခြင်းဖြင့် ပျော်ရမည့်အချိန်တွင် မပျော်ရသောဘဝ။

မောင်ကြည်သာက သူ့ထက်များစွာ ပိုမို၍ အဆင့်အတန်းမြင့်သော မိန်းကလေး တစ်ဦးနှင့် စိတ်ကူးထဲမှာ မင်္ဂလာဆောင်ကြည့်သည်။ သူ့မှာ ငွေချေးပေးမည့် မိဘမရှိ၊ ညစ်ခံပွဲသို့ ကြွရောက်လာကြမည့် ရာထူးဂုဏ်ရှိန် မြင့်မားထည်ဝါသော ဆွေတော်

www.burmeseclassic.com



မျိုးတော်တွေလည်း မရှိ၊ သူကိုယ်တိုင်မှာလည်း ဘွဲ့လည်း မရှိ ရာထူးကလည်း…။

"ကျွန်တော့်ကိုကြည့်ပြီး ခင်ဗျားတော့ ကတိုက်ကရိုက် မင်္ဂလာဆောင်ဖြစ်မယ်မထင်ဘူးနော် ကိုကြည်သာ"

နှစ်ယောက်အတူနေလာကြသော အဆောင်မှ မခွာမီ ပစ္စည်းပြန်လာသယ်ရင်း ကိုခင်မောင်ဝင်းက ပန်းလျှညစ်ညျူးသောမျက်နှာနှင့် ဆိုလေသည်။

"အင်း… ကတိုက်ကရိုက်လည်း မင်္ဂလာမဆောင်ဘူး၊ အေးအေးဆေးဆေးလည်း မင်္ဂလာမဆောင်ဘူး၊ ကျွန်တော် အစကတည်းက ဆုတ်ပြန်လာခဲ့ပြီးမှပဲ ကိုခင်မောင်ဝင်းရဲ့"

ဤသည်က အသံထွက်၍ ပြောဖြစ်သောစကားပါ။

စိတ်ထဲမှာ ဆက်၍ပြောမိသည်မှာ-

"မရွှေစင်ကသာ ကျွန်တော့်ကို အရှိအတိုင်း လက်ခံမယ်ဆိုရင်တော့…"

မောင်ကြည်သာက ကိုခင်မောင်ဝင်း၏ ပခုံးကို လက်နှင့်ပုတ်ကာ အားပေးလိုက်လေသည်။

"ခင်ဗျားရဲ့ လမ်းမျိုးကိုရွေးပြီး ရန်းကန်သွားကြတဲ့လူတွေ တစ်ပုံကြီးပဲ ကိုခင်မောင်ဝင်း၊ စမိမှတော့ နောင်တလည်း ရမနေနဲ့၊ ကိုယ့်ကိုယ်ကိုယ်လည်း အပြစ်မတင်နေနဲ့၊ ရှက်ညီ တက်ညီရင် အဆင်ချောမှာပါဗျာ"

ငိုင်နေရာမှ ကိုခင်မောင်ဝင်း ဖျတ်ခနဲမော့လာကာ တိုက်ပုံအိတ်ကပ်ကို စမ်းမိသည်။

မောင်ကြည်သာ လန့်သွား၏။ ငွေလိုပြန်ပြီလား။ မဟုတ်ပါ။ ကိုခင် မောင်ဝင်း၏ အိတ်ထဲမှ စာတစ်စောင်ထွက်လာသည်။

"ရှိနိုမီရာစံဆီက စာဗျ ကိုကြည်သာ၊ မနေ့ကတည်းကရနေတာ ကျွန်တော် ပေးမယ်လုပ်ရင်း မေ့သွားရင်းနဲ့ ရော့… ရော့"

ကိုခင်မောင်ဝင်း၏ပစ္စည်းများကို ကားပေါ်သို့ ဝိုင်းဝန်းသယ်ပို့လိုက်ရသေးသည်။

ရှိနိုမီရာစံထံမှစာကိုတော့ သူ၏ အတတ်နိုင်ဆုံး ရှုပ်ပွနေသော စားပွဲပေါ်သို့ ပစ်တင်ထားလိုက်လေသည်။

ချောမောစွာ ပြန်ရောက်ကြောင်း၊ မာကြောင်း၊ သာကြောင်း ဒါတွေပဲဖြစ်မှာပါ၊ အေးအေးဆေးဆေးမှပဲ သူ ဖတ်ပါတော့မည်။





ဘာပဲဖြစ်ဖြစ် အဘိုးကြီးထံ စာတော့ပြန်ဖြစ်အောင် ပြန်ရမည်ဟု သူ့ကို သူ သတိပေးနေလိုက်လေ၏။

◆

သူ ထွက်ခွာသွားပြီးသည့် သုံး၊ လေး၊ ငါး၊ ရှစ်နှစ်အတွင်း 'စိန်'ဝပ်ရှော့ အခြေအနေ အပြောင်းအလဲ များစွာမရှိလှကြောင်းကို တစ်ခါတစ်ရံ ဆိုင်ရှေ့မှ ကားနှင့် ဖြတ်သန်းသွားလာရင်း တစေ့တစောင်း လှမ်းကြည့်မြင်တွေ့ခဲ့ရသည်။ ဆိုင်ရှေ့တွင် ကားကြီး၊ ကားငယ်အသွယ်သွယ် ရပ်ထားလျက် ဖြတ်နေပြင်နေမြဲ။

သူ သယ်န်းကျွန်းဘက် ကုန်လွန်ခဲ့သော ခြောက်လလောက်အချိန်အတွင်း လုံးဝ မရောက်ရှိခဲ့။ ယခု အဘစိန် မမာဘူးဆိုမှ ဟောလစ်တစ်ပုလင်းနှင့် နိုင်ငံခြားမုန့်တစ်ပုံးကိုင်ကာ အငှားကားစီးပြီး ရောက်လာဖြစ်တော့သည်။ ဝပ်ရှော့ရှေ့တွင် ကားတစ်စီးမှမတွေ့။ အလုပ်သမားလည်း တစ်ယောက်မှမမြင်။ အဘစိန် အလုပ်မလုပ်နိုင်သည်နှင့် လုပ်ငန်းသည် ဤမျှအထိ ပျက်ပြားသွားရပါသလား။

အိမ်ပေါ်တက်သွားလျှင် အိမ်ရှေ့ဘုရားခန်း ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်နေသော အဘစိန်က-

"မောင်ကြည်သာ၊ အဘက မင်းဝင်လာတာကို ဘယ်သူပါလိမ့်လို့ ကြည့်နေတာ၊ ရုတ်တရက် မမှတ်မိဘူး"

ဟု နှုတ်ဆက်လေ၏။

စကားပြောစဉ် ပါးစပ်သည် ညာဘက်သို့ဆွဲကာ စောင်းရွဲ့သွားပုံကိုလည်းကောင်း၊ ယခင်ကထက် တစ်ဝက်မျှ ပိန်ချုံးကျသွားသော အဘစိန်၏ ပွရောင်းရောင်းဖောသွပ်သွပ် အသားအရေကိုလည်းကောင်း မောင်ကြည်သာ ကြည့်ရင်းရင်မှာ ထိခိုက်မိသည်။

"မင်း ဘယ်လိုက ဘယ်လို ရောက်လာတာတုံး မောင်ကြည်သာ၊ သတင်းကြားလို့လား"

သူ့ကို ကြီးတော်မြ အခေါ်လွှတ်ကြောင်း အဘစိန် မသိဘူးဟူ၍ သူ နားလည်လိုက်ရသည်။

"ဟုတ်ကဲ့အဘ၊ ကျွန်တော် ခုမှသိရတာနဲ့…"



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ကြီးတော်မြ အိမ်ထဲမှ ထွက်လာသည်။ ကြီးတော်မြသည် ဆံပင်ကို ပယ်ကာ သီလရှင်အဝတ်နှင့် ဖြစ်နေလေပြီ။

"မယ်မြ၊ ဒီမှာ မောင်ကြည်သာ ငါ့ကို လာကြည့်တယ်ကွာ"

အဘစိန်၏ ညာဘက်လက်သည် မလှုပ်ရှားနိုင်ဘဲ တွဲလောင်းကျနေသည်။ သူသည် သန်စွမ်းသော ဘယ်ဘက်လက်နှင့် ပက်လက်ကုလားထိုင် နံဘေးတွင် ဝင်ထိုင်လိုက်သော မောင်ကြည်သာ့လည်ပင်းကို ပွေ့ဖက်လိုက်သည်။

"သားရယ်၊ သားကို ခုလို ပြန်တွေ့ရတာ ဝမ်းသာလိုက်တာ၊ မြင့်သိန်း ပြောလို့ သား အလုပ်နဲ့အကိုင်နဲ့ဖြစ်နေတာ ကြီးတော် သိတယ်။ မင်းအဘက မကြာခဏဆိုသလို ကြည်သာ ဘယ်လိုနေပါလိမ့် တမ်းတလွန်းလို့ တော့်သား ကြီးပွားနေပါတယ်တော်လို့ အားပေးထားရတယ်။ အဘ လေဖြတ်ပြီး ညာဘက်တစ်ခြမ်း သေသွားတာ တစ်နှစ်ရှိပြီ။ ကြီးတော်က မြင့်သိန်း ဆုံးကတည်းက သီလရှင်ဝတ်နေတာဆိုတော့ သူ့တူမကပဲ ပြုစုနေရတယ်။ သူ့တူမကလည်း ကိုကြိုင်နဲ့ အိမ်ထောင်ကျတယ်လေ။ တစ်ခါ ကိုကြိုင်က..."

"နေပါဦး၊ ခုန ကြီးတော်ပြောလိုက်တာ၊ အစ်ကိုမြင့်သိန်း ဘာဖြစ်တယ်"

"အေး ဟုတ်ပါရဲ့၊ သားမှမသိသေးဘဲ၊ မြင့်သိန်းဆုံးတာ နှစ်နှစ်ရှိပြီ"

"ဝပ်ရှော့လာအပ်ထားတဲ့ကားကို မောင်းထွက်သွားရင်း ဘရိတ်ပေါက်ပြီး သစ်ပင်ဝင်တိုက်တာ"

"ဘရိတ်ပေါက်တယ်ပဲ ထားလိုက်ရတာပေါ့ မောင်ကြည်သာ"

ဟု အဘက ဝင်ပြောလေသည်။

ကိုမြင့်သိန်း မူးရူးနေလိမ့်မည်ဟု မောင်ကြည်သာ မှန်းဆသိရှိနိုင်ပေ၏။

"ပြီးတော့ အစ်မက ဘယ့်နှယ် ဦးကြိုင်နဲ့..."

"အေးလေ၊ ကိုကြိုင့်မယားကြီးနဲ့ ကလေးတွေနဲ့၊ ဒါကို သင်းက မိုက်မိုက်မဲမဲ သွားကြိုက်တာကိုး။ ကြီးတော်ကလည်း ရိပ်သာရောက်နေတော့ အထိန်းအကွပ် မရှိဘဲ ဖြစ်ကုန်တာပေါ့ကွယ်၊ ဒီကြားထဲ ကိုကြိုင်က နိုးရာပါ ကားပစ္စည်းတွေ လက်ခံသိမ်းပေးတဲ့အမှုနဲ့ ပြီးခဲ့တဲ့ခြောက်လက ထောင်ကျသွားတယ်။ အဲဒီမှာပဲ ဝပ်ရှော့လည်း ပိတ်ထားရတော့တာပဲ"

မောင်ကြည်သာ ရင်မောရတော့သည်။ ဤအကြောင်းအရာများကို ပြန်ပြောပြနေသော ကြီးတော်မြကတော့ အေးဆေးတည်ငြိမ်လှပေသည်။





"ခုတစ်လော မင်းအဘက မင်းကို တမ်းတနေတယ်။ မင်းသာရှိရင် ဒီလုပ်ငန်းကို ပြန်ထူထောင်နိုင်မှာပဲတဲ့။ မင်းအစွမ်းအစနဲ့ မင်းဆက်ဆံရေးနဲ့ဆိုရင် အရင်အတိုင်း ပြန်ပြီး တွင်ကျယ်လာမှာပဲတဲ့။ အခု အလုပ်လာတောင်းတဲ့ စက်ပြင်ဆရာကောင်းကောင်း တစ်ယောက်လည်း ရှိနေတယ်။ အဘမှာက လူရင်းမရှိဘဲနဲ့ သူတို့ကို ချည်း ပုံယုံအားကိုးလို့လည်း မဖြစ်ပဲကိုး"

"ခုမှတော့ ဖြစ်နိုင်တော့မလား မယ်မြရယ်။ သူ့မှာ သူ့အလုပ်အကိုင်နဲ့ သူ အခြေတကျ ဖြစ်နေပြီဟာကို"

"မောင်ကြည်သာဟာ ရှင့်လိုပဲ ဒီအလုပ်ကို သိပ်ဝါသနာကြီးတယ်လို့ ရှင်ပဲ တဖွဖွ ပြောခဲ့တာပဲလေ။ ပြီးတော့ ရှင်ပျိုးထောင်လာခဲ့တဲ့ ဒီလုပ်ငန်းကြီး ရပ်ဆိုင်းသွားရင် ရှင်အသက်တိုမှာပဲဆို။ ဒီတော့ ရှင်တို့နှစ်ယောက် တိုင်တိုင်ပင်ပင် လုပ်ကိုင်စားသောက်ကြမယ်ဆိုရင် ရှင်လည်း စားဝတ်နေရေး မပူပင်ရ၊ ကျုပ်လည်း အေးအေးဆေးဆေး ရိပ်သာပြန်နိုင်မှာပေါ့တော်၊ ခုတော့ ဒီသီလရှင် အဝတ်ကြီးနဲ့ ဒီအိမ် ပြန်လာနေရတော့ လူပြောစရာဖြစ်နေတာပေါ့၊ လာမနေပြန်လည်း ဒီအဘိုးကြီးမှာ ပြုစုမယ့်လူမှ မရှိဘဲကိုး"

ကြီးတော်မြ၏ဆန္ဒမှာ အဘက ငွေရင်းစိုက်၍ မောင်ကြည်သာက လူအားစိုက်ကာ အမြတ်ငွေကို တစ်ဝက်စီခွဲဝေယူလျက် တစ်စစနှင့် မောင်ကြည်သာက လုပ်ငန်းတွင် အစုရှယ်ယာဝင်ဖြစ်လာပြီး နောက်ဆုံး လုပ်ငန်းတစ်ခုလုံး မောင်ကြည်သာ့ကို လွှဲပေးမည်ဟူ၍။

"အခုဆိုရင် အလုပ်သမားတွေလည်း အလုပ်လက်မဲ့ဖြစ်နေကြပြီ၊ ဦးဆောင်မယ့်သူ မရှိဘဲနဲ့ အဘ ဘယ်လိုလုပ် အလုပ်လုပ်မလဲ၊ လုပ်ထားတာကလည်း ကားပြင်ရုံတင်မကဘဲ တွင်ခုံပါတွဲထားလိုက်တော့ မကြပ်မတ်နိုင်ရင် စုံးစုံးမြုပ်သွားမှာ။ သား စဉ်းစားပါဦး"

မမျှော်မှန်းထားခဲ့သော ဘဝလမ်းဆစ်တစ်ချိုးကို ထပ်တွေ့ရပြန်ပြီ။ ရှိနိုမီရာစ်၏ စာကိုဖတ်ကာ ဝေခွဲမရဆဲဝယ် အဘနှင့် ကြီးတော်မြ၏ တိုးလျှိုးဖိတ်ခေါ်ချက်များက သူ့ကို ပို၍ တွေဝေစေလေပြီ။

"ဘာဖြစ်သလဲ ကိုစိန်၊ ခါးညောင်းသလား"

"အေးကွယ်၊ ငါ အိပ်ရာပေါ် ခဏလှဲချင်တယ်"

အဘအား ကြီးတော်မြနှင့်အတူ မောင်ကြည်သာ ဝိုင်းဝန်းတွဲထူရသည်။



www.burmeseclassic.com

www.burmeseclassic.com



မတ်တတ်ရပ်နိုင်သည်နှင့် အဘက သူ့တောင်ဝှေးကို လှမ်းယူသည်။ တောင်ဝှေးအားပြု၍ လျှောက်သော်လည်း နံဘေးမှတစ်ယောက် ထိန်းပေးရဆဲ။

"သူငယ်ကလေးတစ်ယောက်တော့ ဂုဏ်ထားတာပဲကွယ်၊ ဒါပေမဲ့ ကြီးတော်မရှိလို့ ဘယ်ဖြစ်မှာလဲ"

အဘအိပ်ရာထဲရောက်ပြီးသောအခါ မောင်ကြည်သာ ကူညီလျက်နှင့်ပင် ကြီးတော်မြ မောဟိုက်ကာနေလေသည်။

သူ့ခမျာ သားဇောနှင့် ဒေါသမာန်တွေ ပွားခဲ့သမျှ အေးငြိမ်းချင်လာပြန်တော့လည်း သံယောဇဉ်ပြတ်သည်ဆိုတိုင် အကြင်နာမကင်းနိုင်ဘဲ နောက်ဆံငင်နေရပြန်၏။

ကြီးတော်မြသည် ကိုမြင့်သိန်း အချိုးမပြေသည်ကိုထား အဘ အားမလိုအားမရဖြစ်လေသမျှ မောင်ကြည်သာ့အပေါ် မစ္ဆေရစိတ်တွေ ပွားခဲ့ရသော်လည်း ယခု ကိုမြင့်သိန်း မရှိတော့ရုံမက ကြီးတော်မြလည်း တရားရိပ်မှာ ပျော်မွေ့လေပြီပဲ။

◆

သို့တစေ မောင်ကြည်သာ စဉ်းစားရပါဦးမည်။ တစ်ကိုယ်တည်းဘဝမှာ တစ်ဖွတ်ထိုးဆုံးဖြတ်ခဲ့သော်လည်း ယခုတော့ ညှိနှိုင်းဖို့တော့ လိုမည်ထင်ပါ၏။

မရွှေစင်သည် သူ့အပေါ် ဘယ်လို သဘောထားမှာလဲ။

သူ့မှာတော့ လမ်းဆုံလမ်းခွဝယ် လမ်းသုံးသွယ်အနက် ဘယ်လမ်းရွေးမလဲ ဆုံးဖြတ်ရတော့မည်။

လက်ရှိအလုပ်အကိုင်တွင် သူ့ကိုယ်စား သူ့နည်းတူ သို့တည်းမဟုတ် သူ့ထက်သာလွန်ပြီး စွမ်းဆောင်ကြိုးစားနိုင်သူတွေ နေရာယူနိုင်ပေလိမ့်မည်။

အဘစိန်အတွက်တော့ စိတ်ချစွာလွှဲအပ်လျက် စီမံခန့်ခွဲပေးမည့်သူဟူ၍ သူမှတစ်ပါး အခြားမရှိ။

သို့တစေ ရှိန်မီရာစ် ပေးလာသောအခွင့်အရေးနှင့် ပတ်သက်ပြီး မရွှေစင်မည်သို့သဘောထားကြောင်း သူသိချင်သည်။ မရွှေစင်က လက်ခံလိုက်ပါ ပြောလာလျှင် သူ နားထောင်မှာမို့လား။ သူ သက်ပြင်းချလိုက်မိ၏။

'စိန်'ဝပ်ရှော့မှအပြန် သူ့စိတ်လိပ်ပြာသည် သူနှင့်အတူ ပါမလာဘဲ လွင့်ပါးကျန်ရစ်ခဲ့သည်ကိုတော့ သူ မတတ်စွမ်းနိုင်ပြီ။ ဝါသနာနှင့် သံယောဇဉ်က သူ့ကိုတုံ့ဆွဲညှို့ငင်နေကြချေသည်။ အဘစိန်၏ လမ်းညွှန်သွန်သင်မှုအောက်တွင် တတ်





ကျွမ်းသော စက်ပြင်ဆရာတစ်ယောက်နှင့် အတန်ကြာ တွဲလုပ်လိုက်ရပါလျှင် ဤလုပ်ငန်းအောင်မြင်အောင် သူစွမ်းဆောင်နိုင်ကြောင်း သူ့ကိုယ်သူ ယုံကြည်မှုမာနကလေးက အညွန့်တလူလူ ဝေဖြာလာပြန်၏။

ချစ်သူနှင့် နီးလာမလိုလိုနှင့် ပို၍ ဝေးရာဆီသို့ လျှောက်လှမ်းသွားရပြီထင်သည်။

'စိန်'ဝပ်ရှော့သည် သူ့ရင်ထဲတွင် ခွာမရအောင် စွဲကပ်ငြိတွယ်လျက် လိုက်ပါလာနေလေပြီကော...

◆



www.burmeseclassic.com

www.burmeseclassic.com

## (၃၂)

"ချစ်သူပန်း ပွင့်လန်းဖို့ရာ ××× ကိုရွှေမိုးကို မျှော်ကိုးမိတာပါ ×× ခင်ပန်း ပင်နန်း တင့်ဆန်းဖို့ရာလေ ×× ကိုရွှေမိုးရယ်... မိုးရယ် ×× မေတ္တာရေ သွန်းဖြိုးပါ..."

ရွှေစင်အိက သီချင်းတညည်းညည်းနှင့် ရေချိုးနေသည်။ အဆောင်မှာက ရေလာခိုက် အဝတ်လျှော်ရေချိုးမှ၊ မျက်နှာသစ်ရန် ရေခပ်ထားမှ၊ ယခုမူ အဝတ် လျှော်ပြီးပြီမို့ အေးအေးဆေးဆေး ရေတာဝချိုးကာနေသည်။

"ကိုအမှုန့်မောင်ရာ ×× ဖြိုးဖြိမ့်ဖြိမ့်ညံ့ကာ ×× မိုးစိမ့်စိမ့် မြန်မကြာ ဖျန်းစေ ချင်တာ..."

ရေချိုးခန်းတံခါးကို တစ်စုံတစ်ယောက် လာထုသည်။ ရေချိုးရန် စောင့်နေသူ ဖြစ်မည်ထင်သဖြင့် အပြီးသတ် တစ်ခွက်နှစ်ခွက်လောင်းကာ ရေလဲထဘီ လှမ်းယူ သည်။

"ရွှေဝါဖူး... မိုးရေအောက်မှာ အထူးပဲစောင့်နေရာ"

"စောင့်နေသလား မရွှေစင်... ရောက်နေပြီ"

သူငယ်ချင်း ဝင်ဒီ၏အသံကို ကြားရ၏။ ရွှေစင်အိရင်မှာ ထိတ်ခနဲ ခုန်လှိုက် သွားရလေ၏။

"ဟေး... ဝင်ဒီ... ဘယ်သူရောက်နေတာလဲဟင်"

"လူစောင့်နေတယ်၊ ကိုအမှုန့်မောင်လေ၊ ဂျင်းအင်္ကျီနဲ့ ဂျင်းဘောင်းဘီနဲ့၊





ယူထွက်မလာခင် အိုင်သွားစေ့ခံထားရမလား၊ တို့တော့ စိတ်ဝင်စားနေပြီ ရွှေစင်ရေ..."

"နိုး နိုး သင့်ခယူ ဝင်ဒီ၊ နေပါစေ... တို့ဘာသာပဲ အမြန်လာခဲ့ပါရစေ"

ရွှေစင်အိ ထဘီ အမြန်လဲလှယ်သည်။

"ယူ အခုလာလိမ့်မယ်လို့တောင် မပြောပေးရတော့ဘူးလား၊ ဒါဆိုလည်း ပြီးရော"

"ဟိုး... ဟိုး ဒီလိုလည်း မရက်စက်နဲ့လေ၊ တို့ ခုလာမယ်ဆိုတာလောက် တော့ပြောပေါ့"

ရွှေစင်အိက ရေကို မျက်နှာသုတ်ပဝါနှင့် ဖြစ်သလို ပွတ်တိုက်သုတ်ရင်း ရေချိုးခန်းထဲမှ သုတ်သီးသုတ်ပျာ ထွက်လာသည်။ မနက် မျက်နှာသစ်ရန် ရေခပ် ယူထားဖို့ သတိမရတော့ပြီ။

"တို့သိနေတာ ဝင်ဒီရ၊ သူ လာကို လာလိမ့်မယ်လို့"

ဝင်ဒီက–

"ခုတော့ ပြောတာပေါ့နော်"

ဟု ခပ်ဟားဟားဆိုကာ အောက်ထပ်သို့ ဆင်းသွားသည်။

ရွှေစင်အိက အခန်းထဲဝင်လိုက် အပြင်ထွက်လိုက် အယောင်ယောင် အမှား မှား ဖြစ်ရသေးသည်။ ပြီးမှ–

"အဲဒါ ရွှေစင်အိတဲ့လား"

ဟု သူမကိုယ်သူမ လှောင်သရော်မိတော့ကာ သီချင်းတအေးအေး တည် ငြိမ်စေရလေ၏။

သနပ်ခါး မလူးတော့။ ပေါင်ဒါတစ်ချက်နှစ်ချက်သာ တို့သည်။ ဆံပင်မှာ ဘရပ်ချ်နှင့် တစ်ချက်နှစ်ချက် သပ်ရုံသာ။

ဘရာစီယာ၊ တီရှပ်အပြာ၊ ထဘီနက်ပြာ အပြေးအလွှား အဝတ်လဲခိုက် ဝင်ဒီက ပြုံးပြုံးကြီး ရောက်လာပြန်သည်။

"ယူ့ အမှုန့်မောင်ကို တို့တစ်ခါမှ မမြင်ဖူးပါလား"

"သူက နောက်ဆုံးလေ"

"နောက်ဆုံး လျှောက်လွှာတင်တဲ့လူပေါ့"

"ဟင့်အင်း... သူက လျှောက်လွှာကို ပစ္စည်းရမယ်သေချာမှ တင်မလို့

www.burmeseclassic.com



တဲ့ကွ၊ အတွင်းစကား သတင်းကြားရမလား စောင့်နေတဲ့လူ"

ဝင်ဒီက စကားအိုးမကလေး ရွှေစင်အိကို အရှုံးပေးလိုက်တော့သည်။

"သူက ယူခေါင်းညိတ်မှာ သေချာမှ ဖွင့်ပြောမယ်တဲ့လား၊ ပြောလို့လား"

"ပြောတော့ ဘယ်ပြောမလဲကွ တို့သိတာပေါ့"

"ဒါဆိုရင်..."

ရွှေစင်အိက မျက်ခုံးတစ်ဖက်တည်း ပင့်ပြသည်။ ပြီးတော့ စောစောက သီချင်းကိုညည်းရင်း အခန်းထဲမှ ထွက်ခဲ့တော့သည်။

"ရွှေဝါဖူး မိုးရေအောက်မှာ အထူးပဲစောင့်နေရာ ကိုအမွှန်မောင်ရာ ဖျန်းပက်ဖို့ရာ..."

မောင်ကြည်သာသည် ပါလာထဲတွင်ထိုင်ကာ သတင်းစာတစ်စောင်ကို ဖွင့်ဖတ်နေသည်။ လေကားပေါ်မှ သွက်သွက်ပြေးဆင်းလာသော ခြေထောက်ကလေးများကို အလျှင်မြင်ရသည်။ ပြီးမှ လှပသောမျက်နှာကလေး၊ အစွမ်းကုန်ပွင့်လန်းသော အပြုံးပန်းကလေး။

"ကိုကြည်သာ စောင့်နေလိုက်ရတယ် ဆောရီးနော်။ ရွှေစင် ရေချိုးနေလို့၊ စောစောချိုးမလို့ဘဲ ရေမလာတာနဲ့လေ"

အမှန်ပင် မောင်ကြည်သာ လာမည်မှန်းကာ ရေစောစောချိုးချင်လျက်နှင့် ချိုးခွင့်မရခဲ့ပေ။

မောင်ကြည်သာနှင့်အေး ကုလားထိုင်တွင် ရွှေစင်အိ ဖျတ်ခနဲ ဝင်ထိုင်လိုက်သည်။

တောင်ကြီးတွင် သုံးရက်မျှသာ ကြုံဆုံရပြီးနောက် ယခုလို နှစ်ပတ်အကြာမှ မောင်ကြည်သာနှင့် ပြန်လည်တွေ့ရချိန်မှာ တစ်သက်လုံးက သိကျွမ်းခဲ့ဖူးသော ငယ်ပေါင်းပမာ ရွှေစင်အိစိတ်မှာ တရင်းတနှီး ရှိလှလေသည်။ တုံ့ဆိုင်းဖွယ် မြူမျှ မထင်ဘဲ ကြည်လင်နွေးထွေးလေစွ။

မောင်ကြည်သာက ရွှေစင်အိ ပြုမူလှုပ်ရှားသမျှကို ကြည်နူးစွာပြုံးလျက် ကြည့်နေပါသည်။ ရွှေစင်အိကို သည်တစ်ကြိမ် ပြန်အတွေ့မှာဖြင့် သူ့ရင်ဝယ် ယုံကြည်စိတ်ချခြင်းတွေ ပြည့်ဝရပါပြီ။ မရွှေစင်ကိုလည်း ယုံကြည်စိတ်ချသည်။ သူ့ကိုယ်သူလည်း ယုံကြည်စိတ်ချပါသည်။

"ရွှေစင် မနေ့ကရောက်တာ"





"မနေ့ကရောက်မယ်လို့ ကျွန်တော်ထင်သားပဲ၊ ဘာနဲ့ပြန်လာလဲဟင်၊ ကျွန်တော် လေယာဉ်ကွင်းမှာ ရှာသေးတယ်"

"သြော်... တိုးရစ်တွေကြိုရင်းပို့ရင်းလား"

"မဟုတ်ပါဘူး၊ မရွှေစင် လာမယ်ဆိုတာနဲ့..."

ရွှေစင်အိ ကျေနပ်သွားသည်။ သူ လမ်းကြုံ၍ ရှာတာမဟုတ်ဘဲ တမင်တကာ ကြိုနေစောင့်နေတာပဲ။

"အစက လေယာဉ်နဲ့ပြန်ဖို့ပဲ၊ သူငယ်ချင်းတွေက ရထားနဲ့ပြန်မယ် အတင်းခေါ်တာနဲ့ အစီအစဉ် ပြောင်းသွားတယ်"

ရွှေစင်အိ လေယာဉ်နဲ့ပါမလာတော့ သူ စိတ်ပျက်လက်ပျက် ဖြစ်သွားရှာမည်ဟု သူမစိတ်တွင် ကြင်နာခြင်းနှင့် ကျေနပ်ခြင်း ရောယှက်နေလေသည်။

မောင်ကြည်သာက ဖောင်တိန်ဘူးရှည်ကလေးကို ရွှေစင်အိ လက်ဝယ် အပ်နှံသည်။

"ရှိန်မီရာစံက မရွှေစင်အတွက် ဖောင်တိန်ပို့လိုက်ပါဆိုလို့"

ရွှေစင်အိသည် သူမထံသို့ မောင်ကြည်သာ လာဖုံအောင် လမ်းစရှာပေးသွားသော ရှိန်မီရာစံ စိတ်ကူးကို ပြုံးမိလေ၏။

"သြော်... ဖောင်တိန်လာပို့တာပေါ့နော်"

"ဖောင်တိန်လည်းပို့ရင်း လာလည်ချင်တာနဲ့ပဲ"

အပြုံးချင်း ဖလှယ်လိုက်ရသည်။ မောင်ကြည်သာ ပြတ်သားလာပြီဟု ရွှေစင်အိ သိလိုက်သည်။ ရွှေစင်အိက ပွင့်လင်းလွန်းနေသောကြောင့်များလား၊ အို... ရိုးသားစွာ ပွင့်လင်းတာပဲလေ တတ်နိုင်ပါဘူး။

"ရွှေစင်အိတို့ဆီ ရှိန်မီရာစံဆီက စာရောက်သေးလား"

"ဟုတ်ကဲ့၊ စာရော ဓာတ်ပုံတွေရောပဲ၊ ဟိုပြန်ရောက်တော့ ပျင်းလွန်းလို့ အလုပ်တွေ မနည်းရှာကြံလုပ်နေရတယ်တဲ့။ သနားစရာပဲနော်၊ သူ့တူတွေက တကယ့်လက်တွေ့သမားကြီးတွေဆိုတော့ သူတို့ဦးလေးရဲ့ဘဝ ဘယ်လောက် ခြောက်သွေ့နေတယ်ဆိုတာ နားမလည်ကြဘူး၊ သူတို့ အသက်တွေကြီးပြီး စိတ်တွေကျသွားတဲ့ တစ်နေ့ကျမှ ကိုယ်ချင်းစာတတ်လာပြီး ငါတို့ဦးလေးကို မေတ္တာကလေး မပေးလိုက်ရပလေလို့ နောင်တရကြမှာ"

မောင်ကြည်သာသည် သူမျှော်လင့်ထားသလိုပင် ရွှေစင်အိ၌ ပြတ်သား၍



www.burmeseclassic.com

www.burmeseclassic.com



လက်တွေ့ဆန်သော အတွေးအခေါ်များနှင့်အတူ ခံစားတတ်သော အသည်းနှလုံးလည်း ရှိနေသည်မှာ သေချာပါသည်ဟု စိတ်တုံးတုံးချလိုက်နိုင်လေသည်။

"ရှိန်မီရာစံဟာ အဖော်လိုတယ်လို့ မရွှေစင်လည်း ယူဆတယ် မဟုတ်လားဟင်"

"အင်းလေ သူ့မှာ စကားပြောဖော်ကလေးတောင် မရှိဘူးလို့ သူ ညည်းညည်းနေတာ ဘယ်လောက်သနားဖို့ကောင်းသလဲ"

"ဒါပေမဲ့ သူ့အတွက် အဖော်မရှိလည်း သူ့ဘဝမှာ သူ နေသားကျနေပါပြီ၊ ဘယ့်နှယ်လဲ"

သည်မေးခွန်းကို ချက်ချင်းအဖြေပေးရန် ရွှေစင်အိ ကြိုတင်ပြင်ဆင်မှု မရှိထားသောကြောင့် မောင်ကြည်သာကိုသာ စူးစမ်းသောအကြည့်ဖြင့် လှမ်းကြည့်လိုက်ရသည်။

"ကျွန်တော့်ဘာသာ စဉ်းစားကြည့်တာပါ၊ ပြီးတော့ မရွှေစင် ဘယ်လိုထင်သလဲ သိချင်တာပါ၊ အဖြေရခက်နေမလားတော့ မသိဘူး"

"မခက်ပါဘူး ကိုကြည်သာ၊ ကိုကြည်သာကို ရှိန်မီရာစံ သိပ်သဘောကျမှန်း ရွှေစင် သိထားတယ်၊ ကိုကြည်သာကို သူ့ရင်ထဲမှာ ရှိသမျှလည်း ပြောပြနိုင်တာပဲ၊ သူ ပြောပြချင်တာတွေ၊ သူ ခံစားရတာလေးကိုပြောပြနိုင်ရင် အဖော်ပေါ့ ကိုကြည်သာ"

မောင်ကြည်သာသည် ကုလားထိုင်လက်ရန်းကို လက်ချောင်းကလေးများနှင့်တောက်ရင်း စဉ်းစားချိန်ဆ နေလေသည်။

"ဘာဖြစ်လို့မေးတာလဲ ကိုကြည်သာ"

မောင်ကြည်သာ ယတိပြတ် ဆုံးဖြတ်လိုက်တော့သည်။

"ရှိန်မီရာစံက စာရေးလာတယ် မရွှေစင်၊ ကျွန်တော် ဂျပန်ပြည်မှာ စက်ပြင်ပညာသင်ဖို့ သူ တာဝန်ယူမယ်တဲ့၊ ကျွန်တော် မရွှေစင်ကို စာပြသင့် မပြသင့် ချင့်ချိန်နေတာ"

"ကိုကြည်သာ့ဆီရေးတဲ့စာပဲ၊ ရွှေစင့်ကိုပြဖို့ ဘယ်လိုမှာလဲ ကိုကြည်သာရယ်"

"မရွှေစင် သူ့စာကိုဖတ်ရရင် ဘယ်လို သဘောထားမလဲ ကျွန်တော် သိချင်နေတာ။ ရွှေစင် စိတ်ဆိုးမှာလည်း စိုးရိမ်နေမိလို့"





မောင်ကြည်သာက စာအိတ်တစ်အိတ်ကို အင်္ကျီအိတ်ကပ်ထဲမှ ထုတ်ကာ အတွင်းမှစာကို ရွှေစင်အိထံ ပေးလိုက်လေသည်။

ရွှေစင်အိ စိတ်ဆိုးမှာ စိုးရိမ်နေသည်ဆိုကတည်းက ရှိန်မီရာစံ ဘာတွေ ရေးလိုက်မည်ကို ရွှေစင်အိ ရိပ်မိလိုက်ပြီ။

ပွင့်လင်းရဲဝံ့သူပါဟု မည်မျှပင် သူမကိုယ်ကိုသူမ သတ်မှတ်ထားသော်လည်း သည်နေရာတွင်တော့ ဟန်မဆောင် အမှုမပိုပါဘဲလျက် ဒူးကလေးတုန်ကာ ရင်ကလေးခုန်လာသည်။ ရွှေစင်အိက ဤသို့ စိတ်လှုပ်ရှားတတ်သလား။ ရွှေစင်အိ ဘာသာပင် တအံ့တသြ ရှိချေသည်။

*...မောင်ကြည်သာတို့ မြန်မာပြည်ကနေ ပြန်ရတော့မည့်အချိန်မှာပဲ ကျွန်တော် ဂျပန်ပြည် ပြန်ရောက်ရင် မောင်ကြည်သာဆီ ဒီစာ ရေးလိုက်မယ်လို့ ဆုံးဖြတ်ထားခဲ့ပါတယ်။*

*ဘာလို့ ဂျပန်ပြည်ကျမှ စာနဲ့ရေးပြီး ပြောလိုက်ရသလဲဆိုရင် မောင်ကြည်သာ့ရင်ထဲမှာ ဘာရှိတယ်ဆိုတာ မောင်ကြည်သာသိနိုင်ဖို့ အချိန်ပေးချင်လို့ပါ။*

*အခုအချိန်မှာတော့ မောင်ကြည်သာ ဘယ်လို ခံစားနေရတယ်ဆိုတာ မောင်ကြည်သာ သေသေချာချာ သိရှိနေလောက်ပါပြီ။*

*မဖြစ်နိုင်ဘူးလို့ မောင်ကြည်သာ ယူဆလက်လျှော့ထားမယ်ဆိုတာလည်း ကျွန်တော် စာနာနားလည်ပါတယ်။*

*တချို့နေရာတွေမှာတော့ ဘယ်လိုမှ မနိုးစပ်နိုင်တဲ့ အခြေအနေမို့ ဝေးကွာခြင်းကိုပဲ ကြေကွဲစွာ လက်ခံရတတ်ပါတယ် မောင်ကြည်သာ။*

*စစ်... ဆိုတဲ့ အတားအဆီး၊ လူမျိုးမတူ၊ ရေမြေနိုင်ငံ ကွာခြားတဲ့ ဓလေ့ထုံးစံ တာဝန်ဝတ္တရားတွေကြောင့် ကျွန်တော့်မှာတော့ ဝေးကွာခြင်းကိုပဲ ကြေကွဲစွာ လက်ခံခဲ့ရပါတယ်။* (in print: *တံတိုင်းအကာအရံတွေကြောင့်ရော မငြင်းဆန်နိုင်ခဲ့တဲ့* precedes *ဓလေ့ထုံးစံ*)

*မောင်ကြည်သာ့ အခြေအနေကတော့ ကျွန်တော် ကြုံခဲ့ရတာထက် အများကြီးသာပါတယ်။ ပြုပြင်ဖန်တီးလို့ရတဲ့ အခြေအနေမှာ ဘာလို့ လက်ပိုက်ကြည့်နေကြမလဲ။ မောင်ကြည်သာဟာ ရှန်းကန်ကြိုးစားလို့တဲ့*



www.burmeseclassic.com

www.burmeseclassic.com



*လူငယ်တစ်ယောက်၊ မောင်ကြည်သာကို ကျွန်တော် တတ်နိုင်သရွေ့ ကူညီချင်ပါတယ်။*

*မောင်ကြည်သာ သင်ကြားတတ်မြောက်ချင်လှတဲ့ စက်မြင်ပညာကို ဂျပန်ပြည်မှာ လာရောက်သင်ကြားနိုင်အောင် ကျွန်တော် တာဝန်ယူချင်ပါတယ်။ နောက်နှစ်နှစ် သုံးနှစ်အကြာမှာ ကိုယ်ပိုင်လုပ်ငန်းတစ်ခု ထူထောင်နိုင်ဖို့ လိုအပ်တဲ့အရည်အချင်းတွေ ပြည့်စုံသွားမှာပါ။*

*တူတွေကို အမွေခွဲပေးပြီးတဲ့နောက် ဝါသနာနဲ့ အလှူအတန်းအတွက်သာ ငွေသုံးစွဲစရာနေရာရှိတဲ့ ကျွန်တော့်ကို အရည်အချင်းရှိတဲ့ လူငယ်တစ်ယောက်ရဲ့ ဘဝတက်လမ်းအတွက် ပါရမီဖြည့်ခွင့်ပေးပါလား မောင်ကြည်သာ။*

*ကျွန်တော့်ရဲ့ အထီးကျန် အဖော်မဲ့ဘဝမှာ မောင်ကြည်သာကို ကျွန်တော် လိုအပ်ပါတယ်။ ဘဝရဲ့နောက်ဆုံးအချိန်တွေမှာ ကျွန်တော့်ကို နားလည်တဲ့ မိတ်ဆွေတစ်ယောက် အနီးမှာရှိမယ်ဆိုရင် ကျွန်တော့်အဖို့ ဘယ်လောက်များ ပြည့်စုံလိုက်မလဲ။*

*အထူးသဖြင့် ကျွန်တော်မရလိုက်တဲ့၊ ကျွန်တော် လက်လွှတ် ဆုံးရှုံးလိုက်ရတဲ့ အခွင့်အရေးကို ကျွန်တော် ခင်မင်တွယ်တာတဲ့ ကလေးနှစ်ယောက်သာ ပိုင်ဆိုင်ခွင့်ရလိုက်မယ်ဆိုရင်ဖြင့် ကျွန်တော် ဘယ်လောက် ကြည်နူးလိုက်မလဲ။*

*မောင်ကြည်သာ့ဆီက ကျွန်တော် မျှော်လင့်တာတွေဟာ အကောင်အထည် ဖော်မပြနိုင်တဲ့အပြင် ဂဏန်းသင်္ချာနဲ့လည်း တွက်မပြနိုင်ပါဘူး။*

*ဒီတော့ အပြန်အလှန် ကူညီကြတဲ့သဘောတွေပါ မောင်ကြည်သာ။ ဒီစာရရင် မောင်ကြည်သာ ဂျပန်ပြည်ကို ထွက်ခွာလာခဲ့ဖို့ အမြန်ဆုံး စီစဉ်လိမ့်မယ်လို့ ကျွန်တော် စိတ်ချနေတော့မယ်...*

ရွှေစင်အိက စာကို မောင်ကြည်သာလက်သို့ ပေးသည်။ စိတ်ဆိုးမည် မထင်ဘူး ဆိုသော်လည်း ပါးချိုင့်ကလေးများကို မြင်မြဲမြင်တွေ့နေရမှသာ မောင်ကြည်သာ ပင့်သက်ရှိုက်နိုင်လေ၏။

"ကိုကြည်သာ သွားမယ်ဆိုရင် သူ့အတွက် အဖော်ရမှာ သေချာပါတယ်။





သူချစ်တဲ့ မြန်မာပြည်အကြောင်း ပြောနိုင်ကြမယ်၊ သူတတ်ချင်တဲ့ မြန်မာစာကို သင်ပေးနိုင်မယ်"

"ဒါတွေဟာ အမှန်တော့ ကျွန်တော် အားမနာအောင် သူက နှစ်သိမ့် အားပေးလိုက်တာမှန်း ကျွန်တော်သိသလို ရွှေစင်အိလည်း သိတယ်မဟုတ်လား"

သိပ်နှလုံးတုန် ရင်ခုန်နေ၍ မဖြစ်ပါ။ ရွှေစင်အိ ပီသစွာပင် ရဲဝံ့ပွင့်လင်းလေမှ ပါပဲ။ ရွှေစင်အိ အားမွေးလိုက်သည်။

"ပြီးတော့လည်း သူရေးတဲ့ စာအတိုင်းပဲပေါ့၊ သူ့ဘဝမှာ သူလက်လွှတ် ဆုံးရှုံးရတဲ့ မျှော်လင့်ချက်မျိုးကို ကိုကြည်သာအလှည့်မှာ အကောင်အထည် ဖော်နိုင်လိမ့်မယ်လို့ ယူဆနိုင်တာပေါ့"

မောင်ကြည်သာက ရွှေစင်အိမျက်နှာတွင် အဓိပ္ပာယ်ရှာဖွေကြည့်မိသည်။ သူလိုရာ ဆွဲတွေးနေမိလေသလား။

"ဘယ်လို... ဘယ်လို မရွှေစင်၊ သူ့လို မဆုံးရှုံးရဘူးလို့ သူ ယူဆနိုင်မယ် တဲ့လား"

မရွှေစင်က ပါးကလေးများ ချိုင့်ခွက်အောင်ပင် ပြုံးနေသည်။

"အင်းလေ"

မောင်ကြည်သာ မပြုံးနိုင်သေး။

"ယူဆနိုင်မယ်ဆိုရင်တော့ တကယ်ကော ဖြစ်ချင်မှ ဖြစ်လာမှာလား"

"အင်းပေါ့"

"ကျွန်တော် ကိုယ်ပိုင်လုပ်ငန်းတစ်ခု ထူထောင် ရပ်တည်လာနိုင်သည့်တိုင် မရွှေစင်က ကျွန်တော့်ကို ချစ်ချင်မှ ချစ်မယ်လို့ဆိုတာလား မရွှေစင်"

ဆန္ဒစောကာ အပြောကို မဆင်ခြင်နိုင်ဘဲ နှုတ်ကျွံသွားတော့သည်။ ပြန်လည် ရုပ်သိမ်း၍လည်း မရပြီ။

ရွှေစင်အိ ရှက်သလိုလို ခံစားရသော်လည်း အလွန်အမင်း ရှက်ရအောင် မောင်ကြည်သာကို မရွှေစင်အိက မစိမ်းရုံမျှမက အလိုက်သည်းလိုက် ကျွမ်းဝင် ရင်းနှီးနေပြီးသားပေပဲ။

"ဟုတ်တယ်လေ၊ ကိုကြည်သာဆီမှာ ရုပ်ပစ္စည်း အပေါင်းလက္ခဏာတွေ၊ အနုတ်လက္ခဏာတွေ ဘယ်လိုပဲ တိုးလာလာ၊ ဘယ်လိုပဲ ဆုတ်ယုတ်သွားသွား ရွှေစင်အတွက် ဘာမှ ထူးခြားမှာမှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



မောင်ကြည်သာ ခေါင်းငိုက်စိုက်ကျသွားတော့သည်။

အမြန် ဖြေရှင်းလေမှ အထင်အမြင် လွဲချော်ပြီး စိတ်ပျက်လက်ပျက် ထပြန်သွားလျှင် ဇာတ်လမ်း အလှည့်အပြောင်းတွင် ရင်နာနေရမည်။

"ရွှေစင်အတွက် ဒါတွေမှ မလိုတာဘဲ ကိုကြည်သာရယ်၊ ရွှေစင်က ကိုကြည်သာကို ရှိသမျှ အဆိုးအကောင်းအတိုင်းပဲ"

ရွှေစင်အိ ချွေးပြန်ချင်လာသည်။ တကယ်တမ်းပြောရသည်မှာ ထင်သလောက် မလွယ်ပါလား၊ ဘွားလေးသီလျှင်-

"ဘယ့်နှယ် ရွှေစင်ရယ် မိန်းကလေးက စရတယ်လို့"

ဟု ရှုတ်ချအပြစ်တင်မှာ သေချာလေ၏။ တစ်ဖက်ကလည်း-

"ငါ့မြေးကတော့ အာဂသတ္တိပဲဟော့"

ဟု ကျိတ်ပြီး ချီးမွမ်းနေမှာပေါ့။

မျှော်လင့်စောင့်စားနေသော မောင်ကြည်သာ့ မျက်လုံးများကို မြင်ရတော့ ရွှေစင်အိ စကားဆုံးအောင် ဆက်ရချေသည်။

"ရွှေစင်ကလေ… ကိုကြည်သာ ရှိသမျှ အဆိုးအကောင်းအတိုင်းပဲ ချစ်တာပါပဲ"

မောင်ကြည်သာ့မျက်နှာ တိမ်တိုက်ကြားမှ နေမင်း ထွက်ပေါ်လာသလို ဝင်းလက်ရောင်ခြည် ဖြာသွားလေသည်။

"တစ်သက်မှာ အခု အပျော်ဆုံးပါပဲ မရွှေစင်ရယ်"

တစ်ယောက်မျက်နှာတစ်ယောက် မြတ်နိုးချစ်ခင်စွာ ကြည့်ပြီးပြုံးရသည့် အချိန်ပိုင်းကလေးဝယ် သာယာချမ်းမြေ့မှုအပေါင်း ခညောင်းလေပြီး သည်အချိန်ကလေးကို ရပ်တန့်တည်မြဲထားနိုင်ပါလျှင် မည်မျှ အဖိုးတန်လိုက်လေမလဲ။

"ကျွန်တော် ဂျပန်ပြည်သွားမယ်ဆိုရင် မရွှေစင် သဘောတူမလား"

"တူမှာပေါ့ ကိုကြည်သာ"

"ကျွန်တော် မသွားဘူးဆိုရင်ကော"

"ဒါဆိုလည်း မသွားပါနဲ့လို့ ရွှေစင်က ပြောမှာပေါ့ ကိုကြည်သာ"

"ဘာဖြစ်လို့လဲ မရွှေစင်"

"ပြောပြီးပြီပဲလေ၊ ရွှေစင်က ကိုကြည်သာကို လက်ရှိအခြေအနေ အဆိုးအကောင်းအတိုင်းပဲ ချစ်တာပါပဲလို့"





"ဂျပန်ပြည်က သင်လာမယ့် ပညာတွေ လက်မှတ်တွေ မလိုဘူးလား"

"မလိုပါဘူးဆိုမှပဲ ကိုကြည်သာရယ်"

မောင်ကြည်သာသည် ကုလားထိုင်နောက်မှီသို့ အားပြုလျော့မှီရင်း ကျေနပ်စွာ သက်ပြင်းချလိုက်လေသည်။

"ရှိနိုမိရာစံဟာ ကျွန်တော် သူ့ဆီလာပြီး စက်ပညာသင်ဖို့ အားမနာအောင် ဘယ်လိုပဲ သူ့အတွက် အဖော်လိုပါတယ် ပြောပေမယ့် တကယ်တော့ အထီးကျန်ဘဝမှာ သူ အသားကျနေပြီ မဟုတ်လား မရွှေစင်"

ရွှေစင်အိက ခေတ္တစဉ်းစားကာ ခေါင်းတစ်ချက်ဆတ်ရင်း-

"ဟုတ်ပါတယ် ကိုကြည်သာ၊ သူ့ဆီလာရင် သူ့အဖော်ရမှာမှန်ပေမယ့် ကိုကြည်သာ မသွားလို့လည်း သူ့အတွက် ထူးကဲပြီး နစ်နာစရာ မရှိတော့ပါဘူး၊ အထီးကျန်ဘဝမှာ သူ အသားကျနေပါပြီလေ"

ဟု မောင်ကြည်သာ့စကားကို ထောက်ခံလိုက်လေ၏။

"ဒါဆိုရင် သူ့ဆီ ကျွန်တော် မသွားလို့ ကျွန်တော် ရက်စက်ရာ မကျပါဘူး ထင်တယ်နော်"

ရွှေစင်အိသည် မောင်ကြည်သာ့မျက်နှာကို ပြုံး၍ကြည့်ကာ ခေါင်းခါယမ်းပြလေ၏။

"ရွှေစင့်ဆီမလာခင် ကျွန်တော် အများကြီး စဉ်းစားရပါတယ် ရွှေစင်၊ ကျွန်တော်ဟာ ကံစမ်းမဲနှိုက်ဖို့လာရသလိုပါပဲ။ မရွှေစင်က ဂျပန်သွားမှဖြစ်မယ် ဆိုရင် ကျွန်တော် ရင်ကွဲပြီး ပြန်ရတော့မှာ၊ ကျွန်တော့်အစွမ်းအစနဲ့ ကျွန်တော်ပဲ တက်လမ်းကို ကြိုးစားရှာဖွေချင်တာကိုး မရွှေစင်ရယ်"

ရွှေစင်အိက အသံထွက်အောင် ရယ်မောမိသည်။

"ခုတော့ ကံကောင်းတယ်ပေါ့လေ၊ မဲပေါက်တယ် မဟုတ်လား"

မောင်ကြည်သာကလည်း ရောနှောရယ်မောမိလေသည်။ ပြီးမှ ရွှေစင်အိ မျက်နှာကို မျှော်လင့်စွာဖြင့် ငေးကြည့်မိသည်။

"ဘယ်ကိုမှ မသွားနိုင်တဲ့ ကျွန်တော်ဟာ ရွှေစင့်ဆီ ရောက်မလာနိုင်သေးဘူး ဆိုရင်ကော…"

ရွှေစင်အိ မျက်မှောင်ကြုတ်သည်။ သို့တစေ လှမြဲလှဆဲ။

"အဲဒါဟာ ဘာအဓိပ္ပာယ်လဲ၊ ရွှေစင် နားမလည်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရုပ်ပစ္စည်း အပေါင်းလက္ခဏာတွေကို ရွှေစင် အရေးမထားဘူးဆိုပေမယ့် ကျွန်တော့်မှာ ကြိုးစားဖို့ တာဝန်ရှိသေးတယ်၊ ကျွန်တော့်ကို စောင့်မလားဟင်"

"စောင့်ရမှာပေါ့ ကိုကြည်သာရယ်"

ရွှေစင်အိ ချစ်မိလေသူအား ရွှေစင်အိက အရှိအတိုင်း လက်ခံ၍ ချစ်ပါသည်။ မည်သို့ပင်ဆိုသော်ငြားလည်း လူအများ လက်ခံသတ်မှတ်ထားသော ရုပ်ပစ္စည်း အရည်အချင်းများကိုလည်း ရွှေစင့်ထံ သူ သယ်ဆောင်လာချင်ပေလိမ့်မည်။ ယောကျ်ား ကောင်းတစ်ယောက်၏ မာနကို ရွှေစင်အိ နားလည်ရပေမပေါ့။

"သုံးလေးနှစ် ကြာချင်ကြာသွားမယ် မရွှေစင်"

"နှစ်ပေါင်းသုံးလေးဆယ် ကြာသွားလည်း စောင့်ရတော့မှာပေါ့ ကိုကြည်သာရယ်"

ဟု ရွှေစင်အိက ခပ်ညည်းညည်း ပြောမိတော့သည်။

"ဟုတ်တယ်လေ၊ ရွှေစင်က ရှင့်ကို ချစ်မိမှကိုး"

"ကျွန်တော်တော့လေ ရှိန်မီရာစ်လို အလွမ်းတွေ အဆွေးတွေ နှစ်ပေါင်း သုံးလေးဆယ် ရင်မှာပွေ့ပိုက်ထားနိုင်လောက်အောင် ခံနိုင်ရည်ရှိမှာ မဟုတ်ပါဘူး"

"ရွှေစင်ကလည်း ကိုကြည်သာ အဲသလို လွမ်းဆွေးနေမှာကို မမြင်ရက်ပါဘူး"

မေတ္တာသမားကြီး ရှိန်မီရာစ်ကတော့ သူ လက်လွှတ်ဆုံးရှုံးခဲ့ရလေသော ပျော်ရွှင်ကြည်နူးမှုများကို သူ ချစ်ခင်တွယ်တာသော လူငယ်နှစ်ဦး ပိုင်ဆိုင်ခွင့် ရရှိကြမည်ဆိုပါလျှင် ကျေနပ်နှစ်သိမ့်မှုတွေ အတိုင်းမသိ ရင်ဝယ်လွှမ်းခြုံ ရစ်နှောင် ရရှာပေလိမ့်မည် မလွဲချေတကား။

ပြီး

မြနှောင်းညို



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မြနှောင်းညို

ထာဝစဉ်ချစ်ခြင်းများစွာဖြင့်

BURMESE CLASSIC .com
www.burmeseclassic.com